www.burmeseclassic.com

# ရှေးကာလ နောက်ကာလ

BURMESE CLASSIC

## သိပ္ပံနည်းကျအထောက်အထားများ

ဒေါက်တာမင်းတင်မွန်

သဗ္ဗညုမအာကြိုင်

www.burmeseclassic.com

www.burmeseclassic.com

# ရှေးဘဝနောက်ဘဝသိပ္ပံနည်းကျအထောက်အထားများ

တယ်လီပသီ၊ကလယ်ဗိုးယင့်၊ဆိုက်ကိုကိုင်းနက်ဆစ်-စသည့်
ပရစိတ်ပညာတန်ခိုးများသည် တကယ်ရှိပါသလား။

တစ္ဆေ၊ သရဲ၊ သဘက်-စသည်ဖြင့် ခေါ်ဝေါ်နေကြသည့် နတ်ပြိတ္တာများကို
မြင်နိုင် ဆက်သွယ်နိုင်သူများ ရှိသည်ကို သင်သိပါသလား။

သေပြီးသူများနှင့် တကယ်ဆက်သွယ်နိုင်ပါသလား။

ခန္ဓာကိုယ် ပြင်ပ အတွေ့အကြုံဆိုတာ ဘာလဲ။

သိစိတ်မသိစိတ်ဆိုတာဘာလဲ။စိတ်ညှို့တယ်ဆိုတာဘာလဲ။

စိတ်ညှို့နည်းဖြင့် အတိတ်ဖြစ်ရပ်များကို မြင်သိအောင် ဘယ်လို
လုပ်ရသလဲ။

အတိတ်ဘဝ များစွာက အဖြစ်အပျက်တွေကို ဘယ်လို သိရှိနိုင်သလဲ။

လူဝင်စားများပြောတဲ့ စကားတွေဟာ အမှန်ပဲလား။

သေရွာပြန်များပြောတဲ့ စကားတွေဟာ အမှန်ပဲလား။

ဘဝပြဿနာများကို ဖြေရှင်းရာမှာ ဥတုနိယာမ ( physical laws) နှင့်
ဗီဇနိယာမ ( biological laws ) မျှနှင့် လုံလောက်ပါသလား။

နာမ်သဘောဖြစ်သည့် စိတ္တနိယာမ, ကမ္မနိယာမ, ဓမ္မနိယာမ များကို
မျက်ကွယ်ပြုထားလို့ ရမလား။

ကျောစိမ့်စဖွယ်... ရင်နင့်စဖွယ်... အံ့အားသင့်စဖွယ်... အရသာ
အမယ်မယ်ကို အားရ ရွှင်လန်းအောင် ခံစားကြရမည်။

ဘဝအမြင် ရှင်းစေပြီး လက်ငင်းအကျိုးပြုမည့် စာအုပ်ထူးပါ။

**ဒေါက်တာမင်းတင်မွန်**

design mehm thitsa

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓအမြင် သိပ္ပံအမြင် စိတ်ပညာရှုထောင့် ယုတ္တိဗေဒရှုထောင့်တို့မှ
ဝေဖန်ဆန်းစစ် ရှင်းလင်းတင်ပြချက်များကို
ကျမ်းကိုးအထောက်အထားများနှင့်တကွ
တိကျစွာမှတ်သားလေ့လာရမည့်

# ရှေးဘဝ နောက်ဘဝ
# သိပ္ပံနည်းကျအထောက်အထားများ

|သတ္တမအကြိမ်|

## ဒေါက်တာမင်းတင်မွန်

မြမွန်ရတနာ စာပေဖြန့်ချိရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၈၆၆၁၀

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၁၆၆/၂၀၀၀)(၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃/၂၀၀၁)(၁)

●

**ပုံနှိပ်ခြင်း**

၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ သတ္တမအကြိမ်၊ အုပ်ရေ – ၅၀၀

●

**ထုတ်ဝေသူ**

ဒေါ်ရင်မြ၊ မြမွန်ရတနာစာပေ (၀၅၈၄)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ကွန်ပျူတာစာစီ**

ခွန်မျိုး

●

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁–၂၈၆၆၁၀

●

တန်ဖိုး – ၁၅၈၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏကျော်ထင်
အထူးကု ဆရာဝန်ကြီး
ဒေါက်တာသာလှ
အပျိုကြီး ဒေါ်ရွှေမယ်မှ
ဘဝပြောင်းလာသူဖြစ်၏။

သူ့အကြောင်း
စာမျက်နှာ ၁၉၆ မှာ...



လက်ထောက်ညွှန်ကြားရေးမှူး
ဦးအေးနိုင်
ဓမ္မာစရိယ–ဘီအေ
ကရင်စော်ကဲဘဝမှ
မြန်မာပညာရှိဘဝသို့
ကူးပြောင်းလာသူဖြစ်၏။

သူ့အကြောင်း
စာမျက်နှာ ၂၀၀ မှာ...

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ရေပန်းစားနေသော
ရုပ်ရှင်မင်းသမီး ဒီယန်ကင်း
နှစ် ၃၀၀၀ ကျော်က
ဘဝဟောင်းကို
ပြန်မြင်ရသူ ဖြစ်၏။

သူ့အကြောင်း
စာမျက်နှာ ၁၂၉ မှာ...


ကလေးဘဝမှစ၍ ဝိညာဉ် လောကမှ
နတ်များကို အမြဲတစေ
မြင်တွေ့နေပြီး
၁၉၂၅ – ၁၉၇၀ အတွင်း
လူထုပရိသတ်တို့အား
တမလွန်လောကနှင့်
အကြိမ်ကြိမ်
ဆက်သွယ်ပေးခဲ့သူ
အက်စတယ်ရောဘတ်

စာမျက်နှာ ၇၆ ရှု



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့ ရိုယယ်အယ်လ်ဘတ်ခန်းမဆောင် (Royal Albert Hall) ၌
လူထုပရိသတ်ကြီးအား တမလွန် လောကနှင့် လက်တွေ့ဆက်သွယ်ပြနေသည့်
အက်စတယ်ရောဘတ်ကို စင်မြင့်ပေါ်တွင် မြင်တွေ့ရပုံ...
( စာမျက်နှာ ၉၂ ရှု )



တမလွန် လောကမှ
သတင်းစကားကို
လူထုပရိသတ် အတွင်းရှိ
သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား
လက်ညှိုးထိုးကာ
အက်စတယ်ရောဘတ်
ပြောကြားနေပုံ...
( စာမျက်နှာ ၉၂ ရှု )

www.burmeseclassic.com

www.burmeseclassic.com



အက်စတယ်ရောဘတ်၏
လမ်းညွှန်နတ် ''တိမ်နီ''
(Red Cloud) က
ကိုယ်ထင်ပြသဖြင့်
ရိုက်ကူးထားသည့်
ဓာတ်ပုံ

(စာမျက်နှာ ဂဂ ရှု)

ဖခင်၏အစ်ကို 'ရော်နယ်ဒို' ဘဝ၌
အဆိပ်သောက်၍
သေဆုံးပြီးနောက်
ဖခင်၏ သမီးဖြစ်လာသူ
'ဂျက်ကီ'
ရော်နယ်ဒိုနှင့် ဂျက်ကီတို့သည်
မျက်လုံးစွေပုံနှင့်
စိတ်နေသဘောထားချင်း
တူညီကြ၏။

(သုတစွယ်စုံ ၁၉၈၃ ခု
ဇန်နဝါရီလ)



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံ စိတ်ရောဂါကု ပါရဂူ ဒေါက်တာ ကူဘလာရော့ (စ်)
သည် ကွယ်လွန်ပြီးနောက် ကိုယ်ထင်ပြလာသူ မေရီစဝတ် (ဇ်) အား
စာတစ်စောင်ရေးစေခဲ့၏။ ထိုစာနှင့်အတူ ဒေါက်တာကူဘလာ
ရော့ (စ်) ကို တွေ့ရပုံ။ (စာမျက်နှာ ၇၂)



ကယ်လီဖိုးနီးယား
ပြည်နယ်၌
ဆင်းရဲလှသည့်
ကျောက်မီးသွေး
အလုပ်သမား ဘဝမှ
ကွယ်လွန်၍
ယခုအခါ
ဆယ်ကျော်သက်တို့၏
အသည်းစွဲ
တီဗွီမင်းသားချော
ဂျွန်ရှနိုက်ဒါဖြစ်နေသူအား
အိပ်မွေ့ချနေစဉ်
(စာမျက်နှာ ၁၇၆ ရှု)

www.burmeseclassic.com

www.burmeseclassic.com


အလွန်တရာ သေးငယ်သည့် ကလလရေကြည် အဖြစ်မှ
၂ လအတွင်း အင်္ဂါစုံလင်သော သန္ဓေလောင်းဖြစ်လာပုံ



ရက်သတ္တသုံးပတ်၌ နှလုံးစခုန်ပြီး ဦးနှောက် စ ဖြစ်၏။

ရက်သတ္တလေးပတ်၌ ခြေလက်အဖုများ ထွက်လာကြ၏။

ရက်သတ္တငါးပတ်၌ ဦးနှောက်သုံးပိုင်း ကွဲသွားပြီး ခြေလက်များ ကြီး ထွားလာကြ၏။



ရက်သတ္တ ၆ ပတ်၌ မျက်စိများ ပုံပေါ် လာကြ၏။


ရက်သတ္တ ၇ ပတ်၌ သွား, ကြွက်သား, လိင် အင်္ဂါများ ပုံပေါ် လာကြ၏။

ရက်သတ္တ ၈ ပတ်၌ အင်္ဂါအားလုံး စုံလင် ပြီး သန္ဓေလောင်း ဖြစ်လာ၏။

(စာမျက်နှာ ၂၄ ရှုပါ)

www.burmeseclassic.com

www.burmeseclassic.com



Photos by John-paul Revel

*Sea-urchin sperm swarm around egg; one penetrates (inset); Genes aren't everything*

ဘဝ၏ လျှို့ဝှက်ချက်... အမဥ ''အိုဗမ်'' ၏ ဝန်းကျင်တွင် ''စပမ်း'' များ
လူးလာတုံ့ခေါက်ကူးသန်းနေပုံ (ပုံကြီး) နှင့် စပမ်းတစ်ကောင်က
အိုဗမ်ထဲသို့ထိုးဖောက်ဝင်နေပုံ (ပုံသေး) (စာမျက်နှာ ၂၃ ရှုပါ)

အတိတ်ဘဝ၌ ဝတ်ရမဲ့ စားရမဲ့
အင်္ဂလိပ် ကံဆိုးသူမ ဖြစ်ခဲ့ရာမှ
ယခုဘဝတွင်
ဟောလီဝုဒ်မြို့တော်ကြီးဝယ်
စည်းစိမ်ရှင် နာမည်ကျော်တီဗွီမင်းသမီး
ဖြစ်နေသူ
အဲန်းဂျူလီယံ...

(စာမျက်နှာ ၁၇၇ ရှု)



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၀ ခုနှစ်လောက်က
အမေရိကန်ပြည်
လယ်ခင်းစိမ်းစိမ်းတွင်
ချစ်သူများဖြစ်ခဲ့ကြသော
ဝေါလ်တာမောရစ်နှင့်
မာသာဝီလျံ... ဘဝသစ်၌
စာရေးဆရာ ဗီးလစ်နှင့်
မိန်းမလှအယ်နီအဖြစ်
ပြန်လည်ဆုံတွေ့လျှင်
ဆုံတွေ့ချင်း
ချစ်ကြိုက်ခဲ့ကြသည်။ (စာမျက်နှာ ၁၃၀ ၌ရှု...)



အီတာလျံသူ အင်ဂျလီနာဘဝမှ
ဘရာဇီးလ်နိုင်ငံသူ အဖြစ်သို့
ဘဝကူးပြောင်းလာသော ဆိုင်မွန်နီ
ဘရာဇီးလ်သူဖြစ်လျက်
အီတာလျံစကားကို စပြော၏။

သူ့အကြောင်း
စာမျက်နှာ ၂၁၇ မှာ...

www.burmeseclassic.com

www.burmeseclassic.com

# ပဏာမ

## အရေးကြီးသော ဘဝလိုအပ်ချက်

ရှေးဘဝ နောက်ဘဝသည် အရေးကြီးသော ဘဝပြဿနာတစ်ရပ်ဖြစ်သည်။

ဘဝပြဿနာဟူသည်မှာ ဘာသာရေးပြဿနာမျှသာမဟုတ်၊ အဓိကကျသော လူမှုရေးပြဿနာတစ်ရပ်လည်း ဖြစ်ပေ၏။

ဘဝအမြင် မကြည်လင်လျှင် မိစ္ဆာဒိဋ္ဌိအယူဝင်လာမည်။

အယူလွဲမှားသော် စိတ်ဖြစ်တိုင်းအပြစ်ရှိ၍ ခြေလှမ်းတိုင်းအပါယ်တံခါးဝသို့ ဦးတည်နေလိမ့်မည်။ ငြိမ်းချမ်းသာယာသောဘဝကို မရရှိနိုင်။

ဉာဏ်အမြင်ရှင်းမှ အယူဖြောင့်စင်းမည်။

အယူဖြောင့်စင်းမှ ကောင်းမြတ်သောဘဝ, တန်ဖိုးကြီးမားသောဘဝ, အကျိုးစီးပွား မြားမြောင်သောဘဝကို ထူထောင်နိုင်လိမ့်မည်။

အတိတ်ဘဝများနှင့် အနာဂတ်ဘဝများကို ယုံကြည်ခြင်းသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ၏ အခြေခံလိုအပ်ချက်ပင် ဖြစ်သည်။

မှန်ကန်သောအယူဝါဒကိုမြင်သိရေးကား စား,ဝတ်,နေရေးထက် ပို၍အရေးကြီး၏။

ထို့ကြောင့် လက်ငင်းဘဝ၌အရေးကြီးဆုံးသော လိုအပ်ချက်သည် သမ္မာဒိဋ္ဌိအယူကို ခံယူရခြင်းပင် ဖြစ်သည်။

**As a man believes so he thinks, and as he thinks so he acts.**

လူတစ်ယောက်သည် သူယုံကြည်သည့်အတိုင်း တွေးခေါ်၍ သူတွေးခေါ်သည့်အတိုင်း ပြုလုပ်လိမ့်မည်။

**Only the right view can lead to true happiness and complete peacefulness.**

မှန်ကန်သော အယူအမြင်သည်သာ စစ်မှန်သောပျော်ရွှင်မှုနှင့် ပြည့်ဝသော ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## မပေါ်စဖူး ထူးခြားသည့် စာအုပ်မွန်

ရှေးဘဝ နောက်ဘဝနှင့်ပတ်သက်၍ သံသယကင်းရှင်းသွားအောင် ကျမ်းအစောင်စောင် သုတေသနအဖုံဖုံ မဂ္ဂဇင်းဂျာနယ်မျိုးစုံတို့မှ အနှစ်သာရတို့ကို စုစည်းပေါင်းရုံး၍ အချက်အလက်အသွယ်သွယ်တို့ကို ဆက်သွယ်ယှက်သန်းကာ ဗုဒ္ဓအမြင် သိပ္ပံအမြင် စိတ်ပညာရှုထောင့် ယုတ္တိဗေဒရှုထောင့်တို့မှ ဝေဖန်ဆန်းစစ်လျက် ရှင်းရှင်းလင်းလင်းတင်ပြထားချက်များကို ဤစာအုပ်တွင် အားရကျေနပ်အောင် ဖတ်ရှုကြရမည် ဖြစ်ပါသည်။

တယ်လီပသီ, ဆိုင်ကိုကိုင်းနက်ဆစ်, အကြားအမြင်ရမှု စသည့် ပရစိတ်ပညာ အစွမ်းသတ္တိများနှင့် သေရွာပြန်တို့၏ ခန္ဓာကိုယ်ပ အတွေ့အကြုံများကို ဆက်စပ်ပြကာ သဘာဝကျအောင် ရှင်းပြထားပါသည်။

စိတ်ညှို့နည်းဖြင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်သိရှိလာခြင်း, အတိတ်ဘဝများကို သိမြင်လာခြင်းတို့သည် လူဝင်စားများ၏ ဇာတိဿရဉာဏ်နှင့် ဆက်စပ်နေပုံကို ကမ္မနိယာမ စိတ္တနိယာမတို့ဖြင့် ရှင်းပြထားပါသည်။

သိစိတ်နှင့် မသိစိတ်တို့၏ သဘာဝအမှန်ကို မီးမောင်းထိုးပြလိုက်ပြီး ဘဝခြားနေသောအတိတ်ဘဝများ၏ ဖြစ်ကြောင်းကုန်စင်ကို ယခုဘဝ၌ သိနိုင်ပုံကိုလည်း ခိုင်လုံထင်ရှားသည့် သာဓကများစွာဖြင့် သရုပ်ဖော်ပြကာ တင်ပြထားပါသည်။

အင်္ဂလန်, အမေရိကန်, သီရိလင်္ကာ, မြန်မာ, အိန္ဒိယ စသည့်နိုင်ငံများစွာတို့မှ လူဝင်စားသုတေသနများကို မဂ္ဂဇင်း, ဂျာနယ် စာအုပ်အသွယ်သွယ်တို့မှ ထုတ်နုတ်ယူပြီးလျှင် ပိဋကစာပေလာ မှတ်တမ်းများနှင့်ပေါင်းစပ်လျက် ယထာဘူတကျစွာ မြင်သိလာနိုင်အောင် ရေးသားတင်ပြထားပါသည်။

'Life After Life', 'Life Before Life', 'Psychic People', 'The Case for Rebirth', 'Survival and Karma', 'Rebirth Explained', 'ဓမ္မစကြာတရားတော်'၊ 'ပဋိစ္စသမုပ္ပါဒ်တရားတော်'၊ 'မိလိန္ဒပဉှာ'၊ 'ဓမ္မပဒဝတ္ထုတော်ကြီး'၊ 'နိယာမငါးပါး'၊ 'ပါယာသိသုတ္တန်' စသည့် ကျမ်းခန့်ကျမ်းခိုင်တို့၏ အနှစ်သာရများကို ဤစာအုပ်တွင် တဝတမော အံ့သြစဖွယ် ဖတ်ရသိရ ကြည်နူးကြရမည် ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ပဏာမ ... ၁၁
နိဒါန်း ... ၁၉
အသိခက်သည့် ဘဝပြဿနာ ... ၁၉
မိုးနှင့်မြေပမာ အလွန်ဝေးကွာ ... ၂၀
သိပ္ပံပညာနှင့် ဘဝပြဿနာ ... ၂၂
နာမ်စွမ်းအင်နှင့် သိပ္ပံအမြင် ... ၂၅

**အခန်း (၁) သေရွာပြန်တို့၏ ဇာတ်လမ်းများ**

သေမင်းနှင့်တွေ့ခဲ့သူ ... ၂၉
နာနာဘာဝဘေးမှ လွတ်မြောက်ခဲ့သူ ... ၂၉
တစ်ဘဝပြီး တစ်ဘဝ ... ၃၁
သေရွာပြန်တို့၏ ဇာတ်လမ်း ... ၃၃
ထူးခြားသော ခံစားချက်များ ... ၃၄
ဝိညာဉ်ခန္ဓာ ... ၃၆
အလင်းရောင်ရှင် ... ၃၇
တကယ့်ဖြစ်ရပ်ပမာ ... ၃၈
သေသူတို့၏ စာအုပ် ... ၄၀
ရှေးဂရိပညာရှင်ကြီးများ၏ အယူအဆ ... ၄၂
စွယ်စုံပညာရှင် ဆွီဒင်ဗော့ ... ၄၃
ခိုင်လုံသောအထောက်အထား ... ၄၄
စိတ်ရောဂါကုဆရာဝန်၏ ထောက်ခံချက် ... ၄၆
သိပ္ပံနည်းကျ သုတေသန ... ၄၇
ဘဝသင်ခန်းစာ ... ၄၉
တစ်ခန်းရပ် ဝေဖန်, သုံးသပ် ရှင်းလင်းချက် ... ၅၀

**အခန်း (၂) သေခါနီးထင်သော နိမိတ်များ**

မရဏာသန္ဓနိမိတ် ... ၅၆
နတ်ရထားများ အခေါ်ရောက်သူ ... ၅၈


www.burmeseclassic.com

www.burmeseclassic.com



ငရဲနိမိတ်ထင်ပြီးမှ နတ်ဂတိထင်လာသူ ... ၆၁
မျက်မှောက်ခေတ် အထောက်အထားများ ... ၆၂
ဆာဝီလျံဘားရက်၏ မှတ်တမ်း ... ၆၃
အမေရိကန်ဆရာဝန်တို့၏ မှတ်တမ်းများ ... ၆၄
ပုဂ္ဂိုလ်သာဓကများ ... ၆၅
တစ်ခန်းရပ် ဝေဖန်, သုံးသပ်, ရှင်းလင်းချက် ... ၆၈

**အခန်း(၃) သေပြီးသူများနှင့် ဆက်သွယ်ခြင်း**

မွန်လူမျိုးတို့၏ နတ်က,သောခလေ့ ... ၇၃
ဂတိငါးပါး ... ၇၄
နတ်လောက ... ၇၅
ဝိညာဉ်လောက ... ၇၇
ကြို့ပင်ကောက်မှ လေချွန်နတ် ... ၇၈
အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့၌ ... ၈၀
တမလွန်လောကမှ နှုတ်ဆက်လွှာ ... ၈၁
ကျီးဖြူမစွက်ပိုက်ပါ ... ၈၂
တမလွန်ဘုံသားများကို မြင်နိုင်သူ ... ၈၆
လူ့လောကနှင့် နတ်လောကတို့ကို ဆယ်သွယ်ပေးသူများ ... ၈၈
ချစ်သူနှစ်ဦးတို့၏ စကားဝှက် ... ၉၀
တမလွန်ဘဝမှ သတိရလျက်ပါ ... ၉၀
လူထုပရိသတ်အား သေလွန်သူများနှင့် ဆက်သွယ်ပေးခြင်း ... ၉၂
ဝိညာဉ်လောကမှ တိုက်ရိုက်အသံ ... ၉၅
မယ်လဘုန်းမှ သည်းလှိုက်ရင်ဖိုဇာတ်လမ်း ... ၉၈
ရာဇဝတ်ကောင်တို့၏ သွားရာလမ်း ... ၉၉
သနားကြင်နာမှုနှင့် ဘဝလွတ်မြောက်ရေး ... ၁၀၂
တစ်ခန်းရပ် ဝေဖန်, သုံးသပ်, ရှင်းလင်းချက် ... ၁၀၅

**အခန်း(၄) ရှေးဘဝအထောက်အထားများ**

ရှေးနှင့်နောက် ... ၁၀၉
သွယ်ဝိုက်သော အထောက်အထားများ ... ၁၁၀
ရှေးဘဝများမရှိလျှင် ဘုရားမပွင့်နိုင် ... ၁၁၂
ကလေးဉာဏ်ကြီးရှင်များ ... ၁၁၃

www.burmeseclassic.com

www.burmeseclassic.com




ကလေးပညာတတ်များ ... ၁၁၅
တက္ကသိုလ်ဝင်ခွင့်ရ အငယ်ဆုံးကျောင်းသား ... ၁၁၇
ဥရောပမှ အံ့ဖွယ်ကလေး ... ၁၁၈
အံ့ဖွယ်ရာ ဂီတပညာရှင် ... ၁၁၈
ဂဏန်းတွက်စက်များကို အနိုင်ရသူ ... ၁၁၉
အိုင်းစတိုင်း၏ဦးနှောက် ... ၁၂၀
ဦးနှောက်သည် စိတ်မဟုတ် ... ၁၂၃
အတိတ်ဘဝဌာနေကို ပြန်ရောက်လေသလော ... ၁၂၄
ဒင်ညူမြစ်တစ်လျှောက် ပျားရည်ဆမ်းခရီး ... ၁၂၆
နှစ် ၂၀၀၀ ကို ပြန်မြင်သူ ... ၁၂၆
ရုပ်ရှင်မင်းသမီး ဒီယန်ကင်း၏ဘဝဟောင်း ... ၁၂၉
ရှေးဘဝက ဖူးစာ ... ၁၃၀
ပိဋကတ်တော်မှ ပါရမီရှင်ကြီးများ ... ၁၃၃
ထိပ်တန်းလူရည်ချွန်ကလေးများ ... ၁၃၄
သူဌေးကြီးဘဝမှ ဒွန်းစဏ္ဍားဘဝသို့ ... ၁၃၇
ဝါသနာစရိုက် ဘဝတိုင်းလိုက် ... ၁၃၉
ရွှေပန်းထိမ်သားနှင့် ကြာညိုပန်း ... ၁၄၀
ရှေးဘဝ၏ တိုက်ရိုက်အထောက်အထားများ ... ၁၄၂
တစ်ခန်းရပ် ဝေဖန်, သုံးသပ်, ရှင်းလင်းချက် ... ၁၄၃
ဥတုနိယာမ ... ၁၄၃
ဗီဇနိယာမ ... ၁၄၄
စိတ္တနိယာမ ... ၁၄၄
ကမ္မနိယာမ ... ၁၄၇
ဓမ္မနိယာမ ... ၁၅၁
လောကနှင့် ဘဝပြဿနာများကို ဖြေရှင်းရာဝယ် ... ၁၅၃


**အခန်း(၅) စိတ်ညှို့နည်းဖြင့် အတိတ်ခရီးသို့**


သိစိတ်နှင့် မသိစိတ် ... ၁၅၄
မသိစိတ်၏ အထောက်အထား ... ၁၅၆
စိတ်ညှို့နည်းဖြင့် ရောဂါကုသူ ... ၁၅၇
စိတ်ညှို့နည်းဖြင့် အတိတ်ဖြစ်ရပ်ကို ဖော်ထုတ်ခြင်း ... ၁၅၈


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| အသက်ကို အဆင့်ဆင့်နောက်ပြန်ဆုတ်ခြင်း | ... | ၁၆၀ |
| ညာသန်မှ ဘယ်သန်သို့ | ... | ၁၆၁ |
| ကိုလူပျိုရယ် ကလေးငယ်ပမာ ကြောက်သေးပါ | ... | ၁၆၂ |
| အတိတ်ဘဝသို့ ခရီးဆန့်ခြင်း | ... | ၁၆၃ |
| လူပြန်ဝင်စားခြင်း သုတေသန | ... | ၁၆၅ |
| ဆွစ်လူပျိုဖြူ၏ အတိတ်မိဖုရားဘဝ | ... | ၁၆၈ |
| ပြင်သစ်ဘာသာကို မလေ့လာဘဲ ပြောနိုင်သူ | ... | ၁၇၀ |
| ရောဂါနှင့် အတိတ်ကံကို ဆက်စပ်ပြသူ | ... | ၁၇၁ |
| ကမ္ဘာကျော်သွားသော ဘရိုက်ဒီမာဖီဇာတ်လမ်း | ... | ၁၇၄ |
| တီဗွီမင်းသား ဂျွန်ရှနိုက်ဒါ၏ အတိတ်ဘဝ | ... | ၁၇၆ |
| တီဗွီမင်းသမီး အဲန်းဂျူလီယံ၏ အတိတ်ဘဝ | ... | ၁၇၇ |
| အတိတ်ဆီသို့ အုပ်စုလိုက်ခရီးထွက်ခြင်း | ... | ၁၇၉ |
| ကလေးဘဝ ပျော်မြူးစွ | ... | ၁၈၂ |
| ခန္ဓာကိုယ်ပ အတွေ့အကြုံ | ... | ၁၈၂ |
| သန္ဓေသား၏ အတွေ့အကြုံ | ... | ၁၈၄ |
| သုတေသန၏ အဖြေများ | ... | ၁၈၆ |
| တစ်ခန်းရပ် ဝေဖန်, သုံးသပ်, ရှင်းလင်းချက် | ... | ၁၈၈ |
| သန္ဓေလောင်းမှ သန္ဓေသားသို့ | ... | ၁၉၁ |
| သန္ဓေဖျက်ခြင်းသည် လူသတ်ခြင်း | ... | ၁၉၂ |


**အခန်း (၆) အတိတ်ဘဝကို မြင်သိသူများ**


| | | |
|---|---|---|
| ဇာတိဿရပုဂ္ဂိုလ် | ... | ၁၉၃ |
| အမေရိကန်ပါမောက္ခ၏ စနစ်ကျသော သုတေသန | ... | ၁၉၅ |
| ကိုယ်ပိုင်သုတေသန | ... | ၁၉၅ |
| ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဒေါက်တာသာလှ (အပျိုကြီး ဒေါ်ရွှေမယ်မှ ဘဝပြောင်းလာသူ) | ... | ၁၉၆ |
| လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးနိုင် (ကရင်စော်ကဲဘဝမှ မြန်မာပညာရှိဘဝသို့) | ... | ၂၀၀ |
| မော်လမြိုင်မှ ဓမ္မကထိကအကျော် | ... | ၂၀၈ |
| အာရပ်လူဝင်စား အီမက်အယ်လဝါ | ... | ၂၁၀ |
| ဒေလီမြို့မှလူဝင်စား ရှန်တီဒေဝီ | ... | ၂၁၂ |
| သီရိလင်္ကာနိုင်ငံမှ လူဝင်စား နာနာတီးလကေ | ... | ၂၁၃ |


www.burmeseclassic.com

www.burmeseclassic.com




အီတလီမှ လူဝင်စား အလက်ဇန္ဒရီနာ ... ၂၁၆
ဘရာဇီးလ်မှ လူဝင်စား ဆိုင်မွန်နီ ... ၂၁၇
အိန္ဒိယမှ ထူးခြားသော လူဝင်စား ပရာမော့ ... ၂၁၉
အတိတ်ဘဝများစွာကို မြင်သိသူများ ... ၂၂၄
ပုဗ္ဗေနိဝါသအဘိညာဉ်ကို မည်သို့ရနိုင်သနည်း ... ၂၂၅
ဗုဒ္ဓမြတ်စွာ၏ ပုဗ္ဗေနိဝါသအဘိညာဉ် ... ၂၂၇
တစ်ခန်းရပ် ဝေဖန်, သုံးသပ်, ရှင်းလင်းချက် ... ၂၂၈
အတိတ်ဘဝမရှိဟူသည့် စောဒကများ ... ၂၃၀
လှည့်လည်သွားလာနေသော သေသူ၏ ဝိညာဉ်မရှိ ... ၂၃၁

**အခန်း(၇) ဘဝသံသရာ**

ရုပ်ဝတ္ထုတို့၏ သံသရာ ... ၂၃၃
ရုပ်နာမ်သံသရာ ... ၂၃၄
လူတစ်ဦးစီကို အဘိဓမ္မာနည်းဖြင့် ခွဲခြမ်းစိတ်ဖြာသော် ... ၂၃၆
သံသရာသည် မည်မျှရှည်လျားသနည်း ... ၂၃၇
ဘဝသံသရာ၏ အထောက်အထားများ ... ၂၃၈
မယားချစ်လို့ ဘဝနာကြည်းရသူ ... ၂၃၉
သံသရာဝယ် ရန်ချင်းဖလှယ်သော် ... ၂၄၂
မေတ္တာတုံ့နှင့် ရိုင်းပင်းခြင်းကား ... ၂၄၆
နှစ်ဆယ်ရာစုနှစ် အထောက်အထားတစ်ခု ... ၂၄၆
အင်္ဂလန်မှ လေးဘဝကို မြင်သိသူ ... ၂၄၉
အဘယ့်ကြောင့် ဘဝအကြိမ်ကြိမ်ဖြစ်ရသနည်း ... ၂၅၁
ကမ္ဘာကျော် ဘဝစက်ရဟတ်ကြီး ... ၂၅၃
ဘဝဖြစ်ကြောင်း စစ်တမ်း ... ၂၅၄
တစ်ခန်းရပ် ဝေဖန်, သုံးသပ်, ရှင်းလင်းချက် ... ၂၅၅

**အခန်း(၈) ဘဝကူးပြောင်းပုံ**

အတ္တကောင် (ဝါ) လိပ်ပြာရှိသလား ... ၂၅၇
လူဟူသည်မှာ သဘောတရားမျှသာ ... ၂၅၈
ပရမတ်သဘောအရ ဘဝကူးပုံ ... ၂၅၉
ဤဘဝမှ ထိုဘဝသို့
မည်သည့်အရာများ ကူးပြောင်းသွားကြသနည်း ... ၂၆၀


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ပဋိသန္ဓေ အမေးအဖြေ | ... | ၂၆၁ |
| လူတစ်ဦးတည်းလော သီးခြားလော | ... | ၂၆၂ |
| ကံပြုသူသည် တခြားလော ခံစားသူသည် တခြားလော | ... | ၂၆၃ |
| ရုပ်နာမ်မကူးဘဲ ဘဝကူးသလော | ... | ၂၆၄ |
| တစ်ခန်းရပ် ဝေဖန်, သုံးသပ်, ရှင်းလင်းချက် | ... | ၂၆၅ |
| မဟာစည်ဆရာတော်ဘုရား၏ တိုက်တွန်းချက် | ... | ၂၆၆ |
| တမလွန်ဘဝကို မယုံကြည်သူများ၏ အကြောင်းပြချက်များ | ... | ၂၆၉ |
| ပါယာသိမင်း၏ ဥစ္ဆေဒဒိဋ္ဌိ | ... | ၂၇၁ |
| ပရလောက ရှိ–မရှိ | ... | ၂၇၂ |
| ငရဲပြည်မှ သတင်းပို့သူ မရှိ | ... | ၂၇၃ |
| နတ်ပြည်မှ သတင်းပေးပို့သူမရှိ | ... | ၂၇၄ |
| မမြင်ရ မသိရလျှင် မယုံနိုင် | ... | ၂၇၅ |
| နတ်ပြည်ရောက်မယ်ဆို သေဖို့ကြောက်သလား | ... | ၂၇၆ |
| လိပ်ပြာထွက်တာ မမြင်ဖူးပါ | ... | ၂၇၇ |
| လူသေသောအခါ ကိုယ်အလေးချိန်တိုးလာ | ... | ၂၇၈ |
| ခရသင်းကြီး၏ အသံ ဘယ်မှာလဲ | ... | ၂၇၉ |
| အသား, အကြောကြားမှာ အသက်ရှိသလား | ... | ၂၈၁ |
| မှားမှန်းသိလျက် နောက်ဆုတ်ခက် | ... | ၂၈၂ |
| မစင်လိမ်းကျံလျက် မစွန့်ရက် | ... | ၂၈၄ |
| အဆိပ်လူးကြွေအန်ပမာ အယူမိစ္ဆာ | ... | ၂၈၅ |
| ဂုန်လျှော်ထုပ်ကို ရွှေထုပ်နှင့်မလဲ | ... | ၂၈၇ |
| အမှားကို စွန့်ရဲမှ ပညာရှိသူတော်ကောင်း | ... | ၂၈၉ |
| နောက်ဘဝမရှိဟု ဗုဒ္ဓဟောခဲ့သလော | ... | ၂၉၀ |
| ဘဝဆိုသည်မှာ ပဋိသန္ဓေ | ... | ၂၉၂ |
| ရင်၌စူးဝင်နေသောမြား၏ သမိုင်းကို စုံစမ်းနေလျှင် | ... | ၂၉၄ |
| အမေးလေးပါး၌ လိမ္မာသော မြတ်ဗုဒ္ဓ | ... | ၂၉၈ |
| နောက်ဘဝရှိကြောင်း ဗုဒ္ဓအကြိမ်ကြိမ်ဟောခဲ့ | ... | ၂၉၉ |
| ဗွေဆော်ဦးတရားတော်ကြီးမှအစ | ... | ၃၀၀ |
| ကျေနပ်ဝမ်းမြောက်ပါလေလော့ | ... | ၃၀၁ |
| ကျမ်းကိုးစာရင်း | ... | ၃၀၃ |


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

## အသိခက်သည့် ဘဝပြဿနာ

ဆင်ခြင်တွေးခေါ်တတ်သော အသိဉာဏ်ရှိကြသည့် လူသားတို့အား ကာလအရှည်ကြာဆုံး **စိန်ခေါ်**[၁] ခဲ့သော ဘဝပြဿနာတစ်ရပ်မှာ 'နောက်ဘဝ' ပြဿနာပင် ဖြစ်လေသည်။

*လူသည် သေသည်၏အခြားမဲ့၌ ဘဝသစ် တစ်ဖန်ဖြစ်ရဦးမည်လော။ သို့မဟုတ် လူသည် သေပြီးသည့်နောက် ဘဝသစ် တစ်ဖန် မဖြစ်တော့ဘဲ ဘဝပြတ်စဲသွားမည်လော။*

ဤမေးခွန်းနှစ်ရပ်၌ အဖြေကိုယ်စီတွဲပါလျက်ရှိရာ တစ်ခုသောအဖြေကို ရွေးချယ်ရန်သာ လို၏။

သို့သော် မှည့်ဝင်းနေသော သရက်သီးအကောင်းတစ်လုံးနှင့် အပုပ်တစ်လုံးတို့ကို ရွေးချယ်ရသကဲ့သို့ လွယ်ကူသောပြဿနာကား မဟုတ်ပါချေ။

အမှားနှင့်အမှန်ကို ရွေးချယ်ဖြေဆိုရသော စာမေးပွဲမေးခွန်းတစ်ခုကဲ့သို့ အဖြေမှန်ကို မသိသည့်အခါ မျက်စိကိုစုံမှိတ်လျက် လက်ညှိုးကို နံရိုးကြားသို့ ထိုးထည့်ကာ စိတ်မှန်းတည့်ရာအဖြေတစ်ခုကို ရွေးချယ်ဖြေဆိုနိုင်သော မေးခွန်းမျိုးလည်း မဟုတ်ပါချေ။

*အထက်ပါ မေးခွန်းနှစ်ခုသည် ဘဝ၏ ခံယူချက်နှင့် သက်ဆိုင်သောမေးခွန်းများဖြစ်ကြသဖြင့် ဘဝ၏ခံယူချက်ဖြင့်သာ ဖြေဆိုရမည် ဖြစ်၏။*

---

[၁] challenge

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုရသော် အဆွေ၏လက်ရှိဘဝခံယူချက်တွင် အဆွေ၏အဖြေသည် ပါဝင်နေပြီးဖြစ်၏။

ဤသို့ဆိုလိုက်သည့်အတွက် ထူးဆန်းသည်ဟု အဆွေထင်မိပါသလား။ ဘီစီ–၄၀၀ ကျော်က ကျော်ကြားထင်ရှားခဲ့သော ဂရိတွေးခေါ်ရှင်ကြီး **ဆိုကရေးတီး**[၁] သည်လည်း အလားတူစကားမျိုးကို ဆိုခဲ့ဖူး၏။

*အမှန်တရားကိုသိနားလည်အောင် ကြိုးစားပါ။ အမှန်တရားကို သိနားလည်သူသည် အမှန်တရား၏ကောင်းခြင်းဂုဏ်များကိုပိုင်ဆိုင်ပြီးသား ဖြစ်သွားပေလိမ့်မည်။*

မှန်ပါသည်။ ဘဝ၏လျှို့ဝှက်နက်နဲသောအကြောင်းအရာများကို သိနားလည်အောင် ကြိုးစားပါ။ တစ်စတစ်စသိနားလည်လာသည်နှင့်အမျှ အဆွေ၏ဘဝခံယူချက်သည်လည်း တဖြည်းဖြည်းမှန်ကန်လာလိမ့်မည်။

ဘဝခံယူချက်မှန်ကန်သောပုဂ္ဂိုလ်သည် ဘဝပြဿနာအရပ်ရပ်၏ အဖြေမှန်များကို သိနားလည်ရုံသာမက ထိုအဖြေများကို တစ်ပါတည်းလက်တွေ့လိုက်နာကျင့်ကြံပြီးသားလည်း ဖြစ်သွားပေတော့၏။

## မိုးနှင့်မြေပမာ အလွန်ဝေးကွာ

**ပစိဖိတ်သမုဒ္ဒရာ**[၂] ၏ ကမ်းနှစ်ဖက်တို့သည် အလွန်ဝေးကွာကြ၏။ မိုးကောင်းကင်နှင့် မြေကြီးသည် ထိုထက်မက ပို၍ဝေးကွာလှ၏။

*'နောက်ဘဝရှိသည်' ဟုခံယူထားသူ၏ဘဝနှင့် 'နောက်ဘဝမရှိ' ဟုခံယူထားသောလူ၏ဘဝတို့သည် မိုးနှင့်မြေပမာ အလွန်ဝေးကွာကြ၏။*

ကျောချင်းကပ် မတ်တတ်ရပ်နေသော လူနှစ်ယောက်တို့သည် ဆန့်ကျင်ဘက် အရပ်မျက်နှာများဆီသို့ လျှောက်ထွက်သွားကြသောအခါ တစ်ဦးနှင့်တစ်ဦး ကွာလေဝေးလေဖြစ်သကဲ့သို့ ဘဝခံယူချက်မတူကြသော လူနှစ်ယောက်တို့၏ ဘဝများသည်လည်း ကွာလေဝေးလေဖြစ်ကြ၏။

အဘယ်ကြောင့်နည်း။ ဘဝခံယူချက် မှန်ကန်သူ၏ ကြံတွေးပြောဆိုပြုလုပ်ချက် မှန်သမျှသည် ဦးတည်ချက်မှန်ကန်သဖြင့် ထိုသူ၏ဘဝအေးချမ်းသာယာမှုကို အထောက်အကူပြုကြ၏၊ နောက်ဘဝအဆက်ဆက် ဘဝအဆင့်တိုးမြင့်သွားရန်အတွက်လည်း အကျိုးပြုကြမည်ဖြစ်၏။

---

၁။ Socrates ၂။ The Pacific Ocean

www.burmeseclassic.com

www.burmeseclassic.com



'နောက်ဘဝရှိသည်' ဟူသော ဘဝခံယူချက်သည် မှန်ကန်သော ဘဝအမြင် ပေလော။ 'နောက်ဘဝမရှိ' ဟူသော ဘဝခံယူချက်သည် မှားယွင်းသောဘဝအမြင် ပေလော။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော **ကမ္မနိယာမ**[၁] နှင့်လည်းကောင်း၊ **ပဋိစ္စသမုပ္ပါဒ်တရားတော်**[၂] နှင့်လည်းကောင်း ထောက်ချင့်ဆင်ခြင်ကြည့်လျှင် ထင်ထင်လင်းလင်းပင် သိမြင်နိုင်ပါ၏။

*ကမ္မနိယာမအရ ကောင်းသောအလုပ် (ဝါ) ကုသိုလ်ကံသည် ကောင်းကျိုးကို ဖန်တီး၍ မကောင်းသောအလုပ် (ဝါ) အကုသိုလ်ကံသည် မကောင်းကျိုးကို ဖန်တီး၏။*

လူတစ်ဦးစီတွင် ယခုဘဝနှင့် ရှေးဘဝပေါင်းများစွာ၌ ပြုလုပ်ထားခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် အမြောက်အမြားပင် ရှိကြ၏။ ဤကံတို့တွင် နောက်ဘဝများကို ဖန်တီးပေးနိုင်သော အစွမ်းသတ္တိရှိကြသည့်ကံများစွာ ပါဝင်၏။ မျိုးစေ့များတွင် အပင်သစ်များ ပေါက်ပွားလာစေနိုင်သော အစွမ်းသတ္တိရှိကြသကဲ့သို့ ကံများတွင်လည်း ဘဝသစ်ကို ဖန်တီးပေးရန် အစွမ်းသတ္တိရှိကြ၏။

မျိုးစေ့ကို ရေဓာတ်, မြေဓာတ်တို့နှင့် ပေါင်းစပ်ပေးလျှင် အပင်သစ်၏ အညှောင့်ပေါက်လာသကဲ့သို့ ကံမျိုးစေ့သည်လည်း လိုချင်တပ်မက်ခြင်းတည်း ဟူသော တဏှာအစေးဓာတ်နှင့်လည်းကောင်း၊ မိဘနှစ်ပါးတို့၏ မျိုးစေ့များ ပေါင်းစပ်ထားသော **သန္ဓေဥ**[၃] နှင့်လည်းကောင်း ပေါင်းစပ်မိသောအခါ ဘဝသစ်၏ ပဋိသန္ဓေနာမ်ရုပ်တို့ကို ဖြစ်ပေါ်လာစေ၏။

တစ်ဖန် ပဋိစ္စသမုပ္ပာဒ်တရားတော်တွင် အမှန်သဘောကို မမြင်သိနိုင်အောင် အမှောင်ချဖုံးကွယ်ထားတတ်သော အဝိဇ္ဇာနှင့် လိုချင်တပ်မက်မှုဟူသော တဏှာတို့၏ ခြယ်လှယ်မှုကြောင့် သတ္တဝါများသည် ကောင်းမှုကံ, မကောင်းမှုကံများကို ပြုလုပ်ကြသဖြင့် ဘဝသံသရာကျင်လည်ကြရပုံကို အကြောင်းအကျိုးဆက်စပ်ကာ နက်နဲခမ်းနားစွာ ရှင်းလင်းဖော်ပြထား၏။

ကမ္မနိယာမနှင့် ပဋိစ္စသမုပ္ပာဒ်တရားတော်တို့သည် ဗုဒ္ဓဒသာသန၏ အခြေခံ အုတ်မြစ်များဖြစ်ကြရာ ၎င်းသဘောတရားတို့ကို မသက်ဝင်မယုံကြည်နိုင်ကြသော လူအပေါင်းတို့သည် ဗုဒ္ဓဘာသာကိုလည်း သက်ဝင်ယုံကြည်နိုင်ကြမည် မဟုတ်ချေ။...

ထို့ကြောင့် 'နောက်ဘဝမရှိ' ဟု ယုံကြည်နေသူသည် ဗုဒ္ဓ၏ ကမ္မနိယာမကို ပစ်ပယ်ရာရောက်၏။ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်နှင့် ဗုဒ္ဓ၏ တရားတော်များ

---

၁/ ၂။ အခန်း (၅) တွင် အကျယ်ရှင်းပြထားပါသည်။ ၃။ Zygote

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မယုံကြည်ရာရောက်၏။ သို့အတွက် ဗုဒ္ဓဘာသာဝင်တစ်ဦး အမှန်စင်စစ် မဖြစ်နိုင်တော့ချေ။

ဤတွင် ကမ္မနိယာမနှင့် ပဋိစ္စသမုပ္ပာဒ်တရားတော်တို့ကို မယုံနိုင်သော လူအပေါင်းတို့သည် ထိုသဘောတို့ကို သိနားလည်အောင် အားမထုတ်ကြရသေးသောကြောင့် ဖြစ်ပေမည်။

မသိလျှင် သိအောင် အားထုတ်သင့်ကြ၏။ အကြောင်းကား ထိုသဘောတရားတို့သည် ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးများ ဖြစ်ကြသော **နယူတန်** [၁] နှင့် **အိုင်စတိုင်း** [၂] တို့ ဖော်ထုတ်ခဲ့ကြသည့် သိပ္ပံနိယာမများနှင့် **ဆက်သွယ်မှုသဘောတရား** [၃] တို့ထက် ပို၍ကြီးကျယ်လေးနက်သော သဘောတရားများ ဖြစ်ကြသောကြောင့်တည်း။

ဤတွင် **ဆိုကရေးတီး**၏ အဆိုတစ်ရပ်ကို ထပ်မံဖော်ပြလို၏။

*"လူတို့သည် အကောင်းဆုံးတရားကို သိနားလည်အောင် အားထုတ်သင့်ကြ၏။ အကောင်းဆုံးတရားကိုသိထားသောသူသည် ထိုတရားနှင့် တမင်ကလာဆန့်ကျင်၍ ပြုမူတော့မည်မဟုတ်ချေ။ မသိနားမလည်၍သာ ဆန့်ကျင်ဘက်ပြုမူခြင်း ဖြစ်ပေမည်"*

ထို့ကြောင့် ဘဝဦးတည်ချက်မှန်ကန်ရေးအတွက် အလွန်တရာအရေးကြီးလှသော ဗုဒ္ဓ၏ တရားတော်များကို ဆောလျင်စွာလေ့လာသင့်ကြပေသည်။

## သိပ္ပံပညာနှင့် ဘဝပြဿနာ

အာကာသခေတ်သိပ္ပံပညာ၏ အံ့ချီးစရာအောင်မြင်မှုများကို အကြောင်းပြု၍ သိပ္ပံပညာသည်သာ ဘဝပြဿနာကို ဖြေရှင်းပေးနိုင်သည်၊ သိပ္ပံပညာသည်သာ ဘဝတိုးတက်အောင် ဖန်တီးပေးနိုင်သည်၊ သိပ္ပံပညာသည်သာ ကိုးကွယ်ရာအစစ်ဖြစ်သည်ဟု အဆွေမှတ်ယူလျှင် အဆွေ အမှားကြီးမှားသွားပေလိမ့်မည်။

အဘယ်ကြောင့်နည်း။

သိပ္ပံပညာသည် ရုပ်၏ သဘောတရားများကိုသာ သိနားလည်၍ နာမ်၏ သဘောတရားများကို မသိနားမလည်သောကြောင့်တည်း။

ရုပ်သည် မသိတတ်သောသဘောတရားဖြစ်၍ နာမ်သည် သိတတ်သော သဘောတရားဖြစ်၏။ သို့ဖြစ်လျှင် ရုပ်နှင့်နာမ်တို့တွင် မည်သည်က ပို၍အစွမ်းထက်သနည်း။

---

၁။ I. Newton ၂။ Einstein ၃။ The theory of relativity

www.burmeseclassic.com

www.burmeseclassic.com



**စိတ္တေန နီယတိ လောကော၊**
**စိတ်ဦးဆောင်သော နာမ်တရားသည် လောကကို လွှမ်းမိုး၏။**

လောကအလုံးစုံကို သဗ္ဗညုတဉာဏ်တော်ဖြင့် လွှမ်းခြုံစိစစ်၍ တရားအနှစ်ချုပ်ကို ထုတ်ယူခဲ့သော မြတ်ဗုဒ္ဓ၏ ဤအဆိုအမိန့်သည် မှားသည်ဟု ဆိုအံ့လော။

သိပ္ပံပညာဟူသည် ရုပ်၏ သဘောသဘာဝတရားများကို သိနားလည်သော အသိဉာဏ်ဖြစ်၍ ထိုအသိဉာဏ်သည် စိတ်၌တည်၏။ ထို့ကြောင့် သိပ္ပံပညာဟူသည် စိတ်ဦးဆောင်သောနာမ်တရား၏ အစွမ်းသတ္တိပင်ဖြစ်၏။

သို့ဖြစ်၍ သိပ္ပံပညာ၏ အစွမ်းထက်မြက်ခြင်းသည် နာမ်တရား၏ အစွမ်းထက်မြက်ခြင်းပင် ဖြစ်၏။ ရုပ်တရား၏ အစွမ်းထက်မြက်ခြင်း မဟုတ်။

သိပ္ပံပညာ၏ အသိနယ်ပယ်တွင် နာမ်တရား၏ သဘောသဘာဝများ မပါရှိသည့်အတွက် နာမ်ဦးဆောင်မှုအောက်တွင် ရုပ်နောက်လိုက်အဖြစ် ပါဝင်သော ဘဝပြဿနာကို သိပ္ပံပညာက မဖြေရှင်းပေးနိုင်ပါ။

တိုးတက်နေသော သိပ္ပံကိရိယာများသည် စိတ်ကိုရှာဖွေ၍မတွေ့ပါ။ စိတ်ထက် ပို၍သိမ်မွေ့ကြသော စေတသိက်များကို မစမ်းသပ်နိုင်ပါ။ ပဋိသန္ဓေတည်ခြင်းတွင် ကံ၏ အစွမ်းသတ္တိပါဝင်သည်ကို မစူးစမ်းနိုင်ပါ။

သိပ္ပံပညာရှင်တို့သည် ပန်းတစ်ပွင့်၏ ဝတ်မှုန်က ထိုပန်းပွင့်၏ ဝတ်ဆံ အတွင်း၌ရှိသော ဝတ်မှုန်ခံပေါ်သို့ကျရောက်သွားလျှင်ဖြစ်စေ သို့မဟုတ် အခြားမျိုးတူပန်းပွင့်၏ ဝတ်ဆံအတွင်းရှိ ဝတ်မှုန်ခံပေါ်သို့ ကျရောက်သွားလျှင်ဖြစ်စေ **ဝတ်မှုန်ကူးခြင်း**[၁] ကိစ္စပြီးမြောက်၍ ထိုမှတစ်ဆင့် အသီးအစေ့ဖြစ်ပေါ်လာသည်ကို သိရှိထားကြ၏။

အလားတူပင် သက်ရှိသတ္တဝါများတွင် အဖို၏ သုက်သွေး၌ပါသော **စပမ်း**[၂] နှင့် အမ၏ **အိုဝမ်**[၃] ခေါ် အမဥတို့ ပေါင်းစပ်ကြသောအခါ **ဇိုင်ဂုတ်**[၄] ခေါ်သော သန္ဓေလောင်းဖြစ်ပေါ်လာသည်။ ထို့နောက် **ဆဲလ်**[၅] များ အဆင့်ဆင့်ကွဲပြားခြင်းဖြင့် သန်းပေါင်းများစွာသော ဆဲလ်တို့ပေါင်းစုထားသော သတ္တဝါကလေး ဖြစ်ပေါ်လာသည်ဟု သိပ္ပံပညာရှင်တို့ လေ့လာသိရှိခဲ့ကြ၏။

ထိုသို့ တွေ့ရှိချက်အပေါ်အခြေခံ၍ လူသည် အမိ၏ အိုဗမ်နှင့် အဖ၏ စပမ်းတို့ ပေါင်းစပ်ခြင်းမှ ဖြစ်ပေါ်လာသည်ဟု သိပ္ပံပညာရှင်တို့ အဆိုပြုကြ၏။ သိပ္ပံပညာကို အထင်ကြီးသူတို့ကလည်း ထိုအဆိုကို လွယ်ကူစွာပင်ယုံကြည်လိုက်ကြ၏။

---

၁။ Pollination ၂။ sperm ၃။ ovum ၄။ zygote ၅။ cell

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်သည် မန္တလေးမှလာသော အညာသားကို ကျောက်ဆည်ဘူတာ၌ တွေ့လိုက်ရသဖြင့် ကျောက်ဆည်သားဟု ထင်မှတ်လိုက်သည်နှင့် တူနေပေတော့၏။

ဗုဒ္ဓပွင့်ပေါ်စဉ်အခါက **ကိမိလ၊ ဘဒ္ဒိယ** နှင့် **အနုရုဒ္ဓါ** အမည်ရှိကြသော သာကီဝင် မင်းသားသုံးဦးတို့သည် ထမင်းဖြစ်ရာအရပ်ကို ဆွေးနွေးကြ၏။ ကိမိလ မင်းသားက ကျီထဲမှ စပါးထုတ်ယူသည်ကိုမြင်ဖူး၍ ထမင်းသည် ကျီမှဖြစ်သည်ဟု ဆို၏။ ဘဒ္ဒိယမင်းသားက ထမင်းကို အိုးခွက်ထဲမှ ခူးခပ်ယူသည်ကိုမြင်ဖူး၍ ထမင်းသည် အိုးခွက်ထဲမှဖြစ်သည်ဟု ဆို၏။ အနုရုဒ္ဓါမင်းသားကမူ ထမင်းကို ရွှေအုပ်ထဲ၌သာ မြင်ဖူးသဖြင့် ထမင်းသည် ရွှေထမင်းအုပ်ထဲ၌ဖြစ်သည်ဟု ဆို၏။ ဤအဆိုအသီးသီးသည် မှန်ကန်သည်ဟု ဆိုနိုင်ပါသလော။

လူသည် ရုပ်နာမ်နှစ်ပါးတို့၏ အပေါင်းအစုဖြစ်ရာ ရုပ်သည် ရုပ်ပိုင်းဆိုင်ရာ နိယာမများကိုလည်းကောင်း၊ နာမ်သည် နာမ်ပိုင်းဆိုင်ရာနိယာမများကိုလည်းကောင်း လိုက်နာကြရမည်ဖြစ်၏။ သို့အတွက် ရုပ်ပိုင်းအနေဖြင့်ကြည့်လျှင် ပန်းပွင့်၌ ဝတ်မှုန်ကူးခြင်းနှင့် လူတို့၌ **သန္ဓေအောင်ခြင်း**[၁] တို့သည် ဆင်တူကြ၏။

သို့သော် သစ်သီး၊ သစ်ပင်တို့၌ ရုပ်သာရှိ၍ နာမ်မရှိချေ။ လူတို့၌ကား ရုပ်သာမက နာမ်ပါရှိ၏။ နာမ်တရားများ ဖြစ်ကြသော မှတ်သားမှုသညာ, ခံစားမှုဝေဒနာ, စေ့ဆော်မှုစေတနာနှင့် သိမှုဝိညာဉ်တို့သည် သန္ဓေလောင်း၌ မည်သည့်အခါတွင် မည်သည့်နည်းဖြင့် ပေါ်ပေါက်လာကြသနည်း။

သိပ္ပံပညာရှင်များသည် မည်သည့်အရွယ်၌ သန္ဓေလောင်းတွင် အသက်စတင်ပေါ်ပေါက်သည်ကို ခေတ်မီကိရိယာဖြင့် စူးစမ်းခဲ့ကြ၏။

သန္ဓေအောင်ပြီးသော အိုဗမ်သည် ခြောက်ရက်အကြာ၌ အမိ၏ သားအိမ်နံရံဝယ် တွယ်ကပ်မိ၏။ ရက်သတ္တသုံးပတ်အရွယ်၌ နှလုံးစခုန်ပြီး ဦးနှောက်စတင်ပေါ်လာ၏။ ရက်သတ္တခြောက်ပတ်အရွယ်၌ သန္ဓေလောင်းသည် မိမိအလိုအလျောက် စတင်လှုပ်ရှားနိုင်၏၊ ရက်သတ္တရှစ်ပတ်ခန့်အရွယ်၌ လူပုံသဏ္ဌာန်ပြည့်စုံလာ၏၊ ရက်သတ္တ ၁၂–ပတ်ခန့်အရွယ်၌ **ဦးနှောက်လှိုင်း**[၂] များ စေလွှတ်၏၊ ရက်သတ္တ ၂၄–ပတ်ခန့်အရွယ်၌ **နှစ်ကြောအဖွဲ့**[၃] သည် ပြည့်စုံစွာဆက်သွယ်မိကြ၏။ သို့အတွက် ဆရာဝန်များစွာတို့က သန္ဓေအောင်သည့်အချိန်မှစ၍သန္ဓေလောင်းတွင် အသက်ရှိနေပြီဟုယူဆကြ၏။[၄]

အထက်ပါ တွေ့ရှိချက်များသည် ပဋိသန္ဓေတည်ခိုက် စိတ္တက္ခဏတစ်ခ

---

၁။ fertilization ၂။ brain wave ၃။ nervous system
၄။ Newsweek, Jan 11, 1982

www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ ရုပ်ရောနာမ်ပါ အတူတကွဖြစ်သည်ဟု ဗုဒ္ဓအဘိဓမ္မာတွင် ဖော်ပြထားချက်နှင့် အလွန်နီးစပ်နေပေ၏။

ပဋိသန္ဓေတည်စအချိန်၌ ဆဲလ်တစ်ခုသာရှိသည့် သန္ဓေလောင်းသည် ရက်သတ္တ ၂၄-ပတ်မှ ၂၈-ပတ် (ခြောက်လမှ ခုနစ်လခန့်) အတွင်း၌ ဆဲလ်မျိုးကွဲပေါင်း ၂၀၀-ခန့်နှင့် ဆဲလ်အရေအတွက်ပေါင်း သန်းပေါင်းများစွာအဖြစ်သို့ အဆင့်ဆင့်ကွဲပြားပြီးလျှင် တူရာဆဲလ်များက အချင်းချင်းစုစည်းလျက် ၃၂-ကောဋ္ဌာသဟူသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို အပြည့်အစုံဖြစ်ပေါ်စေနိုင်သောဖြစ်ရပ်သည် သိပ္ပံပညာရှင်အကျော်အမော်များကိုပင် လွန်စွာအံ့သြစေလျက်ရှိပေ၏။

တစ်နည်းဆိုသော် ဆဲလ်တစ်ခုတည်းမှ ဆဲလ်မျိုးပေါင်းများစွာ ကွဲပြားသွားပြီး ထိုဆဲလ်များက အမျိုးမျိုးအစုဖွဲ့ကာ သတ္တဝါတစ်ကောင်ဖြစ်လာပုံကို သိပ္ပံပညာရှင်တို့ မရှင်းပြတတ်သေးပါ။

သန္ဓေသား၏ကြီးထွားမှုဖြစ်စဉ်သည် လွန်စွာရှုပ်ထွေး၍ အသိခက်ရကားသိပ္ပံပညာရှင်တို့ အဆိုပြုထားသော **ဂျင်းသီအိုရီ**[၁] ခေါ် **ဗီဇနိယာမ** ဖြင့် ကျေနပ်စွာ မရှင်းပြနိုင်ပါ။ ရှင်းရှင်းပြောရလျှင် ဤသဘာဝဖြစ်စဉ်များကို သိပ္ပံပညာရှင်အပေါင်းတို့ ယနေ့တိုင်မသိနားမလည်ကြသေးပါ။ သုတေသနပြုဆဲပင် ရှိသည်။

အလွန့်အလွန် ရှုပ်ထွေးပွေလီ၍ လွန်စွာတိကျသော ဤသဘာဝဖြစ်စဉ်များသည် ဗီဇစွမ်းအားသက်သက်ဖြင့်သာမက ကံစွမ်းအားကပါ ပူးတွဲ၍ဖြစ်ပေါ်စေသည်ဟု ယုံကြည်သင့်ပေ၏။

သိပ္ပံပညာသည် ရှိရင်းလူများမှ နောက်လူများ ဖြစ်ပေါ်လာကြသည်ကိုပင် ပြည့်စုံစွာမရှင်းပြနိုင်သေးလျှင် လူမရှိသေးသည့် ကမ္ဘာဦးကာလ၌ လူများစတင်ဖြစ်ပေါ်လာပုံကို မည်သို့ရှင်းပြနိုင်လိမ့်မည်နည်း။ မရှင်းပြနိုင်သည်သာတည်း။

## နာမ်စွမ်းအင်နှင့် သိပ္ပံအမြင်

သိပ္ပံပညာသည် **ဒြပ်**[၂] နှင့် **စွမ်းအင်**[၃] တို့ကိုသာ စမ်းသပ်လေ့လာနိုင်သဖြင့် စကြဝဠာ၌ ဒြပ်နှင့်စွမ်းအင်တို့သာရှိသည်ဟု လက်ခံထားကြ၏။

၁၉၁၅ ခုနှစ်ခန့်တွင် သိပ္ပံပညာကျော် **အိုင်စတိုင်း** သည် ဒြပ်ကို စွမ်းအင် အဖြစ်သို့ ပြောင်းလဲစေနိုင်ကြောင်း၊ အလင်းအလျင်နီးပါးမျှ ရွေ့လျားနေသော ဝတ္ထုတစ်ခု၏ဒြပ်ထုသည် လွန်စွာတိုးမြင့်လာမည်ဖြစ်ကြောင်းကို တင်ပြခဲ့၏။

အိုင်စတိုင်း၏ အဆိုပြုချက်များ မှန်ကန်ကြောင်းကို သိပ္ပံပညာရှင်များက

---

၁။ the gene theory ၂။ matter ၃။ energy

www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ပြခဲ့ကြပြီးဖြစ်၏။ ထို့ကြောင့် ဒြပ်နှင့်စွမ်းအင်တို့သည် အပြန်အလှန် ကူးပြောင်းနိုင်သောအရာများဖြစ်ကြသည်ဟု ယူဆနိုင်၏။

ထိုဒြပ်နှင့် စွမ်းအင်တို့သည် ဗုဒ္ဓဟောကြားသည့်ရုပ်တွင် အကျုံးဝင်ကြ၏။ ရုပ် ၂၈–ပါးရှိသည့်အနက် မဟာဘုတ်လေးပါးသည် ဒြပ်နှင့်စွမ်းအင်သဘောများကို ဖော်ပြကြ၏။ ပထဝီသည် ဒြပ်သဘောကိုပြပြီး အာပေါ, ဝါယောနှင့် တေဇောတို့သည် စွမ်းအင်သဘောကို ဖော်ပြကြ၏။

ဗုဒ္ဓ၏အဘိဓမ္မာအရ လောကတွင် တကယ်ရှိသောအရှိတရားများမှာ ရုပ်တစ်မျိုးသာမဟုတ်ဘဲ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ပရမတ်တရားလေးပါးတို့ ဖြစ်ကြ၏။ စိတ်နှင့် စေတသိက်တို့ကို တစ်ပေါင်းတည်းပြု၍ နာမ်ဟု ခေါ်ဆိုကြ၏။

စိတ်သည် အာရုံကိုသိခြင်းသဘောဖြစ်၏။ ထိုအာရုံကိုသိခြင်းသဘောသည် လူနှင့်တိရစ္ဆာန်များ၌ အမှန်ရှိသည်ကို သိပ္ပံပညာရှင်တို့က ငြင်းဆို၍မရပါ။ သို့အတွက် ထိုသိခြင်းသဘောကို ဆောင်ရွက်နိုင်သော ရုပ်ဝတ္ထုကို ရှာဖွေကြရာ ဦးနှောက်သည် စိတ်၏အလုပ်ကိစ္စများကို ဆောင်ရွက်သည်ဟု သိပ္ပံပညာရှင်တို့ ဆိုကြ၏။

ဦးနှောက်သည် ခန္ဓာကိုယ်တစ်ခုလုံး၌ရှိသော အာရုံကြောတို့၏ ဗဟိုဌာနဖြစ်ရာ မျက်စိမှဝင်ရောက်လာသော အဆင်းအာရုံ၊ နားမှဝင်လာသော အသံအာရုံ၊ နှာခေါင်းမှဝင်လာသော အနံ့အာရုံ၊ လျှာမှဝင်လာသော အရသာအာရုံ၊ ကိုယ်ခန္ဓာမှဝင်လာသော အထိအတွေ့အာရုံတို့သည် ဦးနှောက်သို့ရောက်လာကြ၏။

ဦးနှောက်သည် ဂဏန်းတွက်စက်ကြီး **ကွန်ပျူတာ**[၁] ကဲ့သို့ ထိုအာရုံများကို စစ်ဆေးပြီးနောက် ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးသို့ မည်သို့တုံ့ပြန်ရမည်ကို သတင်းပို့၏။

လူသည် ဦးနှောက်ဖြင့် သိ၏၊ မှတ်သား၏၊ စဉ်းစားတွေးခေါ်၏၊ ဆုံးဖြတ်၏၊ ကိုယ်အင်္ဂါများ၏ လှုပ်ရှားမှုအရပ်ရပ်ကို စေခိုင်း၏။

ဦးနှောက်ထိခိုက်သွားလျှင် ခြေလက်မလှုပ်ရှားနိုင်၊ စကားမပြောနိုင်။ ထို့ပြင် ဦးနှောက်၏နေရာအမျိုးမျိုး၌ လျှပ်စစ် **အီလက်ထရုဒ်**[၂] ငယ်ဖြင့် တို့ကြည့်သောအခါ ငယ်စဉ်က မှတ်သားထားခဲ့သောအကြောင်းအရာအမျိုးမျိုးကိုပင် ပြန်ပြောင်းသတိရလာ၏။

အရက်များစွာသောက်သူတို့သည် ဦးနှောက်ဆဲလ်များ တစ်စတစ်စ ပျက်စီးသွားမှုကြောင့် သတိလစ်ဟင်းလာကြ၏။ **အာရုံအမျိုးမျိုး**[၃] ကိုမြင်လာတတ်

---

၁။ computer ၂။ electrode ၃။ halucination

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ အပြင်းအထန်ဖျားနာ၍ ဦးနှောက်ထဲသို့ **ဘက်တီးရီးယား** [၁] ပိုး ဝင်သွားလျှင်ဖြစ်စေ၊ ဦးနှောက်၌ အကျိတ်ခေါ် **ကျူမာ** [၂] ပေါ်ပေါက်လာလျှင်ဖြစ်စေ လူနာသည် သတိမေ့မျော၍ အသက်ဆုံးရှုံးသွားနိုင်၏။

ဤသို့ အရေးပါလှသောဦးနှောက်ကို 'စိတ်'ဟု သိပ္ပံပညာရှင်များက ယူဆကြသည်မှာ ယုတ္တိရှိလှပါ၏။

သို့သော် စိတ်၏ ထူးခြားသောအစွမ်းသတ္တိအားလုံးကို ဤယူဆချက်ဖြင့် မရှင်းပြနိုင်ချေ။

ဦးနှောက်သည် စိတ်၏အလုပ်ကိစ္စများကို ဆောင်ရွက်သည်ဆိုလျှင် ဦးနှောက်သည် ရုပ်ဝတ္ထုတစ်ခုဖြစ်သည်နှင့်အညီ အခြားရုပ်ဝတ္ထုများကဲ့သို့ အစွမ်းသတ္တိ တစ်သမတ်တည်းရှိသင့်၏။ တူညီသောအာရုံတစ်မျိုးအတွက် လူအသီးသီးတို့၏ တုံ့ပြန်မှုသည် တူညီသင့်၏။

လက်တွေ့တွင် ဤသို့မဟုတ်ပါ။ လူအမျိုးမျိုးသည် အကြိုက်အမျိုးမျိုးရှိကြ၏။ လူတစ်ဦးတည်းကပင်လျှင် စိတ်အမျိုးမျိုးပြောင်းလဲနေ၏။ ကလေးဘဝတွင် စိတ်သဘောထားသည်တစ်မျိုး၊ လူပျိုအပျိုဘဝတွင် စိတ်သဘောထားသည် တစ်မျိုး၊ ကြီးပြင်းလာသောအခါ၌ စိတ်သဘောထားသည်တစ်မျိုး စသည်ဖြင့် အရွယ်နှင့်လိုက်ကာ စိတ်သည် ပြောင်းလဲနေ၏။ ယခုတစ်မျိုး ခဏကြာလျှင် နောက်တစ်မျိုးဟူ၍ အချိန်နှင့်လိုက်ကာ ပြောင်းလဲနေ၏။

ပတ်ဝန်းကျင်အခြေအနေနှင့်လိုက်၍လည်း စိတ်သည် ပြောင်းလဲ၏။ **'တင်ငါနားနီးလျှင် တင်ငါ၊ မုဆိုးနားနီးလျှင် မုဆိုး'** ဖြစ်တတ်သောသဘောသည် လောက၌ ထင်ရှား၏။

ပညာဆည်းပူးမှုဖြင့်လည်း စိတ်သည် အဆင့်ဆင့်ပြောင်းလဲ၏။ သမထ ဝိပဿနာတရားအားထုတ်မှုကြောင့်လည်း စိတ်အခြေအနေသည် အဆင့်ဆင့် ပြောင်းလဲ၏။

ဈာန်အဘိညာဉ်ကို ရရှိအောင် ကြိုးစားအားထုတ်သောသူသည်...

(၁) ဒိဗ္ဗစက္ခုအဘိညာဉ်ရသောအခါ နတ်မျက်စိဖြင့်မြင်ရသကဲ့သို့ အဝေး၌ရှိသည့် အရာဝတ္ထုများကို မြင်နိုင်၏။

(၂) ဒိဗ္ဗသောတအဘိညာဉ်ကို ရသောအခါ နတ်နားကဲ့သို့ ရုပ်ဝေးမှအသံများကို ကြားနိုင်၏။

(၃) ပရစိတ္တဝိဇာနနအဘိညာဉ်ကို ရသောအခါ သူတစ်ပါးတို့၏ စိတ်အကြံကို သိမြင်နိုင်၏။

---

၁။ bacteria ၂။ tuma

www.burmeseclassic.com

www.burmeseclassic.com



(၄) ဣဒ္ဓိဝိဓအဘိညာဉ်ကို ရသောအခါ မြေလျှိုးမိုးပျံခြင်း စသည့် တန်ခိုးအမျိုးမျိုးကို ပြနိုင်၏။

(၅) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရသောအခါ ရှေး၌ဖြစ်ခဲ့ဖူးသောဘဝများစွာကို မြင်သိနိုင်၏။

ဤဆိုခဲ့ပြီးသော စိတ်၏ပြောင်းလဲမှုအမျိုးမျိုးနှင့် အစွမ်းသတ္တိအမျိုးမျိုးတို့ကို ဦးနှောက်သိအိုရီက ကျေနပ်အောင်မရှင်းပြနိုင်ပါ။ ဗုဒ္ဓဟောကြားတော်မူခဲ့သော စိတ်, စေတသိက်များ၏ အစွမ်းသတ္တိတို့ဖြင့်သာ ကျေနပ်စွာရှင်းပြနိုင်ပါသည်။

ရှေ့အခန်းများဝယ် ရှေးဘဝနောက်ဘဝများရှိသည်ဟူသော သိပ္ပံနည်းကျသည့် အထောက်အထားများကို တင်ပြသွားပါမည်။ ဤတင်ပြချက်များကို ဖတ်ရှုပြီးသည့်နောက်၌ ရှေးဘဝ နောက်ဘဝ အမှန်တကယ်ရှိသည်ကို အဆွေသံသယကင်းသွားပါလိမ့်မည်။

**မျက်စိအမြင်ထက် ပညာဉာဏ်အမြင်က အဆပေါင်းများစွာ ပိုမိုထက်မြက်စူးရှသည်ကို မမေ့ပါလေနှင့်။**

၁။ Socrates ၂။ The Pacific Ocean

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# သေရွာပြန်တို့၏ ဇာတ်လမ်းများ

## သေမင်းနှင့်တွေ့ခဲ့သူ

၁၉၈၀–ခုနှစ်အတွင်းက ကျွန်တော်ပညာရေးတက္ကသိုလ်တွင် အမှုထမ်းနေစဉ် ဓာတ်ခွဲခန်းစင်များ ပြုလုပ်ရေးနှင့်ဆက်စပ်ပြီး လက်သမားဦးရွှေနှင့် သိကျွမ်းခဲ့ရပါ၏။

**ဦးရွှေ**က စကားစပ်ရင်း လွန်ခဲ့သည့်ငါးနှစ်လောက်က သူအကြီးအကျယ်ဖျား၍ နှစ်ရက်တိတိ သတိမေ့မျောနေခဲ့ကြောင်း၊ ထိုအချိန်အတွင်း၌ သူသည် သေမင်းဆီသို့ ရောက်သွားပြီး လက်ရှိဘဝဝယ် မည်သည့်ကောင်းမှုများနှင့် မကောင်းမှုများ ပြုလုပ်ခဲ့သည်ကို အစစ်ဆေးခံရကြောင်း ပြောဆို၏။ မိမိအမည်နှင့် နေရပ်လိပ်စာကို မေးမြန်းသည့်အခါ ဦးရွှေက အမှန်အတိုင်းအဖြေပေးလိုက်၏။

"ဟာ...တို့ လူမှားသွားပြီ၊ တို့လိုချင်တာ ဦးရွှေမဟုတ်ဘူး၊ သူ့အိမ်နားက ဦးငွေကို လိုချင်တာ၊ ကဲ...ခင်ဗျားပြန်တော့"

ဦးရွှေပြန်လည်သတိရပြီးနောက် နှစ်ရက်ကြာသောအခါ ဦးငွေသည် နေကောင်းနေရာမှ ရုတ်တရက်သေဆုံးသွားလေ၏။

## နာနာဘာဝဘေးမှလွတ်မြောက်ခဲ့သူ

ပြည်မြို့မှ ကျွန်တော်၏မိတ်ဆွေတစ်ဦးဖြစ်သူ **ဦးဘကြည်** သည် အသက် ၂၅–နှစ်အရွယ်လောက်က အဖော်များနှင့်အတူ ဧရာဝတီအနောက်ဘက်ကမ်းတွင် အမဲလိုက်ထွက်ကြ၏။ အငှားဂျစ်ကားဖြင့် တောင်ကုန်းများပေါ်သို့ မောင်းတက်လာစဉ် ဘတ်စ်ကားတစ်စီးကို ရှောင်တိမ်းရာမှ ဂျစ်ကားတိမ်းမှောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သားကောင်ပစ်ရန် ယမ်းတောင့်ထိုးကာ အသင့်မောင်းတင်ထားသော နှစ်လုံးပြူးသေနတ်သည် 'ဒိုင်း' ခနဲ မောင်းပြုတ်ထွက်လျက် စရိတ်ကျည်ဆန်များသည် ဦးဘကြည်၏ လက်မောင်းထဲသို့ စုပြုံဝင်သွားကြ၏။ နံဘေးထဲသို့လည်း ကျည်ဆန်အချို့ ဝင်သွားကြ၏။

ဒဏ်ရာမှ သွေးများ ဒလဟောသွန်ထွက်လာ၏။ ဦးဘကြည် သတိမေ့မျောနေ၏။ အဖော်များက သူ့အား ပြည်မြို့ဆေးရုံသို့ ခဲယဉ်းပင်ပန်းစွာ ယူဆောင်လာကြ၏။ ထိုမှတစ်ဆင့် လူနာအခြေအနေမကောင်းသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ကြ၏။

ဦးဘကြည်သည် သုံးရက်ခန့်သတိမရဘဲ မေ့မျောနေ၏။ သူ၏ လက်ယာလက်မောင်းတွင် နှစ်ဝင်နေကြသော ခဲကျည်ဆန်များကြောင့် အဆိပ်တက်လျက်ရှိရာ လက်မောင်းသည် ညိုမည်းလျက် ဖူးရောင်နေ၏။ ကြောက်စရာကောင်းသော အနာပိုးကြောင့် အသားများသည်လည်း စတင်ပုပ်နေလေပြီ။

ဆရာဝန်များသည် မလွှဲသာတော့သဖြင့် ဦးဘကြည်၏ လက်ယာလက်မောင်းကို အရင်းနား၌ ဖြတ်တောက်လိုက်ကြ၏။ သွေးထွက်လွန်၍ အနာပိုးဝင်နေသော ဦးဘကြည်အား သေတော့မည့်လူနာတစ်ဦးအဖြစ် သတ်မှတ်ထားကြ၏။

ဦးဘကြည်သည် သတိမေ့မျောနေစဉ်အတွင်း၌ နာနာဘာဝများက မိမိအားစားသောက်ကြရန် ချီတက်လာကြသည်ကို မြင်နေရ၏။ "ဘကြည်ကို စားမယ်ဟေ့"ဟု ကြွေးကြော်ကာ ဟစ်အော်လာကြသောအခါ ဦးဘကြည်သည် အလွန်အမင်း ကြောက်လန့်၍ ဘုရားစာများကို အလောတကြီးရွတ်ဆို၏။ ထိုအခါ နာနာဘာဝများက အနားသို့ မကပ်နိုင်ဘဲ ရှဲသွားကြပြန်၏။

မကြာမီ နာနာဘာဝများသည် ဦးဘကြည်အား စားသောက်ရန် ကြွေးကြော်လျက် ချီတက်လာကြပြန်၏။ ဦးဘကြည်သည်လည်း ကြောက်အားလန့်အားဖြင့် ဘုရားစာများကို ရွတ်ဆိုပြန်၏။ ထိုအခါ နာနာဘာဝများ ရှဲသွားကြပြန်၏။

ယင်းသို့ နာနာဘာဝများက အကြိမ်ကြိမ်ချီတက်လာကြသည့်အတွက် ဦးဘကြည်မှာ အနားမရဘဲ တစ်ချိန်လုံးကြောက်လန့်နေရ၏။ ထိုကြောက်လန့်သော အမှုအရာကို မိတ်ဆွေရင်းများက ရိပ်စားမိကြသဖြင့် ဆရာတော်တစ်ပါးကို ပင့်ဆောင်လာကြ၏။ ဆရာတော်က ပရိတ်တရားကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးလျှင် ပရိတ်လက်ဖွဲ့ကို ချီးမြှင့်ပေး၏။ ထိုသည့်နောက်၌ နာနာဘာဝများ မလာကြတော့ချေ။

အနားရလာသော ဦးဘကြည်သည် မေ့မျောနေဆဲ၌ပင် ရန်ကုန်မြို့၏ ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



သား ရပ်ကွက်တစ်ခုတွင် မိမိလမ်းလျှောက်နေသည်ဟု ထင်မြင်မိ၏။ အိမ်များကို တစ်အိမ်ပြီးတစ်အိမ် ကြည့်ရှုလျက် မည်သည့်အိမ်၌ မိမိတည်းခိုသင့်သည်ကို စဉ်းစားနေ၏။ ထို့နောက် သူဌေးရပ်ကွက်ဘက်သို့ ဆက်လျှောက်သွားပြီး အိမ်ကြီး အိမ်ကောင်းများကို ကြည့်ရှုပြန်၏။ သို့သော် မည်သည့်အိမ်သို့မှ မဝင်ဖြစ်ချေ။ အကယ်၍ဝင်ရန်ဆုံးဖြတ်လိုက်ပါက ယခုဘဝမှစ၍ ထိုအိမ်၌ ပဋိသန္ဓေနေရဖွယ်ရှိသည်ဟု ဦးဘကြည်ထင်မိ၏။

အထက်ပါ အတွေ့အကြုံများသည် စိတ်အာရုံ၌ အလွန်ထင်ရှားလှသည့်အတွက် ဦးဘကြည်၏ဘဝအမြင်ကို ပြောင်းလဲသွားစေ၏။ ဦးဘကြည်သည် ခေတ်ပညာတတ်တစ်ဦးဖြစ်ပြီး အစကနဦးတွင် ဘာသာရေးကို အလေးမထားသူတစ်ဦး ဖြစ်၏။ ယခုအခါ ဗုဒ္ဓဘာသာကိုအလေးအနက်သက်ဝင်ယုံကြည်နေပါပြီ။

ဦးဘကြည်သည် ရိုးသားတည်ကြည်ပြီး ဉာဏ်ထက်မြက်သူတစ်ဦးဖြစ်၏။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော **အီလက်ထရွန်နစ်**[၁] စာအုပ်များကို မိမိဘာသာ လေ့လာ၍ လျှပ်စစ်မော်တာ, လျှပ်စစ်ဒိုင်နမိုများနှင့် ရေခဲလုပ်သည့်စက်များကို တီထွင်နိုင်ခဲ့၏။ လက်ဝဲလက်တစ်ဖက်တည်းဖြင့် စက်များကို တီထွင်လုပ်ကိုင်နေသော ဦးဘကြည်အား မြင်တွေ့ရသည်မှာ အလွန်အားတက်စရာ, ပီတိဖြစ်စရာကောင်းပေတော့သည်။

## တစ်ဘဝပြီး တစ်ဘဝ

၁၉၈၂–ခုနှစ်အတွင်း၌ ကျွန်တော်သည် ဩစတြေးလျနိုင်ငံသို့ တက္ကသိုလ်သင်ကြားရေးစနစ်များကို လေ့လာရန်အတွက် ခေတ္တသွားရောက်ခွင့်ရ၏။ ထိုအခါ **ဒေါက်တာရေမွန်မူဒီ**[၂] ရေးသားသည့် Life-after Life (တစ်ဘဝပြီး တစ်ဘဝ) စာအုပ်ကို ဖတ်ရှုရ၏။

ထိုစာအုပ်သည် **ဆေးပညာအရ သေပြီ**[၃] ဟု သတ်မှတ်ခံရပြီးနောက် မသေဘဲ ပြန်ရှင်လာကြသော လူနာများ၏ နောက်ဘဝအတွေ့အကြုံများကို ရေးသားထားသည့်စာအုပ် ဖြစ်၏။ ထိုစာအုပ်ကို ၁၉၇၅–ခုနှစ်မှ ၁၉၈၀–ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ၃၃–ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ရောင်းရအကောင်းဆုံးသော စာအုပ်တစ်အုပ်ဖြစ်ခဲ့၏။

နောက်ဘဝပြဿနာကို အမေရိကန်များ မည်မျှစိတ်ဝင်စားကြသည်ကို ခန့်မှန်းနိုင်ပေ၏။

---

၁။ electronics ၂။ Dr. Raymond A. Moody, Ph.D., M.D. ၃။ Clinically dead

www.burmeseclassic.com

www.burmeseclassic.com



ရေမွန်မူဒီသည် **ဗာဂျီးနီးယားတက္ကသိုလ်** [၁] ၌ ဒေါက်တာဘွဲ့အတွက် ဒဿနိကဗေဒကို ဆည်းပူးနေစဉ် **စိတ်ရောဂါကုဗေဒ** [၂] ပါမောက္ခတစ်ဦးက ကျောင်းသားတို့အား သူ 'သေ'ပြီး နောက်ဘဝမြင်တွေ့ခဲ့ရသည့်အကြောင်းကို ပြောပြ၏။ ထိုအကြောင်းသည် အလွန်ထူးခြားသဖြင့် ရေမွန်အား ရှည်လျားသော အတွေးနယ်ထဲသို့ ပို့ဆောင်ပေးခဲ့၏။

ရေမွန်မူဒီသည် ဒေါက်တာဘွဲ့ကို ရပြီးသည့်နောက် **မြောက်ကာရိုလိုင်းနား တက္ကသိုလ်** [၃] တွင် ဒဿနိကဗေဒဘာသာကို ပို့ချခွင့်ရ၏။ တစ်နေ့တွင် ကျောင်းသားတစ်ဦးနှင့် 'မသေခြင်းတရား'ကို ဆွေးနွေးကြရာမှ ထိုကျောင်းသားက သူ၏အဘွားသည် ခွဲစိတ်ကုသခြင်းကိုခံယူစဉ် 'သေလွန်'ပြီး နောက်ဘဝရှိသည်ကို တွေ့ကြုံခဲ့ရကြောင်း ပြောပြ၏။

ဤကျောင်းသားပြောပြသောအကြောင်းအရာသည် စောစောက စိတ်ရောဂါကုဗေဒ ပါမောက္ခ ပြောပြခဲ့သော အကြောင်းအရာနှင့် ထပ်တူနီးပါးဖြစ်နေသည်ကို ဒေါက်တာမူဒီ အံ့ဩစဖွယ်သိလိုက်ရ၏။

ထိုနောက် ဒေါက်တာမူဒီသည် ကျောင်းသူကျောင်းသား ၃၀–စီခန့် တက်ရောက်ကြသော သူ၏သင်တန်းများတွင် နောက်ဘဝအကြောင်းကို စာသင်ရင်း ထည့်သွင်းပြောဆိုလေ၏။ ထိုသို့ပြောဆိုလိုက်သည့်သင်တန်းတိုင်းလိုလို၌ သင်တန်းပြီးဆုံးသောအခါ တပည့်တစ်ဦးဦးက သူ့ထံလာပြီး **'သေရွာပြန် အတွေ့အကြုံ'** အကြောင်း ပြောပြသည်ကို ဒေါက်တာမူဒီ အံ့ဩစွာတွေ့ကြုံရပြန်၏။

၁၉၇၂–ခုနှစ်တွင် ဒေါက်တာမူဒီသည် ဆေးပညာဘွဲ့ယူရန် တက္ကသိုလ်ပြန်တက်၏။ ထိုအချိန်၌ 'သေရွာပြန်တို့၏နောက်ဘဝအကြောင်း'ကို သူ အတော်များများ စုဆောင်းမိပြီးဖြစ်သဖြင့် လူထုစည်းဝေးပွဲများတွင် ထိုအကြောင်းကို သူဟောပြော၏။ ဟောပြောပွဲပြီးဆုံးတိုင်း ပရိသတ်ထဲမှ တစ်စုံတစ်ယောက်သည် သူ၏နောက်ဘဝအတွေ့အကြုံကို ဒေါက်တာမူဒီအား လာရောက်ပြောပြလေ၏။ သို့အတွက် ဤသေရွာပြန်အတွေ့အကြုံသည် လူများစွာတို့နှင့်ဆက်စပ်နေသည်ကို ဒေါက်တာမူဒီ သိရလေ၏။

နောက်ဘဝအကြောင်း ၁၅၀–ကျော် စုဆောင်းမိသောအခါ ဒေါက်တာမူဒီသည် **'တစ်ဘဝပြီး တစ်ဘဝ'** စာအုပ်ကို ရေးသားထုတ်ဝေလိုက်၏။ ဤစာအုပ်သည် ရက်အနည်းငယ်အတွင်း ရောင်းရအကောင်းဆုံးသော စာအုပ်အဖြစ်သို့ ရောက်ရှိသွားပြီး အကြိမ်ကြိမ်ပြန်လည်ရိုက်နှိပ်ရ၏။ ဤစာအုပ်၏ လိုရင်းအချက်ကို ဤတွင်ဖော်ပြပါအံ့။

---

၁။ University of Virginia ၂။ Psychiatry ၃။ University of North Carolina

www.burmeseclassic.com

www.burmeseclassic.com



## သေရွာပြန်သူတို့၏ဇာတ်လမ်း

သေရွာပြန် ၁၅၀–ကျော်တို့ပြောပြသော ဇာတ်လမ်းများမှ တူညီချက်များကို ထုတ်နုတ်လိုက်လျှင် အောက်ပါအတိုင်း ဖတ်ရှုရမည်ဖြစ်၏။

လူနာတစ်ဦး မေ့မျောနေသည်။ အပြင်းထန်ဆုံးဝေဒနာကို သူကျော်လွှန်မိသည့်အချိန်၌ ဆရာဝန်က သူသေပြီဟုပြောလိုက်သည်ကို သူကိုယ်တိုင် ကြားလိုက်ရ၏။

ယခု သူသည် ကျယ်လောင်သောခေါင်းလောင်းထိုးသံကဲ့သို့ မနှစ်မြို့ဖွယ်သော ဆူညံသံကို ကြားရ၏။ တစ်ချိန်တည်း၌ ရှည်လျားမှောင်မိုက်သော လိုဏ်ခေါင်းတစ်ခုအတွင်း လျင်မြန်စွာရွေ့လျားနေသည်ကို သူခံစားရ၏။ လိုဏ်ခေါင်းကို ကျော်လွှန်သောအခါ၌ သူ၏ခန္ဓာကိုယ်ပြင်ပသို့ သူရောက်နေသည်ကို သူတွေ့ရ၏။

သူ၏ခန္ဓာကိုယ်အား အသက်ပြန်ရှင်လာအောင် ဆရာဝန်များက ကြိုးပမ်းနေခြင်းကို ခပ်လှမ်းလှမ်းမှ သူမြင်ရ၏။ သူ့တွင် ထူးခြားသောသဘာဝနှင့် စွမ်းရည်သတ္တိများရှိသည့် ခန္ဓာကိုယ်အသစ်တစ်ခု ရှိနေသည်ကိုလည်း သူသတိပြုမိ၏။

မကြာမီ **ဝိညာဉ်လောက** [၁] မှ ပုဂ္ဂိုလ်များ ရောက်လာကြပြီး သူ့အားကူညီကြ၏။ ထိုသူတို့အထဲတွင် သေဆုံးခဲ့ပြီးသော ဆွေမျိုးများနှင့် မိတ်ဆွေများကိုသူမြင်ရ၏။ **အလင်းရောင်ရှင်** [၂] ဟုခေါ်ဆိုရမည့် ကြင်နာနွေးထွေးသည့် မေတ္တာရှင်တစ်ဦးလည်း သူ့ထံသို့ရောက်လာပြီး သူ့ဘဝကိုပြန်လည်သုံးသပ်ရန် ညွှန်ကြား၏။ နှုတ်ဖြင့်ပြောကြားသည်မဟုတ်ဘဲ စိတ်တန်ခိုးဖြင့် မိမိအားသိလိုက်စေခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်၏အကူအညီဖြင့် သူ့ဘဝ၏အရေးပါသောအဖြစ်အပျက်များသည် တစ်ခုပြီးတစ်ခု လျင်မြန်စွာထင်ပေါ်လာကြသည်ကို သူမြင်ရ၏။

တစ်နေရာ၌ လက်ရှိဘဝနှင့် နောင်ဘဝတို့ကိုခြားနားဟန်ရှိသောနယ်ခြားသို့မဟုတ် အဆီးအတားသို့ သူရောက်လာ၏။ ထိုအခါ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာမေတ္တာနယ်၏ခံစားချက်များသည် သူ့အား လွှမ်းမိုးသွားပြီဖြစ်၍ မူလဘဝသို့သူပြန်မသွားလိုတော့ပါ။ သို့သော် သူသေရန်အချိန်မတန်သေး၍ သူပြန်သွားရမည်ကို သူသိလာ၏။ သူငြင်းဆန်၍မရသည့်အတွက် သူ့ခန္ဓာဟောင်းနှင့် ပြန်လည်ပေါင်းစပ်ကာ သူအသက်ပြန်ရှင်လာ၏။

ထို့နောက် သူ၏အတွေ့အကြုံကို မိတ်သင်္ဂဟများအား ပြောပြရန် ကြိုးစား၏။ သို့သော် ထူးခြားသောအတွေ့အကြုံကို ဖော်ပြရန် စကားလုံးများရှာ၍မရ

---

၁။ Spiritual world ၂။ a being of light

www.burmeseclassic.com

www.burmeseclassic.com



ပေ။ နားထောင်နေကြသောသူတို့၏ ပြက်ရယ်ပြုခြင်းကိုလည်း သူခံရ၏။ ထို့ကြောင့် နောက်တစ်ဖန် သူမပြောတော့။ သို့စဉ်လျက် ထိုထူးခြားသော အတွေ့အကြုံသည် သူ့ဘဝကို သိသာစွာပြောင်းလဲစေခဲ့၏။

## ထူးခြားသောခံစားချက်များ

သေရွာပြန်များစွာတို့သည် 'သေ'ခါနီးအချိန်၌ ထူးခြားသောအသံအာရုံတစ်မျိုးမျိုးကို ကြားရ၏။ ဝမ်းဗိုက်ခွဲစိတ်ခြင်းကိုခံယူစဉ် မိနစ် ၂၀-'သေခဲ့သော' ယောက်ျားတစ်ဦးက "ကျွန်တော့်ဦးခေါင်းထဲက အင်မတန်ဆိုးရွားတဲ့ ဝီခေါ်သံကြီး ထွက်လာတယ်ဗျာ၊ ကြားရတာ နားမချမ်းသာစရာပဲ"ဟု ဆို၏။

တခြားယောက်ျားတစ်ဦးကမူ ဆေးရုံသို့ရောက်လာသည့်အချိန်၌ သူ'သေပြီ'ဟု မှတ်ချက်ချခြင်းကို ခံရ၏။ သူသတိပြန်ရသောအခါ "ဝေးလံတဲ့အရပ်က သာယာတဲ့ခေါင်းလောင်းထိုးသံတွေကို ကျုပ်ကြားခဲ့ရတယ်"ဟု ဆို၏။

သေရွာပြန်များသည် ထိုထူးခြားသောအသံကို ကြားနေရဆဲအခိုက်အတန့်၌ မှောင်မိုက်နေသောနေရာတစ်ခုကို လျင်မြန်စွာဖြတ်သန်းနေရသည်ဟု ခံစားကြရ၏။ ထိုနေရာသည် ဂူနှင့်တူသည်၊ ရေတွင်းနှင့်တူသည်၊ ရေတံလျှောက်နှင့်တူသည်၊ ဥမင်လိုဏ်ခေါင်းနှင့်တူသည်၊ ရေမြောင်းနှင့်တူသည်၊ တောင်ကြားချိုင့်ဝှမ်းနှင့်တူသည်ဟု အမျိုးမျိုးသရုပ်ဖော်ကြသော်လည်း သေရွာပြန်အားလုံးတို့ရည်ညွှန်းလိုသော နေရာမှာ တစ်မျိုးတည်းပင် ဖြစ်သည်ဟု မှန်းဆရ၏။

လိုဏ်ခေါင်းကို ဖြတ်သန်းပြီးသည့်နောက် သတိမေ့မျောနေသော ပုဂ္ဂိုလ်သည် သူ၏မူလခန္ဓာကိုယ်ပြင်ပမှနေ၍ 'အခြားသူတစ်ယောက်ကဲ့သို့' သို့မဟုတ် 'ပွဲကြည့်ပရိသတ်တစ်ဦးကဲ့သို့' သူ၏ခန္ဓာကိုယ်ဟောင်းကို ပြန်ကြည့်နေကြောင်း တွေ့ရ၏။

အမျိုးသမီးတစ်ဦးက ဤသို့ဆို၏။

"လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က နှလုံးရောဂါကြောင့် ကျွန်မ ဆေးရုံတက်ခဲ့ရတယ်။ နောက်တစ်နေ့မနက်မှာကျွန်မရဲ့ရင်ဘတ်မှာသိပ်နာလာတယ်၊ပက်လက်အိပ်နေရတာ အနေခက်လို့ ကျွန်မကိုယ်ကို စောင်းလိုက်ပါတယ်၊ အဲဒီအခိုက်မှာပဲ ကျွန်မအသက်ရှူရပ်ပြီး နှလုံးခုန်တာလဲ ရပ်သွားပါတယ်။

"ကျွန်မဆီ သူနာပြုများ အပြေးအလွှားရောက်လာကြတယ်၊ သူတို့ အလုပ်ရှုပ်နေခိုက်မှာ ကျွန်မရဲ့ခန္ဓာကိုယ်ဟောင်းထဲက ကျွန်မရုန်းထွက်နေတာကို ခံစားမိတယ်၊ ခုတင်ဘေးအကာကိုဖြတ်ပြီး ကြမ်းပြင်ပေါ်သို့ ကျွန်မကျသွားတယ်၊ ပြီးတော့ ကျွန်မ တဖြည်းဖြည်းကြွတက်လာတယ်၊ မျက်နှာကြက်နား ရောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိပါပဲ၊ တစ်စုံတစ်ယောက်က စက္ကူစတစ်ခုကို မျက်နှာကြက်သို့ မှတ်တင်သလိုပါပဲရှင်"

"အဲဒီနေရာကနေပြီး စီးကြည့်လိုက်တော့ ကျွန်မရဲ့ခန္ဓာဟောင်းပတ်လည်မှာ သူနာပြုများ မတ်တတ်ရပ်နေကြတာကို ကျွန်မမြင်တယ်၊ သူနာပြုတစ်ယောက်က ကျွန်မသေပြီလို့ မှတ်ချက်ချတယ်၊ နောက်တစ်ယောက်က ကျွန်မကိုယ်ဟောင်းရဲ့မျက်နှာပေါ်သို့ ငုံ့ချပြီး ပါးစပ်ချင်း တေ့စပ်လိုက်တယ်၊ ကျွန်မအသက်ပြန်ရှူလာအောင် လုပ်တယ်၊ နောက်တစ်ယောက်က **ရှော့**[၁] ရိုက်စက်ယူလာပြီး ကျွန်မရင်ဘတ်ကို ရှော့ရိုက်တယ်၊ ကျွန်မရဲ့ခန္ဓာကိုယ်ဟောင်းက ခုန်တက်လာပြီး ပြန်ကျတဲ့အခါမှာ အရိုးကျိုးသံကို ကျွန်မကြားရတယ်၊ သိပ်ဆိုးတဲ့အဖြစ်ပါပဲရှင်"

အသက် ၁၉ နှစ်ရှိသည့် လူငယ်တစ်ယောက်သည် သူငယ်ချင်းတစ်ဦးကို မော်တော်ကားဖြင့် အိမ်ပြန်ပို့စဉ် ကားတိုက်မှုဖြစ်ပွားခဲ့၏။ သူ၏ဇာတ်လမ်းအစုံမှာ…

"မျက်နှာချင်းဆိုင်ဘက်က အရှိန်ပြင်းပြင်းမောင်းနှင်လာတဲ့ ကားတစ်စီးရဲ့ ရှေ့မီးများကို ကျွန်တော်မြင်ရတယ်၊ ပြီးတော့ ကြောက်မက်ဖွယ်အသံကြီးက ကားဘေးနံရံတွေ ပိဆင်းလာတဲ့အသံမျိုး၊ အဲဒီအချိန်မှာပဲ မှောင်မိုက်ပြီး ကာရံထားတဲ့ နေရာတစ်ခုကို ကျွန်တော်ဖြတ်သွားနေရတယ်လို့ ခံစားမိတယ်၊ ဖြတ်သွားရတဲ့အချိန်က သိပ်မြန်တယ်၊ မကြာခင် ကားရှေ့နားက လမ်းအထက်မှာ ကျွန်တော် လေထဲကြွတက်နေတာကို မြင်ရတယ်၊ ကားချင်းတိုက်မိတဲ့အသံရဲ့ ပဲ့တင်သံ တဖြည်းဖြည်းတိုးပြီး ပျောက်ကွယ်သွားတာကိုလဲ ကြားလိုက်ရသေးတယ်။

"လူတွေ ကျွန်တော့်ကားဆီသို့ ပြေးလာကြတယ်၊ ကားမောင်းသူနေရာမှာ ပိညှပ်နေတဲ့ ကျွန်တော့်ရဲ့ခန္ဓာကိုယ်ကို ဆွဲထုတ်ဖို့ သူတို့ကြိုးစားကြတယ်၊ ကျွန်တော့်ခြေထောက်များက တွန့်လိမ်နေကြတယ်၊ သွေးကွက်တွေကလဲ နေရာအနှံ့ ပြန့်ကျဲနေကြတယ်။"

ခန္ဓာကိုယ်ပြင်ပအတွေ့အကြုံသည် အလွန်ထူးဆန်းသည့်အတွက် အချို့လူများမှာ မည်သို့ဆက်လုပ်ရမည်ကို မသိကြ။ အချို့မှာ ကြောက်လန့်တကြားဖြစ်ပြီး ခန္ဓာကိုယ်အဟောင်းထဲသို့ ပြန်ဝင်ဖို့ကိုပင် ကြိုးစားမိကြ၏။

---

၁။ shock

www.burmeseclassic.com

www.burmeseclassic.com



## ဝိညာဉ်ခန္ဓာ [၁]

ခြင်းချက်အနည်းငယ်မှအပ သေရွာပြန်များသည် ခန္ဓာဟောင်းမှ ကျွတ်လွတ်ပြီးသည့်နောက် ဝိညာဉ်ခန္ဓာကိုယ်သစ်ကို ရရှိကြသည်ဆို၏။ ဤဝိညာဉ်ခန္ဓာသည် အလွန်ထူးဆန်းသဖြင့် ၎င်းကို သရုပ်ဖော်ပြရန် ခဲယဉ်း၏။ အစိုင်အခဲမဟုတ်၊ လူတို့မျက်စိဖြင့် မမြင်နိုင်သောခန္ဓာဖြစ်၏။

ကားတိုက်မှုကြုံရသည့် လုလင်က ဤသို့ဆက်ပြော၏။

"လူတွေဟာ ကားဆီသို့ အဘက်ဘက်က ပြေးလာကြတယ်၊ သူတို့က ကျွန်တော့်ကို မြင်ကြဟန်မတူဘူး၊ သူတို့အနီးကပ်လာတော့ ကျွန်တော်တိမ်းဖယ်ဖို့ ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ သူတို့က ကျွန်တော့်ကိုဖြတ်သန်းပြီး လျှောက်သွားကြတယ်"

ဝိညာဉ်ခန္ဓာကို ခံစားရသူများက ၎င်းခန္ဓာသည် မြူခိုး၊ တိမ်လုံး၊ အငွေ့စွမ်းအင်စု တစ်ခုခုနှင့် ဆင်တူသည်၊ ခြေ၊ လက်၊ ဦးခေါင်း စသည်ဖြင့် လူကဲ့သို့ ပင် ပုံသဏ္ဍာန်ရှိသည်၊ အလေ့အကျင့်ရသောအခါ ၎င်းခန္ဓာဖြင့် ရွေ့လျားရသည်မှာ အလွန်လွယ်ကူလျင်မြန်သည်၊ တစ်နေရာမှ တစ်နေရာသို့ တစ်မဟုတ်ချင်း ရောက်အောင် ကူးသန်းသွားနိုင်သည်၊ ရုပ်ဝတ္ထုများကို ဖြတ်သန်း၍လည်း သွားနိုင်သည်ဟု ဆိုကြ၏။

ဝိညာဉ်ခန္ဓာအခြေ၌ 'ကြားခြင်း' သည် အသံကြောင့်ဖြစ်ပေါ်လာသည် မဟုတ်။ ပုဂ္ဂိုလ်အသီးသီးပြောဆိုရန် ကြံစည်သောစိတ်ကူးကို သိနေခြင်းဖြစ်၏။ အမျိုးသမီးတစ်ဦးက ဤသို့ရှင်းပြ၏။

"လူတွေ ပြောဆိုနေကြတဲ့အသံကို ကျွန်မမကြားနိုင်ပေမယ့် သူတို့ဘာတွေပြောနေကြတာကို ကျွန်မသိတယ်၊ သူတို့ ဘာတွေစိတ်ကူးနေကြတာကို ကျွန်မသိတယ်လို့ဆိုရင် ပိုမှန်မယ်၊ သူတို့ရဲ့နှုတ်ခမ်းများကို ဟလိုက်တာနဲ့ တစ်ပြိုင်နက် သူတို့ပြောချင်တဲ့စိတ်ကူးကို ကျွန်မနားလည်လိုက်တော့တယ်"

ဝိညာဉ်ခန္ဓာသည် လူတို့ကြားအောင် မပြောနိုင်၊ သိအောင်လည်း မထိတွေ့နိုင်၊ ကိုယ်ထင်မပြနိုင်သည့်အတွက် လူတို့နှင့်မဆက်ဆံနိုင်ပါ။ ထို့ကြောင့် 'အထီးကျန်ပုဂ္ဂိုလ်' ကဲ့သို့ ခံစားလာရ၏။ သို့သော် မကြာပါ။ အခြားဝိညာဉ်ပုဂ္ဂိုလ်များ ဝန်းရံလာကြတော့၏။ မီးဖွားသည့်အမျိုးသမီးတစ်ဦးက ဤသို့ပြောပြ၏။

"ကျွန်မကလေးက ထွားနေလို့ ကျွန်မ မမွေးနိုင်ဘူး။ သွေးတွေ အများကြီး သွန်ကျတယ်၊ ကျွန်မ မေ့မျောသွားတယ်၊ ဆရာဝန်က လက်လျှော့ပြီး ကျွန်မသေ

---

၁။ Spiritual body



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ဆိုလိုက်တယ်။ ဒါပေမဲ့ ကျွန်မက နိုးကြားနေတယ်၊ ဆရာဝန်ပြောတာကို လဲ နားလည်တယ်၊ ကျွန်မရဲ့ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ သေဆုံးခဲ့ပြီးတဲ့ ကျွန်မရဲ့ဆွေမျိုးများနဲ့ သူငယ်ချင်းအများကြီးကို တွေ့လိုက်ရတယ်၊ ကျေနပ်နေကြတဲ့ သူတို့ရဲ့မျက်နှာများလောက်ကိုပဲ ကွက်ပြီး ကျွန်မမြင်ရတယ်၊ ဒါပေမဲ့ သူတို့က ကျွန်မကို ကြိုဆိုနေကြတယ်၊ ကူညီဖို့ရောက်လာကြတယ်ဆိုတာကိုသိလို့ ကျွန်မသိပ်ပျော်သွားပါတယ်၊ ကျွန်မ အိမ်ပြန်ရောက်သွားရသလို သိပ်ပျော်စရာကောင်းတဲ့ အချိန်ကလေးပါပဲ"

## အလင်းရောင်ရှင်

သေရွာပြန်တို့အား ဘဝအမြင်အများဆုံးပြောင်းလဲစေသောအရာမှာ 'အလင်းရောင်ရှင်' နှင့်ကြုံတွေ့ရခြင်းဖြစ်၏။ ကနဦး၌ အလင်းသည် မှိန်မှိန်ငယ်ငယ်ဖြစ်၏။ သို့သော် လျင်မြန်စွာကြီးထွား၍ မာကျူရီမီးလုံးထက်သာအောင် လင်းတက်လာ၏။ ထိုအလင်းတွင် ပုဂ္ဂိုလ်အရည်အသွေးရှိသည်ကို ကြုံတွေ့ခဲ့ရသူတို့က ယုံကြည်ကြ၏။

ထိုအလင်းရောင်ရှင်သို့ သေဆဲလူ၏ဝိညာဉ်ခန္ဓာ ချဉ်းကပ်သွားသောအခါ အတိုင်းမသိကြီးကျယ်သော မေတ္တာကရုဏာစာတ်တို့သည် ထိုအလင်းရောင်ရှင်မှ စီးထွက်လာပြီး သေဆဲလူ၏ ဝိညာဉ်ခန္ဓာအား လွှမ်းခြုံ၍ နွေးထွေးသွားစေ၏။

အလင်းရောင်ရှင်သည် ဝိညာဉ်ခန္ဓာရှင်အား အတားအဆီးမရှိသော စိတ်–စိတ်ချင်း ဆက်သွယ်သည့်နည်းဖြင့် တိုက်ရိုက်ဆက်သွယ်၏။

"သင်သေဖို့ အသင့်ဖြစ်ပြီလား"၊ "သင့်ဘဝတစ်လျှောက်လုံးမှာ ဘာတွေလုပ်ခဲ့သလဲ"၊ "လုပ်စရာကိစ္စတွေ ပြီးပြတ်ကုန်ပြီလား"

အပြစ်ဖို့ရန်, ခြိမ်းခြောက်ရန်, စွပ်စွဲရန်အတွက် မေးခွန်းများမေးခြင်းမဟုတ်ဘဲ သူတို့၏ဘဝကို ပြန်လည်သုံးသပ်ရန်နှင့် ဘဝလမ်းမှန်ကိုရောက်အောင် ပို့ဆောင်ပေးရန်အတွက် မေးခွန်းများမေးသည်ကို သေရွာပြန်တို့နားလည်ကြ၏။

အလင်းရောင်ရှင်၏ မေတ္တာစာတ်ကို ခိုလှုံကြရသောအခါ သေရွာပြန်တို့သည် ပျော်ရွှင်ချမ်းမြေ့သွားကြပြီး အလင်းရောင်ရှင်နှင့်အတူနေထိုင်လိုသည့်ဆန္ဒဖြစ်ပေါ်လာကြ၏။ သေရွာပြန်တစ်ဦးက ဤသို့ဆို၏–

"အလင်းက သိပ်လှတယ်၊ သိပ်ပြီး ဝင်းလက်တောက်ပတယ်၊ ဒါပေမဲ့မျက်စိများကိုမကျိန်းစပ်စေဘူး၊ ကမ္ဘာပေါ်မှာရှိတဲ့ ဘာအလင်းနဲ့မှမတူဘူး၊ အဲဒီအလင်းထဲမှာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို ကျွန်တော်မတွေ့ခဲ့ရဘူး၊ ဒါပေမဲ့ ထူးခြားတဲ့ ဂုဏ်အင်္ဂါတွေရှိတယ်၊ အပြည့်အဝနားလည်မှုရှိပြီး ပြည့်ဝတဲ့မေတ္တာစာတ်ရဲ့ အလင်းရောင်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အခြားသေရွာပြန်တစ်ဦးက ဤသို့ဆို၏။

"အလင်းပေါ်လာစမှာ ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော်သေသေချာချာ မသိဘူး၊ အလင်းက 'ကျွန်တော်သေဖို့ အဆင်သင့်ဖြစ်ပလား' လို့မေးတယ်၊ ပုဂ္ဂိုလ်တစ်ယောက်နဲ့ စကားပြောရသလိုပဲ၊ ဒါပေမဲ့ အလင်းထဲမှာ ပုဂ္ဂိုလ်မရှိဘူး"

မေးခွန်းမေးပြီးသည့်နောက်တွင် အလင်းသခင်သည် သေဆဲလူ၏ဘဝဖြစ်ရပ်များကို ထိုလူမြင်သိရန်အတွက် ရုပ်ရှင်ပြကွက်သဖွယ် ထင်ပေါ်လာစေ၏။ မှတ်ဉာဏ်ထဲမှဖြစ်ရပ်အားလုံးကို တစ်ပြိုင်နက်မြင်လိုက်ရသကဲ့သို့ဖြစ်၏။ သို့သော် ထိုမြင်ကွင်းသည် အလွန်ရှင်းလင်းပြတ်သားသည်ဟု သေရွာပြန်တို့ ဆိုကြ၏။

ထိုသို့လက်ရှိဘဝ၏ဖြစ်ရပ်များကို ကြည့်ပြီး ဘဝကိုသုံးသပ်နေစဉ်အခိုက်အတန့်၌ အလင်းရောင်ရှင်သည် သေလုဆဲလူအား အရေးကြီးသောဘဝသင်ခန်းစာနှစ်ရပ်ကို သိမြင်စေလိုဟန်ရှိ၏။ ထိုသင်ခန်းစာနှစ်ရပ်တို့မှာ သတ္တဝါများအား ချစ်ကြင်နာရန်နှင့် ဗဟုသုတရှာမှီးရန်တို့ ဖြစ်ကြ၏။

## တကယ့်ဖြစ်ရပ်ပမာ

ဒေါက်တာမူဒီတင်ပြသော သေရွာပြန်တို့၏ဇာတ်လမ်းများသည် တကယ်သေသွားသောသူတို့၏ ဇာတ်လမ်းများမဟုတ်ဘဲ သေလုနီးသည့်အခြေသို့ ဆိုက်ရောက်ခဲ့ကြသောသူအချို့တို့၏ တင်ပြချက်များသာ ဖြစ်ကြ၏။

သို့အတွက် နောင်ဘဝရှိသည်ဟူသော သူတို့၏အဆိုသည် မှန်သည်ဟုယူဆနိုင်ပါမည်လော။

သေလုနီးပါးအခြေတွင် ဦးနှောက်၌ **အောက်ဆီဂျင်လိုအပ်မှု**[၁] ကြောင့်လည်းကောင်း၊ ပြင်းထန်သောဆေးဝါးများ တိုက်ကျွေးထားခြင်းကြောင့် လည်းကောင်း စိတ်ချောက်ချားကာ **အာရုံထင်မှု**[၂] များဖြစ်ပေါ်၍ သေရွာပြန်တို့မြင်သိခဲ့ကြသော အမြင်အာရုံများကို မြင်သိခဲ့ခြင်းဖြစ်သည်ဟု မဆိုနိုင်ပါသလော။

သို့တည်းမဟုတ် သေခါနီးအလွန်အားနည်းနေသည့်အချိန်၌ ဝေဒနာပြင်းထန်၍ အာရုံကြောများ၏ စေ့ဆော်မှုကြောင့် အာရုံထင်ခြင်းဖြစ်ပါသလော။

သို့တည်းမဟုတ် ဆန္ဒစောမှု (ဝါ) ကြိုတင်ကြံတွေးထားမှုကြောင့် မေ့မျောသွားသောအခါ၌ အိပ်မက်သည့်ပုံစံမျိုးဖြင့် မြင်မက်ခြင်းပေလော။

ဒေါက်တာမူဒီသည် ဤစောဒကများကို ချေပနိုင်အောင် ထပ်မံစူးစမ်းခဲ့သည်။

---

၁။ Cerebral Anoxia ၂။ Hallucination

www.burmeseclassic.com

www.burmeseclassic.com



သူ့အား သေရွာပြန်ဇာတ်လမ်းများကို ပြောပြခဲ့ကြသောသူတို့သည် ထိုဇာတ်လမ်းမျိုးကို ကြိုတင်၍သိထားဖူးခြင်းမရှိသည့်အတွက် ကြိုတင်စိတ်ကူးမှုကြောင့် (ဝါ) ဆန္ဒစောမှုကြောင့် ဝိညာဉ်ခန္ဓာအတွေ့အကြုံမျိုးကို ရရှိခဲ့သည် ဆိုသည်မှာ မဖြစ်နိုင်ချေ။

၎င်းပြင် ရိုးရာဘာသာရေးအရ နောက်ဘဝရှိသည်ဟု ယုံကြည်ခဲ့ကြသောသူများသည်ပင် သေမင်းတံခါးဝ၌ မိမိတို့မြင်တွေ့ခဲ့ကြသည့် တမလွန်ရှုခင်းများသည် ယခင် မိမိတို့သိကြားခဲ့ဖူးသော ဟောပြောချက်များနှင့်မတူညီကြကြောင်းကို အလေးအနက် ပြောပြကြ၏။ မိမိတို့ ကိုယ်တိုင်သိမြင်ခဲ့ရသော တမလွန်လောကတွင် ပုလဲရတနာဂိတ်ဝများ, ရွှေလမ်းများ, စောင်းပိုက်ထားသော **အတောင်ပံတပ်နတ်သားများ**[၁] စသည်တို့ကိုလည်းကောင်း၊ ခက်ရင်းခွကြီးများကို ကိုင်ဆောင်ထားကြသည့် **နတ်မိစ္ဆာများ**[၂] နှင့် ငရဲမီးလျှံများကိုလည်းကောင်း မမြင်တွေ့ခဲ့ကြရဟု ဆို၏။

ထို့ပြင် ထိုပုဂ္ဂိုလ်များသည် စိတ်ရောဂါရှိသူများ မဟုတ်ကြ။ အရေးကြီးသည့် လုပ်ငန်းများနှင့် ရာထူးများတွင် တာဝန်ထမ်းဆောင်ပြီး မိမိတို့တာဝန်ကို ကျေပွန်စွာဆောင်ရွက်နေသူများ ဖြစ်ကြ၏။ ခိုင်မြဲစုံပြည်သော အိမ်ထောင်ရှိသူများလည်း ဖြစ်ကြ၏။ သို့အတွက် စိတ်ဖောက်ပြန်မှုကြောင့် အာရုံထင်မှု ဖြစ်ပေါ်လာသည်ဆိုသော စောဒကကို ချေဖျက်နိုင်၏။

တစ်ဖန် ဆေးခြောက်, **ကိုဒိုင်း**[၃], ဘိန်းဖြူ စသည့် စိတ်ကိုချောက်ချားစေသော ဆေးများကြောင့် အာရုံထင်မှုဖြစ်ပေါ်သည့်အခါ သေရွာပြန်အတွေ့အကြုံနှင့်တူသော ခံစားချက်အနည်းငယ်ကိုသာ တွေ့ရ၏။ ခံစားချက်အပြည့်အစုံကို မတွေ့ရ။ ထို့ပြင် အာရုံထင်မှုကြောင့် ရရှိသော ခံစားချက်များသည် သေရွာပြန်၏ ခံစားချက်များကဲ့သို့ လေးနက်မှုမရှိ၊ ပေါ့ပြက်ပြက်သာ ဖြစ်ကြ၏။

စိတ်စွဲလမ်းမှုကြောင့်မြင်မက်သော အိပ်မက်အတွေ့အကြုံများသည်လည်း လေးနက်မှုမရှိပါ။ သေရွာပြန်တို့က မိမိတို့၏အတွေ့အကြုံများသည် အိပ်မက်များကဲ့သို့မဟုတ်ဘဲ အလွန်လေးနက်၍ မိမိတို့၏ဘဝအမြင်ကိုပါ ပြောင်းလဲစေသည်ဟု တညီတညွတ်တည်း ထုတ်ဖော်ပြောဆိုခဲ့ကြ၏။

သေရွာပြန်များစွာတို့ တစ်ဦးနှင့်တစ်ဦး သိကျွမ်းထားခြင်း, နှီးနှောထားခြင်း မရှိပါဘဲ အလွန်တူညီသော နောက်ဘဝအတွေ့အကြုံများကို တင်ပြနိုင်ကြသည်မှာ ဖြစ်တတ်သောသဘာဝကြောင့်ပင် ဖြစ်ရပေမည်။

---

၁။ Winged angels ၂။ Demons ၃။ Codeine

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မိမိတို့၏ နောက်ဘဝအတွေ့အကြုံများကို တကယ့်ဖြစ်ရပ်များ ဟုပင် အလေးအနက်ယုံကြည်၍ အလေးအနက်ပင် ပြောပြကြ၏။

"ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်က အာရုံထင်မှုနဲ့ လုံးဝမတူပါဘူး၊ ဆေးရုံမှာ ကျွန်တော့်ကို ကိုဒိုင်းဆေးထိုးပေးလို့ အာရုံထင်မှုကို ကျွန်တော်မြင်တွေ့ခဲ့ဖူးပါတယ်၊ အခု ကျွန်တော်မြင်သိရတဲ့ နောက်ဘဝအတွေ့အကြုံက အဲဒီအာရုံထင်မှုနဲ့ တခြားစီပါ"

သူတို့၏ အတွေ့အကြုံများသည် သူတို့ကျင်လည်နေရသော လူ့အဖွဲ့အစည်း၏ ယူဆချက်များနှင့် ဆန့်ကျင်နေကြသဖြင့် ထိုအတွေ့အကြုံများကို အလွန်ရင်းနှီးသည့် ဆွေမျိုးများနှင့် မိတ်သင်္ဂဟများကိုသာ ပြောပြခဲ့ကြ၏။ သို့တစေ သူတို့သည် စိတ်ထားမှုမမှန်သူများဟု အထင်ခံခဲ့ကြရ၏။ ထို့ကြောင့် နောက်ပိုင်းတွင် ဆိတ်ဆိတ်ပင်နေခဲ့ကြ၏။

ဒေါက်တာမူဒီ၏ တင်ပြချက်များကို ကြားသိရသောအခါ သူတို့သိမြင်ခဲ့ကြသည့် နောက်ဘဝအတွေ့အကြုံများသည် ပုဂ္ဂိုလ်တစ်ဦးတည်းအား ထူးထူးခြားခြား ကွက်ပြီးဖြစ်ပေါ်ခဲ့သည်မဟုတ်ဘဲ ပုဂ္ဂိုလ်များစွာနှင့်သက်ဆိုင်နေသည်ဟု သိလာကြရသဖြင့် သူတို့အလွန်ကျေနပ်သွားကြ၏။

ဒေါက်တာမူဒီက "ဒီလူတွေဟာ သေခြင်းတရားဆိုတဲ့ ရှေ့တန်းဘဝ နယ်နိမိတ်ဆီသို့ အနီးကပ်ဆုံးချဉ်းကပ်နိုင်ခဲ့တဲ့လူတွေပဲ၊ ဒီအကြောင်းတစ်ချက်တည်းနဲ့ကို သူတို့ရဲ့တင်ပြချက်တွေဟာ လေးလေးနက်နက်စဉ်းစားထိုက်နေပြီ" ဟု မှတ်ချက်ချခဲ့၏။

## သေသူတို့၏စာအုပ်

ရှေးတိဗက်ပညာရှိကြီးများ၏ ဟောပြောချက်များကို စုပေါင်းထားသော **သေသူတို့၏စာအုပ်**[၁] သည် ကမ္ဘာကျော်စာအုပ်တစ်အုပ်ဖြစ်၏။ ထိုစာအုပ်တွင် လူတို့သေဆုံးကြသောအခါ ဝိညာဉ်ကူးပြောင်းသွားရမည့်အဆင့်အမျိုးမျိုးကို ရှင်းလင်းဖော်ပြထား၏။

ဤစာအုပ်ပါ အကြောင်းအရာများကို အစကနဦး၌ နှုတ်တိုက်အားဖြင့်သာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြ၏။ အေဒီ ၈–ရာစုခန့်ရောက်သောအခါ စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့၏။ သို့တစေ ထိုစာအုပ်ကို ပြင်ပပုဂ္ဂိုလ်များ မမြင်သိရန် လျှို့ဝှက်ထားခဲ့ကြ၏။

---

၁။ The Book of the Dead

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်တွင် ရေးသားထားချက်အရ လူသေသောအခါ စိတ် သို့မဟုတ် ဝိညာဉ်သည် ခန္ဓာမှထွက်ခွာသွား၏။ ထို့နောက် သေသူသည် ဟင်းလင်းပြင်၌ မိမိတည်နေသည်ကို မြင်တွေ့ရ၏။ ထိုအခါ သူသည် မြည်ဟည်းသံ, မိုးခြိမ်းသံ, လေတိုက်သံကဲ့သို့ ထိတ်လန့်ဖွယ်ကောင်းသောအသံများကို ကြားရတတ်၏။ သူ၏ခန္ဓာကိုယ်ပြင်ပ၌ သူတည်ရှိနေသည်ကို မြင်တွေ့ရသည့်အတွက်ကြောင့်လည်း သူအံ့အားသင့်နေ၏။ သူ၏ဆွေမျိုးများနှင့်မိတ်ဆွေများက သူ့ခန္ဓာဟောင်းကို ဝန်းရံ၍ ငိုကြွေးမြည်တမ်းနေကြသည်ကိုလည်း သူမြင်ကြားနေရ၏။ သူ၏ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ရန်အတွက် ပြင်ဆင်နေကြသည်ကိုလည်း သူသိမြင်ရ၏။

သူ့ကို ထိုသူတို့မြင်တွေ့အောင် သူ့စကားကိုကြားအောင် သူအားထုတ်သောအခါ ထိုသူတို့သည် သူ့ကိုလည်း မမြင်ကြ၊ သူ့စကားကိုလည်း မကြားကြ။ ထို့ကြောင့် သူ့ဆွေမျိုးများနှင့် သူဆက်သွယ်၍မရတော့။ ဘဝချင်း ခြားသွားလေပြီ။

သူ့တွင် ခန္ဓာသစ်ရှိနေသည်ကို သူသိရှိလာ၏။ ထိုခန္ဓာသည် ဒြပ်သားနှင့်တည်ဆောက်ထားသောခန္ဓာမဟုတ်ဘဲ **တောက်ပသောခန္ဓာ**[၁] ဖြစ်သည်ဟု တိဗက်ပညာရှိတို့ ဆိုကြ၏။

ထို့ပြင် သူသည် သန့်စင်ကြည်လင်သောအလင်းရောင်နှင့် ကြုံတွေ့ရတတ်သေးသည်။ ထိုအလင်းရောင်ကို ကြောက်ရွံ့ဖို့မလို။ အလင်းရောင်ဆီသို့ ရဲရဲဝံ့ဝံ့ ယုံယုံကြည်ကြည်သာ ချဉ်းကပ်သွားသင့်၏။

လူတစ်ဦးသည် ကုသိုလ်ကောင်းမှုများပြုခဲ့၍ ကောင်းစွာသေဆုံးလျှင် ကြီးကျယ်သော ငြိမ်းချမ်းခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းတို့ကို ခံစားရလိမ့်မည်။

သေဆုံးပြီးသောသူတို့သည် ဘဝကြေးမုံပြင်တစ်မျိုးတွင် မိမိတို့၏အတိတ်ဘဝ၌ ပြုခဲ့သမျှသော ကောင်းမှု, မကောင်းမှုများအားလုံးကို ထင်ရှားစွာပြန်မြင်ကြရလိမ့်မည်။ သူ့အား အဆုံးအဖြတ်ပေးကြမည့်ပုဂ္ဂိုလ်များကလည်း ထိုရောင်ပြန်ဟပ်ခြင်းများကို အထင်အရှား မြင်ကြရလိမ့်မည်။

သို့အတွက် 'သေသူတို့၏စာအုပ်'တွင်တွေ့ရသော တိဗက်ပညာရှိကြီးများ၏ ဟောပြောချက်များသည် ဒေါက်တာမူဒီတင်ပြခဲ့သည့် နောက်ဘဝအတွေ့အကြုံများနှင့် အံ့သြစဖွယ်ဆင်တူနေကြပေ၏။

---

၁။ Shining body

www.burmeseclassic.com

www.burmeseclassic.com



## ရှေးဂရိပညာရှိကြီးများ၏ အယူအဆ

**ပိုင်သာဂိုရပ်[၁], ဆိုကရေးတီး, ပလေတို** စသည့် ရှေးဂရိတွေးခေါ်ရှင်ကြီးများသည် နောက်ဘဝရှိသည်ကို ယုံကြည်ကြ၏။ လူသေသော်လည်း ဝိညာဉ်မသေဟု ကြွေးကြော်ခဲ့ကြ၏။

ကမ္ဘာကျော်စာအုပ်ဖြစ်သည့် **ပလေတို** ၏ **'ပြည်ထောင်စုအမှတ် ၁၀'**[၂] စာအုပ်တွင် နောက်ဘဝနှင့်ပတ်သက်သော ပလေတို၏ရေးသားချက်မှာ စိတ်ဝင်စားဖွယ် ကောင်း၏။

• **'အား'**[၃] အမည်ရှိသော ဂရိစစ်သားတစ်ဦးသည် တိုက်ပွဲတွင် 'ကျဆုံး'သွားသဖြင့် သူ့အား မီးသင်္ဂြိုဟ်ရန် သူ့အလောင်းကို ထင်းပုံပေါ်တင်ထားကြပြီ။ ခဏကြာသော် 'အား' အသက်ဝင်လှုပ်ရှားလာ၏။ သူ၏ဝိညာဉ်သည် သူ့ကိုယ်ခန္ဓာမှ ထွက်ခွာပြီးနောက် နောက်ဘဝ၏နယ်ပယ်သို့ ခရီးသွားခဲ့ရပုံကို သူ့ဗိုလ်မှူးအား သူပြောပြ၏။

'အား' ၏ ပြောပြချက်အရ ဤကမ္ဘာမြေမှ တမလွန်ဘဝနယ်မြေသို့ကူးဝင်သွားရန် ဂိတ်ဝများစွာရှိ၏။ ဤဂိတ်ဝများတွင် ဝိညာဉ်များကို ရပ်တန့်စေပြီး တမလွန်နယ်မြေမှပုဂ္ဂိုလ်များက စစ်ဆေးကြ၏။ ထိုသူတို့သည် ထူးခြားသောအစွမ်းသတ္တိဖြင့် လူ့ဘဝ၌ 'အား' ၏လုပ်ဆောင်ခဲ့သည်များကို ထင်ပေါ်လာစေ၏။ ထိုလုပ်ဆောင်ချက်များကိုကြည့်ပြီး အဆုံးအဖြတ်ပေးကြ၏။

"မင်း ရုပ်လောကကို ပြန်သွားပါ၊ လူတွေကို မင်းဒီမှာမြင်တွေ့ခဲ့ရတဲ့ ဝိညာဉ်လောကအကြောင်းကို ပြောပြပါ" ဟု ထိုပုဂ္ဂိုလ်တို့က 'အား' ကိုအမိန့်ပေးလိုက်ကြ၏။ ထို့ကြောင့် 'အား' နိုးလာပြီး မျက်စိဖွင့်ကြည့်သောအခါ ထင်းပုံပေါ်၌ မိမိရောက်နေကြောင်းကို မြင်တွေ့ရ၏။

နာမ်ဝါဒီတစ်ဦးဖြစ်သော ပလေတိုသည် ရုပ်လောကအပြင် နာမ်လောကလည်း ရှိသေးကြောင်းကို လူတို့အား သိစေလို၍ 'အား' ကိုဇာတ်ကောင်ပြုကာ ရေးသားလိုက်လေသလော။ သို့မဟုတ် 'အား' အမည်ရှိသော စစ်သားကပင် မိမိမေ့မျောနေစဉ်အခိုက်၌ နောက်ဘဝအတွေ့အကြုံများကို မြင်သိခဲ့ရ၍ ပလေတိုအား ပြောကြားခဲ့လေသလော။

မည်သို့ပင်ဖြစ်စေ ဘီစီ ၄–ရာစုနှစ်အတွင်းက ပလေတိုရေးသားခဲ့သော နောက်ဘဝအယူအဆသည် အေဒီ ၂၀–ရာစုအတွင်း ဒေါက်တာမူဒီတင်ပြခဲ့သော နောက်ဘဝအတွေ့အကြုံများနှင့် အံ့ချီးဖွယ်ရာဆင်တူနေကြပါပကော။

---

၁။ Pythagorus  ၂။ The Republic, Book 10  ၃။ Er

www.burmeseclassic.com

www.burmeseclassic.com



## စွယ်စုံပညာရှင် ဆွီဒင်ဗော့

ဆွီဒင်နိုင်ငံသားဖြစ်သူ **အီမာညျူယယ်ဆွီဒင်ဗော့**[၁] သည် အလွန်ထူးခြားသော စွယ်စုံပညာရှင်တစ်ဦးဖြစ်၏။ ဖခင်မှာ **လူသာရင်ဝိုဏ်းအုပ်**[၂] ဖြစ်၏။ သို့သော် ဆွီဒင်ဗော့သည် ငယ်ရွယ်စဉ်က ဘာသာရေးကို စိတ်မဝင်စားချေ။ သိပ္ပံပညာကို လေ့လာလိုက်စားပြီး ရူပဗေဒ, သင်္ချာ, **ခန္ဓာဗေဒ**[၃], **စိတ်ပညာ**[၄] တို့နှင့် ဆိုင်သောစာအုပ်များကို ရေးသားပြုစုခဲ့၏။ သတ္တုဗေဒပညာရှင်တစ်ဦးအဖြစ် ဆွီဒင်နိုင်ငံအား များစွာအကျိုးပြုခဲ့သည့်အတွက် ဆွီဒင်ဘုရင်၏ ချီးမြှောက်ခြင်းကို ခံရ၏။ စီးပွားရေးပါရဂူတစ်ဦးအဖြစ်လည်း အသိအမှတ်ပြုခြင်းကို ခံရ၏။

ဆွီဒင်ဗော့သည် အေဒီ ၁၆၈၈–ခုနှစ်တွင် မွေးဖွားပြီး ၁၇၇၂–ခုနှစ်တိုင်အောင် အသက်ရှည်၏။ တစ်သက်လုံးပျော်ရွှင်ချမ်းမြေ့စွာ ရောင့်ရဲတင်းတိမ်စွာ နေထိုင်သွား၏။ ကျန်းမာရေးအလွန်ကောင်းပြီး ဥရောပနိုင်ငံများစွာသို့ မကြာခဏ ခရီးထွက်၏။ ၁၈–ရာစုနှစ်အတွင်းက သူရေးသားခဲ့သော သိပ္ပံအတွေးအခေါ်များသည် လွန်စွာခေတ်ရှေ့ပြေးနေပြီး ၂၀ ရာစုနှစ်ရောက်သည့်အခါမှ သိပ္ပံပညာရှင်တို့က မှန်ကန်ကြောင်းအတည်ပြုနိုင်ခဲ့ကြ၏။

အသက် ၅၇ နှစ်အရွယ်တွင် ဆွီဒင်ဗော့သည် အကြားအမြင်ရလာပြီး ဘာသာရေးကိစ္စများကို ဇောက်ချ၍လုပ်ကိုင်လေတော့၏။ သူသည် ကလယ်ဗိုးယင့်ခေါ် နတ်မျက်စိအမြင်ရှိသူတစ်ဦးဖြစ်ပြီး ခန္ဓာပြင်ပစမ်းသပ်ချက်များကို လုပ်ဆောင်နိုင်စွမ်း ရှိ၏။

ဆွီဒင်ဗော့သည် ဝိညာဉ်လောကနှင့်ဆက်သွယ်နိုင်စွမ်းရှိ၏။ တစ်ကြိမ်က **ဒတ်ချ်**[၅] သံအမတ်ကတော်သည် သူမ၏ခင်ပွန်း မသေဆုံးမီကလေး၌ ဝယ်ယူခဲ့သော ငွေထည်ပစ္စည်းအတွက် ငွေတောင်းခံစာတစ်စောင်ကို ရရှိ၏။ သံအမတ်ကတော်သည် သံအမတ်ကြီး မကွယ်လွန်မီ ထိုပစ္စည်း၏တန်ဖိုးကို ပေးချေခဲ့ကြောင်း မှတ်မိ၏။ သို့သော်ပြေစာကိုရှာမတွေ့ဘဲဖြစ်နေ၏။ သို့အတွက် ဆွီဒင်ဗော့ထံ သူမ အကူအညီတောင်းခံ၏။

"သံအမတ်ကြီးကို ကျွန်တော်မတွေ့ဖူးဘူးဗျာ၊ ဒါပေမဲ့ ဝိညာဉ်လောကမှာ သူ့ကိုရှာပြီး မေးကြည့်ပါ့မယ်"ဟု ဆွီဒင်ဗော့ ပြောလိုက်၏။

ရှစ်ရက်ကြာသောအခါ "ပြေစာဟာ အင်္ဂလိပ်ဗီရိုရဲ့လျှို့ဝှက်အံဆွဲထဲမှာ ရှိတယ်"ဟု ဧည့်သည်အများတို့၏ရှေ့တွင် သံအမတ်ကတော်အား ဆွီဒင်ဗော့

---

၁။ Emanual Swedenborg ၂။ Lutheran bishop ၃။ Anatomy
၄။ Psychology ၅။ Dutch



www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၏။ ထိုညွှန်ပြသည့်နေရာ၌ သူမရှာဖွေကြည့်သောအခါ ပြေစာကိုတွေ့ရလေ၏။[၁]

ဆွီဒင်ဖော့သည် တမလွန်ဘဝအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ရေးသားခဲ့၏။ သူကိုယ်တိုင် သေမင်းတံခါးဝသို့ရောက်ခဲ့ဖူးပြီး ခန္ဓာပြင်ပအတွေ့အကြုံများကို ခံစားခဲ့သည်ဟု သူထုတ်ဖော်ပြောဆိုခဲ့၏။

**'နတ်သားများ'**[၂] ဟုခေါ်ဆိုသော ဝိညာဉ်လောကမှပုဂ္ဂိုလ်များနှင့် သူဆက်သွယ်ရာတွင် လူ့ပြည်မှာဆက်သွယ်သကဲ့သို့မဟုတ်ဘဲ တစ်ဦးမှတစ်ဦးသို့ စိတ်ကူးများ တိုက်ရိုက်ကူးပြောင်းသွားသောနည်းဖြစ်သည်ဟု သူဆို၏။

"လူတိုင်းဟာ သေဆုံးပြီးတာနဲ့တစ်ပြိုင်နက် ဒီစကြဝဠာသုံးဘာသာကို တတ်မြောက်သွားတာပဲ" ဟု ဆွီဒင်ဖော့ ရှင်းပြ၏။

"လူ့ပြည်မှာ သေလုဆဲဆဲပုဂ္ဂိုလ်ဟာ သူသိကျွမ်းခဲ့ဖူးတဲ့ သေပြီးပုဂ္ဂိုလ်များရဲ့ဝိညာဉ်များနဲ့ ဆုံတွေ့ကောင်း ဆုံတွေ့ရလိမ့်မယ်၊ တမလွန်လောကတစ်ခုလုံးကို စိမ့်ဝင်ပျံ့နှံ့နေတဲ့အလင်းရောင်နဲ့လဲ သူဆုံတွေ့ရလိမ့်မယ်၊ အဲဒီအလင်းရောင်ဟာ သစ္စာနဲ့သိနားလည်ခြင်းရဲ့ အလင်းရောင်ဖြစ်ပြီး အလွန်ဝင်းလက်တောက်ပတယ်။

"သေဆဲပုဂ္ဂိုလ်ဟာ ကလေးအရွယ်ကစပြီး ကြီးရင့်တဲ့အထိ လူ့ဘဝတစ်လျှောက်လုံးမှာ သူကြံတွေး, ပြောဆို, လုပ်ကိုင်ခဲ့သမျှကို အကြားအမြင်သဘောမျိုးနဲ့ သူမြင်ကြားရလိမ့်မယ်၊ ဘာမှထိမ်ချန်ထားလို့မရဘူး၊ လိမ်ညာလို့လဲ မရဘူး၊ အကြောင်းအရာအားလုံးကို အတွင်းမှတ်ဉာဏ်ထဲမှာ မှတ်သားထားတာ၊ တမလွန်ဘဝကိုကူးပြောင်းသွားတဲ့အခါ ဒီမှတ်သားထားတဲ့အကြောင်းအရာအားလုံးဟာ လိုက်ပါသွားကြတယ်"

ဆွီဒင်ဖော့၏ ရေးသားချက်များသည် ဒေါက်တာမူဒီ၏ တင်ပြချက်များနှင့် ထပ်တူနီးပါးဖြစ်နေသည့်အကြောင်းသည်လည်း အံ့သြစရာတစ်ရပ်ပါပေ။

## နိုင်ငံလုံးသောအတွေ့အကြုံ

နှစ်ကာလအားဖြင့် ရာစုနှစ်ပေါင်းများစွာခြားနားလျက် နေရာဒေသအားဖြင့် မိုင်ပေါင်းများစွာဝေးကွာလျက် ဘာသာယုံကြည်ချက်အားဖြင့် အမျိုးမျိုး ထွေပြားပါလျက် ရှေးဂရိနိုင်ငံ, တိဗက်နိုင်ငံ, ဆွီဒင်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၌ ပညာရှိသုတေသီတို့မြင်တွေ့ကြသော တမလွန်ဘဝအတွေ့အကြုံများသည် ထပ်တူနီးပါးမျှဖြစ်နေကြသည်ကို ကျွန်ုပ်တို့ဖတ်ရှုခဲ့ရပေပြီ။ ဤအချက်သည်

---

၁။ Psychic people by Eleanor Smith. Bantam Edition, 1969 ၂။ Angels



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံနည်းကျ ခိုင်လုံသောအထောက်အထားမဟုတ်သော်လည်း လေးနက်စွာစဉ်းစားသင့်သောအချက် ဖြစ်ပေ၏။

ဒေါက်တာမူဒီတင်ပြခဲ့သည့် သေရွာပြန်အချို့၏ခန္ဓာပြင်ပအတွေ့အကြုံများ၌ ခိုင်လုံသောအထောက်အထားအချို့ ပါဝင်၏။

ဆေးပညာအရ 'သေပြီ'ဟု သတ်မှတ်ခြင်းခံရသော သေရွာပြန်အချို့တို့သည် အသက်လည်းမရှူ၊ မြင်, ကြား, သိနိုင်သောအခြေအနေလည်း မရှိ၊ ဆေးပညာဗဟုသုတလည်း မရှိကြပါဘဲလျက် မိမိတို့မေ့မျောနေစဉ် ဆရာဝန်များက မည်သည့်ကိရိယာများကိုအသုံးပြု၍ မည်သည့်နည်းစဉ်များဖြင့် မိမိတို့အသက်ပြန်ရှူလာအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို ထိုသေရွာပြန်တို့က ထိုဆရာဝန်များအား တိတိကျကျပြောကြားနိုင်ကြ၏။ ထိုဆရာဝန်တို့က မိမိတို့မယုံနိုင်အောင် အထူးအံ့သြမိကြကြောင်း ဒေါက်တာမူဒီအား ပြောကြ၏။

သေရွာပြန်များစွာတို့ကလည်း မိမိတို့ခန္ဓာပြင်ပတွင် ရောက်နေကြစဉ်အခါ၌ မြင်တွေ့ခဲ့ရသည်များကို သက်ဆိုင်ရာဆရာဝန်များနှင့် အခြားပုဂ္ဂိုလ်များအား ပြောပြသောအခါ ထိုသူတို့အလွန်အမင်းအံ့သြသွားကြကြောင်းကို ဒေါက်တာမူဒီအား ပြောပြခဲ့ကြ၏။

ပုံစံအားဖြင့် မိန်းကလေးတစ်ဦးသည် အသက်ရှူရပ်ပြီး သေမင်းတံခါးဝသို့ ရောက်နေစဉ်အတွင်း သူမခန္ဓာကိုယ်၏ပြင်ပသို့ထွက်ပြီး ဆေးရုံ၏အခြားအခန်းတစ်ခုထဲသို့ ဝင်သွား၏။ ထိုအခန်း၏ထောင့်တစ်နေရာ၌ သူ့အစ်မက မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်ဖုံးအုပ်လျက် "အို...ကေသီရယ် မသေပါနဲ့နော်...မသေပါနဲ့နော်"ဟု မြည်တမ်းကာ ငိုကြွေးနေသည်ကို တွေ့ရ၏။

ကေသီပြန်လည်သတိရလာသည့်အခါ သူ့အစ်မဘယ်နေရာမှာ ဘယ်လိုနေပြီး ဘယ်ပုံမြည်တမ်းငိုကြွေးနေသည်ကို အစ်မအားပြောပြရာ အစ်မသည် အံ့အားသင့်လျက် ရက်သွေးဖြာသွားလေတော့၏။

သို့ဖြစ်စေကာမူ စောဒကတက်စရာ ရှိပါသေး၏။ သေမင်းတံခါးဝသို့ ရောက်နေသောသူသည် ကလယ်မိုးယင့်ခေါ် နတ်မျက်စိအမြင်ရလာပြီး ဆွီဒင်ဗော့ကဲ့သို့ ခန္ဓာကိုယ်ပြင်ပအတွေ့အကြုံများကို ရရှိခဲ့သည်ဟု မဆိုနိုင်ပါသလော။

ဒေါက်တာမူဒီ စုံစမ်းသိရှိသည့်အတိုင်းဆိုလျှင် သေမင်းတံခါးဝသို့ ရောက်သွားသောသူတိုင်းသည် တမလွန်ဘဝကို မမြင်ကြရပါ။ ဆရာဝန်များက 'သေပြီ'ဟု သတ်မှတ်ခြင်းခံရပြီးနောက် ပြန်လည်သတိရလာကြသောလူများစွာတို့သည် ခန္ဓာကိုယ်ပြင်ပအတွေ့အကြုံစသည်တို့ကို မမြင်သိကြပါ။

သို့သော် ခန္ဓာကိုယ်ပြင်ပအတွေ့အကြုံကို ရရှိခဲ့ကြသောသူတို့သည် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများတို့အား အံ့သြစေလောက်အောင် ထူးခြားသော မြင်သိမှုစွမ်းရည်ကို အထောက်အထားခိုင်လုံစွာပြသနိုင်ခဲ့ရာ ထိုစွမ်းရည်ဖြင့်ပင် လျှင် ဝိညာဉ်လောကမှပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ခဲ့သည်ဟု ယူဆနိုင်ပါ၏။

ထို့ကြောင့် ဝိညာဉ်လောက၌ သေဆုံးပြီးသောဆွေမျိုးများနှင့် မိတ်ဆွေများ ကို သေရွာပြန်တို့ မြင်တွေ့ခဲ့ရခြင်းသည် တမလွန်လောကရှိကြောင်းကို သက် သေထူပြလျက် ရှိပေ၏။

## စိတ်ရောဂါကုဆရာဝန်၏ထောက်ခံချက်

သေရွာပြန်တို့၏အကြောင်းကို ဒေါက်တာမူဒီအပြင် အခြားသိပ္ပံပညာရှင် များနှင့် သုတေသီများလည်း လေ့လာခဲ့ကြ၏။

အမေရိကန်နိုင်ငံ၌ စိတ်ရောဂါကုဆရာဝန်ကြီးတစ်ဦးဖြစ်သော **ဒေါက်တာ အယ်လစ္စဘက်ကူဘလာရော့(စ်)**[၁] သည် သေအံ့ဆဲဆဲလူနာများကို နှစ် ၂၀ ကျော် လေ့လာခဲ့ပြီးနောက် **'သေခြင်းနှင့်သေဆဲအကြောင်း'** (On Death and Dying) စာအုပ်ကို ရေးသားထုတ်ဝေခဲ့၏။

ဒေါက်တာကူဘလာရော့(စ်)၏ သေရွာပြန်လူနာများအားလုံးသည် သူတို့ ၏ခန္ဓာကိုယ်ထဲမှ ခွဲထွက်ပြီး လေထဲသို့လွင့်တက်ကြ၏။ ငြိမ်းချမ်းခြင်းနှင့်ပြည့်ဝ ခြင်းတို့ကိုခံစားကြရ၏။ အများစုက တမလွန်လောကသို့ကူးပြောင်းရေးတွင် သူတို့အား ကူညီပေးသည့်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ရှိကြောင်း သိမြင်ကြ၏၊ ကွယ် လွန်ခဲ့ပြီးသော ဆွေမျိုးများနှင့် မိတ်ဆွေများက သူတို့ကိုလာရောက်ကြိုဆိုနေကြ သည်ကိုလည်း ဝမ်းမြောက်စွာမြင်တွေ့ကြရ၏။ သူတို့၏ဘဝတွင် အရေးပါ သော ဘာသာရေးခေါင်းဆောင်တို့နှင့်လည်း ဆုံတွေ့ရတတ်၏။

ဒေါက်တာကူဘလာရော့(စ်) သည် အစကနဦး၌ နောက်ဘဝကိုမယုံကြည် ချေ။ စိတ်ဝိညာဉ်သုတေသနကိုလည်း သိပ္ပံပညာမဆန်ဟု ထင်မှတ်ခဲ့၏။ သေ ခါနီးလူနာများစွာတို့၏ ခံစားရချက်များကို နီးနီးကပ်ကပ်လေ့လာရသောအခါ မိမိမမျှော်လင့်ခဲ့သည့် ဝိညာဉ်ဆိုင်ရာအကြောင်းအရာများကို သိလာရသဖြင့် အလွန်အံ့သြသွားခဲ့၏။ ယခုအခါ သူမသည် အမြင်ပြောင်းလျက် တမလွန်ဘဝ ကို လေးလေးနက်နက်ယုံကြည်နေလေပြီ။

ဒေါက်တာကူဘလာရော့(စ်) ဆုံတွေ့ခဲ့သော ကလေးမတစ်ယောက်သည် အသက်ရှုရပ်၍ မေ့မျောနေစဉ်အတွင်း ခန္ဓာပြင်ပအတွေ့အကြုံကို မြင်သိခဲ့၏။ ကိုယ်ခန္ဓာမှ ဝိညာဉ်ထွက်ခွာလျက် လျှောက်သွားနေရသောအဖြစ်ကို ထိုသူငယ်မ

---

၁။ Dr. Elisabeth Kubler Ross

www.burmeseclassic.com

www.burmeseclassic.com



အလွန်နှစ်သက်သဖြင့် ပထမတွင် မိခင်အား မပြောပြချေ။ ပြောပြလိုက်လျှင် မိမိလျှောက်လည်ပတ်နေခြင်းကို မိခင်က ဟန့်တားမည်စိုးသောကြောင့်တည်း။

သို့သော် ထိုကလေးမက တစ်နေရာ၌ မိမိ၏အစ်ကိုအား တွေ့ခဲ့ရကြောင်း၊ မိမိတွင် အဘယ်အခါမှမရှိခဲ့သောအစ်ကိုကို တွေ့ခဲ့ရသည်မှာ အံ့သြမိကြောင်း ဖခင်အားပြောပြလိုက်၏။ ထိုအခါ ဖခင်က 'သမီးမှာ အစ်ကိုတစ်ယောက်ရှိခဲ့ဖူးတာ အမှန်ပဲကွဲ့၊ သမီးကိုမမွေးမီ သုံးလလောက်က သူသေဆုံးသွားတာ' ဟု မျက်ရည်စက်လက်ဖြင့် ပြောပြလေ၏။

ဤသို့သောအကြောင်းအရာတို့သည် ဒေါက်တာကူဘလာရော့(စ်) ကိုသာမက အခြားသိပ္ပံပညာရှင်များနှင့် သုတေသီများကိုလည်း အလွန်အမင်းအံ့အားသင့်စေသည်သာတည်း။

*"ကျွန်မတို့ဟာ စပ်ကူးမပ်ကူးကာလကို ရောက်နေပြီ၊ လက်ရှိသိပ္ပံကိရိယာများဟာ ဝိညာဉ်နဲ့ဆိုင်တဲ့သုတေသနများကို လုပ်ဆောင်ဖို့ မလုံလောက်ဘူးဆိုတာကို ကျွန်မတို့ဝန်ခံဝံ့ရမယ်၊ တံခါးသစ်တွေကို ဖွင့်လှစ်ပြီး သုတေသနရဲ့ နယ်ပယ်သစ်ဖြစ်တဲ့ ဝိညာဉ်အကြောင်းကို လေ့လာစူးစမ်းကြရမယ်။ ဒီတော့မှ လူတွေဟာ သိထိုက်တဲ့ အကြောင်းတွေကိုသိပြီး မျက်ကန်းယုံကြည်မှုများကို ပယ်စွန့်နိုင်ကြလိမ့်မယ်"ဟု ဒေါက်တာကူဘလာရော့(စ်) က တိုက်တွန်းပြောဆိုခဲ့ပေ၏။*

## သိပ္ပံနည်းကျ သုတေသန

၁၉၅၆–ခုနှစ်တွင် အမေရိကန်စိတ်ဝိညာဉ်သုတေသီတစ်ဦးဖြစ်သူ **ဒေါက်တာကာလစ်အောဆစ်** [၁] သည် သေခါနီးလူနာများ၌ အာရုံထင်မှုများကို စနစ်တကျ လေ့လာရန် အမေရိကန်နိုင်ငံတစ်ဝန်းလုံးရှိ ဆရာဝန်နှင့် သူနာပြုပေါင်း တစ်သောင်းထံသို့ မေးခွန်းလွှာများ ပေးပို့ခဲ့၏။ ဆရာဝန်နှင့်သူနာပြု ၆၄၀ တို့ထံမှ အဖြေလွှာများကို လက်ခံရရှိခဲ့၏။ ထိုအဖြေလွှာများသည် သေခါနီးလူနာ ၃၅,၀၀၀ တို့၏အတွေ့အကြုံများအပေါ်တွင် အခြေပြုထားကြ၏။

၁၉၆၁–၆၄ ခုနှစ်များ၌ **ဒေါက်တာအောဆစ်** သည် **ဒေါက်တာဟာရယ်ဆင်** [၂] နှင့် တွဲဖက်၍ ဆေးပညာရှင်များ, စိတ်ပညာရှင်များတို့နှင့် တိုင်ပင်ပြီးလျှင် ဆရာဝန်နှင့် သူနာပြု ၅၀၀၀ တို့ထံ မေးခွန်းလွှာများကို ပေးပို့ပြန်၏။ ဆရာဝန် ၁၀၀၄ ဦးထံမှအဖြေများကို လက်ခံရရှိရာ ထိုအဖြေများသည် သေခါနီး လူနာ

---

၁။ Dr. Karliss Osis ၂။ Dr. Erlend Haraldson

www.burmeseclassic.com

www.burmeseclassic.com



၅၀,၀၀၀ နီးပါးကို လေ့လာထားသည့် အချက်အလက်များအပေါ် အခြေခံထားကြ၏။

ထို့နောက်တစ်ဖန် သေခါနီးလူနာများ၌ အာရုံထင်မှုများသည် ဘာသာရေးခံယူချက်, ဓလေ့ထုံးစံများနှင့် ဆက်စပ်မှုရှိမရှိကို သိနိုင်ရေးအတွက် ထိုအမေရိကန် ဆရာဝန်နှစ်ဦးတို့သည် ၁၉၇၂ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသို့သွားရောက်ကာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြပြန်၏။

အထက်ပါအတိုင်း ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျလေ့လာနိုင်ရေးအတွက် နယူးယောက်မြို့ရှိ ပရစိတ်ပညာအသင်းနှင့် ပုဂ္ဂလိကစနရှင်များက ငွေကြေးထောက်ပံ့ပေးခဲ့ကြ၏။ အိန္ဒိယစိတ်ပညာရှင်များနှင့် ဆရာဝန်များကလည်း အကူအညီပေးခဲ့ကြ၏။

ဒေါက်တာအောဆစ်နှင့် ဒေါက်တာဟာရယ်ဆင်တို့သည် မိမိတို့၏ တွေ့ရှိချက်များကို **သေခြင်း၏ နာရီ၌** [၁] အမည်ရှိသောစာအုပ်တွင် ရေးသားဖော်ပြထားကြ၏။

သူတို့လေ့လာခဲ့ကြသော သေခါနီးလူများအနက် ၁၀ ရာခိုင်နှုန်းခန့်မှာမသေဘဲ ပြန်လည်ကျန်းမာလာသူများဖြစ်ကြ၏။ ဤသေရွာပြန်များအနက် အနည်းစုဖြစ်သော လူ ၁၅၀ ခန့်တို့က တမလွန်ဘုံသားများနှင့် ဆုံတွေ့ခဲ့ရသည် ဆိုကြ၏။ ထိုတမလွန်ဘုံသားတို့မှာလည်း များသောအားဖြင့် ကွယ်လွန်သွားပြီးသော ဆွေမျိုးသားချင်းများသာ ဖြစ်ကြ၏။

ထူးခြားသည်မှာ ဤသုတေသီနှစ်ဦးတို့၏ စာအုပ်တွင် သေရွာပြန်များက လိုဏ်ဂူထဲဖြတ်သန်းသွားခြင်း၊ ခန္ဓာကိုယ်နှင့်ဝိညာဉ်တို့ ကွဲကွာသွားခြင်း၊ အလင်းရောင်ရှင်နှင့်ဆုံတွေ့ရခြင်းစသော ဒေါက်တာမူဒီ၏ ဖော်ပြချက်မျိုးကို ဖော်ပြထားခြင်း မရှိချေ။

သေရွာပြန်အချို့တို့၏ အတွေ့အကြုံကို နမူနာအဖြစ်ဖော်ပြလိုပါသည်။

အသက်ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ယောက်သည် ဖျားနာသဖြင့် ဆေးရုံတက်ရ၏။ သူ့အား သူနာပြုဆရာမများက ဆေးတိုက်သောအခါ မသောက်ဘဲ ငြင်းဆန်၏။ အဖျားပြင်းထန်၍ သူမေ့မျောနေစဉ် ထိုဆေးရုံ၌ အမှုထမ်းခဲ့ဖူးပြီး သေဆုံးသွားသော သူ့ဦးလေး ဆရာဝန်ဒေါက်တာချာလီက သူ့နံဘေး၌ထိုင်ပြီး သူနေကောင်းလာရန် ဆေးသောက်ဖို့ချော့မော့ပြောဆို၏။ သူသတိပြန်ရလာသောအခါ၌ ဆေးတိုက်သည်ကို အသာတကြည်လက်ခံ၍ တဖြည်းဖြည်းပြန်လည်နေကောင်းလာ၏။

---

၁။ At the Hour of Death

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ဦးက သူမေ့မျောနေစဉ်အတွင်း နတ်ပြည်သို့ရောက်သွားသည်ဆို၏။ ထိုအခါ နတ်သားတို့က သူ့အတွက် ဗိမာန်အသင့်မရှိသေးကြောင်း၊ လူ့ပြည်၌ သူမ ဆောင်ရွက်စရာတာဝန်များ ရှိသေးကြောင်း၊ မြေးတစ်ယောက်ရပြီးမှ နတ်ပြည်သို့ပြန်လာရမည်ဖြစ်ကြောင်း ပြောပြကြ၏။ ထိုမိန်းမသည် ပြန်လည်ကျန်းမာလာ၍ နှစ်အတန်ကြာနေထိုင်ပြီးနောက် မြေးတစ်ယောက်ရပြီးသည့်အခါမှ ကွယ်လွန်သွား၏။

လူနာတစ်ဦးက သူမေ့မျောနေသည့်အခိုက်၌ သူ့အား အဝတ်ဖြူဝတ်ဆင်ထားကြသည့် တမလွန်ဘုံသားများက ခေါ်ဆောင်သွားကြသည်ဆို၏။ တစ်နေရာ၌ မှတ်တမ်းစာအုပ်နှင့် လူတစ်ယောက်ကိုမြင်တွေ့ရပြီး ထိုလူက သူ့ကိုခေါ်ဆောင်လာကြသောသူတို့အား "မင်းတို့လူမှားပြီး ခေါ်လာကြတာ၊ ဒီလူကိုပြန်ပို့လိုက်ပါ"ဟု အမိန့်ပေးလိုက်၏။ သူပြန်လည်သတိရပြီး မကြာမီ ထိုဆေးရုံ၌ သူနှင့်အမည်တူ အခြားလူနာတစ်ဦးသည် သေဆုံးသွား၏။

ဒေါက်တာအောဆစ်နှင့် ဒေါက်တာဟာရယ်ဆင်တို့ လေ့လာတွေ့ရှိခဲ့ကြသော သေခါနီးလူနာတို့၏ အာရုံထင်မှုများသည်လည်း တမလွန်ဘဝနှင့် ဆက်စပ်လျက်ရှိရာ ထိုအာရုံထင်မှုများကို နောက်အခန်း၌ဆက်လက်ဖော်ပြပါမည်။

## ဘဝသင်ခန်းစာ

သေခြင်းတရားနှင့် အလွန်နီးကပ်စွာဆုံတွေ့ခဲ့ကြရသော သေရွာပြန်ပုဂ္ဂိုလ်များသည် အလွန်တူညီသောဘဝသင်ခန်းစာများကို လေးလေးနက်နက်ခံယူလာကြ၏။

ဒေါက်တာမူဒီ လေ့လာခဲ့သောသေရွာပြန်များသည် နောက်ဘဝနှင့် ဆက်စပ်နေသော ဤဘဝ၌ အရေးကြီးသည့်တာဝန်နှစ်ရပ်ကို ကျေပွန်စွာဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း၊ ထိုတာဝန်နှစ်ရပ်မှာ ပတ်ဝန်းကျင်ရှိလူသားများအပေါ် စစ်မှန်သောမေတ္တာတရား ထားရှိခြင်းနှင့် ပညာဗဟုသုတကို ဆည်းပူးခြင်းတို့ဖြစ်ကြောင်း တညီတညွတ်တည်း ပြောဆိုကြ၏။ သူတို့သည် ပြောဆိုသည့်အတိုင်းလည်း လက်တွေ့ကျင့်ကြံအားထုတ်ကြ၏။

ဒေါက်တာကူဘလာရော့(စ်) လေ့လာခဲ့သော သေရွာပြန်များကလည်း 'မိမိတို့ အသက်ရှင်နေခိုက်တွင် မေတ္တာတရားကျင့်သုံးရန်နှင့် လူ့အဖွဲ့အစည်း၏အကျိုးစီးပွားကို ဆောင်ရွက်ရန်တို့သည် အရေးကြီးသော ဘဝတာဝန်နှစ်ရပ်ဖြစ်ကြောင်း' အလေးအနက်ခံယူလာကြ၏။

ထို့အပြင် တမလွန်လောကကိုမြင်သိခဲ့ကြသော သေရွာပြန်များသည် သေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတရားကို မကြောက်လန့်ကြတော့ချေ။ ယခင်က နောက်ဘဝကို မယုံကြည်ခဲ့ကြသောသူများပင် သာယာချမ်းမြေ့သော တမလွန်လောကသို့ ကူးပြောင်းခြင်းဖြစ်သည့် 'သေခြင်း' ကို မထိတ်လန့်ကြတော့ချေ။ သူတို့က ဒေါက်တာမူဒီအား ဤသို့ပြောပြခဲ့ကြ၏။

"ကျွန်တော် ယခုချက်ချင်းမသေလိုသေးပါဘူး၊ ဒါပေမဲ့ သေရမှာကို ကျွန်တော် မကြောက်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်သေရင် ဘယ်ကို သွားရမှာကို ကျွန်တော်သိနေပြီဖြစ်လို့ပါပဲ"

အမေရိကန်သေရွာပြန်များသည် ဤလက်ရှိဘဝတွင် ဘုရားသခင်၏ စကားတော်အတိုင်း မိမိတို့နေထိုင်ခဲ့သည် သို့မဟုတ် စကားတော်ကိုချိုးဖောက်၍ အပြစ်ကျူးလွန်ခဲ့သည်ဟူသော လုပ်ဆောင်ချက်ပေါ် မူတည်၍ တမလွန်ဘဝ၌ ချီးမြှင့်ခြင်း သို့မဟုတ် ဒဏ်ပေးခြင်းကိုခံရမည်ဟူသည့် **'ဆုပေးဒဏ်ပေးပုံစံ'**[၁] ကို လက်မခံကြတော့ချေ။

တမလွန်လောက၌ မိမိတို့ကြုံတွေ့ခဲ့ရသောအလင်းရောင်ရှင်သည် မိမိတို့၏ ဘဝလုပ်ဆောင်ချက်များအားလုံးကို တစ်ခဏအတွင်း ထင်ပေါ်လာအောင် ဖန်တီးပေးသည့်အခါ၌ မိမိတို့ကျူးလွန်ခဲ့သည့် သေးငယ်သည့်အပြစ်များကိုမြင်တွေ့ပါသော်လည်း စိတ်ဆိုးသောအမူအရာကိုမပြဘဲ မေတ္တာယှဉ်သည့် နားလည်မှုဖြင့် ပြုံးကြည်စွာခွင့်လွှတ်ခဲ့၏။ **မိမိတို့အား မေတ္တာတရားများ ပွားများရန်၊ ပညာဆည်းပူးရန်နှင့် လောကအကျိုးသယ်ပိုးရန်တို့၏ အရေးကြီးပုံကို သိနားလည်စေခဲ့၏။**

သို့အတွက် မိမိတို့အသက်ရှင်နေစဉ်အတွင်း ထိုဘဝတာဝန်များကို ကျေပွန်စွာထမ်းရွက်လျှင် တမလွန်ဘဝ၌ သာယာချမ်းမြေ့သောအလင်းရောင်ရှင်၏ ဝိညာဉ်လောကတွင် ပျော်ရွှင်စွာနေထိုင်နိုင်မည်ဟု သေရွာပြန်တို့ ခံယူလာကြ၏။

## တစ်ခန်းရပ်ဝေဖန့်သုံးသပ်ရှင်းလင်းချက်

စိတ်၏ထူးခြားသောစွမ်းရည်များ ဖြစ်ကြသည့် **တယ်လီပသီ**[၂] ခေါ် စိတ်ချင်းဆက်သွယ်မှု၊ **ကလယ်ဗိုးယင့်**[၃] ခေါ် နတ်မျက်စိကဲ့သို့အမြင်ရမှုနှင့် **ဆိုင်ကိုကိုင်းနက်ဆစ်**[၄] ခေါ် စိတ်စွမ်းအင်ဖြင့် ဝတ္ထုပစ္စည်းများကို ရွှေ့လျားစေမှုတို့သည် အမှန်ရှိသော စိတ်၏စွမ်းရည်များဖြစ်ကြောင်းကို သိပ္ပံပညာရှင်တို့ သေချာစွာ စစ်ဆေးစမ်းသပ်ပြီးနောက် လက်ခံထားကြပါပြီ။

---

၁။ Reward-punishment model
၂။ Telepathy
၃။ Clairvoyance
၄။ Psychokinesis

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူခြင်းနှင့် နှလုံးခုန်ခြင်းတို့ ရပ်ဆိုင်းသဖြင့် 'သေပြီ' ဟု သတ်မှတ်ခြင်းခံကြရသော လူနာအချို့တို့သည် မိမိတို့မေ့မျောနေစဉ်ကာလ၌ ဆရာဝန်များနှင့် သူနာပြုများ၏ လုပ်ဆောင်ချက်များကိုလည်းကောင်း၊ အနီးပတ်ဝန်းကျင်၌ လူတို့၏ လုပ်ကိုင်မှုများကိုလည်းကောင်း မြင်သိနိုင်ခဲ့သည်ဆိုသော အထောက်အထားများသည် အလွန်ခိုင်လုံလှသောကြောင့် ထိုသို့မြင်သိခဲ့ခြင်းကို ယုံမှားစရာမရှိသင့်ချေ။

ဤတွင် သူတို့မည်ကဲ့သို့မြင်သိနိုင်ခဲ့သနည်းဟူသောမေးခွန်းကို ဖြေရှင်းရာ၌ အိပ်မွေ့ချထားခြင်းကို ခံကြရသောသူတို့သည် ရှေးလွန်လေပြီးသော ကလေးဘဝအရွယ်က ကြုံတွေ့ခဲ့ရသောအကြောင်းအရာများကိုပင် ပြန်လည်သတိရနိုင်သည်ဟူသောအချက်ကို ကိုးကားနိုင်ပါသည်။ သတိမေ့မျောနေသော အခိုက်အတန့်၌ စိတ်သည် အာရုံအမျိုးမျိုးသို့ပျံ့လွင့်ခြင်းမရှိဘဲ စုစုစည်းစည်းရှိနေပါသည်။ စုစည်းသောစိတ်သည် အစွမ်းသတ္တိထက်မြက်၏။ ဤအချက်ကိုထောက်ရှု၍ မေ့မျောနေသောသူအချို့တွင် ကလယ်ဗိုးယင့်ကဲ့သို့သော စိတ်၏အထူးသတ္တိတစ်ရပ် ပေါ်ပေါက်လာပြီး ထိုသတ္တိဖြင့် ပတ်ဝန်းကျင်ကိုထူးခြားစွာသိမြင်နိုင်ခဲ့သည်ဟု ယူဆနိုင်ပါသည်။

သေမင်းတံခါးဝသို့ ရောက်နေသော လူနာအချို့တို့တွင် **ဝိညာဉ်သည် ခန္ဓာကိုယ်မှ ထွက်ခွာသွားသည်** ဟူသောအဆိုကို စဉ်းစားရာ၌ ဗုဒ္ဓအဘိဓမ္မာကို ကျော်လွန်၍မသွားသင့်ပါ။ ဗုဒ္ဓအဘိဓမ္မာအရ လူ့လောက၊ နတ်လောကနှင့် အပါယ်လောကတို့၌ သတ္တဝါတို့သည် ရုပ်နှင့်နာမ်တွဲလျက်သာ တည်နေနိုင်ကြ၏။ ရုပ်သက်သက်၊ နာမ်သက်သက် သီးခြားရှိသောသတ္တဝါများ မရှိနိုင်ပါ။ သို့အတွက် ခန္ဓာကိုယ်မှဝိညာဉ်ထွက်ခွာသည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ။

ဒိဗ္ဗစက္ခုအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်၊ ကလယ်ဗိုးယင့်စွမ်းရည်တို့ဖြင့် ရပ်ဝေးရှိအဆင်းအသံတို့၏ အာရုံကိုယူရာ၌ စိတ်သည် ခန္ဓာကိုယ်မှခွဲထွက်သွားရန် မလိုပါ။ စိတ်သည် ဟဒယဝတ္ထုကိုမှီ၍သာ အမြဲဖြစ်ပျက်ရသဖြင့် ခန္ဓာကိုယ်ပြင်ပသို့ မထွက်နိုင်ပါ။ အဘိညာဉ်တန်ခိုးနှင့် ကလယ်ဗိုးယင့်တို့၏ စွမ်းရည်များကို သာမန်လူတို့မကြံတွေးနိုင်ပါ။ ထိုစွမ်းရည်သတ္တိများကို ရအောင်ကား လေ့ကျင့်နိုင်ကြသည်။ ထိုသို့ရအောင်လေ့ကျင့်လိုက်လျှင် ထိုစွမ်းရည်များကို နားလည်ပါလိမ့်မည်။

ထို့အပြင် အဘိညာဉ်တန်ခိုးဖြင့် နတ်လောကကို လှမ်းမြင်နိုင်သည်။ ဆွီဒင်ဗော့ လက်တွေ့ပြသကဲ့သို့ ကလယ်ဗိုးယင့်သတ္တိဖြင့် အနိမ့်စားနတ်လောကကို မြင်သိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အနောက်တိုင်းစာရေးသူများ သုံးနှုန်းနေကြသော **ဝိညာဉ်လောက**[၁] ဆိုသည်မှာ ဝိညာဉ်များသာရှိသောလောက မဟုတ်။ လူတို့၏ပကတိမျက်စိဖြင့် မမြင်နိုင်သော ရုပ်ခန္ဓာများရှိကြသည့် နတ်လောကနှင့်ပြိတ္တာလောကတို့သာ လူ့ပတ်ဝန်းကျင်တွင် ရှိနိုင်ပါသည်။

စတုမဟာရာဇ်နတ်အမျိုးအစားတွင် ပါဝင်သော အဆင့်အတန်းနိမ့်သည့် နတ်အချို့တို့သည် ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်လောက်ပင် တန်ခိုးမရှိကြသဖြင့် သာမန်လူတို့က သူတို့အားမြင်တွေ့နိုင်ရန် ကိုယ်ထင်မပြနိုင်ကြပါ။ လူတို့ကြားသိအောင်လည်း မပြောပြနိုင်ကြပါ။ သို့သော် သူတို့ကို ဆဋ္ဌဒင်ဗေဒမြင်နိုင်သကဲ့သို့ ကလယ်မိုးယင့်စွမ်းရည်ဖြင့် မြင်နိုင်ပါသည်။ ဤသို့မြင်တွေ့နိုင်သော အထောက်အထားများကို ရှေ့အခန်းများ၌ အဆွေဖတ်ရှုရပါလိမ့်မည်။

သို့အတွက် သေဆုံးပြီးသော ဆွေမျိုးသင်္ဂဟများနှင့် ဝိညာဉ်လောကတွင် ဆုံတွေ့ရသည်ဆိုသည်မှာ ထိုဆွေမျိုးမိတ်သင်္ဂဟများတို့က လူ့ဝန်းကျင်တွင် သွားလာနေထိုင်ကြသော အဆင့်နိမ့်နတ်များ ဖြစ်နေကြပြီး ထိုနတ်တို့ကို ကလယ်မိုးယင့်စွမ်းရည်ဖြင့် မြင်သိခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။

ကလယ်မိုးယင့်စွမ်းရည်ရှိသူသည် မိမိစိတ်ကိုစေစား၍ အရပ်ဒေသအမျိုးမျိုး၌ တည်ရှိသော ဝတ္ထုပစ္စည်းများကို လမ်းလျှောက်သွားသောသူကဲ့သို့ မြင်တွေ့နိုင်၏။ ထိုသို့မြင်နိုင်စွမ်းသောသူသည် မိမိ၏ ခန္ဓာပြင်ပ၌တည်ရှိနေသော လူတစ်ယောက်ကဲ့သို့ မိမိခန္ဓာအား ပြန်လည်ကြည့်ရှုနေရန်မှာ မခဲယဉ်းပါ။ ဝိပဿနာတရားအားထုတ်ကြသောသူအချို့တို့ကပင်လျှင် သမာဓိကောင်းလာသောအခါ၌ မိမိတို့၏ ခန္ဓာကိုယ်ကို ခန္ဓာပြင်ပမှနေပြီး ရှုမြင်နေသကဲ့သို့ ရှုမြင်ရပါသည်။

သို့အတွက် ခန္ဓာကိုယ်နှင့်ဝိညာဉ် ခွဲထွက်သည်ဟူသောအတွေ့အကြုံမှာ ခန္ဓာကိုယ်ပြင်ပမှနေ၍ မိမိကိုယ်ကိုပြန်လည်ရှုမြင်နိုင်သော စိတ်စွမ်းရည်ရှိသည့် အခိုက်၌ ခံစားရချက်သာ ဖြစ်ပါလိမ့်မည်။ ဤအကြောင်းကြောင့်လည်း 'လိုဏ်ဂူကို ဖြတ်သန်းသွားရသည်၊ ခန္ဓာကိုယ်နှင့်ဝိညာဉ် တခြားစီဖြစ်သွားသည်' စသော အတွေ့အကြုံကို ဒေါက်တာမူဒီ၏ စာအုပ်၌သာ တွေ့ရပြီး ဒေါက်တာအောဆစ်နှင့် ဒေါက်တာဟာရယ်ဆင်တို့၏ စာအုပ်၌ မမြင်တွေ့ရခြင်းဖြစ်ပေလိမ့်မည်။

ထို့အပြင် **'အလင်းရောင်ရှင်'** ဆိုသည်ကိုလည်း ဒေါက်တာမူဒီကသာ ရေးသားဖော်ပြထားပြီး ဒေါက်တာအောဆစ်နှင့် ဒေါက်တာဟာရယ်ဆင်တို့က မဖော်ပြကြချေ။ ထိုအလင်းရောင်ရှင်သည် အလွန်တောက်ပသောအလင်းစုတစ်ခု ဖြစ်

---

၁။ Spiritual World ၂။ Psychic Power ၃။ Medium

www.burmeseclassic.com

www.burmeseclassic.com



ပြီး လူရုပ်သဏ္ဌာန်မရှိဟူ၍လည်း ဆိုထား၏။ ထိုအလင်းရောင်ရှင်သည် မေတ္တာရှင် ပုဂ္ဂိုလ်တစ်ဦးပေလော။ သို့မဟုတ် အနန္တ မေတ္တာရှင်တစ်ဦး၏ အလင်းရောင်ပေလော။ ထိုအလင်းရောင်ရှင်က လူတစ်ယောက်၏ ဘဝဖြစ်ရပ်များကို တစ်မုဟုတ်ချင်း အလုံးစုံထင်ပေါ်စေနိုင်သလော။

ဤသို့ တွေးတောငေးမောနေစရာမလိုပါ။ အဘယ်ကြောင့် ဆိုသော် ထိုအလင်းရောင်ရှင်ရှိသည်ဟူသော အထောက်အထားများက မခိုင်လုံကြသောကြောင့် ဖြစ်၏။

သို့သော် လူအချို့က ထိုအလင်းရောင်ကို ထင်ထင်ရှားရှားမြင်တွေ့ခဲ့ရပြီး မိမိတို့၏ ဘဝဖြစ်စဉ်အသေးစိတ်ကိုလည်း မြင်သိလိုက်ကြသည်ဆိုခြင်းကို ရှင်းပြရန် လိုပါလိမ့်မည်။ ကျေနပ်စွာရှင်းပြနိုင်လောက်သော အထောက်အထားများသည် ဗုဒ္ဓကျမ်းစာ၌ အဆင်သင့်ရှိကြပါသည်။

ဝိပဿနာတရားအားထုတ်သူသည် ရုပ်နာမ်၏ အဖြစ်အပျက်ကို မြင်သိနိုင်လောက်အောင် သမာဓိကောင်းမွန်လာသောအခါ ဥဒယဗ္ဗယဉာဏ်ကို ရရှိလာပါသည်။ ထိုဉာဏ်အနုပိုင်း၌ အရောင်အလင်းတို့သည် အလွန်ထိန်လင်းစွာ ပေါ်ပေါက်လာလေ့ရှိ၏။ ထိုအလင်းသည် သေးငယ်ရာမှ ကြီးထွားလာပြီး ဝေးရာမှ နီးလာနိုင်ပါသည်။ ခန္ဓာကိုယ်မှထွက်၍ တစ်ခန်းလုံး, တစ်ကျောင်းလုံး, တစ်ရပ်လုံး, တစ်ရွာလုံး, တစ်ပြည်လုံး စသည်ဖြင့် စကြဝဠာတစ်တိုင်းလုံးသို့တိုင်အောင်လည်း လင်းထိန်သွားနိုင်ပါသည်။

ဝိပဿနာတရားကို လေးစားစွာအားထုတ်သူသည် ဤဝိပဿနာအရောင်အလင်းကို မြင်ကြရသည်သာဖြစ်၏။ အဆွေအားထုတ်ကြည့်လျှင် ၁၅ ရက် အတွင်း စတင်မြင်တွေ့လာနိုင်ပါသည်။ အားမထုတ်သူများက မမြင်တွေ့နိုင်ကြပါ။

ထို့ပြင် ဝိပဿနာတရားအားထုတ်၍ သမာဓိအားကောင်းလာသောသူတို့သည် မှတ်ဉာဏ်လည်း အားကောင်းလာ၏။ သို့အတွက် ငယ်စဉ်တောင်ကျေးကလေးဘဝမှအဖြစ်အပျက်များကို မြင်သိလာနိုင်၏။ ဤသို့မြင်သိခြင်းသည် မိမိ၏ အမှတ်သညာ၌ရှိသောအကြောင်းအရာများကို အလွန်တရာလျှင်မြန်လှသော စိတ်ဖြစ်စဉ်ဖြင့် ပြန်လည်ဆင်ခြင်သကဲ့သို့ မြင်ရခြင်းဖြစ်ရာ တစ်မုဟုတ်ချင်း မြင်သိသွားပေတော့၏။

၎င်းအပြင် သမာဓိအားကောင်းနေသောလူတစ်ယောက်သည် ပီတိဟူသော ဝမ်းမြောက်ခြင်း, ပဿဒ္ဓိဟူသော ငြိမ်းအေးခြင်း, သုခဟူသော ချမ်းသာခြင်းတို့ကို ထူးခြားထင်ရှားစွာခံစားလာရပေတော့၏။ ဤခံစားချက်များသည် ကာမဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



အာရုံခံစားခြင်းထက် သာလွန်ကောင်းမွန်ရကား ကာယကံရှင်က လက်လွှတ်လိုတော့မည် မဟုတ်ချေ။

ထိုမှတစ်ပါးလည်း သေလုနီးသောအချိန်သည် သံဝေဂအကြီးအကျယ် ရသောအချိန်ပေတည်း။ မိမိ၏ဘဝဖြစ်စဉ်ကို ပြန်လည်သုံးသပ်ခွင့်ရသောအခါ ပြုလုပ်မိခဲ့သောမကောင်းမှုများအတွက် အလွန်ထိတ်လန့်မိပြီး ကောင်းမှုများကိုသာ လုပ်ဆောင်ရန် ဆန္ဒစောမိပေတော့မည်။

သို့အတွက် အလင်းရောင်ကိုမြင်ရခြင်း, ဘဝဖြစ်စဉ်ကိုမြင်ရခြင်း, အလွန်တရာငြိမ်းအေးချမ်းသာသော ခံစားမှုကို ခံစားရခြင်း, သံဝေဂရပြီး ကောင်းမှုကိုသာ ပြုလုပ်လိုခြင်းတို့သည် စိတ်၏စွမ်းရည်ထူးတစ်ရပ်သာဖြစ်ပြီး ဒေါက်တာမူဒီအဖြေရှာ၍မရသော လျှို့ဝှက်ချက်တစ်ရပ် မဟုတ်ပါချေ။

> *"ငါမသေနိုင်သေး၊ ငါသေလျှင် ဘဝပြတ်သည်။ ငါအသက်ရှင်ခိုက် ပျော်ပျော်ခံစားလိုက်ဖို့သာ အရေးကြီးသည်။ သတ်ဖြတ်, ခိုးဝှက်, လိမ်ညာကောက်ကျစ်, သောက်စား, မူးယစ်ခြင်းတို့ကြောင့် မကောင်းကျိုးကို ငါခံစားရမည်မဟုတ်။ လောကတွင် လိမ်ညာတတ်သူတို့ ကြီးပွားရှ ရိုးဖြောင့်သူတို့ ဝေဝ်မွတ်နေကြသည်" ဟု အယူရှိကြသောသူတို့သည် သေမင်းတံခါးဝသို့တင်ကြို၍ တစ်ခေါက်ရောက်သင့်ကြပေ၏။*

သတိသံဝေဂမရလေဘဲ သေမင်းတံခါးဝသို့ တကယ်ရောက်လာသောအခါမှ စိတ်အတွင်းမကောင်းမှုတို့ ပေါ်ထင်လာသဖြင့် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်လာလျှင် အလွန့်အလွန်နောက်ကျသွားလေပြီ။

ဒေါက်တာမူဒီနှင့်ဒေါက်တာအောဆစ်တို့၏ လေ့လာချက်များ၌ မကောင်းမှုကိုပြုလုပ်ထားသောသူတို့သည် သေမင်းတံခါးဝ၌ သာယာငြိမ်းချမ်းသောအလင်းရောင်လောကကို မမြင်တွေ့ရဘဲ ကြောက်စရာကောင်းသောလောကကိုသာမြင်တွေ့ကြရသည်ဟု ဖော်ပြထားပါသည်။

သာဓကတစ်ရပ်အဖြစ် ယောက်ျားတစ်ယောက်သည် ဇနီးသေဆုံးသွားသဖြင့် ယူကျုံးမရဖြစ်ကာ မိမိကိုယ်ကို သေနတ်ဖြင့်ပစ်၍ သေကြောင်းကြံစည်ခဲ့၏။ သူ'သေ'နေသည့်အခိုက်တွင် ဇနီးရှိသည့်နေရာသို့ရောက်မသွားဘဲ အလွန်ကြောက်စရာကောင်းသောနေရာတစ်ခုသို့ ရောက်သွားသဖြင့် သူ့ကိုယ်သူ သတ်သေရန်ကြံစည်မိသည်မှာ မှားယွင်းကြောင်း ချက်ချင်းသိလိုက်သည်ဟုဆို၏။

အမေရိကန်အမျိုးသမီးတစ်ဦးသည် မိမိထက် အသက် ၂၅ နှစ်ပိုကြီးသောယောက်ျားတစ်ဦးကို လက်ထပ်ခဲ့ပြီးနောက် အခြားယောက်ျားများနှင့် လော်လည်

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြား၏။ အဖေမပေါ်သောကလေးများကို မွေးဖွားခဲ့၏။ ဆေးရုံတက်၍ ဆီးအိမ်ခွဲစိတ်ကုသခြင်းကို ခံယူရသောအခါ၌ သူမ'သေပြီ'ဟု ဆရာဝန်များက သတ်မှတ်ကြ၏။ သူမ သတိပြန်ရလာသောအခါ သူမငရဲပြည်သို့ရောက်ခဲ့ကြောင်းကို မျက်လုံးမျက်ဆန်ပြူးလျက် လွန်စွာထိတ်လန့်နေသည့်အမူအရာဖြင့် သူနာပြုများအား ပြောပြလေသည်။

*မကောင်းမှုကို လျှို့ဝှက်ထား၍မရ။ မကောင်းမှုကိုပြုလုပ်ရန် ဆိတ်ကွယ်ရာအရပ်သည် မရှိ။ မကောင်းမှုကံသည် မိမိ၏စိတ်အစဉ်တွင် အမြဲတစေပါရှိသွားပြီး မကောင်းကျိုးကိုဖြစ်စေမည်မှာ သိပ္ပံနိယာမများထက် ပိုတိကျသောနိယာမတစ်ရပ်ပေတည်း။*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)
# သေခါနီးထင်သောနိမိတ်များ

## မရဏာသန္နနိမိတ်

လူတစ်ဦး သေဆုံးလုနီးသောအခါတွင် မရဏာသန္နနိမိတ္တဟု ခေါ်သော သေခါနီးနိမိတ်သည် ထင်လာမြဲဖြစ်၏။ နောင်ဘဝ ပဋိသန္ဓေနေရခြင်းမရှိသော ရဟန္တာများနှင့် စိတ်မရှိသော အသညသတ်ဗြဟ္မာတို့မှလွဲလျှင် ကျန်သတ္တဝါအားလုံးတို့သည် သေခါနီးသောအချိန်၌ မရဏာသန္နနိမိတ်ကို မြင်ကြရမည်ဖြစ်၏။

မရဏာသန္နနိမိတ်သုံးမျိုးရှိသည်။

**(၁) ကံနိမိတ်** ... လူတစ်ဦးစီတွင် ပြုလုပ်ပြီးသောကုသိုလ်ကံ, အကုသိုလ်ကံတို့သည် အမြောက်အမြားရှိလေရာ ထိုကံများအနက်မှ အခြားမဲ့သော နောင်ဘဝ၌ အကျိုးပေးတော့မည့်ကံသည် သေခါနီးပုဂ္ဂိုလ်တွင် ထင်ထင်ရှားရှားဖြစ်ပေါ်လာ၏။

ကုသိုလ်ကံ, အကုသိုလ်ကံဟူသည်မှာ ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့၌ ယှဉ်သော စေ့ဆော်တိုက်တွန်းခြင်းသဘောရှိသည့် စေတနာကို ကောက်ယူနိုင်၏။

ကုသိုလ်ကံတစ်ခုက အကျိုးပေးတော့မည်ဆိုလျှင် ထိုကုသိုလ်ကံကိုပြုခဲ့စဉ်က ဖြစ်ပေါ်ခဲ့သောစိတ်နှင့်တူညီသည့် စိတ်အစဉ်သည် သေခါနီးပုဂ္ဂိုလ်၌ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ထိုကုသိုလ်ကံကို ပြုစဉ်က သိရှိ, မှတ်သား, ခံစားခဲ့သည့် အတိုင်း ထိုကံကို ပြန်လည်ပြုနေရသကဲ့သို့ ထင်ထင်ရှားရှားသိရှိလာရ၏။

အကုသိုလ်ကံတစ်ခုက အကျိုးပေးတော့မည်ဆိုလျှင်လည်း ထိုအကုသိုလ်ကံကိုပြုခဲ့စဉ်က ဖြစ်ပေါ်ခဲ့သည့်စိတ်နှင့်တူညီသောစိတ်အစဉ်သည် သေခါနီးပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာပေလိမ့်မည်။ ထိုစဉ်က ဒေါသနှင့်တကွ သတ်ဖြတ်လိုသောစိတ် ဖြစ်ပေါ်ခဲ့လျှင် ယခုလည်း ဒေါသယှဉ်သောစိတ်ပင် ဖြစ်နေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



**(၂) ကမ္မနိမိတ်** … နောက်ဘဝတွင် အကျိုးပေးတော့မည့်ကံကို ပြုလုပ်စဉ် အခါက မြင်ကြားခဲ့ရသည့်အတိုင်း ယခုတစ်ဖန် ပြန်လည်မြင်ကြားခြင်းကို ကမ္မ နိမိတ်ဟု ခေါ်သည်။

ဥပမာ–သံဃာများအားဆွမ်းကျွေးခဲ့သောကုသိုလ်ကံ၏ ကမ္မနိမိတ်ထင်လာ လျှင် ထိုဆွမ်းကျွေးစဉ်က ကြွလာကြသောသံဃာတော်များကိုသော်လည်းကောင်း၊ တည်ခင်းထားသောဆွမ်းဝိုင်းများကိုသော်လည်းကောင်း၊ အလှူမဏ္ဍပ်နှင့် ဝိုင်း ဝန်းလုပ်ကိုင်နေကြသောသူများကိုသော်လည်းကောင်း၊ ထိုသူတို့ပြောဆိုနေကြ သော အသံများကိုသော်လည်းကောင်း မြင်ရ,ကြားရ၏။

ကြက်သတ်ခြင်း, ငါးသတ်ခြင်း စသည့် အကုသိုလ်အမှုကိုပြုခဲ့သောကံ တစ် ခုက အကျိုးပေးတော့မည်ဆိုလျှင်လည်း ထိုသတ်ခဲ့သောသတ္တဝါကို သော်လည်း ကောင်း၊ အသုံးပြုခဲ့သော ဓား, လှံ, လက်နက်ကိုသော်လည်းကောင်း၊ အသတ်ခံ ရသောသတ္တဝါ၏ အော်မြည်သံကိုသော်လည်းကောင်း မြင်ရ,ကြားရ၏။

**(၃) ဂတိနိမိတ်** …အကျိုးပေးတော့မည့်ကံကြောင့် ရောက်လတ္တံ့သော နေ ရာ၌ရှိသည့် ပုဂ္ဂိုလ်သတ္တဝါများ, အဆောက်အအုံများ, အသုံးအဆောင်ပစ္စည်း များ စသည်တို့ကိုမြင်တွေ့ရသောနိမိတ်ကို ဂတိနိမိတ်ဟုခေါ်၏။

ဥပမာ…နတ်ပြည်သို့လားရောက်ရမည့်သူသည် နတ်သား, နတ်သမီး, နတ် ဘုံဗိမာန်, ပဒေသာပင်, နတ်အသုံးအဆောင် စသည်တို့ကို မြင်တွေ့ရ၏။

ငရဲသို့ ကျရောက်မည့်သူသည် ငရဲသား, ငရဲအိုး, ငရဲမီးလျှံ, ငရဲခွေး စသည် တို့ကို မြင်တွေ့ရ၏။

လူ့ပြည်၌ လူပြန်ဖြစ်ရမည့်သူသည် နီမြန်းသောကမ္ဗလာကဲ့သို့ ပုံသဏ္ဌာန် အဆင်းရှိသော အမိဝမ်းရေကို မြင်ရတတ်၏။

ဤသို့ ကံနိမိတ်, ကမ္မနိမိတ်နှင့် ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးသည် အကျိုးပေးမည့်ကံ၏ အစွမ်းသတ္တိကြောင့် ထင်ထင်ရှားရှားထင်ပေါ်လာမည်ဖြစ် ၏။ မည်သို့သောနိမိတ်မျိုး ထင်လာမည်ကို သေခါနီးလူ၏ မျက်နှာအမူအရာကို ကြည့်ရှုနေလျှင် ရိပ်စားမိနိုင်၏။ သေခါနီးပုဂ္ဂိုလ်ကမူ ထင်ထင်ရှားရှားမြင်သိ နေမည်ဖြစ်၏။ အကယ်၍ အခြေအနေသင့်လျော်၍ သူပြောပြနိုင်လျှင် အခြား လူတို့လည်း သိရှိကြရမည်ဖြစ်၏။

သေခါနီးအချိန်၌ မရဏာသန္နနိမိတ်ထင်ခြင်းသည် ကံ၏အကျိုးပေးနိုင် သော အစွမ်းသတ္တိရှိကြောင်းကိုပြ၏။ ဂတိနိမိတ်သည် နောက်ဘဝရှိခြင်းကိုညွှန် ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



## နတ်ရထားများ အခေါ်ရောက်သူ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက သာဝတ္ထိမြို့ကြီးတွင် ဥပါသကာ ၂၅၀,၀၀၀ တို့၏ အကြီးအမှူးဖြစ်သော **မဟာဓမ္မိကဥပါသကာ** သည် ဇနီး, သားသမီးများနှင့်အတူ ဒါနပြုခြင်းနှင့် သီလဆောက်တည်ခြင်းတို့ကို ပျော်ရွှင်စွာ အမြဲမပြတ်ဆောင်ရွက်နေ၏။

ထိုဥပါသကာကြီးသည် အနာရောဂါကပ်ရောက်၍ သေရာညောင်စောင်းထက်၌ လဲလျောင်းနေသည့်အခါ မြတ်စွာဘုရားထံသို့ ရဟန်းရှစ်ပါး သို့မဟုတ် ၁၆ ပါးတို့ကို စေလွှတ်ပေးရန် ပင့်လျှောက်စေ၏။ ရဟန်းတော်များ ကြွလာသောအခါ ဥပါသကာကြီး၏ အိပ်ရာညောင်စောင်းကို ဝန်းရံခင်းထားသည့်နေရာများ၌ ထိုင်ကြကုန်၏။

"အရှင်ဘုရားတို့...အရှင်တို့အား တပည့်တော်၏ ဖူးမြင်ရခြင်းသည် ရခဲသော ဖူးမြင်ခြင်းဖြစ်ပါလတ္တံ့၊ တပည့်တော်သည် အားနည်းခဲ့ပါပြီ၊ တပည့်တော်၏ အကျိုးငှာ သုတ္တန်တစ်ခုကို ချီးမြှောက်သရဇ္ဈာယ်တော်မူကြပါဘုရား"

"ဥပါသကာကြီး၊ အဘယ်သုတ္တန်ကို နာလိုသနည်း"

"အလုံးစုံသော ဘုရားရှင်တို့ မစွန့်လွှတ်အပ်သည့် သတိပဋ္ဌာန်သုတ်တော်ကို နာချင်ပါ၏"

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ..."

သံဃာတော်များက သုတ္တန်တရားများကို သံပြိုင်ညီညာရွတ်ဆိုသရဇ္ဈာယ်ကြလေပြီ။ ထိုအခါ နတ်ပြည်ခြောက်ထပ်တို့မှ ပြည့်စုံစွာတန်ဆာဆင်ထားကြသည့် နတ်ရထားခြောက်စင်းတို့သည် ဥပါသကာကြီးအား ခေါ်ဆောင်ရန် ရောက်လာကြကုန်၏။ ရထားအသီးသီး၌ပါလာကြကုန်သော နတ်သားတို့သည် ဤသို့ ပြောဆိုပန်ကြားကြကုန်၏။

"အို...အချင်းဓမ္မိကဥပါသကာကြီး၊ မြေအိုးကိုခွဲ၍ ရွှေအိုးကိုယူဘိသကဲ့သို့ အကျွန်ုပ်တို့၏ နတ်ပြည်၌ မွေ့လျော်အံ့သောငှာ ဤရထားထက်၌ ဖြစ်လာပါလော့"

ထိုသို့ နတ်သားတို့က အပြိုင်အဆိုင်တောင်းပန်ခယကြသောအခါ ဓမ္မိကဥပါသကာသည် တရားနာခြင်း၏ အနှောင့်အယှက်ဖြစ်သည်ကို အလိုမရှိသဖြင့် လက်ဖြင့်ဆီးတား၍ 'ဆိုင်းငံ့ကြပါဦးလော့၊ ဆိုင်းငံ့ကြပါဦးလော့" ဟုဆိုလိုက်၏။

ရဟန်းတော်များသည် မိမိတို့အား တားမြစ်သည်ထင်မှတ်၍ ဆိတ်ဆိတ်နေကြကုန်၏။ ဥပါသကာ၏ သားသမီးတို့က...

"တို့ဖခင်သည် ရှေးအခါက တရားနာရခြင်းကို မရောင့်ရဲနိုင်ပါ၊ ယခုမူ

www.burmeseclassic.com

www.burmeseclassic.com



ရွတ်ဆိုသရဇ္ဈာယ်နေကြသော ရဟန်းတော်များကို တားမြစ်ခဲ့၏။ သေဘေးကို မကြောက်သောသူမည်သည် မရှိပြီ”ဟု မြည်တမ်းကာ ငိုကြွေးကြလေ၏။

ထိုအခါ၌ ရဟန်းတော်တို့သည် တရားတော်ကို သရဇ္ဈာယ်ရန် အခါမဟုတ်တော့ပြီဟု အောက်မေ့ကြကာ နေရာမှထလျက် ဖဲသွားကြကုန်၏။

ဥပါသကာကြီး သတိရလာသောအခါ “သားတို့ သမီးတို့...ဘာကြောင့် ငိုနေကြသနည်း၊ အရှင်မြတ်တို့ကော အဘယ်မှာနည်း”ဟုမေးလေ၏။

“အဖေ တားမြစ်ခြင်းကြောင့် အရှင်မြတ်တို့ ပြန်ကြွကြပါပြီ၊ သားတို့သမီးတို့လဲ သေဘေးမကြောက်သောသူမည်သည် မရှိဟု အောက်မေ့ကာ ငိုကြွေးကြပါ၏”

“ငါသည် အရှင်မြတ်တို့နှင့် စကားပြောသည်မဟုတ်၊ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားတို့နှင့်တကွ ငါ့ကိုခေါ်ဆောင်ရန်လာရောက်ကြသော နတ်သားတို့နှင့် ငါစကားပြောခြင်းသာဖြစ်၏”

“ဖခင်...ရထားတို့ကား အဘယ်မှာနည်း၊ ကျွန်ုပ်တို့မမြင်ကြပါကုန်”

“ငါ့အတွက် သီကုံးထားသည့်ပန်းကုံး ရှိပါသလား”

“ရှိပါ၏”

“အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိသနည်း”

“ခပ်သိမ်းသော ဘုရားလောင်းတို့သည် တုသိတာနတ်ပြည်တွင် မွေ့လျော်နေထိုင်ကြကုန်၏”

“ထိုသို့ဖြစ်မူ တုသိတာနတ်ပြည်မှလာသော ရထားဦး၌ ချိတ်စွပ်စေသတည်းဟု အဓိဋ္ဌာန်ပြီး ပန်းကုံးကို ပစ်ကုန်လော့”

သားသမီးတို့သည် ဖခင်ဆိုသည့်အတိုင်း ပန်းကုံးကိုပစ်မြှောက်လိုက်ရာ ထိုပန်းကုံးသည် တုသိတာရထားဦး၌ ချိတ်စွပ်၍ ကောင်းကင်၌တွဲရရွဲဆွဲလျက်တည်နေ၏။ အခန်းတွင်း၌ စုဝေးမိကုန်သော လူများစွာတို့သည် ပန်းကုံးကိုမြင်ကြရ၏။ ရထားကိုကား မမြင်ကြရကုန်။

“ငါသည် တုသိတာနတ်ပြည်သို့သွားပေအံ့၊ သင်တို့ မစိုးရိမ်မပင်ပန်းကြကုန်လင့်၊ ငါ၌ဖြစ်လိုကြလျှင် ငါပြုသောနည်းဖြင့် ကုသိုလ်ကောင်းမှုတို့ကို ပြုရစ်ကြကုန်လော့”

ထိုသို့မှာကြားပြီးနောက် ဥပါသကာကြီးကွယ်လွန်၍ တုသိတာနတ်ရထားထက်၌ နတ်တန်ဆာများနှင့်တကွ ဖြစ်ရလေ၏။ တုသိတာနတ်ပြည်သို့ရောက်သောအခါ နတ်သမီး ၁၀၀၀ ခြံရံလာကြပြီးလျှင် ၂၅ ယူဇနာကျယ်ဝန်းသော ရွှေဗိမာန်ကြီးသည် ပေါ်ထွန်းလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်ကျောင်းတော်သို့ ပြန်လာကြသောရဟန်းတော်များကို မြတ်ဗုဒ္ဓက ဤသို့မေးတော်မူ၏။

"ချစ်သားတို့...ဥပါသကာအား တရားဟောကြားအပ်ခဲ့ပြီလော"

"မြတ်စွာဘုရား...ဟောကြားခဲ့ပါပြီ။ သို့သော် တရားမပြီးဆုံးမီတွင် ဆိုင်းငံ့ကြပါကုန်လော့ဟု တားမြစ်ပါသည်။ ဥပါသကာကြီး၏သားသမီးတို့ကလဲ ငိုကြွေးကြပါကုန်သည်။ တပည့်တော်တို့သည် တရားတော်ကိုဆက်လက်သရဇ္ဈာယ်ရန် အခါမဟုတ်ပြီဟုဆုံးဖြတ်ကာ နေရာမှထပြန်လာကြပါသည်ဘုရား"

"ချစ်သားတို့...ဓမ္မိကဥပါသကာကြီးသည် သင်တို့နှင့် စကားပြောသည် မဟုတ်၊ နတ်ပြည်ခြောက်ထပ်မှနတ်သားတို့သည် နတ်ရထားခြောက်စင်းတို့ဖြင့် လာရောက်ကြပြီး ဥပါသကာကြီးကို ဖိတ်ခေါ်ကြကုန်၏။ ဓမ္မိကဥပါသကာသည် တရားနာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်အလို့ငှာ ထိုနတ်သားတို့နှင့် စကားဆိုခြင်းဖြစ်သည်"

"အရှင်ဘုရား...ဥပါသကာကြီးသည် ယခုအခါ အဘယ်ဘုံ၌ဖြစ်ပါသနည်း"

"တုသိတာဘုံ၌ဖြစ်၏"

"မြတ်စွာဘုရား...ဓမ္မိကဥပါသကာသည် မကြာမီကပင် သားသမီးဆွေမျိုးများအလယ်၌ ပျော်ရွှင်စွာစံနေခဲ့ရ၏။ ယခုတစ်ဖန် ဘဝတစ်ပါးပြောင်း၍ မွေ့လျော်ဖွယ်ကောင်းသောအရပ်၌သာ ဖြစ်ရပေ၏"

"ချစ်သားတို့...ဟုတ်မှန်ပေ၏၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကြကုန်သော သူတို့သည် ဤပစ္စုပ္ပန်ဘဝ၌လည်း မွေ့လျော်ရ၏။ တမလွန်ဘဝ၌လည်း မွေ့လျော်ရ၏၊ ကောင်းမှုကံ၏စင်ကြယ်ခြင်းကိုမြင်၍ ထိုသူသည် ပစ္စုပ္ပန်, တမလွန် နှစ်တန်သောဘဝတို့၌ အလွန်မွေ့လျော်ရပေ၏"

ဤမဟာဓမ္မိကဥပါသကာ၏ ဂတိနိမိတ်သည် လူများစွာတို့ မြင်သိရသည့်အထိ ထင်ရှားစွာဖြစ်ပေါ်ခဲ့၏။ မြတ်ဗုဒ္ဓကလည်း ပေါ်လွင်အောင် ထပ်ဆင့်၍ မိန့်ကြားတော်မူခဲ့၏။ ဤသို့ အထင်အရှားဖြစ်ခဲ့သည့်အတွက် ဗုဒ္ဓစာပေတွင် တရိတသေ မှတ်တမ်းတင်ထားခဲ့ခြင်း ဖြစ်ပေ၏။

*မျက်မှောက်ခေတ်၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် ဦးကျော်လွင်၏ ဖခင် ဦးထွန်းကျော်သည် စုတေခါနီး၌ နတ်ပြည်မှဆိုက်ရောက်လာသည့် ပန်းရထားနိမိတ်ကို တပ်အပ်ထင်ထင်မျက်မြင်ဖြစ်၍ သားသမီး*

www.burmeseclassic.com

www.burmeseclassic.com



*တို့အား ထိုအကြောင်းကိုပြောကြားပြီးနောက် နတ်ရထားယာဉ်ဖြင့် 'လူ့စခန်းမှ နတ်နန်းသို့' ကြွမြန်းသွားခဲ့၏။* ၁

## ငရဲနိမိတ်ထင်ပြီးမှ နတ်ဂတိထင်လာသူ

သီဟိုဠ်ကျွန်း၏ သောဏဂီရိတောင်ပေါ်တွင် **သောဏမထေရ်** သည် ရှင်သာမဏေအချို့နှင့်အတူ သီတင်းသုံးနေ၏။ မထေရ်၏ **ဖခင်** သည် အနှစ် ၆၀ မျှ မုဆိုးအလုပ်ဖြင့် အသက်မွေးခဲ့ပြီးနောက် မထေရ်၏ တိုက်တွန်းမှုကြောင့် ရဟန်းဝတ်လေ၏။

ဦးပဥ္စင်းကြီးသည် အသက်ကြီးရင့်လာသဖြင့် နာမကျန်းဖြစ်ကာ သေရာညောင်စောင်းထက်၌ လျောင်းစက်နေလေပြီ။ ထိုအခါ ကာလရှည်စွာပြုကျင့်ခဲ့သော မကောင်းမှုကံကြောင့် ငရဲနိမိတ်ထင်လာ၏။ ကြောက်မက်ဖွယ်ကောင်းသော ခွေးကြီးများသည် သောဏဂီရိတောင်ခြေမှ တက်လာကြပြီးလျှင် ဦးပဥ္စင်းကြီးအား ကိုက်ဖြတ်ရန်ချဉ်းကပ်လာကြလေပြီ။

"ဟဲ့သား ... မောင်းဟ၊ ခွေးကြီးတွေ ... မောင်းဟ"

အလွန်ထိတ်လန့်သော အမူအရာဖြင့် ဦးပဥ္စင်းကြီးပြောလိုက်သောစကားကို ကြားရသည့်အခါ သောဏမထေရ်သည် ဖခင်ဦးပဥ္စင်း၌ ငရဲနိမိတ်ထင်နေပြီကို ချက်ချင်းသိလိုက်၏။ သို့အတွက် ရှင်သာမဏေများအား ပန်းများကိုအလျင်အမြန်ခူးဆွတ်စေပြီးလျှင် စေတီရင်ပြင်အပြည့် ခင်းဖြန့်ထားစေ၏။

ထို့နောက် ဦးပဥ္စင်းကြီးကို ညောင်စောင်းနှင့်တကွ စေတီရင်ပြင်ပေါ်သို့ ယူဆောင်သွားစေ၏။

"ဦးပဥ္စင်းကြီး ... ရှုပါလော့၊ ဦးပဥ္စင်းအတွက် စေတီရင်ပြင်အပြည့် ပန်းများကို ပူဇော်ထားပါသည်။ စေတီကိုကြည်ညိုပါလော့၊ စေတီတော်ကို ပန်းများဖြင့် ပူဇော်ထားခြင်းကို နှလုံးသွင်း၍ ကြည်ညိုပါလော့"

ဦးပဥ္စင်းကြီးသည် စေတီတော်အား ပန်းများပူဇော်ထားခြင်းကို နှလုံးသွင်းလျက် ငြိမ်သက်နေ၏။ ခဏကြာသော် လက်များကို ဆန့်တန်းလျက် ...

"သားရေ ... ဖယ်ဟော့၊ သားရဲ့မိထွေးတွေ လာနေကြပြီ၊ သိပ်လှတဲ့သားရဲ့ မိထွေးတွေက လာခေါ်နေကြပြီ"

ဖခင် ဦးပဥ္စင်းကြီး၌ နတ်သမီးများလာခေါ်သော ဂတိနိမိတ်ထင်လာပြီကို သောဏမထေရ်သိလိုက်ရသဖြင့် ကျေနပ်သွား၏။ ဦးပဥ္စင်းကြီးလည်း မကြာမီ ပျံလွန်၍ နတ်ပြည်၌ဖြစ်လေ၏။

---

၁။ နှစ်ဖက်လှ 'လူသေလူဖြစ် စိစစ်ဝေဖန် ခေတ်သစ်သောနတ္ထိရ်'

www.burmeseclassic.com



## မျက်မှောက်ခေတ်အထောက်အထားများ

ဗုဒ္ဓကျမ်းစာများတွင် မရဏာသန္နနိမိတ်ထင်သောပုဂ္ဂိုလ်များစွာတို့၏ အကြောင်းကို မှတ်တမ်းတင်ထားခဲ့ကြ၏။ ဤအကြောင်းများကို သီလ, သမာဓိ, ပညာကြီးရင့်သူတို့က တင်ထားခဲ့ခြင်းဖြစ်၍ ဟုတ်မှန်ကြောင်း ယုံကြည်သင့်ပါ၏။

သို့ရာတွင် ယခုခေတ်လူများစွာတို့သည် ဗုဒ္ဓစာပေမှမှတ်တမ်းများကို ယုံတမ်းစကားသဖွယ် ပေါ့ပေါ့ပြက်ပြက် ထင်မှတ်နေကြ၏။ ဆေးရုံများ၌ သေခါနီး လူနာများ၏ အမူအရာများကို လေ့လာကြည့်လျှင် ဗုဒ္ဓအဘိဓမ္မာတွင် ရှင်းလင်းဖော်ပြခဲ့သော မရဏာသန္နနိမိတ်များသည် အမှန်တကယ်ဖြစ်ပေါ်ကြောင်း မြင်တွေ့ရမည်ဖြစ်၏။

လွန်ခဲ့သည့် နှစ်အနည်းငယ်က ကျွန်တော်၏ အစ်ကိုတစ်ယောက်သည် လည်ချောင်းကင်ဆာရောဂါဖြင့် ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ကုသရေးဌာနတွင် အတွင်းလူနာအဖြစ်တက်ရောက်ပြီး ကုသခြင်းကို ခံယူရ၏။ သူ၏သား မောင်တင်ဦးက သူ့အား စောင့်ရှောက်ပေး၏။ မောင်တင်ဦးသည် ဖခင်၏ အနီး ပတ်ဝန်းကျင်၌ရှိကြသော လူနာများအနက် ရောဂါကျွမ်းသူတို့က တစ်ဦးပြီးတစ်ဦး သေဆုံးကြသည်ကို မြင်တွေ့နေရသဖြင့် ထိုသူတို့၏ မသေမီအမူအရာများကို သတိထား၍ကြည့်ရှုခဲ့၏။

တစ်ခါသော် ပဲခူးမြို့ဘက်မှ ဝမ်းဘဲအကြီးအကျယ်မွေးမြူသော တရုတ်ကပြားတစ်ဦးသည် ဆေးရုံသို့ရောက်လာ၏။ ထိုသူ၌ ဇနီးနှစ်ဦးရှိရာ ဇနီးတို့က သူ့ထံသို့ တစ်လှည့်စီလာရောက်ကြပြီးလျှင် မိမိတို့ရသင့်သောအခွင့်အရေးများကို တောင်းဆိုကြ၏။ လူနာသည် မိမိသေရတော့မည်ကို ရိပ်စားမိ၍ စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးပေးလိုက်၏။

ထို့နောက် မကောင်းသောဂတိနိမိတ်များ ထင်လာသဖြင့် မိမိအား စောင့်ရှောက်နေသောတပည့်အား "ဟေ့… မြကျော်၊ ရန်ကုန်မြို့မှာ နာမည်ကြီးတဲ့ဆရာတော်တွေ ရှိတယ်မဟုတ်လား"

"ရှိတာပေါ့ဆရာ၊ ဘာလုပ်ဖို့လဲ"

"ငါ့ဆီ တစ်ပါးလောက်ပင့်ပေးပါလားကွာ"

"ဟာ…ကျွန်တော်တစ်ပါးမှမသိဘူး၊ ဆရာတော်တွေကလဲ အလုပ်များနေကြမှာပေါ့၊ ဆရာ အေးအေးဆေးဆေးအိပ်ပြီး အနားယူနေလိုက်ရင် နေကောင်းသွားမှာပေါ့"

မသိနားမလည်သောတပည့်ကြောင့် ဆရာသည် မချိမဆံ့ ထိတ်ထိတ်လန့်လန့်ဖြင့်ပင် ကွယ်လွန်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆာဝီလျံဘားရက်၏မှတ်တမ်း

**ဆာဝီလျံဘားရက်** [၁] သည် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့ရှိ သိပ္ပံတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်၏။ သူ၏ဇနီး **လေဒီဘားရက်** [၂] မှာ ဒဗ္ဗလင်မြို့ ဆေးရုံကြီး၌ သားဖွားဆရာဝန်အဖြစ် တာဝန်ထမ်းရွက်နေ၏။

တစ်နေ့တွင် လေဒီဘားရက်သည် ဆေးရုံ၌ **ဒေါ်ရစ်** အမည်ရှိသော မိန်းမငယ်တစ်ဦး၏ မီးဖွားခြင်းကိစ္စကို ဆောင်ရွက်ပေး၏။ ကလေးကို ချောမောစွာ မွေးဖွားပေးနိုင်ခဲ့သော်လည်း မိခင်၏အခြေအနေမှာ ဆိုးရွားနေ၏။ ထိုမိခင်ငယ်သည် အခန်းမျက်နှာကြက်ကို စိုက်ကြည့်နေပြီး "အို...တယ်ခမ်းနားလှပပါလား" ဟု ရေရွတ်လိုက်၏။

"ဘာ ခမ်းနားလှပတာလဲ" ဟု လေဒီဘားရက်က မေးလိုက်၏။

"ကျွန်မ မြင်နေရတဲ့ပုဂ္ဂိုလ်တွေပေါ့၊ ကိုယ်ရောင်ကိုယ်ဝါတလက်လက်နဲ့ သိပ်လှတာပဲ၊ ဟင်...ဖေဖေပါလား၊ ဖေဖေ ကျွန်မကိုလာခေါ်နေပြီ၊ ဝီလီ (သူမ၏ ခင်ပွန်း) ပါ တစ်ခါတည်းလိုက်ခဲ့နိုင်ရင် သိပ်ကောင်းမှာ၊ ဟယ်ဗီဒါ (သူ့အစ်မ) လဲ ဖေဖေ့နားမှာ ရှိနေတာကိုး"

ထိုသို့ပြောဆိုပြီး မကြာမီပင် ဒေါ်ရစ်ကွယ်လွန်သွား၏။ ထူးဆန်းသည်မှာ ဗီဒါသည် လွန်ခဲ့သောရက်သတ္တသုံးပတ်လောက်က ထိုဆေးရုံ၌ပင် ကွယ်လွန်သွားခဲ့၏။ ထိုအကြောင်းကို စိုးရိမ်ဖွယ်အခြေအနေရှိသော ဒေါ်ရစ်အား မပြောကြားခဲ့ချေ။

ဒေါ်ရစ်က ဝမ်းမြောက်ဝမ်းသာနှင့် ဗီဒါကိုမြင်ခဲ့သည်ဆိုသဖြင့် သေလွန်ပြီးသော သူ့ဖခင်နှင့် အခြားပုဂ္ဂိုလ်များကိုပါ သူမြင်တွေ့ခဲ့သည်ဟု ဆိုခြင်းကို မှန်ကန်သည်ဟု ယူဆရပါတော့မည်။

သို့အတွက် ဆာဝီလျံဘားရက်သည် အလားတူသေခါနီးနိမိတ်ထင်မှုများကို ရှာဖွေစုဆောင်းပြီးလျှင် စာအုပ်တစ်အုပ်ရေးသားခဲ့၏။

ဤစာအုပ်၌ သေခါနီးပုဂ္ဂိုလ်များသည် ကွယ်လွန်ခဲ့ပြီးသော ဆွေမျိုးများက မိမိတို့အား လာရောက်ခေါ်ငင်ကြောင်း၊ ထိုအချိန်၌ ထိုလူနာတို့သည် သတိကောင်း၍ စိတ်ကြည်လင်ပြီးပျော်ရွှင်နေကြကြောင်း၊ တစ်ခါတစ်ရံသူနာပြုဆရာမများ သို့မဟုတ် ဆွေမျိုးများကပါ တမလွန်လောကမှလာရောက်ခေါ်ငင်သူများကို မြင်တွေ့ကြရကြောင်းတို့ကို ဖော်ပြထား၏။

---

၁။ Sir William Barret ၂။ Lady Barret

www.burmeseclassic.com

www.burmeseclassic.com



## အမေရိကန်ဆရာဝန်တို့၏မှတ်တမ်းများ

ဆာဝီလျံဘားရက်၏ စာအုပ်ကို ဖတ်ရှုပြီးနောက် ဒေါက်တာအောဆစ်သည် သေခါနီးနိမိတ်ထင်ခြင်းတွင် စိတ်ဝင်စားလာကာ အမေရိကန်နိုင်ငံ၌ ကျယ်ပြန့်စွာ သုတေသနပြုလုပ်ခဲ့၏။ ထို့နောက် ဒေါက်တာဟယ်ရယ်ဆင်နှင့်ပူးတွဲလျက် အမေရိကန်ပြည်၌လည်းကောင်း၊ အိန္ဒိယနိုင်ငံ၌လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုကြပြန်၏။ ဤအကြောင်းအရာများကို ရှေ့အခန်း၌ ဖော်ပြခဲ့ပြီး ဖြစ်၏။

ဤဆရာဝန်နှစ်ဦးတို့သည် သေခါနီးနိမိတ်ထင်မှုပေါင်း တစ်သိန်းခန့်ကို တိုက်ရိုက်တစ်ဖုံ သွယ်ဝိုက်၍တစ်သွယ် လေ့လာခွင့်ရခဲ့ကြ၏။ သူတို့၏ တွေ့ရှိချက်များအရ လူနာများစွာတို့သည် စိတ်အားငယ်၍ ညှိုးနွမ်းနေသောအခြေအနေမှ သေခါနီးအချိန်တွင် စိတ်လန်းဆန်းလာကြပြီး အားရှိလာသောအမူအရာကို ပြကြ၏။ နာကျင်သည့်ဝေဒနာများလည်း ထူးခြားစွာ ပျောက်ကင်းနေ၏။ လူနာများသည် စကားပိုပြော၍ အစာပိုစားလာကြ၏။ မိမိတို့၏ ကိုယ်ရေးကိစ္စများကို ပြန်လည်စိတ်ဝင်စားလာကြပြီး မည်သို့မည်ပုံလုပ်ကိုင်မည်ကို စိတ်ကူးလာကြ၏။ ပြုစုစောင့်ရှောက်ပေးကြသောသူများကိုလည်း ကျေးဇူးတင်စကားပြောကြ၏။

ထိုသို့ပြန်လည်လန်းဆန်းလာပြီးသည့်နောက် ၄၀ ရာခိုင်နှုန်းမျှသော လူနာများတို့သည် ၁၀ မိနစ်အတွင်း သေဆုံးကြ၏။ ၅၀ ရာခိုင်နှုန်းမျှသောလူနာတို့မှာ တစ်နာရီအတွင်း ကွယ်လွန်ကြ၏။

သေခါနီးလူနာများ၌ နိမိတ်ထင်မှုနှင့်ပတ်သက်ပြီး သုတေသီတို့သည် ဆရာဝန်များနှင့် သူနာပြုများကို စေ့စေ့သေချာစွာမေးမြန်းကြ၏။ မည်သို့သောအာရုံထင်လာသည်၊ အာရုံထင်မှုသည် မည်မျှကြန့်ကြာသည်၊ အာရုံထင်ပြီးနောက် လူနာမည်သို့ ပြောင်းလဲသွားသည်၊ မည်မျှကြာသောအခါ သေသည်၊ လူနာ၏ ရောဂါအမျိုးအစား, အသက်အရွယ်, ပညာအရည်အချင်း, စိတ်အခြေအနေ, ဘာသာ ယုံကြည်မှု စသည်ဖြင့် မေးခွန်းများစွာတို့ကို မေးမြန်းကြ၏။ ထို့နောက် စုဆောင်းရရှိသောအဖြေလွှာများကို လေ့လာကြ၏။

သုတေသီတို့တွေ့ရှိချက်အရ နိမိတ်ထင်မှုများကို နှစ်မျိုးခွဲခြားနိုင်၏။ ပထမတစ်မျိုးမှာ တမလွန်လောကကို မြင်တွေ့ခြင်းဖြစ်၏၊ ကောင်းကင်ဘုံ, နတ်ပြည်စသော တမလွန်လောကသို့ရောက်ရှိသွားပြီး တမလွန်ဘုံသားများနှင့် စကားပြောကြရသည်ဟု လူနာတို့ယုံကြည်ကြ၏။ ဤသို့ တမလွန်လောကသို့ ရောက်ရှိခိုက်တွင် မိမိတို့အနား၌ ဆရာဝန်များ, သူနာပြုများနှင့် အခြားလူနာများ ရှိနေခြင်းကို မသိကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတစ်မျိုးမှာ တမလွန်ဘုံသားတို့ကို မြင်တွေ့ခြင်းဖြစ်၏။ တမလွန်ဘုံသားတို့သည် လူနာရှိရာဆေးရုံအခန်းတွင်းသို့ လာရောက်ကြပြီး လူနာကို ခေါ်ငင်ကြ၏။ လူနာသည် မိမိပတ်ဝန်းကျင်၌ ဆရာဝန်များ၊ သူနာပြုများနှင့် ဆွေမျိုးများ ရှိနေကြသည်ကို သိ၏။ လူနာနှင့်တမလွန်ဘုံသားတို့ စကားပြောဆိုနေကြသည့်အခါ လူနာ၏အမူအရာများသည် ဆွေမျိုးသားချင်းတို့နှင့်တွေ့ဆုံ၍ ပြောဆိုနေသကဲ့သို့ဝမ်းသာအားရရှိလှကြောင်းကို ဘေးမှလူများက မြင်တွေ့ကြရ၏။

တမလွန်လောက သို့မဟုတ် တမလွန်ဘုံသားတို့ နိမိတ်ထင်လာသောကာလသည် အလွန်တိုတောင်း၏။ နိမိတ်ထင်မှုများ၏ ၅၂ ရာခိုင်နှုန်းသည် စက္ကန့်အနည်းငယ်မှ နှစ်မိနစ်အထိသာကြာ၏။

တမလွန်လောကထက် တမလွန်ပုဂ္ဂိုလ်တို့ကိုမြင်တွေ့ရခြင်းက ငါးဆခန့်ပိုများ၏။ အာရုံထင်လာသော ပုဂ္ဂိုလ်တို့မှာ အကြိမ်အများအနည်း အစီအစဉ်အရ လူနာ၏မိခင်၊ ဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမများနှင့် ဘာသာရေးခေါင်းဆောင်တို့ဖြစ်ကြ၏။ ဘာသာရေးခေါင်းဆောင်များတွင် အမေရိကန်လူနာများက သခင်ယေရှု၊ ကောင်းကင်တမန်တော်စသည်တို့ကိုမြင်တွေ့ကြ၍ အိန္ဒိယလူနာများက ကရစ်ရှနား၊ ရှီဗာ စသော ဟိန္ဒူဘုရားများကို မြင်တွေ့ကြရ၏။

အိန္ဒိယတိုင်းသားတို့သည် **ယမမင်း** (ဝါ) **သေမင်း** ရှိသည်ဟု ယုံကြည်ကြ၏။ သေမင်း၏တမန်တော် **ယမ်ဒု**[၁]သည် သေခါနီးလူနာကို ယမမင်းထံသို့ ခေါ်ဆောင်သွားရန်အတွက် ပေါ်လာတတ်၏။ လူနာအချို့တို့သည် ယမ်ဒုလာခေါ်သည်ကို မြင်သိကြ၏။ သို့သော် ယင်းနောက်သို့ လိုက်ပါမသွားလိုကြချေ။

## ပုဂ္ဂိုလ်သာဓကများ

သေခြင်းအကြောင်းကို ဘာမျှနားမလည်သေးသော နှစ်နှစ်ခွဲအရွယ် ယောက်ျားကလေးတစ်ယောက်သည် အိပ်ရာထက်၌ ငြိမ်သက်စွာအိပ်နေ၏။ ထို့နောက် ရုတ်တရက်ထထိုင်ပြီး လက်နှစ်ဖက်ကိုဆန့်တန်းကာ 'မာမာ' ဟု အားရပါးရအော်လိုက်၏။ အော်ပြီးနောက် ပြန်လဲကျကာသေဆုံးသွား၏။ ထိုကလေး၏မိခင်သည် လွန်ခဲ့သောခြောက်လက သေဆုံးခဲ့၏။

အသက် ၇၀–ကျော် မိန်းမလူနာတစ်ဦးသည် ရောဂါသက်သာ၍ အိမ်ပြန်ရတော့မည်ဟု မျှော်လင့်နေ၏။ သူ့အား ဆေးကျွေးထားခြင်းမရှိဘဲလျက် သူသည် စိတ်ကြည်လင်၍ သတိကောင်းနေ၏။ သူသည် ရုတ်တရက်ပြုံးကာ သူနာပြု

---

၁။ Yam doot

www.burmeseclassic.com

www.burmeseclassic.com



ဆရာမအားခေါ်ပြီး 'ဟိုမှာ...ချာလီ ငါ့ကိုစောင့်နေတယ်၊ မင်း သူ့ကိုမမြင်ဘူးလား'ဟုမေး၏။ ချာလီဆိုသူမှာ ကွယ်လွန်သွားပြီးသော သူမ၏ခင်ပွန်းဖြစ်၏။ သူ့ကို သူမတကယ်မြင်တွေ့နေသည်ဟု သူနာပြုက ယုံကြည်၏။

အသက် ၇၀-ကျော် အမျိုးသားတစ်ဦးသည် မိမိအိမ်၌ နှလုံးရောဂါဖြင့် မသေဆုံးမီအချိန်ကလေးတွင် အဖျားမရှိ၊ စိတ်လှုပ်ရှားမှုမရှိဘဲ သတိကောင်းနေ၏။ သူ့အား စိတ်ငြိမ်ဆေးစသည်ကို ကျွေးထားခြင်းလည်း မရှိပေ။ သူသည် ဆရာဝန်၏နောက်ကျောဘက်သို့ စူးစိုက်ကြည့်ပြီး 'မေရီ...ငါ့ဖို့ ခရမ်းချဉ်သီးတစ်လုံး ယူပေးပါလား' စသည်ဖြင့် ကွယ်လွန်ခဲ့ပြီးသော သူ၏ဇနီးနှင့် စကားပြောဆို၏။

ထို့နောက် ဆရာဝန်ဘက်သို့လှည့်ပြီး 'ဒေါက်တာ ကျုပ်ဇနီးနဲ့ကျုပ် စကားပြောနေတာပါ၊ ခင်ဗျားက ကျုပ်ရူးနေပြီလို့ ထင်မိမှာပဲ၊ ကျုပ်စိတ်ကောင်းနေပါတယ်၊ ကျုပ်ရဲ့ဇနီးကိုလဲ ကျုပ်တကယ်မြင်နေရပါတယ်'ဟု ပြောလိုက်၏။

ကင်ဆာရောဂါဖြင့် ကွယ်လွန်ခါနီး အမျိုးသမီးတစ်ဦးသည် တမလွန်လောကမှ သူမ၏ခင်ပွန်းနှင့် ချစ်တင်းစကား နီးနှောပြောဆိုပုံမှာ သရုပ်ပါလွန်းသဖြင့် ဘေးမှကြည့်ရှုနေသော သူနာပြုဆရာမသည်ပင် ကြက်သီးတဖြန်းဖြန်းထမိလေ၏။ သူနာပြုက...

"ကျွန်မ တစ်သက်နဲ့တစ်ကိုယ် တွေ့ကြုံခဲ့သမျှထဲမှာ စိတ်ချောက်ချားစရာအကောင်းဆုံးပါပဲ၊ သူ့ခင်ပွန်းနဲ့ တိုးတိုးတိတ်တိတ် ချစ်စားမြို့ပြန်နေပုံဟာ သရုပ်ပါလွန်းလို့ ကျွန်မမှာ ကင်မရာရှိရင် ဓာတ်ပုံရိုက်ယူထားမိမှာပဲ၊ သူ့မျက်နှာက ပြုံးကြည်ပြီး ကြည်နူးနှစ်သိမ့်နေတယ်ဆိုတာ အထင်းသားပေါ်လွင်နေပါတယ်၊ သူ့ခင်ပွန်းကိုသူဘယ်လောက်ချစ်တယ်, ဘယ်လောက်သတိရနေတယ်, ပြီးတော့ သူ့ယောကျ်ားကိုလက်ကို ဆုပ်နယ်သလိုပြုပြီး ရှင်သိပ်ကျွန်းမာတာပဲနော် စသဖြင့် အမူအရာအမျိုးမျိုးနဲ့ပြောနေတာကိုမြင်ရတော့ ကျွန်မတောင်ရှက်မိပါသေးတယ်"ဟု ပြောပြ၏။

သွေးကင်ဆာဖြစ်နေသော အိန္ဒိယကျောင်းသားတစ်ဦးသည် စိတ်ကြည်ကြည်လင်လင်ရှိနေရာက သူ့ဖခင်အား 'ဖေဖေ ကျွန်တော်သွားဖို့အချိန်ရောက်ပြီ၊ ဟိုမှာ...မေမေလာခေါ်နေပါတယ်၊ မေမေ့ကို ဖေဖေမြင်ရဲ့လား၊ ဟိုမှာလေ' ဟုဆိုပြီး တစ်နေရာသို့ လက်ညှိုးထိုးပြ၏။ သူသည် သတိကောင်းစွာရှိလျက်သေသည်အထိ ဖခင်နှင့်စကားပြောဆိုသွား၏။

နယူးဒေလီမြို့၏ ဆေးရုံတစ်ခု၌ အသက် ၂၀ အရွယ် မိန်းမပျိုတစ်ဦးသည် မေးခိုင်ရောဂါ ခံစားနေရ၏။ သူသည် သူနာပြုဆရာမအား သူ့ကို **မှုသိဘုရား** လာ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေကြောင်း ပြောပြ၏။ သူ့ဆွေမျိုးများအားလည်း ဘုရားနှင့်အတူ လိုက်သွားတော့မည့်အကြောင်း ပြောပြ၏။ ထို့နောက် ဆေးမသောက်ဘဲ မျက်စိမှိတ်ထားလိုက်ရာ ၁၅ မိနစ်အတွင်း ကွယ်လွန်သွား၏။

မီးလောင်သောဒဏ်ရာဖြင့် ဆေးရုံသို့ရောက်လာသော အသက်၃၀ ခန့်မိန်းမတစ်ဦးသည် အဝတ်ဖြူနှင့်လူလေးယောက်တို့က သူ့အား လာခေါ်နေကြသဖြင့် သူ ကြောက်လန့်နေကြောင်း သူနာပြုအား ပြောပြ၏။ ၁၀ မိနစ်ခန့်ကြာသောအခါ သူ အကြောက်ပြေသွား၏။ သစ်ပင်ကြီးတစ်ပင်ထိပ်၌ **'ရမ်ရမ်'** ဟူသော အိန္ဒိယဘုရားအမည်ကို မြင်ရသဖြင့် သူမ မကြောက်တော့ဟုဆို၏။ မကြာမီ ငြိမ်သက်စွာ သေဆုံးသွား၏။

အဖျား ၁၀၃ ဒီဂရီရှိနေသော လူငယ်တစ်ဦးက သူ့မိခင်အား 'အမေ…ဟိုမှာ လှည်းနဲ့လူတစ်ယောက် ယမ်ဒုဖြစ်မှာပဲ၊ ကျွန်တော့်ကို ခေါ်နေတယ်၊ ကျွန်တော် လိုက်မသွားချင်ဘူး၊ အမေနဲ့ပဲ အတူနေချင်တယ်၊ ဟော ဟော…ကျွန်တော့်လက်ကို လာဆွဲနေပြီ၊ ကျွန်တော့်ကို ကိုင်ထားပါ'ဟု ပြောရင်း သေဆုံးသွား၏။

အသက် ၄၀ ကျော် ဆင်းရဲသားအဆုတ်ရောဂါသည်တစ်ဦးသည် ဆေးရုံသို့ ရောက်လာ၏။ သူ့အား ဆေးရုံ၏ အောက်ဆုံးထပ်အခန်းတစ်ခု၌ နေရာချထားပေး၏။ သူက 'ကျွန်တော့်ကို ယမ်ဒုလာခေါ်နေပြီ၊ ကျွန်တော့်ကို ယမ်ဒုမတွေ့နိုင်တဲ့နေရာမှာ ထားပေးပါ၊ ဟိုမှာ ဟိုမှာ…ယမ်ဒု' ဟု ဆိုပြီး အပြင်ဘက်သို့ လက်ညှိုးထိုးပြ၏။

ဆေးရုံအပြင်ဘက်၌ သစ်ပင်ကြီးတစ်ပင်ရှိ၏။ သစ်ကိုင်းများပေါ်၌ ကျီးအတော်များများ နားနေကြ၏။ တစ်စုံတစ်ယောက်က သေနတ်နှင့်ပစ်လိုက်သလို သေနတ်သံမကြားရဘဲ ကျီးများသည် လန့်ဖျပ်အော်မြည်၍ ပျံသွားကြ၏။ မရှေးမနှောင်းပင် လူနာမေ့မျောသွားပြီး ကွယ်လွန်သွား၏။

ဆရာဝန်များနှင့် သူနာပြုများက အံ့အားသင့်၍ အပြင်ဘက်သို့ ထွက်ကြည့်ကြ၏။ ကျီးများကိုထိတ်လန့်စေသော အကြောင်းတစ်စုံတစ်ခုကိုမျှ မမြင်တွေ့ရချေ။

ကျီးများ စူးစူးရှရှအော်မြည်ပြီး ထိတ်လန့်တကြား ပျံပြေးကြခြင်းသည် ကြောက်စရာကောင်းသည့် နာနာဘာဝတစ်ခုခုကို မြင်တွေ့ကြခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ခန်းရပ်ဝေဖန်,သုံးသပ်,ရှင်းလင်းချက်

သေခါနီးချိန်တွင် နိမိတ်ထင်သည်မှာ အမှန်ပေလော။

ထိုသို့နိမိတ်ထင်ခြင်းသည် အကြီးအကျယ်ဖျားနာနေသဖြင့် စိတ်ကယောင်ချောက်ချားဖြစ်၍ အာရုံထင်ခြင်းဖြစ်လေသလော။

ပြင်းထန်သောဆေးဝါးများ၏ အစွမ်းအာနိသင်ကြောင့် အာရုံထင်ခြင်း ဖြစ်သလော။

သို့မဟုတ် ဘာသာရေးယုံကြည်မှုကိုစွဲလမ်း၍ မသိစိတ်က ဖန်တီးပေးလိုက်သဖြင့် အာရုံထင်ခြင်းဖြစ်လေသလော။

စိတ်ဝိညာဉ်သုတေသီတို့၏ သိပ္ပံနည်းကျ ကျယ်ကျယ်ပြန့်ပြန့်လေ့လာခဲ့ခြင်းကို ထောက်ရှု၍ သေခါနီးတွင် နိမိတ်ထင်လာသည်မှာ အမှန်ပင်ဖြစ်သည်။

ထောင်ပေါင်းများစွာသောလူနာတို့၌ နိမိတ်ထင်သည်ကို သုတေသီတို့ မြင်သိခဲ့ခြင်းကြောင့် သေခါနီးအချိန်၌ နိမိတ်ထင်ခြင်းကို ယုံမှားသံသယမဖြစ်သင့်တော့ချေ။

ဗုဒ္ဓအဘိဓမ္မာအရ ရဟန္တာမဟုတ်သောလူတိုင်းသည် သေခါနီးချိန်၌ ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် မုချထင်လာရမည်။ စိတ်သည် တစ်စက္ကန့်တွင် ကုဋေတစ်သိန်းမက ဖြစ်ချုပ်သွားနိုင်သဖြင့် ရုတ်တရက်သေရသည့်သူများ၌ပင် မရဏာသန္နနိမိတ်ထင်လာရမည်ဖြစ်သည်။

ဤတွင် တချို့သူများ၌ နိမိတ်ထင်ပုံ မထင်ရှားပါ။ ကံနိမိတ် သို့မဟုတ် ကမ္မနိမိတ်ထင်ခြင်းသည် အတိတ်အာရုံထင်လာခြင်း ဖြစ်သဖြင့် လူနာသည် အဘိဓမ္မာဗဟုသုတမရှိလျှင် နိမိတ်ထင်နေကြောင်းကို မသိနိုင်ပါ။ အတိတ်ဖြစ်ရပ်တစ်ခုကို ပြန်လည်သတိရနေခြင်းသာဖြစ်သည်ဟု ထင်လိမ့်မည်။

ဂတိနိမိတ်ထင်လာသောအခါ၌သာ လူနာရော လူနာအနီးရှိလူများကပါ သိသာနိုင်ပါသည်။

ဂတိနိမိတ်ထင်ရာတွင် တမလွန်ဘုံလောက သို့မဟုတ် တမလွန်ဘုံသားတို့ကို မြင်တွေ့ရသဖြင့် လူနာအဖို့ ထူးခြားနေပေ၏။ သာယာလှပသော တမလွန်လောကကိုမြင်တွေ့လျှင် နှစ်သက်တွယ်တာမိ၏။ ကြောက်မက်ဖွယ်သော လောကကိုမြင်တွေ့လျှင် ထိတ်လန့်၏။ ကွယ်လွန်ပြီးသော ဆွေမျိုးသားချင်းနှင့် မြင်တွေ့ရသောအခါ လူနာသည် လွန်စွာဝမ်းမြောက်ပီတိဖြစ်ပြီး အားတက်သရောပင် စကားပြော၏။ ဤအမူအရာတို့ကို လူနာသာမက ဘေးမှကြည့်နေကြသော ဆရာဝန်များနှင့် သူနာပြုများကပါ မြင်သိကြရ၏။

သုတေသီတို့၏ တွေ့ရှိချက်အရ သာယာလှပသော ဥယျာဉ်ပန်းမန်, ပြိုးပြက်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပသောအရောင်အဆင်းနှင့် အခြားကြည်နူးဖွယ်ရာရှုခင်းများကိုမြင်တွေ့ခဲ့ကြရသောလူနာဦးရေမှာ ၁၆ ရာခိုင်နှုန်းခန့်ရှိ၏၊ အဆောက်အအုံ, ဘုံဗိမာန်စသည်တို့ကိုမြင်ခဲ့ရသူများမှာ ၄ ရာခိုင်နှုန်းခန့်ရှိ၏၊ တူရိယာသံနှင့် တေးဂီတသံကိုကြားရသူများမှာ ခြောက်ရာခိုင်နှုန်းခန့်ရှိ၏။

တမလွန်ဘုံသားများကိုမြင်တွေ့ကြရသောလူနာများမှာ အမြောက်အမြားရှိကြရာ ၎င်းတို့အနက် အမေရိကန်နိုင်ငံ၌ ၈၆ ရာခိုင်နှုန်းနှင့် အိန္ဒိယနိုင်ငံ၌ ၇၉ ရာခိုင်နှုန်းတို့သည် လူနာအား ခေါ်ဆောင်ရန် တမလွန်ဘုံသားတို့ ထင်ပေါ်လာကြခြင်းဖြစ်၏။

ထို့အပြင် သုတေသနအထောက်အထားအရ နိမိတ်ထင်ခြင်းသည် အကြီးအကျယ် ဖျားနာခြင်း, အာနိသင်ပြင်းသောဆေးများကို စားသုံးထားခြင်း စသည်တို့ကြောင့် စိတ်ကယောင်ချောက်ချားဖြစ်ကာ နိမိတ်ထင်လာခြင်းမဟုတ်ချေ။

နိမိတ်ထင်သောလူနာများတွင် ရှစ်ရာခိုင်နှုန်းခန့်သာ အဖျားကြီး၍ ၅၈ ရာခိုင်နှုန်းမှာ အဖျားလုံးဝမရှိကြချေ။ နိမိတ်ထင်ချိန်၌ လူနာများအား ပြင်းထန်သောဆေးဝါးများကို ကျွေးထားခြင်းလည်းမရှိချေ။ လူနာသည် စိတ်ကြည်လင်နေပြီး သတိကောင်းမွန်နေ၏။

ဘာသာရေးယုံကြည်မှုကို စွဲလမ်း၍ မသိစိတ်က ဖန်တီးလိုက်သဖြင့် နိမိတ်ထင်ခြင်းဖြစ်လာသည်ဟူသော စောဒကကိုလည်း ပယ်ဖျက်နိုင်ပါ၏။ အကြောင်းမှာ ဘာသာယုံကြည်ချက်မရှိသူများနှင့် ဘာသာအကြောင်းကို မသိနားမလည်ကြသေးသည့် ကလေးသူငယ်များ၌လည်း နိမိတ်ထင်လာခြင်းကြောင့်ပင်တည်း။

သို့ရာတွင် ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူအချို့တို့က သခင်ယေရှု သို့မဟုတ် ကောင်းကင်တမန်တော် လာရောက်ခေါ်ငင်သည်ကို မြင်တွေ့ကြရပြီး ဟိန္ဒူဘာသာဝင်အချို့တို့က ဟိန္ဒူဘုရား သို့မဟုတ် ယမမင်း သို့မဟုတ် သေမင်းတမန် (ယမ်ဒူ) လာရောက်ခေါ်ငင်သည်ကို မြင်တွေ့ကြရခြင်းတို့သည် ဘာသာယုံကြည်ချက်နှင့် ဆက်စပ်နေပေ၏။ ရွှေရှာဖွေနေသူသည် ဝါဝါမြင်တိုင်း ရွှေထင်မိသကဲ့သို့ မြွေကြောက်သူသည် ကြိုးမြင်လျှင် မြွေထင်မိသကဲ့သို့ စိတ်စွဲလမ်းမှုက နိမိတ်ကို တစ်မျိုးတစ်ဖုံပြုပြင်ဖန်တီးလိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။

လူမျိုး, ဘာသာ, ဓလေ့ထုံးစံ စသည်တို့ ကွဲပြားကြသော အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့တွင် သေခါနီးလူတို့က မြင်တွေ့ကြသောအာရုံများစွာတို့မှာ ဆင်တူနေကြသည်ကို သုတေသီတို့မြင်တွေ့ကြရ၏။ လူနာကိုတမလွန်ဘုံသားများ လာခေါ်ခြင်း၊ လာခေါ်သူတို့မှာ အများအားဖြင့် သေဆုံးခဲ့ပြီးသော ဆွေမျိုးသားချင်းများဖြစ်ခြင်း၊ လူနာအများစု (အထူးသဖြင့် အသက်ကြီးသူများ)

www.burmeseclassic.com

www.burmeseclassic.com



က လာခေါ်သည်ကိုလိုက်ပါသွားလိုကြခြင်း၊ အာရုံထင်ပြီးနောက် စိတ်ကြည်လင် ငြိမ်းချမ်းပြီး လူနာအခြေအနေကောင်းမွန်လာခြင်း၊ ထိုသို့ကောင်းမွန်လာသော် လည်း မကြာမီသေဆုံးသွားကြခြင်းတို့သည် အံ့ဩဖွယ်ကောင်းအောင် ဆင်တူ နေကြ၏။ ပိုမိုအံ့ဩစရာကောင်းသည်မှာ လူနာတို့ပြောပြသောတမလွန်လောက သည် သူတို့ယုံကြည်သော ဘာသာရေးကျမ်းများ၌ ဖော်ပြထားသည့် တမလွန် လောကနှင့် မတူညီခြင်းပင်တည်း။

တမလွန်လောကနှင့် တမလွန်ဘုံသားတို့ကို သေအံ့ဆဲဆဲလူနာတို့က မြင် တွေ့ကြရခြင်းမှာ အထောက်အထားများ အလွန်ထင်ရှားသဖြင့် ငြင်းပယ်ရန် မသင့်ချေ။ ထိုနိမိတ်အာရုံကို တစ်ခဏမျှသာ ရရှိခဲ့သော်လည်း ထိုနိမိတ်အာရုံ သည် လူနာတို့၏ စိတ်အစဉ်၌ မမေ့နိုင်အောင်စွဲကျန်ရစ်ပြီး သူတို့၏ စိတ်သဘော ထားကို ပြောင်းလဲစေ၏။

နိမိတ်ထင်ပြီးသောလူနာများစွာတို့သည် သေလျှင်ဘာဖြစ်မည်ကိုမသိသော ဘဝ၏ လျှို့ဝှက်ချက်ကို ထိုးဖောက်၍သိမြင်လိုက်ပြီဖြစ်၏။ ကောင်းသည့်ဘုံ ဘဝ၌ သို့မဟုတ် သေဆုံးပြီးသော ဆွေမျိုးများအလယ်၌ တစ်ဖန်ဖြစ်ရမည်ကို သိနားလည်လိုက်သော သူတို့သည် စိတ်ကြည်လင်ရွှင်လန်းလာကြ၏၊ သေခြင်း တရားကို မကြောက်တော့၊ လက်ရှိရောဂါဝေဒနာကိုလည်း ဂရုစိုက်နေစရာမလို တော့။ ဤအကြောင်းကြောင့်ပင် ရောဂါပျောက်ကင်းသွားသလို ခံစားလာကြရ သည်ဟု ယူဆနိုင်၏။

ဤသို့ ထူးဆန်းသောနိမိတ်ထင်မှုများနှင့် လူနာတို့၏ သဘောထားပြောင်း လဲမှုများကို တမလွန်ဘဝကိုထည့်သွင်းမစဉ်းစားဘဲ အခြားဖြစ်နိုင်သောအကြောင်း တရားများဖြင့် ဖြေရှင်းရန် သုတေသီတို့ ကြိုးပမ်းခဲ့ကြသေး၏။ သို့သော် ကျေနပ် ဖွယ်သောအဖြေများကို မရရှိကြချေ။

အချို့လူနာတို့သည် နိမိတ်ထင်ပြီးသည့်နောက် မည်သည့်အချိန်၌ မိမိတို့ သေမည်ကို ကြိုတင်သိရှိလာကြသေး၏။ အိန္ဒိယဆေးရုံကြီးတစ်ခု၏ အုပ်ချုပ် ရေးမှူးဖြစ်သူ ဆရာဝန်ကြီးတစ်ဦးက မိမိ၏ ဖခင်ကွယ်လွန်ပုံကို ဤသို့ပြောပြ ၏။

အသက် ၇၀-ကျော်အရွယ်ရှိသောဖခင်သည် ကင်ဆာရောဂါ၏ ပြင်းထန် သော နာကျင်ကိုက်ခဲသည့်ဝေဒနာကို အလူးအလဲခံစားနေရသဖြင့် မအိပ်နိုင်ချေ။ တစ်နေ့တွင် ခေတ္တမျှနှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားပြီးနောက် နိုးလာသောအခါ ရွှင်ရွှင်လန်းလန်းဖြစ်နေ၏။ ဝေဒနာများလည်း ထူးခြားစွာပျောက်ကင်းနေ၏။ သူက အိမ်သားအားလုံးကို ပြုံးရွှင်စွာနှုတ်ဆက်ပြီး မကြာမီ မိမိသေတော့မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ သူသည် ၁၀–မိနစ်ခန့် သတိကောင်းစွာရှိနေရာမှ မေ့မျောသွားပြီးလျှင် ငြိမ်သက်စွာကွယ်လွန်သွား၏။

ဤထူးခြားချက်များကိုဖြေရှင်းရန်အတွက် သုတေသီများသည် တမလွန်လောကရှိသည်ကို လက်ခံလာကြပြီးလျှင် ထိုလောကကို **တယ်လီပသီ, အီးအက်စပီ** (အပိုအာရုံသိမှုစွမ်းရည်) စသည့် ပရစိတ်ပညာတန်ခိုးဖြင့် သေခါနီးလူနာတို့ မြင်သိကြသည်ဟု အဆိုပြုကြ၏။

အဘယ်ကြောင့် တယ်လီပသီ, အီးအက်စပီစွမ်းရည်တို့သည် သေခါနီး အချိန်၌ ပေါ်ထွန်းလာကြသနည်း။ ဤစွမ်းရည်ဖြင့် တမလွန်လောကကို မြင်တွေ့ရသည်ဆိုလျှင် လူနာတစ်ဦးနှင့်တစ်ဦး အဘယ်ကြောင့်အမြင်အာရုံချင်း မတူကြသနည်း။

ဤမေးခွန်းများကို ဗုဒ္ဓ၏ တရားရှုထောင့်မှဖြေရှင်းလျှင် သဘာဝကျစွာ ပြေလည်သွားမည်ဖြစ်၏။

တယ်လီပသီ, အီးအက်စပီ စသည်တို့မှာ သမာဓိရှိသောစိတ်၏ စွမ်းရည်ထူးများ ဖြစ်ကြ၏။ ကံဆိုသည်မှာလည်း စိတ်ဦးဆောင်သော နာမ်၏ စွမ်းရည်ထူး တစ်ရပ်ပေတည်း။

*ကံသည် ဘုံဗိမာန်များနှင့် နောင်ဘဝများကို ဖန်တီးနိုင်စွမ်း ရှိ၏။ နောက်ဘဝ၌ အကျိုးပေးတော့မည့်ကံ၏ အစွမ်းကြောင့် ထိုကံ၏ နိမိတ် သို့မဟုတ် ထိုကံကိုပြုလုပ်စဉ်မြင်တွေ့ခဲ့ရသော ရှုခင်းဟူသည့် ကမ္မနိမိတ် သို့မဟုတ် လားရောက်ရမည့်ဘုံဘဝနှင့်ဆက်စပ်သော ဂတိနိမိတ် ထင်ပေါ်လာသည်ဟုဆိုခြင်းမှာ အလွန်သဘာဝကျပါသည်။*

ကောင်းသောကံသည် ကောင်းကျိုးကိုပေးပြီး မကောင်းသောကံသည် မကောင်းကျိုးကိုပေးသည်ဟူသည့်အတိုင်း ကံမတူကြသောလူအပေါင်းတို့သည် သေခါနီးအချိန်၌ နိမိတ်ထင်ပုံချင်း မတူညီကြချေ။

သေချိန်နီးသည့် လူနာများစွာတို့သည် ကွယ်လွန်ပြီးသောဆွေမျိုးသားချင်းများက မိမိတို့အား လာရောက်ခေါ်ငင်ကြသည်ဟုဆိုခြင်းကို ဤသို့ရှင်းပြနိုင်၏။

ကုသိုလ်ကောင်းမှုကို အကြီးအကျယ်ပြုလုပ်ခဲ့ခြင်းလည်းမရှိ, ဆိုးရွားသည့် မကောင်းမှုကို ကျူးလွန်ခဲ့ခြင်းလည်းမရှိကြသော လူတို့သည် သေဆုံးကြသည့်အခါ၌ အနိမ့်စားစတုမဟာရာဇ်နတ်များ ဖြစ်ကြသည့် ဝေမာနိကနတ်များဖြစ်ရန် အလားအလာရှိကြ၏။ ဤနတ်များသည် ရက္ခစိုးနတ်, ဘုမ္မစိုးနတ်တို့ကဲ့သို့ လူတို့နှင့် နီးနီးကပ်ကပ် နေထိုင်ကြ၏။ အချို့နတ်များသည် မိမိတို့ဘဝကူးပြောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းသာဖြစ်ပြီး မိမိတို့ဆက်လက်အသက်ရှင်နေကြောင်းကို ကျန်ရစ်သော ဆွေမျိုးသားချင်းများအား ပြောပြလိုကြ၏။ သို့သော် သူတို့၏တန်ခိုးသတ္တိနည်းပါးမှုကြောင့် လူတို့နှင့်မဆက်သွယ်နိုင်ကြချေ။

သေခါနီးချိန်၌ ကံ၏အစွမ်းသတ္တိဖြင့် လူ့နာတွင် တယ်လီပသီ, အီးအက်စပီ စသောစွမ်းရည်ထူးပေါ်လာသောအခါ ထိုနတ်တို့သည် လူနာနှင့်ဆက်သွယ်လာနိုင်ကြ၏။ ဂတိနိမိတ်ထင်ခိုက်သာ ယင်းသို့ဆက်သွယ်နိုင်သည်ဖြစ်၍ ဆက်သွယ်နိုင်သောအချိန်ကာလသည် သုတေသီတို့တွေ့ရှိခဲ့သည့်အတိုင်း စက္ကန့်အနည်းငယ်မှ ငါးမိနစ်အထိသာ ကြာညောင်းရခြင်းဖြစ်၏။

*သို့ဖြစ်၍ သေခါနီးအချိန်၌ မရဏာသန္နနိမိတ်ထင်လာခြင်းသည် ငြင်းပယ်၍မရသောအချက်တစ်ချက်ဖြစ်သည်နှင့်အညီ ဤဘဝမှ သေလွန်ပြီးနောက်၌ ဘဝတစ်ဖန်ဖြစ်ရဦးမည်ဟူသောအချက်သည်လည်း ငြင်းဆို၍မရသောအချက်တစ်ခု ဖြစ်ပေတော့၏။*

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
# သေပြီးသူများနှင့်ဆက်သွယ်ခြင်း

### မွန်လူမျိုးတို့၏နတ်က,သောလေ့

ဂျပန်ခေတ်အတွင်း ကျွန်တော်ကိုးနှစ်အရွယ်က ကျွန်တော့်မိခင် ကွယ်လွန်ခဲ့ပါသည်။ သုံးလခန့်ကြာသောအခါ ကျွန်တော်တို့ရပ်ကွက်တွင် နတ်ကပွဲများကျင်းပပါသည်။ ထိုနတ်ပွဲသည် ရိုးရာနတ်များကို ပသ,သည့်အနေဖြင့် နှစ်စဉ်ကျင်းပသောပွဲတစ်ခုဖြစ်၏။ တစ်ခါတစ်ရံရပ်ကွက်အတွင်း တစ်စုံတစ်ယောက်က အပြင်းအထန်နာမကျန်းဖြစ်ပြီး ဆေးကုသ၍မပျောက်ကင်းလျှင် နတ်မေးရန်အတွက် အထူးနတ်ပွဲကို ကျင်းပလေ့ရှိ၏။

ဝါးပိုးတိုင်များကိုထူ၍ အုန်းလက်များမိုးထားသော နတ်ကနားအတွင်းဝယ် အရှေ့ပိုင်းလက်ယာဘက်ခြမ်း၌ စင်တစ်ခုပြုလုပ်ထားပြီး ပူဇော်ပသ,စရာပစ္စည်းများကို တင်ထားကြ၏။ အရှေ့ပိုင်းလက်ဝဲဘက်ခြမ်း၌ ဆိုင်းအဖွဲ့က နေရာယူ၏။ နတ်ဆိုင်းကို ဟန်ချက်ညီညီတီး၍ နတ်ကပွဲကို စတင်လိုက်လေပြီ။

နတ်ကတော်ကြီးများက ဦးဆောင်ကပြကြပြီးနောက် အခြားမိန်းမများကပါ ဝင်ကကြ၏။ ဝင်ကသူတစ်ဦးစီကို နတ်ကတော်များက ဦးခေါင်း၌ အဝတ်ဖြူစည်းပတ်ပေးလိုက်ပြီး လက်ဝါးဖြင့်ပွတ်သပ်ကာ 'နတ်သွင်း' ပေး၏။ မကြာမီတစ်ကိုယ်လုံးတုန်လာပြီး ခုန်ကာခုန်ကာ က,လေတော့၏။

ကျွန်တော်တို့ကလေးတစ်သိုက်မှာ နတ်ကနားအပြင်ဘက်တွင် ဆော့ကစားနေကြ၏။ ခဏကြာသော် ကျွန်တော်တို့၏ အိမ်နီးချင်းမိန်းမတစ်ဦးက ကျွန်တော့်အမည်ကို အော်ခေါ်ပြီး "ဟဲ့...နင်တို့အမေ ခေါ်နေတယ်၊ နင်တို့ကို တွေ့ချင်တယ်တဲ့၊ မြန်မြန်လာ" ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်ကနားအတွင်းသို့ ကျွန်တော်ဘုမသိဘမသိ ဝင်သွားသောအခါ နတ်ပူးနေသည့်မိန်းမတစ်ဦးက ကျွန်တော့်ဦးခေါင်းကိုပွတ်သပ်ပြီး "သားတို့ နေကောင်းကြရဲ့လား၊ သားတို့ကို မေမေသတိရလို့လာခဲ့တာ၊ မော်တော်ကားတွေ လူပြည့်ကျပ်နေလို့ မေမေလိုက်မလာနိုင်ဘူး၊ အခုတော့ ကားဘီးပေါ်ကလိုက်စီးပြီး လာခဲ့ရတာကွဲ့၊ သားတို့ လိမ်လိမ်မာမာနေကြနော်"ဟု တတွတ်တွတ်ပြောဆိုပါသည်။ ထို့နောက် နတ်ကနားစင်ပေါ်မှ ငှက်ပျောသီးတစ်ဖီးကို လှမ်းယူပြီး ငှက်ပျောသီးနှစ်လုံးကိုခြွေပြီး ကျွန်တော့်အား ပေးလိုက်၏။

ကျွန်တော့်အားခေါ်လာသောမိန်းမက ကျွန်တော့်လက်ကိုဆွဲကာ "သွားကစားတော့"ဟုဆိုလိုက်၏။ နတ်ကသူများက ဆက်က,နေကြ၏။ အခြားသေဆုံးသူတို့၏ ကလေးများကိုလည်း ကျွန်တော့်နည်းတူလိုက်ခေါ်နေကြ၏။

ဤနတ်ကပွဲသည် မည်မျှအဓိပ္ပာယ်ရှိလေသနည်း။

ကျွန်တော်တို့၏ မိခင်သည် သေဆုံးပြီးနောက် အမှန်ပင်နတ်ဖြစ်နေသလော။ နတ်ကပွဲသို့လာရန် မော်တော်ကားစောင့်နေရပြီး ကားဘီးပေါ်မှလိုက်စီးလာရသည်ဟုဆိုသောနတ်သည် မည်သို့သောနတ်ဖြစ်လေသနည်း။

ကျွန်တော်၏ ဦးခေါင်းကိုပွတ်သပ်ပြီး "အောင်မယ်လေးသားရဲ့"ဟု အော်ငိုပြသောမိန်းမ၌ ကျွန်တော်၏ မိခင်နတ်က တကယ်ဝင်ပူးနေပါသလော။ လိုက်လိုက်လှဲလှဲမရှိသည်ကိုထောက်ရှု၍ နတ်ကသူက ဟန်ဆောင်ကာ ဝတ်ကျေတမ်းကျေ ပြောဆိုခြင်းပေလော။ မိခင်နတ်မဟုတ်ဘဲ အနီးအပါး၌ရှိသည့် နတ်တစ်ပါးပါးက ပုံမှားရိုက်ကာ အစားဝင်ပူးနေခြင်းပေလော။

## ဂတိငါးပါး

ဗုဒ္ဓဘာသာတွင် သေပြီးသူတိုင်း နတ်ဖြစ်မည်ဟုမဆိုထားပါ။ လူသေသောအခါ လားရောက်နိုင်သောဘုံဌာန (ဝါ) ဂတိငါးပါး ရှိပါသည်။

၁။ ဒေဝဂတိ – နတ်ပြည် သို့မဟုတ် ဗြဟ္မာ့ပြည်သို့လားရောက်ခြင်း၊

၂။ မနုဿဂတိ – လူ့ပြည်၌တစ်ဖန် ပဋိသန္ဓေနေခြင်း၊

၃။ ပေတဂတိ – ပြိတ္တာဘဝ, အသုရကာယ်ဘဝတစ်ခုခု၌ ဖြစ်ရခြင်း၊

၄။ တိရစ္ဆာနဂတိ – တိရစ္ဆာန်ဘဝသို့ ကျရောက်ခြင်း၊

၅။ နိရယဂတိ – ငရဲပြည်သို့ ရောက်သွားခြင်း၊

ဤဂတိငါးပါးတွင် ဒေဝဂတိနှင့် မနုဿဂတိတို့ကို ရရှိကြသူများမှာ အလွန်နည်းပါးပြီး အောက်ဂတိသုံးပါးတို့ကို ရရှိကြသောသူတို့ကသာ လွန်စွာများပြား

www.burmeseclassic.com

www.burmeseclassic.com



လုကြောင်းကို **သံယုတ်ပါဠိတော် နစသီခ** သုတ်တော်တွင် ဗုဒ္ဓမြတ်စွာ မြွက်ကြားတော်မူခဲ့၏။

## နတ်လောက

ဒေ၀ဂတိတွင် စတုမဟာရာဇ်, တာ၀တိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရိနိမ္မိတ၀သ၀တ္တီဟူသော နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာ့ဘုံ ၂၀-တို့ ပါ၀င်ကြ၏။

ကုသိုလ်ကံအစွမ်းကြောင့် နတ်ပြည်၌ ဥပပါတ်ပဋိသန္ဓေဖြင့် ဘွားခနဲဖြစ်လာကြသောနတ်တို့သည် ကံအစွမ်းကြောင့် ပေါ်ပေါက်လာကြသော ဘုံဗိမာန်များ၌ နေထိုင်၍ အလွန်နူးညံ့သိမ်မွေ့သော နတ်၀တ်တန်ဆာများကို ဆင်ယင်ကာ အနံ့, အရသာ, ဩဇာထူးခြားလှသော အစားအစာများကို မှီ၀ဲသုံးဆောင်ကြရ၏။

နတ်ဘုံများသည် လူ့ဘုံထက်သာလွန်သည့် ကာမဂုဏ်စည်းစိမ်ကို ခံစားနိုင်သောဘုံများ ဖြစ်ကြ၏။ ဗြဟ္မာ့ဘုံများသည် ကာမဂုဏ်ချမ်းသာထက်သာလွန်သော ဈာန်ချမ်းသာဖြင့် အလွန်ရှည်ကြာစွာစံမြန်းနိုင်သည့်ဘုံများ ဖြစ်ကြသဖြင့် နတ်ဘုံများထက်ပင် သာလွန်ကြ၏။

ဗုဒ္ဓအဘိဓမ္မာအရ အထက်စတုမဟာရာဇ်နတ်ဘုံသည် လူ့ဘုံမှ ယူဇနာ ၄၂၀၀၀-ကွာဝေး၏။ ထိုအထက်စတုမဟာရာဇ်နတ်ဘုံမှအစ အထက်အထက်သော နတ်ဘုံ, ဗြဟ္မာ့ဘုံများ၌ ကံအစွမ်းသတ္တိအရ စံမြန်းနေကြသော နတ်ဗြဟ္မာများသည် ကိုယ်ခန္ဓာအလွန်နူးညံ့သိမ်မွေ့ကြသဖြင့် သူတို့ကို လူတို့၏ မျက်စိဖြင့် မမြင်နိုင်၊ သူတို့တွင် အလွန်ထက်မြက်သော နတ်နား, နတ်မျက်စိများ ရှိကြ၏၊ သူတို့သည် ကာမဂုဏ်ချမ်းသာ, ဈာန်ချမ်းသာအသီးသီး၌ နစ်မြုပ်နေကြသဖြင့် လူ့ပြည်ကို သတိမရကြပါ၊ လူတို့၏ ကိုယ်အနံ့အသက်ကိုလည်း နတ်ဗြဟ္မာတို့ မခံနိုင်ကြပါ၊ လူတို့ပူဇော်ပသ,ကြသော အုန်းပွဲ, ငှက်ပျောပွဲစသည်တို့ကို အဘယ်မှာလျှင် တွယ်တာပါတော့အံ့နည်း။

ဤနတ်ဗြဟ္မာများကို သာမန်လူသားတို့ ဆက်သွယ်နိုင်ကြမည်မဟုတ်ပါ။ အဘိညာဉ်တန်ခိုးကြီးကြသော ဘုရား, ရဟန္တာ စသည့်ပုဂ္ဂိုလ်ထူးများကသာ မြင်နိုင်, တွေ့နိုင်, ဆက်သွယ်နိုင်ကြ၏။

သို့ရာတွင် စတုမဟာရာဇ်နတ်ဘုံသည် မြင်းမိုရ်တောင်မင်း၏ အလယ်တောင်ခါးပန်းမှစ၍ လူ့ပြည်အထိ ပျံ့နှံ့လျက်ရှိရာ အောက်စတုမဟာရာဇ်နတ်ဘုံများသည် လူ့ပြည်၌ပင်လျှင် သီးခြားအလွှာတစ်ခုအဖြစ် တည်ရှိနေကြ၏။

အောက်စတုမဟာရာဇ်နတ်တို့တွင် ရက္ခစိုး, ဘုမ္မစိုးနတ်တို့သည် ကိုယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘုံဗိမာန်များရှိပြီး တန်ခိုးအသင့်အတင့်ရှိကြ၏။ ထိုနတ်တို့ကိုမှီခိုကာ သစ်ပင်, ချုံပိတ်ပေါင်း, လျှိုရိုး, မြောင်ရိုး, လိုဏ်အိုး, ဂူအို, ကျောင်းပျက်, ကန်ပျက်, သုသာန် သချိုင်းစသည်တို့၌ ကပ်ရပ်မှီတွယ်လျက် ဆင်းရဲစွာနေကြသော ဘုံမဲ့နတ်များကို ဘုမ္မသိတနတ်များဟု ခေါ်သည်။ ယခုခေတ်အခေါ်အားဖြင့် ဘုတ်, မှင်စာ, တစ္ဆေ, သရဲ, အစိမ်း, သဘက်, ဘီလူး စသည်ဖြင့် အမည်တွင်နေကြသော နတ်ပြိတ္တာ ကလေးများပေတည်း။ ဤနတ်ပြိတ္တာကလေးများသည် ချမ်းသာအပေါင်းမှ ရွေ့ လျောကင်းကွာတတ်သောကြောင့် **ဝိနိပါတိကာအသုရာ** များဟုလည်း အမည် တွင်ကြ၏။

ဝိနိပါတိက နတ်ပြိတ္တာကလေးများသည် လမ်းအသွယ်သွယ်နှင့် အိမ်ကြို အိမ်ကြားများတွင် အမြောက်အမြားရှိကြ၏။ ထမင်းစေ့,ဟင်းဖတ်,အချွဲ,သလိပ်, နပ် စသည်တို့ကို လိုက်လံကောက်စားကြရ၏။ လူတို့ထက် အဆင့်နိမ့်ကြသည် နှင့်အညီ လူတို့ကမကြည်ဖြူ၍နှင်ထုတ်လျှင် မနေနိုင်ကြတော့ဘဲ ထွက်ခွာတိမ်း ရှောင်သွားရ၏။

နတ်ပြိတ္တာကလေးများတွင် လူတို့ထက်သာလွန်သည့် အစွမ်းသတ္တိတစ်ရပ် မှာ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ကိုယ်ဖျောက်နိုင်ခြင်းဖြစ်၏။ ကမ္မဇိဒ္ဓိတန်ခိုးဟူသည်မှာ ကံကြောင့်ဖြစ်သောတန်ခိုးဟု အဓိပ္ပာယ်ရ၏။ ဤတန်ခိုးဖြင့် သူတို့အား လူတို့ က အနှောင့်အယှက်မပြုနိုင်အောင် ကာကွယ်ထားနိုင်ကြ၏။

လူတို့တွင် အဆင့်အတန်းအမျိုးမျိုး, စိတ်ထားအမျိုးမျိုးရှိသလို နတ်တို့၌ လည်း အဆင့်အတန်းအမျိုးမျိုး, စိတ်ထားအမျိုးမျိုးရှိကြ၏။ စိတ်ထားကောင်း မွန်၍ ကူညီတတ်သော နတ်ကောင်းများရှိသလို စိတ်ထားယုတ်ညံ့၍ နှောင့်ယှက် တတ်သည့် နတ်မိစ္ဆာများလည်း ရှိကြ၏။

နတ်ပြိတ္တာများသည် ကမ္မဇိဒ္ဓိတန်ခိုးကိုသုံး၍ လူနှင့်တိရစ္ဆာန်ငယ်များကို ခြောက်လှန့်တတ်၏။ သွေး, လေ, သည်းခြေချောက်ချား၍ စိတ်အားငယ်နေသည့် အခါ 'ဖမ်းစား' တတ်၏။ 'ဖမ်းစား' သည်ဆိုသည်မှာ ဝင်ရောက်ပူးကပ်၍ အနှောင့် အယှက်ပြုထားခြင်းဖြစ်၏။ လူတို့က ပူဇော်ပသ,ကျွေးမွေးသောအခါ ထိုအနှောင့် အယှက်ကို နတ်သိမ်းပေးတတ်၏။

ထိုသို့အနှောင့်အယှက်ပေးခြင်းကိုလည်း လူတကာတို့အား အမြဲတစေ ပြု လုပ်နိုင်သည်မဟုတ်။ မကောင်းမှုများကြောင့် ကံနိမ့်ကျ၍ စိတ်ဓာတ်အားလျော့ နည်းနေသည့်အခါများ၌သာ နှောင့်ယှက်နိုင်ကြ၏။

အကယ်၍ နတ်ပြိတ္တာများအား အကျွမ်းဝင်အောင်လည်းမပြု၊ ပူဇော်ပသ, ခြင်းလည်းမပြုဘဲ သူ့စည်းကိုယ့်စည်းဖြင့် နေထိုင်ပါက ထိုအသုရာကလေးများ

www.burmeseclassic.com

www.burmeseclassic.com



သည် လူတို့အား အန္တရာယ်ပြုနိုင်ဖို့ဝေးစွ၊ အနားသို့ပင် မသီနိုင်ကြပါ။ လူတို့၏ အိမ်ဝင်းအတွင်းသို့လည်း ခွင့်ပြုမှဝင်နိုင်ကြ၏၊ ခွင့်မပြုလျှင် မဝင်နိုင်ကြပါ။

လူတို့ထက်ဘုန်းကံနည်းသော နတ်ပြိတ္တာများအား ပူဇော်ပသ,ခြင်းကြောင့် အကျိုးထူးများ ခံစားရဖွယ်မရှိပါ။ နတ်များ၏ ချစ်ခင်စောင်မ,ခြင်းကို အလိုရှိသော် ဗုဒ္ဓမြတ်စွာညွှန်ကြားသည့်အတိုင်း သီလမြဲအောင်စောင့်ထိန်း၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်သည့်အခါ နတ်တို့အား အမျှပေးဝေခြင်း, မေတ္တာပို့သခြင်းတို့ကို အမြဲမပြတ်ဆောင်ရွက်ရမည် ဖြစ်၏။

## ဝိညာဉ်လောက

အချို့စာရေးဆရာတို့ ရေးသားသုံးနှုန်းနေကြသော တမလွန်လောက (ဝါ) ဝိညာဉ်လောကဟူသည်မှာ နတ်လောကကို အဓိကထား၍ရည်ညွှန်းသုံးစွဲခြင်း ဖြစ်၏။

အမှန်မှု တမလွန်လောကဟူသည်မှာ ဂတိငါးပါးတွင် ဖော်ပြခဲ့သည့်အတိုင်း နတ်လောက, ဗြဟ္မာလောက, လူ့လောက, ငရဲလောက, တိရစ္ဆာန်လောက, ပြိတ္တာလောက, အသူရကာယ်လောကဟူ၍ ၃၁–ဘုံလုံးဖြစ်နိုင်၏။

သို့သော် လူတို့သေဆုံးပြီးနောက် ကျန်ရစ်သောဆွေမျိုးသားချင်းတို့နှင့် ပြန်လည်ဆက်သွယ်နိုင်သောဘဝများမှာ နတ်ဘဝနှင့်ပြိတ္တာဘဝတို့ ဖြစ်ကြ၏။ လူ့ဘုံနှင့် ဆက်စပ်လျက် လူတို့၏အနီးဝန်းကျင်တွင် နေထိုင်ကြသည့် ရုက္ခစိုး, ဘုမ္မစိုး, ဘုမ္မသိတနတ် စသော နတ်တို့သည်လည်းကောင်း၊ ပရဒတ္တူပဇီဝိတ ပြိတ္တာများသည်လည်းကောင်း အခြေအနေသင့်လျော်သည့်အခါ၌ လူတို့နှင့် ဆက်သွယ်နိုင်ကြ၏။

နတ်တို့ကို လူတို့က မမြင်တွေ့ရသည့်အတွက် နတ်လောကကို ဝိညာဉ်လောကဟု အချို့ကထင်မှတ်ကြ၏။ အချို့သော မိစ္ဆာအယူရှိသူတို့က လူတစ်ဦးစီတို့၌ အမြဲထာဝရတည်မြဲနေနိုင်သော ဝိညာဉ်ကောင် (ဝါ) အတ္တကောင်ရှိသည်ဟု ယုံကြည်ကြ၏။ လူသေသောအခါ ထိုဝိညာဉ်ကောင်သည် ခန္ဓာကိုယ်မှ ခွာထွက်ပြီး သီးခြားတည်နေနိုင်သည်ဟုလည်း ထင်မှတ်ကြ၏။

ဗုဒ္ဓအဘိဓမ္မာအရ ရုပ်သက်သက်သာရှိသော အသညသတ်ဗြဟ္မာဘုံနှင့် နာမ်သက်သက်သာရှိသော အရူပဘုံများမှလွဲ၍ ကျန်ဗြဟ္မာဘုံများ, နတ်ဘုံများ, လူ့ဘုံနှင့် အပါယ်လေးဘုံ (ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသူရကာယ်) တို့၏ ရုပ်နှင့်နာမ် ပူးပေါင်း၍သာ တည်ရှိကြ၏။ နာမ်သက်သက် (ဝါ) ဝိညာဉ်သက်သက်ဟူ၍ မတည်ရှိနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နာမ်သက်သက်သာရှိကြသော အရူပဗြဟ္မာများသည် မျက်စိမရှိ, နားမရှိကြသောကြောင့် မြင်လည်းမမြင်နိုင်၊ ကြားလည်း မကြားနိုင်ပါ။ သိဒ္ဓတ္ထမင်းသားတောထွက်၍ တရားရှာဖွေနေသည့်အချိန်၌ ရူပဈာန်, အရူပဈာန်များကို ဝင်စားနိုင်အောင် နည်းညွှန်ပြသပေးခဲ့ကြသော အဠာရရသေ့နှင့် ဥဒကရသေ့တို့သည် ဘုရားမပွင့်မီကွယ်လွန်ကြပြီး အရူပဘုံသို့ရောက်ရှိသွားကြသဖြင့် ဘုရားပွင့်သောအခါ သူတို့အား မကယ်ချွတ်နိုင်တော့ချေ။

တန်ခိုးသေးနုပ်ကြသောနတ်တို့သည် လူတို့မြင်နိုင်အောင် ကိုယ်ထင်မပြနိုင်ကြပါ။ သူတို့ကို မမြင်နိုင်သည့်အတွက် သူတို့တွင် ခန္ဓာမရှိဟု မမှတ်ယူသင့်ပါ။ ပရစိတ်ပညာတန်ခိုးရှိကြသော လူများသည် သူတို့ကို မြင်တွေ့နိုင်ကြ၏။ သူတို့နှင့် စကားပြောဆိုနိုင်ကြသည်။

အခန်း (၁) တွင် ဖော်ပြခဲ့သော ဆွီဒင်ဗော့သည် ပရစိတ်ပညာတန်ခိုးဖြင့် နတ်လောက၌လှည့်လည်၍ နတ်တို့နှင့်ဆက်သွယ်နိုင်စွမ်းရှိ၏။ သူကဲ့သို့ပင် ပရစိတ်ပညာတန်ခိုးရှိပြီး နတ်တို့နှင့်ဆက်သွယ်နိုင်ကြသော **နတ်ဝင်သည်** [၁] များသည် အင်္ဂလန်, အမေရိကန်စသည့်နိုင်ငံများ၌ အထင်အရှားရှိခဲ့ကြ၏။ နာမည်ကျော်ကြားသော နတ်ဝင်သည်အချို့တို့၏ စွမ်းဆောင်ချက်များကို ဤအခန်းတွင် ရေးသားတင်ဆက်မည် ဖြစ်ပါသည်။

## ကြို့ပင်ကောက်မှလေချွန်နတ်

သေဆုံးခဲ့ပြီးသောလူတစ်ယောက်သည် မည်သည့်ဘဝ၊ မည်သည့်နေရာ၌ ရောက်ရှိနေသည်ကို ကြို့ပင်ကောက်မြို့မှလေချွန်နတ်က ပြောပြနိုင်သည်ဟု ကြားသိရသဖြင့် ကြို့ပင်ကောက်မြို့မှ ကျွန်တော့်မိတ်ဆွေ ဆရာဆရာမများကို မေးမြန်းစုံစမ်းကြည့်ဖူး၏။

နတ်မေးလိုသူတို့သည် နတ်မေးနိုင်သည့်အိမ်သို့ ညဥ့်အခါသွားရောက်ကြရ၏။ အလင်းရောင်မှိန်မှိန်ကလေးရှိသည့် အခန်းကျယ်ထဲ၌ နတ်မေးသူတစ်ဦးက မိမိတို့မေးလိုသူတစ်ဦး၏ အမည်, အသက်, သေဆုံးသောနေ့ရက်, အလောင်းကို သင်္ဂြိုဟ်မြှုပ်နှံသည့်သင်္ချိုင်းတို့ကို ပြောဆိုရသည်။ ထိုအခါ ရွှီး...ဟူသော လေချွန်နတ် ထွက်ခွာသွားသောအသံကို ကြားကြရ၏။

လေချွန်နတ်သည် သေဆုံးခဲ့သူအား သင်္ဂြိုဟ်မြှုပ်နှံထားသောသင်္ချိုင်းသို့ သွား၍ သေဆုံးသူအဖြစ်မှ ဘဝပြောင်းလာသော ဝိနိပါတိကနတ်ကို ရှာဖွေကာ ခေါ်ဆိုလာသည်ဟု ယူဆရ၏။ ရွှီး...ဟူသော ပြန်ရောက်လာသောအသံကို အိမ်

---

၁။ medium

www.burmeseclassic.com

www.burmeseclassic.com



ခန်းတွင်းရှိလူများက ကြားကြရ၏၊ အများအားဖြင့် တစ်ခဏအတွင်းပြန်ရောက်လာတတ်၏၊ တစ်ခါတစ်ရံမူ သက်ဆိုင်ရာနတ်ကို လိုက်ရှာနေသည်နှင့် မိနစ်အနည်းငယ် ကြာညောင်းသွားတတ်၏။

အကယ်၍ သေဆုံးသူ၏နတ်က လိုက်ပါလာလျှင် မိမိ၏ဘဝအကြောင်းကို ကိုယ်တိုင်ပြောဆိုနိုင်ပါက ပြောပြလေတော့၏။ ပြောဆိုသောအချက်အလက်များကို ထောက်ရှု၍ နတ်မေးသူများက ယုံကြည်ကာ ဝမ်းသာကြသည်လည်း ရှိ၏၊ ဝမ်းနည်း၍ ငိုယိုကြသည်လည်း ရှိကြ၏။

သေဆုံးသူကို ရှာမတွေ့လျှင်ဖြစ်စေ၊ သေဆုံးသူနတ်က စကားပြောနိုင်စွမ်းမရှိလျှင်ဖြစ်စေ လေချွန်နတ်၏အဖြေကို ကြားကြရ၏။ လေချွန်သံဖြင့် ဆိုလိုသောစကားကို ခန့်မှန်းနိုင်ကြသည်ဆို၏။ အိမ်ရှင်မိန်းမကြီးက လေချွန်သံကို နားလည်သဖြင့် တစ်ဆင့်ရှင်းပြပေး၏။

နတ်မေးသူက မကျေနပ်၍ ဘယ်ဘဝရောက်နေသည်ကို ထပ်ရှာစေလိုလျှင် လေချွန်နတ်သည် တစ်ဖန်ထွက်၍ရှာပြန်၏။ ရှာမတွေ့လျှင် အထက်နတ်ဘုံသို့ သွားပြီ၊ သို့မဟုတ် တိရစ္ဆာန်ဘုံစသည့် ဒုဂ္ဂတိဘုံသို့ရောက်သွားပြီကို လေချွန်နတ်က ပြန်ပြောပြ၏။

**'စွယ်စုံကျော်ထင်ကျမ်း'** ၌ ကြည့်ကန်ရှင်ကြီးက **'လူတို့ပညတ်၊ လေချွန်နတ်၊ သည်နတ်ဘယ်ဘုံသွင်းမည်နည်း'** ဟု မေးမြန်းထားသည်ကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက ဤသို့ဖြေကြားထားတော်မူ၏။

"နတ်ပြိတ္တာမျိုးဖြစ်၍ စကားသံကို ကောင်းစွာမဆိုနိုင်၊ လေချွန်သံကဲ့သို့ အသံငယ်သာထွက်သည်။ ထို့ကြောင့် လေချွန်နတ်ဟုခေါ်၏။ စတုမဟာရာဇ်သို့ သွင်းရမည်"

ထို့နောက် နတ်ပြိတ္တာနှင့်အသုရကာယ်ပြိတ္တာတို့၏ကွာခြားပုံကိုဆရာတော်သည် ဤသို့ဆက်လက်ရှင်းပြထား၏။

"အကြင်သူသည် ဤလူ့ဘဝ၌ ခိုးဝှက်, လုယက်, နှိပ်စက်သတ်ဖြတ်ခြင်းတို့ဖြင့် ရအပ်သောပစ္စည်းဥစ္စာဖြင့် စွန့်ကြဲပေးကမ်းလှူဒါန်း၏။ ငါးပါးသောသီလတွင် သုံးပါး၊ သို့မဟုတ် လေးပါးကို စောင့်ထိန်း၍ နှစ်ပါး၊ သို့မဟုတ် တစ်ပါးကို ကျူးလွန်၏။ နှုတ်ဖြင့် ရတနာသုံးပါးကိုကိုးကွယ်ဆည်းကပ်၍ ကိုယ်စိတ်တို့ဖြင့် မရိုသေခြင်းပြု၏။ ဤသို့ပြုအပ်သောကံသည် ကုသိုလ်, အကုသိုလ် နှစ်ပါးရောယှက်နေသောကြောင့် မိဿကကံ မည်၏။

ထိုကံအကျိုးပေးသောအခါ အကယ်၍ ကုသိုလ်ကံက ရှေ့ဆောင်၍အကျိုးပေးလျှင် စတုမဟာရာဇ်၌အကျုံးဝင်သော **ဝေမာနိကပြိတ္တာ** ဖြစ်ရ၏။ အကယ်၍

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကံက ရှေ့ဆောင်၍အကျိုးပေးလျှင် အပါယ်လေးဘုံ၌အကျုံးဝင်သော **အသူရကာယ်ပြိတ္တာ** ဖြစ်ရ၏။

အသူရကာယ်ပြိတ္တာသည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်၍ အမျှအတန်းပေးဝေသည်ကို မရနိုင်၊ မကျွတ်နိုင်။ နတ်ပြိတ္တာတို့ကား အချို့မှာ သုဂတိအဟိတ်၊ အချို့မှာ ဒွိဟိတ်၊ အချို့မှာ တိဟိတ်ပုဂ္ဂိုလ်များဖြစ်၍ အမျှအတန်းပေးဝေသည်ကို သာဓုခေါ်နိုင်ကြ၏၊ ကျွတ်နိုင်ကြ၏။ ဤသည်လျှင် အထူးကွာခြားကြ၏။ ကိုယ်ခန္ဓာနှင့် စည်းစိမ်ချမ်းသာကို ခံစားရခြင်းတို့၌ကား မထူးခြားကြ၊ အလားတူကြသည်သာတည်း။"

သို့အတွက် လေချွန်နတ်သည် တန်ခိုးအသင့်အတင့်ကြီးသော ဝေမာနိက နတ်ပြိတ္တာမျိုး၌ ပါဝင်၏။

မြန်မာနိုင်ငံ၌ တမလွန်လောကအကြောင်းကို စနစ်တကျသုတေသနပြုမှုများ မရှိသေးပါ။ ဗုဒ္ဓတရားတော်တွင် သိသင့်သိထိုက်သမျှ တမလွန်လောက အကြောင်း ပါရှိနေသဖြင့် ဤထက်ပိုသိအောင် သုတေသနပြုစရာလည်း လိုအပ်မည်မထင်ပါ။

## အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့၌

ဥရောပနိုင်ငံများနှင့် အမေရိကန်၊ ကနေဒါနိုင်ငံတို့တွင် လူသေလျှင် ဘဝပြတ်စဲသွားခြင်းမရှိဘဲ အတ္တဝိညာဉ်သည် တမလွန်လောက၌ သွားလာကျင်လည်နေသည်ဟု ယုံကြည်ကြသူအမြောက်အမြားရှိ၏။ သို့အတွက် တမလွန်လောကနှင့် ဆက်သွယ်နိုင်ရန် ၁၈၈၀ ပြည့်နှစ်ခန့်ကတည်းက ကြိုးပမ်းခဲ့ကြ၏။

တမလွန်လောကကို စူးစမ်းရာ၌ သုတေသီတို့ အထူးအားထားကြရသော ပုဂ္ဂိုလ်များမှာ နတ်ဝင်သည်များ ဖြစ်ကြ၏။ အချို့နတ်ဝင်သည်တို့သည် သေလွန်ခဲ့ပြီးသောသူတို့နှင့် ဆက်သွယ်ရေး၌ အထူးအံ့သြဖွယ်ကောင်းအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြ၏။

လေ့လာသောသုတေသီများတွင် ထိပ်တန်းပညာရှင်များ၊ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ ဒဿနိကပါမောက္ခများ၊ သိပ္ပံပညာရှင်များ၊ ဆရာဝန်များ၊ **ဆာ**[၁] ဘွဲ့ **လော့**[၂] ဘွဲ့ရသည့် ပုဂ္ဂိုလ်များ ပါဝင်ခဲ့ကြ၏။

စူးစမ်းသောနည်းများမှာ စေ့စပ်လှ၏။ တွေ့ရှိရသောအချက်အလက်များမှာလည်း တိကျလှ၏။ ကြီးကျယ်သောပရိသတ်များ၏ ရှေ့မှောက်၌ပင် သေဆုံး

၁။ Sir ၂။ Lord

www.burmeseclassic.com

www.burmeseclassic.com



ပြီးသောသူများနှင့် ကျန်ရစ်သည့်ဆွေမျိုးများတို့အား ဆက်သွယ်ပေးခြင်းကို အံ့မခန်းလိလိ လက်တွေ့ပြသပေးနိုင်ခဲ့ကြ၏။

ဤလေ့လာမှုများကြောင့် နောက်ဘဝရှိသည်ကို မယုံကြည်ခဲ့ကြသော သုတေသီများနှင့် သိပ္ပံပညာရှင်များသည်ပင် နောက်ဘဝရှိခြင်းကို လက်ခံလာကြတော့၏။

ခရစ်သက္ကရာဇ် ၁၈၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြသော **ဗြိတိသျှပရစိတ်ပညာသုတေသနအသင်း** [၁] ၏ ပထမဥက္ကဋ္ဌဖြစ်သူ သိပ္ပံပါမောက္ခ **ဟင်နရီဆစ်ဂွစ်** [၂] နှင့် သူ၏ဇနီး **မစ္စစ်ဆစ်ဂွစ်** [၃] တို့သည် တမလွန်လောကအကြောင်းကို သုတေသနပြုရာ၌ တက်ကြွစွာပါဝင်ခဲ့၏။ ပါမောက္ခဆစ်ဂွစ် ကွယ်လွန်ပြီးသည့်နောက်၌ မစ္စစ်ဆစ်ဂွစ်သည် အသင်း၏ဥက္ကဋ္ဌဖြစ်လာ၏။ ဉာဏ်ပညာထက်မြက်၍ ဆန္ဒစွဲ၊ ဝါဒစွဲမရှိဘဲ နှိုင်းနှိုင်းချိန်ချိန် တွေးခေါ်နိုင်ခြင်းကြောင့် သူမအား အခြားပညာရှင်များက လေးစားကြရ၏။ မစ္စစ်ဆစ်ဂွစ်သည် အသင်း၏နှစ်(၅၀)မြောက်ညီလာခံသဘင်၌ စာတမ်းတစ်စောင်တင်သွင်းရာ "အသင်း၏ လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ တမလွန်ဘဝရှိခြင်းကို မိမိအခိုင်အမာယုံကြည်ပါကြောင်း" ထုတ်ဖော်ပြောဆိုခဲ့၏။

ဗြိတိသျှပရစိတ်ပညာသုတေသနအသင်း၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသော ဒဿနိကပါမောက္ခ **စီဒီဘရော့** [၄] ကလည်း "ကျွန်ုပ်ဟာ လူ့ဘဝကို စိတ်ပျက်ငြီးငွေ့တဲ့အတွက် သေပြီးတဲ့နောက် ဘဝသစ်တစ်ဖန်ဖြစ်ရခြင်းကို မလိုလားပါ။ ဒါပေမဲ့ သုတေသီများရဲ့တွေ့ရှိချက်များကို သေသေချာချာလေ့လာခဲ့တာမို့ ကျွန်ုပ်သေတဲ့အခါ တမလွန်လောကကိုရောက်သွားရင် အတော်မကျေမနပ်ဖြစ်မိမှာ သေချာပေမယ့် အံ့သြခြင်းတော့ဖြစ်တော့မှာ မဟုတ်တော့ဘူး" ဟု ရေးသားခဲ့၏။

## တမလွန်လောကမှ နှုတ်ဆက်လွှာ

၁၉၇၈ ခုနှစ်၊ မေလ ၁-ရက်နေ့ထုတ် နယူးစ်ဝိ(ခ်)မဂ္ဂဇင်းတွင် သတင်းထူးတစ်ပုဒ် ပါလာ၏။

အမေရိကန်ပြည်ထောင်စုတွင် သားသမီးများနှင့်ဝေးကွာ၍ အထီးကျန်ဖြစ်နေကြသော အိုမင်းရင့်ရော်သူများကို သေချိန်နီးသည့်ကာလ၌ အားပေးကူညီစောင့်ရှောက်ရန် စေတနာ့ဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းထားကြ၏။ ဤအဖွဲ့များ

---

၁။ British Parapsychology Society
၂။ Henry Sidgwick
၃။ Mrs. Sidgwick
၄။ C.D. Broad

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆရာဝန်များ, စိတ်ပညာရှင်များ, တရားဟောဆရာများ, လူမှုရေးပါရဂူများ စသည်တို့ ပါဝင်ကြ၏။

ထိုအဖွဲ့တစ်ခုတွင်ပါဝင်သော စိတ်ရောဂါကုပါရဂူ **ဒေါက်တာအယ်လစ္စဘက်ကူဘလာရော့(စ်)**[၁] သည် သေပြီးသောသူများနှင့် မကြာခဏဆက်သွယ်ခွင့်ရခဲ့၏၊ သေဆုံးပြီးသူများသည် သူ့ရှေ့တွင်ကိုယ်ထင်ပြပြီး ကျေးဇူးတင်စကားပြောကြားလာကြ၏။

တစ်ကြိမ်တွင် ရက်များမကြာမီကသေဆုံးခဲ့သော **မေရီစဝတ်(စ်)**[၂] သည် ကူဘလာရော့(စ်)ရှေ့မှောက်၌ ကိုယ်ထင်ပြ၏။ ဒေါက်တာကူဘလာရော့(စ်)က ကိုယ်ထင်ပြသူအား စားပွဲပေါ်မှစာရေးစက္ကူနှင့် ကလောင်တံကိုသုံးစေကာ သူတို့နှစ်ဦးစလုံးသိကျွမ်းသော မိတ်ဆွေတစ်ဦးထံသို့ နှုတ်ဆက်စကား ရေးသားစေ၏၊ ထို့နောက် စာပေါ်တွင် လက်မှတ်ရေးထိုးစေ၏။ ကိုယ်ထင်ပြသူက လိုက်လျောကာ စာရေးသားပြီး လက်မှတ်ရေးထိုးပေးလိုက်၏။

ထိုစာကို နယူး(စ်)ဝိ(ခ်)မဂ္ဂဇင်းတွင် ဓာတ်ပုံသတင်းအဖြစ် ဖော်ပြထား၏။

ဒေါက်တာကူဘလာရော့(စ်) သည် ခန္ဓာကိုယ်ပြင်ပအတွေ့အကြုံများကိုရရှိထားသူ ဖြစ်၏။ **ဝိညာဉ်လမ်းညွှန်**[၃] များနှင့်လည်း တွေ့ဆုံခဲ့ရပြီး ထိုသူတို့က သူမအား တမလွန်လောကအကြောင်းကို ပြောပြသည်ဆို၏။

ဒေါက်တာကူဘလာရော့(စ်) နှင့် အခြားသုတေသီများ၏ ရှာဖွေတွေ့ရှိချက်များဖြစ်သော တမလွန်လောကအကြောင်းကို အမေရိကန်ပရိသတ်က အထူးစိတ်ဝင်စားနေကြ၏။

၁၉၇၈ ခုနှစ်၌ **ဆန္ဒမဲ**[၄] များ ကောက်ခံကြည့်သောအခါ အမေရိကန်ပြည်သူတို့၏ ၇၀ ရာခိုင်နှုန်းသည် သေပြီးသည့်နောက်၌ ဘဝရှိဦးမည်ကိုယုံကြည်ကြောင်း သိရှိရ၏။

## ကျီးဖြူ-မစွက်ပိုက်ပါ

*"ကျီးတွေအားလုံးဟာ မည်းတယ်ဆိုတဲ့နိယာမကို ခင်ဗျားတို့ချေဖျက်လိုတယ်ဆိုရင် ကျီးတွေအားလုံးဟာ မမည်းဘူးဆိုတာကို ကြိုးစားပြနေဖို့မလိုဘူး၊ ကျီးဖြူတစ်ကောင်ကို တွေ့အောင်သာရှာပါ၊ တွေ့ရင် ပထမနိယာမက ပျက်ပြယ်သွားတော့တာပဲ။ ကျွန်တော်ရှာဖွေခဲ့တဲ့ ကျီးဖြူဟာ* ***မစွက်လီယိုနိုရာပိုက်ပါ*** [၅] *ပါပဲ၊ သူမ* ***အိပ်မွေ့ကျ*** [၆]

---

၁။ Dr. Elisabeth Kubler-Ross
၂။ Mary Swarts
၃။ Spirit guide
၄။ Polls
၅။ Mrs. Leonora Piper
၆။ Trance

www.burmeseclassic.com

www.burmeseclassic.com



*နေတဲ့အခိုက်မှာ သာမန်နည်းနဲ့ မျက်စိ, နား, အသိဉာဏ်တို့ကို သုံးပြီး မမြင်ကြားနိုင်, မသိနိုင်တဲ့ အကြောင်းအရာတွေကို သူမ သိနိုင်တယ်။"*

ဤစာကိုရေးသားလိုက်သည့်ပုဂ္ဂိုလ်မှာ သာမညပုဂ္ဂိုလ်မဟုတ်၊ ကမ္ဘာကျော်တွေးခေါ်ပညာရှင်ကြီးတစ်ဦးဖြစ်သည့် အမေရိကန် **ဟားဗတ်တက္ကသိုလ်** [၁] စိတ်ပညာ **ပါမောက္ခဝီလျံဂျိမ်း** [၂] ဖြစ်၏။ ဂျိမ်း၏စာကြောင့် လေးစားအပ်သော သိပ္ပံပညာရှင်များနှင့် သုတေသီများစွာတို့က မစ္စက်လီယိုနိုရာပိုက်ပါအား စမ်းသပ်ခဲ့ကြ၏။

လီယိုနိုရာငယ်စဉ်က ထူးခြားသောအတွေ့အကြုံအချို့ကို ကြုံတွေ့ခဲ့ရ၏။ ထိုအတွေ့အကြုံသည် သေပြီးသောသူများက လီယိုနိုရာနှင့်ဆက်သွယ်နိုင်ကြောင်းကို ညွှန်ပြကြ၏။

လီယိုနိုရာ အသက် ၂၂ နှစ်အရွယ်တွင် ဘော့စတွန်မြို့မှ ဝီလျံပိုက်ပါနှင့် အိမ်ထောင်ကျ၏၊ သုံးနှစ်ကြာသောအခါ သမီးတစ်ယောက်မွေးဖွား၏။ ထိုအခါ လွန်ခဲ့သောနှစ်များစွာက ထိခိုက်ခဲ့သောဒဏ်ရာသည် ပြန်လည်ရန်ရှာလာသည့်အတွက် အကြားအမြင်ရသည့်မျက်ကန်းတစ်ဦးထံ သွားရောက်တိုင်ပင်၏။ ထိုမျက်ကန်းက သူမအားစမ်းသပ်နေစဉ် သူမမေ့မျောသွား၏။

နောက်ရက်သတ္တပတ်၌ ထိုအကြားအမြင်ပုဂ္ဂိုလ်၏ ပုံမှန်အစည်းအဝေး(ဝါ) **ဝိုင်း** [၃] သို့ မစ္စက်ပိုက်ပါအား ဖိတ်ကြားသဖြင့် သူမသွားရောက်နားထောင်၏။ ဤအကြိမ်တွင် သူမသည် 'အိပ်မွေ့ကျ' သွားပြီး ထိုင်ရာမှထကာ ဝိုင်းအလယ်ရှိ စားပွဲငယ်ထက်မှ စာရေးစက္ကူနှင့်ခဲတံကို ကောက်ယူပြီးလျှင် လျင်မြန်စွာစာရေးလိုက်၏။ ထိုစာကို ဝိုင်း၌ပါဝင်သောလူကြီးတစ်ယောက်အား ကမ်းပေးလိုက်၏။

မစ္စက်ပိုက်ပါသတိရသောအခါ ထိုလူကြီးက သေဆုံးခဲ့သော သူ့သားထံမှ သတင်းစကားကို ရေးသားပေးသည့်အတွက် သူမအား ကျေးဇူးတင်ကြောင်း ပြောကြားလာ၏။ ဤအချိန်မှစ၍ မစ္စက်ပိုက်ပါသည် နတ်ဝင်သည်တစ်ဦး ဖြစ်လာ၏။

တမလွန်လောကနှင့် ဆက်သွယ်သောအခါ **အထိန်းနတ်** [၄](ဝါ) **လမ်းညွှန်နတ်** [၅] တစ်ဦးဦးက မစ္စက်ပိုက်ပါ၏လျှာခင်ကို ထိန်းချုပ်၍ စကားပြောသံထွက်လာစေ၏။ သို့မဟုတ် သူမ၏ လက်ကိုထိန်းချုပ်၍ **အလိုအလျောက်စာရေးခြင်း** [၆] နည်းဖြင့် ရေးသားစေ၏။

---

၁။ Harvard University
၂။ William James
၃။ Circle
၄။ Control
၅။ Spirit guide
၆။ Automatic writing

www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ပိုက်ပါ၏ လမ်းညွှန်နတ်တစ်ပါးမှာ သူမကိုစူးစမ်းလေ့လာနေသော ပရစိတ်ပညာသုတေသီ **ဒေါက်တာရစ်ချတ်ဟော့ဆင်**[၁] ၏ မိတ်ဆွေ **ဂျော့ပယ်လ်ဟမ်း**[၂] ဖြစ်၏။ ပယ်လ်ဟမ်းသည် မကြာမီက သေဆုံးခဲ့သူဖြစ်၏။ သူအသက်ရှင်နေစဉ်အခါက နောင်ဘဝကိုမယုံကြည်ချေ။ သေခြင်းကနဲ့လနဲ့ကာ၏ နောက်ကွယ်၌ သူအသက်ရှင်နေသေးကြောင်းကို သူ၏ ဆွေမျိုးများနှင့်မိတ်ဆွေများက သိရှိရန်အတွက် အလိုအလျောက်စာရေးခြင်းနည်းဖြင့် မစ္စက်ပိုက်ပါမှတစ်ဆင့် သူဆက်သွယ်လာ၏။

ပါမောက္ခဝီလျံဂျိမ်းသည် မစ္စက်ပိုက်ပါ၏ ဓာတ်စီးဝိုင်းများကို တစ်နှစ်ခွဲကြာမျှ ကြီးကြပ်၍ သူမ၏ အပိုအာရုံသိမှုစွမ်းရည်ကို လေ့လာခဲ့၏။ တစ်ကြိမ်တွင် ဝီလျံဂျိမ်း၏ ယောက္ခမသည် အင်္ဂလန်မှပြန်လာပြီးနောက် ဘဏ်စာအုပ်ပျောက်၍ ရှာမတွေ့သည်၏ အဆုံး၌ မစ္စက်ပိုက်ပါအား မေးကြည့်၏။ မစ္စက်ပိုက်ပါ ညွှန်ပြသောနေရာ၌ သွားရောက်ကြည့်ရှုသည့်အခါ ဘဏ်စာအုပ်ကိုတွေ့ရ၏။

တစ်ကြိမ်တွင်လည်း ဝီလျံဂျိမ်း၏ သေဆုံးပြီးသောအဒေါ်တစ်ယောက်သည် မစ္စက်ပိုက်ပါအားဓာတ်စီး၍ နယူးယောက်မြို့ရှိ ဆွေမျိုးနှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေကို ပြောပြ၏။ နယူးယောက်မြို့မှစာရောက်လာသောအခါမှ မှန်ကန်ကြောင်း ဝီလျံဂျိမ်းတွေ့ရ၏။

တစ်ဖန် မစ္စက်ပိုက်ပါ၏ ဓာတ်စီးဝိုင်းတစ်ခု၌ နယူးယောက်မြို့နေ ဝီလျံဂျိမ်း၏ **အဒေါ်ကိတ်**[၃] သည် ထိုနေ့နံနက်၌ သေဆုံးသွားကြောင်းသတင်းကို ဓာတ်စီးပြီး ပြောပြန်၏။ နယူးယောက်မြို့မှကြေးနန်းရောက်လာသောအခါ ထိုသတင်းမှန်ကြောင်း သိရပြန်၏။

ဝီလျံဂျိမ်းသည် အမေရိကန်ပရစိတ်ပညာသုတေသနအသင်း၏ ကိစ္စများကို ဆက်လက်မကြီးကြပ်နိုင်သောအခါ အင်္ဂလန်ပရစိတ်ပညာသုတေသနအသင်းသို့ 'စစ်မှန်သည့်လျှို့ဝှက်ချက်များကို သုတေသနပြုဖို့ လူတစ်ဦးစေလွှတ်ပေးပါ' ဟု စာရေးလိုက်၏။ မကြာမီ ကင်းဘရစ်တက္ကသိုလ်ဘွဲ့ရသြစတြေးလျန်းလူမျိုး ဒေါက်တာရစ်ချတ်ဟော့ဆင် ရောက်လာ၏။

ဒေါက်တာဟော့ဆင်သည် ပရစိတ်ပညာအတုအယောင်များကို စုံစမ်းဖော်ထုတ်နိုင်သော ဉာဏ်ပညာထက်မြက်သည့် သုတေသီတစ်ဦးဖြစ်၏။ သူသည် သတင်းထောက်များအား ငှားရမ်းပြီး နတ်လာမေးသူတို့ထံမှ ကြိုတင်သတင်းရယူထားခြင်း ရှိမရှိစုံစမ်းစေ၏။ နတ်မေးသူများကို မစ္စက်ပိုက်ပါ ကြိုတင်မသိနိုင်ရန်

၁။ Dr. Richard Hodgson ၂။ George Pelham ၃။ Aunt Kate

www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း သူထိန်းချုပ်ထား၏။ လပေါင်းများစွာစုံစမ်းပြီးသောအခါ ဒေါက်တာဟော့ဆင်သည် နောက်ဘဝရှိခြင်းကို ယုံကြည်လာ၏။ မစ္စက်ပိုက်ပါ၏ အပိုအာရုံသိမှုစွမ်းရည်ကို အသေးစိတ်ဖော်ပြထားသော စာအုပ်နှစ်အုပ်ကိုလည်း သူရေးသားထုတ်ဝေခဲ့၏။

မစ္စက်ပိုက်ပါသည် အင်္ဂလန်သို့အကြိမ်ကြိမ်ဖိတ်ခေါ်ခြင်းကိုခံရ၏။ အင်္ဂလိပ်ရူပဗေဒပညာရှင်အကျော် **ဆာအိုလီဗာလော့** [၁] သည် သူ့အိမ်၌ မစ္စက်ပိုက်ပါ၏ ဓာတ်စီးဝိုင်းများကို အကြိမ်ကြိမ်စီစဉ်ပေး၏။ မစ္စက်ပိုက်ပါ၏ ကျေးဇူးကြောင့် တမလွန်ဘဝကို သူယုံကြည်လာသည်ဟုလည်း မကြာခဏချီးမွမ်းပြောဆို၏၊ သူ၏သား **ရေးမွန်** [၂] သည် ပထမကမ္ဘာစစ်တွင် ကျဆုံးလိမ့်မည်ဟု မစ္စက်ပိုက်ပါက ကြိုတင်ဟောခဲ့ရာ ထိုဟောချက်သည် မှန်ကန်ကြောင်းသိရ၏။

မစ္စက်ပိုက်ပါ၏သမီးက သူ့မိခင်အကြောင်း စာအုပ်ရေးသားသောအခါ ဆာအိုလီဗာလော့သည် ဤသို့အမှာစာရေးပေးလိုက်၏။

> *"မစ္စက်ပိုက်ပါသည် လူသားတို့အား လွန်စွာအကျိုးပြုခဲ့သော ပရစိတ်ပညာစွမ်းရည်ရှင်တစ်ဦး ဖြစ်ပါသည်။ သူမ၏ကျေးဇူးကြောင့် ပြိုကွဲခဲ့သောမိသားစုများစွာတို့သည် သေပြီးသူတို့နှင့်ပြန်လည်ဆက်သွယ်မှုရကာ ပူဆွေးမှုသောကကိုငြိမ်းအေးစေနိုင်ခဲ့ကြသည်။ တမလွန်ဘဝရှိခြင်းကိုလည်း လက်တွေ့အကျဆုံး, အတိကျဆုံးနည်းများဖြင့် ပေါ်လွင်ထင်ရှားစေခဲ့၏။ သိပ္ပံပညာရှင်များအားလည်း ခန္ဓာကိုယ်ပြင်ပအခြေအနေ၌ လူ့ဝိညာဉ်၏သဘာဝနှင့် ဂုဏ်သတ္တိများကို စူးစမ်းလေ့လာနိုင်စေရန် အခွင့်အရေးဖန်တီးပေးခဲ့ပါသည်"*

တမလွန်လောကမှ ဆက်သွယ်လာသူသုံးဦးတို့သည် မစ္စက်ပိုက်ပါမှတစ်ဆင့် တစ်ပြိုင်နက်သတင်းပို့နိုင်ကြ၏။ တစ်ဦးက လက်ယာလက်ဖြင့်လည်းကောင်း၊ အခြားတစ်ဦးက လက်ဝဲလက်ဖြင့်လည်းကောင်း အလိုအလျောက် ရေးသားခြင်းနည်းဖြင့် သတင်းပို့ကြ၍ တတိယပုဂ္ဂိုလ်ကမူ မစ္စက်ပိုက်ပါ၏နှုတ်မှ စကားလုံးများ ထွက်လာစေခြင်းဖြင့် သတင်းပို့နိုင်၏။ ထိုသို့ဓာတ်စီးနေသောအခါ မစ္စက်ပိုက်ပါသည် အိပ်မွေ့ကျနေပြီး အသိစိတ်မရှိချေ။

တစ်ချိန်တည်း၌ လက်နှစ်ဖက်တို့ဖြင့် စာသီးခြားရေးသားလျက် နှုတ်ဖြင့်လည်း စကားပြောနေခြင်းကို မည်သူမျှမိမိ၏ စိတ်သဘောအလျောက် မပြုလုပ်နိုင်ပါ။ မစ္စက်ပိုက်ပါသည် ၁၉၅၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့၏။

---

၁။ Sir Oliver Lodge ၂။ Raymond

www.burmeseclassic.com

www.burmeseclassic.com



## တမလွန်ဘုံသားများကို မြင်နိုင်သူ

သိတတ်စကလေးဘဝမှ လူကြီးဘဝအထိ နတ်များကိုအမြဲတစေမြင်တွေ့နေခဲ့ပြီး ၁၉၂၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း လူထုပရိသတ်ကြီးအား တမလွန်လောကနှင့် အကြိမ်ကြိမ်ဆက်သွယ်ပေးခဲ့သော အင်္ဂလန်မှ နိုင်ငံကျော်နတ်ဝင်သည်တစ်ဦးမှာ **အက်စတယ်ရောဘတ်** [၁] ဖြစ်၏။

အက်စတယ်ကို ၁၈၈၉ ခုနှစ်၌ လန်ဒန်မြို့ **ကင်ဆင်တန်** [၂] ရပ်ကွက်၌ မွေးဖွားခဲ့၏။ အက်စတယ်သည် သိတတ်စအရွယ်မှစ၍ နတ်များကိုမြင်နိုင်ပြီး နတ်တို့၏စကားပြောဆိုသံကို ကြားသိနေရ၏။ မိဘတို့အား ဤအကြောင်းကိုပြောပြမိရာ ဖခင်က "မဟုတ်မဟပ်တွေမပြောနဲ့၊ မကောင်းဘူး" ဟု ခြိမ်းခြောက်ပြီး ခါးပတ်နှင့်ရိုက်၏။

အက်စတယ်ကိုမမွေးမီ အက်စတယ်၏အစ်ကိုတစ်ယောက်ဖြစ်သည့် **လိုင်ယိုနယ်** [၃] သည် နှစ်နှစ်သားအရွယ်ခန့်တွင် သေဆုံးခဲ့၏။ အက်စတယ်ထံ အလည်လာကြသည့်နတ်များတွင် လိုင်ယိုနယ်တစ်ယောက်လည်း ပါဝင်၏။ လိုင်ယိုနယ်သည် နတ်ကလေးအရွယ်မှ နတ်ကြီးအရွယ်သို့ တဖြည်းဖြည်းကြီးပြင်းလာသည်ကို အက်စတယ်မြင်တွေ့ခဲ့ရ၏။ အက်စတယ်နှင့် အရွယ်တူနတ်ကလေးများသည်လည်း အက်စတယ်နှင့်အတူ လာကစားကြ၏။ အက်စတယ်သည် ထိုနတ်များနှင့် စကားပြောနိုင်၏။ မိဘတို့က အက်စတယ်တစ်ဦးတည်းစကားပြောနေသည်ကို မြင်တွေ့ရတိုင်း စိတ်ပူမိကြ၏။

အက်စတယ် ခုနစ်နှစ်သမီးအရွယ်တွင် မှန်ထဲကြည့်၍ အဝတ်အစားလဲနေစဉ် ကိုယ်ရောင်ကိုယ်ဝါတောက်ပသည့် နတ်သူရဲကောင်းတစ်ဦးသည် သူ့ရှေ့၌ လာရပ်သည်ကို မြင်တွေ့ရ၏။ အက်စတယ်က အစ်မဖြစ်သူ **ဒေါ်လီ** [၄] အား ခေါ်၍ ပြောပြရာ ဒေါ်လီသည် မေ့လဲသွား၏။ မိဘနှစ်ဦးရောက်လာပြီး ဒေါ်လီအား ချီထုတ်သွားကြ၏။ ဒေါ်လီသတိရလာသည့်အခါ ဖခင်ကမေးမြန်းသဖြင့် ဒေါ်လီသည် သူရဲကောင်းနတ်၏ပုံသဏ္ဌာန်နှင့် ထပ်တူဖြစ်နေသည့်အတွက် အက်စတယ်ဝမ်းသာမိ၏။ ဤနတ်ကို လူနှစ်ဦးတို့က တစ်ပြိုင်နက်မြင်တွေ့ခဲ့ကြသည့်အတွက် ဤနတ်သည် တကယ်ရှိရမည်မဟုတ်ပါလော။

အက်စတယ်သည် အပြင်ထွက်သည့်အခါ၌လည်း နတ်များသွားလာနေကြသည်ကို မြင်တွေ့ရ၏။ သူ့အဖို့တွင် ဗိုလ်ချုပ်ဈေးထဲ၌ လူများစွာတို့က သူ့လမ်းသူသွားနေကြသလို နတ်တို့လည်း သူ့လမ်းသူသွားနေကြသဖြင့် ကြာသော် ရိုးသွားပေတော့၏။

---

၁။ Estelle Robert ၂။ Kensington ၃။ Lionel ၄။ Dolly

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်သေဆုံးသွားပြီးနောက် ယခင်လူ့အသွင်သဏ္ဍာန်ဖြင့်ပင် လှေကား ထိပ်၌ရပ်နေသည်ကို အက်စတယ်မြင်ရ၏။

"သမီးရေ...**ဘယ်လာ**[၁] အတွက် ငါစိတ်ပူမိတယ်ကွယ်"

သူ့ဖခင်က စိုးရိမ်သည့်မျက်နှာဖြင့် ပြောလိုက်ခြင်းဖြစ်၏။

အက်စတယ်၏အစ်မ ဘယ်လာသည် နောက်လေးရက်မြောက်သည့်နေ့၌ အကြီးအကျယ်ဖျားလေတော့၏။ သို့သော် ကံကောင်းထောက်မသဖြင့် မသေဆုံး ချေ။

၁၈ နှစ်အရွယ်တွင် အက်စတယ်အိမ်ထောင်ကျ၏၊ ကလေးသုံးယောက် မွေးဖွား၏။ ထို့နောက် ခင်ပွန်းသည်မှာ နာတာရှည်ရောဂါဖြစ်သဖြင့်အက်စတယ် သည် လူနာကိုလည်း ပြုစုရ၏၊ ကလေးများကိုလည်း ပြုစုရ၏၊ မိသားစု၏ စား ဝတ်နေရေးအတွက်လည်း အလုပ်ထွက်လုပ်ရ၏။ ထို့ကြောင့် အလွန်ဆင်းရဲပင် ပန်းပြီး ကျန်းမာရေးချို့တဲ့လာ၏။

သူ့ခင်ပွန်းသေဆုံးပြီးသောအခါ သူ့ခင်ပွန်းသည် သူ့ထံသို့ သုံးညဥ့်တိုင် တိုင် ညှိုးငယ်သောမျက်နှာနှင့် ရောက်လာပြီးလျှင် သူ့ကို ခေါ်င၏။

"ကျွန်မ ဘယ်လိုလိုက်လာရမလဲ"ဟု အက်စတယ်က မေး၏။

"သေပြီးတော့ လိုက်လာတာပေါ့"ဟု ခင်ပွန်းနတ်က ဆို၏။

"ကျွန်မ လိုက်သေလို့မဖြစ်ဘူး၊ ကလေးတွေ ဒုက္ခရောက်ကုန်မှာပေါ့"

ခင်ပွန်းနတ်က ဆက်မပြောတော့ချေ။ သို့သော် သူ့ခင်ပွန်းရုပ်ကလာပ် ကို မမြှုပ်နှံမီနေ့တွင် သူ့ခင်ပွန်းနတ် တစ်ဖန်ပေါ်လာပြီး တောင်းပန်သည့်လေသံ ဖြင့် ဤသို့ဆို၏။

"ငါနားမလည်ဘူးကွယ်၊ အခု ငါမင်းကိုမလိုတော့ဘူး၊ မင်းငါ့ကို ဆက်ပြုစု ဖို့ မလိုတော့ဘူး၊ ငါ့ဘာသာငါနေနိုင်ပြီ၊ မင်းပြောတာမှန်တယ်၊ ဒီတမလွန်လော ကမှာ အားလုံးက ဆက်ပြီးအသက်ရှင်နေကြတာပဲ၊ သိပ်အံ့သြစရာကောင်းပါ တယ်"

"ရှင်ဆက်လက်ပြီး အသက်ရှင်နေသလို အခြားပုဂ္ဂိုလ်တွေလဲ ဆက်လက် ပြီးအသက်ရှင်နေကြတယ်၊ ဒီအကြောင်းကို တစ်ကမ္ဘာလုံးသိအောင် ကျွန်မ ပြော ပြရမယ်"

ထိုအခါ အက်စတယ်သည် အသက် ၃၀ နှစ်သာရှိသေး၏။ နောက်နှစ်တွင် **အာသာရောဘတ်**[၂] ကို လက်ထပ်လိုက်၏။ ထိုအခါ ကိုယ်တိုင်အလုပ်ထွက်လုပ်

---

၁။ Bella ၂။ Arther Robert

www.burmeseclassic.com

www.burmeseclassic.com



ရန် မလိုတော့သဖြင့် မိမိထံ မှန်မှန်လာရောက်နေကြသောနတ်များ၏ အကြောင်းကို စဉ်းစားရန်အချိန်ပိုရလာ၏။ နတ်ဝင်သည်တစ်ဦးဦးကို ဗဟိုပြု၍ကျင်းပသော **ဝိညာဉ်ဆိုင်ရာစည်းဝေးပွဲ**[၁] များကိုလည်း မှန်မှန်တက်ရောက်နိုင်၏။

ထိုအခါ နတ်ဝင်သည်တို့က အက်စတယ်အား "မင်းဟာ နတ်ဝင်သည်တစ်ယောက်ပဲ၊ မင်းလုပ်စရာတွေ အများကြီးရှိတယ်၊ ဝိညာဉ်လောကက မင်းကို ရွေးချယ်ပြီး တာဝန်ပေးအပ်တဲ့အခါ မငြင်းပါနဲ့နော်" ဟု သတိပေးကြ၏။

## လူ့လောကနှင့် နတ်လောကတို့ကို ဆက်သွယ်ပေးသူများ

အက်စတယ်သည် မိမိ၏ ထူးခြားသောအရည်အချင်းကို အများအကျိုးအတွက် အသုံးချလို၏။ တစ်ညဉ့်၌ အိမ်သားများအိပ်ပျော်နေစဉ် အက်စတယ်သည် ဝိညာဉ်လောကနှင့် အဆက်အသွယ်ရရှိရေးအတွက် အမှောင်ထဲ၌ထိုင်နေ၏။ ထိုအခါ ထည်ဝါတိကျသည့် အင်္ဂလိပ်ဝေါဟာရများကိုသုံးနှုန်းကာ ပြောဆိုလိုက်သည့်စကားသံ ပေါ်ထွက်လာ၏။

"ကမ္ဘာကို အလုပ်အကျွေးပြုဖို့ ငါလာတယ်၊ မင်းနဲ့အတူလုပ်ကိုင်ရမယ်၊ ငါလဲ မင်းနဲ့အတူလုပ်ကိုင်မယ်"

"ရှင်ဘယ်သူလဲ" အက်စတယ်က အရဲစွန့်ပြီး မေး၏။

"ငါ့ကို **တိမ်နီ**[၂] လို့သိပါ၊ ငါဟာ မင်းရဲ့လမ်းညွှန်နတ်ဖြစ်လိမ့်မယ်" ဟုအသံက ပြန်ဖြေ၏။ ထိုစဉ်ပင် ယောကျ်ားတစ်ဦး၏ ဦးခေါင်းသဏ္ဌာန်သည် အလင်းရောင် ဝန်းရံလျက် ထင်ပေါ်လာ၏။ အသားအရေက **သံလွင်ရောင်**[၃] မျက်လုံးများက ညိုမှောင်၍ အမည်းရောင်မှတ်ဆိတ်ကျင်စွယ်အနည်းငယ် ရှိ၏။

တိမ်နီသည် ပညာရှိပြီးတန်ခိုးလည်းကြီး၏။ အက်စတယ်၏ လမ်းညွှန်နတ်နှင့် အုပ်ထိန်းသူအဖြစ် နှစ် ၅၀ ကျော် ဆောင်ရွက်ပေး၏။ အက်စတယ်နှင့် လက်တွဲ၍ တမလွန်လောကအကြောင်းကို လူအပေါင်းတို့အား အံ့သြဖွယ်ကောင်းလောက်အောင် လက်တွေ့ပြသခဲ့၏။ ရောဂါဝေဒနာရှင် မြောက်မြားစွာတို့ကိုလည်း ရောဂါပျောက်ကင်းအောင် ကုသပေး၏။

ထို့အပြင် ဝိညာဉ်လောက (ဝါ) နတ်လောကသည် သိပ္ပံပညာရှင်တို့ သိမြင်သော ရုပ်လောကနှင့်ကွာခြားပုံများကိုလည်း အံ့အားသင့်ဖွယ်ရာ တိမ်နီပြသခဲ့၏။

ပုံစံအဖြစ် တိမ်နီနှင့် စတွေ့ပြီးနောက် ရက်သတ္တတစ်ပတ်တွင် အက်စတယ်

---

၁။ Spiritual meeting ၂။ Red Cloud ၃။ Olive colour

www.burmeseclassic.com

www.burmeseclassic.com



က သူ့ခင်ပွန်းအာသာအား သူနှင့်အတူ ညဥ့်အမှောင်တွင် ထိုင်နေရန် ဖိတ်ခေါ်၏။ သူတို့သည် ကုလားထိုင်တစ်လုံးစီတွင် မျက်နှာချင်းဆိုင်လျက် ထိုင်နေကြ၏။ မကြာမီ အလွန်ထိန်လင်းတောက်ပသော ရွှေရောင်အလင်းသည် ပြဇာတ်စင်ထက်တွင် မင်းသမီးပေါ်သို့ ဆလိုက်မီးထိုးသည့်ပမာ အက်စတယ်၏ ကိုယ်ပေါ်သို့ အထက်တည့်တည့်မှ ကျရောက်လာ၏။

အာသာ၏ တုံ့ပြန်ချက်မှာ လျင်မြန်လှ၏။

"အက်စတယ် မင်းဘယ်မှာလဲ၊ မင်းဘယ်ရောက်သွားသလဲ"

"ရှင့်ရှေ့မှာ ထိုင်နေတာပေါ့၊ ကျွန်မ ဘယ်မှရွှေ့မသွားပါဘူး"

"မဖြစ်နိုင်ဘူး၊ မင်းကုလားထိုင်က ဟာလာဟင်းလင်းကြီးဖြစ်နေတယ်၊ ကုလားထိုင်နောက်မှီကိုရော ကြိမ်အခင်းကိုရော ငါမြင်နေရတာပဲ"

"ဒီလိုဆိုရင် ကြိမ်ကုလားထိုင်ပေါ်မှာ အပေါက်ဘယ်နှစ်ပေါက်ရှိသလဲ၊ ရေပြစမ်း"

အာသာသည် ကိုယ်ကိုရှေ့သို့ညွတ်လျက် ကြိမ်ထိုင်ခင်းမှအပေါက်များကို လက်ညှိုးနှင့်ထိကာ ရေတွက်၏။

အက်စတယ်က ကုလားထိုင်ပေါ်တွင် ထိုင်လျက်သားရှိနေသော်လည်း အာသာ၏ လက်သည် အက်စတယ်ကို မထိချေ။

"တစ်တန်းမှာ နှစ်ဆယ့်ရှစ်ပေါက်ရှိတယ်"

အာသာသည် ရေတွက်ပြီးနောက် သူ့ကုလားထိုင်ပေါ်တွင် ပြန်ထိုင်ချလိုက်၏။ ထိုအခိုက် ရွှေဝါအလင်းသည် ရုတ်တရက်ကွယ်ပျောက်သွား၏။ အက်စတယ်နှင့် အာသာတို့သည် မူလကအတိုင်း အမှောင်တွင် မျက်နှာချင်းဆိုင်လျက် ထိုင်နေကြသည်ကို အံ့သြစွာပြန်မြင်ကြရ၏။

အာသာသည် အခန်းမီးလုံးကို လျင်မြန်စွာဖွင့်လိုက်ပြီး ကုလားထိုင် ကြိမ်ခင်းမှ အပေါက်များကို ပြန်ရေတွက်ကြည့်၏။ တစ်တန်းလျှင် ၂၈ ပေါက်ရှိသည်ကို တွေ့ရသဖြင့် သူတို့အံ့အားသင့်ကြရပြန်၏။

နောက်နှစ်အနည်းငယ်ကုန်လွန်သွားသည့်အခါ အက်စတယ်သည် လွန်စွာကျော်ကြားလာပြီဖြစ်၍ ဓာတ်ပုံပညာရှင်တစ်ဦးက ကုလားထိုင်ပေါ်တွင် အက်စတယ်ထိုင်နေသည့်ပုံကို ဓာတ်ပုံရိုက်၏။ ဖလင်ပြားကို ဆေးလိုက်သည့်အခါ ကုလားထိုင်ပုံသာ အထင်းသားပေါ်လာပြီး အက်စတယ်၏ ပုံမှာ မပါချေ။

သိပ္ပံပညာရှင်တို့ အဖြေရှာမရသော ဝိညာဉ်လောက၏ ထူးခြားချက်များပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူနှစ်ဦးတို့၏စကားဝှက်

တစ်နေ့သ၌ အက်စတယ်၏ဝိညာဉ်အစည်းအဝေးသို့ မိန်းမပျိုတစ်ဦး ရောက်လာ၏။ သူမသည် မကြာမီက ရုတ်တရက်သေဆုံးသွားသော မိမိ၏ရည်းစားအကြောင်းကို မေးမြန်းလို၏။ ထိုရည်းစားနတ်သည် ချက်ချင်းပင်အက်စတယ်ထံ ရောက်လာပြီး စကားတစ်ခွန်းကို ထပ်ကာထပ်ကာပြောနေ၏။ အက်စတယ်က ထိုစကားကို ထုတ်ပြောရန် အားနာနေသဖြင့်...

"ဒါနဲ့ မိန်းကလေး... မင်းရဲ့ရည်းစားဟာ စကားကြမ်းကြမ်းပြောတတ်သလား"ဟု မေးလိုက်၏။

"တမင်ကလာတော့ မပြောတတ်ပါဘူး၊ သူဘာပြောနေလို့လဲ"

"သူက နော့ဘလတ်ဒီလိုက်လီ၊ **နော့ဘလတ်ဒီလိုက်လီ**[၁] (သွေးထွက်သံယိုဖြစ်ဖွယ်မရှိ) လို့ ထပ်ကာထပ်ကာပြောနေတယ်ကွဲ့"

"တကယ်လား၊ ဟား...ဟား...ဟား...အဲဒါ **ဘားနဒ်ရှော**[၂] ရဲ့ ပြဇာတ်ထဲက လူသိများတဲ့ စကားတစ်ခွန်းပဲ၊ ကျွန်မတို့အတူရှိစဉ်က အရင်သေတဲ့ လူဟာ ကျန်တဲ့လူဆီ လာပြီး အဲဒီလျှို့ဝှက်တဲ့စကားကိုပြောဖို့ တိုင်ပင်ထားခဲ့ကြတာလေ"

ဝိညာဉ်လောကသို့ ကူးပြောင်းသွားကြသောပုဂ္ဂိုလ်များသည် လူ့ဘဝက စိတ်နေသဘောထားအတိုင်းပင်ရှိသည်ကို အက်စတယ်တွေ့ရ၏။ အကျင့်စရိုက်၊ ပြောဟန်ဆိုဟန် လေယူလေသိမ်းမှအစ တစ်ထေရာတည်းဖြစ်နေကြ၏။

## တမလွန်ဘဝမှ သတိရလျှက်ပါ

အက်စတယ်၏ သားထွေး **တယ်ရင့်ရောဘတ်**[၃] သည် ပရစိတ်ပညာအကြောင်းကို မယုံကြည်သူတစ်ဦးဖြစ်၏။ ဝိညာဉ်လောကအကြောင်းကိုလည်း နားခါးသူတစ်ဦးဖြစ်၏။ အက်စတယ်က သူ့သားအား တမလွန်ဘဝရှိသည်ကို သိစေလို၏။ သို့သော် အတင်းအကျပ်မပြောလိုချေ။

အသက် ၂၀–ပြည့်၍ **ဘုရင့်လေတပ်မတော်**[၄] တွင် အရာရှိကလေးတစ်ဦးဖြစ်လာသောတယ်ရင့်သည် စနေ၊ တနင်္ဂနွေ ခွင့်နှစ်ရက်ယူပြီး မိန်းကလေးသူငယ်ချင်းတစ်ဦးနှင့်အတူ မိခင်ထံပြန်လာ၏။

"တယ်ရီ...မင်းဘေးမှာ မင်းရဲ့သူငယ်ချင်းတစ်ယောက် ရပ်နေတယ်"

(တယ်ရင့်ကို မိခင်က တယ်ရီဟု ချစ်စနိုးခေါ်၏။)

---

၁။ Not bloody likely
၂။ Benard Shaw
၃။ Terence Robert
၄။ Royal Air Force

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား အမေ၊ သူ့နာမည်က ဘာတဲ့လဲ"

တယ်ရင့်က ရယ်စရာတစ်ခုအဖြစ်ယူဆ၍ ရွှတ်ရွှတ်နောက်နောက် ပြောလိုက်၏။

"သူ့နာမည်က **ဂျင်မီမက်ဖာလိန်း**[၁]တဲ့၊ သားရဲ့သူငယ်ချင်းတွေထဲမှာ မက်ဖာလိန်းဆိုတာ ရှိသလား"

အက်စတယ်က တည်တည်ခန့်ခန့်ပင်ပြန်ပြော၏။

"ဟုတ်တယ်...ရှိတယ်၊ သူသေသွားပလား"

"သူသေတာ တစ်နှစ်လောက်ရှိပြီတဲ့၊ ဒါနဲ့ သူက သားကိုဘာဖြစ်လို့ **တုတ်ဒီ**[၂] (ဖားကြီး) လို့ ခေါ်နေရသလဲကွဲ့"

"တုတ်ဒီတဲ့လား၊ ဘုရားရေ... ကျွန်တော်အဲသလိုအခေါ်မခံရတာ နှစ်တော်တော်ကြာသွားပြီ၊ ကျွန်တော့်ကို ဂျင်မီတစ်ယောက်တည်းကပဲ အဲသလိုခေါ်တာ၊ ကျွန်တော်တို့ ကျောင်းသားကလေးဘဝကပေါ့၊ ကျွန်တော်က ဖားပြုပ်ကြီးသုံးလေးကောင်ကို ချစ်စနိုးမွေးထားလို့ သူက ကျွန်တော့်ကိုတုတ်ဒီလို့ခေါ်တာ၊ အမေက သူတုတ်ဒီလို့ခေါ်နေတာကို ကြားနေရလို့လား"

"သူမခေါ်ရင် ငါဘယ်လိုလုပ်ပြီး သိနိုင်မှာလဲကွဲ့"

"သူ ဘယ်လိုသေသွားတာလဲအမေ"

"သူက ရေတပ်မှာအမှုထမ်းတယ်၊ ဒုတိယကမ္ဘာစစ်အတွင်းက သူတို့ရဲ့သင်္ဘော စကော့တလန်မှာဆိုက်ကပ်ထားတုန်း ရန်သူလေယာဉ်တွေ ဗုံးလာကြဲတယ်၊ သူက ရေထဲလွင့်ကျသွားပြီး ရေနစ်သေဆုံးသွားတယ်၊ သူ့အမေက အရင်အိမ်ဟောင်းမှာ နေထိုင်ဆဲပဲလို့ သူပြောတယ်ကွဲ့"

တယ်ရင့်သည် ဆက်လက်စကားပြောဆိုခြင်းမပြုတော့ဘဲ ရုတ်ခြည်း မတ်တတ်ရပ်လိုက်ပြီးလျှင် သူ့သူငယ်ချင်းမ၏လက်ကို ကိုင်ဆွဲလိုက်၏။

"လာ...ဂျင်မီနေခဲ့တဲ့အိမ်ကို ငါသိတယ်၊ တို့သွားစုံစမ်းကြည့်ကြရအောင်"

နောက်နှစ်နာရီခန့်ကြာလွန်သောအခါ သူတို့ပြန်ရောက်လာကြ၏။ မောပန်းလာကြသော်လည်း ကျေနပ်ခဲ့ကြဟန်တူ၏။ ဂျင်မီ၏မိခင်နှင့် သူတို့ စကားပြောခဲ့ကြရ၏။ အက်စတယ်ပြောပြခဲ့သည့်အတိုင်း အားလုံးမှန်ကန်နေ၏။

"တယ်ရီ...သားရဲ့သူငယ်ချင်းဂျင်မီက စကားတစ်ခွန်းမှာသွားသေးတယ်၊ တနင်္လာနေ့နံနက် ၉ နာရီမှာ သတိထားနေပါတဲ့၊ သားပြန်မှတ်မိနိုင်တဲ့အမှတ်အသားတစ်ခုခုကို သူပြမယ်တဲ့"

---

၁။ Jimy Macfarlane ၂။ Toady

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့နံနက် ၉ နာရီတွင် တယ်ရင့်သည် သူ့ဌာနသို့ပြန်လည်သတင်းပို့ရမည်ဖြစ်၏။ သို့သော် တနင်္ဂနွေနေ့ညဉ့်တွင် အအိပ်လွန်သွားသဖြင့် ဌာနသို့ အချိန်မီသတင်းပို့နိုင်ရန် သုတ်ခြေတင်၍သွားရ၏။ ဘုရားရှိခိုးကျောင်းဝင်းတစ်ခုကို သူဖြတ်သန်းနေစဉ် နာရီစင်ကြီးမှ ၉ နာရီထိုးသံထွက်ပေါ်လာ၏။

ထိုအခိုက်တွင် ကိုင်းညွှတ်နေသောသစ်ကိုင်းတစ်ခုသည် တယ်ရင့်၏ကက်ဦးထုပ်နှင့်ငြိသဖြင့် ဦးထုပ်မြေသို့ကျသွား၏။ ဦးထုပ်ကို ကုန်းကောက်ယူစဉ် ဂျင်မီ၏စကားကို သူသတိရလိုက်မိ၏။ တစ်ချိန်တည်း၌ပင် သူတို့ကျောင်းသားဘဝက သူ၏ကျောင်းဦးထုပ်ကို ဂျင်မီအကြိမ်ကြိမ်ပုတ်ချခဲ့ဖူးသည်ကိုလည်း သူပြေးသတိရမိလေ၏။

"သြော်...ဂျင်မီ သူငယ်ချင်း၊ တမလွန်ဘဝမှ ငါ့ကိုသတိရနေပါလား"

## လူထုပရိသတ်အား သေလွန်သူများနှင့် ဆက်သွယ်ပေးခြင်း

အက်စတယ်ရောဘတ်သည် ရှည်လျားသော နှစ် ၅၀ ကျော်ကာလအတွင်း၌ လူထုပရိသတ်ထဲမှ လူများစွာတို့အား သူတို့၏ချစ်လှစွာသောတမလွန်လောကမှပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပေးခဲ့၏။ အင်္ဂလန်နိုင်ငံအတွင်းရှိ အဓိကကျသည့် **ပြည်သူ့ခန်းမဆောင်**[၁] များအားလုံး၌လည်းကောင်း၊ အိုင်ယာလန်နှင့် ဥရောပနိုင်ငံများ၌လည်းကောင်း လူထောင်ပေါင်းများစွာဆံ့သည့် ခန်းမဆောင်ကြီးများ၌ ဂုဏ်သရေရှိလူကြီးများရှေ့တွင် ပရိသတ်ထဲမှလူတို့နှင့် ဝိညာဉ်လောကမှပုဂ္ဂိုလ်တို့အား ဆက်သွယ်ပေးခြင်းဖြစ်၏။

ထိုသို့ လူထုစည်းဝေးပွဲကြီးများကျင်းပသည့်အခါ သတင်းစာဂျာနယ်များတွင် ကြိုတင်ကြေညာထားသည့်အတွက် ခန်းမဆောင်များပြည့်လျှံသွားအောင် ပရိသတ်များလာရောက်ကြ၏။

ချိန်းထားသောရက်သို့ရောက်သောအခါ အက်စတယ်သည် ခန်းမဆောင်သို့ တစ်နာရီကြိုသွားပြီး ဝိညာဉ်လောကမှပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ပြု၏။

"ရှင်တို့နဲ့ ရှင်တို့ကိုချစ်ခင်ကြတဲ့လူတွေကြားမှာ တံတားခင်းပေးဖို့အတွက် ကျွန်မ ဒီကိုရောက်လာခြင်းဖြစ်ပါတယ်၊ ရှင်တို့ကို ကျွန်မကူညီပေးမယ်၊ ကျွန်မကိုလဲ ရှင်တို့ပြန်ကူညီကြပါ"

*အက်စတယ်က စိုးရိမ်၍နတ်များကို ကြိုတင်ပန်ကြားနေခြင်းဖြစ်၏။ အမှန်မှာ ဝိညာဉ်လောကမှပုဂ္ဂိုလ်များသည် သူတို့ချစ်ခင်ကြသောလူတို့နှင့် အဆက်အသွယ်ပြုလုပ်လိုကြ၏။ သူတို့မသေဘဲဆက်*

---

၁။ Public Hall

www.burmeseclassic.com

www.burmeseclassic.com



*လက်အသက်ရှင်နေခြင်းကို ပြောပြလိုကြ၏။ ပူဆွေးသောကရောက်နေကြသော သူတို့၏ မိဘဆွေမျိုးတို့အား သောကပြေငြိမ်းစေလိုကြ၏။ သူတို့ဘာသာ လူတို့နှင့်အဆက်အသွယ်မပြုနိုင်ကြသည့်အတွက် နတ်ဝင်သည်မှတစ်ဆင့် ဆက်သွယ်နိုင်မည့် အခွင့်အရေးကောင်းကို စောင့်မျှော်နေကြသည်သာ ဖြစ်၏။*

အစည်းအဝေးစတင်ရန် ကြေညာထားသောအချိန်သို့ ဆိုက်ရောက်သည့်အခါ အက်စတယ်နှင့်တကွ သဘာပတိအဖွဲ့ဝင်လူကြီးများသည် စင်မြင့်ပေါ်တွင် နေရာယူကြ၏။ အစည်းအဝေးကို **ဆုတောင်းခြင်း**[၁] ဖြင့် စတင်၏။ ထို့နောက် လူသိများပြီး ဂုဏ်သရေရှိသည့်သဘာပတိလူကြီးတစ်ဦးက နှုတ်ခွန်းဆက်စကား ပြောကြား၏။ ထို့နောက်တွင် အက်စတယ်၏ အလှည့်သို့ ရောက်လေပြီ။

အက်စတယ်သည် စကားပြောခွက်ကိုကိုင်၍ စင်မြင့်ရှေ့သို့လျှောက်သွား၏။ ထိုအခါ ဝိညာဉ်လောကမှပုဂ္ဂိုလ်များစွာတို့က "ကျွန်မအမေကို ဒါလေးပြောပေးပါ" "ကျွန်တော့်အစ်ကိုကို ဒါလေးပြောပေးပါ" စသည်ဖြင့် တစ်ပြိုင်နက်တောင်းပန်ကြ၏။ အက်စတယ်က တစ်ယောက်ပြီးမှတစ်ယောက် ပြောဆိုကြရန် မေတ္တာရပ်ခံရ၏။

အက်စတယ်သည် ဝိညာဉ်လောကမှသတင်းစကားများကို ပြောကြားရန် စိတ်အားတက်ကြွနေသလို လူထုပရိသတ်ကလည်း မျှော်လင့်တကြီးနှင့် စိတ်ဝင်စားစွာ စောင့်မျှော်နေကြ၏။

အက်စတယ်က ပရိသတ်ထဲသို့လက်ညှိုးထိုးလျက် "ဒေါ်မော်လီရှင့်၊ ရှင့်ရဲ့သမီးလက်စလီက သတင်းစကားပါးလိုက်တယ်၊ မနက်တုန်းက အမေဟာသူ့ဓာတ်ပုံကိုကြည့်ပြီး ငိုနေပါတယ်တဲ့၊ အမေငိုတာမြင်လို့ သူလဲ စိတ်မကောင်းပါဘူးတဲ့၊ သူမသေပါဘူး၊ အသက်ရှင်နေပါတယ်၊ အမေမငိုပါနဲ့တော့တဲ့"

"ဦးဟယ်ရစ်ဆင်ရှင့်၊ ရှင့်ရဲ့သားဂျွန်နီက စကားပြောနေပါတယ်၊ သူ့အတွက် စိတ်မပူပါနဲ့၊ သူ့အတွက် အားလုံးပြည့်စုံနေပါတယ်၊ သူ့ရဲ့မော်တော်ဆိုင်ကယ်ကို သိမ်းမထားပါနဲ့၊ ရောင်းလိုက်ပါတော့တဲ့..."

အချို့မှာတမ်းစကားများမှာ တိုပြီးရှင်း၏။ အချို့မှာရှည်ဝေးပြီး အဓိပ္ပာယ်ငုပ်နေ၏။ သက်ဆိုင်သူတို့သာ နားလည်နိုင်၏။ ပရိသတ်ထဲမှသတင်းစကားလက်ခံရရှိသူတို့က "ဝမ်းသာကြောင်း၊ ကျေးဇူးတင်ကြောင်း၊ မှန်ကန်ကြောင်း" ပြန်လည်ပြောကြားကြ၏။

---

၁။ Prayer

www.burmeseclassic.com

www.burmeseclassic.com



အက်စတယ်က လူနှင့်နတ်အကြားတွင် ဆက်သွယ်စကားပြောကြား၍ ၄၅-မိနစ်ခန့်ကြာသောအခါ တိမ်နီကကြားဖြတ်ဝင်လာပြီး "အက်စတယ်ရေ၊ ကနေ့ တော်လောက်ပြီ"ဟု သတိပေး၏။ တိမ်နီသည် အခြေအနေအရပ်ရပ်ကို အမြဲကြည့်ရှုကာ ထိန်းသိမ်းပေး၏။ အက်စတယ်အပေါ်၌ 'ဒဏ်'ပိသွားမည်ကို မလိုလားချေ။

အက်စတယ်ရပ်ဆိုင်းလိုက်သောအခါ လူထုပရိသတ်ထဲမှ "ဟာခနဲ ဟင်ခနဲ" ဖြစ်သွားကြသလို ဝိညာဉ်လောကမှပုဂ္ဂိုလ်များကလည်း ဆက်သွယ်ခွင့်မရလိုက်သည့်အတွက် "ဟာဗျာ၊ အိုရှင်"ဟု သက်ပြင်းချကြ၏။

အလွန်အောင်မြင်သည့် လူထုစည်းဝေးပွဲကြီးများပါပေ။

အက်စတယ်သည် လူထုစည်းဝေးပွဲကြီးများအပြင် သီးသန့်စည်းဝေးပွဲကလေးများကိုလည်း အမြဲတစေကျင်းပပေး၏။

တစ်ခါက အသက်အရွယ်ကြီးရင့်ပြီဖြစ်သည့် **ဆာဂျွန်မာရှယ်** [၁] သည် အက်စတယ်ထံသို့ရောက်လာ၏။ ဆာဂျွန်မာရှယ်သည် အိန္ဒိယနိုင်ငံ၌ ကမ္ဘည်းကျောက်စာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ထမ်းရွက်ခဲ့၏။ ထိုစဉ်က အိန္ဒိယနိုင်ငံဘုရင်ခံမှာ **လော့ကာဇွန်** [၂] ဖြစ်၏။ သူတို့နှစ်ဦးသည် အလွန်ရင်းနှီးသောမိတ်ဆွေများဖြစ်ကြ၏။ ၁၉၄၅ ခုနှစ်တွင် လော့ကာဇွန်သေဆုံးခဲ့၏။ ၁၉၅၄ ခုနှစ်၌ အက်စတယ်ထံသို့ ဆာဂျွန်မာရှယ်ရောက်လာသောအခါ သူတို့၏ခင်မင်ရင်းနှီးမှုသည် ပြန်လည်အသက်ဝင်လာ၏။

"လော့ကာဇွန်က ဆာဂျွန်နဲ့စကားပြောချင်တယ်တဲ့"

အက်စတယ်ကြေညာလိုက်သောအခါ ဆာဂျွန်မာရှယ်အံ့အားသင့်သွား၏။

"သူဘာပြောသလဲ"

"ကျောက်ဆင်ရုပ်တုနှစ်ခုကို ရှင်သတိရသေးရဲ့လားလို့ မေးပါတယ်"

"သတိရသတဲ့လား၊ သိပ်သတိရတာပေါ့ကွယ်"

လွန်ခဲ့သည့်နှစ် ၅၀-က သူနှင့်လော့ကာဇွန်တို့သည် ဒေလီမြို့ခံတပ်ပောင်း၌ ကျောက်ဆင်ရုပ်တုနှစ်ခု၏ အပိုင်းအစများကို တူးဖော်ရရှိခဲ့ကြသဖြင့် ထိုအပိုင်းအစများကို ပြန်လည်စပ်ဟပ်ခဲ့ကြ၏။ ဤအကြောင်းကို သူ့အပြင် လော့ကာဇွန်တစ်ဦးသာသိရှိနိုင်၏။ သို့အတွက် သူ့ထံသို့ဆက်သွယ်လာသောဝိညာဉ်ရှင်သည် လော့ကာဇွန်အမှန်ဖြစ်ကြောင်း ဆာဂျွန်မာရှယ်လက်ခံယုံကြည်သွား၏။

ၾငင်းနောက် သူတို့နှစ်ဦးသည် ယခင်ကနီးနောတိုင်ပင်ခဲ့ကြသည့်အတိုင်း ရင်းနှီးစွာဆက်လက်နီးနောကြ၏။

---

၁။ Sir John Marshall ၂။ Lord Curzon

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝက ခင်မင်မှုသည် ဝိညာဉ်ဘဝတိုင်အောင် ကူးစက်သွားချေသည် တကား။

## ဝိညာဉ်လောကမှ တိုက်ရိုက်အသံ

နတ်ဝင်သည်၏ နှုတ်မှမဟုတ်ဘဲ ဝိညာဉ်လောကမှ **တိုက်ရိုက်အသံ** [၁] ကို ကြားရခြင်းသည် နောက်ဘဝရှိခြင်း၏ အကောင်းဆုံးအထောက်အထားတစ်ခု ဖြစ်၏။ အမေရိကန်ပြည်ထောင်စုတွင် တမလွန်လောကနှင့် တိုက်ရိုက်အသံဖြင့် ဆက်သွယ်နိုင်အောင် အကျိုးဆောင်ပေးနိုင်သောနတ်ဝင်သည်အချို့ရှိ၏။

တိမ်နီ၏ လမ်းညွှန်မှုဖြင့် အက်စတယ်ရောဘတ်သည်လည်း ဝိညာဉ်လောကမှ ပုဂ္ဂိုလ်များနှင့် လူတို့တိုက်ရိုက်စကားပြောဆို၍ ဆက်သွယ်နိုင်အောင် အကျိုးဆောင်ပေးနိုင်ခဲ့၏။

အက်စတယ်၏ ဝိုင်း၌ **တံပိုးခရာ** [၂] ငယ်တစ်ခုကို အသံထွက်ကိရိယာအဖြစ် အသုံးပြု၏။ တံပိုးခရာ၏ ကျယ်သောအဝတွင် အမှောင်၌တောက်ပနိုင်သည့်ဆေး ကိုသုတ်လိမ်းထား၏။ အခန်းပြတင်းများကို လုံခြုံစွာပိတ်၍ ပြင်ပမှအလင်း မဝင် ရောက်နိုင်ရန် ကန့်လန့်ကာများဖြင့် ကာရံထားရ၏။

နတ်မေးသူများသည် အချင်းချင်းလက်ဆက်ကာ ဝိုင်းဖွဲ့၍ထိုင်ကြ၏။ တံပိုး ခရာကို ဝိုင်းအလယ်၌ချထား၏။ အက်စတယ်ကို အပ်မွေ့ကျနေအောင် တိမ်နီ က ဓာတ်စီးထား၏။ တံပိုးခရာမှအသံထွက်ပေါ်လာနိုင်ရန် လေတုန်ခါမှုကို အ သုံးပြုရ၏။

ဝိုင်းဖွဲ့ကာထိုင်နေကြသောသူများ၏ စိတ်စွမ်းအင်သည်လည်း လူနတ်ဆက် သွယ်မှုကို အထောက်အပံ့ပြုနိုင်၏။ ငြိမ့်ညောင်းသာယာသည့် တေးဂီတသံကို နောက်ခံအဖြစ်ဖွင့်ထားကာ ဝိုင်းထိုင်နေသူတို့၏ စိတ်များကို ဖြေလျှော့ထားကြ ၏။ တစ်စုံတစ်ယောက်က အကြီးအကျယ်စဉ်းစားတွေးခေါ်နေလျှင်ဖြစ်စေ၊ သံ သယဝင်နေလျှင်ဖြစ်စေ ဝိညာဉ်လောကနှင့်ဆက်သွယ်မှုသည် အထစ်အငေါ့ဖြစ် ကာ မအောင်မြင်တော့ချေ။

အဆက်အသွယ်ပြုလာသောဝိညာဉ်ပုဂ္ဂိုလ်သည်လည်း စိုးရိမ်ကြောင့်ကြမှု မရှိဘဲ စိတ်ဖြေလျှော့ထားရန်လို၏။ တံပိုးခရာကို သုံးတတ်အောင်လည်း တိမ်နီ ၏ လမ်းညွှန်မှုဖြင့် လေ့ကျင့်ထားကြရလေ၏။ အလေ့အကျင့်ရကြသောအခါ ဝိညာဉ်လောကမှ တိုက်ရိုက်အသံဖြင့် ဆက်သွယ်မှုသည် မပြတ်မစဲလာနေပေ တော့၏။

---

၁။ Direct Voice ၂။ Trumpet

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်မှုသည် "အားလုံးကျန်းမာချမ်းသာကြပါစေ" ဟူသောတိမ်နီ၏ နှုတ်ဆက်သံဖြင့် စတင်လေ့ရှိ၏။ ထို့နောက် တံပိုးခရာသည် အခန်းတွင်း တစ်လျှောက်၌ ဟိုဟိုဒီဒီရွေ့လျားနေလေ၏။ အလွန်လျင်မြန်စွာရွေ့လျားနေသော်လည်း မျက်နှာကြက်, နံရံ, ကုလားထိုင် စသည်တို့နှင့်မတိုက်မိသည်မှာ အံ့သြစဖွယ်ပင်ဖြစ်၏။

ဝိုင်းထိုင်သူတစ်ဦးတစ်ယောက်နှင့် ဝိညာဉ်ပုဂ္ဂိုလ်တစ်ဦးက ဆက်သွယ်လိုသောအခါ ခရာငယ်သည် ထိုသူ၏နားအနီး၌ရပ်တည်၍ အသံထွက်ပေါ်လာတော့၏။ ခရာတည်းဟူသောကိရိယာတစ်ခုတည်းမှ အသံထွက်ပေါ်ခြင်းဖြစ်၍ ပုဂ္ဂိုလ်အမျိုးမျိုး၏အသံများသည် မကွဲပြားလှချေ။ သို့စေကာမူ စကားလုံးအသုံးအနှုန်း, အဖြတ်အတောက်, လေယူလေသိမ်းနှင့် အသံနေအသံထားတို့မှာ ပုဂ္ဂိုလ်တစ်ဦးစီအတွက် ထူးခြားမှုရှိ၏။

ဝိုင်းတစ်ခု၌ **မစ္စက်အယ်လင်ဟက်ဖီး** [၁] ပါဝင်၍ သူမထံသို့ သေဆုံးသွားသော သူမ၏သမီးက ဆက်သွယ်လာ၏။ သမီးဝိညာဉ်၏ ပြောဆိုသောအသံနေအသံထားနှင့် ပြောပုံဆိုပုံသည် လူ့ဘဝက သမီး၏အသံနှင့် တစ်ထေရာတည်းဖြစ်နေသည့်အတွက် သူ့သမီး၏ဝိညာဉ်နှင့် ဆက်သွယ်နေခြင်းသည် ယုံမှားစရာမရှိကြောင်း သတင်းစာတိုက်သို့ မစ္စက်ဟက်ဖီးရေးသားပေးပို့လိုက်၏။

ဝိညာဉ်လောကမှ ထူးခြားစွာဆက်သွယ်လာသူတစ်ဦးမှာ **ဆာဟင်နရီဆီးဂရေ့** [၂] ဖြစ်၏။ ဆာဟင်နရီသည် မကွယ်လွန်မီအချိန်က ပြိုင်ကားမောင်းရန် ဝါသနာကြီးသူတစ်ဦးဖြစ်၏။ အမေရိကန်ပြည် ဖလော်ရီဒါပြည်နယ်၏ **ဒေတိုနာကမ်းခြေ** [၃] တွင် ကမ္ဘာ့ပြိုင်ကားအပြေးနှုန်းစံချိန်ကို ချိုးနိုင်ရန် လေ့ကျင့်နေစဉ် အင်္ဂလန်မှအမည်မဖော်သူတစ်ဦးက သတိပေးစာရေးလာ၏။ ဓာတ်စီးဝိုင်းတစ်ခု၌ ပြိုင်ကားဘုရင်တစ်ဦး၏ဝိညာဉ်က ဆာဟင်နရီအား သတိထားရန်ပြောကြားလိုက်သည်ကို ရေးသားပေးလိုက်ခြင်းဖြစ်၏။

အင်္ဂလန်သို့ ဆာဟင်နရီပြန်လာသောအခါ သူသည် နတ်ဝင်သည်တို့၏ ဓာတ်စီးဝိုင်းများကို လေ့လာ၏။ သို့သော် မကြာမီပင် **ဝင်ဒါမီယာအိုင်ကြီး** [၄] မော်တော်ဘုတ်ယှဉ်ပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်ကိုချိုးနိုင်ရန် ကြိုးစားခိုက် မော်တော်ဘုတ် တိမ်းမှောက်၍ ဆာဟင်နရီအနိစ္စရောက်သွား၏။

တမလွန်လောကသို့ ရောက်သွားသော ဆာဟင်နရီသည် ဓာတ်စီးဝိုင်းများမှတစ်ဆင့် သူ၏ဇနီးသည်နှင့် ဆက်သွယ်ရန်ကြိုးစား၏။ ဤသတင်းကိုကြား

---

၁။ Mrs Ellen Hadfield
၂။ Sir Henry Segrave
၃။ Daytona Beach
၄။ Windermere Lake

www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ **လေဒီဆီးဂရေ့** [၁] သည် အက်စတယ်၏တိုက်ရိုက်အသံဝိုင်းတစ်ခုသို့ ရောက်လာ၏။

ဝိုင်းစပြီးမကြာမီပင် တံပိုးခရာကလေးသည် လေဒီဆီးဂရေ့၏နားအနီး၌ ရပ်တန့်ပြီး "ဒီ" ဟူသောအသံ ထွက်ပေါ်လာ၏။

**"ဒီ** [၂] " ဆိုသည်မှာ ဆာဟင်နရီတစ်ဦးတည်းက သူမအား ချစ်စနိုးခေါ်ခဲ့သော အမည်ဖြစ်၏။ ထိုသို့အခေါ်ခံလိုက်ရသောအခါ လေဒီဆီးဂရေ့သည် ရင်ဖိုလှိုက် ကာ ဆို့ဆို့နင့်နင့်ဖြစ်သွား၏။

ထိုသို့တုံ့ပြန်မှုမရသောအခါ အသံရှင်သည် တံပိုးခရာကို မထိန်းနိုင်တော့ဘဲ လွှတ်ချလိုက်ရ၏။ ထိုအခါ တိမ်နီ၏အသံထွက်ပေါ်လာပြီး စိတ်မပျက်ကြ ရန်နှင့် နောက်တစ်ကြိမ်တွင် သူကူညီပေးမည့်အကြောင်း ပြောကြားလာ၏။

နောက်တစ်ကြိမ်နှင့် နောက်နောက်အကြိမ်များစွာတို့တွင် လေဒီဆီးဂရေ့ သည် စိတ်တည်ငြိမ်မှုနှင့် စိတ်ချမ်းသာမှုရရှိသွားပြီဖြစ်၍ စိတ်ကိုဖြေလျှော့ထား နိုင်၏။ ဆာဟင်နရီကလည်း တံပိုးခရာအသုံးပြုမှု၌ ပိုမိုကျွမ်းကျင်လာသဖြင့် လေဒီဆီးဂရေ့နှင့် တိုးတိုးတိတ်တိတ်တစ်မျိုး အသံကျယ်ကျယ်တစ်ဖုံဆက်သွယ် လာနိုင်၏။

"၁၄–ရက်နေ့က ငါမင်းနဲ့အတူရှိခဲ့တယ် ဒီ"

"ရှင် ၁၄–ရက်နေ့ကို မှတ်မိလို့လား"

"မင်းရဲ့မွေးနေ့လေ"

"ရှင်က ကားထဲမှာ ကျွန်မနဲ့အတူရှိသလား"

"ဟုတ်တယ်၊ သတိထားမောင်းနော်"

"ဘာဖြစ်လို့လဲ၊ ကျွန်မဟာ ကောင်းမောင်းကျွမ်းကျင်သူတစ်ယောက်ပါ"

"အေးပေါ့လေ၊ ငါလဲ ကားမောင်းကျွမ်းကျင်သူတစ်ယောက်ဖြစ်ခဲ့တာပဲ မဟုတ်လား"

လတို့သည် တစ်လပြီးတစ်လ ကုန်လွန်သွားကြ၏။ တိုက်ရိုက်အသံဓာတ် စီးဝိုင်းတို့သည်လည်း အရေအတွက်များစွာပင် ကျော်လွန်သွားကြ၏။ ဓာတ်စီး ဝိုင်းတို့၌ ဆာဟင်နရီနှင့် လေဒီဆီးဂရေ့တို့သည် လက်ပွန်းတတီး အကျွမ်းတဝင် အချိန်ကြာမြင့်စွာ စကားပြောဆိုခဲ့ကြ၏။ သူတို့၏အိမ်တွင်းရေးအကြောင်း၊ မိတ်ဆွေများ၏အကြောင်း၊ ဆာဟင်နရီ၏ဖခင်အကြောင်း သေးသေးမွှားမွှား အကြောင်းများစွာတို့ကို ဆွေးနွေးခဲ့ကြ၏။

---

၁။ Lady Segrave ၂။ Di

www.burmeseclassic.com

www.burmeseclassic.com



*ဘဝသာခြားနားနေကြသည်။ ဝိညာဉ်ချင်းကား ယခင်က ပူးပူးကပ်ကပ်နှင့် နေခဲ့ကြသည့်အတိုင်း ဆက်သွယ်လျက်ပင်။ သေခြင်းကန့်လန့်ကာကို ဖယ်ရှားလျက် ချစ်သူများသည် ပြန်လည်ဆုံတွေ့နိုင်ကြလေပြီ။*

ဝိညာဉ်လောကနှင့် တစ်နှစ်ကြာဆက်သွယ်ပြီးသောအခါ လေဒီဆီးဂရေ့သည် အသေးစိတ်အထောက်အထားများနှင့်တကွ တမလွန်ဘဝ၌ သူ့ခင်ပွန်းဆက်လက်အသက်ရှင်လျက်ရှိကြောင်းကို အများပြည်သူတို့အား ထုတ်ဖော်ပြောကြားလိုက်၏။ တိုက်ရိုက်အသံ ဓာတ်စီးဝိုင်းများ၌ သူနှင့်ဆာဟင်နရီတို့ လက်ပွန်းတတီး ဆွေးနွေးခဲ့ကြသော အတွင်းရေးကိစ္စများကိုလည်း သက်သေသာဓကအဖြစ် သူကထုတ်ဖော်ပြောပြလိုက်၏။

*"လောကမှာ မိဘနှင့်သားသမီး, ခင်ပွန်းနှင့်ဇနီး, ဆွေမျိုးနှင့်မောင်နှမအချင်းချင်းတို့ဟာ မခွဲချင်ဘဲနှင့် ခွဲခွာကြရပါတယ်။ သေခြင်းဆိုတဲ့တံတိုင်းကြီးနဲ့ ကာဆီးခြင်းခံကြရတဲ့အခါ လူတိုင်းပဲ ယူကျုံးမရဖြစ်ကာ ပူဆွေးသောကဖြစ်ကြရပါတယ်။ ဒီလိုပူဆွေးလောင်မြိုက်ခြင်းခံနေကြရတဲ့လူအပေါင်းကို ဖေးမကူညီဖို့ဟာ ကျွန်မရဲ့တာဝန်တစ်ရပ်ပါ။ သေလွန်ပြီးတဲ့ကျွန်မရဲ့ခင်ပွန်းနဲ့ ကျွန်မဆုံတွေ့ပြီး ကျွန်မစိတ်ချမ်းမြေ့ခဲ့ရသလို ကျွန်မနဲ့ဘဝတူကြတဲ့ လူအပေါင်းတို့လဲ စိတ်ချမ်းမြေ့နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ရှင်"*

ဤသို့သတ္တိရှိရှိဖြင့် လေဒီဆီးဂရေ့ ဆောင်ရွက်လိုက်ခြင်းကို တိမ်နီရောဆာဟင်နရီပါ ကောင်းချီးသြဘာပေးကြ၏။

၁၉၆၈ ခုနှစ်တွင် လေဒီဆီးဂရေ့ကွယ်လွန်ပြီး သူမ၏ခင်ပွန်းနှင့် ဝိညာဉ်လောကတွင် ပေါင်းဆုံရ၏။ သူတို့သည် အက်စတယ်ထံသို့ အတူတကွရောက်လာကြပြီး နှစ်ပေါင်းများစွာသူတို့၏ချမ်းသာပျော်ရွှင်ရေးကို ဖန်တီးပေးခဲ့ခြင်းအတွက် လှိုက်လှဲစွာကျေးဇူးတင်ကြောင်း ပြောကြားကြ၏။

## မယ်လဘုန်းမှ သည်းလှိုက်ရင်ဖိုဇာတ်လမ်း

၁၉-ရာစုနှစ်ကုန်လောက်တွင် အမေရိကန်ဇနီးမောင်နှံတစ်စုံတို့ကိုယ်တွေ့ကြုံခဲ့သော တမလွန်ဘဝဇာတ်လမ်းမှာ ကျောချမ်းရင်ဖိုဖွယ်ကောင်းလှပေ၏။

အမေရိကန်ပြည် ဘော့စတွန်မြို့နေ **မစ္စတာဒစ်ကင်ဆင်**[၁]သည် ပြဇာတ်နှင့်

---

၁။ Mr. Dickenson

www.burmeseclassic.com

www.burmeseclassic.com



အနုပညာဝေဖန်ရေးသမားတစ်ဦးအဖြစ် လေးစားခြင်းခံရသူတစ်ဦးဖြစ်၏။ သူသည် နိုင်ငံများစွာသို့ ဟောပြောရန်သွားရောက်ရပြီး ထိုသို့သွားရောက်သည့်အခါတိုင်း အမေရိကန်သတင်းစာနှင့် မဂ္ဂဇင်းတိုက်များက သူ့အားသတင်းထောက်အဖြစ် ခန့်အပ်ကြ၏။

ဒစ်ကင်ဆင်သည် ကလေးတစ်ယောက်ရပြီးနောက် ဇနီးကွယ်လွန်သွားသဖြင့် ငယ်ရွယ်သူအမျိုးသမီးတစ်ယောက်နှင့် ထပ်မံအိမ်ထောင်ပြု၏။ ဒုတိယဇနီးတွင် ပရစိတ်ပညာတန်ခိုးအသင့်အတင့်ရှိသည်ကို ဒစ်ကင်ဆင်သတိပြုမိ၏။

ပထမဇနီးသည် ဘဝချင်းခြားခဲ့ပြီဖြစ်သော်လည်း မိမိ၏ကလေးအား ဆက်လက် စောင့်ရှောက်လျက်ရှိကြောင်းကို ဒုတိယဇနီးက အထောက်အထားများတွေ့ရှိရ၏။ သူပြင်ဆင်ထားသောပန်းအိုးများသည် ထူးဆန်းစွာနေရာပြောင်းရွှေ့နေတတ်၏။ တစ်ခါတလေ ကလေးငယ်ဖျားသဖြင့် မိထွေးသည် ကလေးအား ကောင်းစွာသိပ်ထားပြီးနောက် အောက်ထပ်သို့ဆင်းသွား၏။ လှေကားတွင် ပထမဇနီးက ကိုယ်ထင်ပြသဖြင့် မိထွေးငယ်သည် အောက်ထပ်ခန်းမှအဖော်နှစ်ယောက်ကို လျင်မြန်စွာခေါ်ပြီး မိမိအခန်းသို့ ပြေးတက်သွား၏။ အခန်းကို ဖွင့်ကြည့်လိုက်သောအခါ ကလေးငယ်မှာ အိပ်ပျော်လျက်ရှိ၏။

သို့ရာတွင် ကလေးကိုဖုံးလွှမ်းပေးခဲ့သော ဂွမ်းစောင်နီနှင့်တကွ ကလေးအိပ်ရာတစ်ခုလုံးသည် ဖြူဆွတ်လတ်ဆတ်သည့်ကြာပန်းများနှင့် အပြည့်အဝဖုံးလွှမ်းနေသည်ကို မြင်တွေ့ရ၏။ ထိုအချိန်အခါသည် ကြာပန်းများကို ရရှိရန်အလွန်ခဲယဉ်းသည့်အခါပင်တည်း။

ဘဝချင်းခြားခဲ့ပါသော်လည်း မိခင်သည် ရင်သွေးကိုစောင့်ရှောက်နေဆဲပါတကား။

## ရာဇဝတ်ကောင်တို့၏သွားရာလမ်း

၁၈၉၂ ခုနှစ်တွင် မစ္စတာဒစ်ကင်ဆင်သည် ဩစတြေးလျနိုင်ငံ **မယ်လဘုန်း** [၁] မြို့သို့ ဟောပြောပွဲခရီးထွက်ရသဖြင့် ဇနီးကိုပါ ခေါ်ဆောင်သွား၏။ ထိုအခါ အမေရိကန်သတင်းစာတိုက်များနှင့် မဂ္ဂဇင်းတိုက်များက သူ့အား လူဆိုးကြီး **အယ်ဖရက်ဒီးမင်း** [၂] အကြောင်းကိုစုံစမ်းရန် တာဝန်ပေးအပ်ကြ၏။

အယ်ဖရက်ဒီးမင်းသည် နိုင်ငံများစွာတွင် ရာဇဝတ်မှုမြောက်မြားစွာကို ကျူးလွန်ခဲ့၏။ သူ့အကြောင်းကို မဂ္ဂဇင်းနှင့်သတင်းစာများက မကြာခဏ ရေးသားဖော်ပြကြ၏။ လူပေါင်းများစွာတို့၏ ပစ္စည်းဥစ္စာကို လိမ်ညာယူခဲ့၏၊ လူ

---

၁။ Melbourne ၂။ Alfred Deeming

www.burmeseclassic.com

www.burmeseclassic.com



သတ်မှုများစွာကို ကျူးလွန်ခဲ့၏၊ အင်္ဂလန်နိုင်ငံ **လီဗာပူ** [၁] မြို့၌ သူ၏ပထမဇနီးနှင့် ကလေးလေးယောက်တို့ကို ရက်စက်စွာသတ်ခဲ့သည်ဟု လူများစွာတို့က ယုံကြည်ကြ၏။

ထို့နောက် အင်္ဂလိပ်သတို့သမီးတစ်ဦးကို သြစတြေးလျနိုင်ငံသို့ ခေါ်ဆောင်လာပြီးလျှင် သတ်လိုက်ပြန်၏။ ၎င်းလူသတ်မှုကြောင့် **ပတ်(သ)** [၂] မြို့၌ အခြားမိန်းကလေးတစ်ဦးကို လက်ထပ်မည့်ဆဲဆဲတွင် ဒီးမင်းအဖမ်းခံလိုက်ရ၏။

သူ၏ပြစ်မှုများမှာ လွန်စွာထင်ရှားသည့်အတွက် ၁၈၉၂ ခုနှစ် မေလ ၂၃ ရက်နေ့တွင် သူ့အားကြိုးဆွဲချရန် တရားရုံးက သေဒဏ်ချမှတ်လိုက်၏။

ဒီးမင်းသည် အဖမ်းခံရစဉ်အခါ၌ ရူးသွပ်နေသကဲ့သို့ ပြုမူပြောဆိုခဲ့၏။ တရားရုံး၌ အစစ်ဆေးခံရစဉ်၌မူ တဖြည်းဖြည်းတည်ငြိမ်လာပြီး လူကောင်းတစ်ဦးအဖြစ်သို့ အသွင်ပြောင်းခဲ့၏။ ဤအကြောင်းသည် လူမှုရေးရှုထောင့်မှ စိတ်ဝင်စားဖွယ်ဖြစ်၍ မစ္စတာဒစ်ကင်ဆင် စုံစမ်းလို၏။

သို့အတွက် ဒီးမင်းကိုချုပ်ထိန်းထားသည့်ထောင်အတွင်း၌ ဒီးမင်းအား တွေ့ဆုံခွင့်ပြုရန် ထောင်အရာရှိများကို မစ္စတာဒစ်ကင်ဆင် ခွင့်တောင်းခံ၏။

ခွင့်ပြုချက်ရသဖြင့် မစ္စတာဒစ်ကင်ဆင်နှင့်ဇနီးတို့သည် ဒီးမင်းအား သွားရောက်တွေ့ဆုံကြ၏။ မစ္စက်ဒစ်ကင်ဆင်သည် ပန်းချီ၊ ပန်းပုအတတ်ကို အသင့်အတင့်တတ်မြောက်ထားသဖြင့် သူမကိုယ်တိုင် ဒီးမင်း၏လက်ဝါးပေါ်သို့ ပလတ်စတာ လောင်းထည့်လိုက်၏။

တရားခံသည် သူ၏လက်ပုံစံယူသည်ကို သဘောကျကာ ရွှင်မြူးနေ၏။ မစ္စက်ဒစ်ကင်ဆင်ကိုလည်း စိတ်ဝင်စားစွာကြည့်နေ၏။ သူ၏လက်ဖွေတွင် နောက်တနင်္လာနေ့၌ သူကြိုးဆွဲချခံရမည့်အကြောင်း ပါရှိသလားဟုပင် သူမအား မေးမြန်းလိုက်သေး၏။

ဒီးမင်းသည် သူကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများအကြောင်းကို မစ္စတာဒစ်ကင်ဆင်အား မပြောပြခဲ့ချေ။ သူ့မိခင်၏တစ္ဆေက သူ၏ထောင်ခန်းထဲ၌ လာရောက်ငိုယိုနေသည့်အတွက် သူအနှောင့်အယှက်ဖြစ်ရသည့်အကြောင်းကိုမူ သူ၏စကား၌ ထည့်သွင်းပြောပြလိုက်၏။

နောက်နှစ်ရက်လွန်မြောက်၍ စနေနေ့သို့ရောက်သောအခါ မစ္စတာဒစ်ကင်ဆင်နှင့် ဇနီးတို့သည် မယ်လဘုန်းမြို့၏ဆင်ခြေဖုံး၌ရှိသော သူတို့ငှားရမ်းထားသည့်အိမ်ကလေးတွင် ရှိနေကြ၏။ လူတစ်ယောက်က "ဒီးမင်း၏ဝန်ခံချက်"

---

၁။ Liverpool ၂။ Perth

www.burmeseclassic.com

www.burmeseclassic.com



စာရွက်များကို လှည့်လည်ကာ အော်ရောင်းသဖြင့် မစ္စတာဒစ်ကင်ဆင်က တစ်ရွက် ဝယ်ယူလိုက်၏။

၎င်းဝန်ခံချက်စာရွက်သည် အမှန်ကိုဖော်ပြထားခြင်းမဟုတ်သည်ကို မစ္စတာဒစ်ကင်ဆင် ကြိုတင်သိပါ၏။ သို့စေကာမူ ဝန်ခံချက်စာရွက်ကို သူဖတ်ရှုကြည့်ပြီး ဒီးမင်း၏အမှုကို ပြန်လည်စဉ်းစားနေမိ၏။ ထိုအခိုက် ကျယ်လောင်သော ညည်းညူသံများကို သူကြားရ၏။ အဘွားအိုတစ်ယောက်က ပြင်းထန်သော ဝေဒနာကို မချိမဆံ့ခံစားရသဖြင့် ညည်းညူသောအသံနှင့် တူ၏။ ထိုအသံသည် အခန်းအတွင်းမှထင်ရှားစွာထွက်ပေါ်လာခြင်းဖြစ်၍ မစ္စတာဒစ်ကင်ဆင် ကျောချမ်းသွား၏။

ထိုအခိုက် မီးဖိုချောင်မှဇနီးခေါ်သံကြားရသဖြင့် မစ္စတာဒစ်ကင်ဆင်သည် မှင်သေနေရာမှ အတင်းအားစိုက်၍ထလိုက်ပြီး ဇနီးထံသို့ပြေးသွား၏။

"ဘာဖြစ်တာလဲဟင်"

"ဒီးမင်းရဲ့မိခင် လာတယ်"

ဇနီးက အသံတိုးတိုးဖြင့် ပြောလိုက်၏။

"ဒီးမင်းရဲ့မိခင်...ဟုတ်လား၊ မင်းဘယ်လိုလုပ်ပြီး သိသလဲ"

"ထောင့်ထဲက ဒီးမင်းရဲ့အခန်းထဲမှာ သူ့ကို ကျွန်မတွေ့ခဲ့ပါတယ်"

"ဒါဖြင့်ရင် ဒီးမင်းပြောတာ မှန်တာပေါ့၊ သူ့အမေက သူ့ကိုလာပြီး ဒုက္ခပေးနေတယ်ဆိုတာ..."

"ဟုတ်တယ်...မှန်တယ်၊ အခု သူကျွန်မကို လာဒုက္ခပေးနေတယ်၊ ဟော...လာပြန်ပြီ၊ သွား...သွား၊ ကျွန်မ မကူညီနိုင်ဘူး၊ ရှင်ဘာဖြစ်လို့ ကျွန်မကို ဒုက္ခလာပေးနေရတာလဲ၊ သွားပါ"

မစ္စတာဒစ်ကင်ဆင်မမြင်နိုင်သော ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို သူ့ဇနီးက စူးစိုက်ကြည့်ပြီး ပြောဆိုနေ၏။ ဒီးမင်း၏မိခင်က သူ့သားလွတ်မြောက်ရေးအတွက် အကူအညီလာတောင်းနေဟန်တူ၏။ ထို့နောက် အဘွားအိုထွက်ခွာသွားသောပုံစံမျိုးဖြင့် 'အား...သူထွက်သွားပြီ'ဟု ဒစ်ကင်ဆင်၏ဇနီးက သက်ပြင်းချကာ မှတ်ချက်ချလိုက်၏။

ထိုနေ့ညနေ၌ **အမေရိကန်သံရုံး**[၁] ထံသို့ အလည်သွားရောက်ကြရာမှ သူတို့ပြန်ရောက်လာကြသောအခါ အိမ်အတူငှားနေသည့် အသက်အရွယ်ကြီးသော **စကော့မိတ်ဆွေ**[၂]သည် ခွေးနှစ်ကောင်နှင့်အတူ အိမ်ထဲ၌ရှိနေကြသည်ကို သူတို့ ထူးဆန်းစွာမြင်တွေ့ကြရ၏။

---

၁။ American consulate ၂။ Scottish friend

www.burmeseclassic.com

www.burmeseclassic.com



ထိုမိတ်ဆွေက 'အိမ်ထဲမှာ လူတွေလှုပ်ရှားသွားလာနေတဲ့အသံမျိုးစုံကို ငါ ကြားရတယ်ဗျ၊ ခွေးတွေကလဲ ကြားပုံရတယ်၊ သူတို့က အိမ်ထဲဝင်ဖို့ ငြင်းဆန်နေကြလို့ ငါအဖော်ရအောင် သူတို့ကို မနည်းဆွဲသွင်းယူခဲ့ရတယ်'ဟု ထူးဆန်းသော အဖြစ်အပျက်ကို ပြောပြ၏။

ဤသည်ကား **နတ်မိစ္ဆာများ**[၁] နှောင့်ယှက်မှု၏ အစဦးလက္ခဏာများပေတည်း။ ထိုအခါမှစ၍ နေ့တိုင်းလောက်ပင်လျှင် အခန်းတွင်းမှပစ္စည်းအသုံးအဆောင်များသည် မမြင်ရသောနတ်မိစ္ဆာများက လွှင့်ပစ်ကစားနေကြသည့်အလား ဟိုဟိုဒီဒီထူးဆန်းစွာ လွင့်သွားကြ၏။ ပြတင်းပေါက်မှန်များလည်း ကွဲကုန်၏။ အိမ်ပြင်မှနေ၍ အိမ်ထဲသို့ ကျောက်ခဲများ ထူးဆန်းစွာဝင်ရောက်လာကြ၏။

မစ္စတာဒစ်ကင်ဆင်က ထိုလှုပ်ရှားမှုများ၏ နောက်ကွယ်တွင် မည်သည့်သက်ရှိသတ္တဝါများကိုမှမမြင်ရသော်လည်း သူ့ဇနီးက နတ်မိစ္ဆာအချို့သွားလာနေကြသည်ကို မြင်တွေ့ရသည်ဟုဆို၏။

## သနားကြင်နာမှုနှင့် ဘဝလွှတ်မြောက်ရေး

တစ်နေ့တွင် မစ္စတာဒစ်ကင်ဆင်အပြင်ထွက်ပြီး ပြန်လာသောအခါ သူ့ဇနီးအား အလွန်ထိတ်လန့်နေသည့်အမူအရာဖြင့် မြင်တွေ့ရ၏။ အတော်ကလေးကြာမှ သူမအကြောက်ပြေပြီး အကြောင်းရင်းကို ပြောပြနိုင်၏။

ငိုရှိုက်သံဖြင့် သူမပြောပြသည်မှာ ထိုနေ့နံနက်တွင် အိမ်ပြင်ပသို့ သူကြည့်လိုက်မိ၏။ ထိုအခါ အိမ်စဉ်ပစ္စည်းလှည့်လည်ရောင်းချသူနှင့် ဆင်တူသော လူတစ်ယောက်က ဦးခေါင်းငိုက်စိုက်နှင့် သူမဆီသို့လျှောက်လာနေသည်ကို မြင်လိုက်ရ၏။ ထိုလူနီးလာသောအခါ သူမ ဝယ်ခြမ်းစရာမရှိသေးကြောင်း အော်ပြောလိုက်၏။

ထိုလူက ဝမ်းနည်းသံဖြင့် 'ကျွန်တော် တစ်စုံတစ်ခုရောင်းပါရစေ၊ တစ်ခုခုဝယ်ယူဖို့ ကျွန်တော်အထူးတောင်းပန်ပါတယ်'ဟု တိုးတိုးကလေးပြောလိုက်၏။

သူမဝယ်ရန်ငြင်းဆန်ပြန်သောအခါ 'ခင်ဗျားဝယ်မယ်လို့ ကျွန်တော် မျှော်လင့်ထားပါတယ်၊ ကျွန်တော့်ကို ထောင်ထဲမှာ ခင်ဗျားလာကြည့်တုန်းက ခင်ဗျားရဲ့သနားကြင်နာမှုကို ကျွန်တော်ခံစားရပါတယ်'ဟု ထိုလူက ထပ်ဆို၏။ သူမက မမှတ်မိသဖြင့် 'ကျွန်မတစ်သက်မှာ ရှင့်ကို တစ်ခါမှကျွန်မမမြင်ဖူးပါဘူး'ဟု ဆိုလိုက်၏။

"မြင်ဖူးပါတယ်ဗျာ၊ ထောင်အချုပ်ခန်းထဲမှာလေ"

---

[၁] Pottergeist

www.burmeseclassic.com

www.burmeseclassic.com



"ဘာ...၊ ရှင်ဟာ...ဒီးမင်းလား"

"ဟုတ်ပါတယ်၊ ကျွန်တော်ဟာ အဲဒီကံမကောင်းတဲ့လူပါပဲ"

ထိုအခါ သူမက အလွန်ကြောက်လန့်သွားပြီး "သွား...သွား၊ မမြင်ချင်ဘူး" ဟု အော်ပြောလိုက်၏။

သူသည် သူမအား ဝမ်းနည်းစွာကြည့်ပြီး ထွက်ခွာသွား၏။ လမ်းပေါ်သို့ ရောက်သောအခါ ပျောက်ကွယ်သွား၏။

"သူပြန်လာမယ်ဆိုတာ ကျွန်မသိတယ်၊ ဘာကြောင့်လဲဆိုတော့ သူက ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်နေတယ်၊ သူဆက်သွယ်နိုင်တဲ့လူဆိုတာကလဲ ကျွန်မ တစ်ယောက်တည်းရှိတာ၊ ကျွန်မတို့ အိမ်မြန်မြန်ပြောင်းမှကောင်းမယ်"ဟု သူမ ထပ်ပြော၏။

နောက်တစ်နေ့နံနက်တွင် သူမစိတ်ပြောင်းသွား၏။ ဒီးမင်းပြန်လာလျှင် သူမကူညီနိုင်သည်ကို ကူညီပေးနိုင်ရန်အတွက် ထိုအိမ်တွင် ခေတ္တဆက်နေမည် ဟု သူမဆုံးဖြတ်လိုက်၏။

ရက်သတ္တပတ်အနည်းငယ်ကုန်လွန်သွားပြီးနောက် အိမ်၌သူမတစ်ဦးတည်း ရှိနေစဉ် ခွေးဟောင်သံကို သူမကြားရ၏။ ပြတင်းပေါက်အပြင်သို့ သူမကြည့် လိုက်သောအခါ ခွေးနှစ်ကောင်သည် အိမ်နောက်ဖေးဘက် ထွက်ပြေးသွားကြ သည်ကို သူမမြင်လိုက်ရ၏။ ခွေးတို့သည် နာနာဘာဝများကို မြင်တွေ့နိုင်ကြ သည်တကား။

ထို့နောက် အိမ်ရှေ့သံဆန်ခါတံခါးမှတစ်ဆင့် အပြင်သို့ကြည့်လိုက်သည့် အခါ ဆင်ဝင်အောက်၌ ဒီးမင်းရပ်နေသည်ကို သူမမြင်ရ၏။ သူ့အား စကားပြော ရန် သူမကြောက်ရွံ့မိ၏။ သို့သော် သူ့အသွင်မှာ အလွန်ဝမ်းနည်းပူဆွေးနေပုံရ သဖြင့် သူမ အရဲစွန့်ကာ...

"ရှင် ဘာကြောင့်ပြန်လာသလဲ"ဟု မေးလိုက်၏။

"တစ်ယောက်ယောက်က ကျွန်တော့်ကိုသနားကြင်နာပြီး ပေးကမ်းစွန့်ကြဲ မှ ကြောက်စရာနေရာကို ကျွန်တော်ကျော်လွှန်သွားနိုင်မယ်"

ထိုကြောက်စရာသည် ဒီးမင်း၏ ငရဲဖြစ်လေသလော။

"ကျွန်မ ဘယ်လိုပေးကမ်းစွန့်ကြဲရမှာလဲ"

"ကျွန်တော့်ကို တစ်ခုခုပေးပါ၊ ပေးတဲ့အခိုက်မှာ ကျွန်တော့်အတွက် ဝမ်း နည်းပါတယ်လို့ စိတ်ကိုညွှတ်ထားပါ"

"ကျွန်မက ရှင့်အတွက် စိတ်မကောင်းဖြစ်မိပါတယ်၊ ဒါလောက်ဆိုရင် မလုံ လောက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မလုံလောက်ဘူး"

"ရှင် ငွေလိုချင်သလား"

"ငွေဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ခင်ဗျားတန်ဖိုးထားတဲ့ ပစ္စည်းတစ်ခုခုပေးရင် ရပါတယ်"

"ရှင့်ကိုငွေပေးဖို့က ကျွန်မ ဝန်မလေးပါဘူး၊ ဒါပေမဲ့ ကျွန်မတံခါးဖွင့်မပေးနိုင်ဘူး"

"တံခါးဖွင့်မပေးလဲ ရပါတယ်၊ ခင်ဗျားနောက်က ဦးထုပ်ထားတဲ့စင်ပေါ်မှာ ငွေအကြွေအချို့ကို တင်ထားပေးပါ"

သူမသည် နောက်ဘက်လှည့်ပြီး ငွေအကြွေအချို့ကို စင်ပေါ်တွင် တင်ပေးလိုက်၏။ တံခါးဘက်သို့ သူမလှည့်ပြီးကြည့်လိုက်သည့်အခါ ဒီးမင်းမရှိတော့ပါ။ သူမ နောက်ပြန်လှည့်ပြီး စင်ပေါ်သို့ကြည့်လိုက်သည့်အခါ၌လည်း ငွေအကြွေများ မရှိတော့ပါ။

သူမတစ်ကိုယ်လုံး ကြက်သီးမွေးညင်းထပြီး တုန်လှုပ်မိ၏။ အိမ်ထဲသို့ သူသူ...ဝင်နိုင်ခဲ့သည်တကား။

သူမသည် တံခါးကိုဖွင့်၍ လမ်းဘက်သို့ပြေးထွက်ရန် ကြံစည်လိုက်၏။ ထိုအခါ သူမ၏ရှေ့နားမှ ဒီးမင်း၏အသံ ပေါ်လာ၏။

"မကြောက်ပါနဲ့၊ ကျွန်တော်ရပ်နေတဲ့နေရာက ကျွန်တော်မရွေ့လျားခဲ့ပါဘူး"

"ဒါဖြင့်ရင် ငွေတွေကို ရှင်ဘယ်လိုလုပ်ပြီးယူလိုက်သလဲ"

"ကျွန်တော်ရှင်းပြရင်လဲ ခင်ဗျားနားလည်မှာမဟုတ်ဘူး"

"ကျွန်မ ရှင့်ကို မမြင်ရပါလား"

"ဟုတ်တယ်၊ နောက်လဲ မမြင်ရတော့ဘူး၊ ကျွန်တော် ရှေ့ဆက်ပြီးသွားနိုင်ပြီလေ"

"ဒီလိုဆိုရင် ကျွန်မပေးတဲ့ငွေကိုလဲ ရှင်မလိုတော့ဘူးပေါ့"

"ဟုတ်တယ်၊ မလိုတော့ဘူး၊ အဲဒီငွေကို ပေးကမ်းခြင်းဖြင့် ကျွန်တော့်အပေါ်ထားတဲ့ ခင်ဗျားရဲ့သနားကြင်နာမှုကို ခင်ဗျားလက်တွေ့ပြခဲ့ပြီးပြီလေ"

ထိုအခိုက် စင်ပေါ်သို့ ငွေအကြွေများ တချွင်ချွင်မြည်၍ကျလာသံကို ကြားရသဖြင့် သူမနောက်သို့လှည့်ကြည့်၏။ စင်ပေါ်၌ ငွေအကြွေအားလုံးကိုပြန်လည်မြင်တွေ့ရ၏။

ထို့နောက်တွင် ဒီးမင်းပြန်မပေါ်လာတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်မှန်သည် မစ္စတာဒစ်ကင်ဆင်ကိုယ်တိုင် ရေးသားခဲ့သည့်စာအုပ်မှ ကောက်နုတ်ဖော်ပြလိုက်သောဇာတ်လမ်းဖြစ်သည်။

## တစ်ခန်းရပ်ဝေဖန်,သုံးသပ်,ရှင်းလင်းချက်

မြန်မာတစ်နိုင်ငံလုံးက လေးစားကြည်ညိုရသော အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသသည် လူအများတို့အား သတိသံဝေဂရစိမ့်သော ဌာ မိမိ၏ကျောင်းအဝင်ဝ၌ **"နောင်ဘဝရှိသည်၊ နတ်ပြည်ရှိသည်၊ ငရဲရှိသည်"** ဟု ထင်ထင်ရှားရှားကမ္ပည်းထိုးထားစေခဲ့၏။

ဆရာတော်ဟောကြားသော **'ပဋ္ဌာန်းတရားတော်ကြီး'**[၁] ၌လည်း နောင်ဘဝနှင့် နတ်ဘဝတို့၏အထောက်အထားများကို အလျဉ်းသင့်သလိုထည့်သွင်းဟောကြားသွားခဲ့၏။

မှတ်သားဖွယ်ရာသာဓကတစ်ခုမှာ **ရေချမ်းစင်ဒါယိကာမ** ဖြစ်၏။ မန္တလေးမြို့ ရေရှားသောအရပ်များ၌ ရေချမ်းအိုးများကို တည်ထားလှူဒါန်းခဲ့ခြင်းကြောင့် ရေချမ်းစင်ဒကာမဟု အမည်တွင်၏။ သာသနာတော်အတွက် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသည့် ပစ္စည်းလေးပါးတို့ကိုလည်း ရက်ရောစွာလှူဒါန်းခဲ့၏။

ဒကာမကွယ်လွန်ပြီးနောက် ကျန်ရစ်သူဆွေမျိုးတို့သည် ဒကာမကိုးကွယ်ခဲ့သော တောင်သမန်ကျောင်းတိုက်ဆရာတော်ကို ပင့်ဖိတ်၍ ရက်လည်ဆွမ်း ကပ်လှူကြ၏။ ဆရာတော်သည် အနုမောဒနာတရားချီးမြှင့်ပြီးနောက် ရေစက်ချအမျှပေးဝေ၏။

ဆရာတော်ပြန်ကြွသွားသောအခါ လမ်းခုလက်၌ မြောင်းကူးတံတားတစ်ခုကို ကျော်ဖြတ်စဉ် "ဆရာတော်ဘုရား၊ ဆရာတော်ဘုရား" ဟုခေါ်သံကိုကြားရ၏။ ဆရာတော်က ရပ်တန့်ပြီး "ဟဲ့... ရေချမ်းစင်ဒကာမ မဟုတ်လား" ဟု မေးလိုက်၏။

"ဟုတ်ပါတယ်ဘုရား"

"ဟဲ့... နင် ဘယ်ဘဝရောက်နေတာလဲ"

"တပည့်တော်မ သေခါနီးမှာ သားသမီးတွေ ငွေကြေးတာကို အာရုံယူမိလို့ နတ်ပြိတ္တာကလေးဖြစ်နေပါတယ်ဘုရား၊ တပည့်တော်ကို နတ်ပြိတ္တာအဖော်များက ရေတံခွန်တောင်ဆီခေါ်သွားလို့ ဆရာတော်ပထမအကြိမ် တရားဟောစဉ်က တရားမနာလိုက်ရပါဘုရား၊ ကနေ့တော့ ဆရာတော်ဟောတဲ့တရားကို နာ

---

[၁] အရှင်ဇနကာဘိဝံသ-"ပဋ္ဌာန်းတရားတော်ကြီး"၊ သာသနာ့ဦးစီးပုံနှိပ်တိုက်။

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အပြင် အမှုပေးထေတာကိုလဲ သာခုခေါ်နိုင်ပါတယ်ဘုရား၊ ယခုတပည့်တော်မကောင်းတဲ့ဘဝကို လားရတော့မယ်ဘုရား”

စကားသံပျောက်သွား၏။ ရေချမ်းစင်ဒကာမလည်း အဆင့်မြင့်သော သုဂတိဘုံသို့ လားရောက်သွားရသည်ဟု ယူဆရ၏။

အခြားသာဓကတစ်ခုမှာ လူဝင်စားတစ်ဦးသည် မိမိလူ့ဘဝကသေလွန်ပြီးသည့်နောက် မိခင်အိမ်ဘေးက လမ်းကြားကလေးတွင် ပြိတ္တာကလေး ဖြစ်ခဲ့ရကြောင်း၊ မန္တလေး လမ်းကြိုလမ်းကြားတွင် နတ်ပြိတ္တာကလေးများ မြောက်မြားစွာ ရှိကြပြီး ပျော်ပျော်ပါးပါးကစားနေကြကြောင်း၊ မိခင်စွန့်ပစ်သည့်ဆွမ်းထမင်းကိုသာ ပျော်ရွှင်စွာလုစားခဲ့ကြကြောင်းကို ဆရာတော်ဟောကြားခဲ့ပါသည်။

မှန်ပါသည်။ သတ္တဝါတို့သည် ဖြစ်လေရာဘဝ၌ ပျော်ရွှင်နေကြပါသည်။ ကြွယ်ဝချမ်းသာသူများက စည်းစိမ်နှင့် ဆွေမျိုးအလယ်တွင် ပျော်ရွှင်နေကြသလိုဆင်းရဲသူများကလည်း မိမိတို့၏ အသိုက်အဝန်းတွင် ပျော်ရွှင်နေကြသည်သာဖြစ်၏။ ကြက်, ဝက်, ငှက်, ဘဲ စသည့် တိရစ္ဆာန်များတို့လည်း သူတို့ကျက်စားရာ လောကကလေးတွင် ပျော်ရွှင်နေကြသည်သာတည်း။

ဤကမ္ဘာမြေအပြင်သည် လူ့ဘုံဌာနချည်းသက်သက်မဟုတ်။ နတ်ပြိတ္တာများ, တိရစ္ဆာန်နှင့် အသူရကာယ်များ၏ ဘုံဌာနလည်းဖြစ်ပေ၏။ သူ့အလွှာနှင့်သူ လှည့်လည်သွားလာနေကြ၏။

ကျွန်ုပ်တို့မြတ်နိုးတွယ်တာနေကြသော ကျွန်ုပ်တို့၏ခန္ဓာကိုယ်များသည်ပင် ကျွန်ုပ်တို့တစ်ဦးတည်းပိုင်မဟုတ်ပါ။ ခန္ဓာကိုယ်အတွင်း ကိန်းအောင်းနေကြသော သန်ကောင်များ ဘက်တီးရီးယားများ စသည့် ပိုးမွှားများစွာတို့၏ နေအိမ်လည်း ဖြစ်ပေ၏။

‘သေခြင်း’ဟူသော ကန့်လန့်ကာနောက်ကွယ်သို့ ထိုးဖောက်၍မမြင်သိနိုင်သည့်အတွက် နောက်ဘဝမရှိ၊ သေလျှင်ပြတ်သည်ဟု မှတ်ယူရန်မသင့်ပါ။ သာမန်လူတို့၏ မျက်စိအမြင်သည် အလွန်အားနည်းရကား လှိုင်းလျား ၄၀၀၀ **အင်စထရွမ်**[၁] နှင့် ၇၀၀၀ အင်စထရွမ်အတွင်းရှိသော အလင်းလှိုင်းများကိုသာ မြင်နိုင်၏။ လှိုင်းလျား ၄၀၀၀ အင်စထရွမ်အောက်ရှိကြသော **ခရမ်းလွန်ရောင်ခြည်**[၂], **အိပ်စရေးရောင်ခြည်**[၃], **ဂမ္မာရောင်ခြည်**[၄] စသော ရောင်ခြည်လှိုင်းများစွာတို့ကို မမြင်တွေ့နိုင်ပါ။ လှိုင်းလျား ၇၀၀၀ အင်စထရွမ်အထက်ရှိကြသော **အနီလွန်ရောင်ခြည်**[၅], **ရေဒီယိုလှိုင်း**[၆] စသောလှိုင်းများစွာတို့ကိုလည်း မမြင်နိုင်ပါ။

---

၁။ 1 angstrom = $1 \times 10^{-8}$cm
၂။ Ultraviolet light
၃။ X-rays
၄။ Gamma rays
၅။ Infrared light
၆။ Radio-waves

www.burmeseclassic.com

www.burmeseclassic.com



မံသစက္ခုအမြင်ဖြင့် ကြည်လင်နေသောရေတစ်ခွက်တွင် ပိုးမွှားများမရှိဟု ထင်မိ၏။ အဏုကြည့်မှန်ပြောင်းဖြင့်ကြည့်သောအခါ ကုဋေပေါင်းများစွာသော ဘက်တီးရီးယားပိုးမွှားများကို မြင်တွေ့ရ၏။

ထို့နည်းအတူ သာမန်လူတို့၏မျက်စိအမြင်ဖြင့် သေခြင်းတရား၏နောက် ကွယ်၌ မည်သည့်အရာကိုမျှ မမြင်တွေ့ရသည့်အတွက် နောက်ဘဝမရှိဟု ထင်မှတ်ကြ၏။ ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုးဖြင့်ကြည့်ရှုသောအခါ မရေတွက်နိုင်သော တမလွန်ဘုံသားများကို မြင်တွေ့ကြရ၏။

ဘုရားနှင့် ရဟန္တာများသည် မိမိတို့ကိုယ်တိုင်မြင်သိခဲ့သောတရားများကို သတ္တဝါအပေါင်းတို့၏အကျိုးငှာ ဟောကြားကြကုန်၏။ ဗုဒ္ဓဉာဏ်တော်ဖြင့် သေသေချာချာသိမြင်ပြီး ဟောကြားတော်မူခဲ့သော ကံတရားနှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်တို့သည် အလွန်လေးနက်နက်နဲသိမ်မွေ့လှရကား မိမိဉာဏ်မမီ၍ မသိနားမလည်နိုင်သဖြင့် ကံ၏အကျိုးတရားသည်မရှိ။ နောက်ဘဝလည်းမရှိဟု မှတ်ယူယုံကြည်လိုက်လျှင် အပါယ်လေးပါးသို့ရောက်စေသော မိစ္ဆာဒိဋ္ဌိနယ်ထဲသို့ ခြေစုံပစ်ကာ ဝင်ရောက်သွားပေလိမ့်မည်။

မျက်စိဖြင့် မမြင်နိုင်သည်ကို ဉာဏ်စက္ခုဖြင့်ကြည့်ရမည်။ နားဖြင့် မကြားနိုင်သည်ကို ဉာဏ်သောတဖြင့် နားထောင်ရမည်။ ကိုယ်ဖြင့် မထိတွေ့နိုင်သည်ကို ဉာဏ်စွမ်းအားဖြင့်ထိတွေ့၍ သိနားလည်အောင် ကြိုးစားရမည်။

အနောက်တိုင်းပညာရှင်များသည် မိမိတို့မြင်သမျှ, ကြားသမျှ, သိနားလည်သမျှတို့ကို သိပ္ပံနည်းကျစွာ တင်ပြခဲ့ကြ၏။ ၎င်းတင်ပြချက်များတွင် မိမိတို့၏ရိုးရာယုံကြည်မှုဖြင့်မရှင်းပြနိုင်သော အချက်အလက်များစွာ ပါဝင်ခဲ့ကြ၏။ သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာ၏ကျယ်ပြန့်လှသော သဘောတရားအဝန်းနယ်နိမိတ် အတွင်း၌မူ အားလုံးအကျုံးဝင်ကြသည်သာ ဖြစ်၏။

အကြားအမြင်ရသူများနှင့် နတ်ဝင်သည်များမှတစ်ဆင့် အနောက်တိုင်းသုတေသီတို့ မြင်သိခဲ့ကြရသော တမလွန်လောကမှဝိညာဉ်ပုဂ္ဂိုလ်များဟူသည်မှာ စတုမဟာရာဇ်အနွယ်ဝင် ဝိနိပါတိကပြိတ္တာကလေးများသာ ဖြစ်ကြ၏။

သူတို့တင်ပြခဲ့ကြသော တမလွန်ဘဝအထောက်အထားများမှာ အလွန်ခိုင်မာသည့်အတွက် နောက်ဘဝရှိသည်ကို ယုံမှားဖွယ်မဖြစ်သင့်တော့ချေ။

*ကျီးဖြူတစ်ကောင်ကို မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် 'ကျီးအားလုံး မည်းသည်'ဟူသောအဆိုသီအိုရီ ပျက်ပြယ်သွားသကဲ့သို့ ခိုင်လုံသည့် နောက်ဘဝအထောက်အထားတစ်ခုကို မြင်တွေ့လိုက်*

www.burmeseclassic.com

www.burmeseclassic.com



*ရသည်နှင့်တစ်ပြိုင်နက် 'နောက်ဘဝမရှိ၊ သေလျှင်ပြတ်သည်' ဟူသော အဆိုသီအိုရီသည်လည်း ပျက်ပြယ်သွားလေပြီ။*

*ကြည့်သောသူသာ မြင်နိုင်၏။ နားထောင်သောသူသာ ကြားနိုင်၏။ စူးစမ်းရှာဖွေသောသူသာ မသိသေးသည်ကို မြင်သိနိုင်၏။*

**ဉာဏ်မရှိလျှင် မြင်လျက်နှင့် မသိ။** ဥပကတက္ကတွန်းသည် မြတ်စွာဘုရားရှင်ကို မြင်တွေ့ရပါသော်လည်း ဘုရားမှန်းမသိ။ ကြောင်တောင်ကန်းမြင်နေခြင်းသာ ဖြစ်၏။

သို့အတွက် နောက်ဘဝအထောက်အထားများကို ထင်ထင်ရှားရှား မြင်ကြားဖတ်ရှုနေရပါသော်လည်း ကြောင်တောင်ကန်းမဖြစ်ပါစေနှင့်။

အရေးကြီးလှသော ဘဝပြဿနာတစ်ရပ်ကို အသိဉာဏ်ယှဉ်လျက် အမှန်ကို မြင်သိအောင် ကြိုးစားအားထုတ်သင့်လှပေတော့သတည်း။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

# ရှေးဘဝအကြောင်းအလားများ

### ရှေးနှင့်နောက်

အချိန်သည် တစ်ဆက်တည်းသွားနေသကဲ့သို့ ဘဝသည်လည်း တစ်ဆက်တည်း သွားနေ၏။

'မနေ့က' လွန်မြောက်သွားသဖြင့် 'ယနေ့'ရောက်လာ၏။ 'ယနေ့' လွန်မြောက်လျှင် 'မနက်ဖြန်' ရောက်လာပေဦးမည်။

'မနေ့, ယနေ့, မနက်ဖြန်'ဟူသည်မှာ လူတို့၏သတ်မှတ်ချက်သာဖြစ်၏။ တကယ်ရှိသောအရာများ မဟုတ်။ ယနေ့သည် ယမန်နေ့၏မနက်ဖြန်ဖြစ်သလို မနက်ဖြန်၏ ယမန်နေ့လည်း ဖြစ်ပေ၏။

'မနေ့က' လွန်မြောက်၍ 'ယနေ့'ရောက်လာသလို 'ယနေ့'လွန်မြောက်သော် 'မနက်ဖြန်'ရောက်လာမည်မှာ အလွန်သေချာနေပါတော့၏။

ထို့အတူ 'ရှေးဘဝ, ယခုဘဝ, နောက်ဘဝ'ဟူသည်မှာ လူတို့၏ပညတ်ချက်များသာ ဖြစ်ကြ၏။ ယခုဘဝသည် ရှေးဘဝ၏နောက်ဘဝဖြစ်သလို ယခုဘဝသည် နောက်ဘဝ၏ရှေးဘဝလည်းဖြစ်ပေ၏။

ရှေးဘဝလွန်မြောက်၍ ယခုဘဝရောက်လာသလို ယခုဘဝလွန်မြောက်လျှင် နောက်ဘဝရောက်လာဦးမည်မှာ အလွန်သေချာလှပါ၏။

တစ်နည်းဆိုသော် ရှေးဘဝရှိသည်ဟု အခိုင်အမာသိရလျှင် နောက်ဘဝရှိသည်ဟု အခိုင်အမာပြောဆိုနိုင်၏။ အလားတူပင် နောက်ဘဝရှိသည်ဟု ယူဆနိုင်ပါက ရှေးဘဝရှိသည်ဟု ယူဆနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## သွယ်ဝိုက်သောအထောက်အထားများ

ယနေ့ကမ္ဘာတွင် လူသန်းပေါင်း ၆၀၀၀ ကျော်ရှိသည်။ ထိုလူအပေါင်းတွင် ရုပ်သဏ္ဍာန်ရော စိတ်အရည်အသွေးများပါ တူညီကြသည့်လူများ မရှိကြပါ။

တိုယိုတာကုမ္ပဏီမှထုတ်လုပ်သော ဟိုင်းလတ်ကားများသည်လည်းကောင်း၊ နစ်ဆန်းကုမ္ပဏီမှထုတ်လုပ်သော ဒတ်ဆန်းကားများသည်လည်းကောင်း၊ နေရှင်နယ် ကုမ္ပဏီမှထုတ်လုပ်သော ပုံစံတူရုပ်မြင်သံကြားစက်များသည်လည်းကောင်း အရည်အသွေးတူ ပုံသဏ္ဍာန်တူကြ၏။

သို့သော် မိဘနှစ်ဦးမှပေါက်ဖွားလာကြသော သားသမီးများသည် အရည်အသွေးမတူညီကြ၊ အမိမျိုးစေ့နှင့် အဖမျိုးစေ့တို့ ပေါင်းစပ်ထားသည့် ဥတစ်လုံးတည်းမှ ပေါက်ဖွားလာကြသော **အမြွှာညီအစ်ကို**[၁] သို့မဟုတ် **အမြွှာညီအစ်မ**[၁]များသည်ပင် စိတ်နေသဘောထား, ဉာဏ်ထက်မြက်မှု, ဝါသနာစရိုက်စသည်တို့၌ အလွန်ကွာခြား၏။

**Men are born equal.**

**လူများသည် အဆင့်အတန်းတူ အခွင့်အရေးတူ မွေးဖွားလာကြသည်။**

ဤအဆိုမှာ နိုင်ငံရေးသမားများ၏ စိတ်ကူးယဉ်မျှော်မှန်းချက်သာ ဖြစ်သည်။

အမှန်မှာ ဘုရင့်မိဖုရား သို့မဟုတ် ဘုရင်မ၏ ဝမ်းကြာတိုက်မှ မွေးဖွားလာသော ကလေးငယ်သည် နန်းတွင်းအသုံးအဆောင်များကြားတွင် ကြီးပြင်းလာရပြီး ထီးမွေနန်းမွေကို ခံစားခွင့်ရှိ၏။

သူတောင်းစားမိခင်မှ မွေးဖွားလာသော ကလေးငယ်မှာ အဝတ်စုတ်,ခြင်းစုတ်ကြားတွင် ကြီးပြင်းလာရပြီး ထမင်းနပ်မှန်စားနိုင်ရေးအတွက်ပင် အာမခံချက် မရှိရှာပေ။

ကမ္ဘာပေါ်မှ သန်းပေါင်း ၆၀၀၀ ကျော်သောလူတို့တွင် အချို့သည် အဆင်းလှကြ၏၊ အချို့သည် အကျည်းတန်ကြ၏၊ အချို့သည် ကျန်းမာသန်စွမ်းကြ၏၊ အချို့သည် ရောဂါထူပြော၍ ချည့်နဲ့ကြသည်၊ အချို့သည် အသက်ရှည်ကြ၏၊ အချို့သည် အသက်တိုကြ၏၊ အချို့သည် ချမ်းသာကြွယ်ဝကြ၏၊ အချို့သည် ဆင်းရဲနွမ်းပါးကြ၏၊ အချို့သည် ရာထူးဂုဏ်သိန်ကြီးမားကြ၏၊ အချို့သည် အလုပ်လက်မဲ့ဖြစ်နေကြ၏၊ အချို့သည် ထင်ပေါ်ကျော်ကြားကြ၏၊ အချို့သည် အညတြဘဝနှင့်သာ အသက်ကုန်လွန်ကြရ၏။

ဤသို့သော မညီမျှမှုများကို ကျေလည်အောင်ဖြေရှင်းပေးနိုင်သော သိပ္ပံ

---

၁။ Siamese twins

www.burmeseclassic.com

www.burmeseclassic.com



နိယာမများ မရှိပါ၊ ဒဿနိကစည်းမျဉ်းများလည်း မရှိပါ၊ ဗုဒ္ဓ၏ **ကမ္မနိယာမ** က သာ ကျေနပ်အောင် ဖြေရှင်းပေးနိုင်သည်။

*"သုဘလုလင် ...ဤလောက၌ လူများသာမက အလုံးစုံသော သတ္တဝါဟူသမျှတို့သည် ကံသာလျှင်ဥစ္စာရှိကြကုန်၏၊ ကံသာလျှင် အမွေအနှစ်ရှိကြကုန်၏၊ ကံသာလျှင် အဆွေအမျိုးရှိကြကုန်၏၊ ကံသာလျှင် အဆွေခင်ပွန်းရှိကြကုန်၏၊ ကံသာလျှင် ကိုးကွယ်အားထားရာ ရှိကြကုန်၏။*

*"ထိုကံတရားသည်ပင်လျှင် သတ္တဝါဟူသမျှတို့ကို အယုတ်, အလတ်, အမြတ် စသည်ဖြင့် ထူးခြားကွဲလွဲအောင် ဆောင်ရွက်ခဲ့လေလေသည်"*

ဟူ၍ ဗုဒ္ဓမြတ်စွာသည် **စူဠကမ္မဝိဘင်္ဂသုတ္တန်** ၌ **သုဘလုလင်** ၏ အမေးပုစ္ဆာကို ဖြေကြားတော်မူခဲ့၏။

ဗုဒ္ဓဟောကြားတော်မူသော ကံတရားကိုယုံကြည်လျှင် ရှေးဘဝများရှိသည်ကို ယုံကြည်ရမည်ဖြစ်၏။ ရှေးဘဝများ၌ သတ္တဝါများအား သနားကြင်နာမှုမရှိဘဲ ညှဉ်းပန်းနှိပ်စက်လေ့ရှိသူသည် ယခုဘဝ၌ အနာရောဂါထူပြောရ၏။ ရှေးဘဝများ၌ သတ္တဝါများကိုသတ်ဖြတ်လေ့ရှိသူသည် ယခုဘဝ၌အသက်တိုရ၏။ ရှေးဘဝများ၌ အမျက်ဒေါသကြီး၍ သူတစ်ပါးအား ချုပ်ချယ်လေ့ရှိသူသည် ယခုဘဝ၌ အကျည်းတန်၏။ ရှေးဘဝ၌ အလှူဒါနပေးကမ်းလေ့မရှိသူသည် ဤဘဝ၌ ဆင်းရဲရ၏။

ရှေးဘဝ၌ ငါးပါးသီလ စောင့်ထိန်း၍ အလှူဒါနပေးကမ်းလေ့ရှိသောသူသည် ယခုဘဝ၌ အဆင်းလှ၏၊ အနာကင်း၏၊ အသက်ရှည်၏၊ ချမ်းသာကြွယ်ဝ၏၊ ကျော်စောထင်ရှား၏၊ အခြွေအရံပေါ၏။

ခေတ်ပညာမတတ်သော်လည်း စီးပွားရေးလုပ်ငန်းများ အဆင်ပြေကာ စား၍မကုန်၊ လှူ၍မခန်းနိုင်သော လူများရှိသလို ခေတ်ပညာတတ်သော်လည်း အဆင်မပြေဘဲ ဆင်းရဲနွမ်းပါးနေသူများလည်း ရှိကြ၏။

ဤသို့သတ္တဝါများ၏ ကွာခြားချက်များကို ဆင်ခြင်တွေးတော၍ နောက်ဘဝများက သတ္တဝါတို့ပြုလုပ်ခဲ့ကြသည့် ကုသိုလ်ကံ,အကုသိုလ်ကံတို့သည် ယခုဘဝ၌ သတ္တဝါတို့အား ပြုပြင်ဖန်တီးမှုရှိသည်ကို ယုံကြည်နိုင်လောက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ရေးဘဝများမရှိလျှင် ဘုရားမပွင့်နိုင်

ဗုဒ္ဓမြတ်စွာ၏သဗ္ဗညုတဉာဏ်တော်သည် သာမန်လူသားတို့၏ဉာဏ်ထက် အဆပေါင်းကုဋေကုဋာမက ထက်မြက်စူးရှလှပေ၏။

ကမ္ဘာကျော် သိပ္ပံပညာရှင်များ, ကမ္ဘာကျော် ဒဿနိကတွေးခေါ်ရှင်များ, ကမ္ဘာကျော်စိတ်ပညာရှင်များတို့ မသိမြင်နိုင်, မကြံဆနိုင်, မတွေးခေါ်နိုင်သော ဘဝနှင့် လောကအကြောင်းအရာများကို ဗုဒ္ဓသည် ဟုတ်တိုင်းမှန်စွာသိမြင်တော်မူခဲ့၏။

ခေတ်အဆက်ဆက်၌ ထွန်းကားခဲ့ကြသော သုတေသီအပေါင်းတို့ ရေးသားပြုစုခဲ့ကြသည့် စာအုပ်စာစောင်များသည် ကမ္ဘာ့စာကြည့်တိုက်များကို ပြည့်လျှံသွားအောင် မြားမြောင်လှပေ၏။ သို့ရာတွင် ဤစာအုပ်များအားလုံး၌ ပါရှိသော ရေးသားချက်များသည် လူသားတို့၏ စိတ်အသိုးသိုး၌ ကိန်းဝပ်နေကြသော လောဘ, ဒေါသ, မောဟ စသည့်တရားဆိုးများကို ပယ်သတ်ခြင်းငှာ မစွမ်းနိုင်ကြပါ။

> *ဗုဒ္ဓ၏တရားတော်သည်သာလျှင် လူသားတို့၏စိတ်အသိုးသိုးတို့၌ ကိန်းဝပ်နေကြသော ထိုကိလေသာတရားဆိုးများကို အကြွင်းမဲ့ပယ်သတ်နိုင်ပြီးလျှင် အချမ်းသာဆုံးချမ်းသာဖြစ်သည့် သန္တိသုခကို ပေးဆောင်နိုင်၏။*

ဗုဒ္ဓ၏တရားဓမ္မကို သိနားလည်မှ ဗုဒ္ဓ၏ဉာဏ်တော်ကို ရိပ်စားမိနိုင်မည်။ သိထိုက်သော တရားအလုံးစုံကို အလိုလိုသိမြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်တော်ကို ဘဝများစွာ ပါရမီမဖြည့်ဆည်းခဲ့ဘဲ ဤတစ်ဘဝတည်း၌ **ကြွေတစ်လှည့် ကြက်တစ်ခုန်** သဘောမျိုးဖြင့် ကြိုးပမ်းရယူခြင်းငှာ မည်သူမျှမစွမ်းနိုင်ပါ။

ဂေါတမမြတ်စွာသည် **သုမေဓာရသေ့** ဘဝက **ဒီပင်္ကရာဘုရားရှင်** ထံမှ ဗျာဒိတ်တော်ခံယူပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး အပတ်တကုတ် ကြိုးစားအားထုတ်၍ ပါရမီများကိုဖြည့်ဆည်းခဲ့ခြင်းကြောင့်သာ နောက်ဆုံးဘဝ၌ သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့ပေ၏။

သုတ္တန်ဒေသနာတော်များတွင် ပါဝင်ကြသည့် ဇာတ်ကြီး ၁၀ ဘွဲ့နှင့် ဇာတ်ငယ် ၅၅၀ တို့သည် ဗုဒ္ဓမြတ်စွာ၏ ရေးဘဝအကြောင်းအရာများပင် ဖြစ်ကြ၏။

ဤသို့ ပါရမီတော်၏အဟုန်အစွမ်းကို ထောက်ရှုခြင်းဖြင့်လည်း အတိတ်ဘဝများရှိသည်ကို ယုံကြည်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကလေးဉာဏ်ကြီးရှင်များ[၁]

တစ်ကြိမ်တစ်ခါ လေ့လာတတ်မြောက်ပြီးသော အတတ်ပညာတစ်ခုကို နှစ်ပေါင်းများစွာ ပစ်ပယ်ထား၍ မေ့လျော့နေစေကာမူ ထိုအတတ်ပညာကို တစ်ဖန်ပြန်လေ့လာလျှင် လွယ်ကူစွာတတ်မြောက်နိုင်သည်မဟုတ်လော။ ဤအဖြစ်မျိုးကို လူတိုင်းကြုံတွေ့ခဲ့ဖူးမည်ဖြစ်၏။

ငယ်စဉ်က ရေကူးတတ်သူသည် နှစ် ၅၀ ခန့်မျှ ရေမကူးဘဲနေခဲ့ပြီးနောက် တစ်ဖန်ရေထဲဆင်းလျှင် ရေကူးတတ်မည်သာဖြစ်၏။

ရှင်သာမဏေဘဝက သဒ္ဒါ, သင်္ဂြိုဟ်စသည့်ကျမ်းစာများကို သင်အံခဲ့သူသည် ကြီးပြင်းလာသောအခါ ထိုကျမ်းစာများကို တစ်ဖန်လေ့လာလျှင် အလေ့အလာလုံးဝမရှိခဲ့သောသူထက် ပိုမိုလျင်မြန်စွာ သိနားလည်မည်ဖြစ်၏။

ဤသည်ကား တစ်ကြိမ်လေ့လာတတ်မြောက်ပြီးသော အသိပညာ အတတ်ပညာသည် စိတ်အစဉ်တွင် အမှတ်သညာ၏ အာနိသင်အဖြစ် ဆက်ကာဆက်ကာ ကျန်ရစ်သွားသည်ကို ဖော်ပြ၏။ ဤအမှတ်သညာ၏ စွမ်းရည်အာနိသင်ကို **မှတ်ဉာဏ်**[၂] ဟုခေါ်ဆိုနေကြ၏။

အမှတ်သညာအသစ်အသစ်တို့သည် အမှတ်သညာအဟောင်းအဟောင်းတို့ကို ဖုံးလွှမ်းသွားကြ၏။ ထို့ကြောင့် အမှတ်သညာအဟောင်းတို့သည် မှတ်ဉာဏ်တွင် ဖုံးအုပ်နစ်မြုပ်သွားသည့်အလား အချိန်ကြာညောင်းလာသောအခါ စဉ်းစား၍မရနိုင်အောင် တိမ်မြုပ်သွားကြ၏။

သို့စေကာမူ ထိုအမှတ်သညာတို့၏ အာနိသင်သည် **ဘဝင်စိတ်အစဉ်**[၃] တွင် ပါရှိနေသည်သာဖြစ်၏။ အကြောင်းတိုက်ဆိုင်လာလျှင် ပြန်လည်ထင်ပေါ်လာ၏။ ဤဘဝင်စိတ်အစဉ်၌ တိမ်မြုပ်နေကြသည့်အမှတ်သညာတို့ကို **အိပ်မွေ့ချနည်း**[၄] ဖြင့် ပြန်လည်ဖော်ထုတ်ယူနိုင်ပုံကို နောက်အခန်း၌ ရေးသားတင်ပြမည်ဖြစ်၏။

ယခုဘဝ၌ တွေ့ကြုံ, ခံစား, သိမှတ်ခဲ့သော အကြောင်းအရာအားလုံးသည် ဘဝင်စိတ်အစဉ်တွင် နစ်မျောကာ စီးဆင်းနေကြသည့်နည်းတူ ယခင့်ယခင်ဘဝများ၏ အတွေ့အကြုံ, ခံစားချက်နှင့် သိမှတ်ခဲ့သောအကြောင်းအရာများသည်လည်း ဘဝင်စိတ်အစဉ်တွင်နစ်မြုပ်ကာ တစ်ပေါင်းတည်းစီးဆင်းနေကြသည်သာ ဖြစ်၏။

ဤကား အလွန့်အလွန်ထူးခြားသော စိတ္တနိယာမဖြစ်၏။ သိပ္ပံပညာက

---

၁။ Child prodigies
၂။ Memory
၃။ Unconscious mind
၄။ Hypnotic method

www.burmeseclassic.com

www.burmeseclassic.com



လက်လှမ်းမမီဘဲ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ မြင်သိနိုင်သော အကြောင်းရပ် ဖြစ်ပေ၏။

စိတ်အစဉ်သည် အချိန်ကဲ့သို့ (ဝါ) ရေစီးကြောင်းကဲ့သို့ တစ်လုံးပြီးတစ်လုံး တော့ဆက်ကာ အလွန်လျင်မြန်စွာ တရစပ်ဖြစ်ပျက်လျက်ရှိ၏။ တစ်စက္ကန့်လျှင် စိတ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားနိုင်၏။

*တစ်စပ်တည်း ရွေ့လျားနေသောအချိန်ကို ယမန်နေ့, ယနေ့, မနက်ဖြန် စသည်ဖြင့် လူတို့ပိုင်းဖြတ်သတ်မှတ်ကြသကဲ့သို့ တစ်စပ်တည်း ဖြစ်ပျက်နေသော စိတ်အစဉ်ကိုလည်း ယခင်ဘဝ, ယခုဘဝ, အနာဂတ်ဘဝ စသည်ဖြင့် လူတို့သတ်မှတ်ကြ၏။*

အမှန်မှာ ယခုစိတ်တစ်လုံးဖြစ်၍ ပျက်ပြီးသည်နှင့်တစ်ပြိုင်နက် နောက် စိတ်တစ်လုံးဖြစ်လာသကဲ့သို့ ဘဝကူးပြောင်းသည့်အချိန်၌ ယခုဘဝ၏ နောက် ဆုံးစိတ် (စုတိစိတ်) ဖြစ်၍ပျက်သွားသည်နှင့်တစ်ပြိုင်နက် နောက်ဘဝ၏ ပထမ ဦးဆုံးစိတ် (ပဋိသန္ဓေစိတ်) ဖြစ်လာတော့၏။ ထို့ကြောင့် စိတ်အစဉ်မှာ မည်သို့ မျှပြောင်းလဲခြင်းမရှိပါ။ ရေစီးကြောင်းကဲ့သို့ အစဉ်အတန်းကြီးဖြစ်ပျက်သွား သည်သာတည်း။

စိတ်တစ်လုံးချုပ်ငြိမ်းသွားသောအခါ ၎င်း၏အာနိသင်အားလုံးကို နောက် စိတ်သို့ လက်ဆင့်ကမ်းပေးခဲ့၏။ ဤသို့အာနိသင်ကူးပြောင်းသွားပုံကို ဗုဒ္ဓမြတ် စွာသည် ၂၄-ပါးသော ပဋ္ဌာန်းပစ္စည်းတို့ဖြင့် ပဋ္ဌာန်းဒေသနာတွင် အကျယ်တဝင့် ရှင်းလင်းဟောကြားတော်မူခဲ့၏။

ဤသို့လျှင် စိတ်၏ အာနိသင်များသည် ပျောက်ပျောက်သွားခြင်းမရှိဘဲ စိတ် အစဉ်တွင် မျောပါလျက်ရှိသည့်အတွက်ကြောင့်သာ နောက်ဘဝများကို မြင်သိ သူများ, ယခင်ဘဝများက မြင်သိခဲ့သည်များကို မှတ်မိသူများ, ဉာဏ်ကြီးရှင်များ ပေါ်ပေါက်လာနိုင်ခြင်း ဖြစ်သည်။

အတိတ်ဘဝများကို မြင်သိခြင်း၊ အတိတ်ဘဝက မြင်တွေ့ခဲ့ရသောရှုခင်း များကို မှတ်မိခြင်း၊ အတိတ်ဘဝက ချစ်ခင်ခဲ့ဖူးသူအချင်းချင်းပြန်လည်တွေ့ဆုံကြ သောအခါ မေတ္တာရှိကြခြင်း၊ အတိတ်ဘဝက ရန်သူများကို ပြန်လည်မြင်တွေ့ရ သောအခါ အမုန်းပွားမိခြင်း၊ ကျောင်းစာပင် မသင်ရသေးဘဲလျက် စာဖတ်တတ် ခြင်း၊ မကြားဖူးသည့်ဘာသာစကားများကို ပြောဆိုနိုင်ခြင်း၊ ကလေးဘဝအရွယ် ၌ပင် သာမန်လူကြီးများထက် ဉာဏ်ပညာထူးချွန်ခြင်း စသောဖြစ်ရပ်များသည် လောကတွင် အထင်အရှားပင် ပေါ်ပေါက်လျက်ရှိကြပေ၏။ ဤအကြောင်းအရာ များကို သိပ္ပံပညာက မငြင်းဆိုနိုင်ပါ၊ ဖြေနိုင်စွမ်းလည်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကလေးပညာတတ်များ

သာမန်ကလေးများသည် အသက်ငါးနှစ်အရွယ်တွင် ကျောင်းစ,နေကြသည်။ မူလတန်းတွင် ငါးနှစ်သင်အံပြီးနောက် အသက် ၁၀ နှစ်အရွယ်သို့ရောက်သော အခါ စာအသင့်အတင့်ဖတ်နိုင်လာကြ၏။ အခြေခံပညာအလယ်တန်းနှင့်အထက် တန်းတွင် နောက်ထပ်ခုနစ်နှစ် ပညာဆည်းပူး၍ အသက် ၁၆ နှစ်ခန့်ရောက်သော အခါတွင် စာအသင့်အတင့်ရေးသားနိုင်လာကြ၏။

သို့ဖြစ်လျှင် အသက်ငါးနှစ်အောက်အရွယ်တွင် ကောင်းစွာစာဖတ်တတ် နိုင်, စာရေးနိုင်သည်ဆိုပါက ထူးဆန်းအံ့သြဖွယ်မကောင်းပါလော။

အမေရိကန်ပြည်ထောင်စုမှ **ဝီလျံကွိမ်းဆစ်ဒစ်** သည် အသက်နှစ်နှစ်အရွယ် တွင် အရေးအဖတ်တတ်မြောက်၏။

ပြင်သစ်နိုင်ငံမှ ကမ္ဘာကျော်စာရေးဆရာ **ဗိုးလတယ်** [၁] သည် အသက်သုံးနှစ် အရွယ်တွင် **ဖောင်တိန်း** [၂] ၏ ဒဏ္ဍာရီပုံပြင်များကို နှစ်သက်စွာဖတ်ရှုနေပြီဖြစ်၏။

ဗြိတိသျှသံအမတ်တစ်ဦးဖြစ်သူ **ဝီလျံဘာမီလတန်** သည် အသက်သုံးနှစ် အရွယ်၌ ဟီးဘရူး(ဟေးဗြဲ)ဘာသာကိုတတ်မြောက်၏၊ အသက် ၁၂ နှစ်အရွယ် တွင် ပါရှန်း, အာရဗ္ဗ, ဟင်ဒူစတန်နီအပါအဝင် ဘာသာ၁၂ မျိုးကို ကောင်းစွာပြော ဆိုနိုင်၏။

**ဘင်သမ်** [၃] သည် အသက်လေးနှစ်အရွယ်တွင် လက်တင်ဘာသာနှင့်ဂရိဘာ သာတို့ကို ဖတ်နိုင်ရေးနိုင်၏။

**စတူးအတ်မီး** [၄] သည် သုံးနှစ်သားအရွယ်တွင် ဂရိဘာသာကို ဖတ်ရှုနိုင်ပြီး ခြောက်နှစ်သားအရွယ်တွင် ရောမမြို့သမိုင်းကို ရေးသားခဲ့၏။

**ဘဘင်တန်မက်ကောလေး** [၅] သည် ခြောက်နှစ်သားအရွယ်တွင်ပင် ကမ္ဘာ့ သမိုင်းကို ရေးသားခဲ့၏။

မြန်မာနိုင်ငံတွင်လည်း ဒုတိယကမ္ဘာစစ်မဖြစ်မီက အသက်ခြောက်နှစ် အ ရွယ်တွင် ပိဋကတ်တော်များကို အာဂုံရွတ်ဆိုပြနိုင်သော မောင်ထွန်းကြိုင် ပေါ် ပေါက်ခဲ့၏။ **'ပိဋကတ်မောင်ထွန်းကြိုင်'** အဖြစ် ကျော်ကြားသွားခဲ့၏။

၁၉၅၄ ခုနှစ် ဇူလိုင်လထုတ် သင်္ဂါယနာစာစောင်တွင် ဉာဏ်ထက်မြက်၍ မှတ်ဉာဏ်အလွန်ကောင်းသော အသက်ခြောက်နှစ်သမီး **မလှကြီး** ၏ အကြောင်း ကို ရေးသားဖော်ပြထား၏။ မလှကြီးသည် အခက်ခဲဆုံးပါဠိစာသားများကို ဖတ်

---

၁။ Voltaire (1694-1778)
၂။ Fontaine
၃။ Bentham
၄။ Stuart Mill
၅။ Babington Macaulay
၆။ Karma and Rebirth by Nyanatiloka Mahathera

www.burmeseclassic.com

ရှုနိုင်သည့်အပြင် သုံးလေးခေါက်မျှ ဖတ်ရှုပြီးသောအခါ မှန်ကန်စွာအာဂုံရွတ်ဆိုနိုင်၏။

မလှကြီးအား စမ်းသပ်ရာတွင် သင်္ဂြိုဟ်ပါဠိနောက်ဆုံးအပိုဒ်ကို ဖတ်ရှုစေ၏။ ငါးခေါက်ဖတ်ပြီးသောအခါ အလွတ်ရွတ်ဆိုနိုင်သည်ကို တွေ့ကြရ၏။ ပဋ္ဌာန်းပါဠိတော်တစ်မျက်နှာကို တစ်မိနစ်ကြာ ကြည့်ရှုခွင့်ပြုပြီးနောက် ရွတ်ဆိုစေသည့်အခါ၌လည်း အမှားမရှိဘဲ မှန်ကန်စွာရွတ်ဆိုနိုင်၏။

ဤသို့ မှတ်ဉာဏ်ကောင်းခြင်းမှာ **ဓာတ်ပုံမှတ်ဉာဏ်**[၁] ရှိခြင်းကြောင့် ဖြစ်သည်ဟု စောဒကတက်နိုင်၏။ သို့သော် မလှကြီးသည် ပါဠိတော်များကို အလွတ်ရွတ်ဆိုနိုင်ရုံမျှသာမက အဓိပ္ပာယ်ကိုပါသိနားလည်ပြီး ပြန်လည်ပြောပြနိုင်၏။ သို့အတွက် အတိတ်ဘဝက လေ့လာသင်အံခဲ့သည့် ပါရမီအစွမ်းကြောင့်သာ မှန်ကန်စွာ ဖတ်နိုင်၊ မှတ်နိုင်၊ အဓိပ္ပာယ်သိနိုင်ခြင်း ဖြစ်ပေလိမ့်မည်။[၂]

၁၉၅၆ ခုနှစ်တွင် ဖျာပုံမြို့နယ်မှ ဆင်းရဲသော လယ်သမားမိသားစုတစ်စုသည် ဘုရားဖူးရန် ရန်ကုန်မြို့သို့ရောက်လာကြ၏။ ထိုမိသားစုတွင် သုံးနှစ်သားအရွယ် သမီးကလေးသည် စာမသင်ရသေးသော်လည်း ပိဋကတ်ပါဠိတော်များကို သွက်သွက်လက်လက်ဖတ်နိုင်၏။

ပါဠိတော်ဟူသည်မှာ လူကြီးများပင် အချိုးကျကျဖတ်နိုင်ရန် ခဲယဉ်းသည့်စာ ဖြစ်၏။ ကလေးမ၏ မိဘနှစ်ပါးမှာ စာမတတ်သူများဖြစ်ကြသဖြင့် သမီးအား ပါဠိသင်ပေးရန်ဝေးစွ၊ ကကြီး ခခွေးမျှလောက်ကိုပင် မသင်ပေးနိုင်ကြပါ။ သမီးငယ်က ဖိတ်စာတစ်စောင်ကို ကောက်ယူပြီး ဖတ်ရှုနေသည်ကို တွေ့မြင်ကြသောအခါမှ သမီးငယ်စာဖတ်တတ်နေပြီဖြစ်ကြောင်း အံ့သြစွာသိရှိကြလေ၏။

ထိုကလေးမသည် စာမသင်အံရဘဲလျက် စာဖတ်တတ်နေခြင်းဖြစ်၏။ သူ၏ အတိတ်ဘဝအကြောင်းကိုမေးလျှင် ငို၏။ သူ့အရပ်မှရဟန်းအချို့တို့၏ အမည်များကို အလိုလိုသိနေသည်ကို ထောက်ရှု၍လည်းကောင်း၊ ရဟန်းတို့ကို မောင်နန္ဒိယ စသည်ဖြင့် မရိုမသေခေါ်ဆိုတတ်သောကြောင့်လည်းကောင်း၊ အတိတ်ဘဝကိုမေးလျှင် ဝမ်းနည်း၍ငိုသည်ကို ထောက်ရှု၍လည်းကောင်း မိမိတို့ကိုးကွယ်ခဲ့သော ဆရာတော်ဘုန်းကြီးသည်ပင် ပျံလွန်တော်မူပြီးနောက် မိန်းကလေးအဖြစ် လူဝင်စားဖြစ်လာသည်ဟု ယူဆကြ၏။

---

၁။ Photographic memory
၂။ The Case of Rebirth by Francis Story
၃။ မဟာစည်ဆရာတော်၏ 'ဘဝပြဿနာ' (၁၉၇၇-ခု)

www.burmeseclassic.com



## တက္ကသိုလ်ဝင်ခွင့်ရ အငယ်ဆုံးကျောင်းသား

လေးနှစ်သားအရွယ်တွင် တက္ကသိုလ်ဝင်ခွင့်ရသည်ဆိုလျှင် မထူးဆန်းပါသလော။

ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံနေထိုင်နေကြသည့် တရုတ်ပြည်ကြီးတွင် ပညာရည်ထူးချွန်သော ကလေးဉာဏ်ကြီးရှင်များ မကြာခဏပေါ်ထွန်းခဲ့ကြ၏။

၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ထုတ်သတင်းစာများတွင် တရုတ်ပြည်မှ လေးနှစ်သားအရွယ် **ဂျင်ဂျင်** [၁] အကြောင်းကို ဖော်ပြထား၏။

ဂျင်ဂျင်သည် တစ်နှစ်ခွဲသားအရွယ်တွင် အင်္ဂလိပ်ဘာသာနှင့်တရုတ်ဘာသာတို့ကို လည်လည်ပတ်ပတ်နားလည်၏၊ နှစ်နှစ်သားအရွယ်တွင် ထိုဘာသာနှစ်မျိုးစလုံးကို ကောင်းစွာပြောဆိုနိုင်၏၊ အမြှောက်ဇယားများကိုလည်း နားလည်၏၊ ဂြိုဩမေတြီပုံသဏ္ဌာန် ၂၀ ကိုလည်း ခွဲခြား၍အမည်ဖော်ပြနိုင်၏။

နှစ်နှစ်ခွဲသားအရွယ်တွင် ဂျင်ဂျင်သည် အပေါင်း, အနုတ်, အမြှောက်, အစားတို့ကို အခက်အခဲမရှိတွက်ချက်နိုင်၏၊ သုံးနှစ်သားအရွယ်တွင် အင်္ဂလိပ်စာနှင့် ဂန္ထဝင်မြောက် တရုတ်ကဗျာများကို ဖတ်ရှုနိုင်၏။

အသက်လေးနှစ်အရွယ်တွင် ဂျင်ဂျင်သည် ဂန္ထဝင်မြောက် တရုတ်ကဗျာဒါဇင်ပေါင်းများစွာကို နှုတ်တိုက်ရနေပြီး အခြေခံပညာအထက်တန်းအဆင့်သင်္ချာများကိုလည်း တွက်ချက်နိုင်၏။

ဉာဏ်ထက်မြက်လှသော ဂျင်ဂျင်ကို တရုတ်ပြည်အလယ်ပိုင်းရှိတက္ကသိုလ်ကြီးတစ်ခုဖြစ်သည့် ဝူဟန်တက္ကသိုလ်က ကျောင်းဝင်ခွင့်ပေးလိုက်ကြောင်းကို ၁၆-၃-၈၅ ရက်နေ့တွင် တရုတ်သတင်းဌာနက ကြေညာ၏။ ဂျင်ဂျင်သည် ဝူဟန်တက္ကသိုလ်၌ သိပ္ပံနှင့်စက်မှုပညာအကြိုသင်တန်းကို တက်ရောက်ရမည်ဖြစ်၏။

ဂျင်ဂျင်၏ဖခင်သည် ဇီဝသုတေသနပညာရှင်ကြီးတစ်ဦးဖြစ်ပြီး မိခင်သည် အလုပ်သမားတစ်ဦးဖြစ်၏။ ဖခင်သည် ဂျင်ဂျင်အား ဉာဏ်ပွင့်လင်းရေးအတွက် သွတ်ဓာတ်ကြွယ်ဝသောအာဟာရကို ကျွေးမွေးပြီး အချိန်မှန်မှန် အုန်းပင်စိုက်နိုင်းသည်ဟု ဆို၏။

ဂျင်ဂျင်၏အသိဉာဏ်သည် ရွယ်တူကလေးများထက် ၁၁ ဆခန့်မြင့်နေသည်ဟု သုတေသီတို့အကဲဖြတ်ကြ၏။ ဤသို့ထူးခြားစွာဉာဏ်ပညာထက်မြက်ခြင်း၏ အကြောင်းရင်းများတွင် ရှေးဘဝများက ပါရမီအရှိန်အဟုန်သည်အဓိကအချက်ဖြစ်သည်ဟု ယူဆရမည်သာတည်း။

---

၁။ Jin Jin

www.burmeseclassic.com

www.burmeseclassic.com



## ဥရောပမှ အံ့ဖွယ်ကလေး

ခရစ်သက္ကရာဇ် ၁၇၂၁ ခုနှစ်၌ **လူးဘက်**[၁] မြို့တွင် မွေးဖွားခဲ့သော **ဟိုင်းရစ်ဟိုင်းနက်ကင်း**[၂] သည် ၁၀ လသားအရွယ်တွင် စကားပြောနိုင်၏၊ အသက်နှစ်နှစ်အရွယ်တွင် ဘာသာရေးသမိုင်းကို ကောင်းစွာသိနားလည်၏၊ သုံးနှစ်သားအရွယ်တွင် ကမ္ဘာ့သမိုင်းနှင့် ပထဝီဝင်ဘာသာရပ်များအကြောင်းကို အတော်နှံ့စပ်စွာသိကျွမ်းနေပြီဖြစ်၏။ ထို့အပြင် ပြင်သစ်ဘာသာစကားတို့ကို ကောင်းစွာပြောဆိုနိုင်၏။

အသက်လေးနှစ်အတွင်း၌ စာရေးသားခြင်းကို တတ်မြောက်ပြီး ဘာသာရေးသမိုင်းကို ကျယ်ကျယ်ပြန့်ပြန့်စတင်လေ့လာ၏။ ဤအံ့ဖွယ်ကလေးနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် အရပ်ရှစ်မျက်နှာမှ လူအပေါင်းတို့သည် လူးဘက်မြို့သို့ အုတ်အုတ်ကျက်ကျက် လာရောက်ကြ၏။

သို့ရာတွင် အံ့ဖွယ်ကလေးငယ်သည် အသက်မရှည်ရှာဘဲ အသက်လေးနှစ်ပြည့်ပြီး မကြာမီတွင်ပင် ကွယ်လွန်သွားခဲ့၏။

## အံ့ဖွယ်ရာ ဂီတပညာရှင်များ

ပန်းချီ, ပန်းပု, ဂီတ, အက စသည့် အနုပညာရပ်များကို အထုံပါရမီရှိသူများသည် လွယ်လွယ်ကူကူ ထူးထူးချွန်ချွန်တတ်မြောက်နိုင်ကြ၏။ အထုံပါရမီမရှိသူများကား အခြေခံမျှတတ်မြောက်ရန်ကိုပင် အထူးကြိုးစားကြရ၏။

အနောက်တိုင်း ဂန္ထဝင်ဂီတနယ်ပယ်တွင် အထူးနာမည်ကျော်ကြားကြသော **မိုးဇက်**[၃], **ဘီးသိုဗင်**[၄], **ဟန်ဒယ်**[၅], **ရှူးဘတ်**[၆], **ချိုပင်**[၇], **ဝက်စလီ**[၈], **စထရောက်စ်**[၉] စသော ဂီတပညာရှင်များသည် ကလေးဘဝကတည်းကပင် ဂီတပညာတွင် အံ့ဖွယ်ရာ လက်စွမ်းပြနိုင်ခဲ့ကြ၏။

မိုးဇက်သည် အသက်လေးနှစ်မပြည့်မီကပင် တေးဂီတများကို စတင်ရေးဖွဲ့ခဲ့၏။

ဘီးသိုဗင်သည် အသက် ခုနစ်နှစ်အရွယ်တွင် ပရိသတ်များအား တေးဂီတဖြင့် စတင်ဖြေဖျော်ခဲ့ပြီး အသက် ၁၀ နှစ်အရွယ်တွင် သူရေးစပ်သောတေးဂီတများကို စတင်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့၏။

---

၁။ Lubeck
၂။ Christian Heinrich Heinecken
၃။ Mozart
၄။ Beethoven
၅။ Handel
၆။ Schubert
၇။ Chopin
၈။ Samuel Wesley
၉။ Richard Strauss

www.burmeseclassic.com

www.burmeseclassic.com



ဟာန်ဒယ်သည် အသက်ကိုးနှစ်သားအရွယ်မှစ၍ လူထုပရိသတ်များအား တေးဂီတဖြင့် ဖြေဖျော်နိုင်ခဲ့၏။

ရှူးဘတ်သည် ၁၁ နှစ်သားအရွယ်တွင် ဂီတတေးများကို စတင်ရေးစပ်ခဲ့၏။

ချိုပင်သည် အသက်ကိုးနှစ်မပြည့်မီကပင် ပရိသတ်ရှေ့မှောက်၌ ဂီတလက်စွမ်းပြနိုင်ခဲ့၏။

ဝက်စလီသည် အသက်သုံးနှစ်သားအရွယ်၌ **အော်ဂန်**[၁] ကို ကောင်းစွာတီးနိုင်ပြီး အသက်ရှစ်နှစ်အရွယ်တွင် ဂီတတေးကို စတင်ရေးစပ်ခဲ့၏။

**ဗရမ်း**[၂]**, ဗိုးရက်**[၃] နှင့် စထရော့(စ်) တို့သည်လည်း ငယ်ရွယ်စဉ်ကတည်းကပင် တေးဂီတတွင် လက်စွမ်းပြနိုင်ခဲ့ကြသည်။

## ဂဏန်းတွက်စက်များကို အနိုင်ယူသူ

၁၂ နှစ်သားအရွယ် သချာလူရည်ချွန်ကလေးတစ်ယောက်နှင့် အီလက်ထရွန်းနစ် ဂဏန်းတွက်စက်များတို့ကို ယှဉ်ပြိုင်စေလျှင် မည်သူအနိုင်ရလိမ့်အံ့နည်း။

အဖြေမှာ အများကမျှော်လင့်ထားကြသည့်အတိုင်းမဟုတ်ဘဲ ကလေးငယ်က အနိုင်ရလိုက်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဆီပြည်နယ်၏ မြို့တော်နှင့် ပီကင်းမြို့တော်ကြီးများတွင် ပြည်သူတို့ အုတ်အုတ်ကျက်ကျက်ဖြစ်ခဲ့ကြရ၏။ ထိုမြို့ကြီးနှစ်မြို့တွင် ၁၉၈၀ ပြည့်နှစ်အတွင်းက ၁၀ ကြိမ်တိုင်တိုင် ယှဉ်ပြိုင်ပွဲကို ကျင်းပပေးခဲ့ကြရ၏။

ယှဉ်ပြိုင်ပွဲတစ်ခုတွင် စာရင်းကိုင် ၁၂၀၀ အထိ တက်ရောက်လာကြ၏။ သူတို့သည် အီလက်ထရွန်နစ် ဂဏန်းတွက်စက်များကိုကိုင်၍ ၁၂ နှစ်သား သချာလူရည်ချွန် **ရှင်ကင်ဝွန်း** နှင့် ယှဉ်ပြိုင်ခဲ့ကြ၏။

ရှင်ကင်ဝွန်းသည် ခက်ခဲသည့်ပုစ္ဆာများကို သုံးစက္ကန့်မှ ၁၁ စက္ကန့်အတွင်း တွက်ချက်၍ အဖြေမှန်များကို ပေးနိုင်စွမ်းရှိ၏။ ထိုမျှသာမကသေး၊ ဂဏန်းတွက်စက်များဖြင့် မတွက်ချက်နိုင်သော ဂဏန်းရှစ်လုံးမှ ၁၂ လုံးအထိပါရှိသည့် ပုစ္ဆာများကိုပင် ရှင်ကင်ဝွန်း ဖြေရှင်းနိုင်၏။ ပီကင်းမြို့တော်အတွင်းကျင်းပသောယှဉ်ပြိုင်ပွဲတွင် ၆၂၅ ၏ ကိုးထပ်ကိန်းကိုရှာစေရာ အီလက်ထရွန်နစ်ဂဏန်းတွက်စက်သမားများက ချောက်ချောက်ချက်ချက် ခလုတ်နှိပ်၍ တစ်ဝက်တစ်ပျက်သာပြီးသေး၏။ အချိန်စက္ကန့် ၂၀ အတွင်း၌ပင် ရှင်ကင်ဝွန်းက အဖြေပေးလိုက်၏။ သူ့

---

[၁] Organ [၂] Brahms [၃] Dvorak

www.burmeseclassic.com

www.burmeseclassic.com



အဖြေသည် ၁၄, ၅၅၁, ၉၁၅, ၂၂၈, ၃၃၆, ၈၅၁, ၈၀၆, ၆၀၄, ၆၂၅ ဖြစ်သဖြင့် ၎င်းတွင် ဂဏန်း ၂၆ လုံးပါဝင်၏။

ဂဏန်းတွက်စက်များမှ အဖြေထွက်လာသည့်အခါ ရှင်ကင်ဝွန်းအဖြေနှင့် ထပ်တူဖြစ်နေပါတော့၏။

ရှင်ကင်ဝွန်း၏အရည်အသွေးကို ၁၉၇၉ ခုနှစ်၌ ကျင်းပခဲ့သည့် ခြောက်တန်းကျောင်းသားများ၏ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆရာများက စတင်သိရှိခဲ့ကြ၏။ ထိုပြိုင်ပွဲ၌ ဆရာတို့က မေးခွန်းများရေးပြီးသည်နှင့်တစ်ပြိုင်နက် ရှင်ကင်ဝွန်းသည် အဖြေမှန်များကို ရေးသားပြီးလျှင် ပြိုင်ပွဲကြီးကြပ်သူတို့အား တင်ပြလိုက်၏။

စာရွက်ပေါ်တွင် ရေးချတွက်ချက်ခြင်းမပြုဘဲ စိတ်တွက်ဖြင့်ပင်လျှင် ခက်ခဲလှသော သင်္ချာပုစ္ဆာများကို စက္ကန့်အနည်းငယ်အတွင်း ဖြေရှင်းပေးနိုင်သော ရှင်ကင်ဝွန်း၏ စွမ်းရည်သည် မည်သို့သောစွမ်းရည်မျိုးဖြစ်သနည်း။

သိပ္ပံပညာရှင်များနှင့် စိတ်ပညာရှင်များက ကျေနပ်လောက်သောအဖြေကို ရှာမပေးနိုင်ကြပါ။ ထူးခြားလှသောစိတ်စွမ်းရည်ဖြစ်သည်ဟု မှတ်ချက်ချကြရ၏။ [၁]

ထိုထူးခြားလှသောစိတ်၏စွမ်းရည်သည် မည်သို့ဖြစ်ပေါ်လာသနည်း။ ရှင်ကင်ဝွန်း၏ ဦးနှောက်သည်ပင် တစ်ပါးသူတို့နှင့်မတူ တစ်မူထူးခြားနေလေသလော။

## အိုင်းစတိုင်း၏ဦးနှောက်

နှစ်ဆယ်ရာစုနှစ်၏အထွန်းတောက်ဆုံး သိပ္ပံပညာရှင်ဖြစ်ခဲ့သည့် **အယ်လဘတ်အိုင်းစတိုင်း** [၂] ကို မကြားဖူးသူ ရှားပေလိမ့်မည်။

အိုင်းစတိုင်းသည် ဂျာမန်ဂျူးလူမျိုးတစ်ဦးဖြစ်၏။ သူသည် ငယ်ရွယ်စဉ်အခါက ပညာဆည်းပူးရာတွင် ပညာထူးချွန်မှုကို မပြ။ ဘာသာစကားများနှင့် အခြားကျောင်းဘာသာရပ်များကိုလည်း စိတ်မဝင်စားချေ။ လေ့ကျင့်ခန်းများကိုလည်း မလုပ်လို။ အလွတ်ကျက်မှတ်၍ ပြန်ရွတ်ဆိုပြရသော သင်ကြားနည်းကို လုံးဝမနှစ်သက်ပါ။ သို့အတွက် ဆရာများက သူ့အား ကျောင်းသားဆိုးတစ်ဦးအဖြစ် သတ်မှတ်ထားကြ၏။

အသက်ငါးနှစ်အရွယ်တွင် အိုင်းစတိုင်းနာမကျန်းဖြစ်နေစဉ် ဖခင်က သံလိုက်အိမ်မြှောင်တစ်ခုကို ဝယ်ပေး၏။ ထိုအိမ်မြှောင်ကလေးသည် အဘယ်ကြောင့် မြောက်အရပ်သို့ အမြဲညွှန်ရသနည်း။ ကမ္ဘာမြေကြီး၏ **သံလိုက်သတ္တိ** [၃]

---

၁။ တို့ကျောင်းသားစာစောင်၊ ၁၉၈၁ ခုနှစ်၊ ဩဂုတ်လ

၂။ Albert Einstein

၃။ Magnetism (1879-1955)

www.burmeseclassic.com

www.burmeseclassic.com



နှင့် **ကမ္ဘာ့ဆွဲအား**[၁] တို့သည် မည်သို့ပေါ်ပေါက်လာကြသနည်း။ အိုင်းစတိုင်းသည် **ဦးလေးဂျိတ်**[၂] အား မေးခွန်းအမျိုးမျိုးမေးကာ စဉ်းစားခန်းဝင်လေတော့၏။

တစ်နေ့တွင် ဆေးကျောင်းသားတစ်ဦးသည် အိုင်းစတိုင်းတို့၏အိမ်သို့ အလည်ရောက်လာပြီး သူ၏သဘာဝသိပ္ပံစာအုပ်နှင့်သင်္ချာစာအုပ်များကို ကျောင်းသားငယ်ကလေးအိုင်းစတိုင်းအား ငှားရမ်းပေးလိုက်၏။ ထိုစာအုပ်များကို အိုင်းစတိုင်းသည် မိမိ၏အခန်းငယ်၌ အငမ်းမရဖတ်ရှုလေတော့၏။

ထို့နောက် မိမိ၏မုန့်ဖိုးငွေဖြင့် ဂဲသြမေတြီစသည့်သင်္ချာစာအုပ်များကိုဝယ်ယူကာ မိမိဘာသာလေ့လာ၏။ စာကြည့်တိုက်များမှသင်္ချာစာအုပ်များကိုလည်း ငှားရမ်းကာ ဖတ်ရှု၏။ သို့အတွက် များမကြာမီတွင် အိုင်းစတိုင်း၏ဗဟုသုတသည် သူ့ဆရာများ၏သင်္ချာဗဟုသုတထက် များစွာသာလွန်သွားတော့၏။

ဤသို့ မိမိထက်ပညာသာလွန်သောအိုင်းစတိုင်းကို ဆရာများက မနှစ်သက်ကြ။ အိုင်းစတိုင်းအား ကျောင်းစည်းကမ်းချိုးဖောက်မှုဖြင့် ကျောင်းမှထုတ်လိုက်ကြ၏။

သို့အတွက် အိုင်းစတိုင်းသည် **ဆွစ်ဇာလန်**[၃] နိုင်ငံသို့သွား၍ **ဇူးရစ်**[၄] မြို့ရှိ **စက်မှုအကယ်ဒမီ**[၅] တွင် ပညာဆက်လက်သင်ကြားရ၏။ ဤကျောင်း၌ သူနှစ်ခြိုက်သော သင်္ချာဘာသာနှင့် ရူပဗေဒဘာသာရပ်များကို လွတ်လပ်စွာဆည်းပူးခွင့်ရ၏။

အိုင်းစတိုင်း၏ဖခင်သည် ကုန်ထုတ်လုပ်ငန်းရှင်တစ်ဦးဖြစ်၏။ သို့သော် စီးပွားရေးမပြေလည်ပါ။ သူသည် အိုင်းစတိုင်းအား စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်စေလို၏။ အိုင်းစတိုင်းက စီးပွားရေးကိုစိတ်မဝင်စား။ သူ့အဖို့သင်္ချာလောကနှင့် စကြဝဠာအကြောင်းကို တွေးတောနေရလျှင် ကျေနပ်ပျော်မွေ့နေပေတော့၏။

တက္ကသိုလ်မှ သိပ္ပံဘွဲ့ရပြီးသောအခါ အိုင်းစတိုင်းသည် ဆရာခေတ္တလုပ်လိုက်သေး၏။ သို့သော် သူသည် သုတေသန၌သာ ထူးချွန်၍သင်ကြားမှု၌ မထူးချွန်ချေ။ သို့အတွက် ဇူးရစ်မြို့၏ **မူပိုင်မှတ်ပုံတင်ရုံး**[၆] တွင် စာရေးအဖြစ် ဝင်လုပ်ကာ သူ၏ဇနီးနှင့် ရင်သွေးနှစ်ဦးတို့ကို ကျွေးမွေးလေ၏။

သူလုပ်ကိုင်ရသောအလုပ်မှာ ငြီးငွေ့ဖွယ်ကောင်းသော်လည်း အားလပ်ချိန်ရှိသဖြင့် **ဒေါက်တာဘွဲ့**[၇] အတွက် မိမိဘာသာလေ့လာရန် အချိန်ရသည့်အပြင်

---

၁။ Gravitational force of attraction
၂။ Uncle Jake
၃။ Switzerland
၄။ Zurich
၅။ Polytechnic Academy
၆။ Patent Office
၇။ Doctorate degree

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံဆောင်းပါးအချို့ကိုလည်း ရေးသားနိုင်၏။ ၁၉၀၅ ခုနှစ်တွင် ပထမ **ဆက်သွယ်မှုသီအိုရီ** [၁] (ရီလေတီဗီတီသီအိုရီ) ကို ရေးသားလိုက်၏။ မကြာမီပင် ဤသီအိုရီသည် ကမ္ဘာကျော်သွားသဖြင့် အိုင်းစတိုင်းသည်လည်း ကျော်ကြားထင်ရှားလာ၏။

ဤသီအိုရီတွင် စကြဝဠာကြီးအတွင်း၌ အငယ်ဆုံးဖြစ်သည့် **အီလက်ထရွန်** [၂] များမှအစ အကြီးဆုံးဖြစ်သည့် ကြယ်များအထိ အားလုံးရွေ့လျားနေကြသည်။ စကြဝဠာကြီးအတွင်း အလင်း၏အလျင်တစ်မျိုးသာလျှင် **ပကတိတန်ဖိုး** [၃] ရှိပြီး ကျန်အရာအားလုံးမှာ တစ်ခုနှင့်တစ်ခု ဆက်သွယ်နေကြသည်ဟု အိုင်းစတိုင်းတင်ပြခဲ့၏။

၁၉၁၅ ခုနှစ်တွင် တစ်ဖန် အိုင်းစတိုင်းသည် ဒုတိယဆက်သွယ်မှုသီအိုရီကို တင်သွင်းပြန်၏။ ဤသီအိုရီတွင် ကမ္ဘာ့ဆွဲအားနိယာမကို သိပ္ပံပညာကျော် **နယူတန်** [၄] ၏ နည်းထက် ပိုမိုသာလွန်တိကျသောနည်းဖြင့် အိုင်းစတိုင်းရှင်းပြထား၏။ ထို့အပြင် ဒြပ်ထုနှင့် စွမ်းအင်တို့ကို ဆက်သွယ်တင်ပြသော ကမ္ဘာကျော်ညီမျှခြင်း ($E = mc^2$) ကိုလည်း အိုင်းစတိုင်းထုတ်ဖော်လိုက်၏။ ဤညီမျှခြင်းသည် **အဏုမြူစွမ်းအင်** [၅] ကို ရှာဖွေတွေ့ရှိရန်အတွက် အရေးကြီးသောကွင်းဆက်တစ်ခု ဖြစ်ပေ၏။

ထို့အပြင် အိုင်းစတိုင်းသည် **အီလက်ထရွန်နစ်ပညာ** [၆] ၏ အခြေခံဖြစ်သော **အလင်းလျှပ်စစ်အကျိုးနိယာမ** [၇] ကိုလည်း ဖော်ထုတ်ပေးခဲ့၏။ ဤတွေ့ရှိချက်အတွက် ၁၉၂၁ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ **နိုဘယ်လ်ဆုကြီး** [၈] ကို အိုင်းစတိုင်း လက်ခံရရှိခဲ့ပေ၏။

သိပ္ပံလောကတွင် သူမတူအောင် စွမ်းစွမ်းတမံထူးချွန်ခဲ့သော အိုင်းစတိုင်း၏ဦးနှောက်သည် သာမန်လူတို့၏ဦးနှောက်ထက် မည်သို့ကွာခြားသနည်း။ အရွယ်ပိုကြီးသလော၊ ဦးနှောက်သို့ သွေးပို့ဆောင်ပေးကြသောသွေးကြောများက အရွယ်ပိုကြီးကြသလော၊ ဦးနှောက်ဆဲလ်များ၏ တည်ဆောက်မှုက ထူးခြားနေသလော။

၁၉၅၅ ခုနှစ် ဧပြီလတွင် အိုင်းစတိုင်းကွယ်လွန်သောအခါ သူ၏ဦးနှောက်ကို ဒေါက်တာဟာဗေးက ခွဲထုတ်ယူပြီးလျှင် ပင်ဆီလ်ဗေးနီးယားတက္ကသိုလ်၌

---

၁။ Theory of relativity
၂။ Electron
၃။ Absolute value
၄။ Issac Newton (1642-1727)
၅။ Atomic energy
၆။ Electronics
၇။ Law of Photoelectric effect
၈။ Noble prize

www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်လေ့လာခဲ့၏။ ထိုဦးနှောက်၏အစိတ်အပိုင်းများကို အမေရိကန်နိုင်ငံ တစ်ဝန်းလုံး၌ရှိကြသော ပါရဂူများထံသို့ပေးပို့ပြီး မှတ်ချက်တောင်းခံခဲ့၏။

အိုင်းစတိုင်း၏ဦးနှောက်ကို လေ့လာနေကြသည်မှာ နှစ်၃၀ ပင်ကြာညောင်းသွားလေပြီ။ မည်သည့်ထူးခြားချက်မျှ ထွက်ပေါ်မလာသေးပေ။ အံ့သြမှတ်သားဖွယ်ကောင်းလောက်အောင် ထူးခြားသောသတင်း ထွက်ပေါ်လာလိမ့်မည်မဟုတ်ဟုလည်း ကျွန်တော်မှန်းဆမိပါသည်။ အဘယ့်ကြောင့်နည်း။ ဦးနှောက်သည် စိတ်မဟုတ်သောကြောင့်ပေတည်း။

## ဦးနှောက်သည် စိတ်မဟုတ်

အလေးချိန်နှစ်ပေါင်ခန့်ရှိသော လူ၏ဦးနှောက်သည် ကမ္ဘာပေါ်တွင် အဆန်းကြယ်ဆုံးသော ရုပ်တည်ဆောက်မှုဖြစ်၏။ ခန္ဓာကိုယ်တစ်ခုလုံးမှ အာရုံကြောများအားလုံးသည် ဦးနှောက်တွင် ပေါင်းဆုံကြ၏။

သန်းပေါင်းများစွာရှိသော အာရုံကြောအသီးသီးမှ ပေးပို့သည့် **လျှပ်စစ်သတင်းများ**[၁] ကိုလက်ခံရန်နှင့် အာရုံကြောအသီးသီးသို့ ညွှန်ကြားချက်များ ပေးပို့ရန်အတွက် ဦးနှောက်တွင် **နျူရွန်**[၂] ဟုခေါ်တွင်သည့် ဆက်သွယ်ရေးကိရိယာများ သန်းပေါင်း ၃၀၀၀ ကျော်ရှိသည်ဟု သိပ္ပံပညာရှင်များ ခန့်မှန်းကြ၏။

သို့အတွက် ဦးနှောက်၏ဆက်သွယ်ရေးစနစ်သည် ကမ္ဘာ့ထိပ်တန်းမြို့ကြီးများ ဖြစ်ကြသည့် နယူးယောက်, တိုကျို, လန်ဒန်မြို့အသီးသီး၏ ဆက်သွယ်ရေးစနစ်ထက်ပင် ပို၍ရှုပ်ထွေးပွေလီလှပေ၏။

လူသည် ဦးနှောက်ဖြင့် အာရုံအမျိုးမျိုးကို လက်ခံရယူ၏။ ဦးနှောက်ဖြင့် ဝေဒနာအမျိုးမျိုးကို ခံစား၏၊ ဦးနှောက်၌ သတင်းအမျိုးမျိုးကို သိုလှောင်ထား၏၊ ဦးနှောက်ဖြင့် စဉ်းစားတွေးခေါ်၏၊ ဦးနှောက်သည်ပင် စိတ်ဖြစ်သည်ဟု သိပ္ပံပညာရှင်အချို့တို့က ယူဆကြပါသည်။

သိပ္ပံကိရိယာများဖြင့် စမ်းသပ်၍မရသောစိတ်သည် မရှိ။ သိပ္ပံကိရိယာဖြင့် စမ်းသပ်နိုင်သော အကြီးဆုံးကွန်ပျူတာထက်ပင် ပို၍အံ့သြစဖွယ်ကောင်းသည့် ဦးနှောက်သည်သာ အမှန်တကယ်ရှိ၏။ ထို့ကြောင့် စိတ်–စိတ်ဟု လူတို့ခေါ်ဆိုနေသောအရာသည် ဦးနှောက်သာဖြစ်သည်ဟု သိပ္ပံပညာရှင်တို့ တွေးဆကြသည်မှာ သဘာဝကျပါ၏။ သို့သော် ဤတွေးဆမှုသည် မမှန်ပါ။

ယနေ့ ကမ္ဘာ့အံ့ဖွယ်ကွန်ပျူတာကြီးများသည် သင်္ချာပညာရှင် ၁၀၀ တို့သာ မန်နည်းဖြင့် တစ်လကြာမျှတွက်ချက်ရမည့် ပုစ္ဆာကြီးများကို စက္ကန့်ပိုင်းအတွင်း

---

၁။ Electric impulses ၂။ Neuron

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းပေးနိုင်စွမ်းရှိ၏။ သန်းပေါင်းများစွာသောအချက်အလက်များကို သိမ်းထားနိုင်ပြီးလျှင် အလိုရှိသောအခါ၌ ထိုအချက်အလက်များကို တစ်မှုဟုတ်ချင်း ပြန်ထုတ်ပေးနိုင်၏။

သို့သော် ကွန်ပျူတာများသည် မတွေးခေါ်တတ်ပါ၊ မခံစားတတ်ပါ၊ အလိုအလျောက် မလုပ်ဆောင်တတ်ပါ၊ လူတို့ညွှန်ကြားသည့်အတိုင်းသာ တစ်သဝေမတိမ်း လုပ်ကိုင်ပေးကြရ၏။

ကွန်ပျူတာကို လူက ထိန်းကျောင်းပေးရသလို ဦးနှောက်ကိုလည်း စိတ်က ထိန်းကျောင်းပေးရသည်။ ဦးနှောက်ကို အထူးလေ့လာခဲ့သော အထင်ရှားဆုံး **အာရုံကြောပါရဂူ**[၁] ဟုသတ်မှတ်ခံရသည့် **ပါမောက္ခဆာဂျွန်အက်စယ်**[၂] က ဤသို့ ကောက်ချက်ချခဲ့ရ၏။

"ဦးနှောက်ရဲ့တည်ဆောက်ပုံကို လေ့လာကြည့်တဲ့အခါ ဦးနှောက်ဆိုတာ 'တစ္ဆေ' မောင်းနှင်တဲ့ စက်တစ်မျိုးပဲလို့ သတ်မှတ်ရလိမ့်မယ်၊ ဒီမှာ 'တစ္ဆေ'လို့ ဆိုလိုက်တာက ရုပ်ပစ္စည်းများကို စမ်းသပ်ဖို့သုံးတဲ့ကိရိယာများနဲ့ စမ်းသပ်လို့မရနိုင်တဲ့အရာကို ဆိုလိုခြင်းဖြစ်ပါတယ်"

စာရေးသူအနေဖြင့်ဦးနှောက်သည် စိတ်မဟုတ်ကြောင်းကို အထောက်အထား မြောက်မြားစွာဖော်ပြလျက် သီးခြားစာအုပ်တစ်အုပ်ပြုစုရန် ကြံရွယ်ထားပါသည်။

**ဦးနှောက်သီအိုရီ**[၃]ဖြင့် ပရစိတ်ပညာတန်ခိုးသတ္တိများကို မရှင်းပြနိုင်သလို စာမသင်ရသေးဘဲလျက် စာတတ်မြောက်နေသည့်အကြောင်း၊ ကလေးအရွယ်သာရှိသေးလျက် အသိဉာဏ်ကြီးမားသည့်အကြောင်း၊ ဦးနှောက်အရွယ်နှင့် တည်ဆောက်ပုံချင်း မတိမ်းမယိမ်းရှိကြပါလျက် အိုင်းစတိုင်းကဲ့သို့ ဧရာမဉာဏ်ကြီးရှင်များ ပေါ်ထွန်းလာရသည့်အကြောင်း စသည်တို့ကိုလည်း စိတ်နှင့်ဦးနှောက် အတူတူဖြစ်သည်ဟူသော ယူဆချက်များဖြင့် မရှင်းပြနိုင်ပါ။

## အတိတ်ဘဝဇာနေကို ပြန်ရောက်လေသလော

အီတလီနိုင်ငံတွင် သိပ္ပံဘွဲ့ထူးကိုရရှိထားသော မိခင်တစ်ဦးသည် သူမ၏သား ဒေးဗစ်၏ထူးဆန်းသည့် အဖြစ်အပျက်များကို မှတ်တမ်းရေးသားခဲ့၏။

"ဒေးဗစ်ဟာ လေးနှစ်အရွယ်လောက်က သူ့ရဲ့ကစားဖော်တစ်ယောက်အကြောင်းကို ပြောပြလေ့ရှိတယ်။ မင်းသမီးလေးလို့ သူခေါ်တယ်၊ အခက်အခဲတစ်ခုကို ကြုံတွေ့တိုင်း မင်းသမီးလေးနဲ့ တိုင်ပင်ရဦးမယ်လို့ ပြောလေ့ရှိတယ်။

၁။ Neurologist ၂။ Professor Sir John Eccles ၃။ Brain Theory

www.burmeseclassic.com



"ဒေးဗစ်ခုနစ်နှစ်သားအရွယ်မှာ ရောမမြို့မှာနေထိုင်တဲ့အဘွားထံ အလည်သွားကြတယ်၊ ထိုကတစ်ဆင့် နေပယ်မြို့နားမှာ ရှေးဟောင်းသုတေသနဌာနက တူးဖော်ထားတဲ့ ရှေးရောမတောအိမ်တစ်ခုကို သွားကြည့်ကြတယ်၊ ဒေးဗစ်ဟာ စိတ်လှုပ်ရှားလာပြီး ဟိုပြေးဒီပြေးလုပ်နေတယ်၊ မကြာမီ ၁၂ ရာသီအရုပ်များ ထွင်းထုထားတဲ့ ရောမရေချိုးကန်တစ်ခုကို သူတွေ့တယ်။

"ဒါ ကျွန်တော်တို့ရဲ့ရေချိုးကန်ပဲ၊ ဒီနွားရုပ်က ကျွန်တော့်အရုပ်၊ ဒီငါးရုပ်က ကျွန်တော့်ညီ မားကပ်(စ်)ရဲ့အရုပ်" လို့ပြောပြီး ရှိုက်ကြီးတငင်ငိုပါတော့တယ်။

"နောက်တစ်ကြိမ် ဂန်ဆေးအရပ်မှာရှိတဲ့ ကျောက်ဂူများကို သွားကြည့်ကြတယ်၊ ရှေးရောမခေတ်က အကျဉ်းသမားတွေကို ထားခဲ့တဲ့နေရာပဲ၊ ဒေးဗစ်ဟာ ကျောက်နံရံတစ်နေရာမှာ တီးခေါက်ကြည့်ပြီး "ဒီနံရံနောက်မှာ ဂူတစ်လုံးရှိသေးတယ်၊ အဲဒီဂူထဲမှာ လူငယ်တစ်ယောက်ကို ပိတ်သတ်ခဲ့တယ်" လို့ အခိုင်အမာပြောလို့ အာဏာပိုင်တွေက ဖြိုကြည့်တယ်၊ တကယ်ပဲ၊ ဂူတစ်လုံးပေါ်လာပြီး အထဲမှာ လူငယ်အရိုးစုတစ်ခုကို တွေ့ကြရတယ်။

"ဒေးဗစ် ၁၄ နှစ်အရွယ်သို့ ရောက်တဲ့အခါ သူ့ကိုဗြိတိသျှပြတိုက်သို့ ခေါ်သွားပါတယ်၊ ရှေးအီဂျစ်လူမျိုးတို့ လူသေထည့်တဲ့ကျောက်ခေါင်းတစ်ခုကို ဒေးဗစ် သေသေချာချာကြည့်ပြီး 'ဒီအခေါင်းအောက်ဘက်မှာ စာသုံးလုံးရှိမယ်' လို့ပြောတယ်၊ 'ဘယ်လိုစာလဲ ရေးပြစမ်း' လို့ ကျွန်မကပြောတော့ ဒေးဗစ်က စက္ကူပေါ်မှာ ခဲတံနဲ့ အီဂျစ်ဌက်ရုပ် စာလုံးသုံးလုံးကို ရေးပြတယ်၊ အာဏာပိုင်တွေကို အကျိုးအကြောင်းပြောပြီး အခေါင်းကို လှန်ကြည့်တော့ တကယ်ပဲ စာသုံးလုံးကို တွေ့ရတယ်၊

"အဲဒါဟာ ကျွန်တော့်ရဲ့နာမည်ပဲ၊ ဒီကျောက်ခေါင်းတွေကို ကျွန်တော် စစ်ဆေးရတယ်၊ စစ်ဆေးပြီးလို့ကျေနပ်ရင် ဒီလိုလက်မှတ်ရေးထိုးရတယ်" လို့ ဒေးဗစ်က ရှင်းပြပါတယ်။

ဤထူးခြားသောမှတ်တမ်းအရ ဒေးဗစ်သည် ရှေးအတိတ်က ရောမနိုင်ငံသားလည်း ဖြစ်ခဲ့ဖူး၏၊ အီဂျစ်နိုင်ငံသားလည်း ဖြစ်ခဲ့ဖူး၏။ ရှေးဘဝက မိမိကျင်လည်ခဲ့ဖူးသည့် နေရာဒေသများကိုရောက်သောအခါ၌လည်းကောင်း, မိမိ မြင်တွေ့ခဲ့ဖူးသည့်အရာဝတ္ထုများကို မြင်တွေ့သောအခါ၌လည်းကောင်း အတိတ်ကို ပြန်ပြောင်းသတိရခြင်း ဖြစ်၏။[၁]

---

၁။ ဦးသန်းထွန်း – 'ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ' လောကစာပေ (၁၉၈၆ ခု)။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ငယ်စဉ်အခါက တွေ့ကြုံခဲ့ပြီးနောက် လုံးဝမေ့ပျောက်နေသော အကြောင်းအရာများကို သဲလွန်စရသည့်အခါ ပြန်လည်သတိရခြင်းမျိုးပင်ဖြစ်၏။ ဘဝအဆက်ဆက်မှအတွေ့အကြုံများသည် စိတ်အစဉ်တွင် မျောပါနေသည့် အထောက်အထားများပင်တည်း။

## ဒင်ညာမြစ်တစ်လျှောက် ပျားရည်ဆမ်းခရီး

ဟန်ဂေရီနိုင်ငံမှ ရှေ့နေတစ်ဦးသည် ကြင်စဇနီးကိုခေါ်ဆောင်၍ ဒင်ညာမြစ်တစ်လျှောက် ပျားရည်ဆမ်းခရီးထွက်၏။ ရီဂျင်စဘတ်မြို့အနီးသို့ ရောက်သောအခါ ဇနီးချောသည် စိတ်လှုပ်ရှားလာ၏။ ဤဒေသသို့ ဤဘဝတွင် သူမတစ်ခါမျှ မရောက်ဖူးခဲ့သော်လည်း ဤဒေသ၏ရှုခင်းများနှင့် အကျွမ်းတဝင်ဖြစ်နေ၏။ ရှေ့နားတွင် ဘာရှိသည်၊ ဘာတွေ့ရမည်ကို သူမကြိုပြောသည့်အတိုင်း မှန်ကန်နေသည်ကို ရှေ့နေက အံ့သြစွာတွေ့မြင်ရ၏။

ရီဂျင်စဘတ်မြို့သို့ ရောက်သောအခါ ရဲတိုက်ကြီးတစ်ခုဆီသို့ သူမက ဦးဆောင်၍ ခင်ပွန်းအား ခေါ်ဆောင်သွား၏။ ရဲတိုက်ဌာတာဝန်ခံအား အခန်းတစ်ခန်းကိုလိုက်ပြပေးရန် သူမပြောဆို၏။ တာဝန်ခံက အံ့အားသင့်ပြီး ထိုအခန်း၏ သော့သည် မည်သည့်နေရာတွင်ရှိမှန်းမသိကြောင်း ပြန်ပြော၏။

ရှေ့နေကတော်က သော့ထားသည့်နေရာကို မိမိသိကြောင်း လိုက်ပြသဖြင့် သံချေးတက်နေသော သော့တွဲတစ်တွဲကို တွေ့ကြရ၏။ ထိုသော့တွဲမှ သော့တစ်ချောင်းကို သူမရွေးချယ်ပြီးနောက် အခန်းကိုဖွင့်လိုက်ရာ အထဲတွင် အမျိုးသမီး အရိုးစုတစ်ခုကို တွေ့မြင်ကြရ၏။

"အဲဒါ ကျွန်မပါပဲ၊ ကျွန်မဒီနေရာမှာ အသတ်ခံခဲ့ရပါတယ်ရှင်"[၁]

ဗုဒ္ဓတရားတော်ကို သိနားလည်ထားသူများအဖို့တွင် ဤသို့ဖြစ်တတ်သော သဘောကိုမြင်တွေ့ရသည့်အခါ အထူးအဆန်းအဖြစ်ဖြင့် မအံ့သြမိကြတော့ဘဲ တရားတော်၏သဘောမှန်ကန်ခြင်းအဖြစ်ကိုသာ အံ့ချီး၍မကုန်ဖြစ်မိကြပေ၏။

## အနှစ် ၂၀၀၀ ကို ပြန်မြင်သူ

မကြာမီက ဖြစ်ရပ်ဆန်းတစ်ခုကို ၁၉၈၅ ခုနှစ် ဩဂုတ်လ သိပ္ပံမဂ္ဂဇင်းတွင် ဖတ်ရှုလိုက်ရ၏။ ထီလာစိုးမြင့်ထယ်က အင်္ဂလိပ်ဘာသာရေးဆောင်းပါးတစ်ပုဒ်ကို မြန်မာဘာသာပြန်ဆိုထားခြင်းဖြစ်၏။

---

၁။ 'ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ'၊ ဦးသန်းထွန်း(၁၉၆၈)ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတပ်မတော်အငြိမ်းစားအရာရှိတစ်ဦးဖြစ်သူ **အာသာဖလား၀ါးဂျူး** သည် အသက် ၁၀ နှစ်သားအရွယ်ကတည်းကပင် 'ထူးခြားဆန်းကြယ်သော အနီရောင် မြို့တော်ကြီး' တစ်ခုကို သူ၏စိတ်အာရုံတွင် ထင်ထင်ရှားရှားမြင်နေရ၏။ ညဥ့်အချိန် အိပ်ပျော်နေစဉ် အိပ်မက်မြင်တွေ့ရပုံမျိုးမဟုတ်ဘဲ နေ့ခင်းကြောင်တောင်၌ အထင်းသားမြင်နေရခြင်းဖြစ်၏။

ကြီးပြင်းလာသောအခါ၌လည်း ထိုအာရုံမှာ ပျောက်မသွားချေ။ သို့အတွက် ဇနီးသည်ဖရီဒါအား ထိုအကြောင်းကို အာသာပြောပြမိ၏။ ဖရီဒါက နိမိတ်မကောင်းသည့်မြင်ကွင်းဟု ယူဆ၏။ အာသာကိုယ်တိုင်ကလည်း ထိုမြင်ကွင်း၏အဓိပ္ပာယ်ကို နားမလည်သည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်နေရ၏။

၁၉၆၆ ခုနှစ်အတွင်း တစ်နေ့တွင် အာသာနှင့်ဖရီဒါတို့သည် ရုပ်မြင်သံကြား အစီအစဉ်တစ်ခု ကြည့်ရှုနေကြ၏။ ဂျော်ဒန်နိုင်ငံအတွင်းရှိ ထင်ရှားသောသမိုင်း ၀င်နေရာများကို ရိုက်ကူးပြသထားသည့် ရောင်စုံမှတ်တမ်းပုံသတင်းအစီအစဉ် ဖြစ်၏။ ထိုအစီအစဉ်၌ **'ပီထရာ'** အမည်ရှိသော အရပ်ဒေသ၏ ရိုက်ကွင်းအချို့လည်း ပါရှိလာ၏။

ထိုပီထရာရှုကွင်းများကို မြင်တွေ့ရသောအခါ အာသာသည် နှစ်ရှည်လများ ထမ်းပိုးထားရသော၀န်ထုပ်ကြီးကို ပစ်ချလိုက်ရဘိသကဲ့သို့ စိတ်ပေါ့ပါးသွားကာ ကုလားထိုင်ပေါ်မှ ထခုန်လျက် "မိန်းမရေ... တွေ့ပြီဟေ့၊ တွေ့ပြီ၊ အဲဒါ ငါ နေခဲ့တဲ့မြို့ပဲကွဲ့"ဟု အော်ပြောလိုက်မိ၏။

သူငယ်စဉ်ကတည်းက သူ၏စိတ်အာရုံတွင် ထင်ပေါ်လာတတ်သော 'အနီရောင်မြို့တော်' မှာ ပီထရာမြို့ပင်ဖြစ်၏။ ပီထရာမြို့ဟောင်း၏ ရှုကွင်းအချို့ကို မြင်တွေ့လိုက်ရသောအခါ သူ၏ဘ၀င်စိတ်အစဉ်တွင် တိမ်မြုပ်နေခဲ့သော ထိုစဉ်ကအကြောင်းအရာများသည် တစ်ခုပြီးတစ်ခုကွင်းဆက်သဖွယ် ထင်ပေါ်လာကြတော့၏။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က သူ၏ဇနီး၊ သူ၏သားတစ်ယောက်နှင့် သမီးတစ်ယောက်တို့၏ ရုပ်ပုံလွှာများသည် သူ၏စိတ်တွင် ထင်ပေါ်လာကြ၏။ ထိုသားနှင့်သမီးမှာ အလွန်ငယ်ကြသေး၏။ ပြီးနောက် သူတို့မိသားစု နေထိုင်ခဲ့သော အိမ်၊ ပတ်၀န်းကျင်မှ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းကြီး၊ ထိုစဉ်က သူသည် ထိုမြို့၏အ၀င်၀ကို စောင့်ကြပ်ရသော စစ်သား ၁၀ ယောက်အဖွဲ့၏ ခေါင်းဆောင်။

၀တ်ရုံထားသောအ၀တ်မှာ အာရပ်၀တ်စုံနှင့် ဆင်သည်။ နဖူးစည်းပတ်ထားသော ခေါင်းဆောင်းတစ်ခုကို ဆောင်းထားသည်။ လှံတစ်ချောင်းကို စွဲကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ လုံလက်ကိုင်ကို သစ်သားနှင့်ပြုလုပ်ထားပြီး လုံဖျားများကို ကြေးဝါကွပ်ထား၏။

သူ၏အသက်မှာ ၃၀ ခန့်သာရှိသေးသည်။ သူနှင့်အဖော်များသည် ကျောက်တောင် ကျောက်တုံးကြီးများ ဝန်းရံထားသည့် မြို့၏တံခါးပေါက်ကို စောင့်ကြပ်နေကြရ၏။ တံခါးပေါက်သည် ၁၂ ပေခန့်ကျယ်၏။

ရှေ့တည့်တည့်မှ ရန်သူစစ်သားများ ချီတက်လာကြပြီ။ ထိုစစ်ကြောင်းကို သူအာရုံစိုက်နေစဉ် ကျောက်တုံးတစ်ခု၏နောက်ကွယ်မှ ထွားကျိုင်းတုတ်ခိုင်သော ရန်သူစစ်သားတစ်ယောက်သည် လှံကိုဝင့်လျက် ဘွားခနဲရုတ်ခြည်းပေါ်လာ၏။ ရန်သူ၏လက်ချောင်းကြီးများသည် သူ၏ရင်အုပ်ပေါ်သို့ လျှပ်တစ်ပြက်အတွင်း ကျရောက်လာပြီး သူ၏နောက်ကျောပြင်တွင် နာကျင်စူးရှသည့်ဝေဒနာကို သူခံစားလိုက်ရ၏။

ထို့နောက်တွင် လောကတစ်ခုလုံး မှောင်မိုက်သွားသည်။ ဘာဆိုဘာကိုမျှ သူ မသိနိုင်တော့။

ဤဖြစ်စဉ်များသည် မကြာခင်က ဖြစ်ပေါ်ခဲ့သည့်နှယ် ကွက်ကွက်ကွင်းကွင်း ထင်ပေါ်လာသဖြင့် ဤအကြောင်းကို 'သမတ်စ်အော့တိုင်း' စာစောင်တွင် အာသာ ရေးသားလိုက်၏။

ဤဖြစ်ရပ်ဆန်းကို ဘီဘီစီမှ အထူးစိတ်ဝင်စားသဖြင့် သုတေသီအဖွဲ့တစ်ဖွဲ့နှင့်အတူ အာသာကို လေယာဉ်ပျံဖြင့် ဂျော်ဒန်နိုင်ငံသို့ ပို့ပေး၏။ အမ်မန်မြို့တော်မှ မိုင် ၁၀၀ ကွာဝေးသည့် သဲကန္တာရကြီးထဲသို့ ဂျစ်ကားဖြင့် ခရီးဆက်နှင်ကြရ၏။

"ဟို...ရှေ့က မြင်နေရတဲ့ ကျောက်တောင်ကြီးကိုကြည့်ကြစမ်း၊ ကျွန်တော်နေခဲ့တဲ့ ပီထရာမြို့ဟာ အဲဒီတောင်အလွန်မှာ ရှိတယ်"

တစ်မိုင်ခန့် ကားကိုဆက်လက်မောင်းနှင်ပြီး တောင်ကြီးကိုကျော်လွန်မိသောအခါ ပီထရာမြို့၏ တစ်ခုတည်းသော ဝင်ပေါက်တံခါး ဖြစ်ခဲ့သည့် ဆစ်တောင်ကုန်းသို့ ရောက်လာကြ၏။

ဝင်ပေါက်ကို ပိတ်ဆို့ထားသော ကျောက်တုံးကြီးတစ်ခုကို ဖယ်ရှားလိုက်သောအခါ ထိုးထိုးထောင်ထောင်ဖြစ်နေသော ဘုရားကျောင်း၏ တိုင်လုံးကြီးများကို မြင်တွေ့ကြရ၏။ အာသာအဖို့ သူ၏စိတ်အာရုံတွင် ကွက်ကွက်ကွင်းကွင်း ပေါ်ထင်လာခဲ့သောရှုခင်းကို မျက်ဝါးထင်ထင်မြင်တွေ့နေရခြင်းဖြစ်၏။

"ဟောဒီနေရာပေါ့ဗျာ၊ ကျွန်တော်အသတ်ခံခဲ့ရတာ၊ ကျွန်တော့်ကို သတ်ခဲ့တဲ့လူထွားကြီးကိုတောင် ကျွန်တော်မြင်ယောင်နေမိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘီစီ–၄၀၀ ခုနှစ်တစ်ဝိုက်က ပီထရာမြို့သည် ဆီးရီးယန်းလူမျိုးတို့၏ တိုက်ခိုက် ဖျက်ဆီးခြင်းကိုခံခဲ့ရကြောင်း သမိုင်းသုတေသီတို့က အတည်ပြုပေးကြ၏။ ထိုခေတ်က ပီထရာမြို့သားတို့၏ ဓလေ့ထုံးတမ်းများ, တာဝန်ခွဲဝေကာ ထမ်းဆောင်ရပုံများနှင့် နေရာချထားရသည့်စနစ်တို့ကို အာသာရှင်းပြသောအခါ သမိုင်းသုတေသီတို့ ဝမ်းမြောက်ရွှင်လန်းကြ၏။

အာသာသည် ရန်သူများကို အလစ်တိုက်ခိုက်ရန်နေရာများကိုလည်း ပြသပေးထား၏။ တစ်နေရာတွင် ကျောက်နံရံကြီးနှင့် ကျောက်တုံးများက ထူးထူးဆန်းဆန်း ပြန့်ကျဲနေသည်ကို မြင်ကြရ၏။ ထိုသို့ပြန့်ကျဲနေရသည့်အကြောင်းရင်းကို သုတေသီများ မသိကြချေ။ အာသာက ထိုပြန့်ကျဲနေသောကျောက်တုံးများသည် စစ်သားအုပ်စုများအား နေရာချထားပုံကို ဖော်ပြသော အထိမ်းအမှတ်ဖြစ်ကြောင်း၊ ထိုကျောက်တုံးများ၏ အနေအထားကို ကြည့်ခြင်းဖြင့် မည်သည့်စစ်သားအုပ်စုသည် မည်သည့်နေရာ၌ရှိသည်ကို အကြီးအကဲတို့ အလွယ်တကူ သိရှိနိုင်ကြောင်း ရှင်းပြလိုက်ရာ သုတေသီအားလုံး ကျေနပ်သွားကြ၏။[၁]

စိတ်၏ အာရုံယူနိုင်သောသတ္တိသည် အလွန်တရာလျင်မြန်၏။ ကာလနှင့် ဒေသအတားအဆီးများကိုလည်း ကျော်လွန်နိုင်၏။ ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က တွေ့ကြုံခံစားခဲ့ရသောအကြောင်းအရာများသည် ဘဝင်စိတ်အစဉ်တွင်ပင် မျောပါလျက်ရှိရာ ထိုအကြောင်းအရာကို အာရုံပြုမိလိုက်သည်နှင့်တစ်ပြိုင်နက် တစ်မုဟုတ်ချင်း ထင်ထင်ရှားရှား ထင်ပေါ်လာတော့၏။

မရဏာသန္နဇောစောခိုက်တွင် အကျိုးပေးတော့မည့်ကံ၏ အစွမ်းကြောင့် ထင်ပေါ်လာသောကံနိမိတ် သို့မဟုတ် ကမ္မနိမိတ်သည် နှစ်ပေါင်းထောင်သောင်းမက ကွာဝေးခဲ့စေကာမူ ယခုလက်ငင်းဖြစ်ပျက်နေသည့်အသွင် ထင်ထင်ရှားရှား ပေါ်လာခြင်းမှာလည်း အထက်ပါသဘောအတိုင်းပင် ဖြစ်ပေ၏။

စိတ်၏ အစွမ်းသတ္တိကား အံ့သြဖွယ်ကောင်းပေစွ။

## ရုပ်ရှင်မင်းသမီးဒီယန်ကင်း၏ဘဝဟောင်း

ရုပ်ရှင်ဝါသနာအိုး အစ်ကိုကာလသားတို့၏ နှုတ်ဖျားတွင် ရေပန်းစားနေသော ရုပ်ရှင်မင်းသမီး ဒီယန်ကင်းသည် အိပ်မက်မှတစ်ဆင့် လွန်ခဲ့သောနှစ် ၃၀၀၀ ကျော်က မိမိ၏ ဘဝဟောင်းကို မြင်သိရ၏။ ထိုစဉ်က ဖာရိုးဘုရင်များ အုပ်ချုပ်နေသော အီဂျစ်နိုင်ငံတွင် အီဂျစ်အမျိုးသမီး ဖြစ်ခဲ့ရ၏။

---

၁။ သိပ္ပံမဂ္ဂဇင်း၊ ၁၉၈၅ ခု၊ ဩဂုတ်လ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ဇာတိ အသက် ၂၉ နှစ်ရှိပြီဖြစ်သော ဒီယန်ကင်းသည် နိုင်ငံပေါင်းများစွာသို့ရောက်ဖူးခဲ့ရာ မည်သည့်နိုင်ငံတွင်မျှ အီဂျစ်ပြည်မှာလောက် စိတ်လှုပ်ရှားမှုမဖြစ်ခဲ့ချေ။ သူမသည် အီဂျစ်နိုင်ငံသို့ မကြာခဏသွားလိုပြီး အီဂျစ်ရောက်တိုင်းလည်း ဘဝင်တွင် လှိုင်းထခဲ့ရ၏။

အီဂျစ်သို့ရောက်လျှင် ကိုင်ရိုမြို့ ရှေးဟောင်းပြတိုက်သို့ သွားရောက်ပြီး မကြည့်ရှုရလျှင် ဒီယန်ကင်းမနေနိုင်ပါ။ ပြတိုက်အတွင်း၌ ပြသထားသော ရှေးဟောင်းဘုရင်များ၏ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရင်း ထိုပစ္စည်းတို့ကို ယခင်က မိမိကိုယ်တိုင် ကိုင်တွယ်သုံးစွဲခဲ့ဖူးသလို စိတ်ထဲ၌ခံစားမိ၏။

ရှေးဟောင်းဘုရားကျောင်းတစ်ဆောင်ထဲသို့ ဝင်ကြည့်သောအခါ ချက်ချင်းပြန်ထွက်ချင်သော်လည်း ခြေထောက်များကို ခေတ္တရွေ့မရဘဲ မှင်တက်မိနေ၏။ ထိုရှေးဘဝ၌ အစ်ကိုတစ်ယောက်ရှိခဲ့သည်ကို တရေးရေးပြန်တွေးမိပြီး ထိုအစ်ကိုသည် မြင်းရထားကြိတ်၍သေဆုံးခဲ့ရသည်ကို ဝမ်းနည်းစွာမြင်ယောင်လာ၏။

ပီရမစ်ကြီးများကို ကြည့်ရှုသောအခါ၌လည်း ထိုနေရာတစ်ဝိုက်ရှိ ဖာရိုးဘုရင်များက ထီးနန်းစိုးစံရာ လွင်ပြင်ကြီးဖြစ်ခဲ့သည်ကို ပြန်အမှတ်ရမိ၏။

"ကျွန်မဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀၀ ကျော်က ဘဝဟောင်းရှိခဲ့တာကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခံစားနေရတယ်လို့ လေးလေးနက်နက်ယုံကြည်ပါတယ်ရှင်"ဟု ဒီယန်ကင်းဝန်ခံကာ ထွက်ခွာသွားလေ၏။[၁]

BURMESE CLASSIC

## ရှေးဘဝက ဖူးစာ

ဤဘဝ၌ ချစ်သူများသည် တမလွန်ဘဝ၌ ပြန်လည်ပေါင်းဆုံကြရသော သာဓကအချို့ကို ပြီးခဲ့သည့်အခန်း၌ ရေးသားဖော်ပြခဲ့၏။ ရှေးဘဝက ချစ်သူများသည်လည်း ဤဘဝတွင် ပြန်လည်ဆုံတွေ့ကြလျှင် တစ်ဦးအပေါ်တစ်ဦး မေတ္တာယိုဖိတ်မိကြသည့်သာဓကကို ယခုတင်ပြပါမည်။ ဖူးစာဟူသည်မှာ ရှေးဘဝအလျှုရေစက် လက်နှင့်မကွာ အတူပေါင်းဖက်ခဲ့ခြင်းပေလော။

ကယ်လီဖိုးနီးယားပြည်နယ် ဗင်းနစ်မြို့မှ **စာရေးဆရာဖီးလစ်** သည် ခရီးသွားရင်း **'အယ်နီ'** ဆိုသည့်မိန်းမပျိုတစ်ဦးနှင့် ဆုံစည်းမိ၏။ ဖီးလစ်သည် မြင်လျှင်မြင်ချင်း အယ်နီအပေါ် မေတ္တာသက်ဝင်မိပြီး အယ်နီ၏မေတ္တာကိုလည်း ငံ့မျှော်မိ၏။ သူ့ကိုယ်သူလည်း သူစိမ်းမိန်းကလေးတစ်ဦးအပေါ်တွင် ဤမျှဏ္ဍေ တိမ်းမှဲ့ကာ စိတ်ယိမ်းညွှတ်ရလေမလားဟူ၍ အပြစ်တင်နေမိ၏။

---

၁။ ဒေါက်တာတင်ထွန်းဦး၏ သုတစွယ်စုံ၊ ၁၉၈၃ ခု၊ ဇွန်လ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အယ်နီကလည်း သူ့ကိုစိတ်ဝင်စားပြီး သူ့ဆီသို့ မေတ္တာတိမ်းညွှတ်တော့မည့် အရိပ်အယောင်ပြခဲ့သည်ဟု သူနားလည်လိုက်၏။

သို့အတွက် သူ့အခန်းသို့ပြန်ရောက်သည့်အခါ အချစ်စိတ်၏ နှိုးဆော်မှုကြောင့် အယ်နီထံသို့ တယ်လီဖုန်းဖြင့် သူဆက်သွယ်မိ၏။ ချစ်စကားကြိုက်စကားကို တစ်လုံးစနှစ်လုံးစ ပြောလိုက်ရာမှ သူတို့နှစ်ဦးသည် ချစ်သူဘဝသို့ ရောက်သွားလေတော့၏။

ဤထူးဆန်းသောဖြစ်ရပ်ကို ပြန်လည်သုံးသပ်ရင်း အယ်နီ၏ ရုပ်ပုံလွှာကို သူ၏စိတ်အာရုံတွင် ဖီးလစ်စူးစိုက်ကာကြည့်နေမိ၏။ ထိုအခါ သူ၏အမြင်အာရုံတွင် ထူးဆန်းသောပုံလွှာများသည် တရိပ်ရိပ်ထင်ပေါ်လာကြ၏။

"ပထမ လယ်ကွင်းစိမ်းစိမ်းရယ်... ခြံစည်းရိုးရယ်...သိုးတွေရယ်...ကျွန်တော်မြင်လာတယ်၊ ပြီးတော့ ဂါဝန်ရှည်ရှည်နဲ့မိန်းမလှကလေး ပြုံးပြုံးကြည်ကြည်နဲ့ ကျွန်တော့်ကို ကြိုဆိုနေတယ်၊ အနီးကပ်ကြည့်လိုက်တဲ့အခါ အယ်နီနဲ့ တစ်ထေရာတည်းပဲ၊ သူ့ကို **မာသာဝီလျံ** လို့ ခေါ်မိသလိုပဲ၊ အဲဒီတုန်းက ကျွန်တော်ဟာ အတွင်းဝန်ကလေး **ဝေါလ်တာမောရစ်** ဖြစ်ခဲ့ပါတယ်၊ မာသာဝီလျံကို ကျွန်တော့်ရဲ့ကိုယ်ပိုင်ကားနဲ့တင်ပြီး ကိုလိုရာဒိုမြို့ထဲကို လျှောက်လည်ကြတယ်၊ သိပ်ပျော်စရာကောင်းတဲ့အချိန်ပေါ့။

"မရှေးမနှောင်းမှာပဲ နောက်ပေါ်လာတဲ့မြင်ကွင်းက တရှုပ်ရှုပ်ငိုနေတဲ့အမျိုးသမီးတစ်ယောက် ကျွန်တော့်ဇနီးဖြစ်ဟန်တူပါတယ်၊ ကျွန်တော်က သူနဲ့ဆက်မပေါင်းလိုတော့ဘဲ အယ်နီနဲ့လက်ထပ်ချင်တဲ့အကြောင်း ပြောမိတယ်၊ သူ့ကို ကွာရှင်းပေးဖို့လဲ တောင်းဆိုမိသလိုပဲ။

"နောက်တစ်ခန်းမြင်ကွင်းကတော့ အယ်နီနဲ့ကျွန်တော်ဟာ သာသနာပြုအဖွဲ့တစ်ဖွဲ့နဲ့အတူ တရုတ်ပြည်ဘက်ကို လိုက်သွားကြတဲ့အကြောင်းပါပဲ၊ မျက်နှာဖြူတွေ အများကြီးအသတ်ခံလိုက်ကြရတယ်၊ ကျွန်တော်တို့လဲ အမေရိကန်ပြည်ကို အမြန်ဆုံးပြန်ဖို့ စီစဉ်ကြတယ်၊ ဒါပေမဲ့ လမ်းခရီးမှာ ကျွန်တော်တို့ရဲ့သင်္ဘောကို ဂျပန်ကင်းလှည့်သင်္ဘောက မီလာတယ်၊ ဂျပန်တွေက ကျွန်တော်တို့ယောကျ်ားတွေကို ကြိုးနဲ့တုပ်နှောင်ထားပြီး တွဲချည်ထားတယ်၊ မိန်းမတွေကို မတရားစော်ကားပြီး သတ်ပစ်ကြတဲ့အထဲမှာ အယ်နီတစ်ယောက်လဲ ပါသွားတယ်။

"ညဥ့်ဘက်ကျတော့ ကျွန်တော်တို့ထဲက တစ်ယောက်က လွတ်မြောက်သွားလို့ ကျန်တဲ့လူတွေအားလုံးကို ကြိုးဖြေပေးလိုက်တယ်၊ ဂျပန်တွေသိသွားတဲ့အတွက် သင်္ဘောပေါ်မှာ ပြေးရင်းလွှားရင်း ရန်းရင်းဆန်ခတ်ဖြစ်ကြတယ်၊ အယ်နီ

www.burmeseclassic.com

www.burmeseclassic.com



ကိုသတ်တဲ့ဂျပန်ကို ကျွန်တော်က လှလှကြီးပြန်လက်စားချေလိုက်ရတယ်၊ အဲဒီနောက် ကုန်းပတ်ပေါ်မှာရှိတဲ့ စက်သေနတ်ကို ကျွန်တော်စီးမိပြီး တရကြမ်းဖော့ယမ်းပစ်လိုက်တာ ဂျပန်တွေ အတုံးအရုံးကျကုန်တယ်။

"မကြာပါဘူး၊ ကျွန်တော့်လက်မောင်းတစ်ဖက်ဟာ ကျည်ဆန်ထိမှန်သွားလို့ ပူခနဲဖြစ်သွားပါတယ်၊ သင်္ဘောကြီးလဲ မီးစွဲလောင်ပြီး ပေါက်ကွဲသွားတယ်၊ ကျွန်တော်ဟာ ရေထဲလွှင့်စဉ်သွားပြီး ရေမျောနေတဲ့ သေတ္တာတစ်လုံးကို တွယ်ဖက်မိတယ်၊ တစ်ညဥ့်လုံးပါပဲ၊ မိုးလင်းတော့မှ ရုတ်တရက်သင်္ဘောတစ်စင်းက ကယ်တင်ပေးတယ်။

"ကျွန်တော်ဟာ အမေရိကန်ကိုမပြန်ဖြစ်တော့ဘဲ ဩစတြေးလျကိုသွားတဲ့ သင်္ဘောတစ်စင်းနဲ့ လိုက်ပါသွားတယ်။ အဲဒီကနေပြီး အင်္ဂလန်ကိုသွားတယ်၊ နောက်တော့မှ အမေရိကန်ပြန်ဖြစ်တယ်၊ ပြန်ရောက်ပြီးမကြာခင်မှာ ကျွန်တော်သေဆုံးသွားပါတယ်"

ဤသို့ ရုပ်ရှင်ပိတ်ကားပေါ်တွင် ရှုမြင်နေရသလို သူ၏ ရှေးဘဝဇာတ်လမ်းများကို မြင်သိရသည့်အခါ ဖီးလစ်သည် အံ့ဩတုန်လှုပ်သွား၏။ စာရေးဆရာတစ်ဦး၏ စိတ်ကူးယဉ်အတွေးမဟုတ်ဘဲ စိတ်တွင် လှိုက်လှိုက်လှဲလှဲခံစားမိသောအာရုံများဖြစ်၍ ထိုဘဝဇာတ်လမ်းကို စုံစမ်းကြည့်ရန် သူဆုံးဖြတ်လိုက်၏။

ပထမ ကိုလိုရာဒိုမြို့သို့သွားပြီး ဝေါလ်တာမောရစ်ဟူသော အတွင်းဝန်ကလေးတစ်ယောက် နေထိုင်သွားခြင်း ရှိ,မရှိစုံစမ်းရာ ၁၉၃၀ ခုနှစ်ဝန်းကျင်တွင် အမှန်ပင် ဝေါလ်တာမောရစ်ဆိုသည့် အတွင်းဝန်တစ်ဦး နေထိုင်သွားကြောင်း၊ တရုတ်ပြည်သို့ သာသနာပြုအဖွဲ့နှင့် လိုက်သွားကြောင်း၊ ဂျပန်အကျဉ်းသားဖြစ်ရပြီး ဩစတြေးလျနှင့်အင်္ဂလန်တို့တွင် လှည့်လည်နေထိုင်ခဲ့ကြောင်း၊ ထို့နောက် အမေရိကန်ပြည်သို့ပြန်ရောက်ပြီး မကြာခင် သေဆုံးသွားရကြောင်းတို့ကို ကျန်ရစ်သူဆွေမျိုးများထံမှ ကြားသိရ၏။ ဖီးလစ်သည် သူ့နားကိုမယုံနိုင်လောက်အောင်ပင် အံ့ဩမိကာ ကြက်သီးတဖြန်းဖြန်းထမိ၏။

သို့သော် သူ့ချစ်သူ မာသာဝီလျံ၏ အကြောင်းကိုမူ စုံစမ်း၍မရချေ။ ဖီးလစ်က မကျေမလည်ဖြစ်နေသည့်အခိုက်တွင် တောင်ကာရိုလိုင်းနားပြည်နယ်မှ မစ္စက်ကောင်လီဆိုသူက တယ်လီဖုန်းဆက်လာ၏။ သူမသည် ဝေါလ်တာမောရစ်၏ သမီးဖြစ်ကြောင်း၊ ဖီးလစ်သိလိုသောအကြောင်းအရာများကို ပြောကြားပေးနိုင်မည်ထင်ကြောင်း ပြောကြားလာ၏။

သို့နှင့် မီရာလေယာဉ်ဖြင့် တောင်ကာရိုလိုင်းနားသို့ ဖီးလစ်လိုက်ပါသွား

www.burmeseclassic.com

www.burmeseclassic.com



၏။ မစ္စက်ကောင်လီနှင့် တွေ့ဆုံသည့်အခါ သူမအား မိမိအာရုံတွင် ထင်မြင်ခဲ့သည့် အကြောင်းအရာများကို အစအဆုံးပြောပြလိုက်၏။

"ဟုတ်ပါတယ်ရှင်၊ လူကြီးမင်းပြောတဲ့အကြောင်းတွေဟာ ကျွန်မအဖေရဲ့ဖြစ်ရပ်တွေနဲ့ တစ်ထပ်တည်းပါပဲ၊ ဖေဖေဟာ ဒီမာသာဝီလျံဆိုတဲ့မိန်းမအတွက်နဲ့ မေမေ့ကိုပစ်သွားခဲ့ပါတယ်၊ ဒါပေမဲ့ ဖေဖေဟာ ရောက်လေရာအရပ်က မေမေ့ဆီစာရေးပြီး ငွေလဲပို့ပေးခဲ့ပါတယ်၊ မေမေက စာတွေကို သိမ်းထားလိုက်ပေမယ့် စာတစ်စောင်မှ မပြန်ခဲ့ဘူး" .

မစ္စက်ကောင်လီသည် သူ့မိခင်သိမ်းဆည်းထားခဲ့သည့်စာများကို ဖီးလစ်အား ထုတ်ပြ၏။ ဖီးလစ်သည် စာများကိုဖတ်ရင်း ယခင်ဘဝက သူ၏လှုပ်ရှားမှုများကို အသေးစိတ်ပြန်မြင်လာသဖြင့် နှုတ်အာစေးမိသည့်ပမာ တစ်ခွန်းမျှမဟနိုင်တော့ချေ။

ထို့အပြင် မစ္စက်ကောင်လီသည် သူ့ဖခင်ဝေါလ်တာမောရစ်နှင့် မာသာဝီလျံတို့ တွဲရိုက်ထားခဲ့သည့်ဓာတ်ပုံကိုပါ ထုတ်ပြလိုက်ရာ ဝေါလ်တာမောရစ်၏ပုံသည် ဖီးလစ်နှင့်ဆင်တူသလို မာသာဝီလျံ၏ပုံသည်လည်း အယ်နီနှင့်ဆင်တူနေပေတော့၏။

ထို့ကြောင့် ဖီးလစ်၏ အမြင်အာရုံ၌ထင်လာသော ချစ်သူ၏ရုပ်ပုံလွှာသည် ရှေးဘဝချစ်သူ၏ရုပ်ပုံလွှာအပြင် အခြားမည်သူတစ်ဦးတစ်ယောက်၏ရုပ်ပုံလွှာမျှ မဖြစ်နိုင်ကြောင်းကို ဖီးလစ်ကျေနပ်စွာ သိလိုက်ရပေတော့၏။

## ပိဋကတ်တော်မှ ပါရမီရှင်ကြီးများ

ပိဋကတ်စာပေတွင် ဘုန်းကံပါရမီအလွန်ကြီးကျယ်ထင်ရှားကြသော အဂ္ဂသာဝက နှစ်ပါး, မဟာသာဝက အပါး ၈၀, သာဝကထောင်သောင်းများစွာနှင့် ဥပါသကာ ဥပါသကာမြောက်မြားစွာတို့၏ မှတ်သားဖွယ်အကြောင်းအရာများကို ဖော်ပြထား၏။ ဗုဒ္ဓမြတ်စွာ၏ပါရမီဖြည့်ဆည်းရာ ဘဝပေါင်းများစွာတို့၏ အကြောင်းများလည်း ပါဝင်၏။

ဤအကြောင်းအရာတို့သည်ကား ရှေးဘဝရှိခြင်း၏အခိုင်လုံဆုံးအထောက်အထားများပေတည်း။

ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော်ကိုရရှိရေးအတွက် လေးသင်္ချေနှင့် တစ်သိန်းသောကမ္ဘာပေါင်းကို ဖြတ်ကျော်လျက် မရေမတွက်နိုင်သည့်ဘဝပေါင်းအထွေထွေတွင် ကျင်လည်ကာ ပါရမီတော်များကို ဖြည့်ဆည်းခဲ့ရပါသည်။

ရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါးတို့သည် အဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com



သာဝကဆုထူးကို ပန်ဆင်နိုင်ရေးအတွက် တစ်သင်္ချေနှင့်တစ်သိန်း အရေအတွက် ရှိသော ကမ္ဘာပေါင်းကိုဖြတ်ကျော်လျက် မရေမတွက်နိုင်သည့်ဘဝအထွေထွေတွင် ကျင်လည်ကာ ပါရမီဖြည့်ဆည်းခဲ့ကြရပေ၏။

ဗုဒ္ဓမြတ်စွာနှင့် အဂ္ဂသာဝက၊ မဟာသာဝကအပေါင်းတို့သည် မိမိတို့ဖြတ်ကျော်ခဲ့ကြရသော ဘဝအထွေထွေကို ပုဗ္ဗေနိဝါသအဘိညာဉ်တန်ခိုးဖြင့် ဆင်ခြင်ကာ မြင်သိနိုင်ကြ၏။ မြင်သိနိုင်ကြသည့်အတိုင်းလည်း အတုယူဖွယ် မှတ်သားဖွယ်များကို ထုတ်နုတ်တင်ပြခဲ့ကြ၏။

ဤအကြောင်းအရာတို့သည် ဗုဒ္ဓဘာသာကို ခမ်းနားကြီးကျယ်စေအံ့ ဟူသော ရည်ရွယ်ချက်ဖြင့် တီထွင်ကြံဆပြီး ဟောကြားခဲ့သောအကြောင်းအရာများ မဟုတ်ပေ။ တကယ်အမှန်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများသာ ဖြစ်ကြ၏။

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးတို့၏ အတုမရှိ ကြီးကျယ်မြင့်မြတ်လှသော ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ကောင်းစွာဆင်ခြင်သိမြင်သဖြင့် ကြည်လင်သည့်သဒ္ဓါနှင့်ပြည့်စုံသော လူအပေါင်းတို့သည် ဆိုခဲ့ပြီးသော အကြောင်းအရာကို လေးလေးနက်နက် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ကြသည် သာတည်း။

ဗုဒ္ဓတရားတော်၏ နက်ရှိုင်းထက်မြက်ကြီးကျယ်မြင့်မြတ်ပုံကို အရိပ်အမြွက်က လေး လောက်မျှ သိနားလည်အောင်ပင် အားမထုတ်နိုင်ကြသေးသော လူအပေါင်းတို့မှာ သဒ္ဓါမခိုင်မာသည်ဖြစ်၍ ရတနာသုံးပါးအပေါ်တွင် သံသယရှိကြဦးမည်သာတည်း။ ထိုအခါ ကံတရားနှင့် ရှေးဘဝနောက်ဘဝ ရုပ်နာမ်ဖြစ်ပျက်အစဉ်၌လည်း သံသယရှိကြဦးမည်သာတည်း။

သံသယရှိသူတို့၏ အကျိုးငှာ ထင်လွယ်၊ မြင်လွယ်၊ နှစ်ခြိုက်လွယ်သော ခေတ်ပေါ်သာဓကများနှင့် တွေးခေါ်မှုသဘောတရားတို့ကို အလျဉ်းသင့်သလို တင်ပြခဲ့ပြီးလေပြီ။ ရှေး၌လည်း ထပ်ဆင့်ကာ တင်ပြပါဦးမည်။

ဤနေရာ၌ ပိဋကတ်မှကြည်ညိုလေးမြတ်ဖွယ်ရာသာဓကအချို့ကို ထုတ်နုတ်ကာ တင်ပြလိုပါသည်။

## ထိပ်တန်းလူရည်ချွန်ကလေးများ

ဂေါတမမြတ်စွာဘုရား၏ သာသနာတော်တွင် အသက်ခုနစ်နှစ်အရွယ်မျှဖြင့် ရဟန္တာအရှင်မြတ်အဖြစ်သို့ ရောက်သွားကြသည့် အလွန်ထူးခြားသောပါရမီရှင်ကလေးများ များစွာပေါ်ပေါက်ခဲ့ပေ၏။

အရှင်သာရိပုတ္တရာ၏ ညီထွေးဖြစ်သူ **မောင်ရေဝတ** သည် အသက်ခုနစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



သားအရွယ်၌ပင် မိဘတို့၏အစီအမံဖြင့် သတို့သမီးငယ်တစ်ဦးနှင့် ထိမ်းမြားရ၏။ မိဘဘိုးဘွားများကို ကန်တော့ကြသောအခါ လူကြီးတို့က သတို့သမီးငယ်သည် အဘွားမကဲ့သို့ အသက်ရှည်စေသတည်းဟု ဆုပေးကြ၏။

အဘွားမဆိုသူသည် အသက် ၁၂၀ အရွယ်ရှိပြီး ဆံဖြူသွားကျိုး၍ ခါးကိုင်းနားထိုင်းနေလေပြီ။ သတို့သမီးငယ်သည်လည်း ဤအရွယ်သို့ရောက်လျှင် ဤသို့အိုမင်းရမည်ကို မောင်ရေဝတ ဆင်ခြင်လိုက်လေ၏။

ထို့ကြောင့် ထိုထိမ်းမြားသောနေ့၌ပင် မောင်ရေဝတသည် သတို့သမီးအိမ်မှ မိမိ၏ မိဘအိမ်သို့အပြန် တောလမ်းခရီး၌ ကိုယ်လက်သုတ်သင်ဟန်ပြု၍ထွက်ပြေးပြီးလျှင် ရှင်သာမဏေဝတ်လိုက်၏။

ရှင်ရေဝတသည် ကမ္မဋ္ဌာန်းတရားကို သင်ယူပြီးနောက် ရှားတောထဲသို့ဝင်ပြီး ဝါတွင်းသုံးလပတ်လုံးဘာဝနာပွားများရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရလေ၏။ အလွန်ထူးခြားသောပါရမီရှင်တစ်ပါးပါပေ။

ရာဇဂြိုဟ်ပြည်၌ အသက်အရွယ်ကြီးရင့်၍ဆင်းရဲမွဲတေနေသော **မဟာသေနပုဏ္ဏား** သည် တစ်နေ့တွင် ဖျင်စနှစ်ခုနှင့် နို့ဃနာတစ်ခွက်ကို ရရှိရာ အရှင်သာရိပုတ္တရာမထေရ်မြတ်အား စေတနာထက်သန်စွာ လှူဒါန်းလိုက်၏။

ဤကောင်းမှုကံ စေတနာကြောင့် ကွယ်လွန်သောအခါ၌ သာဝတ္ထိပြည်၌ သူကြွယ်သားဖြစ်ရ၏။ **တိဿ** အမည်တွင်၏။ ကင်ပွန်းတပ်မင်္ဂလာကျင်းပသောနေ့၌ ကလေးငယ်သည် အဖိုးတစ်သိန်းတန် ကမ္ဗလာအခင်းကို အရှင်သာရိပုတ္တရာအား လှူဒါန်းလိုက်၏။

အသက်ခုနစ်နှစ်အရွယ်တွင် တိဿသည် ရှင်သာမဏေပြု၏။ ရဟန်းများနှင့်အတူ မြို့ထဲသို့ဆွမ်းခံကြွရာတွင် ဆွမ်းဘောဇဉ်များ ထူးထူးခြားခြားပြည့်လျှံအောင် ရသည့်အပြင် သင်္ကန်းအထည်ငါးရာပါ ရရှိလေ၏။

ထို့နောက် အလွန်အေးချမ်းသောဆောင်းရာသီ၌ ရဟန်းများသည် ကမ္ဗလာခြုံထည် ချို့ငဲ့သဖြင့် မီးလှုံနေကြသည်ကို ရှင်တိဿမြင်လေသော် ရဟန်း တစ်ထောင်တို့ကိုဖိတ်ကြား၍ သာဝတ္ထိမြို့တွင်းသို့ အလှူခံထွက်လေ၏။ ထိုတစ်နေ့အတွင်း၌ပင် ကမ္ဗလာခြုံထည်တစ်ထောင်ကို အလွယ်တကူရရှိလေသည်။

ထို့နောက် ရှင်သာရိပုတ္တရာထံခွင့်ပန်ပြီး တောကျောင်းတစ်ကျောင်း၌ သီတင်းသုံးလျက် ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ရာ ဝါတွင်းသုံးလမကုန်မီပင်လျှင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေ၏။

စေတနာထက်သန်သော ဒါန၏အကျိုးကား အလွန်ကြီးမားလှပါဘိတောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်လက်ထက်၌ အခြားထူးခြားသော ရဟန်းငယ်တစ်ပါးမှာ **ရှင်သီဝလိ** ဖြစ်ပေ၏။ လာဘ်လာဘပေါများခြင်းတွင် ဧတဒဂ်ဘွဲ့ရသူဖြစ်၏။

သီဝလိ၏မိခင်သည် သာကီဝင်မင်းသမီး သုပ္ပဝါသာဖြစ်ပြီး ဖခင်သည် လိစ္ဆဝီမင်း မဟာလိဖြစ်၏။ သီဝလိကို ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တိုင်တိုင် ပဋိသန္ဓေဆောင်ပြီးမှ မွေးဖွားရ၏။

မွေးဖွားပြီးသည်နှင့်တစ်ပြိုင်နက် သွားလာနိုင်, စကားပြောနိုင်၏။ ခုနစ်ရက်မြောက်သောနေ့၌ အရှင်သာရိပုတ္တရာထံ ရဟန်းပြုရန် ဆံချနေစဉ် ပဋိသန္ဓေဆင်းရဲခြင်းကိုဆင်ခြင်သဖြင့် ကိလေသာကုန်ခန်းပြီး အရဟတ္တမဂ်ဖိုလ်စခန်းသို့ တက်လှမ်းကူးမြောက်သွားလေတော့၏။

ရှင်သီဝလိ၏ ထူးခြားချက်များကား အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း။

ဤကမ္ဘာမှပြန်၍ရေတွက်သည်ရှိသော် ၉၁ ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်ထွန်းတော်မူခဲ့၏။ ထိုမြတ်စွာဘုရားနှင့် သံဃာတော် ၆၈,၀၀၀ တို့အား ရှင်သီဝလိလောင်းလျာဖြစ်သော ကျေးတောသား **မောင်ပုည** သည် ပျားရည်ဆွမ်းကို ထူးခြားသည့်စေတနာဖြင့် လောင်းလှူခဲ့၏။

ဤကောင်းမှုကုသိုလ်ကြောင့် မောင်ပုညသည် နတ်ပြည်တစ်လှည့်၊ လူ့ပြည်တစ်လှည့် ဘဝပေါင်းများစွာကျင်လည်ခဲ့ရ၏။ တစ်ခုသောဘဝ၌ ဗာရာဏသီမင်းဖြစ်ပြီး အခြားမြို့တစ်မြို့ကို သိမ်းယူရန် မိမိ၏စစ်တပ်ဖြင့် ဝန်းရံထား၏။ ထိုမြို့သားတို့သည် မလွယ်ပေါက်တံခါးငယ်တို့မှထွက်၍ ရိက္ခာ, ထင်း, ရေစသည်တို့ကို ဆောင်ယူနိုင်ကြသဖြင့် ခုနစ်နှစ်, ခုနစ်လ ကြာညောင်းခဲ့သော်လည်း အညံ့မခံကြချေ။

ထိုအခါ မင်း၏မယ်တော်သည် ထိုအကြောင်းကိုကြားသိသဖြင့် မြို့၏တံခါးငယ်များကိုပါ ပိတ်ဆို့ရန်အကြံပြုလိုက်၏။ ထိုသို့အကြံပေးသည့်အတိုင်း ပိတ်ဆို့လိုက်သောအခါ ခုနစ်ရက်မြောက်သည့်နေ့၌ မြို့သားများသည် မိမိတို့၏ မင်းကိုသတ်၍ ပြည်စည်းစိမ်ကို ဗာရာဏသီမင်းအား အပ်နှင်းကြလေ၏။

ဤမကောင်းမှုကံကြောင့် ဗာရာဏသီမင်းဘဝမှ စုတေသောအခါ အဝီစိငရဲ၌ဖြစ်ရ၏။ နောက်ဆုံးဘဝ၌မူ ယခင်ဗာရာဏသီမင်း၏မယ်တော်ဖြစ်ခဲ့သော သုပ္ပဝါသာမင်းသမီး၏ ဝမ်းကြာတိုက်တွင် ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တိုင်တိုင် ပဋိသန္ဓေနေရလေသတည်း။

ရှေး ၉၁ ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားနှင့် သံဃာများအား မွန်မြတ်သော ပျားရည်ဆွမ်းကို လှူဒါန်းရသည့်အကျိုးကြောင့် လူချမ်းသာ, နတ်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဘဝပေါင်းများစွာခံစားရပြီး နောက်ဆုံးဘဝ၌ လာဘ်မင်းသခင် တေဒဂ်ရှင်ဖြစ်ရသည့်အပြင် အမြင့်မြတ်ဆုံးဘဝဖြစ်သည့် ရဟန္တာအဖြစ်ကိုလည်း လွယ်လင့်တကူ ရရှိခဲ့လေသတည်း။

ရဟန္တာအရှင်မြတ်တို့ကား ကိလေသာတရားဆိုးအားလုံးကို အပြီးအပိုင် ချိုးနှိမ်ပယ်သတ်ထားပြီးကြသော ပုဂ္ဂိုလ်မြတ်တို့ပေတည်း။ လောဘ, ဒေါသ, မောဟ စသော ကိလေသာတရားများကို လောက၌ အထွတ်အထိပ်အကျဆုံး ဉာဏ်ပညာဖြစ်သည့် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်သာ ချိုးနှိမ်ပယ်သတ်နိုင်ပေ၏။

ဤသို့ အထက်တန်းအကျဆုံးသောဉာဏ်ပညာတို့ကို အသက်ခုနစ်နှစ်သား အရွယ်၌ပင် ပိုင်စိုးနိုင်ခြင်းသည် လောကီပညာတွင် ထူးချွန်ခဲ့ကြသည့် ကလေးဉာဏ်ကြီးရှင်တို့ထက် အဆထောင်သောင်းမက ပိုမိုအံ့သြဖွယ်ရာ ချီးကျူးဖွယ်ရာ ဖြစ်ပေတော့၏။

ဤထူးခြားသော စွမ်းဆောင်မှုတို့ကား အတိတ်ဘဝများ၌ ဆည်းပူးခဲ့သော ပါရမီအဟုန်တို့၏ အကျိုးတရားပေတည်း။

## သူဌေးကြီးဘဝမှ ဒွန်းစဏ္ဍားဘဝသို့

ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ သာဝတ္ထိပြည်တွင် ကုဋေ ၈၀ ကြွယ်ဝသော **အာနန္ဒာသူဌေးကြီး** ရှိလေ၏။ ထိုသူဌေးကြီးသည် အလွန်နှမြောတွန့်တိုတတ်၍ ပေးကမ်းလှူဒါန်းခြင်းကို မပြုချေ။ မိမိ၏ **သားမူလသီရိ** အားလည်း "ထင်ရှားရှိနေသောဥစ္စာကို မပေးကမ်းအပ်၊ အသစ်ဖြစ်သောဥစ္စာကို တိုးပွားစေအပ်၏။ တစ်သပြာမျှသော ဥစ္စာကို ကုန်ခန်းပျက်စီးအောင်ပြုသောသူအား ဥစ္စာသည် ကုန်သည်သာတည်း"ဟု မကြာခဏဆုံးမတတ်၏။

အာနန္ဒာသူဌေးကြီးသည် မိမိရွှေအိုးကြီးငါးလုံးမြှုပ်ထားရာနေရာကို သားအား မပြောလိုက်မိဘဲ နှမြောတွန့်တိုဝန်တိုသောစိတ်ဖြင့်ပင် ကွယ်လွန်သွားသည့်အတွက် သာဝတ္ထိမြို့တံခါးတစ်ခုအနီးရှိ ဒွန်းစဏ္ဍားမတစ်ဦး၏ဝမ်း၌ ပဋိသန္ဓေစွဲရလေ၏။

ထိုဒွန်းစဏ္ဍားရွာတွင် ဒွန်းစဏ္ဍားမျိုးတစ်ထောင်တို့သည် တစ်ပေါင်းတစ်စုတည်းသာလျှင် အခစားအလုပ်ဖြင့် အသက်မွေးကြကုန်၏။ အာနန္ဒာသူဌေး ပဋိသန္ဓေနေသည့်နေ့မှစ၍ ဒွန်းစဏ္ဍားတို့သည် လုပ်ခကြေးငွေ မှန်မှန်မရကြသဖြင့် ထမင်းတစ်ဆုပ်စီမျှပင် မစားကြရတော့ချေ။

ထိုအခါ လူကြီးသူမတို့က "တို့ရွာ၌ သူယုတ်မာတစ်ဦး ပေါ်ပေါက်လာသည် ဖြစ်တန်ရာ၏"ဟု တိုင်ပင်ကြပြီးလျှင် ရွာကိုနှစ်စုခွဲလိုက်၏။ ထိုအခါ အာနန္ဒာ

www.burmeseclassic.com

www.burmeseclassic.com



သူဌေးပဋိသန္ဓေနေရသောအစုသည် ဆင်းရဲ၏။ ထိုအစုကို တစ်ဖန်နှစ်စုခွဲလိုက်ပြန်ရာ ခွဲတိုင်းခွဲတိုင်း အာနန္ဒာသူဌေး၏မိခင်ပါသော အစုသည် ဆင်းရဲ၏။ နောက်ဆုံး၌ ထိုမိခင်ကို ရွာမှနှင်ထုတ်လိုက်ကြကုန်၏။

ထိုဒွန်းစဏ္ဍားမသည် ဆင်းရဲပင်ပန်းစွာ တောင်းရမ်းစားသောက်ပြီးလျှင် လရက်စေ့သော် သားကိုဖွားမြင်၏။ ထိုသူငယ်သည် ခြေ,လက်,နား,နှာခေါင်း စသည့် အင်္ဂါကြီးငယ်များ ချွတ်ယွင်းလျက် အလွန်အကျည်းတန်လေ၏။

မိခင်သည် သားအား ဆင်းရဲငြိုငြင်စွာလုပ်ကျွေး၏။ သားကိုပွေ့ချီသွားသောနေ့၌ တစ်စုံတစ်ခုကိုမျှ တောင်းရမ်း၍မရ။ သားကို အိမ်၌ထားခဲ့ပြီးနောက် မိမိတစ်ဦးတည်းထွက်၍ တောင်းပါမှ ထမင်းစသည့်အစာအာဟာရအနည်းငယ်ကို ရရှိ၏။

ကလေးကြီးပြင်းလာ၍ တောင်းစားနိုင်သည့်အရွယ်သို့ ရောက်သည့်အခါ ကလေး၏လက်၌ ခွက်တစ်ခုကိုထည့်ပေးလိုက်ပြီး ကလေးဘာသာတောင်းရမ်းစားသောက်စေ၏။

ထိုကလေးသည် အိမ်စဉ်အတိုင်း လှည့်လည်တောင်းရမ်းသွားသည်ရှိသော် အာနန္ဒာသူဌေးကြီးဘဝက နေထိုင်ခဲ့သောအိမ်ရှေ့သို့ ရောက်လာ၏။ ထိုအခါ ယခင်ဘဝဟောင်းကို သိမြင်နိုင်သော ဇာတိဿရဉာဏ်ကို ရရှိလာ၏။

(အာသာဖလားဝါးဂျူးနှင့် ဖီးလစ်တို့က ရှေးဘဝဟောင်းများကို ပြန်မြင်ခြင်းသည်လည်း ဤသို့ဇာတိဿရဉာဏ်ရလာသည့်အတွက်ကြောင့်ဖြစ်သည်ဟု ယူဆနိုင်၏။)

ကလေးသည် တံခါးစောင့်များအမှတ်မထားမိခင်ပင် သူဌေးအိမ်ဝင်းအတွင်းသို့ ဝင်သွား၏။ ဝင်းအတွင်း၌ ကစားနေကြသော မူလသီရိသူဌေး၏သားငယ်များက ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် ဒွန်းစဏ္ဍားငယ်ကို မြင်ကြရသောအခါ ထိတ်လန့်ပြီး ငိုကြွေးကြကုန်၏။

ထိုအခါ သူဌေး၏အလုပ်အကျွေးတို့သည် ကျက်သရေမဲ့လှသော ဒွန်းစဏ္ဍားကလေးကို ရိုက်ပုတ်ကန်ကျောက်ကြပြီးလျှင် တံမြက်ချေးစွန့်ရာအရပ်၌ ပစ်ထားကြကုန်၏။

မြတ်စွာဘုရားသည် အာနန္ဒာမထေရ်နှင့်အတူ ဆွမ်းခံကြွလာရာ ထိုအရပ်သို့ ရောက်လာကြ၏။ ဘုရားရှင်သည် မူလသီရိသူဌေးကို ခေါ်စေပြီးလျှင် "ဤသူငယ်ကို သင်သိသလော"ဟု မေးတော်မူ၏။

"မသိပါဘုရား"

"သင်၏ဖခင်အာနန္ဒာသူဌေးကြီးပေတည်း"

www.burmeseclassic.com

www.burmeseclassic.com



မူလသီရိသူဌေးသည် မမျှော်လင့်သောစကားကို ကြားသိရ၍ အံ့အားသင့်သွားကာ "မဖြစ်နိုင်ပါဘုရား"ဟု ဘုရား၏စကားတော်ကို ငြင်းပယ်လေ၏။

ဗုဒ္ဓက ဒွန်းစဏ္ဍားကလေးဘက်သို့ မျက်နှာမူ၍ "အာနန္ဒာသူဌေးကြီး၊ သင်၏သားအား ရွှေအိုးကြီးငါးလုံးကို ပြောကြားလေလော့"ဟု မိန့်တော်မူ၏။

ဒွန်းစဏ္ဍားငယ်ညွှန်ပြသော နေရာဌာနတို့၌ တူးဆွကြည့်သည့်အခါ ရွှေအိုးကြီးများ ပေါ်လာလေ၏။

မူလသီရိသူဌေးသည် မိစ္ဆာအယူကိုပစ်ပယ်၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လေတော့၏။

## ဝါသနာစရိုက် ဘဝတိုင်းလိုက်

**Habit is the second nature.**

အလေ့အထသည် ဒုတိယသဘာဝဖြစ်၏။

မှန်ပါသည်။ အလေ့အကျင့်များ၍ ကိုယ်ပိုင်အမူအကျင့်ဖြစ်လာသော အလေ့အထတစ်ခုကို တစ်ဖန်ပယ်ဖျက်ရန် အလွန်ခဲယဉ်းပါသည်။ ထိုအလေ့အကျင့်သည် ဘဝတစ်လျှောက်လုံး လိုက်ပါသွားတတ်သည်။ နောက်ဘဝအဆက်ဆက်သို့လည်း လိုက်ပါသွားတတ်သည်။

ရဟန္တာအရှင်မြတ်များသည် စိတ်၏အညစ်အကြေး အနှောင်အဖွဲ့ဖြစ်သည့်ကိလေသာတရားအားလုံးကို ပယ်သတ်နိုင်ကြသော်လည်း ဝါသနာစရိုက်ကိုမူ မစွန့်ပယ်နိုင်ကြချေ။ ဘုရားရှင်တို့သာလျှင် ဝါသနာနှင့်တကွ ကိလေသာများကိုလုံးဝဥဿုံပယ်ရှားနိုင်ကြ၏။

တစ်ခါတွင် ဒကာတစ်ဦးသည် အရှင်မဟာမောဂ္ဂလာန်မထေရ်အား မိမိအိမ်သို့ ဆွမ်းကျွေးရန်အလို့ငှာ ပင့်ဆောင်သွား၏။ မထေရ်မြတ်အား လှူဒါန်းရန်သင်္ကန်းသုံးစုံတို့ကိုလည်း အိမ်တွင် အသင့်ပြင်ဆင်ထား၏။

တောလမ်းတစ်ခုကို အတူတကွဖြတ်သွားကြရာ ရေအိုင်ကလေးတစ်ခုသို့ရောက်လာ၏။ အရှင်မဟာမောဂ္ဂလာန်သည် ရေအိုင်ကို ကွေ့ရှောင်၍မသွားဘဲရှေးမျောက်ဘဝက ပါလာသောဝါသနာကြောင့် ခုန်ကျော်၍သွားသည်။ ဒကာသည် မထေရ်မြတ်အပေါ် အကြည်ညိုလျော့သွားသဖြင့် သင်္ကန်းနှစ်စုံကိုသာ လှူတော့မည်ဟု စေတနာကို တစ်ထစ်လျှော့ချလိုက်၏။

နောက်ရေအိုင်ငယ်တစ်ခုသို့ ရောက်လာသောအခါ အရှင်မဟာမောဂ္ဂလာန်သည် ခုန်ကျော်၍သွားပြန်၏။ ထိုအခါ ဒကာသည် မထေရ်မြတ်အား သင်္ကန်းတစ်စုံကိုသာ လှူဒါန်းတော့မည်ဟု စေတနာကို တစ်ထစ်ထပ်လျှော့ချလိုက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



၏။ တတိယရေအိုင်တစ်ခုသို့ ရောက်လာကြပြန်ပြီ။ ဤအကြိမ်၌ မထေရ်ကြီးသည် ခုန်ကျော်ခြင်းမပြုတော့ဘဲ ကွေ့ရှောင်၍သွား၏။

"အရှင်ဘုရား…အဘယ်ကြောင့် မခုန်ကျော်ဘဲ ကွေ့ရှောင်၍သွားသနည်း" ဟု မအောင့်အည်းနိုင်သောဒကာက မေးလိုက်၏။

"ဒါယကာ…ဒီတစ်ခါခုန်လျှင် သက်န်းသုံးစုံစလုံးကို လက်လွှတ်ရတော့မှာမို့ မခုန်တော့ပါ"

ဤမထေရ်မြတ်သည် မိမိ၏စိတ်အကြံကိုသိသော ရဟန္တာအရှင်မြတ်ပါတကားဟု ဒါယကာက နှလုံးသွင်းမိသဖြင့် မထေရ်မြတ်အား ရှိခိုးတောင်းပန်ပြီးလျှင် သက်န်းသုံးစုံစလုံးကို လှူဒါန်းလိုက်လေ၏။

မိသားစုတစ်ခုမှ လူတစ်ဦးစီ၏ စိတ်အမူအကျင့်ကို ဆန်းစစ်ကြည့်ပါ။ အမူအကျင့်ချင်း စရိုက်ချင်းမတူသည်ကို တွေ့မြင်ရပေလိမ့်မည်။ ကျွန်တော်၏ ဖခင်နှင့် ကျွန်တော်တို့သည် စရိုက်ချင်းမတူကြပါ။ ကျွန်တော်နှင့် ကျွန်တော်၏ သားများသည်လည်း စရိုက်ချင်းမတူကြပါ။ ပြောဟန်, ဆိုဟန်, လုပ်ဟန်, သွားဟန် စသည်တို့သည် အလွန်ကွာခြားကြပါသည်။

လမ်းလျှောက်ဟန်မတူကြသည့်အတွက် အသိတစ်ယောက်အဝေးမှ လမ်းလျှောက်လာသည်ကိုမြင်လျှင် မည်သူမည်ဝါဖြစ်နိုင်ကြောင်း သိနိုင်၏။ စကားပြောသံနှင့်စကားပြောဟန်တို့ မတူကြသည့်အတွက်လည်း လူမမြင်ဘဲ စကားသံကို ကြားရုံမျှဖြင့် မည်သူဖြစ်ကြောင်း သိနိုင်၏။

လူတစ်ယောက်သေဆုံးသွားသောအခါ သူ၏ အမူအကျင့်များသည် နောက်ဘဝသို့ လိုက်ပါသွားကြောင်းကို အခန်း(၃)၌ တမလွန်ဘုံသားတို့နှင့် ဆက်သွယ်ခြင်းတွင် အထောက်အထားများ တင်ပြခဲ့ပါသည်။

မောင်နှမချင်း အမြွှာပူးချင်း စရိုက်မတူကြခြင်းသည်ပင် ရှေးဘဝရှိခြင်း၏ အထောက်အထားတစ်ခု ဖြစ်ပါတော့၏။

## ရွှေပန်းထိမ်သားနှင့် ကြာညိုပန်း

အရှင်သာရိပုတ္တရာမထေရ်၏ ဒါယကာတစ်ဦးဖြစ်သော ရွှေပန်းထိမ်၏သားသည် သာသနာကို ကြည်ညိုသဖြင့် ရဟန်းပြုလာ၏။ မထေရ်ကြီးသည် လူငယ်တို့၏ ရာဂစရိုက်နှင့်လိုက်ဖက်သော အသုဘကမ္မဋ္ဌာန်းကို ချပေးပြီး ရဟန်းငယ်အား တရားအားထုတ်စေ၏။

ရဟန်းငယ်သည် ဝါတွင်းသုံးလပတ်လုံး အသုဘကမ္မဋ္ဌာန်းကို ကြိုးကြိုးစားစားရှုမှတ်သော်လည်း စိတ်တည်ငြိမ်မှုကလေးမျှ မရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာမထေရ်သည် အားရကျေနပ်ခြင်း မဖြစ်သည့်အတွက် တပည့်ငယ်အား နောက်ထပ်တစ်လ အသုဘကမ္မဋ္ဌာန်းကို အားထုတ်စေပြန်၏။ တပည့်ငယ်က အပတ်တကုတ်ကြိုးစားအားထုတ်ပါသော်လည်း မထူးခြားချေ။

တန်ဆောင်မုန်းလပြည့်နေ့၌ ဗုဒ္ဓမြတ်စွာသည် ဆွမ်းဘုဉ်းပေးပြီးနောက် ဂန္ဓကုဋိတိုက်ဝယ် သီတင်းသုံးနေတော်မူ၏။ အရှင်သာရိပုတ္တရာသည် တပည့်ငယ်အား ခေါ်ဆောင်၍ ဘုရားထံသို့ ချဉ်းကပ်လာ၏။

"လျှောက်ထားရန် ကိစ္စရှိပါသလား သာရိပုတ္တရာ"

"မှန်လှပါ၊ တပည့်တော်၏ တပည့် ဤရဟန်းငယ်သည် သာသနာတော်၌ သဒ္ဓါထက်သန်သူဖြစ်ပါသည်၊ မဆုတ်နစ်သောဝီရိယနှင့်လည်း ပြည့်စုံပါသည်၊ သို့ပါသော်လည်း လေးလတိုင်တိုင် ကမ္မဋ္ဌာန်းတရားအားထုတ်ပြီးပါလျက် သမာဓိတည်ရုံကလေးမျှပင် မပေါက်ရောက်ပါ၊ လမ်းညွှန်ပေးတော်မူပါဘုရား"

"မည်သည့်ကမ္မဋ္ဌာန်းတရား ပေးထားသနည်း သာရိပုတ္တရာ"

"မှန်လှပါ၊ လူငယ်တို့၏ ရာဂစရိုက်နှင့်လိုက်ဖက်ညီသော အသုဘကမ္မဋ္ဌာန်းကို ပေးထားပါသည်ဘုရား"

ဘုရားရှင် ပြုံးတော်မူကာ...

"သာရိပုတ္တရာ... လူငယ်တိုင်း ရာဂစရိုက်ရှိကြသည်မဟုတ်ပါ၊ သင်၏ ကမ္မဋ္ဌာန်းလမ်းညွှန်မှုသည် လွဲချော်ခဲ့လေပြီ၊ သို့ရာတွင် သင်တို့ယခုရောက်ရှိလာခြင်းသည် အချိန်အခါသင့်ပေ၏၊ သင်၏ တပည့်ကို ထားခဲ့လော့၊ ယနေ့ညနေ နေမဝင်ခင် သင်၏ တပည့်သည် တရားထူးကို သိမြင်ရလတ္တံ့"

အရှင်သာရိပုတ္တရာသည် ဝမ်းမြောက်စွာဖဲ့ခွာသွား၏။

ဗုဒ္ဓမြတ်စွာသည် ပဒုမ္မာကြာညိုပန်းတစ်ပွင့်ကို တန်ခိုးတော်နှင့် ဖန်ဆင်းပြီးလျှင် ရဟန်းငယ်အား ကမ်းပေးတော်မူခဲ့၏။ ဤရဟန်းငယ်ကား ဘဝ ၅၀၀ တိုင်တိုင် ရွှေပန်းထိမ်သားဖြစ်ခဲ့သဖြင့် ရွှေပန်းရွှေခက်များ ထုလုပ်ခြင်းတွင် အလေ့အကျင့်ဖြစ်ခဲ့၏။

"ချစ်သား...ဤကြာညိုပန်းသည် သင့်အတွက် ကသိုဏ်းဝန်းပေတည်း။ ဤဇေတဝန်ကျောင်း၏ အနောက်တောင်ထောင့်တွင် ရေကန်ရှိ၏။ ထိုရေကန်အနီး၌ရှိသော သဲပုံသည် သင့်အတွက် ကမ္မဋ္ဌာန်းရှုမှတ်ရန် လျောက်ပတ်သော နေရာပင်တည်း။ 'နီလ...ညိုသောအဆင်း၊ နီလ...ညိုသောအဆင်း' ဟူ၍ အဆက်မပြတ် ကမ္မဋ္ဌာန်းရှုမှတ်ပါလော့"

ကြာညိုပန်းသည် ရဟန်းငယ်၏ စရိုက်နှင့် ဟပ်မိသည့်အတွက် ရဟန်းငယ်၏ စိတ်သည် ရွှင်လန်းသွား၏။ ရေကန်အနီးသို့ရောက်သောအခါ ရေကန်ရှေ့ပြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးသည် ကြာဖူးကြာငုံတို့နှင့် ဖုံးလွှမ်းလျက် လှပတင့်တယ်နေ၏။ ဆိတ်ငြိမ်လှသော သဲပြင်ပေါ်တွင် မြတ်စွာဘုရားချီးမြှင့်ခဲ့သည့် ကြာညိုပန်းကို စိုက်ထိုးလိုက်၏။

ထို့နောက် နေရာထိုင်ခင်းကို ဖြန့်ခင်း၍ ငြိမ်သက်စွာထိုင်ပြီးလျှင် တစိမ့်စိမ့်ဖြစ်ပေါ်နေသော ရွှင်လန်းဝမ်းမြောက်ခြင်းပီတိအဟုန်ကို မလျော့စေဘဲ ကြာပန်းကို ပရိကမ္မနိမိတ်ပြုလျက် နီလကမ္မဋ္ဌာန်းကို စီးဖြန်းလေ၏။

ရဟန်းငယ်သည် ကမ္မဋ္ဌာန်းအာရုံ၌ အထုံကြီးထုံ အနှစ်ကြီးနှစ်၍ နေခဲ့ရာ ရေကန်သို့ ကလေးငယ်တစ်သိုက် လာရောက်ပြီး ရေဆင်းဆော့ကစားကြသည်ကိုပင် မကြားသိလိုက်ပါ။ နေဝန်းသည် အနောက်ဘက်သို့ အတော်စောင်းငဲ့သွားလေပြီ။ နေရောင်ခြည်ဒဏ်ကို ခံခဲ့ရသော ကြာညိုပန်းသည် တရိပ်ရိပ်ညှိုးနွမ်းလာကာ အနိစ္စသဘောကို ညွှန်ပြနေ၏။

ရဟန်းငယ်သည် သမာဓိရင့်ကျက်လာပြီဖြစ်၍ မူလသမထအာရုံကို ဝိပဿနာအာရုံဘက်သို့ကူးပြောင်းကာ ရှုမှတ်လေ၏။ ဝိပဿနာဉာဏ်စဉ်များ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ကာ နေဝန်းမကွယ်မီတွင်ပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်စခန်းသို့ လှမ်းဝင်သွားလေ၏။

ကမ္မဋ္ဌာန်းစီးဖြန်းရာတွင် ကမ္မဋ္ဌာန်းနှင့်စရိုက် လိုက်ဖက်ညီရန် အရေးကြီးလှ၏။ လိုက်ဖက်ညီလျှင် မပင်ပန်းဘဲ ဆောလျင်စွာတရားထူးကို သိမြင်နိုင်၏။

ဗုဒ္ဓ၏ဉာဏ်တော်သည်သာ လူအမျိုးမျိုးတို့၏ ဝါသနာစရိုက်ကို အတိအကျ သိမြင်နိုင်ချေသည်တကား။

## ရှေးဘဝ၏တိုက်ရိုက်အထောက်အထားများ

လူများစွာတို့သည် ဇာတိဿရဉာဏ် သို့မဟုတ် ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရရှိကြသဖြင့် မိမိတို့၏ အတိတ်ဘဝများကို တိုက်ရိုက်မြင်သိနိုင်ကြသည်။ ဗုဒ္ဓမြတ်စွာသည် ထူးခြားလှသော ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုးဖြင့် မိမိအတိတ်ဘဝများကိုသာမက လူတစ်ဦးစီ၏ အတိတ်ဘဝများကိုပါ တိုက်ရိုက်မြင်သိတော်မူ၏။

ဇာတိဿရဉာဏ်ရရှိသောလူများကို 'လူဝင်စားများ' ဟု ခေါ်ဆိုကြသည်။ ဤပုဂ္ဂိုလ်တို့၏အကြောင်းကို အခန်း (၆) တွင် ရေးသားတင်ပြပါမည်။

ဇာတိဿရဉာဏ်နှင့် ပုဗ္ဗေနိဝါသဉာဏ်တို့ကို မရသော်လည်း အိပ်မွေ့ချနည်းပညာဖြင့် ရှေးဘဝကို သိမြင်ရသောလူအချို့လည်း ရှိပေသေး၏။ ဤနည်းသည် လူတိုင်းစမ်းသပ်နိုင်သောနည်းဖြစ်သည့်အတွက် အတော်ပင် ခေတ်စားလာ

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်၏။ အမေရိကန်ပြည်ထောင်စုတွင် လူစုလူဝေးများကို အိပ်မွေ့ချ၍ အတိတ်ဘဝကို ရှာဖွေကြသော သုတေသနများကိုပင် ပြုလုပ်နေကြလေပြီ။

နှစ်ဆယ်ရာစုအတွင်း အခြားထူးခြားသည့်အကြောင်းအရာတစ်ရပ်မှာ အမေရိကန်ပြည်ထောင်စုမှ အကြားအမြင်ရသူ **အက်ဂါကေစီ** [၁] ၏ စွမ်းဆောင်ချက်ဖြစ်၏။ သူသည် အိပ်မွေ့ကျနေစဉ် လူနာများစွာတို့၏ အတိတ်ဘဝများကိုလည်းကောင်း၊ လက်ရှိခံစားနေရသော ရောဂါအသီးသီးတို့၏ အကြောင်းဇာစ်မြစ်နှင့် ကုသရန်ဆေးနည်းတို့ကိုလည်းကောင်း အံ့သြဖွယ်ကောင်းအောင် ပြောဆိုနိုင်ခဲ့၏။

အိပ်မွေ့ချနည်းပညာဖြင့် အတိတ်ဘဝ၏အထောက်အထားကို ရှာဖွေခြင်းနှင့် အက်ဂါကေစီ၏ တွေ့ရှိချက်များကို လာမည့်အခန်း (၅) တွင် ရေးသားတင်ပြပါမည်။

## တစ်ခန်းရပ်ဝေဖန်သုံးသပ်ချက်

သတ္တလောက, သြကာသလောက, သင်္ခါရလောက တည်းဟူသော လောကသုံးပါးတွင် သက်ရှိသတ္တဝါများနှင့် သက်မဲ့အရာများကို ထိန်းချုပ်ကွပ်ကဲနေသော **နိယာမကြီး ငါးခု** ရှိပေ၏။

နိယာမဟူသည်မှာ သဘာဝတရားတို့၏ ဖြစ်မြဲသဘောကို ဆိုလို၏။

**(၁) ဥတုနိယာမ။** ။ ဥတုတို့၏ ဖြစ်မြဲသဘောကိုပြဆို၏။ ဥတုတစ်ပါးစီသည် အကြမ်းအားဖြင့် လေးလစီကြာ၏။ နွေပြီးလျှင် မိုး၊ မိုးပြီးလျှင် ဆောင်း၊ ဆောင်းပြီးလျှင် နွေဟူ၍ ဥတုသည် အချိန်မှန်စွာလည်ပတ်သွား၏။ နွေ–ဆောင်း–မိုးဟူ၍ ဥတုအစီအစဉ်ကို ပြောင်းလဲ၍မရပါ။

ထို့အပြင် နွေဥတု၌ ပူအိုက်၏။ မိုးဥတု၌ မိုးရွာ၏။ ဆောင်းဥတု၌ ချမ်းအေး၏။ နွေဥတု၌ပူအိုက်သည်ကို မပူအိုက်အောင်လုပ်၍မရ။ မိုးဥတု၌မိုးရွာသည်ကို မရွာရန်လုပ်၍မရ။ ဆောင်းဥတု၌ ချမ်းအေးသည်ကို မချမ်းအေးအောင်လုပ်၍မရ။

တစ်ဖန် ဥတုသည် အဇ္ဈတ္တခေါ် ကိုယ်တွင်းအပူအအေးနှင့် ဗဟိဒ္ဓခေါ် ကိုယ်ပြင်ပအပူအအေးဟူ၍ နှစ်မျိုးရှိ၏။ အပူအအေးဆိုသည်မှာ အပူစွမ်းအင်သဘောဖြစ်သည့်အတွက် အချို့သုတေသီတို့သည် ဥတုနိယာမကို **ရုပ်ပိုင်းဆိုင်ရာနိယာမများ** [၂] ဟု သတ်မှတ်ကြ၏။ ဤသို့သတ်မှတ်လျှင် ဥတုနိယာမတွင် စွမ်းအင်တည်မြဲမှုနိယာမ, ဒြပ်ထုဆွဲအားနိယာမ စသည့် သိပ္ပံနိယာမအားလုံး အကျုံးဝင်သွားလေတော့၏။

---

၁။ Edgar Cayce ၂။ Physical Laws

www.burmeseclassic.com

www.burmeseclassic.com



(၂) **ဗီဇနိယာမ။** ။ မျိုးရိုးနှင့်မျိုးစေ့တို့၏ ဖြစ်မြဲသဘောကို ပြဆို၏။

သရက်စေ့မှ သရက်ပင်ပေါက်၏။ မရန်းစေ့မှ မရန်းပင်ပေါက်၏။ ကြက်ဥမှ ကြက်ကလေးပေါက်၏။ ငါးဥမှ ငါးကလေးပေါက်၏။ လူ၏သန္ဓေဥမှ လူကလေး ပေါက်ဖွား၏။

တစ်ဖန် အောင်ဒင်သရက်စေ့မှ အောင်ဒင်မျိုးသရက်ပင်ပေါက်ပြီး အောင်ဒင်မျိုး သရက်သီး သီး၏။ ရင်ကွဲသရက်စေ့မှ ရင်ကွဲမျိုးသရက်ပင်ပေါက်ပြီး ရင်ကွဲသရက်သီး သီး၏။ ရင်ကွဲသရက်ပင်မှ အောင်ဒင်သရက်သီး သီးအောင်ပြုလုပ်၍ မရချေ။

ထို့အတူ မိဘနှစ်ပါးတို့က ဆံပင်နှင့်မျက်စိများနက်လျှင် သားသမီးများကလည်း ဆံပင်နှင့်မျက်စိများနက်ကြ၏။ အင်္ဂလိပ်နှင့်အမေရိကန်တို့ကလေးများမှာ သူတို့မိဘများနည်းတူ ရွှေရောင်ဆံပင်ရှိပြီး မျက်စိများ ပြာကြ၏။

အပင်တို့၏မျိုးစေ့များနှင့် သတ္တဝါတို့၏သန္ဓေဖောက်ပြီး မျိုးဥများတွင် **ဂျင်း**[၁] (ဗီဇ) ခေါ် **ဒီအင်အေ**[၂] နှင့် **အာရ်အင်အေ**[၃] မော်လီကျူးများ ရှိကြ၏။ ဤမော်လီကျူးများသည် အပင်၏ပုံသဏ္ဌာန်နှင့် အပွင့်အသီးတို့၏အရည်အသွေးများကိုလည်းကောင်း၊ သတ္တဝါတို့၏အဆင်းအင်္ဂါနှင့် အရည်အသွေးများကိုလည်းကောင်း ကွပ်ကဲပေးကြ၏။

မိခင်၏အိုဗမ်နှင့် ဖခင်၏စပမ်းတို့ ပေါင်းစပ်ထားသော လူ၏သန္ဓေဥတွင် မိခင်၏ဗီဇများပါသော **ခရိုမိုဆုမ်း**[၄] ၂၃ ခုနှင့် ဖခင်၏ဗီဇများပါသည့် ခရိုမိုဆုမ်း ၂၃ ခု ပေါင်းစပ်ပါဝင်ကြ၏။ ဤအကြောင်းကြောင့် ကလေးငယ်တွင် မိခင်၏ရုပ်အသွင်အပြင်နှင့် ဖခင်၏ရုပ်အသွင်အပြင်နှစ်မျိုးလုံးပါရှိသည်ကို အများအားဖြင့် ထင်ရှားစွာတွေ့မြင်ကြရ၏။

ဗီဇနိယာမကိုလည်း အချို့သုတေသီများက **ဇီဝနိယာမများ**[၅] ဟူ၍ အကျယ်ချဲ့ကာ သတ်မှတ်ကြ၏။

(၃) **စိတ္တနိယာမ**[၆]**။** ။ စိတ်တို့၏ဖြစ်မြဲသဘောကို ပြဆို၏။

စိတ်ကို ဘဝင်စိတ်နှင့် ဝိထိစိတ်ဟူ၍ နှစ်မျိုးခွဲနိုင်၏။ ပဋိသန္ဓေစိတ်ဖြစ်ပြီးသည့်နောက် ဘဝင်စိတ်သည် ရေစီးကြောင်းကဲ့သို့ မခြားမလပ်အောင် တစ်လုံးပြီးတစ်လုံး တရစပ်ဖြစ်နေ၏။

ဘဝတစ်ခု၏ အစဦးဆုံးစိတ်ကို ပဋိသန္ဓေစိတ်ဟုခေါ်ပြီး နောက်ဆုံးစိတ်ကို စုတိစိတ်ဟုခေါ်၏။ ပဋိသန္ဓေစိတ်မှသည် စုတိစိတ်တိုင်အောင် ဘဝင်စိတ်

---

၁။ Gene
၂။ D N A
၃။ R N A
၄။ Chromosome
၅။ Biological Laws
၆။ Psychological Laws

www.burmeseclassic.com

www.burmeseclassic.com



သည် အဆက်မပြတ်ဖြစ်ပေါ်နေ၏။ ဤသို့ဘဝင်စိတ်ဖြစ်နေခြင်းသည် အသက်ရှင်နေခြင်း၏ အင်္ဂါတစ်ရပ်ဖြစ်၏။

ဘဝင်စိတ်၏ အာရုံသည် အလွန်သိမ်မွေ့သည့်အတွက် ကျွန်ုပ်တို့မသိနိုင်ချေ။ ဤအကြောင်းကြောင့် ဘဝင်စိတ်ကို **မသိစိတ်** ဟု ခေါ်ကြ၏။

ဘဝင်စိတ်သည် အဆက်မပြတ်ဖြစ်နေစဉ် အဆင်းဟူသောရူပါရုံနှင့် မျက်စိအကြည်ဓာတ်တို့ ထိတိုက်မိသည့်အခါ မြင်သိစိတ်ဖြစ်၍လာ၏။ ထို့အတူ အသံဟူသည့်သဒ္ဒါရုံနှင့် နားအကြည်ဓာတ်တို့ထိတိုက်မိသောအခါ ကြားသိစိတ် ဖြစ်ပေါ်လာ၏။ အနံ့ဟူသည့်ဂန္ဓာရုံနှင့် နှာအကြည်ဓာတ်တို့ထိတိုက်မိသောအခါ နံသိစိတ်ဖြစ်ပေါ်လာ၏။ အရသာဟူသည့်ရသာရုံနှင့် လျှာအကြည်ဓာတ်တို့ ထိတိုက်မိသောအခါ စားသိစိတ်ဖြစ်ပေါ်လာ၏။ အထိအတွေ့ဟူသည့် ဖောဋ္ဌဗ္ဗာရုံနှင့် ကိုယ်အကြည်ဓာတ်တို့ ထိတိုက်မိသောအခါ ထိသိစိတ်ဖြစ်ပေါ်လာ၏။ စိတ်ကူးအာရုံ (ဝါ) ဓမ္မာရုံနှင့် မနောဒွါရတို့ ထိတိုက်မိသည့်အခါ ကြံသိစိတ် ဖြစ်ပေါ်လာ၏။

ဤ **သိစိတ်** [၁] များကို ဝီထိစိတ်ဟု ခေါ်၏။

ဘဝင်စိတ်အစဉ်နှင့် ဝီထိစိတ်အစဉ်တို့သည် ဖြစ်မြဲသဘောအတိုင်း ဖြစ်နေကြ၏။ ထိုသို့ဖြစ်ပေါ်ရန် မည်သည့်တန်ခိုးရှင်ကမျှ ဖန်တီးထားသည်မဟုတ်။ ထိုသို့မဖြစ်ရန်လည်း မည်သည့်တန်ခိုးရှင်ကမျှ တားဆီး၍မရ။

အဆင်းနှင့် မျက်စိအကြည်ဓာတ်တို့ ထိတိုက်လျှင် မြင်သိစိတ်သာဖြစ်၍ ကြားသိစိတ်မဖြစ်။ အသံနှင့် နားအကြည်ဓာတ်တို့ ထိတိုက်လျှင် ကြားသိစိတ်သာ ဖြစ်၏၊ မြင်သိစိတ်မဖြစ်။ သို့အတွက် အဆင်းကို မျက်စိဖြင့်သာမြင်နိုင်၏၊ နားဖြင့်မမြင်နိုင်။ အသံကို နားဖြင့်သာကြားနိုင်၏၊ မျက်စိဖြင့် မကြားနိုင်။

ထို့အပြင် စိတ်တို့သည် လျှပ်တစ်ပြက်အတွင်း၌ ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားကြရာ ရုပ်ဖြစ်စဉ်ထက် ၁၇–ဆ ပိုမြန်၏။ ထိုသို့လျှင်မြန်စွာဖြစ်ပြီး ချုပ်ပျက်သွားကြသော်လည်း မိမိတို့၏သတ္တိများကို နောက်နောက်သောစိတ်များသို့ ၂၄–ပစ္စည်းသော ပဋ္ဌာန်းသတ္တိဖြင့် လက်ဆင့်ကမ်းသွားကြ၏။

ရုပ်၏ဆန်းကြယ်မှုကို ကျွန်ုပ်တို့မြင်တွေ့နိုင်၏၊ စိတ်၏ဆန်းကြယ်မှုကို ကျွန်ုပ်တို့မမြင်တွေ့နိုင်။ စိတ်သည် ရုပ်ကိုလွှမ်းမိုးနိုင်သောအစွမ်းသတ္တိရှိပေရာ စိတ်၏ဆန်းကြယ်မှုများသည် ရုပ်၏ဆန်းကြယ်မှုများထက် အဆရာထောင်မက သာလွန်သည်သာဖြစ်၏။

---

၁။ Conscious mind

www.burmeseclassic.com

www.burmeseclassic.com



စိတ်၏အစွမ်းသတ္တိများကို ဗုဒ္ဓ၏ဉာဏ်တော်ဖြင့်သာမြင်သိနိုင်ရာ ထိုအစွမ်းသတ္တိများကို အဘိဓမ္မာဒေသနာတော်၌ မကျဉ်းမကျယ် ရှင်းလင်းဖော်ပြထားပေ၏။ ထိုမကျဉ်းမကျယ်ရှင်းပြထားသည်ကိုပင် ယခုခေတ်လူသားတို့ လိပ်ပတ်လည်အောင်သိမြင်နိုင်ရန် မလွယ်ကူချေ။

*စိတ္တေန နီယတိ လောကော၊*
*စိတ်သည် လောကကြီးကို ဦးဆောင်၍နေ၏။*

*စိတ္တေနပရိကဿတိ။ စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝဝသမန္ဒဂူ။*
*စိတ်သည် လောကကြီးကို ဆွဲငင်၍နေ၏။ လောကကြီးသည် တစ်ခုတည်းသောတရားဖြစ်သည့် စိတ်၏အလိုသို့ လိုက်ပါနေရ၏။*

*စိတ်သည်လောကသုံးပါးကို ဦးဆောင်သူ, စီမံပြုပြင်သူ, ဖန်တီးသူ အစစ်ဖြစ်ပေ၏။ စိတ်၏အစွမ်းသတ္တိများကို မသိနားမလည်ကြသော လူသားတို့သည် တကယ်မရှိသော ကောင်းကင်၌ မမြင်မသိနိုင်သော ဖန်တီးရှင်ကြီးများရှိသည်ဟု ထင်မှတ်ခဲ့ကြ၏။ တကယ်ဖန်တီးရှင်အစစ်မှာ နှလုံးသားထဲ၌ပင် ရှိနေ၏။*

သိပ္ပံပညာရှင်များသည် စိတ်ကို မစမ်းသပ်နိုင် မမြင်သိနိုင်ကြသည်ဖြစ်၍ စိတ်၏လွှမ်းမိုးရာ လှုပ်ရှားရာ ထိန်းကျောင်းရာဖြစ်သည့် ဦးနှောက်ကို စိတ်ဟု ထင်မှတ်ကြ၏။

ဦးနှောက်သည် ပဋိသန္ဓေနေစဉ်အတွင်း ဒြပ်သားအသစ် ဆဲလ်အသစ်များဖြင့် တည်ဆောက်ခဲ့ရသည်ဖြစ်ရာ အသစ်စက်စက်ဖြစ်နေသော ဦးနှောက်၌ မည်သည့်အမှတ်သညာများမှ မရှိနိုင်။ မွေးဖွားပြီးသည့်နောက် ပတ်ဝန်းကျင်နှင့် ထိတွေ့လာသောအခါမှ ဦးနှောက်၌ အမှတ်သညာများ ဖြစ်ပေါ်လာကြသည်ဟု သိပ္ပံပညာရှင်တို့ အဆိုပြုကြ၏။

၁၈-ရာစုနှစ်အတွင်းက ထင်ပေါ်ကျော်ကြားခဲ့သော အင်္ဂလိပ်တွေးခေါ်ရှင်ကြီး **ဂျွန်လော့**[၁] က ဤသို့တင်ပြခဲ့၏။

"မွေးဖွားတဲ့အချိန်မှာ စိတ်ဟာဘာမှရေးမှတ်ထားခြင်းမရှိတဲ့ဗလာစာရွက်, ဗလာကျောက်သင်ပုန်းနဲ့ တူတယ်၊ အာရုံအတွေ့အကြုံများက အဲဒီဗလာစိတ်ပေါ်

---

၁။ John Lock (1632-1704)

www.burmeseclassic.com

www.burmeseclassic.com



မှာ နည်းမျိုးတစ်ထောင် တစ်သောင်းနဲ့ ရေးသားကြတယ်၊ **အာရုံသိမှု** [၁] ကနေ **မှတ်ဉာဏ်** [၂]၊ မှတ်ဉာဏ်ကနေ **စိတ်ကူးထည်** [၃] တွေ ဖြစ်ပေါ်လာတယ်။

"အကောင်းအထည်ရှိတဲ့ ရုပ်ဝတ္ထုများကသာ ကျွန်ုပ်တို့၏ အာရုံသိမှုကို ဖြစ်ပေါ်စေတဲ့အတွက် ကျွန်ုပ်တို့ဟာ ရုပ်ဝတ္ထုများအကြောင်းကိုပဲ သိနိုင်တယ်၊ ဒါကြောင့် ကျွန်ုပ်တို့ရဲ့ လောကဒဿနဟာ ရုပ်ဝတ္ထုအပေါ်အခြေခံတဲ့ ရုပ်ဝါဒသာ ဖြစ်ရမယ်၊ အာရုံသိမှုများက **စိတ်ကူး** [၄] ကို တည်ဆောက်ပေးကြသလို **ဒြပ်** [၅] ဟာလဲ စိတ်ကိုတည်ဆောက်ပေးတဲ့ပစ္စည်း ဖြစ်ရမယ်"

လူတိုင်း မြော်မြင်နိုင်သည့် အချက်အလက်များကို ယုတ္တိဗေဒနည်းကျကျဖြင့် ခန့်ခန့်ထည်ထည်တင်ပြထိုက်သော ဂျွန်လော့၏ အယူအဆသည် မှန်ကန်သည်ဟု ထင်စရာမဖြစ်ပါသလော။ သူ၏ ဒဿနကိုလက်ခံကြသော **ဖီလိုဆိုဖာ** [၆] ခေါ် တွေးခေါ်ပညာရှင်များနှင့် ရုပ်ဝါဒီများသည် ခေတ်အဆက်ဆက် ထပ်မံပေါ်ပေါက်ခဲ့ပြီး ထင်ပေါ်ကျော်ကြားခဲ့ကြသည်မှာ မဆန်းလှပါ။

အကြောင်းရင်းကို ဆန်းစစ်လိုက်လျှင် စိတ်၏ သဘောအမှန်ကို သာမန်လူသားများ မသိရှိကြသလို ထိုတွေးခေါ်ရှင်ကြီးများကလည်း မသိရှိခဲ့ကြောင်းကို မြင်တွေ့ရမည်ဖြစ်၏။

လောက၏ ဖန်တီးရှင်ကြီးဖြစ်သည့် စိတ်ကို ဘေးဖယ်ထားလျက် သိပ္ပံအမြင်၊ ရုပ်ဝါဒအမြင်သက်သက်ဖြင့် လောကပြဿနာများကို ဖြေရှင်းရန် ကြိုးစားလျှင် ရှင်းရင်းရှင်းရင်းနှင့် ရှုပ်သထက်ရှုပ်ထွေးလာကာ နောက်ဆုံးတွင် မဖြေရှင်းနိုင်တော့ဘဲ လက်မှိုင်ချရမည်ဖြစ်၏။

**(၄) ကမ္မနိယာမ။** ။ 'ကောင်းမှုကံသည် ကောင်းသောအကျိုးကို ပေး၍ မကောင်းမှုကံသည် မကောင်းသောအကျိုးကိုပေး၏' ဟူသောအချက်သည် ဖြစ်မြဲ သဘောတစ်ခုဖြစ်၍ ကမ္မနိယာမဟုအမည်တွင်၏။

ကံဆိုသည်မှာ အဘယ်နည်း။

သာမန်အားဖြင့် ကံသည် စိတ်၏ စွမ်းရည်တစ်ရပ်ဟု ဆိုနိုင်ပါ၏။ သို့သော် တိတိကျကျဆိုရလျှင် ကံသည် စိတ်စွမ်းအင်နှင့်တကွ စိတ်ကိုမှီတွယ်၍ စိတ်ကို ခြယ်လှယ်နေကြသောစေတသိက်များ၏ စွမ်းရည်အစုအဝေးဟု ဆိုရပေလိမ့်မည်။

စိတ်သည် အခြေခံအားဖြင့် အာရုံကိုသိခြင်းသဘောအမှုသာဖြစ်၏။ ကောင်းသောအာရုံနှင့် ဆုံတွေ့သောအခါ လိုချင်တပ်မက်မှုဖြစ်လာအောင် လောဘက

---

| | | |
|---|---|---|
| ၁။ sensation | ၃။ Idea | ၅။ matter |
| ၂။ memory | ၄။ thought | ၆။ philosopher |

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုခြယ်လှယ်ပေး၏။ မကောင်းသောအာရုံနှင့်ကြုံတွေ့သောအခါ မကျေနပ်အောင် စိတ်ဆိုးအောင် ဒေါသကခြယ်လှယ်၏။

ထိုသို့ လောဘစိတ်၊ ဒေါသစိတ်တို့ အလွယ်တကူဖြစ်ပေါ်လာအောင် စိတ်ကိုခြယ်လှယ်နေသူမှာ မောဟစေတသိက်ဖြစ်၏။ မောဟသည် အမှားနှင့်အမှန်ကို မခွဲခြားတတ်အောင် စိတ်ကိုအမှောင်ချထားတတ်သော အဝိဇ္ဇာတန်ခိုးရှင်ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟတို့သည် စိတ်ကိုမကောင်းသည့်ဘက်သို့ တိမ်းညွတ်သွားအောင် ဦးဆောင်၍ဆွဲငင်ခြယ်လှယ်သကဲ့သို့ အလောဘ (မလိုချင်၊ မတပ်မက်မှု)၊ အဒေါသ (မေတ္တာ)၊ အမောဟ (ပညာ) တို့က စိတ်ကိုကောင်းသည့်ဘက်သို့တိမ်းညွတ်အောင် ဦးဆောင်၍ ဆွဲငင်ခြယ်လှယ်ကြ၏။

**'မီးများမီးနိုင်–ရေများရေနိုင်'** ဆိုဘိသကဲ့သို့ အင်အားပိုကြီးသော ဆွဲငင်ရာဘက်သို့ စိတ်သည်တိမ်းစောင်းသွား၏။ မည်သည့်ဘက်သို့ စိတ်တိမ်းစောင်းသွားသည်ဖြစ်စေ စိတ်က ဦးတည်လိုက်သောကိစ္စရပ်တစ်ခုကို ပြီးစီးအောင်မြင်အောင် စေ့ဆော်တတ်၊ စီမံတတ်၊ ဖန်တီးတတ်သည့် စေတသိက်မှာ စေတနာဖြစ်၏။

ကုသိုလ်ရေးကိစ္စတစ်ခုကို ဆောင်ရွက်သောအခါ **စေတနာ** သည် စိတ်နှင့်စေတသိက်အပေါင်းတို့အား မိမိတို့၏ဆိုင်ရာတာဝန်များတွင် လစ်ဟင်းမှုမရှိစေဘဲ ညီညီညွတ်ညွတ်ဆောင်ရွက်ကြရန် ကြောင့်ကြစိုက်ကာ စေ့ဆော်တိုက်တွန်းပေး၏၊ စီမံပေး၏။ သို့အတွက် ထိုကုသိုလ်ကောင်းမှုဖြစ်မြောက်ရေးတွင် ပင်တိုင်တာဝန်ခံမှာ မည်သူနည်းဟုမေးလာလျှင် 'စေတနာ' ကို လက်ညှိုးထိုးပြရမည်ဖြစ်၏။ ဤစေတနာကား ကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာဖြစ်၏။ သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ညာခြင်း စသော မကောင်းမှုဒုစရိုက်တစ်ခုကို ဆောင်ရွက်သောအခါ၌လည်း စေတနာသည်ပင် စိတ်နှင့်စေတသိက်အပေါင်းတို့ကို အားတက်သရောဆောင်ရွက်ကြရန် ကြောင့်ကြစိုက်ကာ စေ့ဆော်စီမံပြန်၏။ ထို့ကြောင့် စေတနာသည်ပင် တာဝန်ခံ (ဝါ) တရားခံဖြစ်၏။ ဤစေတနာကား မကောင်းမှုကိုပြုလုပ်သည့် အကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာဖြစ်၏။

ဤအကြောင်းကြောင့် မြတ်ဗုဒ္ဓက ဤသို့မိန့်ကြားတော်မူခဲ့၏။

**စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ။**
**"ချစ်သားတို့စေတနာကို ကံဟု ငါဘုရားသတ်မှတ်တယ်"**

စိတ်၏စွမ်းရည်များမှာ ထင်ရှားသဖြင့် နားလည်ရန်လွယ်ကူသေး၏။ ကံ၏စွမ်းရည်မှာ ပို၍လျှို့ဝှက်တိမ်မြုပ်သဖြင့် နားလည်ရန်ပိုခက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် စိတ်ရှိကြောင်းကို သံသယဖြစ်သူမရှိသော်လည်း ကံနှင့် ကံ၏ အကျိုးရှိကြောင်းကို သံသယဖြစ်သူ မြောက်မြားစွာပင်ရှိကြ၏။

ကံ၏အကျိုးသည်အလွန်ဆန်းကြယ်သဖြင့် ကံအကျိုးပေးပုံကို သိပ္ပံနိယာမ များနှင့် ရှင်းပြ၍မရချေ။ ရွေ့လျားမှုဆိုင်ရာ နယူတန်၏ တတိယနိယာမကား **'သက်ရောက်မှုတိုင်းတွင် ညီမျှသော တန်ပြန်သက်ရောက်မှုရှိသည်'** ဟုဆို၏။ အဓိပ္ပာယ်မှာ လှေတစ်စင်းပေါ်မှ လူတစ်ယောက်က အခြားလှေတစ်စင်းကို ပေါင် ၅၀ အားဖြင့်ဆွဲလိုက်လျှင် ထိုလှေကလည်း ထိုလူအား ပေါင် ၅၀ အားဖြင့်ပြန်ဆွဲ လိမ့်မည်။ ယင်းအကြောင်းကြောင့် လှေနှစ်စင်းလုံးရွေ့လျားကာ တစ်စင်းနှင့် တစ်စင်း ပူးကပ်သွားကြလိမ့်မည်။

နံရံကို လက်ဝါးဖြင့်ရိုက်လိုက်လျှင် နံရံကလည်း တူညီသောအားဖြင့် လက် ဝါးကို ပြန်ရိုက်လိုက်သည့်အတွက် လက်ဝါးနာကျင်သွားလိမ့်မည်။ ပြင်းပြင်း ထန်ထန်ရိုက်လျှင် ပြင်းပြင်းထန်ထန် ပြန်အရိုက်ခံရမည်ဖြစ်၍ လက်ဝါးပိုနာကျင် မည် ဖြစ်သည်။

တက္ကသိုလ်ပါမောက္ခတစ်ဦးက တပည့်များအား ကံ၏အကျိုးတရားကို ရှင်း ပြလိုသဖြင့် သံုးထပ်သားသင်ပုန်းကြီးကို လက်သီးဖြင့်တအားထိုးလိုက်၏။ သုံး ထပ်သား သင်ပုန်းက ပေါက်သွားသဖြင့် ပါမောက္ခ၏ လက်သီး၌ သွေးများစို့ထွက် လာကြ၏။ ထိုလက်ကို ထောင်ပြလျက်...

"အဲဒါ ကံရဲ့အကျိုးတရားပဲကွ" ဟု ပါမောက္ခက မှတ်ချက်ချလိုက်၏။ လောကတွင် သူစိမ်းတစ်ဦးအား မိမိက ရန်ငြိုးဖွဲ့လျှင် ထိုလူကလည်း ရန်ငြိုးပြန် ဖွဲ့ပြီး မိမိက မေတ္တာထားလျှင် ထိုလူကလည်း မေတ္တာတုံ့ပြန်ခြင်းတို့မှာ အလွန် ထင်ရှားသောဖြစ်ရပ်များ ဖြစ်ကြ၏။

ကံ (ဝါ) ကမ္မဆိုသည်မှာ 'အလုပ်'ဟု အဓိပ္ပာယ်ရ၏။ အလုပ်တစ်ခု၏ အကျိုးကို လက်ငင်းခံစားရသည်လည်းရှိ၏၊ ကာလကြာညောင်းမှခံစားရသည် လည်း ရှိ၏။ လူတစ်ယောက်အား မိမိက စေတနာကောင်းဖြင့် ကူညီလိုက်သော အခါ ထိုလူက ချက်ချင်းပြန်၍ ကျေးဇူးတုံ့ပြန်သည်လည်းရှိ၏၊ လုံးဝ ကျေးဇူး မတုံ့ပြန်ဘဲ နေသူများလည်း ရှိ၏။

မည်သို့ပင်ဖြစ်စေ သူတစ်ပါးအား ကူညီလိုက်ရသော ကောင်းသောအလုပ် 'ကံ'ကိုပြန်လည်တွေးမိတိုင်း ထိုကံကိုပြုလုပ်ခဲ့သောသူတွင် ဝမ်းမြောက်ခြင်းပီတိ နှင့် ချမ်းသာခြင်းသုခတို့ ဖြစ်ပေါ်နေပေလိမ့်မည်။ တွေးမိတိုင်းလည်း ကောင်း သော စေတနာတို့ ထပ်ကာထပ်ကာဖြစ်ပေါ်နေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကား တိုးသောအသံကို ကျယ်သောအသံဖြစ်အောင်၊ သေးငယ်သော လျှပ်စီးကြောင်းကို ကြီးမားသောလျှပ်စီးကြောင်းဖြစ်အောင် **အမ်ပလီဖိုင်ယာ** ဖြင့် ချဲ့ထွင်သကဲ့သို့ ကုသိုလ်ကံကို တိုးပွားအောင်ချဲ့ထွင်သောနည်းပေတည်း။

ကံ၏သတ္တိကို မျိုးစေ့၏သတ္တိနှင့်လည်း နှိုင်းယှဉ်နိုင်၏။ အလွန်သေးငယ်သော ညောင်စေ့မှ အလွန်ကြီးမားသောညောင်ပင်ဖြစ်လာနိုင်သကဲ့သို့ အလွန်သေးငယ်သောကုသိုလ်ကံတစ်ခုမှ ညောင်ပင်ထက်ကြီးမားသော အကျိုးကျေးဇူးကို ရရှိနိုင်၏။

ရင့်မှည့်သော မျိုးစေ့တစ်ခုကို မြေတွင်ချ၍ ရေလောင်းပေးလျှင် အပင်ပေါက်လာနိုင်၏။ ယခု မစိုက်ပျိုးသေးဘဲ တစ်နှစ်ကြာ ထားပြီးမှ စိုက်ပျိုးလျှင်လည်း အပင်ပေါက်လာမည်သာဖြစ်၏။ အချို့မျိုးစေ့များသည် နှစ် ၃၀၀၀ ကြာအောင် မြေရေတို့နှင့် မထိတွေ့ရ၍ အပင်ပေါက်ခွင့်မရခဲ့သော်လည်း စိုက်ပျိုးလိုက်သည့် အခါ အပင်ပေါက်လာသည်ကို သုတေသီတို့တွေ့ရှိခဲ့ကြ၏။

သို့အတွက် ကောင်းမှုတစ်ခုကိုပြုလုပ်သဖြင့် ကောင်းသောကံမျိုးစေ့တစ်ခု ကိုရရှိထားသူသည် ကာလမည်မျှကြာညောင်းသည်ဖြစ်စေ အခြေအနေပေးသည့် အခါ၌ ထိုကံမျိုးစေ့မှ အကျိုးတရားအပင်ပေါက်လာမည်သာဖြစ်၏။

ကံမျိုးစေ့တည်းဟူသော စေတနာ၏အစွမ်းသတ္တိသည် စိတ်အစဉ်တွင် ပဋ္ဌာန်းသတ္တိဖြင့် ဆင့်ကဲဆင့်ကဲပါရှိသွားသည်ဖြစ်ရာ ထိုကံပြုလုပ်သူနှင့်အတူ ဘဝကူးရာပါရှိသွားနိုင်ကြောင်းကို သဘောကျနိုင်ပါလိမ့်မည်။

သတ္တဝါတိုင်းသည် ဘဝပေါင်းမရေမတွက်နိုင်အောင် ကျင်လည်ခဲ့ပြီးဖြစ်ရာ ပြုလုပ်ခဲ့သောကောင်းမှုကံများနှင့် မကောင်းမှုကံများ၏ အရေအတွက်များသည်လည်း မရေမတွက်နိုင်အောင်ရှိနေကြမည်သာတည်း။ ဤသို့မရေမတွက်နိုင်အောင် မြားမြောင်လှသောကံများအနက်မှ မည်သည့်အချိန်တွင် မည်သည့်ကံက မည်သို့အကျိုးပေးမည်ကို အကြီးဆုံးကွန်ပျူတာကြီးများဖြင့်ပင် ဆန်းစစ်ဆုံးဖြတ်၍ ရနိုင်မည်မဟုတ်ချေ။

ဤကမ္ဘာတွင် လက်ရှိလူသန်းပေါင်း ၆၀၀၀ ကျော်တို့သည်လည်းကောင်း၊ သေလွန်သွားကြပြီးသည့် ကုဋေပေါင်းများစွာသောလူတို့သည်လည်းကောင်း တစ်ဦးလျှင် တစ်မူခြားလျက် ကံကြမ္မာအမျိုးမျိုးနှင့် ရင်ဆိုင်တိုးခဲ့ကြရခြင်းမှာ အနန္တတန်ခိုးရှင်တစ်ဦးတစ်ယောက်က စီမံဖန်တီးလိုက်ခြင်းမဟုတ်ဘဲ လူတစ်ဦးစီ၏ ပြုသည့်ဆည်းခဲ့သော ကံများ၏ စီမံဖန်တီးချက်သာဖြစ်ကြောင်းကို ယုံကြည်ထိုက်ပေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



**(၅) ဓမ္မနိယာမ။** ။ ဓမ္မတို့၏ဖြစ်မြဲသဘောကို ပြဆို၏။

ဥတုတို့သည် ဥတုနိယာမအရ ဖြစ်မြဲသဘောအတိုင်းဖြစ်နေကြ၏။ ဗီဇနိယာမ, စိတ္တနိယာမနှင့် ကမ္မနိယာမတို့သည်လည်း ဖြစ်မြဲသဘောအတိုင်းဖြစ်နေကြ၏။ ယင်းသို့ဖြစ်မြဲသဘောအတိုင်းဖြစ်နေကြသည်ကို ဓမ္မနိယာမဟု ခေါ်ဆိုအပ်၏။

တစ်ဖန် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့ဖြင့် ပြုပြင်စီရင်နိုင်သော သဘောတရားများကို **သင်္ခတဓမ္မ** ဟုခေါ်၏။ ထိုအကြောင်းတရားလေးပါးတို့ မပြုပြင်, မစီမံနိုင်သောသဘောတရားကို **အသင်္ခတဓမ္မ** ဟုခေါ်၏။

စိတ်, စေတသိက်နှင့် ရုပ်တို့သည် သင်္ခတဓမ္မများဖြစ်ကြပြီးလျှင် နိဗ္ဗာန်သည် အသင်္ခတဓမ္မဖြစ်၏။

စိတ်တို့သည် စိတ္တနိယာမနှင့်အညီ တစ်လုံးပြီးတစ်လုံး ဖြစ်သင့်သောအစီအစဉ်အတိုင်း ဖြစ်ပျက်သွားကြ၏။ စေတသိက်တို့သည် စိတ်နှင့်ယှဉ်တွဲလျက် စိတ်နှင့်အတူသာလျှင် ဖြစ်ပျက်သွားကြ၏။ စေတသိက်များတွင် အကျုံးဝင်သော စေတနာခေါ် ကံတို့သည်လည်း ကမ္မနိယာမနှင့်အညီ ဖြစ်ပျက်သွားကြ၏။

စိတ်နှင့်စေတသိက်တို့သည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားကြ၏။ ရုပ်တို့မှာ တစ်စက္ကန့်လျှင် ကုဋေ ၅၈၀၀–ကျော် ဖြစ်ပျက်သွားကြ၏။ ထို့ကြောင့် လောကဌ်ရှိသော(ဝါ)လောကကို ဖွဲ့စည်းထားသော သင်္ခတဓမ္မဟုဆိုအပ်သော စိတ်, စေတသိက်, ရုပ်တို့သည် မတည်မြဲကြဘဲ အလွန်လျင်မြန်စွာသာလျှင် ဖြစ်ပျက်နေကြ၏။ စိတ်နှင့်စေတသိက်တို့ကို ပေါင်းစုပြီး နာမ်ဟုခေါ်ကြ၏။

*ခဏ္ဍခဏလေးလောက်မျှ မတည်မြဲဘဲ တစ်ရှိမစဲဖြစ်ပျက်နေသောသဘောသည် **အနိစ္စ** သဘောဖြစ်၏။ ထို့ကြောင့် ရုပ်နှင့်နာမ်တို့သည် အနိစ္စဓမ္မများ ဖြစ်ကြ၏။*

ထိုရုပ်နာမ်တို့၏ဖြစ်ပျက်မှုအစဉ်သည် နိယာမကြီးများ၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်မြဲသဘောအတိုင်း ဖြစ်ပျက်နေကြလေရာ မည်သည့်တန်ခိုးရှင်မျှ ကြားဝင်ပြီးပြုပြင်ပြောင်းလဲ၍မရ၊ ကာယကံရှင်၏ အလိုဆန္ဒကိုလည်း မလိုက်နာချေ။

*ဖြစ်နေသည့်သဘောကို မဖြစ်အောင်တားဆီး၍လည်း မရ၊ ပျက်စီးနေသည့်သဘောကို မပျက်စီးအောင်လည်း ဟန့်တား၍မရ။ ဤသို့*

www.burmeseclassic.com

www.burmeseclassic.com



*ပြုပြင်၍မရသော ကိုယ်ပိုင်မဟုတ်သည့်သဘောကို* ***အနတ္တ*** *ဟု ခေါ်၏။ သို့အတွက် ရုပ်နှင့်နာမ်တို့သည် အနတ္တဓမ္မများဖြစ်ကြ၏။*

*တစ်ဖန် တည်မြဲမှုမရှိဘဲ တစ်ပျက်တည်းပျက်နေသော မိမိအလိုလည်းမလိုက်သော သင်္ခတတရားတို့သည် သုခချမ်းသာခြင်းကို မဖြစ်စေနိုင်၊* ***ဒုက္ခ*** *ဆင်းရဲခြင်းကိုသာ ဖြစ်စေနိုင်၏၊* ***အသုဘ*** *မတင့်တယ်သော တရားများသာ ဖြစ်ကြ၏။ ထို့ကြောင့် ရုပ်နာမ်တို့သည် ဒုက္ခတရားများသာ ဖြစ်ကြ၏၊ အသုဘတရားများသာ ဖြစ်ကြ၏။*

## သဗ္ဗေသင်္ခါရာ အနိစ္စာ

*အလုံးစုံသော သင်္ခါရတရားတို့သည် အနိစ္စသဘောရှိကြကုန်၏။ တစ်နည်းဆိုမူ အစဉ်မပြတ်ပြုပြင်ပြောင်းလဲအပ်သောရုပ်နာမ်တို့သည် မမြဲခြင်းသဘောရှိကြ၏။*

## သဗ္ဗေသင်္ခါရာ ဒုက္ခာ

*အလုံးစုံသောသင်္ခါရတရားတို့သည် ဒုက္ခသဘောရှိကြ၏။*

## သဗ္ဗေဓမ္မာ အနတ္တာ

*စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟုဆိုအပ်သောအလုံးစုံသော ပရမတ်တရားအပေါင်းတို့သည် အနတ္တသဘောရှိကြ၏။*

ဤတရားသဘောများကား လောကအလုံးစုံကို သိမ်းကျုံး၍ သဗ္ဗညုတဉာဏ်တော်ဖြင့် ခွဲခြမ်းစိစစ်ကာ အနှစ်ထုတ်ထားသောသဘောတရားများ ဖြစ်ကြ၏၊ လောက၏အမှန်တရားများလည်း ဖြစ်ကြ၏။

ဤအမှန်တရားများကို အမှန်အတိုင်းမြင်နိုင်ကြသောပုဂ္ဂိုလ်များသည် ရုပ်နာမ်တည်းဟူသော အနတ္တဓမ္မများကို အတ္တဓမ္မအထင်ဖြင့် ကြိုးပမ်းပြုပြင်ပေးနေကြသော ဆင်းရဲဒုက္ခအပေါင်း၌ ငြီးငွေ့ခြင်းဖြစ်၏။ ထိုသို့ငြီးငွေ့ခြင်းသည် ကိလေသာအညစ်အကြေးများမှ သန့်ရှင်းစင်ကြယ်ခြင်း၏ အကြောင်းရင်း ဖြစ်ပေ၏။

*ဗုဒ္ဓ၏ တရားတော်များကား ကိလေသာများဇာတ်သိမ်း၍ဆင်းရဲချုပ်ငြိမ်းကာ အမြိုက်ချမ်းသာအစစ်ကို ပေးဆောင်နိုင်သော တရားတော်ပါပေတည်း။*

www.burmeseclassic.com

www.burmeseclassic.com



## လောကနှင့် ဘဝပြဿနာများကို ဖြေရှင်းရာဝယ်

လောကတစ်ခုလုံး၌ ဖြစ်ပျက်နေကြသော အကြောင်းအရာများကို သိနားလည်လိုလျှင်သော်လည်းကောင်း၊ ဘဝပြဿနာများ အရပ်ရပ်ကို မှန်ကန်ကျေနပ်စွာ ဖြေရှင်းလိုလျှင်သော်လည်းကောင်း အကျဉ်းမျှဖော်ပြပြီးသော နိယာမငါးပါးကို ကိုးကားအသုံးချရမည် ဖြစ်၏။

သိပ္ပံပညာရှင်များနှင့် အနောက်တိုင်းဒဿနပညာရှင်များသည် နိယာမငါးပါးအနက်မှ ပထမနှစ်ပါးဖြစ်သော ရုပ်ပိုင်းဆိုင်ရာနိယာမများနှင့် ဇီဝဗေဒဆိုင်ရာ နိယာမများလောက်ကိုသာ အသုံးပြုပြီး ဘဝပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြသဖြင့် အောင်မြင်မှုမရဘဲ **'အကြံကုန် ဂဠုန်ဆားချက်'** ရသည့် အခြေအနေသို့ ဆိုက်ရောက်နေကြပေ၏။

*စိတ္တနိယာမနှင့် ကမ္မနိယာမများကို သဘောပေါက်နားလည်မှသာလျှင် ဤလောကကြီး၌ သတ္တဝါအမျိုးမျိုး, ဘဝအထွေထွေ, ကံကြမ္မာအဖုံဖုံ, ပြဿနာအစုံစုံ ဖြစ်ပေါ်နေခြင်းကို ကျေနပ်စွာဖြေရှင်းပေးနိုင်မည်ဖြစ်၏။*

*နောက်ဆုံး ဓမ္မနိယာမကို နားလည်မှသာလျှင် ဘဝဒုက္ခများမှ လွတ်မြောက်၍ ဘဝငြိမ်းချမ်းရေးအစစ်သို့ ဦးတည်သော ဘဝလွတ်မြောက်ရေးလမ်းစဉ်အမှန်ကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သတည်း။*

[နိယာမငါးပါးအကြောင်းကို ပိုမိုကျယ်ဝန်းစွာ လေ့လာလိုသော ပညာချစ်ခင်သူအပေါင်းတို့သည် တက္ကသိုလ်များဓမ္မာရုံ၌ သဲကုန်း**အရှင်ဉာဏိဿရ** (သပိတ်အိုင်ဆရာတော်) ရှင်းရှင်းလင်းလင်းဟောကြားခဲ့ပြီး စာအုပ်အဖြစ်သို့ ပုံနှိပ်ထုတ်ဝေထားသည့် **'နိယာမငါးပါးနှင့် အနတ္တတရားတော်'** ကို ဖတ်ရှုလေ့လာကြပါကုန်။]

①

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

# စိတ်ညှို့နည်းဖြင့် အတိတ်ဘဝိုးသို့

## သိစိတ်နှင့် မသိစိတ်

ဗုဒ္ဓအဘိဓမ္မာတွင် စိတ်ကိုအခြေခံအားဖြင့် ဘဝင်စိတ်နှင့် ဝီထိစိတ်ဟူ၍ နှစ်မျိုးခွဲခြား၏။ ဘဝင်စိတ်သည် ဘဝကိုဆက်ပေးသောစိတ် ဖြစ်၏၊ အလွန်သိမ်မွေ့၏၊ ၎င်းကို မသိနိုင်၊ ထို့ကြောင့် ၎င်းကို မသိစိတ်ဟုခေါ်နိုင်၏။ ဝီထိစိတ်သည် အာရုံအမျိုးမျိုးကို သိသောစိတ်ဖြစ်၍ ၎င်းကိုသိစိတ်ဟု ခေါ်နိုင်၏။ ဤအကြောင်းတို့ကို အခန်း (၄) ၌ ရှင်းလင်းပြခဲ့၏။

အနောက်တိုင်း စိတ်ပညာရှင်များကမူ စိတ်ကိုအလွှာအမျိုးမျိုးပိုင်းခြားလျက် အပေါ်ဆုံးအလွှာကို **သိစိတ်** [၁] ဟုခေါ်ကြ၏။ အပေါ်ဆုံးလွှာ၏ အောက်နားရှိအလွှာကို **မသိတသိစိတ်** [၂] ဟု ခေါ်ကြ၏။ ထိုအောက်ရှိအလွှာကြီးကိုမူ **မသိစိတ်** [၃] ဟုခေါ်ကြ၏။

လူတစ်ယောက်နိုးကြားသည့်အခါ ပြင်ပအာရုံများနှင့်မိမိ၏စိတ်ကူးအကြံအစည်များကို သိစိတ်ဖြင့်သိနိုင်၏။ သိစိတ်ဖြင့်သိပြီးသော ပြင်ပအာရုံများသည် မသိတသိစိတ်အလွှာသို့ နစ်မြုပ်သွားကြ၏။ ထိုအခါ အာရုံများကိုသတိမရတော့ချေ။ သို့သော် ထိုအာရုံများကို ပြန်သိလိုလျှင် စိတ်ကူးဖြင့်ပြန်ဖော်ထုတ်နိုင်၏၊ ပြန်စဉ်းစားနိုင်၏။

အာရုံများသည် မသိတသိစိတ်အလွှာမှတစ်ဆင့် မသိစိတ်အလွှာသို့ နစ်မြုပ်သွားသောအခါ၌မူ ထိုအာရုံများကို စိတ်ကူးဖြင့်ပြန်လည်ဖော်ထုတ်၍ မရတော့။

---

၁။ conscious mind ၂။ sub-conscious mind ၃။ unconscious mind

www.burmeseclassic.com

www.burmeseclassic.com



ရှင်းတို့ကို လုံးဝမေ့ပျောက်သွားပြီဖြစ်၏။ သို့သော် စိတ်ညှို့နည်းဖြင့် ထိုအာရုံများကို ပြန်လည်ဖော်ထုတ်နိုင်၏။

မသိစိတ်အလွှာသည် သိစိတ်အလွှာထက် များစွာပိုကြီး၏။ မသိစိတ်အလွှာ၌ နစ်မြုပ်နေကြသော အတွေ့အကြုံဗဟုသုတများသည် သိစိတ်နှင့် မသိတသိစိတ်အလွှာတို့၌ မှတ်သားထားသည့် အတွေ့အကြုံဗဟုသုတများထက် လွန်စွာပိုများ၏။

သို့အတွက် သွားလာလှုပ်ရှားနေသော လူတစ်ဦး၏စိတ်သည် သမုဒ္ဒရာတွင် မျောနေသော ရေခဲတောင်ကြီးနှင့်တူ၏။ ရေခဲတောင်သည် ၁၀ ပုံ တစ်ပုံခန့်သာ ရေမျက်နှာပြင်ပေါ်၌ ပေါ်နေပြီး ကျန်ကိုးပုံမှာ ရေအောက်၌ မြှုပ်နေ၏။ ရေမျက်နှာပြင်ပေါ်၌ ပေါ်နေသောအပိုင်းသည် သိစိတ်နှင့်တူပြီး ရေအောက်၌နစ်မြုပ်နေသောအပိုင်းသည် မသိစိတ်နှင့်တူ၏။

မသိစိတ်နှင့် မသိတသိစိတ်အလွှာတို့ကို ခွဲခြားထားသော နယ်နိမိတ်မရှိ။ မသိတသိစိတ်အလွှာနှင့် သိစိတ်အလွှာတို့ကို ခွဲခြားထားသောနယ်သည်လည်း တိတိကျကျမရှိ။ စိတ်၏စွမ်းရည်သတ္တိများကို လေ့လာကြပြီးနောက် စိတ်၏ပြုမူတတ်ပုံကို ရှင်းပြရန်အတွက် စိတ်ပညာရှင်တို့က စိတ်ကူးဖြင့် စိတ်ကိုဤသို့ အလွှာလွှာပိုင်းလိုက်ခြင်းသာ ဖြစ်သည်။

အမှန်မှာ စိတ်သည် အကောင်အထည်ရှိသောအရာဝတ္ထုမဟုတ်သည့် အတွက် စိတ်ကို အလွှာလွှာပိုင်းခြား၍မရပေ။ စိတ်ကိုဦးနှောက်ဟုယူဆသူတို့က ဦးနှောက်တွင် မှတ်ဉာဏ်အလွှာအထပ်ထပ်ရှိလေသလားဟူ၍ စူးစမ်းရှာဖွေခဲ့ကြ၏။

အမျိုးသမီးတစ်ဦး၏ ဦးနှောက်တစ်နေရာတွင် အီလက်ထရုဒ်ငယ်တစ်ခုကို ထောက်လိုက်သည့်အခါ ထိုအမျိုးသမီးသည် ကလေးငိုသံကို ကြားရ၏။ ထိုနေရာ၌ပင် နောက်တစ်ကြိမ်ထောက်ပြန်သောအခါ အဆောက်အအုံတစ်ခုမှ အခြားတစ်ခုသို့ လူများလှမ်း၍စကားပြောဆိုနေကြသော အသံများကိုကြားရ၏။ တစ်ဖန် ထိုအမျိုးသမီးဦးနှောက်၏ မတူသောနေရာလေးနေရာတို့၌ အီလက်ထရုဒ်ဖြင့် တစ်လှည့်စီတို့ကြည့်သောအခါ သီချင်းသံတစ်မျိုးတည်းကိုပင် ထပ်ကာထပ်ကာ ထိုအမျိုးသမီးကြားရသည်ဆို၏။

*ထို့ကြောင့် ဦးနှောက်၏အတွေ့အကြုံဗဟုသုတများကို မှတ်သားထားသောအလွှာများသည် ပုံသေကားကျမရှိချေ။ စိတ်သည် ရုပ်ပေါ်တွင် လွှမ်းမိုးမှုရှိသဖြင့် စိတ်တွင် သိမှတ်လိုက်သောအကြောင်းအရာတစ်ခုစီအတွက် ဦးနှောက်ဆဲလ်၌ အပြောင်းအလဲတစ်မျိုးစီ ဖြစ်ပေါ်*

www.burmeseclassic.com

www.burmeseclassic.com



*သွားနိုင်၏။ ဤအကြောင်းကြောင့် ဦးနှောက်၏နေရာအမျိုးမျိုး၌ အီလက်ထရုဒ်ဖြင့် တို့ကြည့်သောအခါ လုံးဝမေ့ပျောက်သွားပြီဖြစ်သည့် အကြောင်းအရာများကို ပြန်ပြီးသတိရလာခြင်း ဖြစ်နိုင်၏။*

သို့ရာတွင် ဗုဒ္ဓ၏အဘိဓမ္မာတွင် ရှင်းပြထားသကဲ့သို့ အမှတ်သညာအပါအဝင် စိတ်၏အစွမ်းသတ္တိများသည် စိတ်တစ်လုံးမှတစ်လုံးသို့ ပဋ္ဌာန်းသတ္တိဖြင့် ကူးသန်းသွားသည်ကို မမေ့သင့်ပါ။ ကက်ဆက်ခွေတစ်ခုမှ သွင်းယူထားသော အသံများကို အခြားကက်ဆက်ခွေတစ်ခုသို့ ကူးယူသကဲ့သို့ ယူဆနိုင်ပါ၏။ ဦးနှောက်ဆဲလ်များ၌ အမှတ်သညာဖြစ်ပေါ်ခြင်းမှာ စိတ်၏လွှမ်းမိုးမှုကြောင့် သီးခြားဖြစ်လာသော အခြင်းအရာတစ်ရပ်ဟု ဆိုရပေမည်။ ညောင်ကိုင်းထက်၌ ငှက်နားသောအခါ ငှက်၏အရိပ်သည် မြေပြင်ပေါ်၌ တစ်ပြိုင်နက်ထင်လာသကဲ့သို့တည်း။

**မသိစိတ်၏အထောက်အထား**

လူအချို့တို့သည် အိပ်ပျော်နေရင်း အိပ်ရာမှထပြီး လမ်းလျှောက်တတ်ကြ၏၊ ထို့နောက် ပြန်အိပ်၏၊ နိုးလာသောအခါ လမ်းထလျှောက်ခဲ့သည့်အကြောင်းကို မသိ။ အသိစိတ်က အိပ်ပျော်နေစဉ် မသိစိတ်ဖြင့် လမ်းထလျှောက်ခြင်း ဖြစ်၏။ ဤလိုလူမျိုးကို **'အိပ်ပျော်ရင်း လမ်းလျှောက်သူ'**[၁] ဟု ခေါ်၏။

လုလင်ပျိုတစ်ဦးသည် ကပွဲခန်းမတစ်ခု၌ လှပနွဲ့နှောင်းသော အမျိုးသမီးတစ်ဦးကို တွေ့ရ၍ အလွန်သဘောကျမိ၏။ တီးဝိုင်းက မြူးမြူးကြွကြွစတင်တီးခတ်ပေးသဖြင့် အချို့စုံတွဲများထွက်လာပြီး တွဲကကြ၏။ ထိုအခါ လုလင်ပျိုသည် အမျိုးသမီးထံသို့ လျှောက်သွားပြီးလျှင် "ကျွန်တော်ခင်ဗျားနှင့် လက်ထပ်ပါရစေလား၊ အိုး...အိုး...မှားသွားလို့၊ တွဲကပါရစေလားခင်ဗျား" ဟု ဆိုလိုက်၏။

ဤသို့ စကားပြောမှားသွားရခြင်းမှာ မသိစိတ်အတွင်း၌ရှိသည့် ပြင်းထန်လှသောဆန္ဒက အသိစိတ်ကို လွှမ်းမိုး၍ ပွင့်ထွက်လာခြင်းဖြစ်၏။

အိမ်ရှင်မတစ်ဦးသည် အိမ်နီးချင်းအမျိုးသမီးက မိမိအိမ်သို့လာ၍ကြာရှည်စွာ စကားပြောဆိုသည်ကို မနှစ်သက်ချေ။ လာတိုင်း ကော်ဖီလည်းတိုက်ရ၏၊ အလုပ်လည်း ပျက်ရ၏၊ နားလည်း ပူရ၏၊ တစ်ကြိမ်တွင် ဧည့်သည်မိန်းမက "ပြန်လိုက်ဦးမယ်နော်" ဟု နှုတ်ဆက်သောအခါ "ဟုတ်ကဲ့၊ ရှင်ပြန်တာ ဝမ်းနည်းပါ

---

၁။ Sleep-walker

www.burmeseclassic.com

www.burmeseclassic.com



တယ်”ဟု ယဉ်ကျေးမှုအရ ပြောသင့်လင့်ကစား “ဟုတ်ကဲ့၊ ရှင်ပြန်တာ စမ်းသာပါတယ်”ဟု နှုတ်မှ လွှတ်ခနဲပြောလိုက်မိ၏။

ဤတွင်လည်း မသိစိတ်ကလွှမ်းမိုး၍ မပြောသင့်သောစကားကို ပြောလိုက်မိခြင်း ဖြစ်၏။

## စိတ်ညှို့နည်းဖြင့် ရောဂါကုသ

မသိစိတ်တွင် တိမ်မြုပ်နေသော မကျေနပ်မှု သို့မဟုတ် ကြောက်လန့်မှုကြောင့် **ဖိုးဘီးယား**[၁] ခေါ် အကြောက်လွန်ရောဂါ၊ **ဟစ်စတားရီးယား**[၂] ခေါ် စိတ်ချောက်ချားမှုရောဂါ စသည့်ရောဂါများ ဖြစ်ပေါ်လာကြောင်း စတင်အဆိုပြုခဲ့သည့်ပုဂ္ဂိုလ်မှာ ဗီယင်နာတက္ကသိုလ်မှဆရာဝန် **ဆစ်ဂမန်ဖရွိုက်**[၃] ဖြစ်၏။

ဖရွိုက်သည် ၁၈၈၁ ခုနှစ်၌ ဆေးပညာဘွဲ့ကိုရ၏။ ထိုအချိန်က ဆေးပညာလောကတွင် စိတ်ရောဂါဟူသမျှသည် အာရုံကြောအဖွဲ့၌ ချွတ်ယွင်းမှုကြောင့် ဖြစ်ပေါ်လာသည်ဟု စွဲမြဲစွာယုံကြည်ထားကြ၏။

ဖရွိုက်သည် ဗီယင်နာတက္ကသိုလ်၌ အမှုထမ်းနေစဉ် ၁၈၈၅ ခုနှစ်အတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့သို့ အလည်ရောက်သွားပြီး အာရုံကြောပါရဂူ **ဂျင်းမာတင်ချာကို**[၄]၏ ရောဂါကုနည်းကို လေ့လာခွင့်ရ၏။ ချာကိုသည် လူနာအား စိတ်ညှို့ပြီး ရောဂါအရင်းအမြစ်ကိုရှာဖွေ၍ ရောဂါကုခြင်းကို သုတေသနပြုနေသူဖြစ်၏။

ဖရွိုက်သည် ထိုနည်းကိုအလွန်သဘောကျသဖြင့် ဗီယင်နာမြို့သို့ပြန်ရောက်သောအခါ ထိုအကြောင်းကို ဆေးပညာအဖွဲ့သို့တင်ပြ၏။ ဆေးပညာအဖွဲ့က ရယ်မောရ၍ “မဟုတ်နိုင်တာ၊ စိတ်ကူးယဉ်တာ၊ လိမ်ညာတာ”ဟု မှတ်ချက်ချကြ၏။

ဖရွိုက်သည် မိမိ၏ရာထူးတိုးတက်မှု နှောင့်နှေးသွားမည်ကို မငဲ့ကွက်ဘဲ စိတ်နှင့်ရောဂါဆက်သွယ်မှုနယ်ပယ်တွင် အပတ်တကုတ် သုတေသနပြုလေတော့၏။ သူ၏တွေ့ရှိချက်အရ စိတ်ရောဂါ၏သဘောလက္ခဏာများစွာတို့သည် ကလေးဘဝက ကြောက်ရွံ့ထိတ်လန့်မှုကြောင့် သို့မဟုတ် မကျေနပ်မှုကြောင့် မသိစိတ်တွင် ဖိနှိပ်သိုမှီးထားခဲ့ရသောအတွေ့အကြုံများနှင့် ဆက်စပ်နေ၏။ ထိုအကြောင်းရင်းများကို ဖော်ထုတ်ပြီး လူနာအား အကျိုးအကြောင်းပြောပြကာ လူနာ၏စိတ်ထားကို ပြုပြင်ပြောင်းလဲပေးခြင်းဖြင့် ရောဂါကိုပျောက်ကင်းသွားစေ

---

၁။ Phobia
၂။ hysteria
၃။ Sigmund Freud (1856-1939)
၄။ Jean Martin Charcol

www.burmeseclassic.com

www.burmeseclassic.com



နိုင်၏။ ရုပ်ပိုင်းချို့ယွင်းမှုကို ကုသရန်ဆေးရှိသလို စိတ်ပိုင်းချွတ်ယွင်းမှုကို ကုသရန်လည်း ဆေးရှိ၏။ မသိစိတ်၌ ကိန်းအောင်းနေသော ကြောက်ရွံ့မှု သို့မဟုတ် မကျေနပ်မှုအလုံးကြီးကို စိတ်ညှို့နည်းဖြင့် ဖော်ထုတ်နိုင်၏။

ဤသို့ စိတ်ကိုခွဲခြမ်းစိတ်ဖြာ၍ ရောဂါကုသခြင်းကို **ဆိုင်ကိုအနဲလစ်ဆစ် (ဝါ) ခွဲခြမ်းစိတ်ဖြာစိတ်ပညာ**[၁] ဟုခေါ်၏။ ဤနည်းသည် ထူးခြားစွာအောင်မြင်မှုရှိသည့်အတွက် တစ်မဟုတ်ချင်း နာမည်ကျော်ကြားသွားလေ၏။ ဤနည်းကို ဖော်ထုတ်သူ ဆစ်ဂမန်ဖရွိုက်သည်လည်း ကျော်စောလာလေ၏။

## စိတ်ညှို့နည်းဖြင့် အတိတ်ဖြစ်ရပ်ကို ဖော်ထုတ်ခြင်း

လူကြီးတစ်ဦးသည် ညဥ့်အိပ်ရာဝင်တိုင်း ပြတင်းပေါက်ကို ဖွင့်ထားရ၏။ အလုံပိတ်ထားလျှင် ချက်ချင်းမနေတတ်အောင် စိတ်အိုက်သွား၏။ ခြင်ထောင်ချခြင်းကိုလည်း လက်မခံချေ။

တစ်နေ့တွင် ထိုသူသည် မြင့်မားသောရုံးတစ်ခုသို့ ကိစ္စတစ်ခုဖြင့် သွားရ၏။ ဓာတ်လှေကားအတွင်းသို့ သူဝင်သွားပြီးသည်နှင့်တစ်ပြိုင်နက် ဓာတ်လှေကားမောင်းသူက တံခါးကိုပိတ်လိုက်၏။ ထိုအခါ လေးဖက်လေးတန်၌ အကာအရံများ ရှိသွားသည့်အတွက် ထိုလူကြီးသည် ဇောချွေးပြန်ကာ ဒူးတဆတ်ဆတ်တုန်လာ၏။ မျက်လုံးများ ပြူးကျယ်လာကြ၏။ ငယ်သံပါအောင် အော်ဟစ်လျက် ဓာတ်လှေကားမောင်းသူအား ရန်ပြုရန်ကြိုးစား၏။ ထို့နောက် သူသတိမေ့မျော သွား၏။

ထိုသို့ဖြစ်ပျက်ပြီးသည့်နောက် ထိုလူကြီးသည် စိတ်မမှန်တော့သဖြင့် စိတ်ရောဂါကုဆရာဝန်များထံတွင် ဆေးကုသခြင်းကိုခံယူရ၏။ ခွဲခြမ်းစိတ်ဖြာစိတ်ပညာနည်းအရ ကုသရာတွင် ထိုလူအားစိတ်ညှို့ပြီး ကလေးဘဝကသူ၏အတွေ့အကြုံများကို ပြောဆိုစေ၏။

ထိုသူသည် သုံးနှစ်သားအရွယ်က သေတ္တာတစ်လုံးထဲသို့ဝင်ပြီး ဆော့ကစားနေ၏။ ထို့နောက် ပွင့်နေသောအဖုံးပြုတ်ကျလာသဖြင့် သေတ္တာပိတ်သွား၏။ မှောင်အတိဖုံးသွား၏။ အသက်ရှုကျပ်လာ၏။ ကလေးငယ်သည် ကြောက်အားလန့်အားဖြင့် အော်ငိုရင်း မေ့မျောသွား၏။

မိဘများ အချိန်မီသိသွား၍ ကလေးငယ်အသက်ချမ်းသာခဲ့ရ၏။ ကြီးပြင်းလာသောအခါ ထိုအဖြစ်ဆိုးကို အသိစိတ်က မေ့ထားနိုင်သော်လည်း မသိစိတ်

---

၁။ Psychoanalysis

www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ အင်အားကြီးစွာကိန်းအောင်းနေခဲ့၏။ ဤမသိစိတ်၏စေ့ဆော်မှုကြောင့် 'အလုံပိတ်မှု'ကို အသေအလဲကြောက်လန့်ခြင်း ဖြစ်ပေ၏။

ထိုလူကြီးသည် ထိုအကြောင်းကိုသိ၍ မိမိ၏စိတ်ထားကို ပြုပြင်ပေးသောအခါ အကြောက်လွန်ရောဂါမှ ပျောက်ကင်းသွားလေ၏။

**ဒေါက်တာရီးဗားႈ**[၁]၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုမှာ ဆရာဝန်ငယ်တစ်ဦးသည် စကားပြောလျှင် ထစ်အ,၏၊ အမိုးအကာရှိသည့် ကျဉ်းမြောင်းသောနေရာကို ကြောက်ရွံ့၏၊ အိပ်မက်ဆိုးများကိုလည်း မကြာခဏမြင်မက်၏၊ နောက်ဆုံးတွင် အိပ်မပျော်, ခေါင်းကိုက်သဖြင့် ဆေးရုံတက်ပြီး အကုသခံရ၏။

ဒေါက်တာရီးဗားက ထိုဆရာဝန်ငယ်အား သူမြင်မက်ခဲ့သည့်အိပ်မက်များအကြောင်းကို ရေးခိုင်း၏။ ထို့နောက် စိတ်ညှို့နည်းဖြင့် ကလေးဘဝအတွေ့အကြုံများကို ပြောပြစေ၏။ "လေးနှစ်သားအရွယ်က ထူးခြားတဲ့အဖြစ်အပျက် ရှိရင် ပြောစမ်း"ဟု စိတ်ညှို့သူက အမိန့်ပေးလိုက်သောအခါ ထိုဆရာဝန်သည် ကြောက်ရွံ့ထိတ်လန့်သော ကလေးအမူအရာဖြင့် ဤသို့ပြောပြ၏။

"ကျွန်တော့်မေမေနဲ့ ဖေဖေတို့ သွားခွင့်မပြုတဲ့ လူကြီးတစ်ဦးဆီကို ကျွန်တော် သွားပါတယ်။ လူကြီးဆီကပြန်လာတော့ တော်တော်မှောင်နေပြီ၊ လမ်းကလဲ ကျဉ်းကျဉ်းလေး၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့ လျှောက်လာတယ်၊ လမ်းတစ်ဝက်လောက် လျှောက်လာမိတဲ့အခါ လမ်းထိပ်မှာ ခွေးကြီးတစ်ကောင်က ပိတ်ရပ်နေပြီး ရူးရူးရှရှဟောင်လိုက်တယ်၊ ကျွန်တော်သိပ်ကြောက်သွားတယ်၊ လူကြီးဆီပြန်လှည့်ကြည့်တော့ သူ့အိမ်တံခါးဟာ ပိတ်သွားပြီး ကျွန်တော်ပြေးစရာ ထွက်ပေါက်လဲ မရှိ၊ ကျွန်တော် ကြောက်ဒူးတွေတုန်ပြီး ဇောချွေးတွေ ပြန်လာတယ်၊ ဒီအကြောင်းကို ဖေဖေနဲ့မေမေ သိသွားမှာကိုလဲ ကျွန်တော်စိုးရိမ်ကြောက်ရွံ့နေတယ်။ ကျွန်တော် ဘာလုပ်ရမှန်းမသိ၊ သစ်ပင်တွေ လမ်းတွေ ချာချာလည်ကုန်တယ်၊ ကျွန်တော်သတိရတဲ့အခါ ခွေးမရှိတော့တဲ့အတွက် ကျွန်တော်အိမ်ပြန်လာနိုင်ခဲ့ပါတယ်"

ကလေးငယ်တို့၏သဘာဝအလျောက် မိမိအပြစ်ကိုဖုံးဖိခဲ့သဖြင့် ထိုကြောက်စရာအဖြစ်ဆိုးသည် မသိစိတ်တွင် အင်အားကြီးမားစွာဖြင့် ကျန်ရစ်ခဲ့၏။ အကယ်၍ မိမိ၏အမှားကို ဖွင့်ဟဝန်ခံပြီး ထိုအကြောင်းကို မိဘတို့အား ဖွင့်ပြောခဲ့ပါက ထိုသို့အင်အားကြီးမားစရာ အကြောင်းမရှိချေ။ ယခုမူ ထိုအင်အားကြီးမားသောဖြစ်ရပ်က မသိစိတ်မှတစ်ဆင့် လှုပ်ရှားလွှမ်းမိုးလာမှုကြောင့် ထိုဆရာဝန်ငယ်သည် အကြောက်လွန်ရောဂါကို ရရှိခဲ့ခြင်းဖြစ်၏။

---

၁။ Dr. Rivers

www.burmeseclassic.com

www.burmeseclassic.com



ရောဂါ၏ ဇာစ်မြစ်ကို သိရှိပြီးသည့်နောက် စိတ်ထားကိုပြုပြင်လိုက်သော အခါ ဆရာဝန်ငယ်သည် ပုံမှန်စိတ်ထားကို ပြန်လည်ရရှိလာ၏။

## အသက်ကို အဆင့်ဆင့်နောက်ပြန်ဆုတ်ခြင်း

စိတ်ညှို့သည့်နည်းဖြင့် လူတစ်ယောက်အား သူကျော်လွန်ခဲ့သည့်ဘဝ အဆင့်ဆင့်ကို တဖြည်းဖြည်းနောက်ပြန်ဆုတ်ပြီး ပြန်ခံစားစေနိုင်၏။ ထိုအခါ သူသည် ပြီးမြောက်ခဲ့သည့် ဘဝအတွေ့အကြုံများအတိုင်း **'တစ်ဖန်ပြန်နေထိုင်'**[၁] နိုင်၏။

ဤသို့ပြုလုပ်ခြင်းကို **စိတ်ညှို့သည့်နည်းဖြင့် အသက်နောက်ပြန်ဆုတ်ခြင်း**[၂] ဟု ခေါ်၏။ ဤစမ်းသပ်နည်းကို စိတ်ပညာရှင်များက အကြိမ်ကြိမ်စနစ်တကျ သုတေသနပြုခဲ့ကြပြီးဖြစ်ရာ ဟုတ်မှန်ကြောင်း တညီတညွတ်တည်း လက်ခံထားကြပြီဖြစ်၏။

လုပ်ဆောင်သောနည်းမှာ ပထမစိတ်ညှို့သူက စိတ်ညှို့ခံရသူအား အိပ်မွေ့ကျသွားအောင် (ဝါ) ဘဝင်ကျသွားအောင် ညွှန်ကြားရ၏။ **အိပ်မွေ့ကျသော အခြေအနေ**[၃] သည် သာမန်အိပ်ပျော်နေသောအခြေအနေနှင့် မတူပါ။ သာမန်အိပ်ပျော်နေသောအခါ၌ အားကလူများ၏ စကားပြောသံကို မကြားနိုင်ချေ။ မည်သည့် ညွှန်ကြားချက်ကိုမျှ မတုံ့ပြန်နိုင်ချေ။

အိပ်မွေ့ကျနေသောအခြေ၌ စိတ်ညှို့သူ၏ စကားသံကို ကြားနိုင်၏၊ စိတ်ညှို့သူက ညွှန်ကြားသည့်အတိုင်း တုံ့ပြန်နိုင်၏၊ ညွှန်ကြားသူ မေးမြန်းသည်များကိုလည်း ပြန်လည်ဖြေကြားနိုင်၏။ သို့ရာတွင် စိတ်ညှို့ထားသည်ကို ဖြေလိုက်ပြီးသည့်အခါ၌မူ ဘာမှမသိ, ဘာမှမမှတ်မိချေ။

သို့အတွက် အိပ်မွေ့ကျနေသည့်အခါ၌ စိတ်ညှို့ခံနေရသူသည် အသိစိတ်ဖြင့်မသိဘဲ မသိစိတ်ဖြင့်သိနေသည်ဟု ယုံကြည်ရ၏။ အသိစိတ်၌ လုံးဝမေ့ပျောက်နေသော ငယ်စဉ်ကအကြောင်းအရာများကို စိတ်ညှို့ခံရသူက အိပ်မွေ့ကျနေစဉ်အခါ၌ မှန်ကန်စွာပြန်လည်ပြောနိုင်သည်ကို ထောက်ရှုလျှင် ထိုအကြောင်းအရာများကို မသိစိတ်၌ မှတ်သားထားရှိကြောင်း ထင်ရှား၏။

စိတ်ညှို့ခံနေရသူ အိပ်ပျော်မသွားအောင်မူ စိတ်ညှို့သူက အဆက်မပြတ်နှိုးဆော်ညွှန်ကြားပေးနေရန်လို၏။ စိတ်ညှို့ခံရသူအား ယခုလက်ရှိအချိန်မှ လွန်ခဲ့သော နောက်တစ်နှစ်က အတွေ့အကြုံ၊ လွန်ခဲ့သောနှစ်နှစ်က အတွေ့အကြုံ၊

---

၁။ relive ၂။ Hypnotic age-regression ၃။ trance

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောသုံးနှစ်က အတွေ့အကြုံ စသည်ဖြင့် မွေးခါစကလေးအရွယ်အထိ တွေ့ကြုံခံစားခဲ့ရသည်များကို ပြန်လည်ပြောပြစေနိုင်၏။

ထူးခြားချက်မှာ အိပ်မွေ့ကျနေသူသည် အတိတ်အကြောင်းအရာများကို အသေးစိတ်ပြန်လည်ပြောပြနိုင်သည့်အပြင် ထိုသက်ဆိုင်ရာကာလက ပြုမူခံစားခဲ့သည့်အတိုင်း ပြန်လည်ပြုမူခံစားနိုင်ခြင်းဖြစ်၏။ ရှင်မြူးစရာရှိလျှင် ရှင်မြူး၏၊ ငိုစရာရှိလျှင် ငို၏၊ ကြောက်လန့်စရာရှိလျှင် ကြောက်လန့်၏။

တစ်ကြိမ်က အသက် ၆၀ အရွယ်လူကြီးအား အိပ်မွေ့ချပြီး ကလေးဘဝ အရွယ်ကို ပြန်စဉ်းစားစေ၏။ ထို့နောက် စိတ်ညှို့သူနှင့် အမေးအဖြေပြုစေ၏။

"ကလေးဘဝတုန်းက ကော်ပီစာအုပ်များမှာ စာကူးရေးဖူးသလား"

"ကူးရေးဖူးပါတယ်"

"အဲဒီကူးရေးတဲ့စာတွေထဲမှာ စာကြောင်းတစ်ကြောင်းလောက် မှတ်မိသလား"

"မှတ်မိတယ်"

"ဘာစာကြောင်းလဲ"

"A stitch in time saves nine."

(အချိန်မီချုပ် အလုပ်သက်သာ)

"ရော့... ဒီမှာ ခဲတံနဲ့စက္ကူ၊ အဲဒီစာကြောင်းကို ရေးပြစမ်း"

ထိုလူကြီးသည် အိပ်မွေ့ကျလျက်ပင် ခဲတံနှင့်စက္ကူတို့ကိုယူပြီး အဆိုပါစာကြောင်းကို ရေးချ၏။ သူရေးနေသောဟန်မှာ လူကြီးဟန်မဟုတ်၊ စာရေးသည့် အလေ့အကျင့်မရှိသေးသော ကလေးငယ်တစ်ဦး၏ ခဲကြောင်းကောက်ကောက်ကွေးကွေးနှင့် ကလေးရေးဟန်အတိုင်း ဖြစ်၏။

ထိုလူကြီးအား စိတ်ညှို့ထားခြင်းကို ဖြေပေးလိုက်သည့်အခါ သူပြောခဲ့သည့် စကားများနှင့် သူလုပ်ခဲ့သည့်အရာများကို သူလုံးဝမသိရှိချေ။ သူ၏မသိစိတ်ဖြင့် ပြောဆိုလုပ်ကိုင်ခဲ့ကြောင်း ထင်ရှား၏။

## ညာသန်မှ ဘယ်သန်သို့

လန်ဒန်တက္ကသိုလ်မှ စိတ်ပညာပါမောက္ခဖြစ်သူ **ဒေါက်တာအိုက်ဆင်း**[၁] က အသက် ၂၀ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးကို လေ့လာရာတွင် သူမအား ကျော်လွန်ခဲ့ပြီးသောနှစ်များကို တဖြည်းဖြည်းနောက်ပြန်ဆုတ်၍ ခံစားစေလျက် စာရေးသားစေ၏။ သူမသည် လက်ယာလက်ဖြင့် စာရေးနေရာမှ အသက်ခြောက်

---

၁။ Dr. H.J. Eysenck

www.burmeseclassic.com

www.burmeseclassic.com



နှစ်အကြောင်းကို ပြန်ခံစားစေသည့်အခါ လက်ဝဲလက်ဖြင့် ခဲတံကိုပြောင်းကိုင်၍ ရေးသားသည်ကို တွေ့ရ၏။ မိဘများအား မေးမြန်းကြည့်သည့်အခါ ထိုအမျိုးသမီးသည် ငယ်စဉ်ကတည်းက လက်ဝဲလက်ဖြင့် စာစ,ရေးခဲ့ကြောင်း၊ အသက်ခြောက်နှစ်အရွယ်၌ ဖခင်က လက်ယာလက်ဖြင့် အတင်းအကျပ်ရေးသားစေခဲ့ကြောင်းတို့ကို သိရှိရ၏။

## ကိုလူပျိုရယ် ကလေးငယ်ပမာ ကြောက်သေးပါ

အခြားသာဓကတစ်ရပ်မှာ အသက် ၃၀ အရွယ်ရှိသော လူရွယ်တစ်ယောက်ကို အထူးစီမံထားသည့် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေစေပြီးနောက် သူ့အား စိတ်ညှို့လျက် ဘဝင်ကျစေ၏။ ထို့နောက် သူ၏ဘဝကို နောက်ပြန်ဆုတ်၍ အဆင့်ဆင့်ခံစားစေရာ သုံးနှစ်အရွယ်ကလေးဘဝသို့ ရောက်လာ၏။ ထိုအခါ အထူးစီစဉ်ထားသောကုလားထိုင်၏ ခလုတ်ကို နှိပ်လိုက်ရာ ကုလားထိုင်နောက်ကျောမှီသည် ရေပြင်ညီအနေအထားသို့ ရုတ်တရက်ကျဆင်းသွား၏။

ထိုအခါ ထိုလူရွယ်သည် အရွယ်ရောက်ပြီးသူတို့ ပြုမူနေကျအတိုင်း ကိုယ်ကိုထိန်းသည့်သဘောဖြင့် ခြေနှစ်ဖက်, လက်နှစ်ဖက်တို့ကို ဆန့်တန်းခြင်းလုံးဝမပြုဘဲ ကလေးငယ်တစ်ဦး ထိတ်လန့်သောအမူအရာအတိုင်း ငယ်သံပါအောင် အော်ဟစ်ရင်း ပက်လက်လန်ကျသွား၏။ ထိုသို့လန်ကျသွားသောအခါ၌ ကြောက်သေးကိုပါ စွန့်ထုတ်လိုက်ပေ၏။

ဤသို့သောအပြုအမူသည် ဟန်ဆောင်ယူသော အပြုအမူမဟုတ်ဘဲ တကယ်ကလေးကဲ့သို့ကြံတွေးပြီး ကလေးငယ်ကဲ့သို့ခံစားနေရသော အပြုအမူဖြစ်သည်ဟု ဒေါက်တာအိုက်ဆင်းက ကောက်ချက်ချ၏။[၁]

စိတ်ပညာရှင်များသည် စိတ်ညှို့ပြီး အသက်နောက်ပြန်ဆုတ်ထားသော လူအသီးသီးတို့၏ **အသိဉာဏ်**[၂] နှင့် **စွမ်းဆောင်နိုင်မှု**[၃] တို့ကို စမ်းသပ်ကြည့်ရာ စိတ်ညှို့ထားသော အသက်အရွယ်အလိုက်အသိဉာဏ်နှင့် စွမ်းဆောင်နိုင်မှုရှိကြကြောင်းကို အံ့သြစဖွယ် တွေ့ကြရ၏။

ဤစမ်းသပ်မှုများ၌ စိတ်ညှို့သူ၏ သြဇာလွှမ်းမိုးမှုနှင့် စိတ်ညှို့ခံရသူတို့၏ ဟန်ဆောင်မှုများ ပါရှိနိုင်သည်ဟု ထင်မှတ်စရာရှိ၏။ သို့သော် စိတ်ညှို့ခံသူတို့၏ မျက်စိအနေအထားများကို ဓာတ်ပုံရိုက်ကူးကြည့်သောအခါ ကလေးဘဝအရွယ်

---

၁။ Sense and Nonsense in Psychology, Pelican Book, A 85, Reprint 1961, S.48.
၂။ Intelligence
၃။ achievement

www.burmeseclassic.com

www.burmeseclassic.com



သို့ စိတ်ညှို့ခံထားရသည့်အခါ၌ မျက်စိနှစ်လုံးသည် တည်ငြိမ်မှုမရှိသည့်အပြင် ဟန်ချက်ညီညီလှုပ်ရှားမှုလည်း မရှိကြောင်းကို တွေ့ကြရ၏။

ဤသို့သော **ဇီဝကမ္မဖြစ်ရပ်**[၁] များမှာ ကလေးတို့၏သဘာဝဖြစ်သဖြင့် လူကြီးတို့က လိုက်တုပရန်မှာ အလွန်ခဲယဉ်းမည်ဖြစ်ကြောင်း စိတ်ပညာရှင်တို့ ဆုံးဖြတ်ကြ၏။ ပို၍အံ့သြစဖွယ်ကောင်းသည်မှာ ခန္ဓာကိုယ်၏ဇီဝကမ္မအခြေအနေများသည် သက်ဆိုင်ရာအသက်အပိုင်းအခြား၌ ရှိခဲ့ဖူးသည့်အတိုင်း ပြန်လည်တည်ရှိခြင်းပင် ဖြစ်၏။

ဒေါက်တာအိုက်ဆင်းတွေ့ရှိခဲ့သော သာဓကတစ်ရပ်ကို တင်ပြပါဦးမည်။

"လူတစ်ယောက်ဟာ နှလုံးရောဂါဖြစ်နေတယ်၊ သူ့ညာမျက်လုံးရဲ့ ဘယ်ဘက်တစ်ခြမ်းဟာ အာရုံမထင်နိုင်ဘူး။ မျက်လုံးတစ်ဝက်ကန်းနေတာပေါ့ဗျာ၊ သူ့နှလုံးကို ဆရာဝန်များက ခွဲစိတ်ပြီးတော့ နှလုံးရဲ့ **တတိယအခန်း**[၂] မှာ **ကော်လွိုက်အရည်အိတ်**[၃] တစ်ခုရှိနေတာကို ထုတ်လိုက်ကြတယ်၊ အဲဒီနောက် လူနာဟာ နှလုံးရော မျက်စိပါ ကောင်းသွားတယ်။

"အဲဒီလူကို စိတ်ညှို့ပြီးတော့ သူ့ကိုခွဲစိတ်ခြင်းမပြုမီအချိန်သို့ အသက်ကို နောက်ဆုတ်ပေးလိုက်တယ်၊ အဲဒီအခါ သူ့ညာဘက်မျက်လုံးရဲ့ ဘယ်ဘက်တစ်ဝက်ဟာ ကန်းနေတာကို တွေ့ပြန်ပါရော၊ ဒါဟာ သိပ်အံ့သြစရာကောင်းတဲ့ အချက်ပဲ"

ဤသို့သော ထင်ရှားတိကျသည့်အထောက်အထားများအပေါ်တွင် အခြေပြု၍...

> *စိတ်ညှို့ပြီး အိပ်မွေ့ချသောနည်းဖြင့် လူများစွာတို့ကို အသက်နောက်ပြန်ဆုတ်၍ ယခင်ကခံစားခဲ့ရသည့် အတွေ့အကြုံများကိုပြန်လည်ခံစားစေနိုင်သည့်အပြင် မသိစိတ် (ဝါ) ဘဝင်စိတ်၌ နစ်မြုပ်နေကြသည့် မှတ်သားချက်များကိုလည်း ပြန်လည်ဖော်ထုတ်ယူနိုင်ကြောင်းကို ယနေ့စိတ်ပညာရှင်များ တညီတညွတ်တည်း လက်ခံယုံကြည်ကြလေပြီ။*

## အတိတ်ဘဝသို့ ခရီးဆန့်ခြင်း

စိတ်ညှို့၍ အသက်နောက်ပြန်ဆုတ်သောနည်းဖြင့် လုံးဝမေ့ပျောက်နေပြီဖြစ်သည့် ကလေးဘဝအတွေ့အကြုံများကို ကွက်ကွက်ကွင်းကွင်း ထင်ပေါ်လာ

---

၁။ Physiological Phenomena
၂။ third ventricle
၃။ colloid cyst

www.burmeseclassic.com

www.burmeseclassic.com



အောင် ဖော်ထုတ်နိုင်ပြီးသောအခါ စိတ်ပညာရှင်များသည် စိတ်ညှို့ခံရသူတို့အား အတိတ်ဘဝသို့ ခရီးဆန့်ကြည့်ရန် ညွှန်ကြားပေးကြ၏။ ထိုအခါ လူများစွာတို့သည် အတိတ်ဘဝများက ဖြစ်ရပ်များကို မသိစိတ်ဖြင့် ပြန်လည်မြင်သိလာကြသည်ကို အံ့သြဖွယ်ရာ တွေ့ကြရပြန်၏။

အတိတ်ဘဝသို့ ခရီးဆန့်ခဲ့ကြသောလူဦးရေမှာ လေးငါးဆယ်မျှ မဟုတ်၊ လေးငါးရာမျှလည်း မဟုတ်၊ လေးငါးထောင်ကျော်၍ သောင်းဂဏန်းသို့ပင် ရောက်ရှိနေလေပြီ။

ထိုလူတို့က အတိတ်ဘဝကို မြင်သိခဲ့ကြသည်ဆိုရာ၌ စိတ်ကူးယဉ်သက်သက်ဖြင့် မဟုတ်။ စိတ်ညှို့သူတို့က လမ်းစဖော်၍ ဦးဆောင်ပေးနေခြင်းကြောင့်လည်း မဟုတ်။ ထင်ပေါ်လိုကြသော ရည်ရွယ်ချက်ဖြင့် ကြံဆ၍ပြောဆိုခြင်းလည်း မဟုတ်။ ယုံကြည်ချက်အစွဲအလမ်းကြောင့်လည်းမဟုတ်ဘဲ မသိစိတ်ထဲက တညီတညွတ်တည်း ပြောဆိုနေကြသည်ကို စိတ်ပညာရှင်များက စုံစမ်းသိရှိကြရ၏။

စူးစမ်းကြသည့် စိတ်ပညာရှင်များကိုယ်တိုင်က အများအားဖြင့် အတိတ်ဘဝကို မယုံကြည်ခဲ့ကြသူများ ဖြစ်ကြ၏။ ကလေးဘဝက အတွေ့အကြုံများသည် မသိစိတ်၌ သို့မဟုတ် ဦးနှောက်၌ အမှတ်အသားကျန်ရစ်ခဲ့သဖြင့် ထိုအတွေ့အကြုံများကို စိတ်ညှို့နည်းဖြင့် ပြန်လည်ဖော်ထုတ်နိုင်သည်ကို ယုံကြည်ကြပါသေး၏။ ယခုဘဝနှင့် ရုပ်ပိုင်းအရ လုံးဝဆက်စပ်မှုမရှိသော ရှေးဘဝများက အတွေ့အကြုံများကို ပြန်လည်သိရှိနိုင်သည်ဆိုခြင်းမှာ သဘာဝဖြစ်ရပ်ကို ကျော်လွန်နေသည်၊ သိပ္ပံနိယာမများအားလုံးနှင့် ဆန့်ကျင်နေသည်၊ အဘယ်သို့လျှင် ယုံကြည်နိုင်ပါအံ့နည်း။

ဤသို့လျှင် စိတ်ပညာရှင်များနှင့် သုတေသီများစွာတို့က ရှေးဘဝအကြောင်းအရာများကို တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ မျက်ဝါးထင်ထင်, နားနှင့်ဆတ်ဆတ် မြင်ကြားနေကြပါလျက် မိမိတို့၏ တစ်သက်တာ လေ့လာထားသော ခေတ်ပညာနှင့် ခံယူထားချက်များကို တော်လှန်ရန် ခဲယဉ်းနေကြသူများလည်း ရှိပေ၏။ သို့ရာတွင် အစဉ်အလာထက် မျက်မြင်အချက်အလက်များကို ဦးစားပေး၍ မိမိတို့၏ ရှေးယုံကြည်ချက်များကို တော်လှန်လိုက်ကြသည့် ပညာရှင်များလည်း မြောက်မြားစွာပင် ရှိခဲ့လေပြီ။

**ဒေါက်တာအလက်ဇန္ဒာကင်နွန်း**[၁] သည် အိပ်မွေ့ချသောနည်းဖြင့် ရှေးဘဝများကို မြင်သိခဲ့ကြသည့်လူပေါင်း ၁၃၈၂ ယောက်တို့ကို စေ့စေ့စပ်စပ်လေ့လာ

---

၁။ Dr. Alexender Cannon

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် **"The Power Within" (အတွင်းစွမ်းအား)**[၁] အမည်ရှိသည့် သူ၏ စာအုပ်တွင် ဤသို့မှတ်ချက်ရေးသားထား၏။

"နောက်ဘဝရှိတယ်ဆိုတဲ့ အယူအဆဟာ ကျွန်တော့်ကို နှစ်ပေါင်းများစွာ အိပ်မက်ဆိုးပမာ ခြိမ်းခြောက်ခဲ့ပါတယ်၊ အဲဒီအယူအဆ မမှန်ဘူးဆိုတာ ကျွန်တော် အတတ်နိုင်ဆုံးချေပခဲ့ပါတယ်၊ အိပ်မွေ့ချပြီး မသိစိတ်နဲ့စကားပြောနိုင်ကြတဲ့လူတွေနဲ့လဲ ကျွန်တော်ငြင်းခဲ့ပါသေးတယ်၊ ဒါပေမဲ့ ကျွန်တော်အိပ်မွေ့ချပြီး လေ့လာနေတဲ့လူတွေက သူတို့ရဲ့အတိတ်ဘဝများကို ထင်ထင်ရှားရှားမြင်သိကြကြောင်း တစ်သမတ်တည်းပြောဆိုနေကြတယ်၊ အဲဒီပြောဆိုနေကြတဲ့လူတွေ ကိုယ်တိုင်က နိုးကြားနေတဲ့အချိန်မှာဆိုရင် အတိတ်ဘဝရှိတယ်ဆိုတာကို မယုံကြည်ကြတဲ့လူတွေပါပဲ။ အတိတ်ဘဝအကြောင်းကို တိတိကျကျပြောပြနိုင်ကြတဲ့ လူပေါင်းတစ်သောင်းကျော်ကို လေ့လာပြီးတဲ့အခါမှာ **လူပြန်ဝင်စားခြင်း**[၂] ရှိတယ်ဆိုတာကို ကျွန်တော်ဝန်ခံပါပြီ"

**အောက်စဖို့တက္ကသိုလ်**[၃] မှ အပေါင်းလက္ခဏာဒဿနပညာရှင်ကြီးတစ်ဦးဖြစ်သူ **ပါမောက္ခအေယာ**[၄] သည်လည်း **ပြန်လည်မွေးဖွားခြင်း**[၅] သည် အဓိပ္ပာယ်ရှိသော အယူအဆတစ်ရပ်ဖြစ်သည်ဟု ကောက်ချက်ချခဲ့၏။

## လူပြန်ဝင်စားခြင်းသုတေသန

အမေရိကန်ပြည်ထောင်စု၏ ပင်ဆီးဗေးနီးယားပြည်နယ် **ကော့ပတစ်ဘုရားရှိခိုးကျောင်း**[၆] ၌ တရားဟောဆရာအဖြစ် ဆောင်ရွက်သော **ဘုန်းတော်ကြီးမာတင်**[၇] သည် လူပေါင်းများစွာတို့အား အိပ်မွေ့ချပြီးလေ့လာရာမှ သူတို့၏ အတိတ်ဘဝများအကြောင်းကို ကြားသိရသဖြင့် "Researches in Reincarnation and Beyond" (လူပြန်ဝင်စားခြင်းနှင့် ၎င်းထက်ကျော်လွန်သော သုတေသနများ) စာအုပ်ကို ထုတ်ဝေခဲ့၏။ ၎င်းစာအုပ်၏ စာမျက်နှာ ၁၁ ၌...

*"အမှန်တရားကို ရှာဖွေသူများအားလုံးသို့ ...ဤစာအုပ်ပါ အကြောင်းအရာများသည် သင်တို့ဆည်းပူးထားသော သို့မဟုတ် ခံယူထားသော အယူအဆများနှင့် ကိုက်ညီသော်ရှိ၊ မကိုက်ညီသော်ရှိ၊ အမှန်တရားကိုမြတ်နိုးလျှင် ဤစာအုပ်ပါအကြောင်းအရာများကို လေးနက်စွာလေ့လာသင့်၏"* ဟု ရည်ညွှန်းချက်ရေးသားထား၏။

---

၁။ The Power Within, Rider and Co, 6th impression, 1950.
၂။ reincarnation
၃။ Oxford University
၄။ Professor A.J. Ayere
၅။ rebirth
၆။ Coptic Church
၇။ Rev. A.R. Martin

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ပါအကြောင်းအရာများကို ရှာဖွေစုဆောင်းခဲ့သောနည်းနှင့်ပတ်သက်၍ ဤသို့ရှင်းပြထားသေး၏။

*"စိတ်ညှို့သူက မေးမြန်းတဲ့မေးခွန်းများရော အိပ်မွေ့ကျနေသူတို့ရဲ့အဖြေများကိုရော လက်ရေးတိုနဲ့ သေသေချာချာမှတ်တမ်းတင်ပါတယ်၊ မှတ်တမ်းတင်ခဲ့တဲ့အတိုင်း ဒီစာအုပ်မှာ ဖော်ပြထားပါတယ်၊ 'ဦးဆောင်မေးခွန်း' များကို မမေးမိဖို့ အထူးဂရုထားခဲ့ပါတယ်၊ ဒါကြောင့် အိပ်မွေ့ကျနေသူတို့ရဲ့စိတ်ထဲသို့ ပြင်ပစိတ်ကူးများ လုံးဝမဝင်ရောက်နိုင်ပါဘူး၊ သူတို့ရဲ့မသိစိတ်မှာရှိနေတဲ့အကြောင်းအရာများကို ပြောထုတ်ဖို့သာ အခွင့်အလမ်းရှိပါတယ်၊ သူတို့ထုတ်ပြောခဲ့တဲ့ အတိတ်ဘဝကပုဂ္ဂိုလ်များ, နေရာများနဲ့ အဖြစ်အပျက်များကို ကျမ်းကိုးစာအုပ်များ, သမိုင်းစာအုပ်များ, သက်ဆိုင်ရာမှတ်တမ်းများနဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်များထံမှ စုံစမ်းကြည့်တော့ မှန်ကန်ကြောင်း တွေ့ရပါတယ်၊ ဒီအတိတ်ဘဝအကြောင်းအရာများကို ထုတ်ဖော်ပြောပြခဲ့ကြတဲ့ ပုဂ္ဂိုလ်များကိုယ်တိုင်က သူတို့ရဲ့နီးကြားနေတဲ့အသိဉာဏ်, မှတ်ဉာဏ်ထဲမှာ ဒီအကြောင်းတွေကို မှတ်သားထားခြင်းမရှိဘူးလို့ ဝန်ခံကြပါတယ်၊ ဒါကြောင့် သူတို့ရဲ့အသိစိတ်မှမဟုတ်ဘဲ မသိစိတ်မှ ထွက်လာကြောင်း ထင်ရှားပါတယ်။"*

ဤသုတေသနကို မိမိလုပ်ဆောင်ခဲ့ရသည့်အကြောင်းကိုလည်း ဘုန်းတော်ကြီး မာတင်က သူ့စာအုပ်တွင် ဤသို့ဖော်ပြထားသေး၏။

*"အဲဒီဘုရားရှိခိုးကျောင်းမှာ ပညာတတ်ပုဂ္ဂိုလ် ၂၂ ဦးတို့က နောက်ဘဝအကြောင်းကို နှစ်ပေါင်းများစွာငြင်းခုံခဲ့ကြတယ်၊ သူတို့ဟာ နောက်ဘဝအကြောင်း ရေးသားထားတဲ့စာအုပ်များနဲ့ တွေးခေါ်ရှင်ကြီးတို့ရဲ့အဆိုအမိန့်များကိုလဲ လေ့လာဆန်းစစ်ခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ဟာ ကျေနပ်တဲ့အဖြေများကို မရရှိခဲ့ကြဘူး။ သူတို့ရဲ့တိုက်တွန်းချက်နဲ့ ဒီသုတေသနကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်"*

အနောက်တိုင်းသားတို့၏နောက်ဘဝအပေါ် ခံယူထားကြသည့်အယူအဆ အမျိုးမျိုးကိုလည်း သူ၏စာအုပ်တွင် ဘုန်းတော်ကြီးမာတင်က မှတ်တမ်းတင်ထားသေး၏။ ဤမှတ်တမ်းသည်လည်း စိတ်ဝင်စားဖွယ်ဖြစ်သဖြင့် အနည်းငယ်ထုတ်နုတ်၍တင်ပြပါအံ့။

*"နောက်ဘဝနဲ့ပတ်သက်ပြီး လူသားတို့ခံယူထားကြတဲ့ ယုံကြည်ချက်များ*

www.burmeseclassic.com

www.burmeseclassic.com



*က အမျိုးမျိုးရှိတယ်၊* ***အနောက်တိုင်းသားတို့ရဲ့ အဓိကကျတဲ့ယူဆချက်သုံးရပ်*** *ကို ဖော်ပြရရင် ပထမယူဆချက်က 'သေခြင်းသည် အားလုံးကိုပြီးဆုံးစေတယ်' ဆိုတာပါပဲ။*

*"ဒုတိယအချက်က* ***သိခြင်း***[၁] *နှင့်* ***ဝိညာဉ်***[၂] *တို့သည် လူနှင့်အတူသေဆုံးပြီး ရုပ်ကလာပ်နှင့်အတူ မြေမြှုပ်ခြင်းကို ခံရ၏။* ***ရှင်ပြန်ခြင်း***[၃] *နေ့ရောက်သည့်တိုင်အောင် ထိုနေရာ၌ တည်နေရ၏။ ရှင်ပြန်ခြင်းနေ့တွင် ကမ္ဘာကို စတင်ဖန်ဆင်းခဲ့သည့်နေ့မှစ၍ ထိုနေ့တိုင်အောင် ဤကမ္ဘာပေါ်တွင် နေထိုင်ခဲ့ကြသောလူသားအားလုံးတို့သည် ကုန်းပေါ်မှလည်းကောင်း၊ ပင်လယ်မှလည်းကောင်း မည်သည့်နေရာမှမဆို အဆုံးအဖြတ်ခံရန် ဘုရားသခင်ထံသို့ လာရောက်ကြ၏။ သူတို့၏လုပ်ဆောင်မှုများကို ဘုရားသခင်က စီရင်ဆုံးဖြတ်၍ အစဉ်ထာဝရတည်မြဲသော* ***ကောင်းကင်ဘုံ***[၄] *သို့လည်းကောင်း သို့မဟုတ် မီးနှင့်ကန့်ကျောက်ပူတို့ဖြင့် ပြွမ်းနေသည့်* ***ထာဝရငရဲ***[၅] *သို့လည်းကောင်း ထိုသူတို့အား စေလွှတ်မည်ဖြစ်၏။ "ငရဲကျရောက်သူများသည် ငရဲမှလွတ်မြောက်ရန် နည်းလမ်းမရှိချေ" လို့ဆိုထားပါတယ်။*

*"တတိယအယူအဆက 'ဒဏ်ပေးခြင်း သို့မဟုတ် ပူဆွေးခြင်းအတွက် ကြားနေရာရှိသည်။ နောင်တရပြီး* ***ဆုတောင်းခြင်း***[၆] *ကိုပြုလုပ်လျှင် ထိုနေရာမှ လွတ်မြောက်၍ ထာဝရကောင်းကင်ဘုံသို့ ဝင်ရောက်ခွင့်ရနိုင်သည်' လို့ ဆိုပါတယ်။*

"ကျွန်တော်(ဘုန်းတော်ကြီးမာတင်) ဟာ ယခုစာရေးတဲ့အချိန်အထိ အမေရိကန်ပြည်ထောင်စုအတွင်းမှာသာ နေထိုင်ခဲ့ပါတယ်၊ ကျွန်တော်သိတတ်တဲ့အရွယ်ကစပြီး လူလားမြောက်တဲ့အထိ ဒုတိယအယူအဆနဲ့ သင်ကြားဆုံးမတာကို ခံယူရပါတယ်၊ ကျွန်တော့်နည်းတူ နောက်ဘဝအကြောင်းကို လေ့လာကြတဲ့သူတွေဟာ လူပြန်ဝင်စားခြင်းအကြောင်းများကို ကြိုတင်ပြီးမသိရှိခဲ့ကြပါဘူး"

အသိစိတ်ရှိနေသည့်အခါ၌ ရုပ်ဝါဒ သို့မဟုတ် ဘာသာမဲ့ဝါဒကို လက်ခံထားကြပြီး အတိတ်ဘဝ၊ နောက်ဘဝတို့၌ ယုံကြည်မှုမရှိကြသောလူများသည် ပင် နက်ရှိုင်းစွာအိပ်မွေ့ကျနေသည့်အခိုက်၌ သူတို့၏အတိတ်ဘဝများအကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ကြ၏။

အလွန်ပညာရှိသော **ပရိုတက်စတင့်**[၇] ဘာသာဝင်တစ်ဦးက အိပ်မွေ့ကျနေ

---

၁။ Consciousness
၂။ soul
၃။ resurrection
၄။ heaven
၅။ eternal hells
၆။ Prayer
၇။ Protestant

www.burmeseclassic.com

www.burmeseclassic.com



စဉ်အတွင်း၌ စိတ်ညှို့သူအား အလွန်လေးနက်သောဟိန်းသံကြီးဖြင့် "ခင်ဗျား ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရသလဲ" ဟု ပြန်မေး၏။

စိတ်ညှို့သူက "ခင်ဗျားကို ပထမဆုံးအကြိမ်မွေးဖွားလာတာ ဟုတ်သလား၊ မဟုတ်ဘူးလား" ဟုထပ်မေး၏။

ထိုလူသည် တစ်စုံတစ်ခုကို တွန်းလှန်နေရသလို ခေတ္တတုံ့ဆိုင်းနေပြီးမှ လွန်ခဲ့သည့်နှစ် ၂၀၀ ကျော်က စပိန်နိုင်ငံရှိဘုရားရှိခိုးကျောင်းတစ်ခုတွင် သူကျင်လည်ခဲ့ရသော ဘဝအကြောင်းကို ထုတ်ဖော်ပြောဆို၏။ ထိုပြောဆိုချက်ကို အသံဖမ်းယူထားလိုက်၏။

သူ့အား စိတ်ညှို့ထားခြင်းကို ဖြေလိုက်ပြီးနောက် အသံဖမ်းထားသောတိပ်ခွေကို ဖွင့်ပြ၏။ ထိုသူသည် လူဝင်စားခြင်းအကြောင်းကို နားမလည်ပါ၊ လူဝင်စားခြင်းသည် ဖြစ်နိုင်သည့်သဘောမရှိဟူ၍လည်း ယုံကြည်ထား၏။ သို့စဉ်လျက် သူ၏အတိတ်အကြောင်းကို လေးလေးနက်နက်ပြောဆိုနေသောသူ့အသံကို သူကြားရသောအခါ အထူးတလည်အံ့အားသင့်သွားလေ၏။

**ရိုမန်ကက်သလစ်** [၁] ဘာသာကို အလေးအနက်ယုံကြည်သော လုပချော့မွတ်၍ ဉာဏ်ပညာထက်မြက်သည့်အမျိုးသမီးတစ်ဦးသည် အိပ်မွေ့ကျနေစဉ်အခိုက်အတန့်၌ လူပြန်ဝင်စားခြင်းအကြောင်းကို လွတ်လွတ်လပ်လပ် သွက်သွက်လက်လက် ပြောဆိုနေ၏။ ထိုပြောဆိုချက်များကို အသံဖမ်းယူထားပြီးနောက် သူမအား ပြန်လည်ဖွင့်ပြသည့်အခါ "အောင်မယ်လေး၊ ဒီစကားလုံးတွေက ကျွန်မရဲ့ ပါးစပ်က ထွက်လာသတဲ့လား၊ ကျွန်မ ရူးနေလို့လား" ဟုပင် မှတ်ချက်ချမိလေ၏။

## ဆွစ်လုပျိုဖြူ၏ အတိတ်မိဖုရားဘဝ

ဂျီနီဗာတက္ကသိုလ်မှ **ပါမောက္ခဖလားနွိုင်း** [၂] သည် **ဆွစ်** [၃] လုပျိုဖြူတစ်ဦးကို အိပ်မွေ့ချပြီးနောက် ဤဘဝ၏အတိတ်အကြောင်းကို မေးမြန်း၏။ ထို့နောက် ရှေးအကျဆုံးနေထိုင်ခဲ့သည့်အကြောင်းကိုစဉ်းစားစေရာ အာရပ်အကြီးအကဲတစ်ဦး၏သမီးဖြစ်ခဲ့သည့်ဘဝကို သူမမှတ်မိသည်ဆို၏။

ထိုဘဝက သူမ၏နာမည်သည် **စီမန်ဒနီ** [၄] ဖြစ်၏။

ထိုဘဝကပြောဆိုခဲ့သော အာရပ်ဘာသာစကားကို ယခုဘဝအိပ်မွေ့ကျနေစဉ်အတွင်း၌ ဆွစ်လုပျိုဖြူက ပြောပြနိုင်၏။ စီမန်ဒနီအရွယ်ရောက်လာသောအခါ **ဆစ်ရူးကာ** [၅] အမည်ရှိသော ဟိန္ဒူရာဇာတစ်ဦးနှင့် အိမ်ထောင်ကျ၏။

---

၁။ Roman Catholic
၂။ Professor T.Flournoy
၃။ Swiss
၄။ Simandanee
၅။ Sivruka

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



*က အမျိုးမျိုးရှိတယ်၊ **အနောက်တိုင်းသားတို့ရဲ့ အဓိကကျတဲ့ယူဆချက်သုံးရပ်**ကို ဖော်ပြရရင် ပထမယူဆချက်က 'သေခြင်းသည် အားလုံးကိုပြီးဆုံးစေတယ်' ဆိုတာပါပဲ။*

*"ဒုတိယအချက်က **သိခြင်း**[၁] နှင့် **ဝိညာဉ်**[၂] တို့သည် လူနှင့်အတူသေဆုံးပြီး ရုပ်ကလာပ်နှင့်အတူ မြေမြှုပ်ခြင်းကိုခံရ၏။ **ရှင်ပြန်ခြင်း**[၃] နေ့ရောက်သည့်တိုင်အောင် ထိုနေရာ၌ တည်နေရ၏။ ရှင်ပြန်ခြင်းနေ့တွင် ကမ္ဘာကို စတင်ဖန်ဆင်းခဲ့သည့်နေ့မှစ၍ ထိုနေ့တိုင်အောင် ဤကမ္ဘာပေါ်တွင် နေထိုင်ခဲ့ကြသောလူသားအားလုံးတို့သည် ကုန်းပေါ်မှလည်းကောင်း၊ ပင်လယ်မှလည်းကောင်း မည်သည့်နေရာမှမဆို အဆုံးအဖြတ်ခံရန် ဘုရားသခင်ထံသို့ လာရောက်ကြ၏။ သူတို့၏လုပ်ဆောင်မှုများကို ဘုရားသခင်က စီရင်ဆုံးဖြတ်၍ အစဉ်ထာဝရတည်မြဲသော **ကောင်းကင်ဘုံ**[၄] သို့လည်းကောင်း သို့မဟုတ် မီးနှင့်ကန့်ကျောက်ပူတို့ဖြင့် ပြွမ်းနေသည့် **ထာဝရငရဲ**[၅] သို့လည်းကောင်း ထိုသူတို့အား စေလွှတ်မည်ဖြစ်၏။ "ငရဲကျရောက်သူများသည် ငရဲမှလွတ်မြောက်ရန် နည်းလမ်းမရှိချေ" လို့ ဆိုထားပါတယ်။*

*"တတိယအယူအဆက 'ဒဏ်ပေးခြင်း သို့မဟုတ် ပူဆွေးခြင်းအတွက် ကြားနေရာရှိသည်။ နောင်တရပြီး **ဆုတောင်းခြင်း**[၆] ကိုပြုလုပ်လျှင် ထိုနေရာမှ လွတ်မြောက်၍ ထာဝရကောင်းကင်ဘုံသို့ ဝင်ရောက်ခွင့်ရနိုင်သည်' လို့ ဆိုပါတယ်။*

"ကျွန်တော်(ဘုန်းတော်ကြီးမာတင်)ဟာ ယခုစာရေးတဲ့အချိန်အထိ အမေရိကန်ပြည်ထောင်စုအတွင်းမှာသာ နေထိုင်ခဲ့ပါတယ်၊ ကျွန်တော်သိတတ်တဲ့အရွယ်ကစပြီး လူလားမြောက်တဲ့အထိ ဒုတိယအယူအဆနဲ့ သင်ကြားဆုံးမတာကို ခံယူရပါတယ်၊ ကျွန်တော့်နည်းတူ နောက်ဘဝအကြောင်းကို လေ့လာကြတဲ့သူတွေဟာ လူပြန်ဝင်စားခြင်းအကြောင်းများကို ကြိုတင်ပြီးမသိရှိခဲ့ကြပါဘူး။"

အသိစိတ်ရှိနေသည့်အခါ၌ ရုပ်ဝါဒ သို့မဟုတ် ဘာသာမဲ့ဝါဒကို လက်ခံထားကြပြီး အတိတ်ဘဝ, နောက်ဘဝတို့၌ ယုံကြည်မှုမရှိကြသောလူများသည် ပင် နက်ရှိုင်းစွာအိပ်မွေ့ကျနေသည့်အခိုက်၌ သူတို့၏အတိတ်ဘဝများအကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ကြ၏။

အလွန်ပညာရှိသော **ပရိုတက်စတင့်**[၇] ဘာသာဝင်တစ်ဦးက အိပ်မွေ့ကျနေ

---

၁။ Consciousness
၂။ soul
၃။ resurrection
၄။ heaven
၅။ eternal hells
၆။ Prayer
၇။ Protestant

www.burmeseclassic.com

www.burmeseclassic.com



စဉ်အတွင်း၌ စိတ်ညှို့သူအား အလွန်လေးနက်သောဟိန်းသံကြီးဖြင့် "ခင်ဗျား ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရသလဲ" ဟု ပြန်မေး၏။

စိတ်ညှို့သူက "ခင်ဗျားကို ပထမဆုံးအကြိမ်မွေးဖွားလာတာ ဟုတ်သလား၊ မဟုတ်ဘူးလား" ဟုထပ်မေး၏။

ထိုလူသည် တစ်စုံတစ်ခုကို တွန်းလှန်နေရသလို ခေတ္တတုံ့ဆိုင်းနေပြီးမှ လွန်ခဲ့သည့်နှစ် ၂၀၀ ကျော်က စပိန်နိုင်ငံရှိဘုရားရှိခိုးကျောင်းတစ်ခုတွင် သူကျင်လည်ခဲ့ရသော ဘဝအကြောင်းကို ထုတ်ဖော်ပြောဆို၏။ ထိုပြောဆိုချက်ကို အသံဖမ်းယူထားလိုက်၏။

သူ့အား စိတ်ညှို့ထားခြင်းကို ဖြေလိုက်ပြီးနောက် အသံဖမ်းထားသော တိပ်ခွေကို ဖွင့်ပြ၏။ ထိုသူသည် လူ့ဝင်စားခြင်းအကြောင်းကို နားမလည်ပါ၊ လူ့ဝင်စားခြင်းသည် ဖြစ်နိုင်သည့်သဘောမရှိဟူ၍လည်း ယုံကြည်ထား၏။ သို့စဉ်လျက် သူ၏အတိတ်အကြောင်းကို လေးလေးနက်နက်ပြောဆိုနေသောသူ့အသံကို သူကြားရသောအခါ အထူးတလည်အံ့အားသင့်သွားလေ၏။

**ရိုမန်ကက်သလစ်**[၁] ဘာသာကို အလေးအနက်ယုံကြည်သော လုပ်ချော့မွတ်၍ ဉာဏ်ပညာထက်မြက်သည့်အမျိုးသမီးတစ်ဦးသည် အိပ်မွေ့ချနေစဉ်အခိုက်အတန့်၌ လူပြန်ဝင်စားခြင်းအကြောင်းကို လွတ်လွတ်လပ်လပ် သွက်သွက်လက်လက် ပြောဆိုနေ၏။ ထိုပြောဆိုချက်များကို အသံဖမ်းယူထားပြီးနောက် သူမအား ပြန်လည်ဖွင့်ပြသည့်အခါ "အောင်မယ်လေး၊ ဒီစကားလုံးတွေက ကျွန်မရဲ့ ပါးစပ်က ထွက်လာသတဲ့လား၊ ကျွန်မ ရူးနေလို့လား" ဟုပင် မှတ်ချက်ချမိလေ၏။

### ဆွစ်လုပ်ျဖြ၏ အတိတ်မိဖုရားဘဝ

ဂျီနီဗာတက္ကသိုလ်မှ **ပါမောက္ခဖလားနွိုင်း**[၂] သည် **ဆွစ်**[၃] လုပျိုဖြူတစ်ဦးကို အိပ်မွေ့ချပြီးနောက် ဤဘဝ၏အတိတ်အကြောင်းကို မေးမြန်း၏။ ထို့နောက် ရှေးအကျဆုံးနေထိုင်ခဲ့သည့်အကြောင်းကိုစဉ်းစားစေရာ အာရပ်အကြီးအကဲတစ်ဦး၏သမီးဖြစ်ခဲ့သည့်ဘဝကို သူမမှတ်မိသည်ဆို၏။

ထိုဘဝက သူမ၏နာမည်သည် **စီမန်ဒနီ**[၄] ဖြစ်၏။

ထိုဘဝကပြောဆိုခဲ့သော အာရပ်ဘာသာစကားကို ယခုဘဝအိပ်မွေ့ချနေစဉ်အတွင်း၌ ဆွစ်လုပျိုဖြူက ပြောပြနိုင်၏။ စီမန်ဒနီအရွယ်ရောက်လာသောအခါ **ဆစ်ရူးကာ**[၅] အမည်ရှိသော ဟိန္ဒူရာဇာတစ်ဦးနှင့် အိမ်ထောင်ကျ၏။

---

၁။ Roman Catholic
၂။ Professor T.Flournoy
၃။ Swiss
၄။ Simandanee
၅။ Sivruka

www.burmeseclassic.com

www.burmeseclassic.com



၌ သေလွန်ခဲ့ပြီးသော မာရီယယ်ပါကတ်(စ်)၏ နတ်က ဝင်ပူးပြီး ပြောဆိုနေခြင်း ပေလော။

ဤစောဒကများမှာ အခြေအမြစ်မရှိကြချေ။ မစ္စက်ဘေကာတွင် တယ်လီပသီ, နတ်အမြင်စွမ်းရည် စသည်တို့ မရှိပါ။ နတ်ဝင်ပူးသည်ဆိုလျှင် ဝင်ပူးသည့်နတ်က မိမိသီးခြားပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုလိမ့်မည်။ ဓာတ်စီးခြင်းကိုလည်း တစ်သမတ်တည်းမဖြစ်စေနိုင်ချေ။ မစ္စက်ဘေကာကို မည်သည့်နေရာ, မည်သည့်အခါ၌မဆို စိတ်ညှို့၍ အိပ်မွေ့ချလျှင် မိမိ၏ အတိတ်ဘဝ အကြောင်းကို တစ်သမတ်တည်းသာ ပြောဆိုခဲ့၏။

ထို့ကြောင့် မစ္စက်ဘေကာတွင် အတိတ်ဘဝရှိခဲ့ပြီး ထိုအတိတ်ဘဝကိုဘဝင် စိတ်မှတစ်ဆင့် သိမြင်ရသည်ဟု ယူဆခြင်းသည်သာ သဘာဝအကျဆုံးဖြစ်ပေသည်။

## ရောဂါနှင့်အတိတ်ကံကို ဆက်စပ်ပြသူ

နှစ်ဆယ်ရာစုနှစ်အတွင်း အလွန်ထူးခြားသဖြင့် ကျော်စောထင်ရှားခဲ့သော ပုဂ္ဂိုလ်တစ်ဦးမှာ အမေရိကန်ပြည်ထောင်စုမှ **အက်ဂါကေစီ**[၁] ဖြစ်၏။ သူသည် ကင်တက်ကီပြည်နယ် **ခရစ်ယာန်ခရိုင်**[၂] တွင် ၁၈၇၇ ခုနှစ်၌ မွေးဖွားခဲ့ပြီး ၁၉၄၅ ခုနှစ်၌ ကွယ်လွန်ခဲ့၏။

အရွယ်နုစဉ်က **စိတ်တင်းကျပ်မှု**[၃] ဖြင့် လည်မျိုတစ်ဆို့၍ အသံမထွက်နိုင်ချေ။ သမားရိုးကျဆေးကုထုံးများဖြင့် ကုသ၍မပျောက်ကင်းသောအခါ **စိတ်ညှို့ပြီး အကြံပြုနည်း**[၄] ဖြင့် ကုသခြင်းကို ခံယူ၏။ ဤကုသနည်းသည် ထိုစဉ်အခါက အသိအမှတ်ပြုခြင်းမခံရသော ကုထုံးတစ်ခုဖြစ်၏။

အက်ဂါကေစီသည် နက်ရှိုင်းစွာအိပ်မွေ့ကျနေသောအခါ သူ၏အသံသည် ပုံမှန်ဖြစ်လာ၏။ ထိုအခါ သူ့ရောဂါဇာစ်မြစ်ကို သူကိုယ်တိုင်ရှင်းပြ၏။ ဇီဝကမ္မဆိုင်ရာ လက္ခဏာများကို ထုတ်ဖော်ပြောဆိုပြီး ကုသရန်ဆေးညွှန်းကိုပါ ထုတ်ဖော်ပြောဆိုလိုက်၏။

အက်ဂါကေစီသည် စာအသင့်အတင့်သာ တတ်မြောက်သဖြင့် နိုးကြားနေသည့်အခါ၌ ဇီဝကမ္မဆိုင်ရာဝေါဟာရများကို မသိနားမလည်ချေ၊ ရောဂါကုထုံးများကိုလည်း သူ မသိချေ။ သို့သော် အိပ်မွေ့ကျနေစဉ်အခါက သူဖော်ပြခဲ့သော

---

၁။ Edgar Cayce
၂။ Christian County
၃။ Psycho Somatic
၄။ Hypnotic-suggestion

www.burmeseclassic.com

www.burmeseclassic.com



ဆေးညွှန်းအတိုင်း သူ့ကိုကုသသည့်အခါ သူ့ရောဂါမှာ အလျင်းပျောက်ကင်းသွားလေ၏။

သူ၏ရောဂါပျောက်ကင်းပုံမှာ အလွန်ထူးခြားသဖြင့် သူတစ်ပါးတို့အားလည်း ဆေးကုသပေးရန် အသိမိတ်ဆွေများက တိုက်တွန်းကြ၏။ အစကနဦးတွင် သူ့စွမ်းရည်ကို သူနားမလည်သည့်အတွက် သူဝန်လေးနေမိ၏။ သို့သော် သူ စမ်းကုကြည့်သောအခါ ထူးထူးခြားခြားရောဂါပျောက်ကင်းသွားသည်ကိုမြင်ကြရပြန်၏။ ထိုအခါ သမားရိုးကျကုထုံးများဖြင့် ကုသ၍မပျောက်ကင်းကြသော ရောဂါရှင်များသည် အက်ဂါကေစီထံသို့ ရောက်လာကြ၏။ ရောက်လာသမျှသော ရောဂါသည်များသည်လည်း ရောဂါပျောက်ကင်းသွားကြသည်သာဖြစ်၏။

စောစောပိုင်းတွင် စိတ်ညှို့သူတစ်ဦးက အက်ဂါကေစီအား အိပ်မွေ့ကျအောင် စိတ်ညှို့ပေးရ၏။ များမကြာမီတွင် သူ့ဘာသာသူအိပ်မွေ့ကျအောင်ပြုလုပ်နိုင်ကြောင်းကို သူသိလာ၏။ ထိုအခါ **အလိုအလျောက်စိတ်ညှို့နည်း**[၁]ဖြင့် မိမိကိုမိမိဘာသာအိပ်မွေ့ကျသွားအောင် စိတ်ညှို့ပြီးနောက် ရောဂါရှင်တစ်ဦး၏ ရောဂါလက္ခဏာများနှင့် ကုသရန်ဆေးအညွှန်းတို့ကို ပြောကြားလေ၏။ သူညွှန်ကြားသောဆေးအမည်များသည် တစ်ခါတစ်ရံတွင် သမားရိုးကျဆေးဝါးများပင်ဖြစ်ကြ၏။ သို့သော် အချိုးအစားနှင့်တွဲစပ်ပုံမှာ အလွန်ထူးခြား၏။ တစ်ခါတစ်ရံ၌ သူညွှန်ကြားသည့်ဆေးအမည်များမှာ **ဖာမကိုးပီးယား**[၂]ခေါ် စံပြဆေးကျမ်းကြီး၌ပင် မပါရှိချေ။

အက်ဂါကေစီသည် သူ၏စွမ်းရည်ကို သူအံ့သြပြီး ပထမတွင်စိုးရွံ့မိ၏။ သို့သော် လူအများအတွက် အကျိုးရှိသည်ကိုမြင်တွေ့ရ၍ ဆက်လက်ကာကုသပေး၏။ ကုသခကို တောင်းခံခြင်းမပြုသည့်အပြင် ငွေပေးသည်ကိုလည်း လက်မခံချေ။

တစ်နေ့တွင် အက်ဂါကေစီသည် အိပ်မွေ့ကျနေစဉ် မိတ်ဆွေတစ်ဦးက "လူပြန်ဝင်စားဆိုတာ တကယ်ရှိသလား" ဟု မေး၏။

"ရှိတယ်" ဟု အက်ဂါကေစီဖြေ၏။

ထို့နောက် ထိုမိတ်ဆွေက မေးခွန်းများထပ်မေးရာ အက်ဂါကေစီက ရောဂါရှင်အများစုသည် အတိတ်ဘဝ၌ မကောင်းသော **'ကမ္မ'**[၃]များကို ပြုလုပ်ခဲ့သည့်အတွက် ယခုဘဝ၌ ရောဂါစွဲကပ်နေကြရကြောင်း၊ ဤသို့ ဝိပါက်ရောဂါများဖြစ်သည့်အတွက် သာမန်ဆေးကုနည်းများဖြင့် ကုသ၍မပျောက်ကင်းခြင်းဖြစ်ကြောင်းတို့ကို ရှင်းပြ၏။

---

၁။ auto hypnosis ၂။ pharmacopoeia ၃။ Karma, Kamma

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် ဒီရောဂါသည်တို့ရဲ့အတိတ်ဘဝများကို ခင်ဗျားမြင်နိုင်တာပေါ့"

"ဟုတ်တယ်၊ ကျုပ်မြင်နိုင်တယ်"

ထိုသို့အမေးအဖြေပြုပြီးနောက် အိပ်မွေ့ကျနေခြင်းမှ သူနိုးလာသောအခါ ထိုအကြောင်းကို မိတ်ဆွေက ပြောပြ၏။ အက်ဂါကေစီက အလွန်တုန်လှုပ်သွား၏။ သူ၏စွမ်းရည်မှာ ထိန်းမနိုင်သိမ်းမရသောအခြေအနေသို့ ရောက်သွားပြီလော။ 'ကမ္မ' ဆိုသောစကားလုံးကို သူတစ်ခါမျှမကြားဖူးချေ။ လူပြန်ဝင်စားခြင်းအကြောင်းလည်း ရုပ်တုကိုးကွယ်သောဘာသာများနှင့်ဆက်စပ်၍ တစ်စွန်းတစ်စသာ သူကြားခဲ့ဖူး၏။

အတိတ်ဘဝနှင့် လူပြန်ဝင်စားခြင်းအကြောင်းများသည် သဘာဝလွန်ဖြစ်ရပ် ဖြစ်သည်။ ခရစ်ယာန်ယုံကြည်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု သူထင်မြင်မိသဖြင့် အိပ်မွေ့ချ၍ဆေးကုသခြင်းကိုစွန့်လွှတ်ရန် သူကြံရွယ်လိုက်မိ၏။ သူ့မိတ်ဆွေများက အထူးဝိုင်းဝန်းတိုက်တွန်းကြသဖြင့် သူဆက်၍ဆေးကုသပေး၏။ ရောဂါလက္ခဏာများကို အတိတ်ကံနှင့်ယှဉ်၍ ရှင်းလင်းပြောပြပြီးနောက် ဆေးအညွှန်းပေး၍ကုသသောအခါ ယခင်ထက် ပို၍အောင်မြင်သည်ကို တွေ့ရပြန်၏။

သို့အတွက် မသိစိတ်တွင် သူမြင်သိလာသောကံတရားသည် မည်သူ့ကိုမျှ အန္တရာယ်မပြုသည့်အပြင် ဘာသာရေး၏ဆန့်ကျင်ဘက်လည်း မဟုတ်သည်ကို သူသဘောပေါက်လာ၏။ ထိုအချိန်မှစ၍ သူကုသပေးသောရောဂါသည်အားလုံးတို့၏ ရောဂါလက္ခဏာများကို သူတို့၏အတိတ်ကံများနှင့်တွဲဖက်ကာ သူဟောကြားပေး၏။ မကောင်းသောကံတို့၏ မကောင်းကျိုးပေးခြင်းကို လျော့ပါးပါးဟန့်တားနိုင်ရန်အတွက်လည်း အဖိုးတန်သည့်ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်းဆိုင်ရာ လမ်းညွှန်မှုများကို သူပြောကြားပေး၏။ ထို့ကြောင့် ရောဂါသည်တို့၏ကိုယ်ခန္ဓာနှင့် စိတ်နှစ်ပါးစလုံးကို သူဆေးဝါးကုသပေးရာရောက်သည်။

ထို့နောက်တွင် အက်ဂါကေစီသည် သူ့ထံသို့ မလာရောက်နိုင်သော ရပ်ဝေးလူနာများကိုလည်း ဆေးကုသပေးနိုင်ကြောင်းကို သိမြင်လာပြန်၏။ ထိုအခါ သူ၏လုပ်ငန်းခွင်သည် အမေရိကန်ပြည်ထောင်စုတစ်ရပ်လုံးတွင်သာမက အခြားနိုင်ငံများသို့ပါ ကျယ်ပြန့်သွားတော့၏။

သူမကွယ်လွန်မီ မိတ်ဆွေများနှင့် ထောက်ခံအားပေးသူတို့က **ဗာဂျီးနီးယားဘိ(ချ်)**[၁]မြို့၌ **ကေစီဖောင်ဒေးရှင်း**[၂]ကို တည်ထောင်ကြ၏။ ၎င်းအဖွဲ့အစည်း

---

၁။ Viginia Beach ၂။ Cayce Foundation

www.burmeseclassic.com

www.burmeseclassic.com



သည် ယခုအခါ သုတေသနတစ်ခုအဖြစ် လုပ်ငန်းများကိုဆောင်ရွက်၍ အက်ဂါ ကေစီ ချန်ရစ်ပေးခဲ့သော ရောဂါရှင် ၂၀၀၀၀ ကျော်တို့၏ ဟောစာတမ်းများကို ရောဂါရှင်တို့၏ လက်ရှိအခြေအနေများနှင့် ဆက်စပ်ကာ သုတေသနပြုနေကြ၏။

အက်ဂါကေစီ၏ ကုသပေးမှုကြောင့် ထူးဆန်းစွာရောဂါပျောက်ကင်းခြင်းများနှင့် အတိတ်ဘဝဟောစာတမ်းများအကြောင်းကို စာရေးဆရာမ **ဂီနာစာမီနာရာ**[၁] သည် "Many Mansions" **(ဘဝအိုးအိမ်အကြိမ်ကြိမ်)**[၂] အမည်ဖြင့် စာအုပ်ရေးသား၍ ၁၉၅၀ ပြည့်နှစ်၌ ထုတ်ဝေလိုက်၏။ ထိုစာအုပ်သည် အချိန်အနည်းငယ်အတွင်း တစ်ကမ္ဘာလုံးသို့ ဟိုးလေးတကျော် ကျော်ကြားသွား၏။ ခုနစ်နှစ်အတွင်း ၁၀ ကြိမ်တိုင်တိုင် ပြန်လည်တည်းဖြတ်ကာ ရိုက်နှိပ်ခဲ့၏။[၃]

## ကမ္ဘာကျော်သွားသော ဘရိုက်ဒီမာဖီဇာတ်လမ်း

အမေရိကန်ပြည်ထောင်စုမှ **မစ္စဗာဂျီးနီယာတိုက်ဂီ**[၄] ကို စိတ်ပညာရှင်များသည် ၁၉၅၂ ခုနှစ် နိုဝင်ဘာလနှင့် ၁၉၅၃ ခုနှစ် ဩဂုတ်လအတွင်း ခြောက်ကြိမ်တိုင်တိုင် စိတ်ညှို့ခဲ့ကြ၏။ အိပ်မွေ့ကျနေစဉ်အခါ၌ မစ္စစ်တိုက်ဂီသည် လွန်ခဲ့သောနှစ်တစ်ရာကျော်က အိုင်ယာလန်ကျွန်း၌ ဘရိုက်ဒီမာဖီဖြစ်ခဲ့သည့်အကြောင်းကို ထုတ်ဖော်ပြောဆို၏။

ဘရိုက်ဒီမာဖီသည် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော်က အိုင်ယာလန်ကျွန်းရှိ **ဘဲလ်ဖတ်**[၅] မြို့တွင် နေထိုင်ခဲ့၏။ ထိုမြို့အတွင်းရှိ **ဖား(စ်)**[၆] နှင့် **ဂျွန်ကာရီဂန်**[၇] ဆိုင်များတွင် စားသောက်စရာများကို မှန်မှန်ဝယ်ခြမ်းခဲ့၏။ ထိုအခါက ဘဲလ်ဖတ်မြို့တွင် ဖွင့်လှစ်ထားကြသော ကြိုးကုမ္ပဏီတစ်ခုနှင့် ဆေးလိပ်ဆိုင်ကြီး တစ်ဆိုင်ကိုလည်း ဘရိုက်ဒီဖော်ပြခဲ့၏။

သုတေသီများက ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းကြသောအခါ ဘဲလ်ဖတ်မြို့စာကြည့်တိုက်ချုပ်ထံမှ ၁၈၆၅–၆၆ ခုနှစ်အတွက် **ဘဲလ်ဖတ်မြို့လမ်းညွှန်စာအုပ်**[၈] ကို ရရှိခဲ့ကြ၏။ ထိုစာအုပ်တွင် ဖား(စ်)နှင့် ဂျွန်ကာရီဂန် ဆိုင်နှစ်ဆိုင်တို့သည် စားသောက်စရာများကို ရောင်းချသောဆိုင်များဖြစ်ကြောင်း ဖော်ပြထား၏။

---

၁။ Gina Cerminara
၂။ Gina Cerminara: Many Mansions, 10th Ed, 1957.
၃။ V.F. Gunaratna: Rebirth Explained, The Wheel Publication, No.167/168/168
၄။ Mrs. Virginia Tighe
၅။ Belfast
၆။ Farrs
၇။ John Carrigan
၈။ Belfast Directory

www.burmeseclassic.com



ဘရိုက်ဒီဖော်ပြခဲ့သော ကြိုးကုမ္ပဏီနှင့် ဆေးလိပ်ဆိုင်ကြီးတို့၏ အမည်များကို လည်း ထိုစာအုပ်၌မြင်တွေ့ကြရ၏။ ဘရိုက်ဒီသည် ၁၈၆၄ ခုနှစ်၌ သေဆုံးခဲ့၏။

ထူးခြားချက်တစ်ရပ်မှာ ဘရိုက်ဒီပြောကြားခဲ့သည့် အသေးစိတ်အကြောင်း အရာ ၁၀ ချက်ကို အိုင်ယာလန်ပြည်အကြောင်း ကောင်းစွာသိရှိကြသော ပါရဂူ များက ပထမတွင် ရှာဖွေတိုက်ဆိုင်၍ မရခဲ့ကြသော်လည်း နောက်တွင် မှန်ကန် ကြောင်း သိလာရခြင်းဖြစ်၏။

နမူနာအချက်တစ်ချက်ကို ဖော်ပြရသော် ဘရိုက်ဒီက သူမ၏ခင်ပွန်းသည် ၁၈၄၇ ခုနှစ်နောက်ပိုင်း၌ ဘဲလ်ဖတ်မြို့ရှိ **ဘုရင်မတက္ကသိုလ်**[၁] တွင် ဥပဒေပညာ သင်ကြားပို့ချသည်ဟု ဆိုခဲ့၏။

သုတေသီများ၏ အယူအဆအရမူ ထိုအချိန်၌ ဘဲလ်ဖတ်မြို့တွင် ဥပဒေပညာ သင်ကြားပို့ချသည့်ကျောင်းမရှိပေ။ ၁၈၄၉ ခုနှစ်တွင် ဘုရင်မကောလိပ် ပေါ်ပေါက် လာပြီးလျှင် ၁၉၀၈ ခုနှစ်သို့ရောက်သောအခါမှသာ ဘုရင်မတက္ကသိုလ် ပေါ် ပေါက်ခဲ့၏။

ဤသုတေသီတို့၏ အယူအဆတို့ကို ကိုးကား၍ **လိုက်(ဖ်)မဂ္ဂဇင်း**[၂] သည် ဘရိုက်ဒီမာဖီ၏ ဇာတ်လမ်းမှာ ဇာတ်လမ်းမှန်မဟုတ်၊ လုပ်ကြံယူသောဇာတ်လမ်း မျှသာဖြစ်သည်ဟု ဝေဖန်ခဲ့သေး၏။

သို့ရာတွင် ဆက်လက်ပြီး သုတေသနပြုလုပ်သောအခါ သုတေသီတို့၏ အယူအဆ မှားယွင်းနေကြောင်းကို အထောက်အထားများ တွေ့လာရ၏။ **ဗစ်တို ရီယာဘုရင်မ**[၃] သည် ၁၈၄၅ ခု၊ ဒီဇင်ဘာလ ၁၉ ရက်နေ့၌ 'ဘဲလ်ဖတ်မြို့တွင် ဝိဇ္ဇာ ပညာ ဘာသာရပ်များ, ဥပဒေပညာ, သိပ္ပံပညာများကို ကျောင်းသူကျောင်းသား များ သင်အံဆည်းပူးနိုင်ကြစေခြင်းငှာ ကောလိပ်တစ်ခုကို တည်ထောင်ပေးရ မည်။ ထိုကောလိပ်ကို ဘုရင်မကောလိပ်၊ ဘဲလ်ဖတ်ဟုခေါ်တွင်စေရမည်' စသည် ဖြင့် ပြဋ္ဌာန်းခဲ့သော စာချုပ်စာတမ်းများကို တွေ့ရှိကြရ၏။ ထို့ပြင် ဘဲလ်ဖတ်မြို့ ၌ ဘုရင်မတက္ကသိုလ်ကို ၁၈၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၌ တည်ထောင် ခဲ့ကြောင်းကိုလည်း သိရှိကြရလေ၏။

ဘရိုက်ဒီမာဖီဇာတ်လမ်းကို အကြောင်းပြု၍ ထိုအချိန်၌ အတိတ်ဘဝ နောက် ဘဝရှိသည်ဟူသောသတင်းစကားသည် အမေရိကန်နိုင်ငံအနှံ့ ဟိုးလေးတကြော် ပျံ့နှံ့သွားလေ၏။ သတင်းစာ, ဂျာနယ် မဂ္ဂဇင်းများကလည်း ဘရိုက်ဒီဇာတ်လမ်း ကို ရှေ့တန်းတင်၍ ရေးသားဖော်ပြကြ၏။

---

၁။ Queen's University ၂။ Life magazine ၃။ Queen Victoria

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၆ ခုနှစ်ထုတ် "Tomorrow" **(မနက်ဖြန်)**[၁] စာစောင်၌ **ပါမောက္ခ ဒူးကတ်(စ်)**[၂] က ဘရိုက်ဒီဇာတ်လမ်းနှင့်ပတ်သက်၍ **အဆိုပြုချက်**[၃] သုံးရပ်ကို တင်ပြခဲ့၏။

(၁) မစ္စက်တိုက်ဂီသည် ဘရိုက်ဒီမာဖီဘဝမှ ကူးပြောင်းလာသူ လူဝင်စားဖြစ်၍ အတိတ်ဘဝအကြောင်းများကို မှတ်မိနေသည်။

(၂) မစ္စက်တိုက်ဂီသည် ကလေးဘဝ သို့မဟုတ် ကလေးဘဝနောက်ပိုင်း၌ အိုင်းရစ်သူ ဘရိုက်ဒီမာဖီအကြောင်းကို ဖတ်ရှုခဲ့ရပြီး ကြီးပြင်းလာသောအခါ၌ ထိုအကြောင်းကို လုံးဝမေ့ပျောက်သွားခဲ့သည်၊ စိတ်ညှို့ပြီး အိပ်မွေ့ကျနေသည့်အခါ ဘရိုက်ဒီ၏ ဇာတ်လမ်းကို သတိရလာသော်လည်း ထိုဇာတ်လမ်းကို မည်သို့သိရှိခဲ့ရသည့်အကြောင်းကိုမူ မမှတ်မိ။ ထို့ကြောင့် ဘရိုက်ဒီ၏ ဇာတ်လမ်းသည် မိမိဘဝ၏ ဇာတ်လမ်းဟူ၍ အမှတ်လွဲချော်သွား၏။

(၃) မစ္စက်တိုက်ဂီသည် အိပ်မွေ့ကျနေသည့်အခိုက်၌ ပရစိတ်ပညာတန်ခိုးရရှိလာသဖြင့် အတိတ်ကာလများ၌ ဖြစ်ပျက်ခဲ့သောအကြောင်းအရာများကို မြင်သိလာနိုင်စွမ်းရှိသည်။

ဘရိုက်ဒီ၏ ဇာတ်လမ်းအသေးစိတ်ကို အပြည့်အစုံ စုံစမ်း၍မရသေးမီကာလ၌ ပါမောက္ခဒူးကတ်(စ်)သည် နံပါတ်(၂)အဆိုပြုချက်ကို လက်ခံခဲ့၏။ ဘရိုက်ဒီ၏ ဇာတ်လမ်းအသေးစိတ်ကို မှန်ကန်ကြောင်း ဖော်ထုတ်နိုင်သောအခါ နံပါတ်(၁)အဆိုပြုချက်ဖြစ်သည့် အတိတ်ဘဝရှိသည်ဟူသော အယူအဆကို ပြောင်းလဲကာ လက်ခံခဲ့၏။

ဤအကြောင်းကို သူကိုယ်တိုင်ရေးသားသော "A Critical Examination of the Belief in a Life after Death" **(သေပြီးသည့်နောက်ဘဝရှိသေးသည်ဟူသော ယုံကြည်ချက်ကို ဝေဖန်ဆန်းစစ်ခြင်း)**[၄] စာအုပ်၌ ဝန်ခံထားပေ၏။

## တီဗွီမင်းသား ဂျွန်ရှနိုက်ဒါ၏အတိတ်ဘဝ

ရုပ်ရှင်တင့်တယ်ချောမောပြီး ယောက်ျားပီသသော မျက်လုံးပြာပိုင်ရှင် ဂျွန်ရှနိုက်ဒါသည် "Dukes of Hazard" (စွန့်စားသည့်မြို့စားများ) တီဗွီစီးရီးဖြင့်

---

၁။ Tomorrow (Vol.4, No.1, PR, 31, 33, 1856)
၂။ Professor Ducasse
၃။ hypothesis
၄။ Professor Ducasse: A Critical Examination of the Belief in a Life after Death, Springfield, Illinois; 1961.

www.burmeseclassic.com

www.burmeseclassic.com



တစ်ရှိန်ထိုးနာမည်တက်နေသူ ဖြစ်၏။ ဆယ်ကျော်သက် မြီးကောင်ပေါက်တို့ အရူးအမူးကြိုက်နှစ်သက်နေသည့် တီဗွီမင်းသားချော ဖြစ်ပေ၏။

ဂျွန်ရှနိုက်ဒါကို အမေရိကန်လူဝင်စားသုတေသနအဖွဲ့မှ သုတေသီ **ရယ်လ် ဂရော့စ်** က အိပ်မွေ့ချပြီး စမ်းသပ်ကြည့်၏။

"ဒီဘဝမတိုင်မီ ရှေးဘဝကိုကြည့်စမ်း၊ မင်းဘာမြင်ရသလဲ"

"ကယ်လီဖိုးနီးယားပြည်နယ်ဘက်မှာ ဆင်းရဲသားဝီလီယံမင်းစဖီးကိုမြင်ရတယ်၊ အသက် ၃၅ နှစ်အရွယ်လောက်ရှိမယ်။ အဝတ်အစားတွေက စုတ်စုတ်ပြတ်ပြတ် ချိုင်းပြတ်အင်္ကျီနဲ့၊ ဆံပင်အရောင်က အညို၊ မုတ်ဆိတ်မွေးမတိုမရှည်၊ အသားအရောင်က နေလောင်ခံထားရတာများလို့ ညိုမည်းနေတယ်၊ မျက်နှာပေါ်မှာ ကျောက်မီးသွေးမှုန့်တွေ ကွက်တိကွက်ကျား နဲ့၊ ဘောင်းဘီက ရစရာမရှိလောက်အောင် ဟောင်းနွမ်းနေတယ်"

"အဲဒီတုန်းက မင်းဘာအလုပ်လုပ်သလဲ"

"တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ကျောက်မီးသွေးသယ်ပို့အလုပ်သမားပါ၊ ကျောက်မီးသွေးအပြည့်နဲ့ သံလှည်းတွေကို နေပူကျဲကျဲထဲမှာ တွန်းသယ်ရတယ်"

"မင်းမှာ အိမ်ထောင်ရှိလား"

"ရှိတယ်"

"အဲဒီအချိန်ဟာ ဘယ်နှစ်ခုနှစ်လောက်လဲ၊ မင်းဘယ်လိုသေဆုံးခဲ့သလဲ"

"၁၉၀၀ ပြည့်နှစ်လောက်ပါ၊ ကျွန်တော်က ပင်ပန်းတဲ့အလုပ်တွေကို အမြဲလုပ်နေရတယ်၊ ကျောက်မီးသွေးမှုန့်တွေကိုလဲ ရှူနေရတယ်ဆိုတော့ ရင်ဘတ်ထဲက အမြဲအောင့်နေတယ်၊ အသက်ရှူရကျပ်နေတယ်၊ နှလုံးရောဂါရှိတယ်၊ အဲဒီနေ့က နေကလဲ အရမ်းပူ၊ ကျောက်မီးသွေးလှည်းတွေကိုလဲ နေပူထဲမှာ အားစိုက်ပြီး တွန်းသယ်နေရလို့ ကျွန်တော်မောဟိုက်နေတယ်၊ အသက်ရှူလို့မဝဘူး၊ ရင်ထဲက အောင့်လာပြီး ကျွန်တော်သတိမေ့သွားပါတယ်၊ ဘာမှမသိတော့ပါဘူး"

ဆင်းရဲနွမ်းပါးသည့်အလုပ်ကြမ်းသမားဘဝမှ ပျိုကညာကလေးများ၏ နှုတ်ဖျားတွင် ရေပန်းစားနေသော ရွှေမင်းသားဘဝသို့ ကူးပြောင်းလာခြင်းမှာ ဘဝကံကြမ္မာ၏ ဆန်းကြယ်မှုတစ်ရပ်ပါပေ။

## တီဗွီမင်းသမီး အဲန်းဂျူလီယံ၏အတိတ်ဘဝ

နာမည်ကျော်တီဗွီရုပ်ရှင် "It's a Living" (ဒါဟာ အသက်မွေးဝမ်းကျောင်းပဲ) တွင် ပျော်ရွှင်မြူးကြွနေသည့် 'ကယ်စီ' အဖြစ် သရုပ်ဆောင်ရာမှ အထူး လူကြိုက်များလာသော အဲန်းဂျူလီယံသည် ရွှေဝါရောင်ဆံပင်နှင့် ချစ်စဖွယ်နုပျိုလှပနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အတိတ်ဘဝကမူ မလှမပနှင့် ကြမ်းတမ်းခက်တရော်ရှိလှ၏။

သုတေသီ ရယ်လ်ဂရော်စီက အဲန်းကို အိပ်မွေ့ချပြီး အတိတ်ဘဝကို ပြောကြားစေရာ...

"၁၈ဝဝ ပြည့်နှစ်တစ်ဝိုက်လောက်မှာပေါ့၊ ကျွန်မဟာ အင်္ဂလန်နိုင်ငံမှာ ဆင်းရဲသူမကလေး ဖြစ်နေရတယ်၊ စားချင်တိုင်း မစားရ၊ ဝတ်ချင်တိုင်း မဝတ်ရ၊ သွားချင်တိုင်းလဲ မသွားရ၊ ဆန္ဒမပြည့်ဝတဲ့ ကျွန်မရဲ့ဘဝဟာ ဆင်းရဲလှပါတယ်ရှင်။

"တစ်နေ့ကျတော့ ကျွန်မဟာ မျက်စိတစ်ဆုံးကျယ်ပြန့်တဲ့ ကွင်းပြင်ကြီး စိမ်းမြမြပေါ်မှာ တစ်ယောက်တည်းမတ်တတ်ရပ်နေတယ်၊ လေပြည်ကလေးက ကျွန်မရဲ့ ဆံပင်ကို ဖွပြီးဖွပြီး ဆော့ကစားနေတယ်၊ ကျွန်မဟာ ဟိုး...အဝေးကြီးကို ကြည့်ပြီး တစ်စုံတစ်ယောက်အလာကို စောင့်မျှော်နေတာပါ၊ အဲဒီတစ်စုံတစ်ယောက်ဆိုတာ ဘယ်သူရှိပါဦးမှာလဲ၊ ကျွန်မရဲ့ချစ်သူပေါ့၊ သူလာနိုး...လာနိုးနဲ့၊ နေရောင်ဝါဝါသာ ကွယ်ပျောက်သွားတယ်၊ သူ ပေါ်မလာပါဘူး၊ အေးလေ...အစကတည်းက ကျွန်မကပဲ သူ့ကိုချစ်ခဲ့ရတာကိုး"

အဲန်း၏အသံသည် တိုး၍တိမ်ဝင်သွားပြီး ငိုရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာ၏။ ဂရော်စီသည် အဲန်းအား နှစ်သိမ့်ဖျောင်းဖျပြီး ဆက်ပြောစေ၏။

"အဲဒီတုန်းက ကျွန်မအသက် ၁၇-နှစ်ပဲရှိသေးတယ်၊ နောက်တော့ မိဘနှစ်ပါးတို့ဟာ မီးလောင်ခံရလို့သေဆုံးသွားကြတယ်၊ ကျွန်မရဲ့ဘဝဟာလဲ အထိန်းမရှိတော့ဘဲ ဖြစ်ချင်သလိုဖြစ်လာတယ်၊ ဒုစရိုက်ပြစ်မှုတွေကို မရည်ရွယ်ဘဲနဲ့ ကျူးလွန်မိတယ်၊ အသက် ၂၆ နှစ်မှာ ခိုးမှုနဲ့ထောင်ကျခဲ့ပါတယ်ရှင်။

"ထောင်က လွတ်လာတဲ့အခါ အလုပ်ကြမ်းလုပ်ရတယ်၊ ကြမ်းတိုက်ရတယ်၊ ချက်ပြုတ်ရတယ်၊ လျှော်ဖွပ်ရတယ်၊ တစ်နေ့လုံး နားရတယ်ကို မရှိဘူး၊ ဒါတောင် အိမ်ကြီးရှင်မတွေက မကျေနပ်ကြသေးဘူး"

"ကျွန်မမှာ ချောင်းဆိုးသွေးပါရောဂါလဲ စွဲကပ်နေပြီ၊ ဝမ်းဗိုက်က တင်းကျပ်ပြီး နာကျင်နေတယ်၊ လက်ဖဝါးနှစ်ဖက်စလုံးက နီရဲကြမ်းတမ်းနေကြလို့ မိန်းကလေးလက်နဲ့တောင် မတူဘူး၊ ပြီးတော့ ကျွန်မလေ သိပ်မောတာပဲ၊ ဘယ်လို မောမှန်းမသိဘူး။ ဟင်း...ဟင်း"

"ဆက်ပြောပါဦး၊ နောက်ဘာဖြစ်သေးလဲ"

"ကျွန်မကိုယ်ဝန်ရှိလာတယ်၊ ချစ်စရာသမီးကလေးကို မွေးတယ်၊ ဒါပေမဲ့ ကလေးက သက်ဆိုးမရှည်ရှာဘူး၊ ကျွန်မအသက် ၃ဝ လောက်မှာ တီဘီရောဂါက ပိုဆိုးလာတယ်၊ ပြုစုသူလဲ မရှိ၊ ဆေးဝါးလဲ မရှိ၊ ငွေလဲ မရှိ၊ ကျဉ်းမြောင်းမည်း

www.burmeseclassic.com

www.burmeseclassic.com



မှောင်တဲ့အခန်းလေးထဲမှာ ညည်းတွားနေရတယ်၊ ဒီလိုနဲ့ပဲ ကျွန်မရဲ့ဘဝဟာ အဆုံးသတ်ခဲ့ရပါတယ်ရှင်"

ယခုဘဝတွင် ဟောလီဝုဒ်မြို့ကြီး၌ ခမ်းနားထည်ဝါသောအိမ်ကြီးတွင် ဇိမ်ခံပစ္စည်းများဝန်းရံလျက် ချစ်သူများ ဝိုင်းဝိုင်းလည်လျက် ထင်ပေါ်ကျော်ကြားနေသော အဲန်းဂျူလီယံသည် လွန်ခဲ့သောနှစ် ၂၀၀ ခန့်က ဆင်းရဲသူမဘဝနှင့် ကွာချင်တိုင်း ကွာဟနေပါပကော။

ဘဝသံသရာ၏နောက်တစ်ကွေ့ဝယ် မည်သို့သောအခြေအနေမျိုးနှင့် ဆုံတွေ့ရလေဦးမည်နည်း။

## အတိတ်ဆီသို့ အုပ်စုလိုက်ခရီးထွက်ခြင်း

ယခုအခါ အာကာသလွန်းပျံယာဉ်များကို တီထွင်နိုင်ပြီဖြစ်ရာ မကြာမြင့်မီတွင် ကမ္ဘာသူကမ္ဘာသားတို့သည် အုပ်စုလိုက် အာကာသသို့ ခရီးထွက်နိုင်ကြမည်ဖြစ်သည်။

သို့ရာတွင် အာကာသခရီးထွက်ခြင်းထက် အတိတ်ဘဝဆီသို့ ခရီးထွက်ခြင်းက ပို၍အံ့သြဖွယ်ရာ ထူးဆန်းဖွယ်ရာ မှတ်သားဖွယ်ရာကောင်းပေလိမ့်မည်။

ဤအကြောင်းကြောင့် အမေရိကန်ပြည်ထောင်စုတွင် အတိတ်ဘဝဆီသို့ ခရီးထွက်လိုသူများအား ဖိတ်ခေါ်လိုက်သောအခါ အရပ်ရပ်မှလူများစွာတို့ ရောက်လာကြတော့၏။

လူစုလူဝေးအလိုက် အတိတ်ဘဝသို့ပို့ဆောင်ပေးနေသူတစ်ဦးမှာ စိတ်ပညာရှင် **ဒေါက်တာဟယ်လင်ဝမ်ဘတ်**[၁] ဖြစ်၏။ လူ ၂၀၀၀ ကျော်တို့အား စိတ်ညှို့သောနည်းဖြင့် အတိတ်ဘဝခရီးသို့ ခေါ်ဆောင်ပေးပြီးနောက် **"Recalling Past Lives, The Evidence From Hypnosis"** (အတိတ်ဘဝများကို ပြန်လည်အမှတ်ရခြင်း၊ စိတ်ညှို့ခြင်းမှအထောက်အထား) စာအုပ်နှင့် **"Life Before Life" (ဘဝမတိုင်မီ ဘဝ)**[၂] စာအုပ်တို့ကို ဒေါက်တာဝမ်ဘတ် ရေးသားထုတ်ဝေခဲ့၏

ယခုအခါ ဒေါက်တာဝမ်ဘတ်သည် အမေရိကန်ပြည်ထောင်စု၌ လူပြောသူပြော၊ လူရေး သူရေး အများဆုံးခံယူနေရသော အမျိုးသမီးတစ်ဦး ဖြစ်နေ၏။ လူများစွာတို့က သူမ၏သုတေသနကို ထောက်ခံအားပေးကြ၏။

"Life Before Life" စာအုပ်မှ ဒေါက်တာဝမ်ဘတ်၏ သုတေသနပြုပုံကို

---

၁။ Dr. Helen Wambach: Recalling Past Lives, The Evidence From Hypnosis.
၂။ Dr. H. Wambach: Life Before Life, Bantam Books, 1979.

www.burmeseclassic.com

www.burmeseclassic.com



သိသာရုံမျှ ထုတ်နုတ်တင်ပြပါအံ့။ အတိတ်ဘဝဆီသို့ စိတ်ညှို့သည့်နည်းကို စာရှုသူတို့အား မိတ်ဖွဲ့ပေးပါအံ့။

၁၉၇၈ ခုနှစ် ဇန်နဝါရီလ ... ချီကာဂိုမြို့၏ကြီးမားသောနှင်းမုန်တိုင်းကြောင့် မြေပြင်ပေါ်တွင် နှင်းပွင့်နှင်းခိုင်များ သုံးပေကျော်မြင့်အောင် ဆင့်တင်နေကြ၏။ **မိုတယ်**[၁] ခေါ် တည်းခိုအိမ်တစ်ခု၏ ခန်းမဆောင်တွင် မီးကိုမှိန်မှိန်ကလေး ထွန်းထား၏။ ကြမ်းပြင်ပေါ်၌မူ အိပ်ရာများပေါ်တွင် လဲလျောင်းနေကြသော လူ ၅၄ ယောက်။ အတိတ်ဘဝသို့ ခရီးထွက်ရန် စောင့်လင့်နေကြသည့်သူများပေတည်း။

ဒေါက်တာဟယ်လင်ဝမ်ဘတ်သည် ကုလားထိုင်တစ်လုံးပေါ်၌ ကိုယ်ကိုလျော့လျော့ထား၍ ခြေထောက်များကို တင်ပျဉ်ခွေပြီးထိုင်နေ၏။

အခန်းတစ်ခန်းလုံး တိတ်ဆိတ်လျက်ရှိ၏။ အနွေးဓာတ်ပေးစက်၏ လည်ပတ်နေသောအသံကိုသာ သဲ့သဲ့ကလေးကြားနေရ၏။ **'မွေးဖွားချိန်သို့ခရီး'**[၂] အတွက် စိတ်ညှို့ခြင်းကို ဒေါက်တာဝမ်ဘတ်စတင်လေပြီ။

"တစ်ကိုယ်လုံးကို ဖြေလျော့ထားပါ၊ မျက်စိမှိတ်ထား၊ မျက်စိမှိတ်ထားရတာ ကောင်းတယ်၊ ရှင့်မျက်နှာက ကြွက်သားတွေဟာ ပြေလျော့လာကြပြီ၊ မေးရိုးကြွက်သားများလဲ လျော့ဆင်းလာကြပြီ၊ မေးရိုးကြွက်သားများ ပြေလျော့သွားတဲ့အတွက် ရှင့်ရဲ့လျှာဟာ ပါးစပ်အောက်ခံဆီသို့ ကျသွားပြီ။

"ကြွက်သားပြေလျော့ခြင်းဟာ မေးကနေ လည်ပင်းဘက်ကို ကူးစက်သွားပြီ၊ အခုပခုံးကြွက်သားများလဲ ပြေကျလာကြပြီ၊ လက်မောင်းကြွက်သားတွေ ဆက်ပြီး ပြေလျော့နေကြတယ်၊ လက်ဖျံတစ်လျှောက် ကြွက်သားပြေလျော့လာတယ်၊ လက်ချောင်းများက ကြွက်သားတွေလဲ ပြေကျကုန်ပြီ၊ ကြွက်သားတွေ နက်ရှိုင်းစွာ ပြေလျော့ကုန်လို့ ငြိမ်းချမ်းနေပြီ။

"ပြေလျော့ခြင်းဟာ ပခုံးကနေပြီး ကျောပြင်တစ်လျှောက်၊ ရင်အုပ် တစ်လျှောက် အောက်ဘက်ကို ရွေ့ဆင်းနေကြတယ်၊ ခါးအထိ တင်ပါးအထိ ကြွက်သားတွေ လျော့ဆင်းလာကြပြီ၊ ပေါင်နှစ်ဖက်လုံးမှာ ကြွက်သားတွေ လျော့ဆင်းနေတယ်၊ ဒူးခေါင်းအထိ ပြေလျော့သွားပြီ၊ ခြေသလုံးများမှာ ကြွက်သားပြေဆင်းနေတယ်၊ ခြေမျက်စိအထိ ရောက်လာပြီ၊ ခြေချောင်းတစ်လျှောက် ပြေဆင်းသွားပြီ၊ ကျွန်မ တစ်ဆယ်အထိ ရေတွက်မယ်၊ ဒီအချိန်မှာ ရှင့်ရဲ့ကြွက်သားများဟာ ပိုပြီးနက်နက်ရှိုင်းရှိုင်း ပြေလျော့သွားကြမယ်"

---

၁။ motel ၂။ Birth Trip

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟယ်လင်ဝမ်ဘတ်သည် ခေတ္တရပ်နားလိုက်ပြီး အခန်းတွင်းရှိ သူအားလုံးတို့အား စိတ်ဖြင့်မေတ္တာပို့သနေ၏။ သူတို့အား ပိုမိုနက်ရှိုင်းသောသူတို့၏ မှတ်ဉာဏ်ဆီသို့ ခေါ်ဆောင်သွားရမည်ဖြစ်၍ သူတို့အားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာနေဖို့လို၏။

ထိုအခိုက် အစွန်နားမှလူတစ်ဦးက စိုးရိမ်ပူပန်နေသည်ကို တယ်လီပသီသဘောအရ ဒေါက်တာဝမ်ဘတ် သိလိုက်၏။ ထို့ကြောင့် ထိုလူအား စိတ်ပူပန်စရာမရှိ စိတ်အေးအေးထားရန် စိတ်ဖြင့်ညွှန်ကြားလိုက်၏။

ဒေါက်တာဝမ်ဘတ်သည် တယ်လီပသီသတ္တိကို ဒိဋ္ဌတွေ့မြင်ရမှ ယုံကြည်မည့်လူစားဖြစ်သည်။ သို့သော် သူနှင့်အစမ်းသပ်ခံပုဂ္ဂိုလ်များသည် စိတ်ကောင်းစွာ ဖြေလျှော့နေကြသည့်အချိန်၌ တယ်လီပသီသတ္တိဖြင့် ဆက်သွယ်နိုင်လာကြသည်ဟု သူယုံကြည်၏။

ဒေါက်တာဝမ်ဘတ်၏အသံသည် လေးနက်စွာပေါ်ထွက်လာပြန်၏။

"တစ်...ပိုနက်ရှိုင်းပါ၊ နှစ်...ပိုပြီးဖြေလျှော့ပါ၊ သုံး...လေး...ငါး...ခြောက် ခုနစ်...ရှစ်...ကိုး...တစ်ဆယ်..."

အခန်းညာဘက်ထောင့်မှလူတစ်ယောက်၏ ချောင်းဆိုးသံ ထွက်ပေါ်လာ၏။ ဒေါက်တာဝမ်ဘတ်၏အသံကလည်း အလိုက်သင့်ပြောင်းလဲသွား၏။

"အနေခက်မှုမှန်သမျှဟာ ရှင့်ရဲ့အသိစိတ်မှ ထွက်ခွာသွားလိမ့်မယ်၊ ရှင့်ရဲ့ ကြွက်သားအားလုံးဟာ ပြေလျှော့နေကြတယ်"

ချောင်းဆိုးသံ ရပ်သွား၏။ ဒေါက်တာဝမ်ဘတ်ဆက်ပြော၏။

"ရှင့်ရဲ့ခန္ဓာကိုယ်ဟာ နက်ရှိုင်းစွာပြေလျှော့နေပြီ၊ ဒါပေမဲ့ ရှင့်စိတ်ဟာ ထူးထူးခြားခြား နိုးကြားနေတယ်၊ ရှင့်မှတ်ဉာဏ်ထဲသို့ ရှင်လွယ်ကူစွာဝင်ရောက်သွားနိုင်တယ်၊ အခုရှင့်ရဲ့မှတ်ဉာဏ်ထဲကို ဝင်ပါ၊ ရှင်အသက် ၁၃ နှစ်နဲ့ ၁၈ နှစ်အတွင်းက ရိုက်ကူးခဲ့တဲ့ဓာတ်ပုံတစ်ပုံကို အာရုံပြုပါ။ သေသေချာချာကြည့်ပါ၊ ဘာဝတ်စုံဝတ်ထားသလဲ၊ အဲဒီဝတ်စုံကို ရှင်ကြိုက်ရဲ့လား"

ဤသို့ညွှန်ကြားလိုက်လျှင် စိတ်ညှို့ခံရသူသည် ၁၃ နှစ်မှ ၁၈ နှစ်အရွယ်အတွင်းက ရိုက်ကူးခဲ့သည့် ဓာတ်ပုံတစ်ပုံကို ဖျတ်ခနဲမြင်လိုက်မည်ဖြစ်၏။ အာရုံစူးစိုက်ကြည့်လိုက်သောအခါ ပုံကိုပြတ်ပြတ်သားသားမြင်လာရ၏။

"ကဲ...အခု မှတ်ဉာဏ်ထဲကို တစ်ဆင့်ပိုနက်အောင် ဆင်းသက်ရမယ်၊ ရှင်အသက်ခြောက်နှစ်နဲ့ ၁၂ နှစ်အရွယ်အတွင်းမှာ ရိုက်ကူးထားတဲ့ဓာတ်ပုံတစ်ပုံကို အာရုံပြုစမ်း၊ အဲဒီပုံကိုရိုက်ယူတုန်းက ရှင်ဘယ်မှာရှိနေသလဲ၊ အဲဒီနေရာကို ပိုပြီး ရှင်းရှင်းမြင်ရအောင် ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဤအခါ စိတ်ညှို့ရသူသည် ဓာတ်ပုံကိုလည်းကောင်း၊ ဓာတ်ပုံရိုက်ယူခဲ့သည့် နေရာကိုလည်းကောင်း မြင်လာလေ့ရှိ၏။ ဒေါက်တာဝမ်ဘတ်ကိုယ်တိုင်လည်း သူတစ်ပါးအား အမိန့်ပေးရင်းနှင့် မိမိ၏ ဓာတ်ပုံနှင့် ထိုဓာတ်ပုံအရိုက်ခံခဲ့သည့် နေရာကို မြင်တွေ့လာ၏။

"ရှင်ဟာ အခုစတုတ္ထတန်းကို ရောက်နေတယ်၊ စာသင်ခန်းထဲမှာ ရှင်ထိုင်နေတယ်၊ ဆရာမကို ရှင်မေးခွန်းတစ်ခု မေးချင်နေတယ်၊ ဆရာမရဲ့နာမည်ကို ရှင်မှတ်မိပြီလား"

## ကလေးဘဝ ပျော်မြူးစွ

"ကဲရှင့်ရဲ့မှတ်ဉာဏ်ထဲကို နောက်တစ်ဆင့်ဆင်းပါဦး၊ ရှင့်အသက် တစ်နှစ်နဲ့ ငါးနှစ်အတွင်းမှာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို အာရုံပြုစမ်း၊ အဲဒီကလေးရဲ့မျက်လုံးများကို ကြည့်စမ်း၊ အဲဒီကလေးဟာ ရှင်ပဲဆိုတာ မှတ်မိရဲ့လား၊ အခုရှင်ဟာ သုံးနှစ်အရွယ်ကလေးဖြစ်နေတယ်၊ ရေချိုးစည်ထဲမှာ ရေတွေကို ဆော့ကစားနေတယ်၊ ရှင့်ရဲ့ခြေထောက်တွေ လက်တွေကို ကြည့်စမ်း၊ ခန္ဓာကိုယ် သေးသေးနဲ့ ကလေးဖြစ်နေတာကို ရှင်ဘယ်လိုခံစားမိသလဲ"

စိတ်အညှို့ခံပုဂ္ဂိုလ်များသည် ဤကလေးဘဝကို အလွန်နှစ်သက်ကြ၏။ ပျော်ရွှင်မြူးထူးစွာ ကစားနေသည်ကို ပြန်လည်ခံစားကြရ၏။ ကြာရှည်စွာဆက်လက်ခံစားနေချင်ကြ၏။ သို့သော် စိတ်ညှို့သူ၏ ညွှန်ကြားချက်က တစ်မျိုးထွက်လာပြန်၏။

## ခန္ဓာကိုယ်ပ အတွေ့အကြုံ

"အခု ရှင့်ခန္ဓာကိုယ်ဟာ ကြမ်းပြင်ပေါ်မှာ လေးလံစွာလဲလျောင်းနေတယ်၊ နက်ရှိုင်းစွာပြေလျော့နေတယ်၊ ရှင့်ကိုယ်ဟာ လေးအားကြီးလွန်းလို့ ကြမ်းပြင်ထဲကို နစ်ဆင်းနေသလို ထင်ရတယ်၊ ဒါပေမဲ့ ရှင့်စိတ်က လွတ်လပ်ပြီးပေါ့ပါးနေတယ်၊ လွင့်မျောနေတယ်၊ နိုးကြားနေတယ်၊ အပ်ဖျားကလေးလို ပေါင်းစုနေတယ်၊ အခုရှင့်စိတ်ဟာ ခန္ဓာကိုယ်နဲ့ဝေးရာ မျက်နှာကြက်ဆီသို့ လွင့်တက်လာပြီ၊ မီးမှိန်မှိန်လင်းနေတာကို ရှင်မြင်နေရတယ်၊ အခန်းထဲကလူတွေကိုလဲ အပေါ်ကနေ စီးကြည့်ပြီး ရှင်မြင်နေရတယ်၊ မြင်တယ်နော်"

ဒေါက်တာဝမ်ဘတ်၏ အစမ်းသပ်ခံလူများစွာတို့က ခန္ဓာကိုယ်ပအတွေ့အကြုံကို ခံစားရကြောင်း၊ အလွန်ပျော်ဖွယ်ကောင်းကြောင်းတို့ကို ပြောပြခဲ့ကြ၏။ သို့အတွက် လမ်းညွှန်မှုဖြင့် စိတ်ကူးယဉ်နိုင်ကြမည့်ခရီးတစ်ထောက်ကို ဒေါက်တာဝမ်ဘတ်သည် ဆက်လက်ပြီး ထည့်သွင်းညွှန်ကြားပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အခု ရှင်ဟာ အခန်းပြင်ပသို့လွင့်တက်နေပြီ၊ ရှင်ဟာ မီးခိုးလိုပဲ အကောင်အထည်မရှိဘူး၊ ဒီအဆောက်အအုံရဲ့ ခေါင်မိုးကို ဖြတ်သန်းပြီး ကြည်လင်တဲ့ ညဥ့်ကောင်းကင်ထဲကို ရောက်သွားပြီ၊ ကြယ်ကလေးများက ထွန်းလင်းနေကြတယ်၊ လမင်းကလဲ ထိန်ထိန်သာနေတယ်၊ အောက်ဘက်မှာတော့ ချီကာဂိုမြို့ကြီးကို နှင်းစိုင်တွေ ဖုံးလွှမ်းထားတယ်၊ ရှင်ဟာ အထက်ဘက်ကိုဆက်ပြီး လွင့်တက်နေတယ်၊ ကတ္တီပါနက်လို မှောင်မိုက်နေတဲ့ အာကာသထဲကို ရှင်ရောက်နေပြီ၊ ရှင်ဟာ အလွန်အံ့သြဖွယ်ကောင်းအောင် ပေါ့ပါးပြီး လွတ်လပ်နေတယ်၊ အထက်ဘက်ဝေးရာဆီသို့ တစ်ဟုန်ထိုးရွေ့သွားနေတယ်"

ဒေါက်တာဝမ်ဘတ်၏ အတွေ့အကြုံအရ ဤအဆင့်၌ အစမ်းသပ်ခံပုဂ္ဂိုလ်အချို့သည် အိပ်ပျော်သွားကြလိမ့်မည်။ သို့ဖြစ်လင့်ကစား မွေးဖွားစဉ်က အတွေ့အကြုံကို ခံစားနိုင်ရန်အတွက် နက်ရှိုင်းသမျှနက်ရှိုင်းစွာ စိတ်ညှို့ပေးရန်လိုအပ်သဖြင့် ဤသို့ညွှန်ကြားနေခြင်း ဖြစ်၏။

"ရှင့်ရဲ့အသိစိတ်ဟာ ကျွန်မဆက်ပြောမယ့်စကားကို နားလည်မှာမဟုတ်ဘူး၊ ရှင့်ရဲ့မသိစိတ်နဲ့ ကျွန်မစကားပြောမယ်၊ ရှင့်ဦးနှောက်လှိုင်းရဲ့လှုပ်စစ်ပိုတင်ရှယ်ကို **တစ်စက္ကန့် ငါးပတ်နှုန်း**[၁] သို့ လျှော့ချပါ၊ ဒီလိုနက်ရှိုင်းပြီးနှေးကွေးတဲ့ လှိုင်းဖြစ်ပေါ်နေတဲ့အခြေအနေမှာ ရှင့်မှတ်ဉာဏ်ရဲ့ ပိုမိုနက်ရှိုင်းတဲ့အစိတ်အပိုင်းထဲကို ရှင်ဝင်ရောက်နိုင်လိမ့်မယ်၊ ကျွန်မ ငါးအထိရေတွက်တဲ့အချိန်အတွင်းမှာ ရှင့်ဦးနှောက်လှိုင်းရဲ့လှုပ်ရှားမှုဟာ တစ်စက္ကန့်ငါးပတ်နှုန်းသို့ ရောက်သွားလိမ့်မယ်၊ တစ်...ပိုနက်ရှိုင်းပါ၊ နှစ်...ပိုပြီး ဖြေလျှော့ပါ၊ သုံး...လေး...ငါး..."

ဒေါက်တာဝမ်ဘတ်သိက္ခမ်းသော သုတေသီတို့၏ စမ်းသပ်ချက်အရ လူတစ်ဦး၏ ဦးခေါင်းကို **စီဝအချက်ပြန်ပို့စက်**[၂] နှင့် ဆက်သွယ်ထားသည့်အခါ တစ်စက္ကန့်လျှင် ၁ မှ ၄ ပတ်အထိ ဦးနှောက်လှိုင်း၏ လှုပ်ရှားမှုရှိနေစဉ် ထိုလူသည် သူပြောဆိုခဲ့သောစကားများကို သူနိုးလာသည့်အခါ၌ ပြန်အမှတ်မရသေးချေ။ ထိုလူသည် 'အိပ်ပျော်နေသည်' ဟု ဆိုရပေလိမ့်မည်။ ဤအခြေအနေသို့ ဆိုက်ရောက်နေသောလူအား မေးမြန်းခြင်းပြုလျှင် ထူးဆန်းသောအဖြေများကို ပြန်ပြော၏။ မသိစိတ်မှထုတ်ဖော်ပြောနေခြင်းဖြစ်၏။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ညဥ့်လယ်၌ကြီးကျယ်သောအကြံကောင်းတစ်ခုကို ထိုးထွင်းသိရှိပြီးနောက် ရုတ်တရက် နိုးလာကြ၏။ မကြာမီ ထိုအသိဉာဏ်တဖြည်းဖြည်းပြန်မေးမှိန်သွားသည်ကို ကြုံဖူးကြပေလိမ့်မည်။ ဤကား ထိုမသိစိတ်နယ်မှရရှိလိုက်သော ထိုးထွင်းဉာဏ် ဖြစ်ပေလိမ့်မည်။

---

၁။ 5 cycles per second ၂။ bio-feedback machine

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝမ်ဘတ်သည် သူ့လူများအား ဦးနှောက်လှိုင်းအနည်းဆုံးအခြေ အထိ အိပ်မွေ့ချထားလို၏။ သို့သော် နိုးလာသောအခါ သူတို့၏ ခံစားချက်များ ကို ပြန်လည်အမှတ်ရစေလို၏။ သို့အတွက် ဦးနှောက်လှိုင်း၏ လှုပ်ရှားမှုကို တစ် စက္ကန့်လျှင် ငါးပတ်နှုန်း၌ တည်ရှိစေခြင်းဖြစ်၏။

ဒေါက်တာဝမ်ဘတ်၏ညွှန်ကြားသံ ဆက်လက်ထွက်ပေါ်လာပြန်၏။

## သန္ဓေသား၏အတွေ့အကြုံ

"အခု ရှင့်ကိုမမွေးဖွားမီ အမေဗိုက်နာနေတဲ့အချိန်ကို စဉ်းစားပါ၊ အခုဘဝ လူလာဖြစ်ဖို့ကို ရှင်ကိုယ်တိုင်ရွေးချယ်ခဲ့တာလား၊ တစ်စုံတစ်ယောက်က ရှင့်ကို ရွေးချယ်ဖို့ ကူညီပေးခဲ့တာလား၊ အဲဒီပုဂ္ဂိုလ်နဲ့ ရှင်နဲ့ဟာ ဘယ်လိုတော်စပ်ကြ သလဲ"

ဒေါက်ဟာဝမ်ဘတ်က မေးခွန်းတစ်ခုစီကို ဖြေကြားရန် အချိန်ငါးစက္ကန့် သာ ခွင့်ပြု၏။ ဤအချိန်အတွင်း၌ အဖြေသည် အညို့ခံပုဂ္ဂိုလ်၏ စိတ်၌ ဖျတ်ခနဲ ပေါ်လာလိမ့်မည်။ ဤအချိန်ထက် ပိုကြာသွားလျှင် အသိစိတ်က ဝင်ရောက် နှောင့်ယှက်လိမ့်မည်။ အသိစိတ်၏ အဖြေသည် မှန်းထားသောအဖြေသာဖြစ်မည်။ မသိစိတ်၏ အဖြေသာလျှင် အမှန်ဖြစ်နိုင်သည်။

"ဒီဘဝမှာ ယောက်ျား သို့မဟုတ် မိန်းမအဖြစ်ကိုရဖို့ ရှင်ရွေးချယ်ခဲ့တာ လား၊ ဒီဘဝလူလာဖြစ်တာ ရှင်ဘာရည်ရွယ်ချက်ထားခဲ့သလဲ၊ ယခုဘဝ မိခင်ကို အတိတ်ဘဝက ရှင်သိခဲ့သလား၊ သိခဲ့ရင် ဘယ်လိုတော်စပ်ခဲ့သလဲ၊ ယခုဘဝဖခင် ကိုကော အတိတ်ဘဝက ရှင်သိခဲ့သလား၊ သိခဲ့ရင် ဘယ်လိုတော်စပ်ခဲ့သလဲ၊ ယခု ဘဝမှာ သိကျွမ်းရတဲ့လူတွေအထဲမှာ အတိတ်ဘဝက သိခဲ့တဲ့လူတွေ ပါသလား၊ သူတို့နဲ့ အတိတ်ဘဝမှာ ဘယ်လိုတော်စပ်ခဲ့သလဲ"

"အခု ရှင့်ကိုမမွေးဖွားမီအချိန်ကလေးမှာ ရှင့်ရဲ့သန္ဓေသားအဖြစ်ကို အာရုံ ပြုပါ၊ ရှင်ဟာ သန္ဓေသားထဲမှာရှိတယ်လို့ ခံစားရသလား၊ သန္ဓေသားအပြင်ဘက် မှာ ရှိတယ်လို့ ခံစားရသလား၊ ဒါမှမဟုတ် သန္ဓေသားထဲကို ထွက်လိုက်ဝင်လိုက် ပြုနေသလား၊ မမွေးမီ ရှင့်မိခင်ရဲ့သဘောထားနဲ့ ခံစားချက်ကို ရှင်သိသလား"

"အခု ရှင်ဟာ မွေးဖွားတဲ့လမ်းကြောင်းအတိုင်း ဆင်းလာပြီ၊ သင် ဘာဝေ ဒနာမှ မခံစားရဘူး၊ ဒါပေမဲ့ ခံစားချက်တွေကို ရှင်သိလိမ့်မယ်၊ ရှင်ဘယ်လိုခံစား ခဲ့ရသလဲ၊ မွေးဖွားခန်းထဲမှာရှိတဲ့ အခြားလူတွေရဲ့သဘောထားတွေကိုကော ရှင် သိသလား"

မွေးဖွားသည့်အခိုက်မှာ ဝေဒနာမခံစားရဘူးဟု ကြိုတင်၍မညွှန်ကြားထား

www.burmeseclassic.com

www.burmeseclassic.com



လျှင် စိတ်အညှို့ခံသူသည် မွေးဖွားစဉ်အတိုင်း ပြင်းထန်စွာဝေဒနာခံစားလာရ တတ်၏။

ထို့အပြင် မွေးခန်းထဲရှိလူများ၏ သဘောထားကို သိ,မသိ မေးမြန်းခြင်းမှာ အချို့မေ့ဆေးဖြင့် ခွဲစိတ်ခံလူနာများသည် ဆရာဝန်များ၏ လှုပ်ရှားမှုကို သိမြင်နေကြသောကြောင့်ဖြစ်၏။ ခန္ဓာကိုယ်ပြင်ပအနေအထားဖြင့် သိနိုင်, မသိနိုင် စုံစမ်းခြင်း ဖြစ်၏။

"အခု ရှင်မွေးဖွားခန်းထဲမှ ထွက်ခွာနေပြီ၊ ရှင်ဟာ အထက်ဘက်ကို လွင့်တက်နေပြီ၊ ကောင်းကင်ထဲနဲ့ တိမ်တိုက်ထဲကို ရောက်လာပြီ၊ ရှင် တိမ်တိုက်ပေါ် တက်ပြီး လက်ဆန့်တန်းလိုက်ပါ၊ အပန်းဖြေလိုက်ပါ၊ ဝေဒနာနဲ့ အနေခက်မှုတွေကို သိနေတဲ့အသိဟာ ရှင့်ထဲမှထွက်ခွာသွားလိမ့်မယ်၊ ကျွန်မငါးအထိရေတွက်ချိန်မှာ ရှင်ဟာပိုပြီး တည်ကြည်အေးချမ်းလာလိမ့်မယ်၊ ရှင့်ခန္ဓာကိုယ်စနစ်ဟာ ပုံမှန်အတိုင်းဖြစ်လာမယ်၊ မွေးဖွားရာသို့ ရှင်ခရီးထွက်ခဲ့တဲ့အတွက် ရှင့်ရဲ့ကိုယ်စိတ်နှစ်ပါးမှာ မခံချိမခံသာတာတွေ ဘာမှမရှိဘူး"

"ရှင့်ကိုယ်ဟာ ပြေလျော့နေတယ်၊ ရှင့်စိတ်ဟာ လွတ်လပ်စွာလွင့်မျောနေတယ်၊ ရှင့်ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိပြီး အေးချမ်းတာကို ရှင်ခံစားနေရတယ်၊ တစ်...ပိုနက်ရှိုင်းပါ၊ နှစ်...ပိုပြေလျော့ပါ၊ သုံး...လေး...ငါး...၊ ရှင်ဟာ ရှင့်တိမ်လုံးပေါ်မှာ လွင့်မျောနေတယ်၊ ရှင့်ပတ်ဝန်းကျင်မှာ လှပတဲ့အဖြူရောင်အလင်းရှိတယ်။ အလင်းစွမ်းအားရဲ့လှိုင်းများက ရှင့်ကိုယ်စိတ်နှစ်ပါးသို့ ပေါ့ပါးခြင်း, ငြိမ်းချမ်းခြင်းနဲ့ တည်ကြည်ခြင်းတို့ကို ယူဆောင်လာကြတယ်"

"အခုလက်ရှိနေရာသို့ ပြန်ပို့ဖို့အချိန်ရောက်ပြီ၊ ရှင်နိုးလာတဲ့အခါ ကျွန်မမေးခွန်းများမေးစဉ်က ရှင့်စိတ်ထဲမှာ ဖြတ်သန်းပေါ်လာကြတဲ့ အဖြေများကို ရှင်ကောင်းကောင်းမှတ်မိလိမ့်မယ်၊ ကျွန်မမေးခွန်းလွှာကမ်းပေးတဲ့အခါ အဲဒီအဖြေများကို အခက်အခဲမရှိဘဲ ရှင်ရေးသွင်းနိုင်လိမ့်မယ်"

"အခု ရွှေရောင်စွမ်းအင်အလုံးတစ်လုံးဟာ အာကာသမှာ ထွန်းတောက်နေတယ်လို့မြင်ပါ၊ အဲဒီအလုံးက စွမ်းအင်တွေဟာ လေထုကို ဖြတ်သန်းပြီး ရှင့်ဦးခေါင်းထက်သို့ ကျဆင်းလာတယ်လို့မြင်ပါ၊ အဲဒီစွမ်းအင်ဟာ ရှင့်ခန္ဓာကိုယ်ထဲကို ဝင်ရောက်လာလို့ ရှင်အားရှိပြီး ရွှင်လန်းလာမယ်၊ ရှင်ဟာ အားရကျေနပ်လာမယ်"

"တစ်...စွမ်းအင်တွေဟာ ရှင့်ဦးခေါင်းသရဖူမှ ဝင်ရောက်လာပြီ၊ နှစ်...စွမ်းအင်ဟာ ရှင့်မျက်နှာပေါ်မှာ ပျံ့နှံ့သွားပြီ၊ သုံး...လည်ပင်းတစ်လျှောက် ဆင်းပြီး ပခုံးများဆီသို့ ရောက်လာပြီ၊ လေး...လက်မောင်းလက်ဖျန်တို့မှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းများအထိ စွမ်းအင်စီးဆင်းနေပြီ၊ ငါး…ရှင့်ရဲ့ကျောပြင်ရင်အုပ်တို့မှ တစ်ဆင့် ခါးဘက်သို့ဆင်းလာပြီ၊ ခြောက်…တင်ပါးဆုံကို ရောက်ပြီ၊ ခုနစ်… စွမ်းအင်ဟာ ပေါင်ကြွက်သားများအတိုင်း စီးဆင်းပြီး ဒူးခေါင်းရောက်ပြီ၊ ရှစ်… စွမ်းအင်ဟာ ခြေသလုံး၊ ခြေဖမိုး၊ ခြေချောင်းများအထိ ပျံ့နှံ့သွားပြီ၊ ကိုး…ရှင့် ခန္ဓာဟာ တက်ကြွနေတဲ့စွမ်းအင်နဲ့တကွ အသက်ဝင်လှုပ်ရှားလာပြီ၊ ရှင်နိုးဖို့ အသင့်ဖြစ်ပြီ၊ လန်းဆန်းပြီးတက်ကြွတဲ့ ခံစားမှုကို ရရှိနေတယ်၊ တစ်ဆယ်… မျက်စိဖွင့်ပါ၊ ရှင်နိုးနေပြီ"

ဤကား စိတ်ညှို့နည်းဖြင့် မွေးဖွားသည့်အချိန်သို့ ခရီးထွက်ခြင်း ဖြစ်၏။ အလားတူပင် အတိတ်ဘဝများဆီသို့ ခရီးထွက်ခြင်းအတွက် စိတ်ညှို့ပေးနိုင်၏။ စမ်းသပ်ခြင်း ပြီးဆုံးသောအခါ ဒေါက်တာဝမ်ဘတ်က မေးခွန်းများနှင့်တကွ ဖြေကြားရန် စာရွက်များကို ဝေငှပေးလိုက်၏။ အတိတ်ခရီးသို့ထွက်ခဲ့ရသော ပရိသတ်သည် ဝမ်းမြောက်ရွှင်လန်းစွာ အဖြေလွှာများကို ဖြည့်သွင်းပြီး ပြန်ပေးအပ်ကြ၏။ ထူးခြားသောခံစားမှုများအတွက် ဒေါက်တာဝမ်ဘတ်အား ကျေးဇူး တင်ကြ၏။

ငွေကုန်ကြေးကျမရှိဘဲ ယခုဘဝ၏ အတိတ်ဆီသို့လည်းကောင်း၊ အတိတ်ဘဝများဆီသို့လည်းကောင်း ခရီးထွက်ရခြင်းသည် ပျော်စရာမကောင်းပါလား။

## သူတေသန၏အဖြေများ

ဒေါက်တာဝမ်ဘတ်သည် လူစုပေါင်းများစွာကို စိတ်ညှို့ခဲ့ပြီးဖြစ်ရာ သူတို့ ဖြေကြားသောအဖြေများကို ဆန်းစစ်လျက်ရှိ၏။ အချို့အဖြေများသည် စိတ်ဝင်စားဖွယ်ကောင်း၏။

"ယခုဘဝလူဖြစ်လာဖို့ကို ရှင်ရွေးချယ်ခဲ့သလား"ဟူသောမေးခွန်းကို ဖြေကြားသည့်လူ ၈၀ ရာခိုင်နှုန်းက ရွေးချယ်ခဲ့သည်ဟု ဆို၏။ ကျန်လူများက ပြတ်သားသောအဖြေ မပေးနိုင်ကြချေ။

"ထိုသို့ရွေးချယ်ရာမှာ တစ်စုံတစ်ယောက်က ရှင့်ကိုကူညီခဲ့သလား"ဟူသော မေးခွန်းကို အားလုံးကပင် ကူညီသူရှိသည်ဟုဖြေကြ၏။ အချို့က ဖခင်သို့မဟုတ် မိခင်က ကူညီသည်၊ အချို့က ဆွေမျိုးများက ကူညီသည်ဟု ပြောကြ၏။ ထူးဆန်းသည်မှာ ၀ ဒသမ ၄ ရာခိုင်နှုန်းမျှသောလူတို့ကသာ ဘုရားသခင် သို့မဟုတ် နတ်များက ကူညီသည်ဟု ဖြေကြား၏။

"ယောက်ျား သို့မဟုတ် မိန်းမဖြစ်ဖို့ ရှင်ရွေးချယ်ခဲ့သလား"ဟူသောမေးခွန်း အတွက် လေးပုံတစ်ပုံခန့်က မရွေးချယ်ပါဟု ဖြေကြ၏။ အချို့က ထူးချွန်သူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ယောက်ျားအဖြစ်ကို ရွေးချယ်ခဲ့ကြသည်ဟုဆို၏၊ အချို့က လှချင်လို့ ပျော်ချင်လို့ သူတစ်ပါးကို ကူညီချင်လို့ မိန်းမအဖြစ်ကို ရွေးချယ်ခဲ့ကြသည်ဟု ဆို၏။

"ဒီဘဝ လူဖြစ်လာတာ ဘာရည်ရွယ်ချက်ထားခဲ့သလဲ"

ဤမေးခွန်းကို အမျိုးမျိုးဖြေကြ၏၊ ပညာဆည်းပူးဖို့, အသိဉာဏ်တိုးတက်ဖို့, အတွေ့အကြုံကြွယ်ဝဖို့, မေတ္တာပြဖို့, ပေးကမ်းစွန့်ကြဲဖို့, အများအကျိုးသယ်ပိုးဖို့ စသည်ဖြင့် အဖြေစုံလင်လှ၏။

"ယခုဘဝ မိခင်ဖခင်စသည်တို့နှင့် အတိတ်ဘဝက မည်သို့တော်စပ်ခဲ့သနည်း" မေးခွန်းကို ဖြေကြားသူ ၈၇ ရာခိုင်နှုန်းတို့သည် ယခုဘဝ မိဘဆွေမျိုးများနှင့်မိတ်ဆွေများသည် အတိတ်ဘဝက သိကျွမ်းခဲ့သောသူများဖြစ်ကြသည်ဟု ဖြေကြ၏။ ယခုဘဝဖခင်သည် အတိတ်ဘဝကဖခင်ပင်ဖြစ်သည်, သားဖြစ်သည်, အစ်ကိုဖြစ်သည်, မိခင်ဖြစ်သည်, မိတ်ဆွေဖြစ်သည် စသည်ဖြင့် အမျိုးမျိုးဖြေကြ၏။ မိခင်နှင့် အခြားဆွေမျိုးများသည်လည်း ဤအတိုင်းပင် အတိတ်ဘဝက အမျိုးမျိုးတော်စပ်ခဲ့ကြ၏။

လင်မယားဆက်သွယ်မှုနှင့်ပတ်သက်၍ ဖြေကြားသူ သုံးပုံတစ်ပုံခန့်မှာ ယခင်ဘဝကလည်း ချစ်သူများပင်ဖြစ်ခဲ့ကြသည်ဟုဆို၏။ အချို့ကမူ ယခုဘဝ ချစ်သူသည် ယခင်ဘဝက အဆွေခင်ပွန်းဖြစ်ခဲ့သည်, ဆွေမျိုးဖြစ်ခဲ့သည်, မိဘဖြစ်ခဲ့သည် စသည်ဖြင့် ဖြေဆိုကြ၏။

"သန္ဓေသားနဲ့ ဘယ်အချိန်က ပေါင်းစပ်ခဲ့သလဲ" မေးခွန်းကိုမူ ဖြေဆိုသူ ၈၉ ရာခိုင်နှုန်းတို့က ကိုယ်ဝန်တည်ပြီး ခြောက်လကျော်မှ သန္ဓေသားနှင့်ပေါင်းစပ်သည်ဟု ဖြေကြ၏။ ပေါင်းစပ်သည်ဟု ဖြေကြစေကာမူ အချို့သန္ဓေသားနှင့် ပေါင်းလိုက်ခွာလိုက်ပြုလုပ်နေသည်ဟုဆို၏။ အချို့ကမူ မွေးဖွားခါနီး သို့မဟုတ် မွေးဖွားချိန်ရောက်မှ သန္ဓေသားနှင့်ပေါင်းစပ်သည်ဆိုကြ၏။

ဖြေဆိုသူအားလုံးလောက်ကပင် မမွေးဖွားခင်နှင့် မွေးဖွားစဉ်အတွင်း မိခင်၏ စိတ်နေသဘောထားနှင့် ခံစားချက်များကို သိရှိကြသည်ဟုဖြေကြ၏။ တယ်လီပသီနည်းဖြင့် သိသည်ဟု ဒေါက်တာဝမ်ဘတ်က ယူဆ၏။ ဖြေကြားသူအချို့ကမူ သူတို့သည် သန္ဓေသားအတွင်း ချုပ်နှောင်ထားခြင်းကိုမခံရဘဲ သန္ဓေသားဝန်းကျင်တွင် ခုန်ပျံနေနိုင်ကြသောကြောင့် မိခင်၏ခံစားချက်နှင့်တကွ ပတ်ဝန်းကျင်ရှိလူတို့၏ လှုပ်ရှားမှုများကို သိကြသည်ဟုဆို၏။

"သန္ဓေသားဟာ ခံစားနိုင်တယ်, နားလည်နိုင်တယ်လို့ ကျွန်မသတိမှတ်ခဲ့တာ၊ သန္ဓေသားထဲမှာ ကျွန်မဝင်ရှိတဲ့အချိန်က သိပ်နည်းတယ်၊ ဒါကို ကျွန်မသိပ်အံ့အားသင့်မိတယ်၊ ကျွန်မအအံ့သြဆုံးကတော့ ကျွန်မက တစ်နည်းနည်းနဲ့သန္ဓေ

www.burmeseclassic.com

www.burmeseclassic.com



သားကို ဝိုင်းဝန်းဖန်တီးပေးနေတယ်ဆိုတဲ့အချက်ပါပဲ”ဟု စိတ်ညှို့ခံရသူတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြ၏။

ဒေါက်တာဝမ်ဘတ်၏စမ်းသပ်ချက်တွင် စမ်းသပ်ခံသူတစ်ဝက်ခန့်ကသာ မွေးဖွားချိန်အတွေ့အကြုံကို ဖြေဆိုကြ၏။ တစ်ဝက်ကျော်ကျော်က အမှတ်မရလို့, အဖြေပေါ်မလာလို့, အိပ်ပျော်သွားလို့စသော အကြောင်းပြချက်များဖြင့် မဖြေဆိုကြပါ။ လူအနည်းငယ်မှာ စိတ်ညှို့ခြင်းကို အတွင်းစိတ်ကလက်မခံဘဲ တွန်းကန်နေခြင်းကြောင့် သူတို့အား စိတ်ညှို့၍မရချေ။

“အတိတ်ဘဝသို့ခရီးထွက်ခြင်း”၌မူ အစမ်းသပ်ခံလူအားလုံး၏ ၉၀ ရာခိုင်နှုန်းလောက်က မေးခွန်းများကို ဖြေဆိုကြ၏။ အတိတ်ဘဝရှိသည်ကို ထောက်ခံသော သာဓကများပင်တည်း။

## တစ်ခန်းရပ်ဝေဖန်သုံးသပ်ရှင်းလင်းချက်

စိတ်ပညာရှင်များတင်ပြခဲ့ကြသော အသိစိတ်နှင့် မသိစိတ်တို့သည် ဗုဒ္ဓအဘိဓမ္မာတွင်ပါရှိသော ဝီထိစိတ်, ဘဝင်စိတ်တို့နှင့် ကိုက်ညီပါသည်။

မသိတသိစိတ်ဆိုသည်မှာ သီးခြားစိတ်မဟုတ်ဘဲ ဝီထိစိတ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ အာရုံမထင်ရှားသောအခါများတွင် ဝီထိစိတ် ပြည့်ပြည့်စုံစုံ မဖြစ်နိုင်တော့ဘဲ အာရုံကို သိသလိုလို မသိသလိုလိုသာ ယူဆကြရပေ၏။

စိတ်ပညာရှင်များနှင့် သိပ္ပံပညာရှင်များသည် စိတ်ကိုဒြပ်ဝတ္ထုတစ်ခုအနေဖြင့် ယူဆလိုသောကြောင့် ဦးနှောက်ကို စိတ်အဖြစ် မှတ်ယူလိုကြ၏။ သို့အတွက် ဦးနှောက်တွင် သိစိတ်အလွှာ မသိစိတ်အလွှာနှင့် မသိတသိစိတ်ဟူသည့် ကြားအလွှာတို့တည်ရှိလေဟန် ပြောဆိုကြ၏။

ဦးနှောက်ကို ခွဲခြမ်းစိတ်ဖြာ၍ စမ်းသပ်ကြသောအခါ ထိုသို့အလွှာသီးခြားမရှိသည့်အပြင် မှတ်ဉာဏ်(ဝါ)အမှတ်သညာသည် ဦးနှောက်၏ နေရာအမျိုးမျိုး၌ ပြောင်းလဲ၍ တည်နေသည်ကို တွေ့ကြရ၏။ ဦးနှောက်၏ အစိတ်အပိုင်းများစွာကို လှီးထုတ်လိုက်ရသောလူနာအချို့တို့သည်လည်း ဦးနှောက်အပြည့်အစုံရှိနေသည့်အခါမျိုးကကဲ့သို့ပင် စဉ်းစားတွေးခေါ်မှတ်သားနိုင်သည်ကိုလည်း တွေ့ရှိခဲ့ကြရ၏။

စိတ်ညှို့သောနည်းဖြင့် မေ့ပျောက်နေပြီဖြစ်သော အတွေ့အကြုံများကို မသိစိတ်မှဖော်ထုတ်နိုင်သည်ဆိုရာ၌ အိပ်မွေ့ကျနေသည့်အခါ အသိစိတ်က အလုပ်မလုပ်တော့ဘဲ မသိစိတ်ကသာအလုပ်လုပ်သောကြောင့် မသိစိတ်က မိမိတွင်မှတ်

www.burmeseclassic.com

www.burmeseclassic.com



သားထားသည့်အကြောင်းအရာများကို ထုတ်ပြောသည်ဟု စိတ်ပညာရှင်များက ရှင်းပြကြ၏။

ဤရှင်းပြချက်သည် အပေါ်ယံကြောအနေဖြင့်ကြည့်လျှင် ယုတ္တိတန်သည်ဟု ထင်မှတ်ရသော်လည်း တကယ်ဆန်းစစ်ကြည့်သော် ကျေနပ်စရာမရှိချေ။ လူတစ်ယောက်တွင် သိစိတ်နှင့်မသိစိတ်ဟူ၍ သီးခြားစိတ်နှစ်ခုရှိနေပြီး တစ်ခုက အလုပ်လုပ်နေသောအခါ ကျန်တစ်ခုက အလုပ်မလုပ်ဟု ယူဆစရာဖြစ်လာ၏။

ထိုစိတ်နှစ်ခုတို့သည် အဘယ်ကြောင့် တစ်လှည့်စီအလုပ်လုပ်နေကြရသနည်း။ မသိစိတ်က သိစိတ်ထက် အဆများစွာ ပိုအားကြီးသည်ဟု ဆိုထားလျက် နိုးကြားနေသည့်အခိုက်တွင် သိစိတ်ကသာ အဘယ့်ကြောင့် ဦးဆောင်နေရသနည်း။ သိစိတ်အိပ်ပျော်နေသောအခါမှ မသိစိတ်က အဘယ့်ကြောင့် ခိုးကြောင်ခိုးဝှက် ထအလုပ်လုပ်ရသနည်း။ သိစိတ်ဖြင့် သိမြင်,မှတ်သားခံစားခဲ့သော အတွေ့အကြုံများသည် မသိစိတ်ဆီသို့ မည်သို့ကူးသန်းသွားကြသနည်း။

အတိတ်ဘဝက အကြောင်းအရာများသည် ယခုဘဝ၌ သိစိတ်ဖြင့် သိရှိခဲ့ရသော အာရုံများမဟုတ်ပါဘဲလျက် မသိစိတ်သို့ မည်သည့်နည်းဖြင့် ဝင်ရောက်ခဲ့ကြပါသနည်း။

ဦးနှောက်ဟူသည့် ရုပ်ကလာပ်စည်းများသည် ဤဘဝ၌သာ အက်တမ်မော်လီကျူးများဖြင့် အသစ်စက်စက်တည်ဆောက်ရသည် ဖြစ်ပါလျက် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ သို့မဟုတ် နှစ် ၂၀၀၀ စသည်ဖြင့် ဝေးကွာသောအတိတ်ဘဝ အကြောင်းအရာများသည် ဦးနှောက်၏ မှတ်ဉာဏ်အလွှာထဲသို့ မည်သို့သောနည်းဖြင့် ရောက်ရှိနေကြသနည်း။

ဤသို့သော စောဒကများကို စိတ်ပညာရှင်များနှင့် သိပ္ပံပညာရှင်များက ဖြေရှင်းနိုင်ကြမည်မထင်ပါ။ ဗုဒ္ဓ၏ အဘိဓမ္မာကမူ သဘာဝကျစွာ ရိုးရိုးရှင်းရှင်းကလေး ဖြေရှင်းနိုင်၏။ ဗုဒ္ဓအဘိဓမ္မာကို နားလည်ကြသူတို့သာ ဤအကြောင်းကို ကျကျနနသိရှိနိုင်ကြမည်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာကို အထင်မသေးဘဲ ဦးစားပေး၍ လေ့လာသင့်ကြပါ၏။

ဘဝကူးပုံကို ဖော်ပြမည့် အခန်း(၈)၌ တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းသောအခါ အတွေ့အကြုံ,အမှတ်သညာ စသည့်စိတ်၏ အာနိသင်များ ကူးစက်သွားပုံကို အကျယ်တဝင့်ရှင်းပြပါမည်။ ဘဝကူးရာတွင် စိတ်အစဉ်သည် ပြတ်တောက်ခြင်းမရှိဘဲ စိတ္တနိယာမနှင့်အညီ ဖြစ်ရိုးဖြစ်စဉ်အတိုင်းသာ ဆက်လက်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတိတ်ဘဝ၏ စုတိစိတ် (သေစိတ်) ဖြစ်ပျက်ပြီးသည်နှင့် တစ်ပြိုင်နက် ယခုဘဝ၏ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာ၏။

*အတိတ်ဘဝက မှတ်သားခံစားထားခဲ့သော အတွေ့အကြုံများသည် နောက်ဆုံးစုတိစိတ်မှတစ်ဆင့် ယခုဘဝ ပဋိသန္ဓေစိတ်သို့ ပဋ္ဌာန်းနည်းဖြင့် ကူးစက်သွား၏။ ကူးစက်သွားသော အထောက်အထားအဖြစ် ရှေးအတိတ်ဘဝများစွာက အကြောင်းအရာများကို ယခုဘဝ၌ ပြန်ပြောပြနိုင်ကြောင်းကို စိတ်ပညာရှင်များက စမ်းသပ်ဖော်ပြခဲ့ကြလေပြီ။*

ဤဘဝ၌ကြုံတွေ့ခဲ့ရပြီး မေ့ပျောက်နေပြီဖြစ်ကြသည့် အတိတ်ကာလ အကြောင်းအရာများကို စိတ်ညှို့နည်းဖြင့် ဘဝကို နောက်ကြောင်းလှန်ကာ ပြန်ပြောင်း၍ အောက်မေ့သိရှိနိုင်ခြင်းကို စိတ်ပညာရှင်များက အထင်အရှားပြသခဲ့ကြလေပြီ။ ဤဘဝ၏ အတိတ်အကြောင်းကို ဖော်ထုတ်ယူနိုင်သည့်နည်းတူ အတိတ်ဘဝအကြောင်းကို ဖော်ထုတ်ယူခြင်းသည်လည်း ဘဝင်စိတ်အစဉ်တွင် မျောပါနေသောအကြောင်းအရာများကို ဖော်ထုတ်ယူခြင်းသာဖြစ်၍ သဘာဝချင်း ဆင်တူနေပေ၏။

ဒေါက်တာအလက်ဇန္ဒာကင်နွန်း, ဘုန်းတော်ကြီးမာတင်, ပါမောက္ခဖလားန္ဒိုင်း, ဒေါက်တာဂျိုနသန်ရော့ဒနီ စသော သုတေသီတို့၏ တွေ့ရှိချက်များနှင့် ဘရိုက်ဒီမာဖီကဲ့သို့သောဇာတ်လမ်းများသည် အတိတ်ဘဝရှိခဲ့သည့်အကြောင်းကို မငြင်းဆိုနိုင်အောင် ထင်ထင်ရှားရှားထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်၏။

ထို့အပြင် အင်္ဂလိကေစီ၏ အတိတ်ဘဝဟောစာတမ်းများနှင့် ဒေါက်တာဟယ်လင်ဝမ်ဘတ်၏ အုပ်စုအလိုက် အတိတ်ဘဝကိုအမှတ်ရရန် စမ်းသပ်ခြင်းတို့သည် အတိတ်ဘဝရှိသည်ကို ထောက်ခံကြသည့်အပြင် ကံ,ကံ၏ အကျိုးရှိခြင်းကိုလည်း ဖော်ပြကြ၏။

အနောက်တိုင်းမှလူအများစုသည် ကံ၏ အကျိုးကိုယုံကြည်ရန် ထားဘိဦး၊ ကံဟူသောစကားလုံးကိုပင် ယခင်က မကြားသိခဲ့ကြဖူးချေ။ ယခုအခါ ကံ၏ အကျိုးတရားများကိုပါ သူတို့မြင်တွေ့လာခြင်းသည် ဝမ်းသာစရာပင်ဖြစ်၏။

၎င်းအပြင် လူသေပြီးနောက် ဘဝတစ်ဖန်ပြန်ဖြစ်ခြင်းကိုလည်း အနောက်တိုင်းသားတို့သည် အစကနဦးက မယုံကြည်ခဲ့ကြချေ။ ယခုမှ နောက်ဘဝရှိသည်ကို လူအများစုက ယုံကြည်လာကြခြင်း ဖြစ်သည်။

သို့ရာတွင် အတိတ်ဘဝ ဝိညာဉ်ကောင် **(soul)** သည် မသေမပျောက်

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲဘဲ ယခုဘဝသို့ကူးပြောင်းလာသည်ဟု မှားယွင်းစွာယုံကြည်နေကြသေး၏။

ဒေါက်တာဝမ်ဘတ်၏ အစမ်းသပ်ခံပုဂ္ဂိုလ်အချို့က မိမိတို့သည် သန္ဓေသား၏ပြင်ပ၌ရှိနေကြကြောင်း၊ မွေးဖွားရန်နီးကပ်သောအခါမှ သို့မဟုတ် မွေးဖွားဆဲအခါတွင်မှ သန္ဓေသားထဲသို့ မိမိတို့ဝင်ရောက်လာကြောင်း ပြောဆိုကြ၏။ ဒေါက်တာဝမ်ဘတ်ကလည်း ဤအဆိုကို ထောက်ခံ၏။ ဤအဆိုအရ သန္ဓေသားတွင် မမွေးဖွားမီအချိန်အထိ အသက်မရှိသေး။ ထို့ကြောင့် ကိုယ်ဝန်ဖျက်ခြင်းသည် အပြစ်မရှိဟု ဒေါက်တာဝမ်ဘတ်က ယူဆလို၏။ မွေးဖွားသည့်အချိန်အထိ ဝိညာဉ်ကောင်က သန္ဓေသားနှင့်ပေါင်းစပ်ရန်ငြင်းဆန်ခဲ့လျှင် သန္ဓေသားကိုအသေမွေးဖွားလာသည်ဟုလည်း ဒေါက်တာဝမ်ဘတ်ယူဆထားပါသည်။

ဤယူဆချက်သည် အဘိဓမ္မာရှုထောင့်မှကြည့်လျှင် ပါစင်အောင်လွဲနေပေ၏။ အဘိဓမ္မာသဘောအရ ပဋိသန္ဓေတည်သည့်အချိန်ကတည်းကပင် အသက်ရှိနေလေပြီ။

## သန္ဓေလောင်းမှသန္ဓေသားသို့

တိုးတက်သော ဆေးသိပ္ပံကိရိယာများဖြင့် စမ်းသပ်ကြည့်သောအခါ **သန္ဓေလောင်း**[၁]သည် ရက်သတ္တသုံးပတ်အရွယ်တွင် နှလုံးစခုန်ပြီး ဦးနှောက်စတင်ဖြစ်ပေါ်နေလေပြီ။ ရက်သတ္တငါးပတ်အရွယ်တွင် ဦးနှောက်သည် အစိတ်အပိုင်း သုံးပိုင်းအဖြစ်သို့ ကွဲပြားလာပြီး ခြေလက်များ ကြီးထွားစပြုနေကြလေပြီ။ ရက်သတ္တရှစ်ပတ်အရွယ်တွင် အင်္ဂါအားလုံး စုံနေလေပြီ။ လူရုပ်သွင်ပီပြင်လာပြီးဖြစ်၍ သန္ဓေလောင်းအဖြစ်မှ **သန္ဓေသား**[၂]အဖြစ်သို့ ရောက်လာလေပြီ။ ဤအခါ၌ သန္ဓေသား၏အလျားမှာ တစ်လက်မသာ ရှည်၏။

"ဒီအရွယ်မှာ ဆေးသိပ္ပံအရ သိရှိထားတဲ့ တည်ဆောက်ပုံများ, အသွင်သဏ္ဌာန်များနဲ့ အင်္ဂါများဟာ ၉၅ ရာခိုင်နှုန်း ပြည့်စုံနေကြပြီ။ အင်မတန်သေးမွှားတဲ့အာရုံကြောများကအစ ခြေချောင်းလက်ချောင်းကလေးများနဲ့ ကြွက်သားများအထိ ဖြစ်ပေါ်နေကြပြီ" ဟု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သန္ဓေလောင်းပါရဂူ **ဒေါက်တာရိုနန်အိုရဟီလီ**[၃] က မှတ်ချက်ချ၏။[၄]

---

၁။ embryo
၂။ fetus
၃။ Dr. Ronan O'Rahily
၄။ Newsweek, Jan, 11, 1980.

www.burmeseclassic.com

www.burmeseclassic.com



## သန္ဓေဖျက်ခြင်းသည် လူသတ်ခြင်း

*သို့အတွက် သန္ဓေတည်ပြီးနောက် မည်သည့်အရွယ်တွင် သန္ဓေကိုဖျက်ချသည်ဖြစ်စေ အသက်ရှိသောလူသားတစ်ယောက်ကို သေဆုံးအောင် ပြုလုပ်ခြင်းပင် ဖြစ်ပေ၏။ ထို့ကြောင့် ကိုယ်ဝန်ဖျက်ချခြင်းကို လုံးဝရှောင်ကြဉ်သင့်ပါ၏။*

ဒေါက်တာဝမ်ဘတ်၏သုတေသနသည် မပြည့်စုံသေးပါ၊ ဆက်လက်ဆောင်ရွက်နေဆဲပင်ရှိသေး၏။ လူများကို အုပ်စုလိုက် စိတ်ညှို့ပြီး သူတို့မွေးဖွားခဲ့သောအချိန်ကို အာရုံပြုစေခြင်း၊ မေးခွန်းများကို ငါးစက္ကန့်စီသာခြား၍ ဆက်တိုက် မေးမြန်းခြင်း၊ စိတ်ညှို့ခြင်းကို ရပ်သိမ်းပြီးနောက်မှ မေးခွန်းလွှာတွင် အဖြေများကို ရေးစေခြင်းတို့ဖြင့် မှန်ကန်သောအဖြေများကို ရရှိလိမ့်မည်ဟု မမျှော်လင့်နိုင်ပါ။ ထိုအဖြေများကို မှန်,မမှန် စစ်ဆေးဆုံးဖြတ်ရန်လည်း မလွယ်ကူပါ။

မည်သို့ပင်ဖြစ်စေကာမူ စိတ်ပညာရှင်များ၏ စိတ်ညှို့နည်းဖြင့် စမ်းသပ်ချက်များသည် အတိတ်ဘဝများရှိခဲ့ကြောင်းကိုမူ ခိုင်ခိုင်လုံလုံဖော်ပြနိုင်ခဲ့သည်ဟု ယူဆနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
# အတိတ်ဘဝကို မြင်သိသူများ

### ဇာတိဿရပုဂ္ဂိုလ်

အတိတ်ဘဝကိုပြန်လည်သိမြင်ပြီး သူတစ်ပါးအား ပြောပြနိုင်သော လူသားတို့ကို ဗုဒ္ဓကျမ်းစာ၌ ဇာတိဿရပုဂ္ဂိုလ်ဟုခေါ်၏၊ ခေတ်အခေါ်အားဖြင့် 'လူဝင်စား' ဟု ဆိုကြ၏။

လူဖြစ်စေ နတ်ဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အတိတ်ဘဝမှသေလွန်၍ယခုဘဝ၌ လူပြန်ဖြစ်ပြီးနောက် ရှေးဘဝကိုသိမြင်သူများကို 'ဇာတိဿရပုဂ္ဂိုလ် (ဝါ) လူဝင်စား' ဟု ခေါ်ဆိုကြ၏။

လူဝင်စားများသည် ကမ္ဘာအရပ်ရပ်၌ရှိကြ၏။ သို့သော် လူနည်းစုသာလျှင် အတိတ်ဘဝကိုမြင်သိနိုင်ကြ၏။ ဤအကြောင်းနှင့်ပတ်သက်၍ ပြင်သစ်ပြည် ပါရီမြို့တော်မှ ပညာရှိများက **လယ်တီဆရာတော်ဘုရား** ထံ စာအားဖြင့် ရေးသားမေးလျှောက်သည်ကို ဆရာတော်၏ပြန်ကြားချက်အတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။[၁]

(၁) အတိတ်ဘဝ၌ နေ့ရက်ရှည်ကြာစွာ အနာရောဂါဖိစီး၍ ကိုယ်အား စိတ်အား နွမ်းနယ်ကုန်ခန်းပြီးမှ သေဆုံးခြင်းတစ်ပါး။

(၂) ယခုဘဝ၌ အမိဝမ်းတွင် အလွန်တရာသေးငယ်လှသော ကလလရေကြည်အဖြစ်မှ နေ့ရက်ရှည်ကြာစွာကြီးထွားရသဖြင့် စိတ်အားသေးနုပ်, မှေးမှိန်မိန်းမော၍နေရခြင်းတစ်ပါး။

---

၁။ အရှင်အရိယဓမ္မ - "ဗုဒ္ဓနှင့် နောက်ဘဝပြဿနာ"၊ ရှင်ထွေးစာပေ၊ ၁၉၇၇ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းနှစ်ပါးတို့ကြောင့် လူအများစုတို့သည် ရှေးဘဝကို မေ့လျော့ကြကုန်၏။

ထို့အပြင် အောက်ပါအကြောင်းငါးရပ်ကြောင့်လည်း အတိတ်ဘဝကို မေ့လျော့ကြ၏။

(၁) အတိတ်ဘဝ၌ မသိတတ်သောကလေးအရွယ် သို့မဟုတ် အိုမင်းချည့်နဲ့သောအရွယ်၌ သေဆုံးခဲ့ခြင်း သို့မဟုတ် သေသောက်ကြူးသူအဖြစ်မှ သေဆုံးခဲ့ခြင်း။

(၂) ယခုဘဝ၌ မိခင်သည် ရောဂါသည်ဖြစ်ခြင်း။

(၃) ယခုဘဝ၌ မိခင်သည် အလုပ်ကြမ်းကိုလုပ်ရသူဖြစ်ခြင်း။

(၄) ယခုဘဝ၌ မိခင်သည် ကိုယ်ဝန်ဆောင်မှု၌ မလိမ္မာသူဖြစ်ခြင်း။

(၅) ယခုဘဝ၌ မိခင်သည် ကိုယ်ဝန်ကို ကောင်းစွာစောင့်စည်းမှုမရှိခြင်း။

ဤအကြောင်းတို့ကြောင့် ကလေးငယ်သည် အလွန်ထိတ်လန့်ချောက်ချား၍ အတိတ်ဘဝကို မေ့လျော့သွားရ၏။

ခေတ်ဆေးပညာရှင် ရှုထောင့်အရလည်း မိခင်သည် ကြမ်းတမ်းပူလောင်သော အစာများကို မှီဝဲခြင်း, အရက်နှင့်ဆေးလိပ်သောက်ခြင်း, ကြမ်းတမ်းစွာလှုပ်ရှားသွားလာခြင်း စသည်တို့ကို မဆင်မခြင်ပြုလုပ်လျှင် သန္ဓေသားအလွန်ဆင်းရဲပင်ပန်းပြီး သန္ဓေသား၏ ကိုယ်အင်္ဂါများပင် ချွတ်ယွင်းသွားနိုင်သည်ဟု ဆိုထားပါ၏။

အောက်ပါပုဂ္ဂိုလ်တို့ကား အတိတ်ဘဝကို မြင်သိနိုင်ကြကုန်၏။

(၁) အတိတ်ဘဝမှသေလွန်၍ ဥပပတ်ပဋိသန္ဓေဖြင့် နတ်ဘဝ, ဗြဟ္မာဘဝ, ပြိတ္တာဘဝ, ငရဲဘဝသို့ ရောက်သူ။

(၂) အတိတ်ဘဝ၌ ခွန်အားရှိတုန်းအခါ လက်နက်ဘေးရန် စသည်တို့ကြောင့် ရုတ်တရက်သေဆုံးပြီး လူ့ဘဝပြန်ဖြစ်သူ။

(၃) ရှေးဘဝ၌ ကုသိုလ်ကောင်းမှုများပြု၍ 'အတိတ်ဘဝကိုသိရပါလို၏' ဟု ဆုတောင်းခဲ့သူ။

(၄) ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရရှိကြသောပုဂ္ဂိုလ်များ။

အတိတ်ဘဝကိုပြန်လည်ပြောပြနိုင်သော လူဝင်စားများသည် မြန်မာနိုင်ငံ၌သာမက နောက်ဘဝမရှိဟု ယုံကြည်နေကြသည့် နိုင်ငံများ၌ပါ အမြောက်အမြား ပေါ်ပေါက်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## အမေရိကန်ပါမောက္ခ၏စနစ်ကျသော သုတေသန

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားတက္ကသိုလ် စိတ်ရောဂါဗေဒ ပါမောက္ခဖြစ်သူ **ဒေါက်တာစတီဗင်ဆင်**[၁] တစ်ဦးတည်းကပင်လျှင် လူဝင်စား ပေါင်း ၃၀၀၀ ခန့်ကို စနစ်တကျလေ့လာခဲ့ပြီးလေပြီ။ သူသည် လူဝင်စားများကို တစ်ဆင့်စကားမျှဖြင့်မဟုတ်ဘဲ ဆိုင်ရာနိုင်ငံသို့ ကိုယ်တိုင်သွားရောက်ကာ လူဝင်စားများ, ထိုလူဝင်စားတို့၏အသိုက်အဝန်းများနှင့်တွေ့ဆုံ၍ သေချာစွာမေးမြန်းစုံစမ်းခဲ့၏။ သူ၏တွေ့ရှိချက်များကို ဝါဒစွဲဆန္ဒစွဲမပါစေဘဲ ယထာဘူတကျကျ အကဲဖြတ်ဆုံးဖြတ်ကာ လိုအပ်သေးလျှင် အခေါက်ခေါက်အခါခါ ထပ်၍ စုံစမ်း၏။ ထို့ကြောင့် သူ၏သုတေသနလုပ်ငန်းကို အခြားသိပ္ပံပညာရှင်တို့က ချီးကျူးလေးစားကြ၏။[၂]

ဒေါက်တာစတီဗင်ဆင်သည် မိမိ၏တွေ့ရှိချက်များကို ဆောင်းပါးအသွင်ဖြင့်တစ်မျိုး၊ စာအုပ်အသွင်ဖြင့်တစ်ဖုံ ရေးသားတင်ပြခဲ့ရာ ယခုအခါ ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်ခုနစ်အုပ်ပင် ရှိသွားလေပြီ။ ဤစာအုပ်များအနက်မှ အချို့ကို ရှာဖွေဖတ်ရှုလိုသူတို့၏အကျိုးငှာ အောက်တွင်ဖော်ပြလိုက်ပါ၏။

1. Dr. Ian Stevenson: Twenty Cases Suggestive of Reincarnation.
2. Dr. Ian Stevenson: The Evidence of Survival from Claimed Members of Former Incarnation.
3. Dr. Ian Stevenson: Research into the Evidence of Man's Survival after Death.

## ကိုယ်ပိုင်သုတေသန

ကျွန်တော်သည် အတိတ်ဘဝ နောက်ဘဝရှိခြင်းကို သံသယဖြစ်နေကြသော လူငယ်အပေါင်းတို့၏ တွေဝေနေသည့်စိတ်ထားကို ပြေဖျောက်နိုင်စေခြင်းငှာ ရှေးဘဝ နောက်ဘဝနှင့်ပတ်သက်သော ခိုင်လုံသည့်အထောက်အထားများကို ရှာဖွေပြီး ရေးသားတင်ပြမည်ဟုအကြံအစည်ဖြစ်ခဲ့သဖြင့် လက်လှမ်းမီရာစာအုပ်စာတမ်းများကို လေ့လာမိ၏။ ရင်းနှီးသောမိတ်ဆွေသင်္ဂဟများလည်း ကျွန်တော်၏ဆန္ဒကို ပြောကြားမိ၏။

---

၁။ Dr. Ian Stevenson

၂။ ဦးအေးမောင်, ဦးဝင်းမောင် 'သေသည်၏အခြားမဲ့၌'၊ တတိယအကြိမ်၊ လုမေစာပေ၊ ၁၉၈၄ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိတ်ဆွေအချို့က သူတို့ကိုယ်တိုင်ပင် အတိတ်ဘဝကိုမြင်သိခဲ့ကြသည်ဟု ပြောပြကြ၏။ သူတို့ကြုံတွေ့ခဲ့ရသော လူဝင်စားများအကြောင်းကိုလည်း တစ်ဆင့်ဖောက်သည်ချကြ၏။

ဤသို့ အလျဉ်းသင့်၍ ကျွန်တော်ကိုယ်တိုင်စူးစမ်းလေ့လာခဲ့သော လူဝင်စားများအကြောင်းကိုလည်းကောင်း၊ အခြားပညာရှင်အပေါင်းတို့ ရှာဖွေတွေ့ရှိခဲ့သော မှတ်သားဖွယ်ရာလူဝင်စားအကြောင်းကိုလည်းကောင်း၊ ရှေးဘဝရှိခဲ့သည်ဟူသော တိုက်ရိုက်အထောက်အထားများအဖြစ် အတိုချုံး၍ ရေးသားပါအံ့။

## ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ
## (အပျိုကြီးဒေါ်ရွှေမယ်မှဘဝပြောင်းလာသူ)

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် အစွန့်ရှည်စွာတည်တံ့ခိုင်မြဲထွန်းလင်းတောက်ပနိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသနှင့်အတူ တွဲဖက်ကာ လူပုဂ္ဂိုလ်များဘက်မှ ဦးဆောင်ဦးရွက်ပြုလျက် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကျော်တစ်ဦးမှာ ဝဏ္ဏကျော်ထင်အထူးကုဆရာဝန်ကြီး ဦးသာလှ ဖြစ်ပေ၏။

ဆရာဝန်ကြီးဦးသာလှသည် မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့ကြီးတွင် အဖွဲ့တည်ထောင်သည့်နေ့မှစ၍ ယနေ့တိုင်အောင် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ တာဝန်ပေးအပ်ချက်အရ ဥက္ကဋ္ဌတာဝန်ကို ထူးချွန်စွာထမ်းရွက်ခဲ့၏။

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးဦးစီး၍ မင်းကွန်းတောင်ရိုးရှိပျက်စီးယိုယွင်းနေသော သမိုင်းဝင်စေတီပုထိုးများကို အသစ်မွမ်းမံတည်ဆောက်ရေး၌လည်းကောင်း၊ တိပိဋက–နိကာယကျောင်းတိုက်ကို တည်ထောင်ထိန်းသိမ်းရေး၌လည်းကောင်း၊ တိပိဋကစာမေးပွဲနှင့် နိကာယ်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြသည့် စာသင်သံဃာများအား ဆွမ်း, ဆေး, ကျောင်း, သင်္ကန်း လှူဒါန်းထောက်ပံ့ရေး၌လည်းကောင်း၊ စစ်ကိုင်း, မင်းကွန်း, မင်းဝံတောင်ရိုးမှ ထေရီအသွင်သီလရှင်အပါး ၂၅၀၀ ကျော်တို့အား နှစ်စဉ်ဝတ်စုံများလှူဒါန်းရေး၌လည်းကောင်း၊ ဆရာဝန်ကြီးဦးသာလှသည် ဥက္ကဋ္ဌအဖြစ် ပဓာနကျသောအကျိုးဆောင်တာဝန်ကို ထမ်းရွက်ခဲ့ပါသည်။

ထို့အပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ တည်ဆောက်နေဆဲဖြစ်သော နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များဆောက်လုပ်လှူဒါန်းရေးအဖွဲ့နှစ်ဖွဲ့၌လည်း သံဃာ့

www.burmeseclassic.com

www.burmeseclassic.com



မဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ ဆရာဝန်ကြီးဒေါက်တာသာလှသည် ပင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိ၏။

ဤသို့ကြီးကျယ်လှသော သာသနာ့တာဝန်ကို ထမ်းရွက်နေနိုင်ခြင်းသည် အတိတ်ဘဝက ပိဋကတ်သုံးပုံ၊ ကျောင်း၊ လယ်မြေစသည်တို့ကို လှူဒါန်းပြီး ဆုတောင်းခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဦးသာလှယုံကြည်၏။

သူသည် အတိတ်ဘဝက မည်သူဖြစ်ခဲ့သနည်း။

ဦးသာလှသည် ယခုဘဝတွင် မင်းလှမြို့နေ လယ်ဝန်ဦးဘိုးစောနှင့် ဒေါ်သန်းတင်တို့၏ ဒုတိယမြောက်ရင်သွေးဖြစ်၏။ ၁၉၂၅ ခုနှစ် မေလ ၁ ရက်နေ့တွင် မင်းလှမြို့၌မွေးဖွားခဲ့၏။ ဦးသာလှ၏ အဘိုးသည် အင်္ဂလိပ်အစိုးရမင်းလက်ထက်က မင်းလှတိုက်သူကြီး ဦးအိုးဖြစ်၏။

ဦးအိုးသည် မင်းလှမြို့၌ရုံးထိုင်သော်လည်း နှစ်စဉ်ဖြစ်ပွားလေ့ရှိသော ပလိပ်ရောဂါဘေးမှ တိမ်းရှောင်သည့်အနေဖြင့် မင်းလှမြို့မှနှစ်မိုင်ခန့်ဝေးသော ကြို့ကုန်းရွာသို့ တစ်နှစ်လျှင်သုံးလခန့် ပြောင်းရွှေ့နေထိုင်၏။

ဦးသာလှကို မွေးဖွားပြီးသည့်အခါ ကလေးငယ်၏ နို့အုံနှစ်ဖက်အထက်နားတို့၌ အညိုရောင်အမှတ်နှစ်ခု ထူးထူးခြားခြားပါရှိလာ၏။ ကလေးငယ်စကားပြောတတ်သည့်အရွယ်မှစ၍ ထိုအမှတ်နှစ်ခုနှင့်ပတ်သက်ပြီး မိဘတို့က ညွှန်သည်များအား "မွေးရာပါအမှတ်တွေပါ"ဟုပြောလျှင် ကလေးက "မဟုတ်ဘူး၊ဒါတွေဟာ မီးလောင်ထားတဲ့အမှတ်တွေပါ"ဟု ဝင်ပြောလေ့ရှိသည်။ အဆက်အစပ်မရှိသောစကားများဖြစ်၍ မိဘများက အလေးမပြုခဲ့ကြချေ။

ကလေးသုံးနှစ်သားအရွယ်တွင် ဦးဘိုးစောနှင့်ဒေါ်သန်းတင်တို့တွင် ဒုတိယသားကလေးတစ်ဦး ထွန်းကားပြန်၏။ သို့သော် ဤသားငယ်မှာ သုံးလအရွယ်တွင် ကွယ်လွန်သွားသဖြင့် မိခင်က ပထမသားကလေးကိုပင် နို့ဆက်တိုက်ခဲ့၏။ ထို့ကြောင့် မောင်သာလှအမည်တွင်သော ပထမသားကလေးသည် ကလေးနှစ်ယောက်စာ နို့စို့ခဲ့ရ၏။

"ဒီကလေးက သိပ်ကုသိုလ်ထူးတာပဲ"ဟု လူကြီးများက မှတ်ချက်ချကြ၏။

မောင်သာလှ ကိုးနှစ်သားခန့်အရွယ်သို့ရောက်သောအခါ မိဘများကိုးကွယ်သည့် ကြို့ကုန်းရွာ ရွှေကျင်ကျောင်းတိုက်မှ ကြေးစည်ကြီးတစ်လုံးသည် ပျောက်သွား၏။ မပျောက်စဖူးထူးခြားလှသော ဤအကြောင်းကို မိဘတို့နှင့် ရွာသားများ ပြောဆိုနေသည်ကို မောင်သာလှကြားသောအခါ...

"အဲဒါ ကျွန်တော်လှူခဲ့တဲ့ကြေးစည်ပဲ"ဟု ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်က ပေါက်ပေါက်ရှာရှာ ဘယ်တုန်းက ကြေးစည်လှူခဲ့ဖူးလို့လဲ၊ အဲဒါ အပျိုကြီးဒေါ်ရွှေမယ်လှူခဲ့တဲ့ ကြေးစည်ဟဲ့"

"ဟုတ်တယ်လေ၊ ဒေါ်ရွှေမယ်ဖြစ်တုန်းက ကျွန်တော်လှူခဲ့တာ"

"သားက အရင်ဘဝက ဒေါ်ရွှေမယ်ဖြစ်ခဲ့တာလား"

"ဟုတ်တယ်"

ဤအကြောင်းကို ကြားသိရသောအခါ ဒေါ်ရွှေမယ်၏ တူ၊ တူမများနှင့် ဆွေမျိုးများက မောင်သာလှကို လာကြည့်ကြ၏။ ထိုသူတို့၏ အမည်များကို မောင်သာလှက ပြောပြနိုင်သည့်အပြင် မိမိ၏ နို့အုံအထက်နားရှိအမှတ်များသည် ဒေါ်ရွှေမယ်ဘဝက ထမင်းချက်ရင်း မီးဟပ်လောင်ခဲ့သောဒဏ်ရာများဖြစ်ကြောင်း ပြောပြ၏။

ဒေါ်ရွှေမယ်သည် ရင်ဘတ်၌ မီးလောင်ခံရသည်ကို ဆွေမျိုးများ ကောင်းစွာ မှတ်မိကြ၏။ ထို့ကြောင့် မောင်သာလှကလေးကို ဒေါ်ရွှေမယ်ဝင်စားသည်ဟု ယုံကြည်သွားကြ၏။

ထို့နောက် ဒေါ်ရွှေမယ်၏ ဆွေမျိုးများက မောင်သာလှကိုခေါ်ဆောင်လာပြီးလျှင် ဒေါ်ရွှေမယ်၏ ညီမကို ပြပြီး "ဒါ ဘယ်သူလဲ" ဟု မေး၏။

"ငါ့ညီမ ရွှေအိပေါ့" ဟု မောင်သာလှက ချက်ချင်းဖြေ၏။

ထို့နောက် ဒေါ်ရွှေမယ်၏ အဝတ်အစားများကို ပြသောအခါ ...

"ဒါတွေက ငါ့အဝတ်အစား၊ ဒါတွေက ငါ့ဟာမဟုတ်ဘူး၊ ဒီအဝတ်အစားတွေကို ဘုန်းကြီးကျောင်းလှူပါလို့မှာခဲ့တာ၊ ဘာဖြစ်လို့ မလှူကြသလဲ" စသည်ဖြင့် မှန်ကန်စွာပြောဆို၏။

ကြို့ကုန်းရွာ ရွှေကျင်ကျောင်းတိုက်တွင် ပိဋကတ်သုံးပုံလှူဒါန်းထားသည်ကိုလည်း မှန်ကန်စွာပြောပြနိုင်၏။ ထိုအခါ ကြေးစည်တစ်လုံးကိုပါ လှူဒါန်းခဲ့ရာ ထိုကြေးစည်ပေါ်၌ 'အရှေ့ကြို့ကုန်းရွာ ဒေါ်ရွှေမယ်ကောင်းမှု' ဟု ကမ္ပည်းထိုးထား၏။

ဒေါ်ရွှေမယ်သည် အပျိုကြီးဘဝဖြင့် အသက် ၆၀ ခန့်တွင် ကွယ်လွန်ခဲ့၏။ မကွယ်လွန်မီ သူ၏ နေအိမ်နှင့်တကွ ဧက ၂၀ ခန့်ရှိသော သူ၏ လယ်မြေကိုလည်း ဘုန်းကြီးကျောင်းသို့ လှူဒါန်းခဲ့၏။

ထိုသို့ မိမိပိုင်ပစ္စည်းအလုံးစုံကို လှူဒါန်းရာတွင် "ယောက်ျားဖြစ်ရပါလို၏၊ ဉာဏ်ပညာကြီးသူဖြစ်ရပါလို၏၊ သာသနာ၏ အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သူဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့သည်ဟုဆို၏။ ဤသို့ဆုတောင်းခဲ့ခြင်းကို ဆွေမျိုးများနှင့် ရွှေကျင်ကျောင်းတိုက်ဆရာတော်ဘုရားတို့လည်း သိရှိခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေမယ်သည် သီလမြဲပြီး နေ့စဉ် ဆွမ်းလောင်းလှူခဲ့၏။ အပျိုကြီးဘဝနှင့်နေရသည်ကို လွတ်လွတ်လပ်လပ်မလုပ်ကိုင်နိုင်ခဲ့သဖြင့် ယောကျ်ားဘဝကို ဆုတောင်းခဲ့ခြင်းဖြစ်၏။ ပိဋကတ်သုံးပုံကိုလှူဒါန်းရာ၌ ဉာဏ်ပညာကြီးမားခြင်းကို လိုလားတောင့်တခဲ့၏။ ကြေးစည်ကြီးကိုလှူဒါန်းရာ၌ ကြေးစည်၏အသံခြိမ့်ခြိမ့်ညံသကဲ့သို့ သာသနာ၏အကျိုးကို ထွန်းထွန်းပေါက်ပေါက်သယ်ပိုးနိုင်ရန် ဆန္ဒပြုခဲ့၏။

အလှူရှင်ဘက်က စေတနာသုံးတန် ထက်သန်သကဲ့သို့ အလှူခံပုဂ္ဂိုလ်ဘက်၌လည်း ထိုစဉ်က ရွှေကျင်ကျောင်းတိုက်ဆရာတော်သည် ရွှေကျင်ဂိုဏ်းအုပ်ဖြစ်ပြီး သီလ, သမာဓိ, ပညာ ပြည့်စုံသူဖြစ်၏။ တစ်ဖန်လှူဒါန်းသူက သီလစင်ကြယ်သဖြင့် ဆုတောင်းခဲ့သော်လိုအင်ဆန္ဒများသည် ယခုဘဝတွင် တစ်လုံးတစ်ဝတည်း ပြည့်စုံလာပေတော့၏။

ဒေါ်ရွှေမယ်ကွယ်လွန်ပြီး နောက်တစ်နှစ်အတွင်း၌ပင် မောင်သာလှကလေးကို မွေးဖွားခဲ့၏။ မောင်သာလှသည် ပညာအလွန်ထူးချွန်၏၊ လေးတန်းတွင် စကောလရှစ်ဆုရ၏၊ သတ္တမတန်းတွင်တစ်ခါ စကောလရှစ်ဆု ရပြန်၏၊ ဆယ်တန်းအောင်မြင်သောအခါ ကောလိပ်ဂျင်စကောလရှစ်ဆုကို တစ်ဖန်ရပြန်၏။

ဦးသာလှသည် တက္ကသိုလ်တွင် ဆေးပညာကို ဆည်းပူးခဲ့ရာ နောက်ဆုံး အမ်ဘီဘီအက်(စ်) အတန်းစာမေးပွဲ၌လည်း အဆင့်မြင့်မြင့် အောင်မြင်ခဲ့၏။ ထိုသို့ အဆင့်မြင့်မြင့်အောင်ခဲ့သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ပညာသင်ဆုကိုရရှိကာ နိုင်ငံခြား၌ ဆေးပညာကို ဆက်လက်ဆည်းပူးခွင့်ရခဲ့၏၊ မဒရတ်တက္ကသိုလ်မှ ဒီဗွီဒီဘွဲ့နှင့် လန်ဒန်တက္ကသိုလ်မှ အမ်အမ်အက်(စ်)အက်(စ်) ဘွဲ့တို့ကို ထပ်မံရရှိခဲ့၏။

ဒေါက်တာသာလှသည် ဆရာဝန်စဖြစ်သည့် ၁၉၅၄ ခုနှစ်၌ပင် ကမ္ဘာအေးကုန်းမြေတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲနှင့်ကြုံကြိုက်သဖြင့် ဆရာတော်ဘုရားကြီးများ၏ ကျန်းမာရေးကို စောင့်ရှောက်ကုသရန် တာဝန်ကို ခံယူခဲ့ရ၏။

၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားနှင့်ကာလသားရောဂါကုဌာနတွင် တာဝန်ထမ်းဆောင်ပြီးသည့်နောက် ၁၉၅၇ – မှ ၁၉၆၅ –ခုနှစ်အထိ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် အရေပြားနှင့်ကာလသားရောဂါဌာနမှူးအဖြစ်လည်းကောင်း၊ မန္တလေးဆေးတက္ကသိုလ်၌ အချိန်ပိုင်းကထိကအဖြစ်လည်းကောင်း ဒေါက်တာသာလှတာဝန်ထမ်းရွက်ခဲ့၏။

မန္တလေး၌ တာဝန်ထမ်းရွက်ရသောကာလအတွင်းဝယ် မင်းကွန်းတိပိဋကဓရဆရာတော်အပါအဝင် အထက်မြန်မာပြည်ရှိ ဘွဲ့တံဆိပ်တော်ရဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများအား စောင့်ရှောက်ကုသရန်တာဝန်ကို ဒေါက်တာသာလှ ဝမ်းပန်းတသာ ခံယူခဲ့ပြန်၏။

လူမှုဝန်ထမ်းဌာနမှဖွင့်လှစ်ထားသည့် ဂေဟာများနှင့် လူအိုရုံများ၌ စေတနာ့ဝန်ထမ်း ဆေးကုသပေးခဲ့ခြင်းကြောင့်လည်းကောင်း၊ အစိုးရဝန်ထမ်းများအား အခမဲ့ဆေးကုသပေးခြင်းကြောင့်လည်းကောင်း၊ ကာလသားရောဂါတိုက်ဖျက်ရေးတွင် ထိရောက်စွာဆောင်ရွက်ခဲ့ခြင်းကြောင့်လည်းကောင်း ဒေါက်တာသာလှသည် ၁၉၆၂ ခုနှစ်၌ ဝဏ္ဏကျော်ထင်ဘွဲ့ဖြင့်ဂုဏ်ပြုခြင်းကို ခံယူခဲ့ရ၏။

ဒေါက်တာသာလှသည် ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ပုသိမ်မြို့၌ရုံးစိုက်လျက် အနောက်တောင်တိုင်းကျန်းမာရေးဆိုင်ရာ အုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်ရင်း ဧရာဝတီတိုင်းကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့၏။

ထို့နောက် ဒေါက်တာသာလှသည် ၁၉၆၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ရန်ကုန်ပြည်သူ့ဆေးရုံ၌ အရေပြားနှင့်ကာလသားရောဂါအထူးကုဆရာဝန်ကြီးအဖြစ်လည်းကောင်း၊ ရန်ကုန်ဆေးတက္ကသိုလ်များတွင် တွဲဖက်ပါမောက္ခတာဝန်များကိုလည်းကောင်း ထူးချွန်စွာ တာဝန်ထမ်းရွက်ခဲ့၏။ ၁၉၈၅ ခုနှစ်တွင် အသက် ၆၀ ပြည့်သဖြင့် အငြိမ်းစားယူခဲ့၏။

ယခုအခါ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဒေါက်တာသာလှသည် ရဟန်းရှင်လူအပေါင်းတို့ သောင်းသောင်းဖြဖြသာခုခေါ်၍ အားမရနိုင်အောင်ပင် သာသနာ့တာဝန်ကို ဆက်လက်ထမ်းဆောင်နေပေ၏။

ယောက်ျားဘဝကို ရခြင်း, ဉာဏ်ပညာကြီးကျယ်ခြင်းနှင့် သာသနာရေးကိစ္စများကို ထွန်းထွန်းပေါက်ပေါက်ဆောင်ရွက်နိုင်ခြင်းတို့သည် အတိတ်က ဒေါ်ရွှေမယ်ဘဝ၌ သီလကို နိစ္စပတ်မြဲအောင်စောင့်ထိန်း၍ မိမိပိုင်ပစ္စည်းအားလုံးကို စွန့်လွှတ်လှူဒါန်းကာ ပြတ်သားစွာဆုပန်တောင်းခဲ့သောအကျိုးကျေးဇူးကြောင့်ဖြစ်သည်ဟု ဦးသာလှလေးလေးနက်နက်ယုံကြည်ပေ၏။

## လက်တောက်ညွှန်ကြားရေးမှူး ဦးအေးနိုင်
### (မွှာစရိယဘဝအေ)
### (ကရင်တော်ကဲဘဝမှမြန်မာပညာရှိဘဝသို့)

"စိတ်က တန်ခိုးကြီးတယ်၊ ရုပ်ကို လွှမ်းမိုးနိုင်တယ်၊ ဘဝနိကန္တိ လို့ခေါ်တဲ့ ဘဝဖြစ်စေလိုတဲ့တဏှာက စိတ်ရဲ့ဦးတည်ချက်ကို ထိန်းကျောင်းပေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လောင်စာစွမ်းအင်နဲ့တူတဲ့ ကုသိုလ်ကံအဟုန်က နောက်ကနေတွန်းပို့ပေးတယ် ဆိုရင် လူတွေဟာ ကိုယ်ဖြစ်ချင်တဲ့ဘဝကို ဖြစ်နိုင်ဖို့ရှိတယ်"

"ဒီလိုဆိုရင် လူသေပြီး လူပြန်ဖြစ်လို့ ရတာပေါ့နော်ဆရာ"

"လူသေလူဖြစ်ဝါဒတော့မဟုတ်ဘူးနော်၊ လူပြန်ဖြစ်နိုင်လောက်တဲ့ကုသိုလ် ကံအဟုန်တွေက ရှိမယ်၊ စိတ်ကလဲ ဖြစ်ချင်တဲ့နိကန္တိအားကြီးနေမယ်ဆိုရင် ဖြစ် ဖို့ များပါတယ်၊ ကျွန်တော့်ဘဝကိုယ်တွေ့နဲ့ပြောရင် အဲဒီဖြစ်ချင်တဲ့နိကန္တိဟာ တော်တော်အရေးကြီးတယ်"

"ဆရာ့ဘဝကိုယ်တွေ့က ဘယ်လိုလဲ"

"ကျွန်တော်အရင်ဘဝက ကရင်စော်ကဲတစ်ယောက်ပါ၊ အဲဒီဘဝမှာမြန်မာ ဖြစ်ချင်တဲ့ နိကန္တိက တော်တော်ပြင်းထန်ခဲ့တယ်၊ ပြီးတော့အခုဘဝ မိခင်ရဲ့ချက် ပြုတ်ကျွေးမွေးတာကိုလဲ တော်တော်နှစ်သက်ပြီး တော်တော်တပ်မက်ခဲ့တယ်"

"ဆရာ့ရဲ့အတိတ်ဘဝကို ပြောပြပါဦး"

"ပန်းတနော်မြို့ရဲ့အရှေ့ဘက် ကိုးမိုင်ကွာလောက်မှာ ဂုံမင်းရွာဆိုတာ ရှိ တယ်၊ ကရင်ရွာကြီးတစ်ရွာပါပဲ၊ ရွာသားတွေက ကိုင်းလုပ်ကြတယ်၊ ဥယျာဉ်ခြံ စိုက်ပျိုးကြတယ်၊ ကျွန်တော်က အဲဒီရွာမှာ ကရင်အကြီးအကဲတစ်ယောက်ဖြစ် ပါတယ်၊ ကရင်များက ကျွန်တော့်ကို စော်ကဲလို့ခေါ်ကြတယ်၊ ကျွန်တော့်နာမည် က ဦးနေကျော်ပါ၊ ကျွန်တော့်ဇနီးကလဲ ကရင်ပါပဲ၊ နာမည်က ဒေါ်မဲလို့ခေါ်ပါ တယ်၊ ကျွန်တော်တို့မှာ သားသုံးယောက်နဲ့ သမီးလေးယောက်ရှိတယ်"

"ကျွန်တော်တို့က တော်တော်ချမ်းသာတယ်၊ ကျွန်တော်ဆိုရင် ပိုးအောင်း ဘီ၊ ဖဲအောင်းဘီတွေကိုပဲ အမြဲဝတ်လေ့ရှိတယ်၊ ပြီးတော့ဗုဒ္ဓဘာသာကရင်အကြီး အကဲဖြစ်တာမို့ ရပ်ရေးကိစ္စများကိုသာမက အလှူဒါနကိုလဲ ဦးဆောင်ပြီးလှူ တယ်၊ ကျောင်းဆောက်လှူတယ်၊ ဘုရားတည်တယ်၊ ရေတွင်းရေကန်တွေကို တူး ဖော်ပေးတယ်"

"ဆရာက အတိတ်ဘဝမှာအတော်ကြီးကြီးကျယ်ကျယ်ဒါနပြုခဲ့တာပဲ"

"ဟုတ်တယ်၊ ဂုံမင်းရွာဘုန်းကြီးကျောင်းတိုက်ကိုလဲ ပိဋကတ်သုံးပုံလှူခဲ့ သေးတယ်၊ ကျမ်းစာအုပ်ပေါ်မှာ ခုခေတ်လိုပဲ ကျွန်တော့်နာမည်ထိုးခဲ့တာပေါ့"

"ဒါနဲ့ ခုဘဝ ဆရာ့မိဘတွေက မြန်မာတွေနော်"

"ဟုတ်ပါတယ်၊ မြန်မာစစ်စစ်တွေပါ။ ဦးဘဖေ၊ ဒေါ်သော်လို့ခေါ်ပါတယ်၊ အဲဒီကရင်ဘဝတုန်းက ကျွန်တော်က မြန်မာသိပ်ဖြစ်ချင်နေတာ"

"ခုဘဝ မိဘများနဲ့ ဘယ်လိုအဆက်အသွယ်ရှိခဲ့သလဲ"

"ကုန်ရောင်းကုန်ဝယ်လုပ်ရင်း ခင်မင်ရင်းနှီးခဲ့ကြတာပါ၊ သူတို့က ပန်း

www.burmeseclassic.com

www.burmeseclassic.com



တနော်မြို့နဲ့ ရေလမ်းခရီး မိုင် ၁၀၀ လောက်ဝေးတဲ့ ခနွဲ့ကဘိုရွာမှာ နေကြတယ်၊ ပန်းတနော်မြို့ကနေ ဇရာဝတီသင်္ဘောနဲ့သွားရင် နေ့တစ်ဝက်လောက်ကြာတယ်၊ ခနွဲ့ကဘိုရွာသားတွေက အင်းလုပ်ငန်းကို အဓိကထားပြီး လုပ်ကြပါတယ်၊ ကျွန်တော့်မိဘများကလဲ အင်းလုပ်လိုက် အင်းထွက်ပစ္စည်းများကို ဝယ်ယူပြီး ပြန်ရောင်းလိုက်နဲ့ အသက်မွေးနေကြပါတယ်။

"ဂုံမင်းရွာပတ်ဝန်းကျင်မှာလဲ ထုံးအိုင်ကြီးတွေရှိတယ်၊ အဲဒီအိုင်ကြီးတွေမှာ ငါးရှိတော့ အစိုးရဆီက လေလံဆွဲပြီး လေလံရတဲ့လူတွေက ငါးလာဖမ်းကြတယ်၊ လေလံကို တစ်နှစ်တစ်ခါ ပြိုင်ဆွဲကြရပါတယ်၊ ဦးဘဖေ ဒေါ်သော်တို့က ကရင်ကြီးဦးနေကျော် အရင်ဘဝက ကျွန်တော်ပေါ့လေ၊ အဲ ...ဦးနေကျော်နဲ့တွဲဖက်ပြီး လေလံဆွဲချင်တယ်ဆိုလို့ ဦးနေကျော်သဘောတူလိုက်ပါတယ်။

"ဒါနဲ့ လေလံဆွဲတာရရော၊ ဒါကြောင့် ဦးဘဖေ, ဒေါ်သော်တို့က ဂုံမင်းရွာကို ပြောင်းလာကြပြီး လေးငါးလကြာလောက် ထုံးအိုင်တွေဆီက ငါးဖမ်းတဲ့အလုပ်ကို လုပ်ကြတယ်၊ ဦးနေကျော်က ကိုယ်တိုင်ဝင်လုပ်ဖို့မလိုပါဘူး၊ ရင်းနှီးငွေထုတ်ပေးပြီး သူရင်းငှားတွေ လုပ်ခိုင်းပါတယ်။

"ဒေါ်သော်က ဂုံမင်းရွာမှာ နေထိုင်ခိုက်မှာ နေ့တိုင်းနေ့တိုင်း ဟင်းတွေကို ပိုပိုမိုမိုချက်ပြုတ်ပြီး ဦးနေကျော်ဆီ ပို့ပေးပါတယ်၊ ဦးနေကျော်ကလဲ ဒေါ်သော်ချက်ပေးတဲ့ဟင်းတွေကို သိပ်ကြိုက်တာ၊ တပ်မက်မှုနိကန္တိဖြစ်နေတာပေါ့လေ၊ ငါးဖမ်းလုပ်ငန်းပြီးတဲ့အခါ ဦးဘဖေ ဒေါ်သော်တို့က ခနွဲ့ကဘိုရွာကိုပြန်သွားကြတယ်။

"နောက်တစ်နှစ် လေလံဆွဲတာရပြန်ရော၊ ဒါကြောင့်မို့ ဦးဘဖေ ဒေါ်သော်က ဂုံမင်းရွာမှာ လေးငါးလကြာ တစ်ခါလာထပ်နေကြပြန်တယ်၊ ဒေါ်သော်ချက်ပြုတ်တဲ့ ဟင်းလျာများအပေါ်မှာ ဦးနေကျော်ထပ်မံပြီး နိကန္တိဖြစ်ရပြန်တာပေါ့လေ။

"အဲဒီနှစ် လုပ်ငန်းပြီးသွားတဲ့နောက်မှာတော့ လုပ်ငန်းထပ်မဆက်ဖြစ်လို့ အဆက်အသွယ်တော်တော်ပြတ်သွားကြပါတယ်၊ ဦးနေကျော်က ဦးဘဖေ,ဒေါ်သော်တို့ကို အလွန်ခင်မင်လို့ တစ်နှစ်တစ်ခေါက်လောက်တော့ ခနွဲ့ကဘိုရွာကို အလည်သွားဖြစ်ပါတယ်၊ နောက်ပိုင်းမှာ ဦးနေကျော်ရဲ့ဇနီး ကွယ်လွန်သွားလို့ ဦးနေကျော်လဲ မသွားဖြစ်တော့ဘူး။

"ခြောက်နှစ်လောက်ကြာတဲ့ နေ့တစ်နေ့မှာ ဒေါ်သော်ကို တစ္ဆေသို့မဟုတ် သရဲဝင်ပူးတယ်၊ လူတွေစုဝေးလာပြီး ဦးဘဖေက ထုံးစံအတိုင်း မေးတာပေါ့။

"နင် ဘာလိုချင်လို့ ဝင်ပူးသလဲ၊ ဘာစားချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလိုချင်ဘူး၊ ဘာမှလဲ မစားချင်ဘူး၊ နင်တို့ ငါ့ကိုမသိကြဘူးလား" လို့ ဒေါ်သော်ကနေတစ်ဆင့် တစ္ဆေကပြန်ပြောတယ်။

"မသိဘူး၊ ခင်ဗျားဘယ်သူလဲ" လို့ ဦးဘဖေက ပြန်မေးတယ်။

"ငါ…ဦးနေကျော်လေ၊ ငါသေသွားတာ သုံးလလောက်ရှိပြီ၊ နင်တို့မကြား ကြဘူးလား၊ ငါ့သားသမီးတွေက မင်းတို့ကို အကြောင်းမကြားဘူးလား"

"ဟာ…ကျွန်တော်တို့ မသိကြဘူး၊ သိရင် သတင်းသွားမေးမှာပေါ့၊ စိတ် မကောင်းလိုက်တာဗျာ၊ အစ်ကိုကြီး ဘယ်လိုဖြစ်သွားတာလဲ"

ဦးဘဖေ, ဒေါ်သော်တို့က ဦးနေကျော်ထက် အသက်ငယ်ကြတာကိုး၊ ဒါ ကြောင့် ဦးနေကျော်ကို အစ်ကိုကြီးလို့ခေါ်ကြတယ်၊ ဒါနဲ့ တစ္ဆေက ပြန်ပြောတယ်။

"ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို ငါမပြောချင်ဘူး၊ ငါအခုလာတဲ့ကိစ္စကိုပဲ ပြောချင်တယ်"

"ပြောပါအစ်ကိုကြီး၊ ကျွန်တော်တို့ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်ပေးစရာမလိုဘူး၊ ငါလာတာ မင်းတို့နဲ့ လာနေချင်လို့ ခွင့်လာ တောင်းတာ၊ မင်းတို့ ခွင့်ပြုနိုင်ကြမလား"

"ဟာ အစ်ကိုကြီးနေချင်ရင် ရပါတယ်၊ ခွင့်ပြုတယ်" လို့ ဦးဘဖေက ပြော တယ်။ အဲဒီတော့ တစ္ဆေက အခွင့်အရေးတစ်ခုတောင်းတယ်။

"မင်းတို့ဆီက ငါကတိတစ်ခုတောင်းမယ်၊ ငါမင်းတို့နဲ့ လာနေရင် ငါ့ကို မရိုက်ပါဘူးလို့ ကတိပေးပါ"

"ဟာ…အစ်ကိုကြီးပဲဟာ၊ ဘယ်ရိုက်လို့ဖြစ်မလဲ၊ မရိုက်ပါဘူးဗျာ"

"ဒါဖြင့်ရင် ငါတပေါင်းလမှာ လာမယ်"

"အဲသလိုပြောနေတုန်းမှာ ပန်းတနော်သဘော်က ဥသြဆွဲပြီး ခန့်ကဘိုရွာ ဆိပ်ကို ဝင်လာပါတယ်၊ အဲဒီတော့ တစ္ဆေက 'သင်္ဘောလာနေပြီ၊ ငါဒီသင်္ဘောနဲ့ လိုက်သွားမယ်၊ ငါသွားဦးမယ်' လို့ဆိုပြီး ထွက်ခွာသွားတယ်"

"ဒီတစ္ဆေဝင်ပူးတဲ့အကြောင်းကို ကျွန်တော်ဒီဘဝလူပြန်ဖြစ်လာတော့မမှတ် မိဘူး၊ လုံးဝမသိဘူး၊ မိဘတွေပြန်ပြောလို့သိရတာ၊ တစ္ဆေဝင်ပူးပြီး ပြောသွားတဲ့ အတိုင်းပဲ တပေါင်းလမှာ အမေပဋိသန္ဓေရတယ်၊ နေ့လစေ့တော့ ကျွန်တော့်ကို မွေးပါတယ်"

"ဆရာပြောတဲ့အတိုင်းဆိုရင် ဦးနေကျော်ဘဝနဲ့ ယခုဘဝကြားမှာ ဆရာ တစ္ဆေခေတ္တဖြစ်လိုက်သေးတာပေါ့"

"ဟုတ်တယ်၊ ခြောက်လလောက်ဖြစ်လိုက်ပါတယ်၊ တစ္ဆေဆိုတာ စတု မဟာရာဇ်နတ်အမျိုးအစားမှာပါဝင်တဲ့ အနိမ့်စားဝိနိပါတိကနတ်တစ်မျိုးပဲ၊ ပရ

www.burmeseclassic.com

www.burmeseclassic.com



ဒတ္တုဇီဝိတ ပြိတ္တာလို့လဲ ကျမ်းဂန်မှာဆိုပါတယ်၊ ပြိတ္တာလေးတွေက လူနဲ့အနေ နီးလို့ လူတွေကုသိုလ်လုပ်ပြီး အမျှပေးဝေရင် သာဓုခေါ်နိုင်တယ်၊ အမျှရနိုင်တယ်၊ ဒါကြောင့် လူပြန်ဖြစ်ဖို့လွယ်တယ်၊ လူတွေနဲ့ဝေးတဲ့ တောတောင်တွေမှာ ဆင်းရဲ ဒုက္ခခံနေကြရတဲ့ ပြိတ္တာကြီးတွေကတော့ လူပြန်ဖြစ်ဖို့မလွယ်ဘူး"

"ဆရာက တစ္ဆေဘဝတုန်းက ဒေါ်သော်ကိုဝင်ပူးပြီး သုံးလကြာရင် လာခဲ့ မယ်လို့ ပြောခဲ့တာကိုထောက်ရင် တစ္ဆေတွေက သူတို့ရဲ့သက်တမ်းကို ကြိုသိနိုင် ပုံရတယ်၊ ဆရာ ကျမ်းဂန်ထဲမှာ အထောက်အထားမြင်ဖူးသလား"

"ဟုတ်ကဲ့၊ ကျွန်တော်လိုက်ရှာကြည့်ခဲ့ပါတယ်၊ တစ္ဆေတွေမှာ ကမ္မဇိဒ္ဓိလို့ ခေါ်တဲ့ ကံကြောင့်ပါလာတဲ့တန်ခိုးလေးတွေရှိတယ်၊ ကိုယ်ဖျောက်နိုင်တယ်၊ ကိုယ် ထင်ပြနိုင်တယ် ဆိုတာတွေပေါ့၊ အဲဒီတန်ခိုးနဲ့ သူတို့သေရမယ့်ရက်ကို ကြိုသိနိုင် ပုံရတယ်၊ နတ်ပြည်က နတ်သားတွေ စုတေခါနီးမှာ နိမိတ်ထင်သလို ထင်လာတာ တွေ ရှိပါလိမ့်မယ်"

"ဒါနဲ့ ဆရာ့ကို ဘယ်နေ့မှာ ပဋိသန္ဓေရပြီး ဘယ်နေ့မှာမွေးဖွားသလဲ၊ ဘယ် အရွယ်လောက်ကျမှ အတိတ်ဘဝကို ပြန်သိတာလဲ"

"တပေါင်းလမှာ ပဋိသန္ဓေတည်ပြီး ၁၂၈၄ ခုနှစ် ပြာသိုလဆန်း ၇–ရက်မှာ မွေးဖွားတယ်၊ စကားစ,ပြောတော့ ကရင်စကားလိုလို မြန်မာစကားလိုလို မပီသ ဘူးပေါ့လေ၊ နှစ်နှစ်သားလောက်ရောက်တော့ မြန်မာစကားကို ပီပီသသပြော နိုင်ပြီ၊ အဲဒီကတည်းက 'အမေ...ဂုံမင်းမှာ ကျွန်တော့်အိမ်ရှိတယ်၊ ကျွန်တော့် သားသမီးတွေလဲ ရှိတယ်၊ ကျွန်တော့်ကို ဂုံမင်းပို့ပေးပါ' လို့ စပြောတော့တာပဲ"

"လူကြီးတွေက ကျွန်တော်လူဝင်စားဖြစ်တယ်ဆိုတာကို တစ္ဆေဝင်ပူးပြီး ပြောထားတဲ့စကားအရ ကြိုပြီးရိပ်စားမိနေကြတယ်၊ ကျွန်တော်ဟာ ကရင်ကြီး ဝင်စားတာပဲလို့ မှတ်ယူထားကြပါတယ်၊ ကျွန်တော့်ရုပ်ကလဲ တခြားမောင်နှမ တွေလို မြန်မာရုပ်သန့်သန့်မဟုတ်ဘဲ ကရင်ရုပ်တော်တော်ပေါက်နေတာကိုး"

"ဆရာ...အတိတ်ဘဝကို ဘယ်လိုလုပ်ပြီး ပြန်သိတာလဲ"

"ကျွန်တော် အရင်ဘဝက ကုသိုလ်ပြုတိုင်း ဘဝဟောင်းကို ပြန်မြင်ရပါလို ၏ လို့ အမြဲဆုတောင်းခဲ့တာကို ကျွန်တော်မှတ်မိတယ်၊ ဇာတိဿရဉာဏ်ရတယ် ခေါ်တာပေါ့၊ မနေ့တစ်နေ့က ဖြစ်ခဲ့သလို ပြန်မြင်နေရတယ်"

"ဟုတ်ကဲ့၊ အရင်ဘဝတုန်းက မိသားစုနဲ့တွေ့ဆုံပုံကလေးကို ဆက်ပြော ပါဦး"

"ကျွန်တော်ဟာ ဂုံမင်းရွာသွားဖို့ ပူဆာနေတယ်၊ လူကြီးတွေက လိုက်မပို့ ကြသေးဘူး၊ ကျွန်တော်သုံးနှစ်သားအရွယ်ရောက်မှ လိုက်ပို့ပေးကြတယ်၊ လှေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို လှော်ပြီးသွားကြတယ်၊ ကျွန်တော်မြူးကြွနေတာပဲပေါ့၊ ဒီခရီးကို အရင်ဘဝက အခေါက်ခေါက်အခါခါသွားထားဖူးလို့ မှတ်မိနေတာကိုး၊ ဂုံမင်းရွာနားနီးလာတာနဲ့ 'ဟိုမှာ…ငါ့ရွာပဲ' လို့ အော်ပြောလိုက်တယ်၊ ရွာထဲ ဝင်လာပြီးတော့ ကျွန်တော့်အိမ်ကို လူကြီးတွေက တမင်ကျော်ပြီးလွန်သွားအောင် လှေကို လှော်ခတ်သွားကြတယ်၊ ဒီတော့ 'ဟာ…ငါ့အိမ် လွန်သွားပြီ၊ ငါ့အိမ်က ဟိုအိမ်' လို့ လက်ညှိုးထိုးပြလိုက်ရတယ်။

"လှေပေါ်ကဆင်းတော့ ကျွန်တော်ကဦးဆောင်ပြီး အိမ်ဆီကိုသွားပါတယ်၊ ကျွန်တော့်သမီးလေးယောက်အနက် အငယ်ဆုံးတစ်ယောက်က တရုတ်အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်၊ ကျန်သမီးသုံးယောက်က အပျိုကြီးဘဝနဲ့နေပြီး အိမ်မှာပဲ ရှိကြတယ်၊ သားသုံးယောက်ကလဲ အိမ်ထောင်ကျပြီး သူတို့အိမ်နဲ့သူတို့ ခွဲနေကြတယ်။

"ကျွန်တော်က သမီးတွေရဲ့နာမည်များကို အော်ခေါ်ပြီး အိမ်ပေါ်ကို ဦးဆောင်တက်သွားတော့ သမီးတို့က အံ့အားသင့်နေကြတယ်။

"ဟဲ့…နင်တို့ငါ့ကိုမမှတ်မိဘူးလား၊ ငါ နင်တို့အဖေ ဦးနေကျော်လေဆိုပြီး ဦးနေကျော်ဘဝက ထိုင်နေကျနေရာမှာ ထိုင်တယ်၊ သမီးတစ်ယောက်စီကို လက်ညှိုးထိုးပြီး ဟဲ့…မနန်းပု၊ နင်က ဆွမ်းချက်ဖို့ တာဝန်ယူထားတာ၊ ဆွမ်းမှန်မှန်လောင်းဖြစ်ရဲ့လား။

"မနန်းရွှေ…နင်က ဈေးဝယ်ပြီး ချက်ပြုတ်တဲ့ဘက်က တာဝန်ဆက်ယူနေတာလား၊ မနန်းငွေကော အိမ်သန့်ရှင်းရေးလုပ်ပြီး အဝတ်မှန်မှန်လျှော်ဖွပ်ရဲ့လား။

"အဲသလို သမီးတစ်ယောက်စီရဲ့ထူးခြားချက်ကို ပြောလိုက်တော့ သမီးတို့က သိပ်ယုံသွားကြတယ်၊ အဘအဘလို့ ခေါ်ကြတော့တာပဲ။

"ဒါနဲ့ ကျန်သမီးငယ်နဲ့သားတွေကို ခေါ်လိုက်စမ်းလို့ အမိန့်ပေးလိုက်တော့ လူလွှတ်ပြီးခေါ်ခိုင်းကြတယ်၊ သားတွေသမီးတွေရောက်လာတဲ့အခါ တစ်ယောက်စီရဲ့ နာမည်ကို လှမ်းခေါ်ပြီး 'ဟဲ့…မောင်ပန်းသာ၊ မင်းက ခဏခဏခေါင်းမူးတတ်တယ်၊ ခုကော မူးသေးလား' စသည်ဖြင့် တစ်ဦးစီရဲ့ထူးခြားချက်တွေကို ထုတ်ပြောလိုက်တော့ သူတို့လဲ ယုံကြည်သွားကြပါတယ်။

"သမီးတွေဘက်တစ်ခါလှည့်ပြီး 'ငါ့ပိုးဘောင်းဘီသုံးထည်နဲ့ ဖဲဘောင်းဘီလေးထည်ကော ရှိသေးလား၊ နင်တို့ ဘာလုပ်လိုက်သေးလဲ' လို့မေးတော့ 'အဘဆုံးပြီးကတည်းက ဘုန်းကြီးကျောင်းကို အကုန်လှူလိုက်ပြီ' လို့ ဖြေကြတယ်။

"သားတွေဘက် တစ်ခါလှည့်ပြီး 'ဟော…တို့အိမ်နောက်ဖေးက သရက်ပင်ရင်းမှာ ငါငွေအိုးမြှုပ်ထားတာကို ဖော်ယူပြီးကြပလား' လို့ မေးတော့ 'ဟင့်အင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မသိဘူး’လို့ ဖြေကြတယ်၊ ဒါနဲ့ သူတို့ကိုမြှုပ်ထားတဲ့နေရာကိုပြပြီး တူးခိုင်းတော့ စဥ့်အိုးပေါ်လာတယ်၊ အဲဒီအိုးထဲမှာ လက်ဝတ်လက်စား, စိန်, ရွှေ, ငွေ ရတနာတွေ အသင့်အတင့်ထည့်ထားခဲ့တယ်၊ သားသမီးတို့က သိပ်ဝမ်းသာနေကြတာပေါ့။

“သားသမီးတွေက ‘အဘ…အဘ၊ဟိုတုန်းက အဘညောင်းလို့ ခဏခဏ နှိပ်ပေးရတယ်၊ အခု ခြေဆင်းပေးဦးလေ၊ နှိပ်ပေးမယ်’ဆိုလို့ ခြေနှစ်ဖက်ကို ဆန့်ထုတ်ပြီး ‘အေး…အေး၊ နှိပ်ကြ’ လို့ ပြုံးပြုံးကြီးအနှိပ်ခံရတယ်။ ဘေးလူများအမြင်မှာတော့ သုံးနှစ်ကလေးတစ်ယောက်ကို လူကြီးတွေက ဝိုင်းနှိပ်နေကြတော့ ရယ်စရာဖြစ်နေမှာပေါ့လေ။ တစ်ခါ မြေးတွေကလဲ ‘ဘိုးဘိုးကို နှိပ်ပေးမယ်’ ဆိုပြီး တစ်ခါနှိပ်ကြပြန်ရော၊ မြေးတွေဆိုပေမယ့် ကျွန်တော့်ထက်တော့ အသက်ကြီးနေကြပြီပေါ့။

“နောက်နေ့ကျတော့ တရုတ်နဲ့အိမ်ထောင်ကျတဲ့ သမီးငယ်က သူတို့အိမ်ဆီ ကျွန်တော့်ကို ခေါ်သွားတယ်၊ သူတို့က အရက်ဆိုင်ဖွင့်ထားတယ်၊ သမီးက ‘အဘ…ဟိုတုန်းက အဘအရက်တစ်ခါတလေသောက်တယ်မဟုတ်လား၊ အခု သောက်ပါဦးလား’ လို့ ပြောတယ်၊ ‘ဟာ…အခုမလုပ်ပါနဲ့၊ ဒီဘဝမှာ ငါမသောက်တော့ဘူး၊ ငါနားလည်လာပြီ’ လို့ ကျွန်တော်က ပြန်ဖြေတယ်။

“သမီးက ‘ဟာ…အဘမသောက်ရင် အဘကိုသမီးမယုံဘူး၊ သမီးယုံအောင် နည်းနည်းသောက်ပြပါ’ဆိုလို့ ကဲ…ငါနည်းနည်းသောက်မယ်ဆိုပြီး သောက်ချလိုက်တာ အဲဒီနေ့က တစ်နေ့လုံးအရက်မူးနေတော့တာပဲ၊ သုံးနှစ်သားငယ်ငယ်ပဲ ရှိသေးတာကိုး၊ အရက်ဒဏ် ဘယ်ခံနိုင်ပါ့မလဲ။

“အပျိုကြီးသမီးသုံးယောက်က ကျွန်တော့်ကိုသိပ်ချစ်ကြတော့ ‘အဘ သမီးတို့နဲ့အမြဲနေပါ’ လို့ ပူဆာနေကြတယ်၊ ကျွန်တော်က ‘ငါစာသင်ရဦးမယ်၊ ပြီးတော့ လာနေမယ်’ လို့ပြောပြီး အတော်ခဲခဲယဥ်းယဥ်းနဲ့ ခွဲခွာခဲ့ကြရတယ်၊ အဲဒီနောက်တော့ တစ်နှစ်တစ်ခေါက် ကျွန်တော်မှန်မှန်သွားလည်ပါတယ်။

“ကျွန်တော် ၁၅ နှစ်သားအရွယ်မှာ ခုနစ်တန်းအောင်ပြီး ကိုရင်ဝတ်ပါတယ်၊ ကိုရင်ဘဝကနေ မထွက်တော့ဘူး၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရစာသင်တိုက်မှာ ပထမတန်းစာမေးပွဲကို ဝင်ဖြေတာ အောင်တယ်၊ စာဆက်သင်တယ်၊ ၁၃၀၂ ခုနှစ်မှာ ပထမငယ်တန်းကို အောင်တယ်၊ နောက်နှစ်မှာ ပထမလတ်တန်းအတွက် စာသင်ရင်း တစ်ဖက်ကလဲ ပထမတန်းဖြေမယ့်ကိုရင်များကို စာချပေးတယ်၊ အဲဒီနှစ်မှာ ဂုံမင်းရွာကိုအလည်သွားတော့ သမီးလတ်နှစ်ယောက်၊ သားနှစ်ယောက်နဲ့ မြေးတွေပဲ ကျန်ရစ်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဂုံမင်းရွာမှာ ဦးနေကျော်ဘဝက ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ဘုန်းကြီးကျောင်းမှာပဲ ကျွန်တော်တည်းခိုရတယ်၊ ကိုရင်ဝတ်နဲ့ကိုး၊ သမီးတွေက ဆွမ်းအုပ် လာပို့ပေးကြတယ်၊ အဲဒီကျောင်းမှာ ဦးနေကျော်ဘဝက လှူဒါန်းခဲ့တဲ့ တိပိဋကကျမ်းစာအုပ်များကိုလဲ တွေ့ရတယ်။

"ကျွန်တော်ရဟန်းဘဝသို့ တက်လှမ်းပြီးတဲ့နောက် စုံစမ်းကြည့်တော့ သားသမီးတွေ အကုန်ကွယ်လွန်ကြပြီ၊ မြေးတွေပဲ ကျန်ရစ်ကြတော့တယ်၊ ဒီနောက်တော့ အဆက်အသွယ်ပြတ်သွားကြပါတယ်"

"ဆရာ...ဦးနေကျော်ဘဝက ကျောင်း, ဘုရား, ရေတွင်း, ရေကန်တွေ လှူဒါန်းခဲ့တဲ့ အကျိုးကျေးဇူးများကို ဒီဘဝမှာ ခံစားရသေးလား"

"ခံစားရပါတယ်၊ ဒါနပြုခဲ့တဲ့လူဟာ ဘောဂသမ္ပတ္တိဆိုတဲ့ဥစ္စာစီးပွားနဲ့ပြည့်စုံခြင်းဆိုတဲ့အကျိုးကို အမြဲခံစားရတာပဲ၊ ဒီဘဝတစ်လျှောက်လုံးမှာ ကျွန်တော်ဟာ ဆင်းရဲဒုက္ခနဲ့ မကြုံတွေ့ခဲ့ရပါဘူး၊ ကျောင်းလှူဒါန်းခဲ့ရတဲ့ အကျိုးကြောင့် ရောက်လေရာရာမှာ နေရာထိုင်ခင်းနဲ့ ပြည့်စုံပါတယ်၊ ရဟန်းဘဝက ခေတ်မီကောင်းမွန်တဲ့ကျောင်းများမှာ သီတင်းသုံးခဲ့ရပါတယ်၊ ကျောင်းလှူဒါန်းကြတဲ့လူတွေလဲ ရှိပါတယ်၊ ကျွန်တော်က လက်မခံလို့ပါ၊ ပြီးတော့ ရေတွင်းရေကန်ကို လှူဒါန်းခဲ့ရတဲ့အကျိုးကြောင့် သောက်ရေသုံးရေပြည့်စုံတဲ့ စိမ်းလန်းစိုပြည်တဲ့ အရပ်တွေမှာပဲ အမြဲနေထိုင်ခဲ့ရတယ်"

"ဆရာ ပိဋကတ်သုံးပုံကို လှူဒါန်းခဲ့တာမို့ ဒီဘဝမှာ ပညာထူးချွန်မှာပေါ့"

"ဟုတ်တယ်၊ ပိဋကစာပေတွေကို လေ့လာရတာ မပျင်းဘူး၊ မြင်လွယ်သိလွယ်တယ်၊ ဆင်ခြင်ဉာဏ်လဲကြီးတယ်၊ ၁၃၁၁ ခုနှစ်မှာ အစိုးရဓမ္မာစရိယစာမေးပွဲကို အောင်တယ်၊ နောက်နှစ်မှာ စေတီယင်္ဂဏဓမ္မာစရိယစာမေးပွဲကို အောင်တယ်၊ အဲဒီစာမေးပွဲမှာ အဋ္ဌကထာပြန်အကျော်ရွှေတံဆိပ်ဆုကို ရပါတယ်"

"ဆရာ ဘီအေဘွဲ့ကို ဘယ်လိုရခဲ့သလဲ"

"နိုင်ငံခြားသာသနာပြုဖို့ရည်ရွယ်ချက်နဲ့ ကျောင်းစာတွေကို ကိုယ့်ဘာသာလေ့လာပြီး အစိုးရစာမေးပွဲကိုဝင်ဖြေတာ၊ ၁၉၅၃ ခုမှာ မက်ထရစ်အောင်တယ်၊ ၁၉၅၇ ခုနှစ်မှာ ဉပစာတန်းအောင်တယ်၊ အဲဒီနောက် တက္ကသိုလ်စာကိုဖြတ်ထားလိုက်တာ ၁၉၆၅ ခုကျမှ ဘီအေဘွဲ့ကို ရပါတယ်"

"ဦးနေကျော်ဘဝက တံငါလုပ်ငန်းမှာ အစုစပ်ပါဝင်ခဲ့လို့ ဆရာတစ္ဆေဘဝကို ခေတ္တသွားရတယ်ထင်တယ်နော်"

"ဟုတ်တယ်၊ ယူဆနိုင်ပါတယ်၊ ပါဏာတိပါတာကံမြောက်တဲ့အထိမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ အကုသိုလ်ကံအနေနဲ့ တွဲဖက်ပါဝင်ခဲ့လို့ နည်းနည်းသက်သာသွားပုံရပါတယ်။ ကုသိုလ်အဟုန်တွေက ဖေးမတာလဲ ပါမှာပေါ့၊ အခုဘဝမှာ ကျွန်တော့်ခန္ဓာကိုယ်ဟာ ညီအစ်ကိုတွေလို ထွားထွားကျိုင်းကျိုင်း ထောင်ထောင်မောင်းမောင်းမဟုတ်ဘဲ သေးသေးညှက်ညှက်ဖြစ်နေတယ်၊ ငယ်ငယ်က သိပ်ချူချာတယ်၊ ဒါတွေကိုလဲ အဲဒီအကုသိုလ်ကံရဲ့ အကျိုးဆက်လို့ ယူဆနိုင်ပါတယ်”

“ခန္ဓာကိုယ်သေးညှက်တာထက် ဉာဏ်ပညာကြီးကျယ်တာက အများကြီးပိုပြီး အဖိုးတန်ပါတယ်ဆရာ၊ အခုဘဝမှာတော့ ဆရာဟာ ကုသိုလ်ကံတွေချည်းပဲ တစ်ပုံတစ်ခေါင်းကြီး ဖြည့်ဆည်းခဲ့ရတယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ ငယ်ငယ်ကတည်းက အကုသိုလ်ကံကို သိနားလည်ခဲ့လို့ ရှောင်ရှားခဲ့ပါတယ်။ ၁၅ နှစ်သားအရွယ်မှာ သာမဏေဝတ်ပြီးတော့ ကိုရင်ဘဝနဲ့ ငါးနှစ်၊ ရဟန်းဘဝနဲ့ ၁၉ နှစ်နေခဲ့တယ်၊ စာပေကျမ်းဂန်များကို သင်အံလေ့လာခဲ့တယ်၊ ၁၀ နှစ်သားအရွယ်ကစပြီး သူတစ်ပါးကို ပြန်သင်ကြားဟောပြောပေးခဲ့တယ်၊ အသက် ၄၀ အရွယ်မှာ လေရောဂါထလို့ ရဟန်းဘဝမှထွက်ပြီး လူ့ဘောင်ကို ပြန်ရောက်တော့လဲ သာသနာဦးစီးဌာနမှာ ကျမ်းပြုတာဝန်ကို ထမ်းရွက်ရတယ်၊ တစ်သက်လုံးပဲ ကုသိုလ်အလုပ်ကို တရစပ်ဆက်လုပ်နေရတယ်လို့ ဆိုရမှာပေါ့”

“ဆရာရဲ့ ကုသိုလ်အဆောက်အအုံကြီးက စကြဝဠာမင်းစည်းစိမ်ထက်တောင် ကြီးမားပါတယ်ဆရာ၊ အခုလို ဆရာ့ရဲ့ အတိတ်ဘဝနဲ့ ယခုဘဝကို ဆက်စပ်ပြီး တမလွန်ဘဝရှိတာကိုရော ကံ–ကံ၏ အကျိုးရှိတာကိုပါ ကျွန်တော်နဲ့ တကွ စာရှုသူအပေါင်းတို့က ရှင်းရှင်းလင်းလင်းသိမြင်ကြရလို့ သိပ်ကျေးဇူးများပါတယ်၊ ဆရာအားလဲ အထူးကျေးဇူးတင်ပါတယ်ဆရာ”

ဤစာရေးသားသော ၁၉၈၆ ခုနှစ်၌ ဦးအေးနိုင်သည် အသက် ၆၀ ဝန်းကျင်ရှိပြီဖြစ်သော်လည်း အရွယ်နှင့်မလိုက်အောင် လွန်စွာကျန်းမာနုပျိုလျက်ရှိပါ၏။ ဇနီးဒေါ်အေးသိန်းနှင့် သားသုံးယောက်, သမီးတစ်ယောက်တို့နှင့်အတူ ရန်ကုန်မြို့ ဆင်းဒဝစ်လမ်း အိမ်အမှတ် ၇၃ အေ–၌ ကိုယ်ပိုင်အိမ် ကိုယ်ပိုင်ကားတို့နှင့် အေးချမ်းသာယာစွာ နေထိုင်လျက်ရှိပေ၏။

## မော်လမြိုင်မှ ဓမ္မကထိကအကျော်

ကျေးဇူးရှင် **မဟာစည်ဆရာတော်ဘုရား** သည် ၁၂၉၁ ခုနှစ်မှ ၁၃၀၃ ခုနှစ်အထိ မော်လမြိုင်မြို့ တောင်ဝိုင်းတိုက်ကျောင်း၌ သီတင်းသုံးခဲ့၏။ ထိုအတော

www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် လူဝင်စားတစ်ဦးအကြောင်းကို **'ဓမ္မစကြာတရားတော်ကြီး' စာအုပ်** [၁] ၌ ရေးသားဖော်ပြခဲ့၏။

ဖြစ်ပုံမှာ ရှေ့နေဒကာကြီးတစ်ဦးကွယ်လွန်၍ ရက်လည်ဆွမ်းကပ်သည့်အခါ မော်လမြိုင်မြို့မှ ထင်ရှားသောဓမ္မကထိကဆရာတော်ကြီးတစ်ပါးသည် အနမောဒနာတရားချီးမြှင့်၏။

"ငါ၏အသက်ရှင်ခြင်းသည် မခိုင်မြဲ၊ ငါ၏သေခြင်းသည်ကား မချွတ်ဧကန်မြဲမြံ၏"

ဟူသော မရဏာနုဿတိဆင်ခြင်ပုံကို အရင်းခံပြု၍ ဟောကြားတော်မူ၏။

ဤတရားကို မဟာစည်ဆရာတော်ပါ နာကြားလိုက်ရ၏။ ၎င်းတရားကို ဟောကြားပြီးနောက် ရက်အနည်းငယ်အတွင်း၌ ထိုဓမ္မကထိကဆရာတော်ကြီး ပျံလွန်တော်မူ၏။ ပျံလွန်ရသည့်အကြောင်းမှာ ဆရာတော်အားလှူဒါန်းထားသည့် ဝတ္ထုပစ္စည်းများကိုအလိုရှိ၍ လူဆိုးများက ဓားနှင့်ထိုးသတ်သွားခြင်းဖြစ်ပေ၏။

သုံးနှစ်ခန့်ကြာလွန်သည့်အခါ မြိတ်မြို့နယ်မှသူငယ်တစ်ယောက်သည် မိဘများနှင့်အတူ ထိုဓမ္မကထိကဆရာတော်၏ကျောင်းတိုက်သို့ ရောက်လာကြ၏။

"မော်လမြိုင်မှာ ငါ့ကျောင်းရှိတယ်၊ ငါ့ကျောင်းတိုက်ဆီ သွားမယ်" ဟု ကလေးငယ်က အကြိမ်ကြိမ်ပူဆာသည့်အတွက် မိဘများက ပို့ဆောင်ပေးခြင်းဖြစ်၏။

ကလေးငယ်က လမ်းညွှန်ပြ၍ ကျောင်းတိုက်သို့ရောက်လာကြသည့်အခါ 'ဒါ…ငါ့ကျောင်းပဲ၊ ငါဟာ ဒီကျောင်းပိုင်ဆရာတော်ကြီးဖြစ်တယ်၊ ဒီကျောင်းကို ဘယ်သူဆောက်လုပ်လှူဒါန်းတယ်၊ ဘယ်ခုနှစ်မှာပြီးတယ်၊ ကျောင်းထဲမှာ ဘာပစ္စည်းတွေရှိတယ်' စသည်ဖြင့် အသေးစိတ်ကို ပြောပြရာ ပြောသည့်အတိုင်း အားလုံးမှန်ကန်နေပေတော့၏။

ကျောင်းတိုက်အတွင်း သီတင်းသုံးနေကြသောဘုန်းကြီးများကိုလည်း ဆရာတော်ဘဝက သူခေါ်ဆိုခဲ့သည့်ဘွဲ့အမည်များအတိုင်း ခေါ်ဆို၏။

"အရင်ဆရာတော်ကို ပြုစုပေးခဲ့တဲ့ ကပ္ပိယရဲ့နာမည်ကို မှတ်မိပါသလား" ဟု မေးမြန်းကြသောအခါ ကလေးငယ်က "ကြောက်စ…ကြောက်စ" ဟု ဖြေ၏။

"ဘာကြောင့်ကြောက်သလဲ" ဟု မေးမြန်းရာ…

"အဲဒီကပ္ပိယက လူဆိုးတွေနဲ့ပေါင်းပြီး ငါ့ကိုဓားနဲ့ထိုးခဲ့တယ်" ဟု ဖြေကြား၏။

---

၁။ မဟာစည်ဆရာတော် 'ဓမ္မစကြာတရားတော်ကြီး'

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် "သူတို့က ဓားတွေနဲ့ ငါ့ကိုဝိုင်းထိုးကြတဲ့အခါ ငါအတင်းရုန်းကန်ပြီး ပြေးတယ်၊ မော်လမြိုင်ဆိပ်ကမ်းရောက်တော့ ကမ်းကခွာစပြုနေတဲ့ စက်လှေပေါ်ကို ပြေးတက်လိုက်တယ်၊ အဲဒီလှေနဲ့လိုက်သွားတာ မြိတ်မြို့အနားက ရွာတစ်ရွာကို ရောက်သွားတယ်၊ အဲဒီရွာက အခုမိဘများအိမ်မှာ ဝင်နေပါတယ်" ဟု ဆက်လက်ပြောပြ၏။

ဤသို့ လူဆိုးများလက်မှလွတ်အောင် ထွက်ပြေးပြီး မြိတ်မြို့အနားက ရွာသို့ ရောက်သွားခြင်းသည် ဂတိနိမိတ်ထင်ခြင်းဖြစ်သည်ဟု မဟာစည်ဆရာတော်မှတ်ချက်ရေးထား၏။ ထို့အပြင် ဤဇာတ်လမ်းတွင် ဘဝကိုခင်တွယ်သည့်တဏှာသည် ဘဝသစ်ကိုဖြစ်စေသည်ဟူ၍လည်း မဟာစည်ဆရာတော်ဘုရား ကောက်ချက်ချထား၏။

## အာရပ်လူဝင်စား အီမက်အယ်လဝါ

အမေရိကန်စိတ်ရောဂါဗေဒပါမောက္ခစတီဗင်ဆင် စနစ်တကျလေ့လာခဲ့သော လူဝင်စားများအနက်မှ အာရပ်လူမျိုးလူဝင်စားတစ်ဦးအကြောင်းကို ဖော်ပြပါမည်။ လူဝင်စား၏အမည်မှာ **အီမက်အယ်လဝါ** [၁] ဖြစ်၏။

အီမက်သည် ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် **ကော်နယယ်** [၂] ရွာ၌ မွေးဖွားခဲ့၏။ အသက်တစ်နှစ်ခွဲနှင့်နှစ်နှစ်အတွင်း၌ သူ့အတိတ်ဘဝအကြောင်းကို စတင်ပြောဆို၏၊ သူ၏အတိတ်ဘဝ၌ ဖြစ်ပျက်ခဲ့သောအကြောင်းအရာများ, သူသိကျွမ်းခဲ့သည့်လူပုဂ္ဂိုလ်များနှင့် နေရာဒေသများ, သူပိုင်ဆိုင်ခဲ့သောပစ္စည်းများအကြောင်းကို ပြောပြ၏။

အတိတ်ဘဝက သူ့နာမည်မှာ **အီဗရာဟင်ဘူဟာမ်ဇီ** [၃] ဖြစ်၏၊ သူနေခဲ့သောရွာမှာ **ခရိဘီ** [၄] ဖြစ်ပြီး ယခုနေထိုင်သည့်ရွာနှင့် ၂၅ မိုင်ဝေး၏၊ သူ၏အိမ်ရှင်မမှာ **ဂျမီလ်** [၅] ဖြစ်ပြီး လှပ၏၊ သူ၏ညီတစ်ယောက်မှာ **အာမင်** [၆] ဖြစ်ပြီး **ထရီပိုလီ** [၇] မြို့၌ နေထိုင်၏။

အီမက်၏ဖခင်သည် အီမက်၏စကားများကို မယုံကြည်သည့်အပြင် မဟုတ်မဟတ်သောအကြောင်းအရာများကို စိတ်ကူးယဉ်ကာ ပြောရကောင်းလားဟု ကြိမ်းမောင်း၏။

တစ်နေ့တွင် အီမက်သည် အဘွား၏ရှေ့မှောက်၌ ခရိဘီရွာသားတစ်ဦး၏

---

၁။ Imad Elawar
၂။ Kornayel
၃။ Ibrahim Bouhamzy
၄။ Khriby
၅။ Jamile
၆။ Amin
၇။ Tripoli

www.burmeseclassic.com

www.burmeseclassic.com



အမည်ကိုခေါ်၍ နှုတ်ဆက်လိုက်၏။ ထိုအခါ အီမက်၏မိဘများက အနည်းငယ် ယုံကြည်လာ၏။

အီမက်၏အကြောင်းကို ဒေါက်တာစတီဗင်ဆင်ကြားသိရသောအခါ ကော်နယယ်ရွာသို့ သူကိုယ်တိုင်သွားရောက်ပြီး စုံစမ်း၏။ ဒေါက်တာစတီဗင်ဆင်၏ စကားများကို မူရင်းအတိုင်းဖော်ပြရသော်...

"ကော်နယယ်ရွာမှ ခရီးဘီသွားတဲ့ ကားလမ်းဟာ အကွေ့အကောက်အလွန်များတဲ့ တောင်ရိုးလမ်းဖြစ်ပါတယ်၊ ခရီးမထွက်မီ အီမက်ရဲ့မိဘအိမ်မှာ အီမက်ပြောပြတဲ့အချက် ၄၇ ချက်ကို ကျွန်တော်ရေးမှတ်ထားတယ်၊ လမ်းမှာအီမက်ထပ်မံပြောပြတဲ့အချက် ၁၀ ချက်ကိုလဲ ကျွန်တော်ရေးမှတ်ထားတယ်၊ ပထမပြောတဲ့ ၄၇ ချက်အနက် သုံးချက်သာမှားပြီး ကျန်တာအားလုံး မှန်တယ်၊ လမ်းမှာပြောတဲ့ ၁၀ ချက်အနက်က သုံးချက်ပဲမှန်တယ်၊ ခရီးသွားနေခိုက် အီမက်စိတ်လှုပ်ရှားနေတာတစ်ကြောင်း, ကျွန်တော်တို့က ထပ်ထပ်ပြီးသိချင်နေတာကို အလိုက်သင့်ပြောပြချင်တာကတစ်ကြောင်းကြောင့် ယခုဘဝအတွေ့အကြုံအချို့ကို အတိတ်ဘဝအတွေ့အကြုံနဲ့ အီမက်ရောယှက်လိုက်မိဟန်တူပါတယ်။

"အီမက် မှန်အောင်ပြောပြနိုင်တဲ့အချက်တွေထဲမှာ တော်တော်နိုက်နိုက်ချွတ်ချွတ်သိထားမှ ပြောနိုင်တဲ့အချက်တွေပါတယ်၊ ဥပမာ...သူသေခါနီးအချိန်မှာ သူတို့ပန်းခြံသစ်တစ်ခုစိုက်ပျိုးနေတာ၊ ချယ်ရီပင်နဲ့ပန်းသီးပင်များကို စိုက်ပျိုးတာ၊ ကိုယ်ပိုင်ကားအဝါလေးတစ်စီးနဲ့ ဘတ်စ်ကားတစ်စီးရှိတာ၊ ဒါတွေကိုအီမက်မှန်အောင်ပြောနိုင်ခဲ့တယ်။

"ဒါတင်မကသေးဘူး၊ လူပုဂ္ဂိုလ်နဲ့ နေရာ ၁၆ ခုတို့ကိုလဲ အီမက် ထူးထူးခြားခြား ပြောပြနိုင်ခဲ့သေးတယ်၊ ပုံစံပြရရင် အတိတ်ဘဝက အီဘရာဟင်သေနတ်ထားလေ့ရှိတဲ့နေရာ၊ သူ့ခွေးကို ချည်ထားလေ့ရှိတဲ့နေရာ၊ ဒါတွေကို သူပြောနိုင်တယ်။

"ပြီးတော့ အီဘရာဟင်ရဲ့ညီမဖြစ်တဲ့ **ဟူဒါ**[၁] ကို သူမှတ်မိတယ်၊ အီဘရာဟင်ရဲ့ညီဖြစ်တဲ့ **ဖူးအက်**[၂] ရဲ့ဓာတ်ပုံကိုပြတော့လဲ သူမှတ်မိတယ်၊ အီဘရာဟင် မသေခင် နောက်ဆုံးပြောသွားတဲ့ စကားတစ်ခွန်းကိုတောင် အီမက်မှတ်မိသေးတယ်၊ 'ဟူဒါ...ဖူးအက်ကိုခေါ်စမ်း' ဆိုတဲ့စကားပဲ၊ ဒီစကားကို ဟူဒါကလဲ ကောင်းကောင်းမှတ်မိနေတယ်။

"နောက်တစ်ချက်ထူးခြားတာ ရှိသေးတယ်၊ အတိတ်ဘဝက အီဘရာဟင်

---

၁။ Huda ၂။ Fuad

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အမှုအရာတွေနဲ့ အခုဘဝအိမ်ကရဲ့အမှုအရာတို့ဟာ သိပ်ဆင်တူနေကြတယ်၊ ဒါကြောင့် **မတော်တဆတိုက်ဆိုင်မှု**[၁] ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး၊ တစ်စုံတစ်ယောက်ထံက အိမ်ကကြားသိခဲ့ရတာလဲ မဖြစ်နိုင်ဘူး၊ မိသားစုအသိုက်အဝန်းထဲက ဘယ်သူမှ ဒီအကြောင်းကိုမသိခဲ့ကြဘူး။

"တယ်လီပသီ၊ ကလယ်ဗိုးယင့်၊ **နတ်ပူးခြင်း**[၂] စတာတွေနဲ့ရှင်းပြဖို့ကလဲ မသင့်လျော်ပါဘူး၊ ပြန်လည်မွေးဖွားခြင်းနဲ့ရှင်းပြမှပဲ အားလုံးပြေလည်နိုင်ပါတယ်"ဟု ဒေါက်တာစတီဗင်ဆင် ကောက်ချက်ချခဲ့၏။

## ဒေလီမြို့မှ လူဝင်စားရှန်တီဒေဝီ

**ရှန်တီဒေဝီ**[၃] ကို ၁၉၂၆ ခုနှစ်၌ ဒေလီမြို့တွင် ဖွားမြင်ခဲ့၏၊ သုံးနှစ်သမီးအရွယ်လောက်တွင် သူ၏အတိတ်ဘဝအကြောင်းကို မိဘများအား ပြောပြ၏။

"အမေ**မုတ္တရာမြို့**[၄] မှာ ကျွန်မအရင်နေခဲ့တဲ့အိမ်ရှိတယ်၊ အဲဒီတုန်းက ကျွန်မကို **လုဒ္ဒီ**[၅] လို့ခေါ်တယ်၊ ကျွန်မရဲ့ယောက်ျားက **ကဒါနတ်ချော်ဘီ**[၆] ဖြစ်ပါတယ်၊ သူက အထည်အလိပ်ကုန်သည်ကြီး တစ်ယောက်ပါ၊ ကျွန်မသားယောက်ျားကလေး မွေးတယ်၊ ကလေးမွေးပြီး ၁၀ ရက်ကြာတော့ ကျွန်မသေတယ်"

ရှန်တီသည် ဤအကြောင်းကို မကြာခဏပြောဆိုသည့်အတွက် သူ့မိဘက 'ကဒါနတ်ချော်ဘီ၊ အထည်အလိပ်ကုန်သည်ကြီး၊ မုတ္တရာမြို့'ဟု လိပ်စာတပ်ပြီး စာတစ်စောင်ရေးလိုက်၏။

မကြာမီပင် ကဒါနတ်ချော်ဘီထံမှ စာတစ်စောင်ပြန်လာသဖြင့် ရှန်တီ၏ မိဘများ အံ့အားသင့်ကြရ၏၊ ရှန်တီပြောသောစကားများ မှန်ကန်ကြောင်းကိုလည်း စာတွင်ရေးသားဖော်ပြထား၏။

ထို့နောက် ကဒါနတ်ချော်ဘီက သူ့ဆွေမျိုးတစ်ယောက်ကို ရှန်တီထံ စေလွှတ်လိုက်၏။ မကြာမီတွင် ကဒါနတ်ချော်ဘီကိုယ်တိုင် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ရှန်တီမိဘ၏အိမ်သို့ရောက်လာ၏။ ရှန်တီသည် သူမ၏အတိတ်ဘဝမှခင်ပွန်းကို တစ်စုံတစ်ဦးက ပြောပြခြင်းမပြုဘဲ ချက်ချင်းမှတ်မိ၏။

စုံစမ်းကြည့်သောအခါ ရှန်တီသည် ဒေလီမြို့ပြင်သို့ တစ်ခါမှမထွက်ခွာဖူးကြောင်း သိကြရ၏။ ထို့နောက် ရှန်တီကို မုတ္တရာမြို့သို့ ခေါ်သွားကြသောအခါ သူမ၏တုံ့ပြန်ချက်များကိုဆန်းစစ်ရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းကြ၏။

---

၁။ Chance coincidence
၂။ Spirit possession
၃။ Shanti Devi
၄။ Mutra
၅။ Lugdi
၆။ Kadar Nath Chaubey

www.burmeseclassic.com

www.burmeseclassic.com



ရှန်တီတို့ လိုက်ပါလာသောရထားသည် မုတ္တရာဘူတာသို့ ဝင်ရောက်လာပေပြီ။ ဘူတာတွင် ခရီးသည်များနှင့် ကြိုဆိုသူများတို့သည် ရှုပ်ယှက်ခတ်ကာ သွားလာလှုပ်ရှားနေကြ၏။ ဤလူသိုက်များအထဲမှ ကဒါနတ်ချော်ဘီ၏ ဆွေမျိုးတစ်ယောက်ကို ရွေးချယ်ပြီး ရှန်တီက နှုတ်ဆက်လိုက်၏။

မြင်းလှည်းပေါ်တွင် ထိုင်မိကြသောအခါ ရှန်တီအား လမ်းညွှန်ပြဖို့ ပြောကြားကြ၏။ ရှန်တီက တုံ့ဆိုင်းခြင်းမရှိဘဲ မြင်းလှည်းမောင်းသူအား လမ်းညွှန်ကာ ချော်ဘီအိမ်သို့ မောင်းစေ၏။ ချော်ဘီ၏ အိမ်သည် ဆေးသုတ်ထားသဖြင့် အသွင်ပြောင်းနေ၏။ သို့စေကာမူ ထိုအိမ်ကို ရှန်တီမှတ်မိ၏။ ချော်ဘီ၏ ဖခင်ကိုလည်း ရှန်တီက မှတ်မိကာ နှုတ်ဆက်၏။

ချော်ဘီ၏ အိမ်တွင်းသို့မဝင်မီ အိမ်တွင်း၌ အခန်းများဖွဲ့ထားပုံ ပရိဘောဂများ ထားရှိပုံစသည်တို့နှင့်ပတ်သက်သော မေးခွန်းများကို ရှန်တီအား မေးမြန်းကြ၏၊ ရှန်တီက လွယ်ကူစွာပင် အဖြေမှန်များကို ပေးနိုင်၏။

ချော်ဘီ၏ အိမ်ရှေ့၌ စုရုံးရောက်ရှိလာကြသော လူစုကြီးအတွင်းမှ လူ ၅၀ ခန့်တို့ကိုလည်း သူတို့၏ အမည်များကိုခေါ်၍ ရှန်တီနှုတ်ဆက်စကားပြောကြားနိုင်သေး၏။

ချော်ဘီ၏ မိဘများနေအိမ်သို့ ရောက်သွားကြသည့်အခါ အခန်းတစ်ခန်း၏ ထောင့်တစ်နေရာသို့ ရှန်တီလက်ညှိုးထိုးပြပြီး ၎င်းနေရာ၌ သူမငွေအချို့မြှုပ်နှံခဲ့ကြောင်း ပြောဆို၏။ ထိုနေရာကို တူးဖော်ကြသည့်အခါ ငွေကိုမတွေ့ရပါ၊ သို့ရာတွင် ချော်ဘီက သူ့ဇနီးသေဆုံးပြီးနောက်၌ ထိုငွေကို တူးဖော်ယူခဲ့ကြောင်း ဝန်ခံလေ၏။

ဤရှန်တီ၏ အတိတ်ဘဝအကြောင်းကို **ဒေလီမြို့ အပြည်ပြည်ဆိုင်ရာ အာရိယန်အဖွဲ့** [၁] က ၁၉၃၆ ခုနှစ်၌ စုံစမ်းလေ့လာခဲ့ပါသည်။

## သီရိလင်္ကာနိုင်ငံမှ လူဝင်စား နာနာတီးလကေ
## (ယောက်ျားကလေးမှ မိန်းကလေးအဖြစ်သို့ ဘဝပြောင်းခဲ့သူ)

သီရိလင်္ကာနိုင်ငံ **တလဝကယ်လေ** [၂] မြို့နှင့် ၁၆ မိုင်ကွာဝေးသော ရွာသိမ်တစ်ခု၌ **နာနာတီးလကေ** [၃] ကို ၁၉၅၆ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဖွားမြင်ခဲ့၏။

နာနာတီးလကေ နှစ်နှစ်သမီးအရွယ်ခန့်တွင် သူမ၏ အတိတ်ဘဝအကြောင်း

---

၁။ The International Aryan League, Delhi.
၂။ Talawakelle
၃။ Gnanatillake

www.burmeseclassic.com

www.burmeseclassic.com



ကို စတင်ပြောဆို၏။ တစ်နေ့တွင် သူမ၏ရွာသားအချို့တို့သည် တလဝကယ်လေမြို့သို့ အလည်အပတ်သွားရောက်ကြသည့်အကြောင်းကို နာနာတီးလကေ ကြားသိရသောအခါ "ကျွန်မရဲ့အရင်ဘဝမိဘများနေတဲ့မြို့ဟာ တလဝကယ်လေမြို့ပဲ"ဟု နာနာတီးလကေ လွတ်ခနဲပြောဆိုလိုက်၏။

ထို့နောက် ယခင်ဘဝကမိမိနေထိုင်ခဲ့သည့်အိမ်အကြောင်းကိုလည်းကောင်း၊ ထိုဘဝက မိသားစုများ၏အကြောင်းကိုလည်းကောင်း နာနာတီလကေ အသေးစိတ်ပြောပြ၏။

ကန်ဒီမြို့မှ **မစ္စတာနစ်စန်ကာ**[၁] နှင့် ကိုလံဘိုမြို့ **ဝဇီရာရာမကျောင်းတိုက်**[၂] မှ **ပီယဒဿီ**[၃] မဟာထေရ်တို့သည် နာနာတီးလကေ၏အကြောင်းကို ကြားသိကြသဖြင့် ပူးပေါင်းကာလေ့လာကြ၏။ သူတို့သည် နာနာတီးလကေ၏အိမ်သို့ လာရောက်ကြပြီးလျှင် အလွန်ရှက်တတ်သော ကလေးမအား မေးခွန်းများ မေးမြန်းကြ၏။ သူမ၏အဖြေများတွင် သူမ၏အတိတ်ဘဝ၊ ထိုဘဝ၏မိသားစုနှင့် ပတ်သက်သောအချက်အလက်များစွာ ပါဝင်ကြ၏။

နာနာတီးလကေပြောပြသောစကားများကို စုစည်းလိုက်သောအခါ အတိတ်ဘဝက သူမသည် ယောကျ်ားကလေးဖြစ်ခဲ့၏၊ သူမ၏အိမ်သည် တလဝကယ်လေမြို့အတွင်းရှိ လက်ဖက်ခြောက်စက်ရုံတစ်ခုအနီး၌ တည်ရှိ၏၊ ထိုဘဝက ကျောင်းတက်သောအခါ ညီမကလေးနှင့်အတူ ရထားစီးသွားရ၏၊ ထိုသို့စီးသွားသောအခါ ရှည်လျားသောဥမင်လိုဏ်တစ်ခုကို ဖြတ်သန်းရ၏၊ တစ်နေ့တွင် သူနှင့်သူ၏ညီမတို့သည် ရထားလမ်းဘေး၌ မတ်တတ်ရပ်နေကြပြီး ရထားစီးသွားသည့် ဘုရင်မကို စောင့်ကြည့်ခဲ့ကြရသည်ဆို၏။

ပီယဒဿီမဟာထေရ်နှင့် မစ္စတာနစ်ဆန်ကာတို့၏ ဆက်လက်စူးစမ်းချက်အရ လက်ရှိအဲလစ်ဇဘက်ဘုရင်မသည် ၁၉၅၄ ခုနှစ်၌ သီဟိုဠ်နိုင်ငံသို့ အလည်ရောက်ရှိပြီး တလဝကယ်လေကိုဖြတ်သန်းလျက် ရထားဖြင့်ခရီးထွက်ခဲ့သည်ကို သိရ၏။ ထို့အပြင် နာနာတီးလကေ၏အတိတ်ဘဝက ကျောင်းသားငယ်သည် **ဟက်တန်**[၄] မြို့ **သီရိပဒကောလိပ်**[၅] ကို တက်ရောက်ခဲ့သည်ဟု ယူဆကြ၏။

သို့ရာတွင် တလဝကယ်လေမြို့၏ နေရာများစွာတို့၌ နာနာတီးလကေ အတိတ်ဘဝက နေထိုင်ခဲ့သောအိမ်ကို စုံစမ်းရှာဖွေကြရာတွင် မတွေ့ရှိကြချေ၊ သူတို့သည် လူများစွာကို မေးမြန်းခဲ့ကြ၏၊ ကွယ်လွန်သူတို့၏အမည်များကိုစနစ်

---

၁။ Mr. H.S. Nissanka
၂။ Vajirarama
၃။ Piyadassi
၄။ Hatton
၅။ Sri Pada College

www.burmeseclassic.com

www.burmeseclassic.com



တကျထားရှိသော မှတ်တမ်းရုံး၌လည်း နာရီပေါင်းများစွာ စုံစမ်းခဲ့ကြ၏၊ အကြောင်းမထူးချေ။

ထို့နောက် နာနာတီးလကေကို တလဝကယ်လေမြို့သို့ ခေါ်ဆောင်သွားကြ၏၊ အဆောက်အအုံများစွာကို နာနာတီးလကေမှတ်မိပြီး ထိုအဆောက်အအုံတို့၏အမည်များကို ပြောပြနိုင်၏၊ သို့သော် သူမယခင်နေထိုင်ခဲ့သည့်အိမ်သို့ သွားကြသောအခါ အိမ်မရှိတော့ချေ။ ထိုအိမ်ကို အတိတ်ဘဝက သူမသေဆုံးပြီးသည့်နောက်တွင် ဖျက်ဆီးလိုက်ကြောင်း စုံစမ်းသိရ၏။

ထိုအခါတွင် အခြားပုဂ္ဂိုလ်များစွာတို့ကလည်း ဝိုင်းဝန်းကူညီကာ စုံစမ်းရေးတွင် ပါဝင်လာကြ၏။ နောက်ဆုံး၌ ဟက်တန်မြို့ သီရိပဒကောလိပ်ကို တက်ရောက်နေစဉ်အတွင်း ၁၉၅၄ ခုနိုဝင်ဘာလ ၉ ရက်၌ သေဆုံးသွားခဲ့သော ကျောင်းသားတစ်ဦး၏မိဘများကို စုံစမ်းရရှိကြ၏။

စုံစမ်းသူတို့က ထိုမိဘနှစ်ပါးကိုတွေ့ဆုံပြီး သေဆုံးခဲ့သော သူတို့၏သားအကြောင်းကို မေးမြန်းကြ၏၊ ထိုသား၏အမည်မှာ **တီးလကေရတန**[၁]ဖြစ်၏၊ ထိုမိဘတို့ပြောပြသောအကြောင်းအရာများသည် နာနာတီးလကေပြောဆိုခဲ့သည့် သူမ၏အတိတ်ဘဝအကြောင်းအရာများနှင့် တစ်ထပ်တည်းဖြစ်နေကြပေတော့၏။

ထိုအခါ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီးလျှင် ပီယဒဿီမဟာထေရ်အား ဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြ၏၊ တလဝကယ်လေအပန်းဖြေရိပ်သာ၌ အသိသက်သေမြောက်မြားစွာကို ခေါ်ယူ၍မေးမြန်းကြ၏။ ထိုသက်သေများအထဲတွင် တီးလကေရတန၏မိသားစု,တီးလကေရတနအား သင်ပြခဲ့သည့်ဆရာတစ်ဦးနှင့် သီရိပဒကောလိပ်ကျောင်းအုပ်တို့လည်း ပါဝင်ကြ၏။

ဤစုံစမ်းပွဲကြီးတွင် လူထုပရိသတ်များစွာတို့က လာရောက်နားထောင်ကြ၏၊ ထိုပွဲ၌ နာနာတီးလကေသည် တီးလကေရတန၏မိခင်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံရ၏၊ နာနာတီးလကေသည်အတိတ်ဘဝကမိခင်အား ရွှင်လန်းဝမ်းမြောက်စွာကြည့်လိုက်ပြီးလျှင် 'ဒါဟာ ကျွန်မရဲ့တလဝကယ်လေကအမေပဲ' ဟုဆိုလိုက်၏။

ဒေါက်တာစတီဗင်ဆင်သည် ၁၉၈၁ ခုနှစ်၌ တလဝကယ်လေသို့သွားရောက်ပြီးလျှင် ဤလူဝင်စားအကြောင်းကို သီးခြားစုံစမ်းပြီး သူ၏စာအုပ်၌ ဖော်ပြခဲ့

---

၁။ Tillekeratna

www.burmeseclassic.com

www.burmeseclassic.com



၏။ မစ္စတာနစ်စန်ကာသည်လည်း ဤလူဝင်စားအကြောင်းအပြည့်အစုံကို ဆင်ဟာလီဘာသာဖြင့် စာအုပ်တစ်အုပ်ရေးသားခဲ့၏။

## အီတလီမှလူဝင်စားအလက်ဇန္ဒရီနာ

ဒေါက်တာစတီဗင်ဆင် စုံစမ်းလေ့လာခဲ့သော လူဝင်စားများအနက် အထောက်အထားခိုင်လုံ၍ လူသိများသောပုဂ္ဂိုလ်တစ်ဦးမှာ အီတလီနိုင်ငံမှ **အလက်ဇန္ဒရီနာ**[၁] ဖြစ်၏။ ဤအကြောင်းသည် သုတေသီများစွာတို့က သတင်းစာများ၌ ရေးသားဆွေးနွေးကြသော သတင်းထူးတစ်ရပ်လည်း ဖြစ်ခဲ့၏။

အလက်ဇန္ဒရီနာသည် **ဒေါက်တာကာဗီလိုဆမိုနာ**[၂] နှင့်ဇနီးတို့၏ သမီးချစ်ကလေးဖြစ်၏၊ အေးဆေးလိမ္မာလှသော ဤရင်နှစ်ကလေးသည် အသက်ငါးနှစ်အရွယ်၌ သေဆုံးသွားသဖြင့် မိဘနှစ်ပါးတို့ လွန်စွာပူဆွေးသောက ဖြစ်ကြရ၏။

သမီးကွယ်လွန်ပြီးနောက် သုံးရက်မြောက်သောညဥ့်တွင် **မဒမ်ဆမိုနာ**[၃] သည် ထူးခြားသောအိပ်မက်တစ်ခုကို မြင်မက်၏။ အိပ်မက်တွင် သမီးလေးက "မေမေ မငိုနဲ့၊ သမီးပြန်လာမယ်" ဟု ထင်ထင်ရှားရှားပြောဆို၏။

ဒေါက်တာဆမိုနာနှင့်ဇနီးသည်တို့သည် သမီးကလေးပြန်လာမည်ဆို၍ ဝမ်းသာမိကြသော်လည်း မျှော်လင့်ချက်မထားကြချေ။ အကြောင်းတစ်ခုမှာ မဒမ်ဆမိုနာသည် ခွဲစိတ်ကုသခြင်းကို ခံယူထားသဖြင့် နောက်ထပ်သားသမီးရရန် အလားအလာမရှိသောကြောင့် ဖြစ်၏။

နောက်များမကြာမီ ဒေါက်တာဆမိုနာနှင့်ဇနီးတို့သည် သမီးအကြောင်းပြန်ပြောင်း၍ပြောဆိုနေကြစဉ် တံခါးခေါက်သံကို သုံးကြိမ်ကြားရ၏၊ တံခါးခေါက်သူကိုကား မတွေ့ရချေ။

ထိုဇနီးမောင်နှံတို့သည် နတ်ဝင်သည်တစ်ဦးကို မေးမြန်းကြ၏၊ ထိုအခါ အလက်ဇန္ဒရီနာနှင့် ကွယ်လွန်သူအဒေါ်တစ်ဦးတို့သည် ကိုယ်ထင်ပြကြ၏။ အလက်ဇန္ဒရီနာက အိပ်မက်ပေးသူနှင့် တံခါးခေါက်သူမှာ မိမိပင်ဖြစ်ကြောင်း၊ ခရစ္စမတ်ပွဲမတိုင်မီ သူ့ကိုညီမတစ်ယောက်နှင့်အတူ မိခင်က မွေးဖွားပေးရမည်ဖြစ်ကြောင်း ပြောဆို၏။

ထို့နောက် မဒမ်ဆမိုနာတွင် ကိုယ်ဝန်အထင်အရှားရှိလာသဖြင့် မွေးဖွားမည့်ရက်ကို စိတ်အားထက်သန်စွာစောင့်ဆိုင်းကြ၏။

ထိုနှစ်ခရစ္စမတ်နေ့မတိုင်မီတွင်အမြွှာသမီးငယ်နှစ်ဦးကိုမွေးဖွား၏။အလက်

---

၁။ Alexandrina ၂။ Dr. C. Samona ၃။ Madam Samona

www.burmeseclassic.com

www.burmeseclassic.com



ဇန္ဒရီနာသေဆုံးခဲ့သည့် ၁၉၁၀ ခုနှစ် မတ်လမှရေတွက်လျှင် ကိုးလခန့်ကြာမြင့်ခဲ့၏။

အမြွှာညီအစ်မနှစ်ဦးအနက် တစ်ဦးမှာ သေဆုံးခဲ့သောသမီးကလေးနှင့် ရုပ်တူသဖြင့် ၎င်းသမီးကို ဒုတိယအလက်ဇန္ဒရီနာဟုအမည်ပေးကြ၏၊ ဤသမီးသည် ပထမသမီးကဲ့သို့ပင် အေးဆေးတည်ငြိမ်၏၊ သန့်ရှင်း၏၊ ဘယ်သန်၏၊ ဒိန်ခဲကို မကြိုက်၊ အဝတ်အစားများကို သပ်သပ်ရပ်ရပ်ခေါက်ထားတတ်၏၊ တစ်ဦးတည်း ကစားနေတတ်၏။ ကျန်အမြွှာသမီးတစ်ဦးကမူ စိတ်နေသဘောထား၌ လည်းကောင်း၊ အကျင့်စရိုက်၌လည်းကောင်း တစ်မူထူးခြားပြီး တက်ကြွလှုပ်ရှားနေတတ်၏၊ အပေါင်းအဖော်ကို ခင်၏။

သမီးများ အသက် ၁၀ နှစ်ခန့်ရှိလာကြသောအခါ မိဘတို့က သမီးတို့နှင့်အတူ မြို့တစ်မြို့သို့အလည်သွားရန် စီစဉ်ကြ၏။ ထိုအခါ ဒုတိယအလက်ဇန္ဒရီနာက ထိုမြို့သို့ မိခင်နှင့်အတူ ရောက်ခဲ့ဖူးကြောင်း၊ ထိုအခါ ဦးချိုရှိသည့်မိန်းမတစ်ဦး အတူလိုက်ပါလာကြောင်း၊ မြို့ထဲ၌ အနီရောင်ဝတ်ရုံနှင့် ဘုန်းကြီးများကိုမြင်တွေ့ရကြောင်း ပြောဆို၏။

ထိုအခါ မဒမ်ဆမိုနာ၏ မှတ်ဉာဏ်တွင် လွန်ခဲ့သော ၁၀ နှစ်ခန့်အချိန်၌ ပထမအလက်ဇန္ဒရီနာနှင့်အတူ ထိုမြို့သို့သွားခဲ့ရသောအကြောင်းကို ပြန်ပြောင်း၍သတိရမိ၏၊ ထိုစဉ်က သူတို့နှင့်အတူ နဖူးထက်၌ အသားဖုချွန်ကြီးရှိသော မိန်းမကြီးတစ်ဦး ပါလာ၏၊ ထိုမြို့အတွင်း၌ အနီရောင်ကိုယ်ရုံဝတ်ဆင်ထားကြသော ဂရိဘုန်းကြီးများကိုလည်း မြင်တွေ့ခဲ့ကြရ၏။

ဤလူဝင်စားအကြောင်း၌ စိတ်ဝင်စားဖွယ်ကောင်းသောအချက်မှာ သေဆုံးခဲ့သောသမီးငယ်က မိခင်ဝမ်း၌ပဋိသန္ဓေနေမည့်အကြောင်းကို အိပ်မက်ပေးပုံနှင့် ကိုယ်ထင်ပြ၍ ပြောဆိုပုံတို့ကို မိဘတို့က အခြားသူများအား ကြိုတင်ပြောကြားထားခဲ့ကြခြင်းပင် ဖြစ်၏။ နောက်ဘဝရှိကြောင်းကိုသာမက တမလွန်လောကရှိကြောင်းကိုပါ ဖော်ပြပေးသောဇာတ်လမ်းမှန်တစ်ခု ဖြစ်ပေ၏။

## ဘရာဇီးလ်မှလူဝင်စား ဆိုင်မွန်နီ

ဘရာဇီးနိုင်ငံမှ လူဝင်စားသုတေသနဌာနမှူး အဲန်ဒရိတ်စုံစမ်းတွေ့ရှိခဲ့သော ဆိုင်မွန်နီသည် ဘရာဇီးလ်သူဖြစ်လျက် ငယ်စဉ်ကတည်းက အီတာလျံစကားကို ပြောဆိုနိုင်၏။

ဆိုင်မွန်နီကို ၁၉၆၄ ခု၊ မတ်လ ၂၀ ရက်နေ့တွင် မွေးဖွားခဲ့၏၊ စကားပြောတတ်သောအချိန်မှစ၍ ဆိုင်မွန်နီသည် အီတာလျံစကားကို စ,ပြော၏၊ အသက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်အရွယ်တွင် အီတာလျံစကားကို သွက်သွက်လက်လက်ပြောနိုင်၏၊ အီတာလျံ ကဗျာတို့, စာတိုများကိုလည်း ရွတ်ဆိုနေတတ်၏။

သူ၏မိသားစုတွင် သူတစ်ယောက်တည်းသာလျှင် အီတာလျံစကားကိုပြောနိုင်၏၊ ကျန်လူများက မပြောနိုင်ကြပါ။ ထို့အပြင် အီတာလျံမြို့ရွာအကြောင်း... လူတွေအကြောင်း...စသည်တို့ကိုလည်း ဆိုင်မွန်နီမေးမြန်းတတ်၏၊ သူ့အမေးကို မည်သူမျှမဖြေနိုင်။

အသက်သုံးနှစ်ပြည့်ပြီးသည့်နောက်ပိုင်းတွင် ဆိုင်မွန်နီသည် လေယာဉ်ပျံများ ဗုံးကြဲသည့်အကြောင်း၊ မိဘမဲ့ဂေဟာတွင် သူနေထိုင်ခဲ့ရသည့်အကြောင်း... စသည်တို့ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောဆိုတတ်၏။ လေယာဉ်ပျံသံကြားလျှင်မူ သူ့ခများ နေစရာမရှိအောင် ကြောက်ဒူးတုန်နေတတ်၏။

တစ်ခါသော် မဂ္ဂဇင်းတစ်စောင်ကို လှန်လှောကြည့်နေရာမှ ရောမမြို့ပုံပါသော စာမျက်နှာကို ဆွဲဖြဲလာပြီးလျှင် သူနေထိုင်သည့်မြို့ဟု အခိုင်အမာပြောဆိုလေ၏။

တစ်နေ့၌မူ ဆိုင်မွန်နီတို့၏အိမ်ခေါင်မိုးအထက်မှ လေယာဉ်ပျံတစ်စင်းသည် နိမ့်နိမ့်ကလေး ပျံသန်းသွား၏။ ဆိုင်မွန်နီသည် မျက်လုံးပြူးပြူးပျာပျာဖြစ်လျက် ဘွားအေအား အတင်းဖက်ထားလေ၏။

"ငါ့မြေး...ဘာဖြစ်လို့ ကြောက်နေရတာလဲ၊ လေယာဉ်ပျံက သူ့လမ်းသူ သွားတာပဲ"

"ဘွားဘွားရယ်...သမီးတို့ မိဘမဲ့ကျောင်းမှာ နေတုန်းကပေါ့၊ ကောင်လေး တစ်ယောက်ဟာ ဖောင်တိန်တစ်ချောင်းကိုင်ပြီး ပြေးဝင်လာတယ်၊ ဒါပေမဲ့ သူ ကိုင်လာတာ ဖောင်တိန်အစစ်မဟုတ်ဘူးအဘွားရဲ့၊ သူ့လက်ထဲမှာတင် ပေါက်ကွဲသွားတာ၊ ကောင်လေးက ဒဏ်ရာရသွားလို့ သွေးတွေပန်းထွက်လာတယ်၊ သမီးက ကြမ်းပေါ်ကို ဝပ်ချလိုက်လို့ ကံကောင်းသွားတာ။

"ဒါပေမဲ့အဘွားရယ်၊ နောက်တစ်ကြိမ်မှာတော့ သမီးတို့ ကံမကောင်းတော့ပါဘူး။ သမီးတို့ကျောင်းကို လေယာဉ်ပျံလာပြီး ဗုံးကြဲတာ လေယာဉ်ပျံသံရော ဗုံးကွဲတဲ့အသံရော ကြောက်စရာကောင်းလိုက်တာ၊ သမီး နားကိုပိတ်ပြီး ဝပ်ချ လိုက်တာ...မလွတ်ပါဘူးအဘွားရယ်...ဗုံးဆန်တစ်ခုက သမီးကို လာထိမှန်လို့ ပွဲခနဲဖြစ်သွားတယ်။ ပြီးတော့ သမီးလှေကားအမြင့်ကြီးတစ်ခုကို တက်ရင်းတက် ရင်းနဲ့ သမီးကောင်းကင်ဘုံကို ရောက်သွားတာပါပဲ၊ အဲဒီတုန်းက သမီးနာမည် ဟာ ဆိုင်မွန်နီမဟုတ်ပါဘူး၊ အင်ဂျင်လီနာလို့ ခေါ်ပါတယ်"

ဆိုင်မွန်နီသည် ဖောင်တိန်သဏ္ဍာန် ဗုံးသေးသေးကို ဤဘဝတွင် မကြားဖူး

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တီထွင်ပြောဆိုခြင်းမဟုတ်ကြောင်း၊ ထိုဖုံးမျိုးကို ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့သုံးစွဲခဲ့ပြီး ဥရောပတိုက်၌ပင် လူသိနည်းခဲ့ကြောင်း၊ ဘရာဇီးလ်နိုင်ငံမှ သာမန်မိသားစုတွင် ဤဖုံးအဆန်းကို ကြိုတင်သိထားရန် ခဲယဉ်းကြောင်း၊ အတိတ်ဘဝက ဆိုင်မှန်နီကြိုတွေ့ခဲ့၍သာ ယခုလိုပြောပြနိုင်ကြောင်းတို့ကို အဲန်ဒရိတ်က ထောက်ခံပြောဆို၏။

## အိန္ဒိယမှ ထူးခြားသောလူဝင်စား ပရာမော့

အိန္ဒိယနိုင်ငံ **ဘာဒန်ခရိုင်** [၁] **ဘစ်ဆောလီမြို့** [၂]တွင် ဥပစာကောလိပ်ပါမောက္ခ **ဘန်ကေလား(လ်) ရှားမား** [၃]၏ဇနီးသည် ၁၉၄၄ ခု မတ်လ ၁၅ ရက်နေ့တွင် သားတစ်ယောက် ဖွားမြင်၏၊ သားကလေးကို **ပရာမော့** [၄] ဟု အမည်ပေးကြ၏။

ပရာမော့သည် စကားပီပီသသ မပြောနိုင်မီ **မိုဟန်း** [၅], **မိုရာဒါဘတ်** [၆] နှင့် **ဆဟာရန်ပါ** [၇] အမည်များကို ရွတ်ဆို၏၊ မကြာမီ **မိုဟန်းဘရားသား** [၈] ဟူသော အမည်ကို ပီပီသသပြောဆို၏။

ဆွေမျိုးများက ဘီစကွတ်မုန့်များဝယ်သည်ကို ပရာမော့မြင်သောအခါ "မိုရာဒါဘတ်မှာ ကျွန်တော့်ဘီစကွတ်စက်ရုံ အကြီးကြီးရှိတယ်" ဟု ပရာမော့ပြော၏။ ဆိုင်ကြီးများသို့ ပရာမော့ကို ခေါ်သွားသောအခါ "မိုရာဒါဘတ်က ကျွန်တော့်ဆိုင်ဟာ ဒီဆိုင်တွေထက် ကြီးတယ်" ဟု ပရာမော့မှတ်ချက်ချပြန်၏။

အနည်းငယ်ကြီးပြင်းလာသောအခါ "မိုရာဒါဘတ်ကို သွားကြရအောင်" ဟု သူ့ဖခင်အား ပူဆာ၏။

"မိုရာဒါဘတ်မှာ ဘာသွားလုပ်မလဲ" ဟု ဖခင်ကမေးသည့်အခါ "မိုရာဒါဘတ်မှာ ကျွန်တော့်ညီအစ်ကိုတွေပိုင်တဲ့ မိုဟန်းဘရားသားဆိုင်ကြီးရှိတယ်၊ ဆဟာရန်ပါနဲ့ မိုရာဒါဘတ်တို့မှာ ဆိုင်ခွဲတွေကိုလဲ ဖွင့်လှစ်ထားတယ်၊ မိုဟန်းဘရားသားဆိုင်ကြီးကို ကျွန်တော့်အစ်ကို **မိုဟန်းလားလ်** [၉]က အုပ်ချုပ်တယ်၊ ကျွန်တော်ဟာ မိုဟန်းလားလ်ရဲ့ညီပါ၊ ကျွန်တော့်နာမည်က **ပါရာမနန်** [၁၀] လို့ခေါ်တယ်၊ ၁၉၄၃ ခုနှစ် မေလ ၉ ရက်နေ့မှာ ဗိုက်နာရောဂါနဲ့ ဆဟာရန်ပါမှာ ကျွန်တော်သေဆုံးခဲ့တယ်"

ပါမောက္ခဘန်ကေလား(လ်) ရှားမား တွက်ကြည့်သည့်အခါ ပါရာမနန်သေ

---

၁။ Badan district
၂။ Bissauli
၃။ Bankey Lal Sharma
၄။ Pramod
၅။ Mohan
၆။ Moradabad
၇။ Saharanpur
၈။ Mohan Bros.
၉။ B. Mohanlal
၁၀။ Paramanand

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြီး ကိုးလနှင့် ခြောက်ရက်အကြာတွင် ပရာမော့ကို မွေးဖွားခဲ့၏။ ထို့ကြောင့် ပရာမော့သည် ပါရာမနန်ဝင်စားသူဖြစ်လျှင် ပါရာမနန်သေဆုံးပြီးသည်နှင့်တစ်ပြိုင်နက် ပရာမော့ပဋိသန္ဓေစတည်ခဲ့ရမည်ဖြစ်၏။

၁၉၄၉ ခုနှစ်တွင် ပရာမော့ ငါးနှစ်ရှိလာသည့်အခါ ပရာမော့ဖခင်၏မိတ်ဆွေတစ်ဦးသည် မိုရာဒါဘတ်မှလာသော သူ့ဆွေမျိုးတစ်ဦးအား ပရာမော့ အကြောင်းကို ပြောပြ၏၊ ထိုဆွေမျိုးက မိုရာဒါဘတ်၌ မစ္စတာမိုဟန်းလားလ် အုပ်ချုပ်သော မိုဟန်းဘရားသားဆိုင်ကြီးတစ်ဆိုင် အမှန်ရှိကြောင်း ပြောပြ၏။ မိုရာဒါဘတ်သို့ ထိုဧည့်သည်ပြန်ရောက်လာသောအခါ မိုဟန်းလား(လ်) အား ပရာမော့အကြောင်းကို တစ်ဆင့်ပြောပြလိုက်၏။

ထို့ကြောင့် မိုဟန်းလား(လ်) သည် ဆွေမျိုးအချို့နှင့်အတူ ဘစ်ဆောလီသို့ လာ၏။ သူတို့ရောက်လာသောအချိန်၌ ပရာမော့သည် ရပ်ဝေးဆွေမျိုးတစ်ဦးထံသို့ အလည်အပတ်သွားရောက်နေသဖြင့် ပရာမော့၏ ဖခင်နှင့်သာ တွေ့ဆုံကြရ၏၊ ဖခင်က လာမည့်လွတ်လပ်ရေးရုံးပိတ်ရက်များတွင် ပရာမော့အား မိုရာဒါဘတ်သို့ ခေါ်လာမည်ဟု ကတိပြု၏။

ဩဂုတ်လ ၁၅ ရက်နေ့တွင် ပရာမော့နှင့် သူ့ဖခင်တို့သည် မိုရာဒါဘတ်သို့ ရောက်လာကြ၏။ ဘူတာတွင် လာရောက်ကြိုဆိုနေကြသောလူသိုက်ထဲတွင် သားသားနားနားဝတ်ဆင်ထားသည့် လူကြီးတစ်ဦးပါဝင်၏။ ထိုလူကြီးထံသို့ ပရာမော့ချက်ချင်းပြေးသွားပြီးလျှင် "အစ်ကိုကြီး" ဟုခေါ်ပြီး ထိုလူကြီးအား ဝမ်းသာအားရ ဖက်ထားလေတော့၏။

မြို့ထဲသို့ဝင်၍ မိုဟန်းလား(လ်)၏အိမ်သို့ သွားကြသောအခါ မြို့တော်ခန်းမ အဆောက်အအုံကို **'တောင်းဟော'**[၁] ဟု အင်္ဂလိပ်လို ပရာမော့ခေါ်လိုက်၏၊ ဘစ်ဆောလီ၌ မြို့တော်ခန်းမ မရှိ၊ ဤအင်္ဂလိပ်ဝေါဟာရကို ပရာမော့မည်ကဲ့သို့ သိထားလေသနည်း။ မြို့တော်ခန်းမအလွန်တွင် သူ့ဆိုင်ရှိကြောင်းကိုလည်း ပရာမော့ ကြေညာလိုက်၏။

မိုဟန်းလား(လ်) ၏ အိမ်ရှေ့မှ မြင်းလှည်းမောင်းသွားသောအခါ "ဟား... ရပ်, ရပ်၊ ဒါ ကျွန်တော်တို့အိမ်ပဲ" ပရာမော့သည် သူအတိတ်ဘဝက နေထိုင်ခဲ့သောအိမ်ကို မှန်ကန်စွာညွှန်ပြလိုက်၏။

ပရာမော့သည် မြင်းလှည်းပေါ်မှဆင်း၍ ဦးဆောင်ကာ အိမ်ထဲသို့ ဝင်သွား၏၊ ဘုရားရှိခိုးခန်းအဖြစ် ပါရာမနန် သီးခြားထားရှိခဲ့သောအခန်းတွင်းသို့ ပရာမော့ဝင်သွားပြီးလျှင် ဘုရားဝတ်ပြု၏။

---

၁။ Town Hall

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဇနီးနှင့်ဆွေမျိုးများကိုလည်း ပရာမော့မှတ်မိ၏၊ အားလုံးနှင့်သက်ဆိုင်သော အတိတ်အကြောင်းအရာများကို ရယ်ရယ်မောမော ပြောဆိုခြင်းဖြင့် ပရာမော့သည် မိမိမှာ အတိတ်ဘဝက ပါရာမနန်ဝင်စားသူဖြစ်ကြောင်း ဆွေမျိုးများအား ယုံမှားသံသယ ကင်းရှင်းသွားစေ၏။

ဆွေမျိုးများထဲမှ ပရာမော့မမှတ်မိသော လူတစ်ယောက်ရှိ၏၊ ထိုသူမှာ ပရာမနန်၏ သားကြီးဖြစ်၏၊ ပရာမနန်ကွယ်လွန်စဉ်အခါက ထိုသားကြီးသည် အသက် ၁၃ နှစ်အရွယ်ရှိ၏၊ ကြားကာလဖြစ်သော ခြောက်နှစ်အတွင်း၌ ထိုသားသည် လူကြီးအဖြစ်သို့ ကြီးထွားလာခြင်းကြောင့် ပရာမော့မမှတ်မိနိုင်ခြင်းဖြစ်၏။

ဆွေမျိုးများနှင့် ကြည်နူးဝမ်းမြောက် လိုက်လှဲအားရစွာပြောဆိုကြပြီးနောက် ပရာမော့သည် မိမိ၏ အလုပ်ရုံသို့ သွားလိုကြောင်း ပြောဆို၏၊ ဆိုင်ခန်းနှင့်တွဲစပ်ထားသောအလုပ်ရုံသို့ ရောက်သောအခါ လင်မနစ်စက်သို့ ပရာမော့သွား၍ လင်မနစ်လုပ်ငန်းကို ရှင်းပြ၏၊ ဤလုပ်ငန်းအကြောင်းကို လက်ရှိဘဝ၌ ပရာမော့ ဆည်းပူးထားခဲ့ခြင်း မရှိချေ။

လင်မနစ်စက်ကို လည်ပတ်စေသောအခါ စက်ပျက်နေသည်ကို တွေ့ရ၏၊ အလုပ်သမားများက တမင်ဖျက်ထားခဲ့ခြင်းဖြစ်၏၊ ပရာမော့က ချက်ချင်းပင် 'ရေပိုက် ပြတ်နေတယ်၊ ပြန်ဆက်လိုက်စမ်းပါ' ဟု ညွှန်ကြားလိုက်၏။ ပြန်ဆက်ပြီးသောအခါ စက်သည်ချောမောစွာ လည်ပတ်လေတော့၏။

ထို့နောက်တစ်ဖန် ပရာမော့သည် သူ့ညီဝမ်းကွဲ **မစ္စတာကာရန်ချန်း** [၁] ပိုင်ဆိုင်သော **ဗစ်ထရီဟိုတယ်** [၂] သို့ သွားလိုကြောင်းပြောပြီး သူကိုယ်တိုင်ဦးဆောင်၍ ခေါ်သွား၏။ ဟိုတယ်တွင်းသို့ ဝင်ရောက်သည့်အခါ အသစ်တိုးချဲ့ထားသော အခန်းများကို ပရာမော့လက်ညှိုးထိုးပြပြီး 'ဒါတွေ အသစ်ဆောက်ထားတာနော်' ဟု ပြောလိုက်၏။

ပရာမော့နှင့် သူ၏ ဖခင်တို့သည် မိုရာဒါဘတ်မြို့၌ နှစ်ရက်ကြာနေထိုင်ကြ၏။ ထိုအတွင်း၌ မြို့ဦးဆောင်လူကြီးတစ်ဦးဖြစ်သူ **ဆဟူလား(လ်)ဆရန်** [၃] သည် ပရာမော့အား **မက်စတန်ပန်းခြံ** [၄] သို့ ခေါ်သွားပြီး ယခင်က မိုဟန်းဘရားသား ဆိုင်ခွဲဖြစ်ခဲ့သော အဆောက်အအုံတစ်ခုကို ပရာမော့အား ညွှန်ပြစေ၏။ ပရာမော့သည် **ဂူဂျရာတီအဆောက်အအုံ** [၅] ကို ညွှန်ပြ၍ 'ဒါ အစက မိုဟန်းဘရားသားရဲ့ ဆိုင်ခွဲတစ်ခုပဲ' ဟု မှန်ကန်စွာပြောဆိုလိုက်၏။

---

၁။ Mr. Karan Chand
၂။ Victory Hotel
၃။ Sahu Lal Saran
၄။ Meston Park
၅။ Gujarati Building

www.burmeseclassic.com

www.burmeseclassic.com



မက်စတန်ပန်းခြံသို့သွားသော လမ်းခရီး၌လည်း **အာလာဟာဘက်ဘဏ်** [၁] ရေပေးစခန်းနှင့် ခရိုင်ထောင်တို့ကို ပရာမော့မှန်ကန်စွာ ခေါ် ဆိုပြခဲ့သေး၏၊ သူ့ဆိုင်သို့ အရောင်းအဝယ်ကိစ္စဖြင့် လာရောက်ခဲ့ဖူးကြသောလူများကိုလည်း ပရာမော့ မှတ်မိ၏။

ကွယ်လွန်သူပါရာမနန်၏ညီနှင့် မိုးဟန်းဘုရားသား, ပိုင်ရှင်တစ်ဦးဖြစ်သူ **မစ္စတာမေရာ** [၂]က အောက်ပါအတိုင်း ပြောကြားခဲ့၏။

"ကျွန်တော့်ရဲ့အစ်ကိုပါရာမနန်ဟာ အသက် ၃၉ နှစ်မှာ အူအတက်ပေါက်ရောဂါနဲ့ ၁၉၄၃ ခုနှစ် မေလ ၉ ရက်နေ့မှာ ကွယ်လွန်ခဲ့တယ်၊ မိုရာဒါဘတ်နဲ့ မိုင် ၁၀၀ လောက်ဝေးတဲ့ ဆဟာရန်ပါမှာ သေဆုံးခြင်းဖြစ်တယ်။ ပရာမော့ခေါ်တဲ့ ကလေးငယ်ကို **ဘစ်ဆောလီ** မြို့ကလေးမှာ ၁၉၄၄ ခုနှစ် မတ်လ ၁၅ ရက်မှာ မွေးဖွားခဲ့တယ်။ ပရာမော့ကြီးပြင်းလာတဲ့အခါမှာ သူ့ရဲ့အတိတ်ဘဝအကြောင်း ထုတ်ဖော်ပြောဆိုခဲ့တယ်။

"သူ့ကို ဘီစကွတ်မုန့်ကျွေးတဲ့အခါမှာ သူ့ဆိုင်က ဘီစကွတ်မုန့်ကို စားမယ်၊ မိုရာဒါဘတ်မှာ သူ့ဆိုင်ကြီးရှိတယ်၊ သူ့မှာ သားလေးယောက်နဲ့ သမီးတစ်ယောက်ရှိတယ်၊ သူ့မိခင် ထမင်းချက်ပြုတ်နေတာကိုတွေ့တဲ့အခါ 'အမေ...ဘာဖြစ်လို့ ချက်ပြုတ်နေရသလဲ၊ ကျွန်တော့်မှာ အသက်ကြီးတဲ့ဇနီးရှိတယ်၊ သူ့ကို ခေါ်လိုက်ပေါ့'စသည်ဖြင့် ပြောကြားပါတယ်။

"ကျွန်တော်တို့က မေတ္တာရပ်ခံတဲ့အတွက် ပရာမော့ကို သူ့ဖခင်က အိန္ဒိယလွတ်လပ်ရေးနေ့ဖြစ်တဲ့ ၁၉၄၉ ခု ဩဂုတ်လ ၁၅ ရက်နေ့မှာ မိုရာဒါဘတ်သို့ ခေါ်လာတယ်၊ ကျွန်တော့်ရဲ့အစ်ကိုအကြီးဆုံးဖြစ်တဲ့ ဆရီကရမ်ချန်းက ဘူတာကြီးမှာ သွားကြိုနေတယ်၊ လူအုပ်ကြားထဲမှာ ဆရီကရမ်ချန်းကို ပရာမော့တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် အစ်ကိုကြီးထံပြေးလာပြီး တွယ်ဖက်ထားတယ်။

"ဒီလူကြီးကိုသိသလား"လို့ မေးတဲ့အခါ ပရာမော့က 'ဟုတ်တယ်၊ သူဟာ ကျွန်တော့်ရဲ့ **ဘာရာဘိုင်း** [၃](အစ်ကိုကြီး) ပဲလို့ ပြန်ဖြေတယ်။

"မြို့ထဲဝင်တဲ့အခါ မြို့တော်ခန်းမကို 'တောင်းဟော'လို့ အင်္ဂလိပ်လို ခေါ်တယ်၊ ဘီစကွတ်စက်ရုံကို ခေါ်သွားတဲ့အခါမှာလဲ **ဘေကရီ** [၄] လို့ သူခေါ်တယ်၊ ဒီအင်္ဂလိပ်စကားတွေကို သူ့ရဲ့ဇာတိမြို့ကလေးမှာ သူမကြားဖူးပါဘူး၊ သူနေခဲ့တဲ့အိမ်ရဲ့ မီးဖိုချောင်ထဲကို သူဝင်တဲ့အခါမှာလဲ အဲဒီက ခုတင်ကလေးပေါ်မှာ သူထိုင်ပြီး ဘုရားဝတ်ပြုလေ့ရှိတဲ့အကြောင်းကို ပြောတယ်။

---

၁။ Allahabad Bank
၂။ Mr. J.D. Mehra
၃။ Bara Bhai
၄။ Bakery

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဇနီးရဲ့နဖူးထိပ်မှာ ဟသ်ာပြဒါးအမှတ်ကို မမြင်ရတဲ့အတွက် 'မင်းနဖူးပေါ်က **ဘင်ဒု**[၁](အမှတ်) ရောကွ' လို့ သူ့ဇနီးကို မေးတယ်၊ ဒါကို ငါးနှစ်သားကလေးက ပြောတယ်ဆိုတာ သိပ်ကိုထူးခြားပါတယ်"

ပရာမော့၏ ဖခင်ပါမောက္ခဘန်ကေလား(လ်)ရှားမားကလည်း ဤသို့ထောက်ခံချက်ရေးသားပေးခဲ့၏။

"မိုရာဒါဘတ်က ပါရာမနန်ရဲ့ပြန်လည်မွေးဖွားခြင်းအကြောင်း ရေးသားထားတဲ့ တင်ပြချက်များအားလုံးကို ကျွန်တော်ဖတ်ရှုခဲ့ရပါတယ်၊ ဒီအကြောင်းအရာတွေမှာ ကျွန်တော်က မျက်မြင်သက်သေဖြစ်တဲ့အတွက် အစီရင်ခံစာမှာဖော်ပြထားတဲ့အချက်အလက်အားလုံးဟာ မှန်ကန်တယ်လို့ ကျွန်တော်အလေးအနက်ပြောဆိုနိုင်ပါတယ်။

"ပရာမော့ဟာ ဉာဏ်အလွန်ကောင်းပြီး အင်မတန်အံ့သြစရာကောင်းတဲ့ကလေးတစ်ယောက်ဖြစ်ပါတယ်၊ သူစကားပြောတတ်စကတည်းက 'မိုရာဒါဘတ်'၊ 'မိုဟန်းဘရားသား' စတဲ့စကားလုံးများကို ရွတ်ဆိုတယ်၊ သူပိုင်ဆိုင်တဲ့ ကုန်ထုတ်လုပ်ငန်းအကြောင်းနဲ့ သူရောင်းချတဲ့ပစ္စည်းများအကြောင်းကို ပြောပြတယ်၊ ဘီစကွတ်မုန့်နဲ့ လက်ဖက်ခြောက်တို့ဟာ သူ့ကို အလွန်ဆွဲဆောင်နိုင်ကြတယ်၊ ဒါတွေကို သူကလွဲရင် ကျွန်တော့်မိသားစုမှာ ဘယ်သူကမှ ဂရုမစိုက်ဘူး။ ဘီစကွတ်မုန့်နဲ့ဆက်စပ်ပြီးတော့ သူ့ရဲ့ဘိလပ်ရည်လုပ်ငန်းနဲ့ ဘီစကွတ်စက်ရုံအကြောင်းတွေကို သူပြောပြတာပါပဲ။

"မိုရာဒါဘတ်ကို သူအလည်လာတော့ လူအားလုံးလောက်ကို သူမှတ်မိတယ်၊ သူ့သားကြီးနဲ့လူတစ်ယောက်နှစ်ယောက်ကိုသာ သူမမှတ်မိတာ၊ အခြားသားများနဲ့တကွ သမီး, ဇနီး, အမေ, အဖေ, အရင်ဘဝက သူဆက်ဆံခဲ့ဖူးတဲ့လူအများကြီးကို သူမှတ်မိတယ်။

"ကျွန်တော်ဟာ လူလတ်တန်းစားတစ်ယောက်ပါ၊ ကျွန်တော့်သားကတော့ လက်ရှိအခြေအနေလောက်နဲ့မကျေနပ်ဘူး၊ သူက စီးပွားရေးလုပ်ဖို့ ဘုံဘေ သို့မဟုတ် ဒေလီမှာ ဆိုင်ကြီးတစ်ဆိုင်ဖွင့်ဖို့ ဘဏ်တိုက်တစ်တိုက်ဝယ်ယူပြီး လုပ်ကိုင်ဖို့ ပူဆာနေပါတယ်။

"သူအရင်ဘဝက ဒေလီမြို့သို့ အခေါက်ပေါင်းများစွာ အလုပ်ကိစ္စနဲ့ရောက်ဖူးတယ်လို့ ပြောတယ်၊ သူက လေယာဉ်ပျံတွေ, သင်္ဘောတွေ, အိမ်ကြီးတွေ, ရေဒီယိုတွေနဲ့ ခေတ်ပေါ်ဇိမ်ခံပစ္စည်းအမျိုးမျိုးကို လိုချင်နေတယ်။

"သူ့အတိတ်ဘဝကဆွေမျိုးတွေကို သူသိပ်ခင်တွယ်တယ်၊ ကျွန်တော်နဲ့

---

၁။ Bindu

www.burmeseclassic.com

www.burmeseclassic.com



အတူ သူသိပ်မနေချင်ဘူး၊ မိုရာဒါဘတ်ကို အလည်လာပြီးတဲ့နောက် သူ့ကိုပြန်ဖို့ ခေါ်တာ မရဘူး၊ ဩဂုတ်လ ၁၇ ရက်နေ့မှာ သူအိပ်ပျော်နေတုန်း သူ့ကိုကျွန်တော် ချီပိုးပြီး ခေါ်ပြန်လာရပါတယ်"

သူတို့ မိုရာဒါဘတ်မှ မထွက်ခွာမီ ၁၉၄၉ ခု၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် **အရိယသာမတ်** ၁ ၌ လူထုစည်းဝေးပွဲကြီးတစ်ခု ကျင်းပ၏၊ ၎င်းစည်းဝေးပွဲ၌ ပရာမော့၏ဖခင် ပါမောက္ခဘန်ကေလား(လ်)က ပရာမော့၏ မှတ်ဉာဏ်အဆင့်ဆင့် တိုးမြင့်လာပုံအကြောင်းကို အသေးစိတ်ရှင်းပြ၏။ ဤလူဝင်စားအကြောင်းကို ဒေသခံလူများအားလုံး၏ အသိဖြင့် စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်ပေ၏။

## အတိတ်ဘဝများစွာကို မြင်သိသူများ

အတိတ်ဘဝများကို ဇာတိဿရဉာဏ်ဖြင့် တစ်ဘဝထက်ပို၍ မြင်သိသူများသည် ကျမ်းဂန်များ၌လည်းကောင်း၊ ခေတ်ပေါ်စာပေများ၌လည်းကောင်း တင်ပြထားသည်ကို အများအပြားဖတ်ရှုရပါ၏။ သာဓကအချို့ကို နောက်အခန်းဖြစ်သည့် **'ဘဝသံသရာ'** ၌ ဆက်လက်တင်ပြပါမည်။

ထို့အပြင် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် လွန်လေပြီးသောအတိတ်ဘဝပေါင်းများစွာကို မြင်သိနိုင်၏။ မည်သူတို့က ဤသို့မြင်နိုင်ခဲ့ကြသနည်း။

(၁) သာသနာပရသေ့များ (ဝါ) တိတ္ထိများ

(၂) ပကတိသာဝကများ

(၃) မဟာသာဝကများ

(၄) အဂ္ဂသာဝကများ

(၅) ပစ္စေကဗုဒ္ဓများနှင့်

(၆) သမ္မာသမ္ဗုဒ္ဓဘုရားရှင်များတို့သည် ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝများစွာကို မြင်သိနိုင်ကြ၏။

သာသနာပရသေ့များ (ဝါ) တိတ္ထိများသည် လွန်ခဲ့ပြီးသောကမ္ဘာလေးဆယ်တိုင်အောင် မိမိတို့၏ ရှေးဘဝများကို အောက်မေ့နိုင်ကြကုန်၏၊ တိတ္ထိများသည် နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်ကင်းသည့်အတွက် ပညာအားနည်းကြ၏။ ထို့ကြောင့် ကမ္ဘာ ၄၀ ထက်ကျော်လွန်၍ မိမိတို့၏ အတိတ်ဘဝများကို မမြင်မသိနိုင်ကြပေ။

ဗုဒ္ဓမြတ်စွာ၏ ပကတိသာဝကများသည် ပညာအားကောင်းကြသောကြောင့်

---

၁။ Arya Sumaj

www.burmeseclassic.com

www.burmeseclassic.com



လွန်မြောက်ခဲ့ပြီးသော ကမ္ဘာတစ်ရာ၊ သို့မဟုတ် ကမ္ဘာတစ်ထောင်တိုင်အောင် မိမိတို့၏ အတိတ်ဘဝများအသီးသီးကို အောက်မေ့နိုင်ကြ၏။

ဗုဒ္ဓမြတ်စွာ၏ မဟာသာဝကတို့သည် လွန်ခဲ့သောကမ္ဘာတစ်သိန်းတိုင်အောင် မိမိတို့၏ဘဝဟောင်းများကို သိမြင်နိုင်ကြ၏။ အဂ္ဂသာဝကနှစ်ပါးတို့သည် ကမ္ဘာ ပေါင်းတစ်သင်္ချေနှင့် တစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏။

ပစ္စေကဗုဒ္ဓါသည် ကမ္ဘာပေါင်းနှစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် မိမိတို့၏ ဘဝဟောင်းများကို အောက်မေ့နိုင်ကြကုန်၏။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့မှာ ကမ္ဘာအပိုင်းအခြားမရှိ၊ အလိုရှိတိုင်း မိမိ၏ အတိတ်ဘဝကိုလည်းကောင်း၊ အခြားသတ္တဝါတို့၏ အတိတ်ဘဝကိုလည်းကောင်း အောက်မေ့နိုင်ကြကုန်၏။

## ပုဗ္ဗေနိဝါသအဘိညာဉ်ကို မည်သို့ရနိုင်သနည်း

ဗုဒ္ဓမြတ်စွာသည် သမာဓိကျင့်စဉ်တွင် ရူပါဝစရဈာန်လေးပါးနှင့် အရူပါ ဝစရဈာန်လေးပါး ပေါင်းသမာပတ်ရှစ်ပါးတို့ကို ရရှိနိုင်သောနည်းလမ်းများကို လည်းကောင်း၊ လောကီအဘိညာဉ်ငါးပါးတို့ကို ရရှိနိုင်သော နည်းလမ်းများကို လည်းကောင်း အသေးစိတ်ဟောကြားထားခဲ့၏။

မြတ်ဗုဒ္ဓဟောကြားထားခဲ့သည့်အတိုင်း ကျင့်ကြံအားထုတ်ကြသဖြင့် ဈာန် အဘိညာဉ်ရရှိသွားကြသော ရဟန်းရှင်လူများသည်လည်း မြောက်မြားစွာပင် ရှိ ကြပေ၏။

ပုဗ္ဗေနိဝါသအဘိညာဉ်ကို အလိုရှိသောပုဂ္ဂိုလ်သည် ရှေးဦးစွာ ကသိုဏ်း နိမိတ်တစ်ခုခုကို အထပ်ထပ်ရှုမှတ်ခြင်းဖြင့် ရူပါဝစရဈာန်လေးပါးကို ရရှိအောင် အားထုတ်ရမည်။ ထို့နောက် ထိုဈာန်လေးပါးအနက်မှ စတုတ္ထဈာန်ကို တည်ကြည် အောင်, ထက်ဝန်းကျင်စင်ကြယ်အောင်, နူးညံ့၍ အမှုခံအောင်, တည်တံ့၍ မတုန် လှုပ်အောင် ကောင်းစွာလေ့ကျင့်ထားရမည်။ ထိုစတုတ္ထဈာန်သည် အဘိညာဉ် ၏ အခြေခံဖြစ်သော ပါဒကဈာန်ပေတည်း။

ပုဗ္ဗေနိဝါသအဘိညာဉ်ကို အလိုရှိသောယောဂီသည် ဆိတ်ငြိမ်ရာသို့ ကပ် ရောက်၍ လေးပါးသောဈာန်တို့ကို အစဉ်အတိုင်းဝင်စားရမည်။ ထို့နောက် စတုတ္ထဈာန်မှထ၍ ဈာန်မဝင်စားမီ ထိုင်နေခြင်းကို ဆင်ခြင်အပ်၏။ ထိုမှ နောက် ဘက်ကာလသို့ အဆင့်ဆင့်ဆုတ်၍ ထိုင်ရန်နေရာခင်းခြင်း၊ ထိုနေရာခင်းရန် ဖျာ သို့မဟုတ် သားရေနွယ်ကိုယူငင်ခြင်း၊ ထိုသို့မယူငင်မီ အခန်းကိုတံမြက်လှည်း ခြင်း၊ ထိုသို့မလှည်းကျင်းမီ အခန်းတွင်းသို့ဝင်လာခြင်း၊ ထိုသို့ အခန်းတွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



မလာမီ ရေအိမ်သို့သွား၍ ကိုယ်လက်သုတ်သင်ခြင်း၊ ထိုသို့ ရေအိမ်သို့မသွားမီ ဆွမ်းသုံးဆောင်ခဲ့ခြင်း၊ ထိုသို့ ဆွမ်းမဘုဉ်းပေးမီ ရွာ၌ဆွမ်းခံ၍ပြန်လာခြင်း၊ သို့မဟုတ် လူဖြစ်လျှင် ချက်ပြုတ်ခြင်း, ဈေးဝယ်ခြင်း, မျက်နှာသစ်ခြင်း, အိပ်ရာမှ ထခြင်း စသည့် တစ်နေ့လုံးပြုခဲ့သောကိစ္စများကို နောက်ပြန်အစဉ်ဖြင့် နှလုံးသွင်းဆင်ခြင်အပ်၏။

ထို့နောက် လွန်ခဲ့ပြီးသောမိုးသောက်ယံ, သန်းခေါင်ယံ, ညဉ့်ဦးယံ, ဒုတိယနေ့, တတိယနေ့, ဆယ်ရက်မြောက်နေ့, လွန်ခဲ့သောလ, နှစ်လ, တစ်နှစ်တိုင်အောင် ပြုခဲ့ပြီးသောကိစ္စများကို နောက်ပြန်အစဉ်ဖြင့် နှလုံးသွင်းဆင်ခြင်အပ်၏။ ထိုသို့ဆင်ခြင်ရာတွင် တစ်စုံတစ်ခုသည် မထင်ရှားဘဲရှိလျှင် ပါဒကဈာန် (စတုတ္ထဈာန်) ကို ဝင်စားပြီး ထိုဈာန်မှထ၍ နှလုံးသွင်းဆင်ခြင်အပ်၏၊ ထိုအခါ အမှောင်ထဲ၌ မီးထွန်းလိုက်သကဲ့သို့ အတိတ်အာရုံသည် ထင်ရှားလာတော့၏။

ဤဆိုခဲ့သောနည်းဖြင့်ပင်လျှင် လွန်ခဲ့သောနှစ်နှစ်၊ သုံးနှစ်၊ ၁၀ နှစ်၊ အနှစ် ၂၀ စသည်ဖြင့် ဤဘဝ၌ ပဋိသန္ဓေနေခဲ့သည့်ကာလတိုင်အောင် နှလုံးသွင်းဆင်ခြင်အပ်၏။

ထို့နောက်တစ်ဖန် ဤဘဝမတိုင်မီ ရှေးဘဝ၏စုတိခဏ (သေဆဲ)၌ဖြစ်ခဲ့သော ရုပ် (ကိုယ်စိတ်) ကို နှလုံးသွင်းဆင်ခြင်အပ်၏။ ပညာထက်သော ပုဂ္ဂိုလ်သည် ပထမအကြိမ်ဖြင့်ပင်လျှင် ယခုဘဝပဋိသန္ဓေကို ဆင်ခြင်နေရာမှ အတိတ်ဘဝ၏ စုတိခဏရှိ ရုပ်နာမ်ကို လှမ်းဆင်ခြင်နိုင်၏။

သို့သော် ယခုဘဝနှင့်နောက်ဘဝသည် ခန္ဓာကိုယ်ချင်း ခြားနားခဲ့ပြီဖြစ်၍ အတိတ်ဘဝ၏ စုတိခဏ၌ရှိခဲ့သောရုပ်နာမ်ကို အာရုံပြုရခြင်းသည် မှောင်အတိလွှမ်းနေသော အခန်းလုံထဲ၌ နှမ်းစေ့တစ်စေ့ကို ရှာဖွေရသည်ထက် လွန်စွာပို၍ခက်ပေ၏။ သို့အတွက် ပညာအားနည်းသူသည် ပထမတစ်ကြိမ်တည်းဖြင့် မမြင်နိုင်။ သို့ပါသော်လည်း လက်မလျှော့ပန်းမပေးဘဲ ပါဒကဈာန်ကို အဖန်တလဲလဲဝင်စား၍ ထိုဈာန်မှထကာထကာ ထိုစုတိဌာနကို နှလုံးသွင်းဆင်ခြင်အပ်၏။

ဥပမာအားဖြင့် ကြီးမားသောသစ်ပင်ကြီးတစ်ပင်ကို ပုဆိန်ဖြင့်ခုတ်ပိုင်းနေသူသည် တစ်နံနက်လုံးခုတ်ပိုင်းပါသော်လည်း အပင်ကြီးသည် မလဲပြိုသေး။ ထိုအခါ ပုဆိန်သွားသည် ပွန်းပဲ့ချွတ်ယွင်းသွားရာ၏။ ထိုသူသည် ဝန်ချလက်မြှောက်ခြင်း မပြုဘဲ ပန်းပဲရုံသွား၍ ပုဆိန်သွားကို ထက်အောင်ပြုပြင်ပြီးလျှင် ထိုသစ်ပင်ကို ပြန်ခုတ်ရာ၏။ ဤသို့ ပုဆိန်ကို ထက်အောင်ပြုလိုက်၊ အပင်ကို ခုတ်လိုက်ဖြင့် အကြိမ်ကြိမ်ကြိုးပမ်းသော် ထိုသစ်ပင်ကြီးသည် မကြာမြင့်မီပင် မလွဲမသွေလဲပြိုမည်ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ အလွန်ထက်မြက်စူးရှလှသော ပါဒကဈာန်ဖြင့် ဘဝနှစ်ခုကို ခြားနားထားသည့်ကန့်လန့်ကာအမှောင်ထုကြီးကို အကြိမ်ကြိမ်ထွင်းဖောက်သည့်အခါ မကြာမတင်ပင် ထိုအမှောင်ထုကြီးကို ဖောက်ထွင်းကာ ရှေးဘဝ၏စုတိဆဲရုပ်နာမ်ကို မြင်တွေ့ရမည်ဖြစ်၏။

အကြင်အခါ၌ အတိတ်ဘဝ၏စုတိဆဲနာမ်ရုပ်ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းခေါ် နှလုံးသွင်းဆင်ခြင်သောစိတ်သည် ဖြစ်ပေါ်၏။ ထိုအခါ ရူပါဝစရစတုတ္ထဈာန်နှင့်ယှဉ်သော အပ္ပနာဝီထိသည် ဖြစ်၏။ ထိုအပ္ပနာဝီထိတွင် အပ္ပနာစိတ်နှင့်ယှဉ်လျက် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် ဖြစ်၏။ ထိုဉာဏ်နှင့်ယှဉ်သောသတိဖြင့် မြောက်မြားလှစွာသောရှေး၌ နေခဲ့ဖူးသည့်ခန္ဓာအစဉ်တို့ကို အောက်မေ့နိုင်လေသည်။

ဤသို့ ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရရှိပြီးသောသူသည် ရှေး၌ဖြစ်ခဲ့ဖူးသောဘဝများစွာကို အလိုရှိတိုင်း ရှုဆင်ခြင်နိုင်လေတော့၏။

## ဗုဒ္ဓမြတ်စွာ၏ ပုဗ္ဗေနိဝါသအဘိညာဉ်

ဂေါတမဗုဒ္ဓအလောင်းတော်သည် သောတ္ထိယအမည်ရှိသည့် မြက်ထမ်းပုဏ္ဏားပေးလှူသည့် မြက်ရှစ်ဆုပ်ကို မဟာဗောဓိညောင်ပင်ရင်း၌ ဖြန့်ကြဲလိုက်၏။ ထိုအခါ အလွန်ဆန်းကြယ်သော ရတနာပလ္လင်ကြီး ဖြစ်ပေါ်လာ၏။ ထိုပလ္လင်သည် ရန်သူခပင်းကို နှိမ်နင်းအောင်နိုင်ရာဌာနဖြစ်၍ အပရာဇိတပလ္လင်ဟု အမည်တွင်၏။

အလောင်းတော်သူမြတ်သည် ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီးလျှင် "ငါသည် ဘုရားမဖြစ်သမျှ ဤဖွဲ့ခွေထားသော တင်ပလ္လင်ကို မဖျက်သိမ်းအံ့"ဟု အဓိဋ္ဌာန်ပြုလေ၏။ ထိုနေ့သည်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ပင်တည်း။

ထိုနေ့ နေမဝင်မီအချိန်တွင် အလောင်းတော်သည် အပရာဇိတပလ္လင်တော်ကို လုယက်ရန်ချီတက်လာသော မာရ်စစ်သည်ကို အောင်မြင်တော်မူပြီးလျှင် ဘာဝနာစီးဖြန်းရာ ညဉ့်ဦးယံတွင် ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရ၏။ သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရ၏။ မိုးသောက်ယံဝယ် အာသဝက္ခယဉာဏ်ကို ရပြီး ဘုရားအဖြစ်သို့ရောက်တော်မူ၏။

သမ္မာသမ္ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, အဂ္ဂသာဝက, မဟာသာဝကနှင့် များစွာသော ပကတိသာဝကတို့သည် ရှေးရှေးဘဝတို့၌ ဈာန်အဘိညာဉ်ရသည့်တိုင်အောင် အားထုတ်ခဲ့ဖူးသောပါရမီအရှိန်အဟုန်ကြောင့် ဤနောက်ဆုံးဘဝ၌ အရဟတ္တ

www.burmeseclassic.com

www.burmeseclassic.com



မဂ်ဉာဏ်ကို ရရှိအောင် အားထုတ်နိုင်သည်နှင့်တစ်ပြိုင်နက် အဘိညာဉ်တန်ခိုးများကို ပိုင်ဆိုင်လာလေတော့၏။

ဗုဒ္ဓမြတ်စွာသည် မိမိ၏ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် အဆုံးအပိုင်းအခြားမရှိသော မိမိ၏အတိတ်ဘဝများကို အလိုရှိတိုင်း ပြန်လည်ဆင်ခြင်သိမြင်နိုင်သည့်အပြင် သတ္တဝါအားလုံးတို့၏ အတိတ်ဘဝများကိုလည်း အလိုရှိတိုင်း ရှုဆင်ခြင်နိုင်၏။

ဗုဒ္ဓမြတ်စွာသည် သူတကာတို့မယှဉ်တုနိုင်သော အဘိညာဉ်တန်ခိုးများနှင့်အလွန်ထူးခြားသော ဗုဒ္ဓဉာဏ်တော်တို့ကို ပိုင်ဆိုင်ထားသည်ဖြစ်၍ ကျွတ်ထိုက်သည့် သတ္တဝါအပေါင်းကို လွယ်ကူလျင်မြန်စွာ ချွတ်နိုင်တော်မူခဲ့၏။

## တစ်ခန်းရပ်ဝေဖန်သုံးသပ်ရှင်းလင်းချက်

ဇာတိဿရဉာဏ်ရှင် လူဝင်စားများသည် အတိတ်ဘဝရှိကြောင်းကို တိုက်ရိုက်ပြောဆိုနိုင်သောသူများ ဖြစ်ကြ၏။

ကျွန်တော်တို့သည် ဤဘဝ၌ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ကလေးဘဝကအဖြစ်အပျက်များကိုပင် မမှတ်မိကြရာ ခန္ဓာချင်းခြားနားနေသော အတိတ်ဘဝ၏ အကြောင်းအရာများကို မှတ်မိရန်မှာ မမျှော်လင့်နိုင်သောအချက် ဖြစ်ပေ၏။

ဤအခန်း၏ အစပိုင်း၌ ဖော်ပြခဲ့သော လယ်တီဆရာတော်ဘုရား၏ ဖြေကြားချက်အရလည်း လူအများစုတို့သည် အတိတ်ဘဝကို မမှတ်မိနိုင်ခြင်းမှာ သဘာဝကျပါသည်။

ဤသို့ အတိတ်ဘဝကိုမှတ်မိရန် ခဲယဉ်းလှသည့်အခြေအနေတွင် အတိတ်ဘဝကို ပြန်လည်ပြောပြနိုင်ကြသည့် လူဝင်စားများ ပေါ်ပေါက်လာခြင်းသည် အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းသောဖြစ်ရပ်များ ဖြစ်ပေ၏။

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော မြန်မာပြည်သူပြည်သားတို့သည် အတိတ်ဘဝများ မရေမတွက်နိုင်အောင်ရှိခဲ့ကြောင်းကို ဗုဒ္ဓ၏တရားတော်၌ မကြာခဏကြားသိကြဖူးရာ လူဝင်စားများ၏ ပြောစကားများကို ထူးဆန်းသည်ဟု မထင်မှတ်ကြတော့ချေ။ အတိတ်ဘဝမရှိဟု ယူဆကြသောနိုင်ငံများ၌မူ အလွန်ထူးဆန်းသည်ဟု ထင်မှတ်ကြ၏။

ဤအကြောင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ ဘရိုက်ဒီမာဖီကဲ့သို့သော အတိတ်ဇာတ်လမ်းများ ပေါ်ပေါက်လာသောအခါ တစ်နိုင်ငံလုံးက စိတ်ဝင်စားကာ အုတ်အော်သောင်းတင်းဖြစ်ခဲ့ပေ၏။

လူဝင်စားများသည် စကားပြောတတ်စ ကလေးငယ်ဘဝမှစ၍ ၁၀ နှစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com



အရွယ်အထိ အတိတ်ဘဝအကြောင်းကို ပြောဆိုတတ်ကြသည်မှာလည်း အလွန် သဘာဝကျပေ၏။ ထိုအရွယ်သည် ဘဝင်စိတ်အစဉ် (ဝါ) မှတ်ဉာဏ်၌ အတိတ် အကြောင်းအရာများ ပူပူနွေးနွေးရှိနေသေးသည့်အချိန်၊ ယခုဘဝအတွေ့အကြုံ များက နည်းပါးသေး၍ အတိတ်အကြောင်းကို မဖုံးလွှမ်းနိုင်သေးသောအချိန် ဖြစ် ပေ၏။ အသက် ၁၀ နှစ် ကျော်လွန်သောအခါ အတိတ်ဘဝအကြောင်းကိုတဖြည်း ဖြည်း မေ့လျော့သွားကြ၏။

ဗုဒ္ဓတရားတော်၏ကြီးကျယ်လေးနက်ပုံကို မသိနားမလည်ဘဲ ရုပ်ဝါဒ (ဝါ) သိပ္ပံပညာကို အထင်ကြီးနေကြသောသူတို့သည် လူဝင်စားများအကြောင်းကို ကြားသိရပါလျက် အတိတ်ဘဝရှိခြင်းကို သံသယဖြစ်နေကြသေး၏။

နာမ်သဘောတရား၏ဆန်းကြယ်မှုများကို ရုပ်သဘောတရားများဖြင့် မဖြေ ရှင်းနိုင်သည့်အတွက် နာမ် (ကံ) စွမ်းအားဖြင့် ဘဝကူးပြောင်းခြင်းကို သူတို့ နား လည်ရန် ခဲယဉ်းနေပါသည်။

နက်နဲသော သဘာဝတရားအမှန်ကို မကြံစည်နိုင်ကြသောအခါ အပေါ်ယံ ထင်ကြေးဖြင့် ပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းကြခြင်းကြောင့် ရိုးရှင်းဖြောင့်ဖြူး နေသည့်ဖြစ်ရပ်မှာ ရှုပ်ထွေးကွေ့ကောက်သောအခြေသို့ ဆိုက်ရောက်သွားရပါ ၏။

လူဝင်စားကိစ္စများကို စုံစမ်းစစ်ဆေးရာ၌ သုတေသီများသည် အမှန်ကို ဖော် ထုတ်နိုင်ရန် အထူးကြိုးပမ်းခဲ့ကြ၏။ လေးစားအပ်သည့် လူကြီးလူကောင်းများ ပညာရှိသုတေသီများစသည်တို့ကို ပေါင်းစု၍ ကော်မတီများဖွဲ့စည်းလျက် စုံစမ်း စစ်ဆေးကြသည့်ဖြစ်ရပ်များသည် အတော်အသင့်ရှိကြ၏။

မှန်ကန်သည်ဟုယုံကြည်စိတ်ချရသော လူဝင်စားဖြစ်ရပ်များမှာ ထောင် ဂဏန်းပင် ကျော်လာပြီဖြစ်သည့်အတွက် လူဝင်စားတို့က မိမိတို့၏အတိတ်ဘဝ များကို မှန်ကန်စွာပြန်လည်ပြောပြနိုင်ခြင်းကို ယုံမှားသံသယဖြစ်စရာ မရှိသင့် တော့ပေ။

ပါမောက္ခဝီလျံဂျိမ်းပြောခဲ့သလို ကျီးဖြူတစ်ကောင်တွေ့လျှင်ပင် ကျီးအား လုံး မည်းသည်ဟူသောအဆိုမှာ ပျက်ပြယ်သွားသကဲ့သို့ ခိုင်လုံသောလူဝင်စား ဖြစ်ရပ်တစ်ခုကို ရရှိလျှင်ပင် အတိတ်ဘဝမရှိဟူသော အယူအဆမှာ ပျက်ပြယ် သွားပြီးဖြစ်ပေ၏။ ယခုအခါ ကျီးဖြူတစ်ကောင်တည်းမဟုတ်ဘဲ ကျီးဖြူ တစ် ထောင်ကျော်ကိုမြင်တွေ့ခဲ့ရသကဲ့သို့ ခိုင်လုံသောလူဝင်စားဖြစ်ရပ်များစွာကို တွေ့ ရှိခဲ့ကြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ဘဝမရှိဟူသည့် စောဒကများ

သို့စဉ်လျက် အတိတ်ဘဝရှိသည်ကို ချေပလိုသူများက အောက်ပါစောဒကများကို တင်ပြနေကြ၏။

(၁) လှူဝင်စားဟူသည်မှာ လှူဝင်စား၏ယခုဘဝမိသားစုနှင့် အတိတ်ဘဝမိသားစုတို့ပူးပေါင်း၍ လုပ်ကြံလုပ်စားခြင်းသာ ဖြစ်၏။

(၂) လှူဝင်စားကလေးသည် သေသူ၏အကြောင်းကို တစ်နည်းနည်းဖြင့် ကြားသိရပြီးနောက် မည်သို့မည်ပုံသိရှိခဲ့ရသည်ကို လုံးဝမေ့ပျောက်သွားသည်။ မိဘဆွေမျိုးများကလည်း ကလေးမည်ကဲ့သို့ သိရှိခဲ့ရသည်ကို မသိလိုက်ကြ။ ထို့နောက် ကလေးငယ်သည် ထိုသေသူ၏အကြောင်းကို မိမိ၏အတိတ်ဘဝအကြောင်းအဖြစ် ပြောဆိုလေ၏။

(၃) လှူဝင်စားကလေးသည် တယ်လီပသီစွမ်းရည် ကလယ်ဗိုးယင့်စွမ်းရည်စသည်တို့ကို ပိုင်ဆိုင်သဖြင့် သေသူ၏အကြောင်းကို စုံစုံလင်လင်သိရှိလိုက်သည်။ ထို့နောက် သေသူ၏အကြောင်းသည် မိမိ၏အတိတ်ဘဝအကြောင်းဖြစ်သည်ဟု ယုံကြည်လာသည်။

(၄) သေသူ၏ဝိညာဉ်လိပ်ပြာသည် သူ့ဘဝကိုစွဲလမ်းနေခြင်းကြောင့် လူ့ပြည်၌လှည့်ပတ်သွားလာနေ၏။ အခါအခွင့်သင့်သဖြင့် လှူဝင်စားကလေး၌ အခိုက်အတန့်အားဖြင့် နားခိုမှီကပ်နေ၏။ သို့အတွက် လှူဝင်စားကလေးသည် အပမှီသူတစ်ဦး ဖြစ်၏။ ထို့ကြောင့် ကလေးက ပြောဆိုသော သူ၏အတိတ်ဘဝအကြောင်းဆိုသည်မှာ အပဝိညာဉ်၏အတိတ်အကြောင်းသာ ဖြစ်သည်။

အထက်ပါအကြောင်းတစ်ခုခုကြောင့် လှူဝင်စားကလေးငယ်တွင် အတိတ်ဘဝရှိခဲ့သည်မှာ မဟုတ်မှန်ပါကြောင်းဟု ကန့်ကွက်ကြ၏။

ဤအခန်း၌ ကျွန်တော်တင်ပြခဲ့သည့် လှူဝင်စားများအကြောင်းကို လေ့လာကြည့်လျှင်ပင် ဤစောဒကများသည် မလေးနက်မခိုင်လုံကြောင်းမှာ ထင်ရှားနေပါ၏။

လှူဝင်စားကိစ္စ၌ ယခုဘဝမိဘများနှင့် အတိတ်ဘဝမိဘများတို့ မဆုံစည်းမိစဉ်ကပင် သုတေသီတို့ကြိုတင်သိရှိပြီး စုံစမ်းခဲ့သည့်အမှုများစွာရှိခဲ့၏။ အကယ်၍ ထိုမိဘတို့က စည်းဝါးရိုက်၍ ကလေးငယ်အား သွန်သင်ထားလျှင်လည်း ထိုကလေးငယ်သည် သုတေသီတို့စုံစမ်းမေးမြန်းသောအခါ အလိမ်ပေါ်လာမည်ဖြစ်၏။ လိမ်လည်လှည့်စားခြင်းကြောင့်လည်း နှစ်ဖက်သောမိဘတို့၌ အကျိုးတစ်စုံတစ်ရာမရှိဘဲ အရှက်ကွဲဖွယ်ရာသာရှိ၏။ ထို့ကြောင့် လှူဝင်စားအမှုသည် လုပ်ကြံလှည့်စားထားသောကိစ္စ မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လူဝင်စားကလေးငယ်က မိဘတို့မသိသော သေသူ၏အကြောင်းကို တစ်နည်းနည်းဖြင့် ကြားသိထားသည်ဆိုသည်မှာလည်း အခြေအမြစ်မရှိသော စောဒကပင်ဖြစ်၏။ ကလေးငယ်က မရောက်ဖူးသောအရပ်ဒေသအကြောင်းနှင့်မသင်ကြားဖူးသေးသော ဘာသာစကားကို သိနိုင်,ပြောနိုင်ခြင်းတို့မှာ အဆိုပါစောဒကကို ချေပပြီးသားဖြစ်နေပေ၏။

လူဝင်စားကလေးက တယ်လီပသီစသည့် ပရစိတ်ပညာတန်ခိုးဖြင့် သေသူ၏အကြောင်းကို သိရှိထားသည်ဆိုခြင်းမှာလည်း မရေရာသောစောဒကသာ ဖြစ်၏။ အကယ်၍ ကလေးငယ်သည် ပရစိတ်ပညာတန်ခိုးရှိပါက ထိုသေသူတစ်ဦးတည်း၏အကြောင်းကိုသာမက သေပြီးသူများစွာတို့၏အကြောင်းကို ပြောဆိုရာ၏။ သေပြီးသူ၏အကြောင်းကို ပြောခြင်းထက် ပို၍အကျိုးများမည့် ပစ္စည်းပျောက်ကိုရှာခြင်း, စာမေးပွဲမေးခွန်းများ၏အဖြေကို ရယူခြင်း စသည့်ကိစ္စရပ်များ၌ ပရစိတ်ပညာကို အသုံးပြုရာ၏။

လူဝင်စားကလေးများတွင် ပရစိတ်ပညာတန်ခိုးရှိသည်ကို မည်သည့်သုတေသီကမျှ စုံစမ်းတွေ့မြင်ခဲ့သည်ဟူ၍ မပြောကြားခဲ့ဖူးချေ။

## လှည့်လည်သွားလာနေသော သေသူ၏ဝိညာဉ်မရှိ

စတုတ္ထစောဒကဖြစ်သော သေသူ၏ဝိညာဉ်လိပ်ပြာက လူဝင်စားကလေး၌ မှီခိုစွဲကပ်နေသည်ဆိုသော အယူအဆမှာ မိစ္ဆာအယူအဆသာဖြစ်၏။ လောကတွင် လှည့်လည်သွားလာနေသော သေသူ၏ဝိညာဉ်လိပ်ပြာဟူသည်မှာ မရှိပါ။ တစ္ဆေသရဲစသည်က ဝင်ပူးကပ်ခြင်းသာ ရှိနိုင်ပါသည်။ ထိုသို့ အပမှီခံရသောကလေးသည် အပမှီလာသူ၏အကြောင်းကိုသာ ပြောဆိုလိမ့်မည်။ လူဝင်စား၏အတိတ်အကြောင်းကို ပြောဖွယ်ရာမရှိ။ အမူအရာ, အပြောအဆို, အကျင့်စရိုက်စသည်တို့လည်း လူဝင်စား၏အတိတ်ဘဝက အမူအရာ, အပြောအဆို, အကျင့်စရိုက် စသည်တို့နှင့် လွန်စွာကွာခြားနေပေလိမ့်မည်။

သုတေသီတို့စုံစမ်းသိရှိချက်အရ လူဝင်စားကလေးသည် အတိတ်ဘဝကလူနှင့် အမူအရာ, အပြောအဆို, အကျင့်စရိုက် စသည်တို့၌ လွန်စွာဆင်တူ၏။

အမှန်မှာ ဇာတိဿရဉာဏ်ဖြင့် အတိတ်ဘဝကိုမြင်သိခြင်းသည် စိတ်ညို့နည်းဖြင့် အတိတ်ဘဝကိုမြင်သိခြင်းနှင့် ဆက်စပ်နေပါသည်။ ဤပြဿနာနှစ်ရပ်ကို ခွဲခြားပြီးစဉ်းစား၍မရ၊ တွဲစပ်လျက်သာ စဉ်းစားရပေမည်။

ထို့အပြင် လူဝင်စားခြင်းသည် အတိတ်ဘဝပေါင်းများစွာကိုမြင်သိကြသော ဗုဒ္ဓမြတ်စွာနှင့် ရဟန္တာမြတ်တို့၏ ပုဗ္ဗေနိဝါသအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ် စသည်တို့နှင့်လည်း ဆက်စပ်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤပုဂ္ဂိုလ်မြတ်တို့၏ အဘိညာဉ်တန်ခိုးသည် အမှန်တကယ်ရှိပြီး ဈာန် အဘိညာဉ်မရှိသောပုဂ္ဂိုလ်တို့၏ ပရစိတ်ပညာတန်ခိုးထက် အဆသိန်းသန်းမက ထက်မြက်စူးရှလှပါသည်။

ဤဆိုခဲ့ပြီးသောအကြောင်းအရာအားလုံးတို့သည် အတိတ်ဘဝများ ရှိခဲ့ခြင်းကို လေးလေးနက်နက်ထောက်ခံထားကြပါသည်။

ရောမခေတ်ကောင်းစားစဉ်က ပေါ်ပေါက်ခဲ့သော "All roads lead to Rome." **'လမ်းအားလုံးသည် ရောမမြို့တော်သို့ဦးတည်သည်'** ဟူသောဆိုရိုးစကားကဲ့သို့ ယနေ့သုတေသီအပေါင်းတို့၏ သိပ္ပံနည်းကျ လေ့လာတွေ့ရှိမှု မှန်သမျှသည် ရှေးဘဝနောက်ဘဝ ရှိခြင်းကိုထောက်ခံနေကြသည်၊ ကံ-ကံ၏အကျိုး ရှိခြင်းကို သက်သေထူပြနေကြသည်၊ ဗုဒ္ဓတရားတော်၏ မှန်ကန်မှုကို ဖော်ပြနေကြသည်။

*ပတ္တမြားအစစ်သည် နွံမှာနစ်နေသော်လည်း မညစ်ပေပါ။*

*အမှန်တရားသည် မိစ္ဆာအယူများ ဖုံးအုပ်သော်လည်း မနစ်မြုပ်ပါ။*

*ကျောက်မျက်ရတနာတို့သည် ပွတ်တိုက်လေလေ ပြောင်လက်လေလေ ထင်ရှားပေါ်လွင်လာလေလေဖြစ်၏။*

အတိတ်ဘဝကို မယုံကြည်ခဲ့ကြသော သုတေသီများစွာတို့သည် သုတေသနပြုရင်း အတိတ်ဘဝရှိကြောင်းကို လက်ခံယုံကြည်လာကြပေပြီ။

ဤသုတေသီတို့၏ ရှာဖွေတွေ့ရှိမှုများကြောင့် အတိတ်ဘဝရှိသည်ကို အစဉ်အလာအရ မယုံကြည်ခဲ့ကြသော တိုင်းနိုင်ငံများ၌ပင်လျှင် လူအများစုသည် အတိတ်ဘဝ, နောက်ဘဝရှိကြောင်းကို လက်ခံယုံကြည်လာကြလေပြီ။

*အဆွေသည်လည်း အရှိကိုအရှိအတိုင်း မှန်မှန်ကန်ကန် မြင်သိနိုင်သော ယထာဘူတဉာဏ်ဖြင့် သေခြင်းကန့်လန့်ကာ၏တားဆီးမှုကိုဖောက်ထွင်းကာ အမှန်တရားကိုသိမြင်၍ အမှန်တရားကို ချစ်ခင်၍ အမှန်တရားကိုထွေးပိုက်၍ ဘဝဦးတည်ချက်အမှန်ကို ရယူပါလေလော့။*

❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)
# ဘဝသံသရာ

### ရုပ်ဝတ္ထုတို့၏သံသရာ

ဤလောကတွင် အရာဟူသမျှသည်အဆက်မပြတ်သံသရာလည်နေကြ၏။

နေ့ပြီးလျှင် ညဉ့်၊ ညဉ့်ပြီးလျှင်နေ့ဟု နေ့နှင့်ညဉ့်တို့သည် မပြတ်မလပ် သံသရာလည်ပတ်နေကြ၏။

နွေပြီးလျှင် မိုး၊ မိုးပြီးလျှင် ဆောင်း၊ ဆောင်းပြီးလျှင် နွေဟူ၍ ရာသီဥတုတို့သည် အဆက်မပြတ် သံသရာလည်ပတ်နေကြ၏။

သရက်ပင်မှ သရက်ပန်း၊ သရက်ပန်းမှ သရက်သီး၊ သရက်သီးမှ သရက်စေ့၊ သရက်စေ့မှ သရက်ပင်ဟူ၍ အပင်တို့သည်လည်း သံသရာလည်ပတ်နေကြ၏။

ပင်လယ်သမုဒ္ဒရာရေ, အင်းရေ, အိုင်ရေ စသည်တို့သည် ရေငွေ့အဖြစ်သို့၊ ရေငွေ့မှသည် မိုးတိမ်သို့၊ မိုးတိမ်မှသည် မိုးစက်သို့၊ မိုးစက်မှသည် အင်းအိုင်သမုဒ္ဒရာ စသည်ဖြင့် ရေနှင့်ရေငွေ့တို့သည်လည်း သံသရာလည်ပတ်နေကြ၏။

လေထဲမှအောက်ဆီဂျင်သည် သတ္တဝါများအသက်ရှူသောအခါ ကာဗွန်ဒိုင်အောက်ဆိုဒ်အဖြစ်သို့ ပြောင်းလဲသွား၏။ ထင်း, မီးသွေး, ဓာတ်ဆီ, ရေနံဆီ စသည်တို့ လောင်ကျွမ်းသောအခါ၌လည်း ကာဗွန်သည် အောက်ဆီဂျင်နှင့် ပေါင်းစပ်၍ ကာဗွန်ဒိုင်အောက်ဆိုဒ်အဖြစ်သို့ ပြောင်းလဲသွား၏။ သစ်ပင်များကမူ ကလိုရိုဖီး(လ်) အကူအညီဖြင့် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုကစီဓာတ်ချက်လုပ်ရန်အတွက် ယူသုံးပြီးလျှင် အောက်ဆီဂျင်ကို ပြန်လွှတ်ထုတ်ပေးကြ၏။ ဤနည်းဖြင့် အောက်ဆီဂျင်ဓာတ်သည် သံသရာလည်ပတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နိုက်ထရိုဂျင်, ကာဗွန်, ကလိုရင်းစသော ဒြပ်စင်တစ်မျိုးစီကလည်း သံသရာလည်ပတ်နေသည်သာ ဖြစ်၏။

သတ္တဝါတစ်မျိုးစီကို ဆန်းစစ်ကြည့်ပါဦး။

ကြက်မ, ကြက်ဖတို့မှ ကြက်ဥ၊ ကြက်ဥမှ ကြက်ကလေး၊ ကြက်ကလေးမှ ကြက်မ, ကြက်ဖ စသည်တို့ဖြင့် ကြက်သံသရာလည်ပတ်နေ၏။

အလားတူပင် ယောကျ်ားနှင့်မိန်းမတို့ ပေါင်းဖက်ကြရာမှ သန္ဓေသားဖြစ်လာ၏၊ သန္ဓေသားနေ့ရက်စေ့၍ ဖွားမြင်သောအခါ ကလေးဖြစ်လာ၏၊ ကလေးကြီးပြင်းလာသောအခါ လူငယ် လူရွယ် လူကြီးဟု အဆင့်ဆင့်ဖြစ်ပေါ်လာ၏၊ လူရွယ် လူကြီးဖြစ်ကြသော ယောကျ်ားနှင့်မိန်းမတို့ တစ်ဖန်ပေါင်းဖက်ကြသောအခါ သန္ဓေသားဖြစ်လာပြန်၏။ အပင်တစ်မျိုးက မျိုးဆက်မပြတ်အောင် သံသရာလည်ပတ်နေသလို လူသည်လည်း မျိုးဆက်မပြတ်အောင် သံသရာလည်ပတ်နေပေ၏။

ဤကား ရုပ်ပိုင်းအမြင်ဖြင့် ဝေဖန်ဆန်းစစ်ခြင်းတည်း။ ဤဆန်းစစ်မှုတွင် နာမ်တရားပါဝင်ခြင်းမရှိသေး၊ ဘဝသံသရာ မပါသေး။

သတ္တဝါတစ်ဦး၏ဘဝသည်လည်း ပဋိသန္ဓေမှစုတိ၊ စုတိမှ ပဋိသန္ဓေဟူ၍ မဆုံးနိုင်အောင် သံသရာလည်ပတ်နေပါသလော။

နာမ်သံသရာသည် ရုပ်သံသရာနှင့်ဆင်တူပါမည်လော။

## ရုပ်နာမ်သံသရာ

ရုပ်သည် အပူအအေးစသော ဆန့်ကျင်ဘက်တရားတို့ကြောင့် ဖောက်ပြန်တတ်သော (ဝါ) ပြောင်းလဲတတ်သောသဘော ရှိ၏၊ ရုပ်တွင် သိတတ်သော သဘော မရှိ၊ ရုပ်တွင် သိပ္ပံပညာကသိထားသော ဒြပ်နှင့်စွမ်းအင်တို့ ပါရှိ၏။ အိုင်းစတိုင်း၏ အဆိုပြုချက်အရ ဒြပ်သည် စွမ်းအင်အဖြစ်သို့၊ စွမ်းအင်သည် ဒြပ်အဖြစ်သို့ ပြောင်းလဲနိုင်၏။

နာမ်သည် ဖောက်ပြန်တတ်သောသဘောမရှိ၊ မိမိ၏ ပင်ကိုသဘောကို အမြဲဆောင်၏၊ အာရုံကိုသိတတ်သောသဘောရှိ၏၊ နာမ်တွင် စိတ်နှင့်စေတသိက်များ ပါဝင်နေ၏။

သို့အတွက် ရုပ်နှင့်နာမ်တရားတို့သည် သဘာဝချင်းမတူကြပါ။

နာမ်တရားကို သိပ္ပံကိရိယာများနှင့်စမ်းသပ်၍ မရ၊ ထို့ကြောင့် သိပ္ပံပညာရှင်များက နာမ်ရှိသည်ဟု ဝန်မခံကြ၊ သို့သော် သိပ္ပံနိယာမများဖြင့် မရှင်းပြနိုင်သော တယ်လီပသီ, ကလယ်ဗိုးယင့်, တယ်လီကိုင်းနက်ဆစ် စသည့်ပရစိတ်ပညာ

www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးသတ္တိများ တကယ်ရှိသည်ကို သိပ္ပံပညာရှင်များ မငြင်းပယ်နိုင်၍ လက်ခံ လေ့လာနေကြပေပြီ။

စိတ်ညှို့၍အိပ်မွေ့ချသောနည်းဖြင့် အတိတ်ဘဝများကို မြင်သိခြင်း၊ ဇာတိ သရဉာဏ်ဖြစ်ပေါ်ပြီး အတိတ်ဘဝများကို ပြန်ပြောပြနိုင်ခြင်း စသောဖြစ်ရပ်များ ကိုလည်း တကယ်ရှိသည်ဟု သိပ္ပံပညာရှင်များက လက်ခံကြရပြီ၊ သို့သော် ဤ ဖြစ်ရပ်များကို သိပ္ပံနိယာမများဖြင့် မရှင်းပြနိုင်ချေ။

စိတ်သည် ကိုယ်ခန္ဓာပေါ်၌ အမျိုးမျိုးလွှမ်းမိုးမှုရှိသည်၊ ရောဂါဖြစ်ရခြင်း ၏အကြောင်းရင်းများတွင် စိတ်က အဓိကအချက်ဖြစ်သည်၊ စိတ်ဓာတ်ပြင်းထန် သူများသည် ဆေးပညာရှုထောင့်မှ မုချသေမည်ဟုယူဆထားသော ဒဏ်ရာရောဂါ တို့မှ အံ့သြစဖွယ်ပြန်လည်၍ နာလန်ထူလာနိုင်ကြသည် စသောဖြစ်ရပ်များကိုလည်း သိပ္ပံပညာရှင်တို့က မနှစ်မြို့သော်လည်း ပင့်သက်ရှူကာ လက်ခံထားကြရသည်။

လူသားတို့၏ မကျေနပ် မရောင့်ရဲနိုင်ခြင်း, စိုးရိမ်ပူပန်ခြင်း, ပူဆွေးငိုကြွေး ခြင်း, နှလုံးမသာယာခြင်း, အနိုင်ကျင့်ခြင်း, အမြတ်ကြီးစားခြင်း စသောအနိဋ္ဌာရုံ များသည် လောကကို လွှမ်းခြုံထားသည်ဖြစ်ရာ သိပ္ပံပညာက ထိုအနိဋ္ဌာရုံများကို ပပျောက်အောင် မပြုလုပ်နိုင်ချေ။

ထို့ကြောင့် ရုပ်အမြင်သက်သက်ဖြင့် ဘဝပြဿနာများကို မဖြေရှင်းနိုင်ပါ။

ဘဝပြဿနာများကိုဖြေရှင်းလိုလျှင် ဘဝကိုခြယ်လှယ်နေသော နာမ်တရား များကို သိနားလည်အောင် လေ့လာရမည်။

ရုပ်တရားကို လွှမ်းမိုးကြိုးဆွဲနေသော နာမ်တရားကို ကိုင်တွယ်ဖြေရှင်းမှ ပြဿနာပြေလည်လိမ့်မည်။

နာမ်တရားကို သိပ္ပံပညာကမသိသော်လည်း နာမ်တရားသည် ထင်ရှားစွာ ရှိနေသည်သာတည်း။

နာမ်တရားကို မည်သို့ကိုင်တွယ်ရအံ့နည်း။

နာမ်တရား၏ အကြောင်းကို သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သိမ်းကျုံးစုစည်း ၍ ရှင်းရှင်းလင်းလင်းသိရှိနိုင်ပါသည်၊ ဗုဒ္ဓ၏ တရားတော်ကသာ နာမ်အကြောင်း ကို ပြည့်ပြည့်စုံစုံဟောကြားထားပါသည်။

ထို့ကြောင့် နာမ်အကြောင်းကို သိလိုလျှင် ဗုဒ္ဓ၏ တရားတော်ကို လေ့လာ ရမည်၊ ယုတ်စွအဆုံး ဗုဒ္ဓ၏ အဘိဓမ္မာ၏ အခြေခံဖြစ်သော သင်္ဂြိုဟ်ကို လေ့လာ ဆည်းပူးရမည်။

ဗုဒ္ဓတရားတော်သည် လူ့ဘုံ, နတ်ဘုံ, အပါယ်လေးဘုံတို့ ပါဝင်ကြသော

www.burmeseclassic.com

www.burmeseclassic.com



ကာမဘုံ၌ နာမ်နှင့်ရုပ်တို့ကို သီးခြားတရားများဟူ၍ မဟော၊ နာမ်နှင့်ရုပ်တို့သည် တစ်ခုတည်းဖြစ်ကြသည်ဟူ၍လည်း မဟော။

နာမ်နှင့်ရုပ်တို့သည် သီးခြားသဘောများကိုဆောင်လျက် တစ်ခုကိုတစ်ခု ကျေးဇူးပြုကာ အတူတကွယှဉ်တွဲနေကြ၏၊ နှစ်ခုစလုံး မတည်မြဲကြချေ။

နာမ်သည် တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းမကဖြစ်ပျက်သွား၏၊ ရုပ်သည် တစ်စက္ကန့်လျှင် ကုဋေ ၅၈၀၀ ကျော် ဖြစ်ပျက်သွား၏။

နာမ်သည် နာမ်နိယာမများနှင့်အညီ တစ်ရံမစဲတရစပ်ဖြစ်ပျက်နေ၏၊ ရုပ်သည် ရုပ်နိယာမများနှင့်အညီ ခဏမစဲဖြစ်ပျက်ပြောင်းလဲနေ၏။

## လူတစ်ဦးစီကို အဘိဓမ္မာနည်းဖြင့် ခွဲခြမ်းစိတ်ဖြာသော်

လူတစ်ဦးစီ၏ကိုယ်နှင့်စိတ်သည် ရုပ်နှင့်နာမ်တို့၏အပေါင်းအစုသာ ဖြစ်၏၊ ဤရုပ်နာမ်အစုကို ခန္ဓာဖွဲ့လျှင် ခန္ဓာငါးပါးရ၏။

(၁) ရူပက္ခန္ဓာ ... ရုပ်အစု
(၂) ဝေဒနာက္ခန္ဓာ ... ခံစားမှုအစု
(၃) သညာက္ခန္ဓာ ... မှတ်သားမှုအစု
(၄) သင်္ခါရက္ခန္ဓာ ... စေ့ဆော်ပြင်ဆင်မှုအစု
(၅) ဝိညာဏက္ခန္ဓာ ... သိမှုအစု

ခန္ဓာငါးပါးကို တစ်ဖန် အာယတနအဖြစ် ခွဲခြားလျှင် အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတနခြောက်ပါးဟူ၍ ပေါင်းအာယတန ၁၂-ပါးကိုရ၏။ အာယတနဟူသည်မှာ သံသရာဒုက္ခကို ချဲ့ထွင်တတ်သောတရား (ဝါ) စိတ် စေတသိက်တို့၏ ဆွဲမှီတွယ်ရာဌာနဟု အဓိပ္ပာယ်ရ၏။

တစ်ဖန် ခန္ဓာငါးပါးကိုပင် ဓာတ်အနေဖြင့်ခွဲခြားသောအခါ ဓာတ် ၁၈ ပါးကို ရ၏။ ဓာတ်ဟူသည်မှာ အသက်ကောင်, သတ္တဝါကောင် မဟုတ်ဘဲ မိမိ၏ သဘောကိုသာ ဆောင်တတ်သောတရား ဖြစ်၏။

ထို့ကြောင့် သတ္တဝါဟူသည် ရုပ်နာမ်နှစ်ပါး သို့မဟုတ် ခန္ဓာငါးပါး၊ သို့မဟုတ် အာယတန ၁၂ ပါး၊ သို့မဟုတ် ဓာတ် ၁၈ ပါးတို့၏ အစုအဝေးဖြစ်သည်ဟု မှတ်ယူနိုင်၏။

*ထိုရုပ်နာမ်နှစ်ပါး၊ သို့မဟုတ် ခန္ဓာငါးပါး၊ သို့မဟုတ် အာယတန ၁၂ ပါး၊ သို့မဟုတ် ဓာတ် ၁၈ ပါးတို့၏ အမြဲမပြတ် ထပ်ကာထပ်ကာ ဖြစ်ပျက်နေသော အစအဆုံးမထင်သည့် အစဉ်အတန်းကြီးကို ဘဝ*

www.burmeseclassic.com

www.burmeseclassic.com



*သံသရာဟုခေါ်သည်။ ဤကား ပရမတ်အမြင်ဖြင့် ဘဝသံသရာကို သတ်မှတ်ပြခြင်းဖြစ်၏။*

ပညတ်အမြင်ဖြင့်မူ ပဋိသန္ဓေစိတ်ဖြစ်သောအချိန်နှင့် စုတိစိတ်ကျသော အချိန်တို့၏ကြားကာလကို တစ်ဘဝဟုခေါ်၏၊ ပဝတ္တိအခါဟုလည်း ခေါ်၏။ ထိုပဝတ္တိအခါ၌ ဘဝင်စိတ်များနှင့် ဝီထိစိတ်များ တရစပ်ဖြစ်ပျက်နေကြ၏။

ဤသို့ စုတိပြီး ပဋိသန္ဓေ, ပဋိသန္ဓေပြီး စုတိဟု တစ်ဘဝပြီးတစ်ဘဝ ထပ်ကာထပ်ကာဖြစ်ပေါ်နေခြင်းကိုလည်း ဘဝသံသရာဟုမှတ်အပ်၏။

## သံသရာသည် မည်မျှရှည်လျားသနည်း

ညောင်ပင်၏သံသရာကို ဆန်းစစ်ကြည့်လျှင် ယခုရှိသောညောင်ပင်သည် ယခင်ညောင်ပင်၏အစေ့မှပေါက်လာ၏၊ ထိုညောင်စေ့သည် ယခင်ညောင်ပင်မှဖြစ်ပေါ်လာ၏၊ ယခင်ညောင်ပင်ကတစ်ဖန် ၎င်းထက်ပိုရှေးကျသော ညောင်စေ့မှပေါက်လာခြင်းဖြစ်၏၊ ထိုရှေးကျသောညောင်စေ့မှာ တစ်ဖန်ပို၍ရှေးကျသော ညောင်ပင်မှဖြစ်ထွန်းလာရ၏၊ ဤသို့လျှင် ညောင်ပင်၏ရှေ့အစွန်းသည် အစမထင်အောင် ရှည်လျားလှ၏။

ထို့နည်းအတူ ယခုညောင်ပင်မှ ညောင်စေ့ဖြစ်ထွန်းပြီး ဤညောင်စေ့တို့ကို မြေပေါ်ချ၍ ရေလောင်းပေးလျှင် ညောင်ပင်သစ်ပေါက်လာမည်၊ ထိုညောင်ပင်သစ်ကတစ်ဖန် တစ်စတစ်စကြီးထွား၍ အသီးသီးကာ ညောင်စေ့များကို ဖြစ်ပေါ်လာစေမည်၊ ထိုညောင်စေ့တို့ကိုစိုက်ပျိုးလျှင် ညောင်ပင်များတစ်ဖန် ပေါက်ပွားလာကြပေမည်၊ သို့အတွက် ညောင်ပင်၏အနာဂတ်အစွန်းသည်လည်း မထင်ရှားချေ။

သတ္တဝါတစ်ဦးစီ၏ ဘဝသံသရာသည်လည်း ဤနည်းအတိုင်းပင် အစအဆုံးမထင်ချေ။ ဤဘဝ၏အတိတ်ဘဝရှိခဲ့သလို ထိုအတိတ်ဘဝ၏အတိတ်ဘဝသည်လည်း ရှိရပေမည်၊ ထိုနည်းအတူ ဒုတိယအတိတ်ဘဝ၏အတိတ်ဘဝသည်လည်း ရှိရဦးမည်သာ၊ ထို့ကြောင့် ရှေးဘဝအစွန်းသည် မထင်ချေ။

ယခုဘဝ၏နောက်ဘဝရှိသည့်နည်းတူ ထိုအနာဂတ်ဘဝ၏ဒုတိယ အနာဂတ်ဘဝသည်လည်း ရှိရပေမည်၊ ထိုဒုတိယအနာဂတ်ဘဝ၏ တတိယအနာဂတ်ဘဝသည်လည်း ရှိရဦးမည်သာ၊ ထို့ကြောင့် ဘဝဆက်လက်ဖြစ်ပေါ်ရန် အကြောင်းတရားများ မကုန်ဆုံးသမျှ ဆက်ကာဆက်ကာ ဘဝသစ်ဖြစ်ပေါ်နေလိမ့်မည်။

သို့အတွက် **အနမတဂ္ဂသံယုတ် တိဏကဋ္ဌသုတ်နှင့် ပထဝီသုတ်တို့၌** မြတ်စွာဘုရား ဤသို့ဟောကြားတော်မူခဲ့၏ –

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့…ဤသံသရာ၏ အစကို မသိနိုင်၊ အဝိဇ္ဇာ ဖုံးကွယ်အပ်ကုန်၊ တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ရသည့် သတ္တဝါတို့၏ရှေ့အစွန်းသည် မထင်နိုင်၊ မသိနိုင်။

"ရဟန်းတို့…ဥပမာသော်ကား ယောကျ်ားတစ်ယောက်သည် ဤဇမ္ဗူဒိပ်ကျွန်း၌ရှိသမျှ ထင်း၊ မြက်၊ သစ်ခက်သစ်ရွက်များကိုဖြတ်၍ တစ်ပေါင်းတည်း စုပုံထားပြီးလျှင် လက်လေးသစ်မျှ ကျည်းသားလောက်ပြု၍ ဤကား ငါ၏ အမိ၊ ဤကားငါ့အမိ၏ အမိ စသည်ဖြင့် ချ၍ရေတွက်သော် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ မြက်၊ ထင်း၊ သစ်ခက်သစ်ရွက်တို့သာ ကုန်ရာ၏၊ ထိုယောကျ်ား၏ အမိအဆက်ဆက်တို့ကား မကုန်နိုင်သည်သာတည်း။

"ထို့အတူ ဤမဟာပထဝီမြေကြီးကို ဆီးစေ့လောက် ဆီးစေ့လောက် အလုံးငယ်များပြု၍ ဤကား ငါ၏ အဖ၊ ဤကား ငါ့အဖ၏ အဖ စသည်ဖြင့် ချ၍ရေတွက်သော် ဤမဟာပထဝီမြေကြီးသာ ကုန်ရာ၏၊ ထိုယောကျ်ား၏ အဖအဆက်ဆက်တို့ကား မကုန်နိုင်သည်သာတည်း။

"ရဟန်းတို့…ထိုအစမထင်အောင် ရှည်လျားလှသောသံသရာကြော၌ ကျင်လည်ခဲ့ရသော သတ္တဝါတစ်ဦးစီ၏ ငိုကြွေးခဲ့ရသောမျက်ရည်နှင့် သောက်စို့ခဲ့ရသော နို့ရည်တို့သည် သမုဒ္ဒရာလေးစင်းရေမျှမက များပြားကြကုန်၏"

အလွန်သဘာဝကျ၍ အလွန်သံဝေဂဖြစ်ဖွယ်ကောင်းသော ဗုဒ္ဓ၏ သရုပ်ဖော်ချက်ပေတည်း။

လူတစ်ဦးစီ၏ မိဘအစဉ်အဆက်သည် အစမထင်အောင် ရှည်လျားသလို ထိုလူ၏ သားသမီး၊ မြေးမြစ်၊ တီတွတ်၊ ကျွတ်ဆက်စသည့် အနာဂတ်အစဉ် အဆက်သည်လည်း အဆုံးမထင်နိုင်အောင် ရှည်လျားမည်သာတည်း။

## ဘဝသံသရာ၏အထောက်အထားများ

အစမထင် အဆုံးကိုမမြင်နိုင်သော ရှည်လျားထွေပြားလှသည့် ဘဝသံသရာ၏ အကောင်းဆုံးနမူနာတစ်ရပ်မှာ ဗုဒ္ဓဂေါတမလောင်းလျာ၏ ပါရမီဖြည့်ဆည်းခဲ့သော ဘဝများပင် ဖြစ်၏။

ဤဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်သော် ကမ္ဘာပေါင်း လေးသင်္ချေနှင့်တစ်သိန်းထက်၌ ဒီပင်္ကရာမြတ်စွာဘုရားသည် လောကဝယ် ထင်ရှားစွာပွင့်ပေါ်လာခဲ့၏။ ထိုအခါ ဂေါတမဘုရားလောင်းသည် ဈာန်အဘိညာဉ်ရသော **သုမေဓာ** ရှင်ရသေ့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သုမေဓာရှင်ရသေ့သည် မိမိ၏ခန္ဓာကိုယ်ကို တံတားခင်း၍ ဘုရားရှင်အား ပူဇော်ပြီးလျှင် ဘုရားအဖြစ်ကိုဆုတောင်းသောအခါ **သုမိတ္တာ** သတို့သမီးသည်လည်း ဘုရားရှင်အား ကြာပန်းများဖြင့်ပူဇော်ကာ သုမေဓာ၏ပါရမီဖြည့်ဖက် အဖြစ် ဆုပန်တောင်းခဲ့လေ၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့အား နောင်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဂေါတမဘုရားအဖြစ်သို့ ရောက်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့၏။

ထို့နောက် ဂေါတမဘုရားအလောင်းသည် ကမ္ဘာပေါင်းလေးသင်္ချေနှင့်တစ်သိန်း ပတ်လုံး ဒါနပါရမီ, သီလပါရမီ စသည့် ပါရမီတော် ၁၀ ပါးတို့ကို အထပ်ထပ် အဖန်ဖန် ဖြည့်ကျင့်တော်မူခဲ့၏။ ဤရှည်လျားလွန်းသော ကာလ တစ်လျှောက်၌ ကျော်ဖြတ်ခဲ့ရသော ဘဝအရေအတွက်မှာ မရေတွက်နိုင်အောင် မြားမြောင်လှပေ၏။

ကမ္ဘာပေါင်း လေးသင်္ချေနှင့်တစ်သိန်းတိုင်အောင် ဆန့်တန်းနေသောကာလ အတွင်း၌ ဒီပင်္ကရာမြတ်စွာဘုရားမှသည် ဂေါတမမြတ်စွာဘုရားအထိ ဘုရား ၂၈ ဆူ (နှစ်ကျိပ်ရှစ်ဆူ) သာ ပွင့်ပေါ်ခဲ့ကြ၏။

ကမ္ဘာအမျိုးမျိုး၌ ပွင့်ပေါ်ခဲ့ပြီးသော သဗ္ဗညုတဘုရားရှင်များသည် ဂင်္ဂါဝါဠု သဲစုမက များပြားလွန်းရကား ဒီပင်္ကရာမြတ်စွာဘုရား ပေါ်ထွန်းလာသော ကမ္ဘာ၏ ရှေ့အတိတ်ကာလထက်၌ ကမ္ဘာပေါင်းမရေမတွက်နိုင်အောင် မြားမြောင်လှစွာ ရှိခဲ့ကြရမည်ဖြစ်ပေ၏။ သို့အတွက် သုမေဓာရသေ့၏ ရှေ့အတိတ်ဘဝများ သည်လည်း အစမထင်နိုင်အောင် မြားမြောင်လှကြောင်း ထင်ရှားနေပေတော့၏။

ဝမ်းမြောက်ဖွယ်ရာအချက်တစ်ရပ်မှာ ယသော်ဓရာဒေဝီသည် သုမိတ္တာ... အမရာ...ကိန္နရီ...မဒ္ဒီ...သမ္ဘုလ စသည့်မရေတွက်နိုင်သောဘဝများဖြင့် ဘုရား အလောင်းတော်နှင့်အတူ သံသရာခရီးကို ဖြတ်ကျော်ကာ ပါရမီကူဖော်ကူဖက် ဖြစ်ခဲ့သော အကြောင်းပင်တည်း။

*မေတ္တာတူညီ ရစ်သိုင်းပတ်ချည်ထားကြသော ချစ်သူများသည်*
*သံသာလေကမ်းတိုင် တူပြိုင်ကာ ကူးသန်းနိုင်ကြသည်တကား။*

## မယားချစ်လို့ ဘဝနာကြည်းခဲ့ရသူ

သီဟိုဠ်ကျွန်းပေါ်ရှိ တောရွာတစ်ခုတွင် ညီအစ်ကိုနှစ်ဦးတို့သည် ဖခင်နှင့် အတူ တစ်အိမ်တည်းနေထိုင်ကြ၏။ ထိုသို့နေထိုင်စဉ် ညီဖြစ်သူသည် အစ်ကို၏ ဇနီး (မရီး) နှင့် ဖောက်ပြန်ကျူးလွန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမသည် ခင်ပွန်းဖြစ်သူထက် မတ်ဖြစ်သူကို ပို၍ချစ်မြတ်နိုး၏။ ထို့ကြောင့် မတ်အား အစ်ကိုဖြစ်သူကို လုပ်ကြံသတ်ဖြတ်ရန် တိုက်တွန်း၏။ မတ်က အစကနဦး၌ ငြင်းဆန်သော်လည်း လွတ်လပ်စွာချစ်ကြည်ပေါင်းသင်းနိုင်ရန် သတ်ပါဟု အကြိမ်ကြိမ်တိုက်တွန်းသောအခါ သဘောတူလိုက်၏။

ထိုမိန်းမ၏ အစီအစဉ်အရ မတ်သည် ပဲခွပ်ကိုကိုင်ကာ ရေချိုးဆိပ်အနီးရှိ ခံတက်ပင်ကြီးနောက်ကွယ်၌ စောင့်နေနှင့်၏။

ခင်ပွန်းသည် တောထဲ၌ပင်ပန်းစွာအလုပ်လုပ်ပြီး အိမ်သို့ပြန်လာ၏၊ အိမ်ရှေ့ကပြင်တွင်ထိုင်၍ အပန်းဖြေနေစဉ် ဇနီးက ချစ်မြတ်နိုးလေဟန်ဖြင့် ခင်ပွန်း၏ ဆံပင်ကို ယုယုယယဖြီးသပေးနေ၏။

"အစ်ကိုခေါင်းက ညစ်ပေအားကြီးပါတယ်၊ ဟိုခံတက်ပင်ကြီးရေချိုးဆိပ်မှာ ခေါင်းသွားလျှော်လိုက်ပါလား"

ဇနီးက ချစ်ကြည်စွာပြောဆိုသဖြင့် 'ငါ့ဇနီးဟာ ငါ့ကိုသိပ်ယုယပေတယ်' ဟုအောက်မေ့လျက် ခင်ပွန်းသည် ထိုရေချိုးဆိပ်သို့သွား၏။ မြစ်ရေတွင် ဦးခေါင်းငုံ့လျက် ခေါင်းလျှော်နေစဉ် သူ့ညီသည် ခံတက်ပင်နောက်ကွယ်မှ ထွက်လာပြီး သူ့အား ပဲခွပ်နှင့်ခုတ်သတ်လိုက်လေ၏။

ဇနီးကိုတပ်မက်တွယ်တာသော တဏှာဖြင့် သေဆုံးသွားသည့်ခင်ပွန်းသည် မိမိအိမ်တွင် လင်းမြွေ (ထန်းမြွေ) ဖြစ်လာ၏၊ ထိုမြွေသည် ထိုမိန်းမအား တပ်မက်တွယ်တာနေသဖြင့် မိမိကိုယ်ကို အိမ်အမိုးမှ ထိုမိန်းမကိုယ်ပေါ်သို့ မကြာခဏ ပစ်ချလေ့ရှိ၏။ ထို့ကြောင့် ထိုမိန်းမသည် 'ဤမြွေကား ငါ့ခင်ပွန်းဟောင်း ဖြစ်တန်ရာ၏' ဟု ကြံတွေးကာ မတ်အား မြွေကိုသတ်စေ၏။

မြွေဘဝမှစုတေခိုက်၌လည်း အချစ်ကမပြယ်သေးသည့်အတွက် သေပြီးသည့်နောက် ထိုအိမ်တွင်ပင် ခွေးဖြစ်ရ၏၊ ၎င်းခွေးသည် ချစ်ခင်စုံမက်သော တဏှာစိတ်ဖြင့် ထိုမိန်းမနောက်သို့ တကောက်ကောက်လိုက်နေ၏၊ သို့အတွက် ထိုမိန်းမ အပြင်သွားတိုင်း ယောက်ျားများက "ဟေ့... ခွေးမုဆိုးကြီး ထွက်ပြီဟေ့" ဟု ပြောင်လှောင်ကြ၏။ ထို့ကြောင့် ထိုမိန်းမသည် မတ်အား ထိုခွေးကို သတ်စေပြန်၏။

ခွေးဘဝမှသေစဉ်အခါ၌လည်း အချစ်က မပြယ်နိုင်သေးသည့်အတွက် ထိုအိမ်တွင်ပင် နွားဖြစ်ရပြန်၏၊ ထိုနွားကလေးသည် ထိုမိန်းမနောက်သို့ တကောက်ကောက် လိုက်နေပြန်၏။ ထို့ကြောင့် လူတို့က "ဟေ့... နွားကျောင်းသား ထွက်ပြီ" ဟု ပြောင်လှောင်ကြပြန်၏။ သို့အတွက် ထိုမိန်းမက နွားကလေးကို သတ်ခိုင်းပြန်၏။

ဤအကြိမ်တွင် ချစ်စိတ်မပြယ်သေးသောခင်ပွန်းဟောင်းသည် ဇနီးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



၏ဝမ်းထဲ၌ ပဋိသန္ဓေတည်၍ ယောက်ျားကလေးဖြစ်လာ၏၊ ဤကလေးဘဝ၌ ယခင်လေးဘဝတိုင်တိုင် ထိုမိန်းမအသတ်ခိုင်း၍ မိမိသေဆုံးခဲ့ရပုံများကိုမြင်သိသော ဇာတိဿရဉာဏ်ကို ရလာ၏။

ထို့ကြောင့် မိမိအချစ်ကြီးချစ်ခဲ့သော ဇနီးသည်မှာ မိမိ၏အဆိုးဆုံးရန်သူဖြစ်သည်ကို သိလာရ၏။ မိမိချစ်ခင်တွယ်တာမိသမျှ သူက လှလှကြီးရက်စက်နိုင်ခဲ့လေပြီ။ တစ်ဘဝသတ်ရုံဖြင့် အားမရသေး၊ လေးဘဝပင် သတ်ခဲ့လေပြီတကား။

**မိန်းမဆိုး၏အမုန်း ဤဘဝတွင် ဤမျှဖြင့်ဆုံးပါစေတော့။**

လက်ရှိဘဝ၌ ကြောက်စရာအကောင်းဆုံးရန်သူကြီးကို မိခင်တော်စပ်နေရချေသည်တကား။

သို့အတွက် ကလေးငယ်သည် မိခင်၏အထိအတွေ့ကိုပင် မခံတော့။ မိခင်က သားအပေါ်ချစ်သည့်ဇောဖြင့် ကိုင်တွယ်လိုက်လျှင် ကလေးငယ်သည် အပြင်းအထန် ငိုလေတော့၏။

သို့ဖြစ်၍ ကလေးငယ်ကို အဘိုးက ပြုစုစောင့်ရှောက်ရလေ၏။ စကားပြောနိုင်သောအရွယ်သို့ရောက်သော် အဘိုးက မေး၏။

"ငါ့မြေး...မင်းအမေကိုင်ရင် ဘာကြောင့်ငိုတာလဲ"

"ဒီမိန်းမကြီးက ကျွန်တော့်အမေမဟုတ်ဘူး၊ ကျွန်တော့်ကို လေးကြိမ်တိုင်တိုင် သတ်ခဲ့တဲ့ ရန်သူပဲ"

"ဘယ်လိုသတ်ခဲ့တာလဲ ငါ့မြေးရဲ့"

"ကျွန်တော်ဟာ အရင်ဘဝက အဘိုးရဲ့သားကြီးပါ၊ ဒီမိန်းမဟာ ကျွန်တော့်ဇနီးပေါ့၊ ဒါပေမဲ့ ဒီမိန်းမဟာ ညီမောင်နဲ့ဖောက်ပြန်နေတယ်၊ ကျွန်တော် တောထဲကပြန်လာတော့ ကျွန်တော့်ကိုချစ်ဟန်ဆောင်ပြီး ခံတက်ပင့်ရေချိုးဆိပ်မှာ ခေါင်းသွားလျှော်ဖို့ပြောတယ်၊ အဲဒီခံတက်ပင်နောက်မှာ ညီမောင်ကို စောင့်ခိုင်းထားတာကိုး၊ ကျွန်တော်မြစ်ထဲမှာခေါင်းငုံ့ပြီး ဆံပင်တွေကိုဆေးလျှော်နေတုန်း ညီမောင်က ကျွန်တော့်ကို ပဲခွပ်နဲ့ ခုတ်သတ်တယ် အဘိုးရဲ့"

"အောင်မယ်လေး... ဖြစ်ရလေသားကြီးရယ်"

"အဲဒီက သေပြီး ဒီအိမ်မှာ ကျွန်တော်လင်းမြွေ ဖြစ်တယ်၊ ကျွန်တော်က ဇနီးကို ချစ်နေတော့ သူနဲ့ထိတွေ့ချင်လို့ သူ့ကိုယ်ပေါ်ကို ကျွန်တော်အမိုးကနေ လွှတ်ချတယ်၊ သူက ကျွန်တော်မုန်းရိပ်မိလို့ ညီမောင်ကို အသတ်ခိုင်းပြန်တယ် အဘရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဒီအိမ်မှာ ခွေးကလေးဖြစ်တဲ့အခါ, နွားကလေးဖြစ်တဲ့အခါ သူ့ကို ချစ်လို့ သူ့နောက်ကို တကောက်ကောက်လိုက်မိရာက အသတ်ခံရပြန်တယ်"

"ရက်စက်လှပါပေ့ငါ့မြေးရယ်၊ အဘိုးကြားရတာ စိတ်မချမ်းသာလိုက်တာ"

အဘိုးနှင့်မြေးတို့သည် တစ်ဦးကိုတစ်ဦး ပွေ့ဖက်၍ငိုယိုကြ၏။

"ကဲ...ငါ့မြေး၊ တို့ဒီအရပ်မှာ ဆက်နေလို့ မတော်တော့ဘူး၊ ရပ်ဝေးကိုသွားပြီး ရဟန်းပြုကြစို့"

မြေးအဘိုးနှစ်ဦးတို့သည် ရပ်ဝေးသို့သွားပြီး ကျောင်းတိုက်တစ်ခု၌ ရှင်ရဟန်းပြုကြ၏၊ ကမ္မဋ္ဌာန်းတရားကို အထူးကြိုးစားပြီး အားထုတ်ကြရာ အရဟတ္တဖိုလ်သို့ရောက်ပြီး ရဟန္တာများဖြစ်ကြလေ၏။

မေတ္တာညီမျှသော ချစ်သူများအဖို့ သံသရာခရီးသည် ပျော်စရာကောင်းသည်ဟု လောကအမြင်ဖြင့် ဆိုနိုင်ပါ၏။ မေတ္တာတစ်ဖက်စောင်းနင်းနေကြသော စုံတွဲများအဖို့ကား သံသရာခရီးသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှပါတကား။

## သံသရာဝယ် ရန်ချင်းဖလှယ်သော်

သတ္တဝါများသည် တဏှာနှောင်ဖွဲ့သည့်အတွက် သံသရာကြာတွင် နစ်မျောကြရ၏။ ရန်ငြိုးနှောင်ဖွဲ့သည့်အတွက်လည်း သံသရာတွင် နိမ့်တုံမြင့်တုံ မျောကြရ၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ညချမ်းအချိန် မြတ်စွာဘုရား တရားဟောကြားနေစဉ် မိခင်တစ်ဦးသည် သားငယ်ကိုပိုက်ထွေး၍ အူယားဖားယား ပြေးလာ၏၊ မြတ်စွာဘုရား၏ ခြေရင်း၌ သားငယ်ကိုချ၍...

"အရှင်ဘုရား...သားငယ်ကို ပေးလှူပါ၏၊ သားကို စောင့်ရှောက်တော်မူပါ ဘုရား"

"ချစ်သမီး...အဘယ်အကြောင်းကြောင့် သားကိုပေးလှူသနည်း"

"သားကိုစားဖို့ ဘီလူးမ လိုက်လာပါတယ်ဘုရား"

"ဘယ်မှာလဲ ဘီလူးမ၊ သြော်...ဇေတဝန်ကျောင်းတံခါးမုခ်ကို စောင့်ရှောက်တဲ့ သုမနနတ်သားက တားထားတာကိုး၊ ချစ်သားအာနန္ဒာ...ကျောင်းဝမှာရှိတဲ့ ကာဠီဘီလူးမကို ခေါ်လိုက်စမ်းပါ"

ဘီလူးမဝင်လာသည်ကိုမြင်ရသောအခါ မိခင်ငယ်သည် ကြောက်ရွံ့တုန်လှုပ်၍ "အရှင်ဘုရား...တပည့်တော်မရဲ့သားတွေကို စားခဲ့တာ သူပဲ"

---

၁။ အင်္ဂုတ္တရအဋ္ဌကထာ (၃–၁၈၉)။ မဟာစည်ဆရာတော် 'ဓမ္မစကြာတရားတော်ကြီး'။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သမီး...မကြောက်ပါနှင့်"

ဗုဒ္ဓမြတ်စွာသည် မိခင်ငယ်အား ဖျောင်းဖျပြီးလျှင် ဘီလူးမဘက်သို့လှည့်၍...

"ဟယ်...ဘီလူးမ၊ အဘယ့်ကြောင့်မကောင်းသောအမှုကိုသင်ပြုဘိသနည်း၊ သင်တို့နှစ်ဦးသည် ဘဝအဆက်ဆက် ရန်ချင်းတုံ့နှင်းကြသည်၊ ငါဘုရားထံမှောက်သို့ မရောက်လာသည်ရှိသော် သင်တို့နှစ်ဦးသည် ကျီးနှင့်ခင်ပုပ်တို့ကဲ့သို့ သံသရာအဆုံးတိုင် ရန်ငြိုးဖွဲ့နေကြပေလိမ့်မည်၊ လောကလူ့ရွာဝယ် ရန်ကိုရန်ချင်း တုံ့နှင်းခြင်းဖြင့် ရန်ကင်းပျောက်၍ ငြိမ်းအေးခြင်းကိုမဖြစ်စေနိုင်ပါ၊ ရန်ကိုရန်ချင်း မတုံ့နှင်းမှသာလျှင် ရန်ကင်းဝေးကာ ငြိမ်းအေးနိုင်သည်" ဟုမိန့်တော်မူပြီးလျှင် အတိတ်ဘဝဇာတ်ကြောင်းကို ဆောင်ပြလေ၏။

ရှေးအခါက သူကြွယ်သားတစ်ယောက်သည် ဖခင်တိမ်းပါးသွားသဖြင့် မိခင်အား လုပ်ကျွေးလျက်နေ၏။ မိခင်က အလုပ်ပင်ပန်းလွန်းရှာသော သားကိုကြည့်၍ ကရုဏာသက်သဖြင့် သားအား အိမ်ထောင်ပြုရန်တိုက်တွန်း၏၊ သားက ငြင်းဆန်၏။ အကြိမ်ကြိမ်တိုက်တွန်းသောအခါ သားက သဘောတူသဖြင့် မိခင်က အမျိုးသမီးတစ်ဦးကို ဆောင်ယူပေး၏။

သို့ရာတွင် ထိုအမျိုးသမီးသည် မြုံနေသည့်အတွက် သားသမီးမထွန်းကားချေ။ သို့အတွက် မိခင်က သားအား နောက်ထပ်အမျိုးသမီးတစ်ဦးကိုယူရန် တိုက်တွန်းပြန်၏၊ သားက မသင့်လျော်ပါဟု အကြောင်းပြ၍ ငြင်းဆို၏။

ဤသို့ပြောဆိုနေကြသောစကားကို သား၏ဇနီးကြားသဖြင့် "သားတို့မည်သည် မိခင်၏စကားကို လွန်နိုင်ခဲ၏။ ငါသည်လည်း မျိုးဆက်ကိုထိန်းသိမ်းရန် သားသမီးမပေးဆောင်နိုင်ခဲ့၊ နောက်ထပ်မိန်းမတစ်ဦးနှင့် သားကိုလက်ဆက်ပေးလိုက်လျှင် ငါသည် ကျွန်မဘဝသို့ ရောက်သွားလိမ့်မည်။ ငါကိုယ်တိုင်ပင်လျှင် စိတ်ကြိုက်မိန်းမတစ်ဦးကို ရှာဖွေပေးမှ တော်မည်"ဟု စဉ်းစား၏။ ထို့ကြောင့် မိမိ၏သြဇာလွှမ်းမိုးနိုင်မည့် မိန်းမငယ်တစ်ဦးကို ခေါ်ဆောင်လာပြီး ခင်ပွန်းအား အပ်နှင်း၏။

ထိုအခါ အမြုံမိန်းမသည် "ဒီမိန်းမငယ်ဟာ သားသမီးရလာတဲ့အခါ ဥစ္စာအရှင်သခင်ဖြစ်လာလိမ့်မယ်၊ ဒီတော့ သင်း ကလေးမရအောင် ငါလုပ်မှပဲ"ဟု အကြံဖြစ်ပြန်၏။ ထို့ကြောင့် မိန်းမငယ်အား...

"ငါ့ညီမ ကိုယ်ဝန်ရှိလာရင် ပြောနော်၊ အစ်မ ကူညီစောင့်ရှောက်ပေးမယ်"

မိန်းမငယ်၌ ကိုယ်ဝန်တည်လာသောအခါ မိန်းမငယ်သည် အမြုံမိန်းမအား ပြောပြ၏။ ထိုအခါ အမြုံမိန်းမသည် ကိုယ်ဝန်ကျဆေးကို အစာနှင့်ရော၍ မိန်းမငယ်အား ကျွေး၏၊ ကိုယ်ဝန်ပျက်ကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ကိုယ်ဝန်ဆောင်လာပြန်သောအခါ အလားတူပင် မိန်းမငယ်သည် အမြှုမိန်းမကိုပြောကြား၏။ အမြှုမိန်းမကလည်း အစာတွင် ဆေးရောရှဲ ကျွေးပြီး ကိုယ်ဝန်ကို ဖျက်ချလိုက်ပြန်၏။

အိမ်နီးချင်းမိန်းမများက "သင့်မှာ ရန်သူရှိသလား"ဟု မိန်းမငယ်ကိုမေးကြ၏။ မိန်းမငယ်က အကြောင်းစုံကိုရှင်းပြသောအခါ "ဟဲ့...အမိုက်မ၊ ဘာကြောင့် အမြှုမကို ပြောပြရသလဲ၊ အမြှုမက မင်းစည်းစိမ်ရှင်ဖြစ်မှာကို မနာလိုလို့ ကိုယ်ဝန်ဖျက်ချတာအေ့၊ နောက်ကိုယ်ဝန်ရရင် မပြောနဲ့တော့"ဟု အကြံပေးကြ၏။

မိန်းမငယ်၌ တတိယအကြိမ်ကိုယ်ဝန်တည်လာပြန်၏၊ ဤအကြိမ်တွင် မိန်းမငယ်သည် မယားကြီးအား မပြောကြားတော့ချေ။ ကိုယ်ဝန်ထင်ရှားလာသောအခါ မိန်းမကြီးက အခွင့်ကောင်းကိုစောင့်ဆိုင်း၍ အစာတွင် ကိုယ်ဝန်ကျဆေး ထည့်လိုက်၏။

ကိုယ်ဝန်အတော်ရင့်လာပြီဖြစ်၍ ကိုယ်ဝန်ပျက်မကျနိုင်သဖြင့် အမျိုးသမီး သေဆုံးရလေ၏။ မသေမီအချိန်ကလေး၌ ရက်စက်လှသောမိန်းမကြီးအား အလွန် စိတ်နာကြည်းသည်ဖြစ်၍ "ငါအခုသေရင် ဘီလူးမဖြစ်ပြီး သင်းရဲ့သားသမီးများ ကိုစားရပါလို၏"ဟု ဆုတောင်းသွားလေ၏။

ထိုမိန်းမငယ်သည် ကွယ်လွန်သောအခါ ထိုအိမ်၌ ကြောင်ဖြစ်၏။

သူကြွယ်သားသည် ကိုယ်ဝန်အရင့်အမာနှင့် ဇနီးသည်သေဆုံးရသောအကြောင်းရင်းကို စုံစမ်းသောအခါ ဇနီးကြီး၏ လက်ချက်ဖြစ်ကြောင်း သိရသဖြင့် "ဟဲ့...အမြှုမ၊ မင်းဟာ ငါ့ရင်သွေးတွေကို အကြိမ်ကြိမ်သတ်ခဲ့တယ်၊ ငါ့အမျိုး ကို ဖျက်ဆီးတယ်"ဟု ကြိမ်းမောင်းပြီး ထုထောင်းရိုက်ပုတ်လေ၏။ ထိုဒဏ်ရာ ဖြင့် ထိုမိန်းမသေဆုံးကာ ထိုအိမ်၌ ကြက်မ ဖြစ်ရ၏။

ကြက်မ ဥ,ဥတိုင်း ကြောင်မ လာယူစား၏၊ သုံးကြိမ်စားပြီးသောအခါ "ဒီ ကြောင်မသည် ငါ့ကိုပါစားဖို့ အလိုရှိနေ၏၊ ငါဒီဘဝမှသေရင် ကြောင်မကို သားသမီးနှင့်တကွ စားနိုင်သည့်ကိုယ် ဖြစ်ရပါလို၏"ဟု ကြက်မဆုတောင်း၏။

ကြက်မနှင့်ကြောင်မတို့ သေဆုံးကြသောအခါ ကြက်မသည် သစ်မ ဖြစ်၍ ကြောင်မသည် သမင်မဖြစ်လာ၏။ သမင်မ သားဖွားသောအခါ သစ်မသည်သမင် မ၏သားကို လာစား၏၊ သုံးကြိမ်စားပြီးသည့်အခါ "ဒီသစ်မသည် ငါ့ကိုစားလိမ့် မည်၊ ငါသေသွားရင် ထိုသစ်မကို သားသမီးနှင့်တကွ စားရပါလို၏"ဟု သမင်မ က ဆုတောင်း၏။

သမင်မသေဆုံးသောအခါ **ကာဠီဘီလူးမ**ဖြစ်လာ၏၊ သူကြွယ်၏ ဇနီးငယ်

www.burmeseclassic.com

www.burmeseclassic.com



ဘဝက ဆန္ဒပြုခဲ့သောဆုတောင်းလည်း ပြည့်လာချေပြီ။ သစ်မသေသောအခါ သာဝတ္ထိပြည်၌ အမျိုးသမီးဖြစ်လာ၏။

ထိုအမျိုးသမီး အရွယ်ရောက်သော် မြို့တံခါးအနီးရှိရွာတစ်ရွာမှ အမျိုးသား တစ်ဦးနှင့် အိမ်ထောင်ကျပြီး အမျိုးသား၏အိမ်၌ နေထိုင်ရ၏။ မီးဖွားသောအခါ ဘီလူးမသည် အမျိုးသမီး၏ မိတ်ဆွေမ ယောင်ဆောင်လျက် အခန်းတွင်းသို့ ဝင်လာ၏၊ ကလေးငယ်ကို တိတ်တဆိတ်ယူစားပြီးနောက် ထွက်ခွာသွား၏။

ဒုတိယအကြိမ် မီးဖွားသောအခါ၌လည်း ဘီလူးမသည် ဤနည်းနှင်နှင် ရောက်လာပြီး ကလေးငယ်ကို ယူစားလိုက်ပြန်၏။

တတိယအကြိမ် ကိုယ်ဝန်ရင့်မာလာသောအခါ အမျိုးသမီးသည် ခင်ပွန်း ထံ ခွင့်တောင်း၍ သာဝတ္ထိပြည်တွင်းရှိ မိခင်၏နေအိမ်သို့ သွား၏။ သားဖွားပြီး နောက် ကလေးငယ်ကို ကင်ပွန်းတပ်ပြီးသော် ဇနီးမောင်နှံတို့သည် အိမ်သို့ ပြန် လာကြ၏။

ဇေတဝန်ကျောင်းတိုက်အနီးရှိ ရေကန်သို့ရောက်သောအခါ အမျိုးသမီး သည် ခင်ပွန်းအား သားကိုပေး၍ ရေချိုး၏၊ ထို့နောက် သားကိုယူ၍ ခင်ပွန်းအား ရေဆင်းချိုးစေ၏။

ထိုအခါ၌ ကာဠီဘီလူးမသည် ဝေဿဝဏ်နတ်မင်းအား အနောဒတ္တရေအိုင် မှ ရေခပ်၍ပို့ဆောင်ရသောတာဝန်ကို ထမ်းဆောင်ပြီးခဲ့သည်ဖြစ်၍ အမျိုးသမီး အိမ်သို့ အလျင်အမြန်သွား၏၊ အမျိုးသမီးကို မတွေ့သော် သာဝတ္ထိပြည်သို့ လိုက် လာ၏၊ ခင်ပွန်းရေဆင်းချိုးသောအခိုက်၌ ဘီလူးမသည် ရေကန်ဘက်သို့ ဦးတည် လာနေ၏။

အမျိုးသမီးသည် ကလေးငယ်ကို နို့တိုက်နေစဉ် ဘီလူးမ လာနေသည်ကို မြင်သဖြင့် ထိတ်လန့်တကြားဖြစ်ကာ"အရှင်...အရှင်...ကလေးငယ်ကိုမြန်မြန် လာယူပါ၊ ဟိုမှာဘီလူးမလာနေပြီ၊ သားတွေကို စားပစ်တဲ့ဘီလူးမ လာနေပြီ"ဟု ဟစ်အော်၏။

ဘီလူးမသည် လျင်မြန်စွာချဉ်းကပ်လာနေပေပြီ။ ထို့ကြောင့် မိခင်သည် ခင်ပွန်းအလာကို မစောင့်ဆိုင်းနိုင်တော့ဘဲ ဇေတဝန်ကျောင်းတွင်းသို့ ဝင်ပြေးလေ ၏။ ကျောင်းတံခါးမုခ်ကို စောင့်ရှောက်သော သုမနနတ်သားက ဘီလူးမအား ဝင် ခွင့်မပြုသဖြင့် မိခင်မှာ ဘီလူးမ၏ လက်မှ သီသီကလေး လွတ်မြောက်သွားလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာတုံ့နှင်း ရိုင်းပင်းခြင်းကား

ဘုရားထံမှောက်သို့ ရောက်ကြသောအခါ ရန်ငြိုးများ ငြိမ်းအေးကုန်သဖြင့် ဘေးအန္တရာယ်သည်လည်း ကင်းရှင်းသွားလေပြီ။ ဗုဒ္ဓမြတ်စွာသည် 'နဟိ မေရေန ဝေရာနိ' အစရှိသော တရားဒေသနာတော်ကို ဟောကြားရာ ဒေသနာအဆုံး၌ ကာဠီဘီလူးမသည် သောတာပန်အဖြစ်၌ တည်လေ၏။

ဗုဒ္ဓမြတ်စွာသည် ကလေးမိခင်အား သားငယ်ကိုဘီလူးမလက်သို့ ကမ်းပေးရန် ပြောကြားလိုက်၏။ မိခင်က ကြောက်ရွံ့စိုးရိမ်နေသဖြင့် မစိုးရိမ်ရန် ဘုရားရှင်က ထပ်မံမြွက်ကြားလိုက်၏။

ဘီလူးမသည် ကလေးငယ်ကို ချီးပိုးပြီး နမ်းရှုပ်၏၊ ထို့နောက် ကလေးငယ်ကို ကလေးမိခင်ထံသို့ ပြန်ကမ်းပေးပြီး ငိုလေ၏။

"ဘီလူးမ...သင်အဘယ်ကြောင့် ငိုသနည်း"ဟု ဗုဒ္ဓက မေး၏။

"အရှင်ဘုရား...တပည့်တော်မသည် ရှေးအခါက သတ္တဝါများကို ဖမ်းဆီးစားသောက်ပါသော်လည်း ဝမ်းဝရုံသာရှိပါ၏၊ ယခုမူ မည်ကဲ့သို့အသက်ရှင် နေနိုင်တော့ပါမည်လဲဘုရား"

"ဘီလူးမ...သင် မစိုးရိမ်လင့်"

ဗုဒ္ဓသည် ကလေးမိခင်အား ဘီလူးမကို အိမ်သို့ခေါ်သွားရန်နှင့် စားဦး စားဖျား ထမင်းဟင်းတို့ဖြင့် ကျွေးမွေးရန် မှာကြားလိုက်သည်။

ဘုရားရှင် မှာကြားသည့်အတိုင်း ကလေးမိခင်သည် ဘီလူးမအား အိမ်သို့ခေါ်သွားပြီး ကျွေးမွေးလေ၏။ ဘီလူးမကလည်း ကျေးဇူးတုံ့ပြန်လို၍ 'အဆွေမ...ဒီနှစ် မိုးမကောင်းဘူး၊ အနိမ့်ပိုင်းမှာ စပါးစိုက်ပါ'၊ 'အဆွေမ...ဒီနှစ်မိုးများမယ်၊ ကုန်းမြင့်မှာ စပါးစိုက်ပါ' စသည်ဖြင့်ပြောကြားပေးရာ ကလေးမိသားစုသည် စီးပွားဖြစ်ထွန်းလာလေ၏။

*သံသရာတွင် ခရီးနှင်နေကြသောခရီးသည်များသည် မေတ္တာမှန်ဖြင့် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းသွားကြမည်ဆိုလျှင် နှစ်ဦးနှစ်ဝအကျိုးရှိကာ ငြိမ်းချမ်းသာယာစွာ နေထိုင်သွားနိုင်ကြမည် ဖြစ်သတည်း။*

## နှစ်ဆယ်ရာစုနှစ် အထောက်အထားတစ်ခု

၁၂၈၀ ပြည့်နှစ်ခန့်က မြန်မာနိုင်ငံတွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ရပ်မှာ အလွန်မှတ်သားဖွယ်ကောင်းပေ၏၊ မဟာစည်ဆရာတော်ဘုရားက ဤအကြောင်းကို သူ၏ 'ဓမ္မစကြာတရားတော်ကြီး' စာအုပ်တွင် ဖော်ပြထား၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်ဝေးသောအရပ်၌ အိမ်ခြေ ၄၀၀ ကျော်ခန့်ရှိသည့် ချောင်းရိုးရွာတည်ရှိ၏။ ထိုရွာ၌ **မောင်ညို**နှင့် **မောင်ဘဆိုင်**ဆိုသူ သူငယ်ချင်းနှစ်ဦးတို့သည် ကွမ်းထမ်းရောင်းပြီး အသက်မွေးမြူကြ၏။

တစ်နေ့တွင် ကွမ်းရောင်းရာမှ ပြန်လာကြသောအခါ ဘဆိုင်သည် အိမ်တွင် ဆန်ကုန်နေသဖြင့် မောင်ညိုထံမှဆန်တစ်စလယ် ချေးငှားယူပြီး ချက်စားရ၏။

နောက်နေ့တွင် ကွမ်းထမ်းရောင်းပြီး ညဦးအခါ လရောင်ဖြင့် ပြန်လာကြရာ လမ်းမှာ ပိုးထိသဖြင့် ဘဆိုင်ကွယ်လွန်လေ၏။ သေခါနီးအချိန်၌ မောင်ညိုထံမှ ဆန်တစ်စလယ်ချေးယူထားသည်ကို သတိရသဖြင့် သေလွန်ပြီးသောအခါ မောင်ညို့အိမ်တွင် ကြက်ဖဖြစ်၏။

ထိုကြက်ဖသည် တိုက်ကြက်ဖြစ်၏။ မောင်ညိုသည် အခြားကြက်ပိုင်ရှင်များနှင့် ကြက်တိုက်ပွဲလုပ်ရာ သုံးပွဲနိုင်၏၊ လေးကြိမ်မြောက်ပွဲတွင် ယှဉ်ဖက်ကြက်က အသက်ရင့်ပြီး အင်အားပိုကြီးမားသည့်အတွက် မောင်ညို၏ကြက် ရှုံးနိမ့်သွားရ၏။

မောင်ညိုက 'ရှုံးရမလား' ဟုစိတ်ဆိုးပြီး သူ့ကြက်ဖကို ခြေနှစ်ချောင်းစုကိုင်၍ မြေကြီးနှင့်ရိုက်လိုက်၏၊ မသေမရှင်ဖြစ်နေသောကြက်ကို အိမ်သို့ယူလာပြီးသော် ရေအိုးစင်နား၌ပစ်ချထားလိုက်၏၊ ထိုအခါ အနီးတွင်ရှိသော မောင်ညို၏ နွားမကြီးက ၎င်းကြက်ဖကို လာနမ်း၏။

ကြက်ဖသေသောအခါ နွားမကြီး၏ဝမ်းထဲ၌ ပဋိသန္ဓေနေပြီး လပြည့်သည့် နွားမကလေးအဖြစ် မွေးဖွားလာ၏၊ အတော်အတန်ကြီးထွားလာသောအခါ မောင်ညိုနှင့် မိတ်ဆွေများက နွားမတမ်းကလေးကို တန်ဖိုးလေးကျပ်ထားပြီး သတ်စားကြ၏။ နွားကလေးကို သတ်နေခိုက်တွင် တောင်တွင်းကြီးမှ စာရေးကြီးနှင့် စာရေးကတော်တို့သည် ထိုနေရာသို့ ရောက်လာကြ၏။

စာရေးကတော်က နွားမကလေးအား အလွန်သနားမိသဖြင့် 'ငါ့နွားသာဆိုရင် မသတ်ရက်ပါဘူးတော်' ဟု ပြောဆိုလိုက်၏။ နွားမတမ်းကလေးသည် အသည်းနှလုံးခိုက်အောင် နာကြည်းသည့်ဝေဒနာဖြင့် မသေမရှင်ဖြစ်နေခိုက်တွင် စာရေးကတော်အား လှမ်းမျှော်ကြည့်မိ၏၊ အားကိုးမိ၏။ သေလွန်သောအခါ စာရေးကြီးကတော်၏ ဝမ်း၌ ပဋိသန္ဓေနေရ၏။

မွေးဖွားလာသည့်အခါ ယောကျာ်းကလေးဖြစ်သဖြင့် စာရေးကြီးက အလွန်ဝမ်းသာ၏၊ သို့သော် အသက်ငါးနှစ်တိုင်အောင် ကလေးငယ်က စကားမပြောချေ။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်က "ငါ့သား၊ ကနေ့လခထုတ်ရင် ငါ့သားအတွက် အင်္ကျီလှလှရယ်၊ ဘောင်းဘီတိုလှလှရယ် ဝယ်လာပေးမယ်၊ ငါ့သားစကားပြောပါနော်"ဟု မှာကြားထား၏။ ညနေချမ်း အိမ်ပြန်လာသောအခါ အဝတ်အစားများကို သားငယ်အား ပေး၏။

"ကဲ...စကားပြောစမ်း"ဟု ဖခင်က အားပေးတိုက်တွန်း၏။

"ငညို ဆန်တစ်စလယ်"ဟု ကလေးငယ်က ပထမဆုံးစကားတစ်ခွန်းကို စပြောလိုက်၏။

"ဘယ်လို ဆန်တစ်စလယ်လဲ သားရဲ့၊ သူများကို ပေးဆပ်ရမှာလား၊ အို ကွာ... ကြွေးဆပ်ရမယ်ဆိုရင် ဆန်တစ်စလယ်မကဘူး၊ ဆန်တစ်အိတ်ဆိုလဲ ဖေဖေဆပ်ပါ့မယ်၊ ပြောစမ်းကွာ"

"ငညို့ကို ဆန်တစ်စလယ်ဆပ်ရမယ်၊ ဆန်အိတ်ကို လှည်းပေါ်တင်ပါ၊ အခု အကြွေးသွားဆပ်ရအောင်"

ဖခင်စာရေးကြီးက သားလေးစကားပြောလာသဖြင့် အလွန်ဝမ်းမြောက်မိ၏၊ လှည်းကို အမြန်ပြင်ခိုင်းပြီး ဆန်အိတ်ကို တင်စေ၏။

"ကဲ့...ငါ့သား၊ လှည်းကို ဘယ်မောင်းရမလဲ"

"မြောက်ဘက် ချောင်းရိုးရွာကို မောင်းပါ"

ကလေးညွှန်ပြသည့်လမ်းအတိုင်း လှည်းကိုမောင်းဝင်လာရာ ချောင်းရိုးရွာသို့ ရောက်လာ၏။

"ဒီရွာပဲ၊ ဒီလမ်းက ဝင်ပါ၊ ဒီဘက်မောင်းပါ"ဟု ကလေးပြောသည့်အတိုင်း ဆက်မောင်းလာရာ မောင်ညိုအိမ်သို့ ရောက်လာ၏။

မောင်ညိုသည် အသက်တော်တော်ထောက်လာသဖြင့် ဦးညိုဖြစ်နေပေပြီ၊ ဦးညိုသည် အိမ်တွင် အပန်းဖြေနေခိုက် လူကြီးနှစ်ယောက်တို့က ဆန်အိတ်ကို ဆွဲလျက် ကလေးငယ်တစ်ယောက်နှင့်အတူ အိမ်ပေါ်သို့တက်လာကြသည်ကို မြင်ရသဖြင့် အံ့အားသင့်နေ၏။

လှေကားဦးသို့ရောက်သည်နှင့် ကလေးငယ်က "ဟေ့...ညို၊ ငါ့ကို မှတ်မိသေးရဲ့လားကွ"ဟု ပြောလိုက်သဖြင့် ထိုကလေး၏ အဖေအရွယ်လောက်ရှိနေသော ဦးညိုသည် ရုတ်တရက်စိတ်ဆိုးလိုက်မိ၏။

"ဦးညိုရေ...စိတ်မဆိုးပါနဲ့ဗျာ၊ ဒါ ကျွန်တော့်သားလေးပါ၊ ဒီသားမှာ ထူးခြားတဲ့အကြောင်း ရှိနေပါတယ်"ဟု စာရေးကြီးက တောင်းပန်၏။

အိမ်ပေါ်သို့ရောက်သောအခါ ကလေးက "ဟေ့ညို၊ မင်းငါ့ကို မမှတ်မိတော့ဘူးပေါ့လေ၊ ငါက ဘဆိုင်လေကွာ၊ မင်းဆီက ဆန်တစ်စလယ်ချေးခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆန်ကို ပြန်မဆပ်ခင် ငါပိုးထိလို့ သေခဲ့တယ်၊ မင့်အိမ်မှာ ကြက်ဖဖြစ်ရတယ်၊ မင်းက ကြက်တိုက်ပွဲလုပ်တော့ ငါက သုံးကြိမ်တိုင်တိုင်အနိုင်ရအောင် ခွပ်ပေးခဲ့တယ်၊ လေးကြိမ်မြောက်ပွဲကျတော့ ဟိုကြက်က ငါ့ထက်ကြီးလို့ ငါမတတ်နိုင်တော့ဘူး၊ ငါ ရှုံးခဲ့ရတယ်၊ မင်းက စိတ်ဆိုးပြီး ငါ့ကိုရိုက်သတ်တယ်။

"မသေမရှင်နဲ့ ရေအိုးစင်နားမှာ ပစ်ချထားတုန်း မင်းနွားမကြီးက ငါ့ကို လာနမ်းတယ်၊ အဲဒီနွားမဝမ်းထဲမှာ ငါပဋိသန္ဓေနေပြီး နွားမကလေးဖြစ်ရတယ်၊ နွားမတမ်းအရွယ်ရောက်တော့ မင်းနဲ့မင်းသူငယ်ချင်းတွေက ငါ့ကိုသတ်စားကြတယ်၊ အဲဒီအခိုက်မှာ ဟောဒီစာရေးကြီးအဖေနဲ့ အမေတို့ရောက်လာကြပြီး ငါ့ကို သနားကြင်နာတဲ့စကားတွေ ပြောသွားကြတယ်၊ ဒါကြောင့် ငါသူတို့ဆီမှာ သားဖြစ်ရတယ်၊ အခုဆန်တစ်စလယ်ကြွေးဆပ်ဖို့ လာတာပါကွာ"

ဦးညိုမှာ နားထောင်ရင်း ရှေးဟောင်းနှောင်းဖြစ်များ၊ မိမိ၏ ရက်စက်မှုများ၊ ကံ၏ဆန်းကြယ်ပုံများကို တရေးရေးတွေးမိပြီး ငိုကြွေးလေတော့၏။

စာရေးကြီးသည်လည်း မိမိ၏သား စကားမပြောသည့်အကြောင်းရင်းကို သိလာရပြီး ဆန်တစ်စလယ်အကြွေးမျှဖြင့် ဘဝဆိုးကို နှစ်ကြိမ်ရောက်ခဲ့ရရှာသော သားငယ်၏အဖြစ်ကိုတွေးကာ မျက်ရည်စို့လာလေ၏။

ယခုကား ဂြိုဟ်မွှေသည့်အကြွေးကို ဆပ်လိုက်ရလေပြီ။ သားကလေးသည် ဘဝကောင်းသို့ရောက်လာပြီဖြစ်၍ ဝမ်းသာရပါပြီ။

တဏှာမကင်းလေသမျှ ဘဝအတန်တန်ဖြစ်ရဦးမည်ကိုကား မမေ့လျော့သင့်ကြချေ။

## အင်္ဂလန်မှ လေးဘဝကိုမြင်သိသူ

အမေရိကန်ပြည်ထောင်စု၌ ဘရိုက်ဒီမာဖီ၏ဇာတ်လမ်း ကျော်ကြားပြီးသည့်နောက် မကြာမီပင် အင်္ဂလန်၌ **မစ္စက်နေအိုမီဟင်နရီ၁** ၏ဇာတ်လမ်း ပေါ်ပေါက်လာ၏။

မစ္စက်နေအိုမီဟင်နရီသည် လန်ဒန်မြို့ **ဒေဗွန်**[၂] အရပ်၌နေထိုင်သောကလေးလေးယောက်တို့၏ မိခင် အသက် ၃၂ နှစ်အရွယ်ရှိ အိမ်ရှင်မတစ်ဦးဖြစ်၏၊ ဆေးလိပ် စွဲလမ်းနေခြင်းကို စိတ်ညှို့နည်းဖြင့်ဖြတ်တောက်ရန် ကြေးစားစိတ်ညှို့ဆရာ **ဟင်နရီဘလိုက်**[၃] ထံတွင် အကူအညီခံယူ၏။

မစ္စက်နေအိုမီဟင်နရီကား ထူးထူးခြားခြား လွယ်လွယ်ကူကူ စိတ်ညှို့၍ ရသည်ကို ဟင်နရီဘလိုက်တွေ့ရှိရ၏။ သို့အတွက် မစ္စက်နေအိုမီဟင်နရီအား အသိ

---

၁။ Mrs. Naomi Henry   ၂။ Devon   ၃။ Mr. Henry Blythe

www.burmeseclassic.com

www.burmeseclassic.com



မပေးဘဲ အသိသက်သေများစွာတို့၏ရှေ့မှောက်တွင် အတိတ်ဘဝများ မြင်သိအောင် စိတ်ညှို့ပေးလိုက်၏။

ဆေးပညာရှင် **ဒေါက်တာဝီလျံမိနီဖီ** [၁] က မစ္စက်နော်မီဟင်နရီအား စိတ်ညှို့သည့်အခမ်းအနားကို ကြီးကြပ်ပေး၏၊ ဤအခမ်းအနားများကို အကြိမ်ကြိမ်ပြုလုပ်၏၊ အိပ်မွေ့ကျနေစဉ် မစ္စက်နော်မီဟင်နရီ၏ပြောစကားများကို အသံဖမ်းစက်ဖြင့် ဖမ်းယူထားကြ၏။

မစ္စက်နော်မီဟင်နရီ ဘာတွေပြောခဲ့သနည်း။

သူမသည် ၁၇၉၀ ပြည့်နှစ်၌ **ကော့** [၂] အရပ်တွင် **မေရီကိုဟန်** [၃] အမည်ဖြင့်နေထိုင်ခဲ့သည်ဆို၏၊ အသက် ၁၇ နှစ်အရွယ်တွင် သူမ၏ဆန္ဒကိုဆန့်ကျင်လျက် မိဘတို့က **ချားလ်စ်ဂေါ** [၄] ဆိုသူနှင့် လက်ထပ်ပေးလိုက်၏၊ ကလေးနှစ်ယောက်မွေးဖွား၏၊ **ပက်** [၅] နှင့် **ဝီလ်** [၆] ဟု အမည်တွင်ကြ၏။

မေရီကိုဟန်၏ခင်ပွန်းသည် သူမအပေါ်တွင် အလွန်ရက်စက်၏၊ တရားနည်းလမ်းမကျဘဲ သူမအား ရိုက်ပုတ်ညှဉ်းဆဲ၏၊ နောက်ဆုံး၌ သူမအား ခြေကျိုးသည်အထိ ရိုက်နှက်သည့်ဒဏ်ချက်ကြောင့် သူမကွယ်လွန်ခဲ့ရ၏။

ဤသို့နာကြည်းရင်နင့်စဖွယ်ကောင်းသော ဘဝအကြောင်းကို မစ္စက်နော်မီဟင်နရီပြောဆိုနေသည့်အခါ၌ သူမသည် အလွန်ဆင်းရဲပြီး အလွန်နာကြည်းသည့် ဝေဒနာကို ခံစားနေရသည်မှာ ပေါ်လွင်ထင်ရှားနေ၏၊ အတိတ်ကခံစားခဲ့ရသည့်စိတ်အတိုင်း ပြန်လည်ဖြစ်ပေါ်လာခြင်း ဖြစ်၏။

နောက်ဘဝတွင် မစ္စက်နော်မီဟင်နရီသည် စာမတတ်သော အိုက်ရစ်မိန်းကလေးဖြစ်ရ၏၊ သူမ၏လက်ထပ်ပွဲကို **ဂရင်းနား** [၇] ရွာအတွင်း၌ရှိသော စိန့်ဂျွန်းဘုရားရှိခိုးကျောင်းတွင် ပြုလုပ်၏။ ဤဘဝနှင့်ပတ်သက်သော အခြားအချက်အလက်များစွာကို မစ္စက်နော်မီဟင်နရီထုတ်ဖော်ပြောဆိုခဲ့ရာ ဤအချက်များကို သုတေသီတို့က အလွယ်တကူပင် မှန်ကန်ကြောင်းစုံစမ်းနိုင်ခဲ့ကြ၏။

သို့ရာတွင် 'ဂရင်းနား' ဟူသောရွာကို သုတေသီတို့ ရှာဖွေ၍မတွေ့ရှိကြချေ။ နောက်ဆုံးတွင် စီရင်စုနယ်မြေတာဝန်ခံ ဘုန်းတော်ကြီးတစ်ပါးထံမှ ၁၇ ရာစုအထိ ရေးကျသောမှတ်တမ်းအချို့ကို ရရှိခဲ့ကြ၏။ ထိုမှတ်တမ်းတို့၌ 'ဂရင်းနား' အမည်ရှိသော စိန့်ဂျွန်းဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိကြောင်းကို သုတေသီတို့ မြင်တွေ့ကြ၏။

---

၁။ Dr. William C.Minifie
၂။ Kork
၃။ Mary Cohan
၄။ Charles Gaul
၅။ Pat
၆။ Will
၇။ Grenner

www.burmeseclassic.com

www.burmeseclassic.com



မစ္စက်နော်မီဟင်နရီ၏ နောက်ဘဝတစ်ခု၌ သူမသည် ၁၉၀၂ ခုနှစ်လောက်က **ဒေါင်းဟမ်** [၁] အရပ်တွင် ကလေး ၂၄ ယောက်ကို ထိန်းသိမ်းရသော သူနာပြုဆရာမဖြစ်ခဲ့၏။

ဤဘဝအကြောင်းကို သူမမှတ်မိသမျှ ထုတ်ဖော်ပြောဆိုရာတွင် နောက်ဆုံးနာမကျန်းဖြစ်ပုံ, သေဆုံးပုံနှင့် အသုဘချပုံတို့ကိုပါ ထည့်သွင်းပြောဆို၏၊ ဤဘဝ၏ အသုဘအခမ်းအနားကိုသာမက အလောင်းမြှုပ်နှံသည့် ဂူအမှတ် ၂၀၇ ကိုပါ သူမ မြင်သိရသည်ဟုဆိုသဖြင့် အလွန်ထူးခြားနေပေ၏၊ ဤထွက်ဆိုချက်များအားလုံး မှန်ကန်သည်ကို သုတေသီတို့စုံစမ်းသိရှိကြ၏။

သို့အတွက် လက်ရှိဘဝကိုပါ ထည့်သွင်းရေတွက်သော် ဘဝလေးခုတို့၏ အကြောင်းကို မစ္စက်နော်မီဟင်နရီ သိမြင်ခဲ့၏။ သူမကို အိပ်မွေ့ဖြေလိုက်သည့်အခါ မည်သည့်အကြောင်းအရာများကို သူမထုတ်ဖော်ပြောခဲ့ကြောင်း သူမလုံးဝ မသိပါ။ အသံဖမ်းထားသောတိပ်ခွေကို ဖွင့်ပြသောအခါမှ လက်တွေ့စမ်းသပ်ချက်များ၏ ရည်ရွယ်ချက်ကို သူမနားလည်တော့၏။

မစ္စက်နော်မီဟင်နရီ၏ အတိတ်ဘဝအကြောင်းကို သုတေသီများသည် ထိန်းကွပ်ထားသောအခြေအနေ၌ အထူးစေ့စပ်သေချာစွာ လေ့လာကြ၏၊ ထို့ကြောင့် ဤသုတေသန၏ တွေ့ရှိချက်များအပေါ်တွင် ယုံမှားသံသယမရှိသင့်ပေ။

## အဘယ်ကြောင့် ဘဝအကြိမ်ကြိမ်ဖြစ်ရသနည်း

သိဒ္ဓတ္ထမင်းသားသည် သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော နိမိတ်လေးပါးကို မြင်တွေ့ပြီးနောက် မအို, မနာ, မသေသည့်တရားကိုရှာရန်အတွက် တောထွက်ခဲ့၏။

ဘုရားအဖြစ်သို့ ရောက်တော်မူသောညဥ့်၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ဟူသည့် အကြောင်းအကျိုးဆက်နွယ်၍ ဘဝသံသရာဝက်ကြီးလည်ပတ်ပုံကို ပြတ်ပြတ်သားသား မြင်သိတော်မူ၏။

**အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊**

မသိမှု အဝိဇ္ဇာကြောင့် အားထုတ်မှုသင်္ခါရတို့ ဖြစ်ပေါ်ကြ၏။

**သင်္ခါရ ပစ္စယာ ဝိညာဏံ၊**

အားထုတ်မှုသင်္ခါရကြောင့် ပဋိသန္ဓေစိတ်ဟူသည့် ဘဝသစ်ဝိညာဉ်ဖြစ်ပေါ်လာ၏။

---

၁။ Downham

www.burmeseclassic.com

www.burmeseclassic.com



**ဝိညာဏ ပစ္စယာ နာမရူပံ၊**

ဘဝသစ်ဝိညာဉ်ကြောင့် နာမ်ရုပ်တို့ဖြစ်လာကြ၏။

**နာမရူပ ပစ္စယာ သဠာယတနံ၊**

နာမ်ရုပ်ကြောင့် မျက်စိ, နား, နှာ, လျှာ, ကိုယ်, ဘဝင်စိတ်ဟူသည့် အာယတနများ ဖြစ်ပေါ်လာကြ၏။

**သဠာယတန ပစ္စယာ ဖဿော၊**

အာယတနကြောင့် အာရုံနှင့်ဆုံတွေ့မှု ဖြစ်ပေါ်လာ၏။

**ဖဿ ပစ္စယာ ဝေဒနာ၊**

အာရုံနှင့်ဆုံတွေ့မှုကြောင့် အကောင်းအဆိုးကိုခံစားမှု ဖြစ်ပေါ်လာ၏။

**ဝေဒနာ ပစ္စယာ တဏှာ၊**

ခံစားမှုဝေဒနာကြောင့် တပ်မက်ဆာလောင်မှုတဏှာဖြစ်ပေါ်လာ၏။

**တဏှာ ပစ္စယာ ဥပါဒါနံ၊**

တပ်မက်ဆာလောင်မှု တဏှာကြောင့် စွဲလမ်းမှုဥပါဒါန် ဖြစ်ပေါ်လာ၏။

**ဥပါဒါန ပစ္စယာ ဘဝေါ၊**

စွဲလမ်းမှုဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံ (ကမ္မဘဝ) ဖြစ်ပေါ်လာ၏။

**ဘဝ ပစ္စယာ ဇာတိ၊**

ဖြစ်ကြောင်းကံ (ကမ္မဘဝ) ကြောင့် ဘဝသစ်ဖြစ်မှုဇာတိ ဖြစ်ပေါ်လာ၏။

**ဇာတိ ပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ, ဥပါယာသာ သမ္ဘဝန္တိ။**

ဇာတိကြောင့် အိုခြင်းဇရာ, သေခြင်းမရဏ, စိုးရိမ်ပူဆွေးခြင်းသောက, ငိုကြွေးခြင်း ပရိဒေဝ, ကိုယ်ဆင်းရဲခြင်းဒုက္ခ, စိတ်ဆင်းရဲခြင်း ဒေါမနဿ, ပြင်းစွာပူပန်ခြင်း ဥပါယာသတို့သည် ဖြစ်ပေါ်လာကြကုန်၏။

တစ်ဖန် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်ပေါ်လာကြသည့်အခါ မသိမှုအဝိဇ္ဇာသည် တွဲဖက်၍ဖြစ်ပေါ်၏။

အဝိဇ္ဇာဖြစ်လျှင် တစ်ဖန် သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏတို့သည် ဖြစ်ပေါ်ကြပြန်၏။

ဘဝသံသရာစက်ရဟတ်ကြီးကား တစ်ပတ်ပြီးတစ်ပတ် ထပ်ကာထပ်ကာ လည်ပတ်နေပါတကား။

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာကျော် ဘဝစက်ရဟတ်ကြီး

အဝိဇ္ဇာမှ ဇရာမရဏအထိ အင်္ဂါ ၁၂ ပါးပါဝင်သော ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ထောင့်အကန့် ၁၂ ခုပါရှိသည့် ဘဝစက်ရဟတ်ကြီးနှင့်တူ၏။

ဤဘဝစက်ရဟတ်ကြီးသည် ၃၁ ဘုံ၌ စုန်ကာဆန်ကာ တပြောင်းပြန်ပြန်ဖြစ်နေကြသော သတ္တဝါအားလုံး၏ဘဝသံသရာလည်ပတ်နေပုံကို ရှင်းပြထား၏။

ထို့ကြောင့် ဤဘဝစက်ရဟတ်၏အရေးပါမှုအတိုင်းအတာသည် သိပ္ပံလောကတွင် ကျော်ကြားထင်ရှားနေသည့် နယူတန်နိယာမများထက်လည်းကောင်း၊ အိုင်းစတိုင်း၏ တွေ့ရှိချက်များထက်လည်းကောင်း အဆပေါင်းများစွာပို၍ကြီးကျယ်၏။

သို့အတွက် ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ကမ္ဘာကျော်ဘဝစက်ရဟတ်ကြီး ဖြစ်နေပေ၏၊ သုတေသီများအားလုံးက လေးစားကြ၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဟောကြားရာ၌ အဓိကအကြောင်းတစ်ခုစီကြောင့် ထင်ရှားသည့်အကျိုးတစ်ခုစီ ဖြစ်ပေါ်လာသည့်အနေဖြင့် ဟောကြားထားသော်လည်း စင်စစ်တွင် အကြောင်းအမျိုးမျိုးကြောင့် အကျိုးအမျိုးမျိုးဖြစ်ပေါ်လာသည်ကိုလည်း တစ်ပြိုင်တည်းပေါ်လွင်ထင်ရှားသွားစေ၏။

ဥပမာ...ပစ္စုပ္ပန်ဘဝ၏အကျိုးတရားများကိုဖြစ်ပေါ်စေကြသော အတိတ်ဘဝက အကြောင်းတရားများမှာ ငါးပါးရှိရာ ၎င်းတို့မှာ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ ဖြစ်ကြ၏။

ထိုအကြောင်းငါးပါးတို့ကြောင့် ပစ္စုပ္ပန်ဘဝ၌ အကျိုးငါးပါးဖြစ်ပေါ်၏၊ ၎င်းအကျိုးတို့မှာ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ခန္ဓာငါးပါးတို့ ဖြစ်ကြ၏။

ပစ္စုပ္ပန်ဘဝ၌ တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရဟူ၍ အကြောင်းတရားငါးပါးကိုပြုလုပ်ပြန်ရာ ဤအကြောင်းတရားတို့ကြောင့် အနာဂတ်ဘဝ၌ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုးငါးပါးတို့ဖြစ်ပေါ်ကြပြန်၏။

သင်္ခါရနှင့် ကမ္မဘဝတို့သည် စေတနာကံကို ရည်ညွှန်းကြ၏၊ သင်္ခါရသည် ရှေးဦးဖြစ်သော ပုဗ္ဗစေတနာကိုရည်ညွှန်း၏။ ကမ္မဘဝတည်းဟူသော အကြောင်းတရားငါးပါးကို အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံဟူ၍ လေးပါးအဖြစ်ယူနိုင်၏။ အကျိုးတရားငါးပါးဖြစ်ကြသော ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် ခန္ဓာငါးပါးကို ရည်ညွှန်းကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘဝဖြစ်ကြောင်းစစ်တမ်း

သတ္တဝါတို့၏သန္တာန်၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော ကိလေသာတရားတို့သည် အစဉ်ကိန်းအောင်းနေ၏။ ဤတရားတို့ကို **ကိလေသာဝဋ်** ဟုခေါ်၏။

မသိမှုအဝိဇ္ဇာသည် အာရုံ၏သဘောကို မှန်ကန်စွာမသိသည့်အပြင် လွဲမှားစွာလည်း သိမြင်၏။ မျက်စိ၌ ရူပါရုံထင်လာသောအခါ, နား၌သဒ္ဒါရုံထင်လာသောအခါ, နှာ, လျှာ, ကာယနှင့်စိတ်တို့၌ ဆိုင်ရာအာရုံအသီးသီးတို့ ထင်လာကြသောအခါ ထိုအာရုံထင်ခြင်းတို့နှင့် ယှဉ်တွဲနေကြသည့် ကောင်းသောခံစားမှုများကို အဝိဇ္ဇာက ကောင်းသည်ဟု ထင်မှတ်စေ၏။ ထို့ကြောင့် တဏှာက ထိုအာရုံခံစားခြင်းကို နှစ်သက်တွယ်တာ၏၊ အသစ်အသစ်ရရန် ဆာလောင်မွတ်သိပ်၏၊ တဏှာရင့်လာသောအခါ စွဲလမ်းမှုဥပါဒါန်ဖြစ်လာ၏၊ မီးစမှ မီးတောက်ဖြစ်လာသကဲ့သို့တည်း။

တဏှာ, ဥပါဒါန်တို့ကြောင့် သတ္တဝါတို့သည် ကာမဂုဏ်အာရုံများကို ထပ်ကာဖန်ဖန် ခံစားနိုင်ရေးအတွက် ပုညာဘိသင်္ခါရဟူသည့် ကောင်းမှုကံများကို အားထုတ်၍ပြုလုပ်ကြ၏။ မသိမိုက်မဲမှုအဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဟူသည့် မကောင်းမှုကံများကိုလည်း အားထုတ်ကာ ပြုလုပ်မိကြ၏။ ထို့ကြောင့် သင်္ခါရနှင့် ကမ္မဘဝတည်းဟူသော **ကမ္မဝဋ်** ဖြစ်ပေါ်လာ၏။

ဤကမ္မဝဋ်(ဝါ)ကံသည် မျိုးစေ့နှင့်တူ၏၊ အဝိဇ္ဇာသည် မြေနှင့်တူ၏၊ တဏှာနှင့်ဥပါဒါန်တို့သည် ရေနှင့်တူ၏၊ မျိုးစေ့သည် မြေ, ရေနှင့်ထိတွေ့သောအခါ အပင်သစ်ပေါက်လာသကဲ့သို့ ကမ္မဝဋ်သည်လည်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏ အထောက်အပံ့ကို ရသည့်အခါ အပင်သစ်ဟူသော **ဝိပါကဝဋ်** ကို ပေါက်ပွားစေ၏။ ဝိပါကဝဋ်တွင် ဥပပတ္တိဘဝ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏတည်းဟူသောအကျိုးတရားများ ပါဝင်ကြ၏။

သို့အတွက် ကိလေသာဝဋ်ရှိလျှင် **ကမ္မဝဋ်** ဖြစ်၍ ကမ္မဝဋ်ရှိလျှင် ဝိပါကဝဋ်ဖြစ်ပေါ်လာ၏။ ဝိပါကဝဋ်ဖြစ်လျှင် ကိလေသာဝဋ်ဖြစ်ပေါ်ပြန်၏။

သို့အတွက် ဝဋ်သုံးပါး(ဝါ)ဘဝသံသရာစက်ကြီးသည် စက်ဘီးများ ချာချာလည်သကဲ့သို့ အဆက်မပြတ်လည်ပတ်နေပေ၏။

ကြက်မမှကြက်ဥ, ကြက်ဥမှကြက်မ, တစ်ဖန်ကြက်မမှ ကြက်ဥ စသည်ဖြင့် တပြောင်းပြန်ပြန်ဖြစ်နေသကဲ့သို့လည်းကောင်း၊ အပင်မှမျိုးစေ့, မျိုးစေ့မှအပင်, အပင်မှ မျိုးစေ့ စသည်ဖြင့် အဆက်မပြတ်သံသရာလည်နေသကဲ့သို့လည်းကောင်း၊ ဝဋ်သုံးပါး(ဝါ)ဘဝသံသရာစက်ကြီးသည် အဆက်မပြတ် လည်ပတ်နေပေ၏။

ကြက်မနှင့်ကြက်ဥသံသရာတွင် ကြက်မက အစဖြစ်သည်၊ သို့မဟုတ်ကြက်ဥ

www.burmeseclassic.com

www.burmeseclassic.com



က အစဖြစ်သည်ကို မဆုံးဖြတ်နိုင်သလို ဝဋ်သုံးပါးသံရာ၌လည်း မည်သည့်ဝဋ်က အစဖြစ်သည်၊ မည်သည့်ဝဋ်က အဆုံးဖြစ်သည်ကို မဆုံးဖြတ်နိုင်ချေ။ သို့အတွက် ဘဝသံသရာစက်ကြီးတွင် အစနှင့်အဆုံးမရှိချေ။

ဤကား ကမ္ဘာ့ဒဿနပညာရှင်ကြီးများ အံ့ချီးလောက်သည့် ဘဝအဖန်ဖန်ဖြစ်ပေါ်ရခြင်းအတွက် ပဋိစ္စသမုပ္ပါဒ်ဒေသနာဖြင့် မြတ်စွာဘုရား၏ ရှင်းလင်းချက်ကို အကျဉ်းမျှတင်ပြဆွေးနွေးခြင်း ဖြစ်ပေသတည်း။

## တစ်ခန်းရပ် ဝေဖန်သုံးသပ်ရှင်းလင်းချက်

သမိုင်းဦးကာလမှစ၍ ယနေ့တိုင်အောင် နေ့ရက်တို့သည် တစ်နေ့ပြီး တစ်နေ့ တစ်ရက်ပြီးတစ်ရက် အဆက်မပြတ်ဖြစ်ပေါ်လာခဲ့သည်ကို ထောက်ရှုလျက် ဤအတိုင်း နောင်အခွန့်ရှည်စွာဆက်လက်ဖြစ်ပေါ်သွားဦးမည်ကို စိတ်ချယုံကြည်ရပေ၏။

ထိုနည်းအတူ ယခုဘဝမတိုင်မီ အတိတ်ကာလက တစ်ဘဝ, နှစ်ဘဝ, သုံးဘဝ, လေးဘဝ စသည်ဖြင့် ဘဝရှိခဲ့သည်ကိုလည်းကောင်း၊ လွန်လေပြီးသော နှစ်တစ်ရာ, နှစ်နှစ်ရာ, နှစ်တစ်ထောင်, နှစ်နှစ်ထောင် စသည်တို့၌ ဘဝရှိခဲ့သည်ကိုလည်းကောင်း၊ ၂၀ ရာစုနှစ်လူသားတို့၏ ခိုင်လုံသောတွေ့ရှိချက်များအပေါ် အခြေခံလျက် အနာဂတ်၌ ဘဝအကြိမ်ကြိမ် ဆက်လက်ဖြစ်ပေါ်ရဦးမည်ကို စိတ်ချယုံကြည်သင့်ပေ၏။

မီးခိုးကိုမြင်လျှင် မီးရှိသည်ကို သိနိုင်သကဲ့သို့ ဘဝအကြိမ်ကြိမ်ဖြစ်ပေါ်နေခြင်းကို ထောက်ရှု၍ ဘဝဖြစ်စေတတ်သော အကြောင်းတရား ရှိရမည်ကို ယုတ္တိဗေဒနည်းအရ ဆင်ခြင်နိုင်ပေ၏။

သို့ရာတွင် ဘဝသံသရာလည်ပတ်ခြင်းကို ဖြေရှင်းရာ၌ ရုပ်ဝတ္ထုများ၏ သံသရာလည်ပုံကို ဖြေရှင်းသကဲ့သို့ ဖြေရှင်း၍မရပါ။ သတ္တဝါတစ်ဦး၏ ဘဝဟူသည်မှာ ရုပ်နာမ်နှစ်ပါးတို့၏ အပေါင်းအစုဖြစ်သည်နှင့်အညီ ရုပ်နာမ်နှစ်ပါးလုံးပါဝင်သော ဖြေရှင်းချက်ဖြင့်သာ ဘဝသံသရာလည်ပတ်ပုံကို ယထာဘူတကျစွာ ရှင်းပြနိုင်ပါလိမ့်မည်။

သတ္တဝါတစ်ဦး၏ ဘဝသံသရာလည်ပတ်ပုံကို သဗ္ဗညုတဉာဏ်, ဗုဒ္ဓဉာဏ်တော်ဖြင့် မြင်သိနိုင်သည်ဖြစ်ရာ မြတ်ဗုဒ္ဓ၏ ကမ္ဘာကျော် ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်ဖြင့်သာလျှင် ဘဝသံသရာလည်ပတ်ခြင်းကို ဖြေရှင်းနိုင်ပါသည်။ သို့အတွက် ဘဝသံသရာလည်ပတ်ပုံကို ဂဃနဏသိနားလည်လိုလျှင် ပဋိစ္စသမုပ္ပာဒ်တရားတော်ကို သဘောပေါက်နားလည်အောင် ဆည်းပူးလေ့လာသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပာဒ်တရားတော်သည် သံသရာလည်ပတ်ခြင်းကို ဖြေရှင်းနိုင်ရုံသာမက သံသရာဇာတ်သိမ်း၍ ဘဝချုပ်ငြိမ်းရေးအတွက်ကိုပါ နည်းလမ်းညွှန်ပြထားပေ၏။

ဝဋ်သုံးပါးရှိသည့်အနက် ကိလေသာဝဋ်ကိုပယ်သတ်နိုင်လျှင် ကမ္မဝဋ်မဖြစ်တော့ချေ။ ကမ္မဝဋ်မဖြစ်လျှင် ဝိပါကဝဋ်လည်းပြတ်ပြီး ဘဝအသစ်မဖြစ်ပေါ်တော့ချေ။

ကိလေသာဝဋ်ကိုပယ်သတ်ရန် လက်နက်ကောင်းအဖြစ် **အရိယမဂ္ဂင်ရှစ်ပါး လမ်းစဉ်** (ဝါ) မဟာသတိပဋ္ဌာန်ဝိပဿနာလမ်းစဉ်ကို မြတ်ဗုဒ္ဓသည် တိတိကျကျ ပြည့်ပြည့်စုံစုံ ဟောကြားတော်မူခဲ့၏။

မြတ်ဗုဒ္ဓညွှန်ပြခဲ့သော ဤအကျင့်လမ်းစဉ်ကို တိတိကျကျ လိုက်နာအားထုတ်သဖြင့် ဘဝဇာတ်သိမ်းသွားပြီးကြသည့်ပုဂ္ဂိုလ်များမှာ မရေမတွက်နိုင်အောင်ပင် ရှိခဲ့လေပြီ။

ဤကား သီအိုရီနှင့်လက်တွေ့ကိုက်ညီမှုကို ပြသခြင်းပေတည်း။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် လုံးဝမှန်ကန်သော ဒေသနာတော်ဖြစ်ကြောင်း လက်တွေ့အထောက်အထားများအရ ထင်ရှားနေသဖြင့် ထိုဒေသနာတော်ကို ခြွင်းချက်မရှိ လက်ခံယုံကြည်သင့်ပါ၏။

သို့ဖြစ်၍ အဝိဇ္ဇာနှင့်တဏှာတည်းဟူသော ဝဋ်မြစ်နှစ်ပါးတို့ ရှင်သန်နေသမျှကာလပတ်လုံး ဘဝအကြိမ်ကြိမ်ဖြစ်ရဦးမည်ကို ယုံမှားသံသယမရှိသင့်ချေ။

❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)
# ဘဝကူးပြောင်းပုံ

### အတ္တကောင် (ဝါ) လိပ်ပြာရှိသလား

ဥစ္ဆေဒဒိဋ္ဌိအယူရှိသူတို့သည် သေပြီးလျှင် ဘဝပြတ်သည်ဟု ယူဆကြ၏၊ သို့အတွက် သူတို့အဖို့ဝယ် ဘဝကူးပြောင်းပုံကို သိရန်မလိုချေ။

သဿတဒိဋ္ဌိအယူရှိသူတို့သည် ခန္ဓာကိုယ်အတွင်း၌ ဇီဝအတ္တ (ဝါ) အတ္တကောင် (ဝါ) လိပ်ပြာရှိသည်ဟု ယူဆကြ၏။ ဤအယူဝါဒတွင် ဖန်ဆင်းရှင် ပရမအတ္တက သတ္တဝါတစ်ဦးစီအတွက် ခန္ဓာအိမ်တစ်ခုစီကို ဖန်ဆင်းပေးလိုက်၏၊ ထို့နောက် ထိုခန္ဓာအိမ်ထဲသို့ ဇီဝအတ္တကို ထည့်ပေးလိုက်၏။

ခန္ဓာကိုယ်အတွင်းရှိ ဇီဝအတ္တသည် အဆင်းကိုမြင်၏၊ အသံကိုကြား၏၊ အရသာကိုခံစား၏၊ အာရုံကိုမှတ်သား၏၊ စေ့ဆော်တိုက်တွန်း၏၊ အရသာကိုသိ၏၊ ကြံစည်တွေးတော၏၊ ထို့ကြောင့် ဇီဝအတ္တသည် ခန္ဓာငါးပါးကိုဦးဆောင်နေ၏။

ထို့အပြင် ဇီဝအတ္တသည် အမရဏ–သေခြင်းမရှိ၊ နိစ္စသဿတ–အစဉ်အမြဲတည်နေ၏၊ ခန္ဓာအိမ်တစ်ခု ရင့်ရော်ပျက်စီးသွားလျှင် ခန္ဓာအိမ်သစ်တစ်ခုသို့ ကူးပြောင်း၍တည်၏။ မြွေသည် အရေခွံဟောင်းကိုစွန့်၍ အရေခွံသစ်ကို ရယူသကဲ့သို့တည်း။ လူသည် အဝတ်အစားဟောင်းကိုစွန့်၍ အဝတ်အစားသစ်ကို လဲလှယ်လိုက်သကဲ့သို့တည်း။ ငှက်သည် အပင်တစ်ပင်မှတစ်ပင်သို့ ခုန်ပျံကူးသန်းသွားသကဲ့သို့တည်း။

အိန္ဒိယနိုင်ငံမှ ကူးသန်းလာသော ဤသဿတအယူဝါဒသည် မြန်မာဗုဒ္ဓဘာသာဝင်များစွာတို့၏ အသိဉာဏ်တွင် နေရာယူထားကြ၏။ လူသေသွားသောအခါ အတ္တကောင် (ဝါ) လိပ်ပြာသည် အလောင်းအနီးဝန်းကျင်၌ ခုနစ်ရက်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တိုင် လှည့်လည်နေသည်ဟု ယူဆကြ၏။ ထို့နောက် ထိုလိပ်ပြာကောင်က လိုရာသို့ ကူးသွားနိုင်ရန်အတွက်လည်း ကူးတို့ခတစ်မတ်ကို အလောင်းကောင်နှင့်အတူ ထည့်မြှုပ်ပေးလိုက်ရ၏။

ဤအတ္တကောင်အယူဝါဒကား လွဲမှားသောအယူသာတည်း။ ဗုဒ္ဓဘာသာ အယူဝါဒနှင့် လုံးဝကွဲပြားပါသည်။ ဗုဒ္ဓသည် **အနတ္တလက္ခဏသုတ်** တော်တွင် အတ္တမရှိ၊ ငါကောင်မရှိဟူ၍ အတိအလင်းပင် ဟောကြားတော်မူခဲ့သည်။

## လူဟူသည်မှာ သဘောတရားမျှသာ

ဗုဒ္ဓ၏အနတ္တဝါဒသည် ဗုဒ္ဓဘာသာကို အလွန့်အလွန်ထူးခြားစေသောဝါဒဖြစ်၏။ ဗုဒ္ဓဘာသာကို အခြားဘာသာအားလုံးမှ ကွဲပြားအောင် ပိုင်းခြားလိုက်သော စည်းရိုးလည်းဖြစ်ပေ၏။

အနတ္တဝါဒအရ အတ္တမရှိဟု ကြွေးကြော်လိုက်ရုံမျှသာမဟုတ်၊ ငါမရှိ, သူမရှိ, လူမရှိ, သတ္တဝါမရှိ, ဖန်ဆင်းသူမရှိ, ဖန်ဆင်းခံရသူမရှိဟူ၍လည်း ကြွေးကြော်လိုက်ပေ၏။

လူ, ခွေး, ကြောင်, ကျွဲ, နွား စသည်ဖြင့် သတ္တဝါများအထင်အရှားရှိနေသည်ကိုမြင်တွေ့ရပါလျက် လူမရှိ, သတ္တဝါမရှိဟုဆိုသောစကားသည် မှန်နိုင်အံ့လော။

လူအဖြစ်, နွားအဖြစ် ကျွန်ုပ်တို့မြင်တွေ့နေကြသော ပုံသဏ္ဍာန်များသည် ပထဝီ, အာပေါ, တေဇော, ဝါယောဟူသည့် မဟာဘုတ်လေးပါးတို့၏အပေါင်းအစုမျှသာဖြစ်ကြ၏။ ကျန်သည့်ဥပါဒါရုပ်များကိုလည်းကောင်း၊ စိတ်စေတသိက်များဟူသည့် နာမ်တရားများကိုလည်းကောင်း ကျွန်ုပ်တို့ မမြင်တွေ့နိုင်ချေ။

ထိုမြင်တွေ့ရသော မဟာဘုတ်လေးပါးအစုကိုလည်း တစ်စစီခွဲထုတ်လိုက်လျှင် အဏုမြူများ, ပရမာဏုမြူများ, ထို့နောက် ပရမာဏုမြူများထက် အဆတစ်သိန်းခန့်ပိုသေးငယ်သော ရုပ်ကလာပ်ကလေးများကို ရရှိမည်ဖြစ်၏။

အဏုမြူများကိုပင် လူတို့၏မျက်စိဖြင့် မမြင်နိုင်ရာ ပရမတ်ရုပ်ကလာပ်ကိုကား အားကောင်းသော အဏုကြည့်မှန်ပြောင်း (မိုက်ကရိုစကုပ်) ဖြင့်ပင်ကြည့်၍ မြင်တွေ့နိုင်မည်မဟုတ်ချေ။

သိပ္ပံသဘောအရ ဆန်းစစ်လျှင်လည်း လူ့ခန္ဓာကိုယ်သည် အက်တမ်များ, မော်လီကျူးများနှင့် ဖွဲ့စည်းထားပြီးလျှင် ထိုအက်တမ်မော်လီကျူးတို့ကိုခွဲစိတ်သော် ပရိုတွန်, အီလက်ထရွန်နှင့် နယူထရွန်ခေါ် အမှုန်ငယ်ကလေးများကို ရရှိမည်။ ဤအမှုန်ကလေးများကိုလည်း ချဲ့အားကောင်းသည့် အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်၍ မမြင်ရချေ။ ထို့အပြင် ထိုအမှုန်ကလေးများတွင် ဒြပ်သဘောသက်သက်သာ မဟုတ်တော့ဘဲ စွမ်းအင်သဘောလည်း ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူ့ခန္ဓာကိုယ်ကို တကယ်ရှိသောပရမတ်အမြင်ဖြင့် ကြည့်လျှင် ရုပ်သဘော နာမ်သဘောမျှသာရှိ၏။ လူ, နတ်, ဗြဟ္မာ, ကျွဲ, နွား, တိရစ္ဆာန် စသည်တို့မှာ တကယ်မရှိကြသည့် ပညတ်သဘောမျှသာ ဖြစ်ကြ၏။

## ပရမတ်သဘောအရ ဘဝကူးပုံ

လူ, နတ်, ဗြဟ္မာနှင့် အပါယ်ဘုံသားတို့၏ ဘဝကူးပြောင်းပုံကို ပရမတ်သဘောအရ ရှင်းပြပါမှ သဘောကျပေမည်။

ပညတ်အမြင်ဖြင့် ရှင်းပြချက်များသည် စိတ်အထင်မှန်းဆချက်များသာ ဖြစ်ကြသဖြင့် သဘောအမှန်တို့ကို မဖော်ပြနိုင်ချေ။

ဇီဝအတ္တဟူသည်မှာ အထင်ပညတ်တစ်ခုမျှသာဖြစ်သည်။ စိတ်စေတသိက်များနှင့် ရုပ်တို့သည်သာ ပရမတ်တရားများ ဖြစ်ကြ၏။

သတ္တဝါတစ်ဦး၏ ဘဝကူးပြောင်းပုံကို ပရမတ်တရားများဖြင့် ဗုဒ္ဓအဘိဓမ္မာတွင် တိတိကျကျ ရှင်းပြထား၏။ သာမန်လူတို့ သိနားလည်နိုင်လောက်သည့် သင်္ဂြိုဟ်ကျမ်းအဆင့်ရှင်းလင်းချက်ကို ဤတွင် ဖော်ပြပါမည်။

သတ္တဝါတစ်ဦး သေလုနီးသောအချိန်တွင် မရဏာသန္နနိမိတ်ထင်လာ၏၊ သတ္တဝါတစ်ဦးတွင် ပြုထားခဲ့သော ကံအမြောက်အမြားရှိရာ ထိုကံများအနက်မှ နောက်ဘဝတွင် အကျိုးပေးတော့မည့်ကံတစ်ခုသည် ထင်ထင်ရှားရှား ထွက်ပြူလာတော့၏။

နေကွယ်ချိန်တွင် တောင်ကြီး၏အရိပ်သည် တောင်၏အရှေ့ဘက်အရပ်ဒေသအားလုံးကို ဖုံးအုပ်သွားသကဲ့သို့ ထိုအကျိုးပေးတော့မည့်ကံ၏အစွမ်းသည်လည်း အခြားကံအားလုံး၏အစွမ်းသတ္တိကို လွှမ်းမိုးသွားလေ၏။

ထိုအခါ ကံကိုပြုလုပ်ခဲ့စဉ်အခါက ဖြစ်ပေါ်ခဲ့သော စိတ်စေတနာအတိုင်း ယခုတစ်ဖန် စိတ်စေတနာတို့ ဖြစ်ပေါ်လာ၏။ ဤသို့ဖြစ်ပေါ်လာခြင်းကို **ကံနိမိတ်** ထင်လာခြင်းဟု ဆို၏။

သို့တည်းမဟုတ် ထိုကံကိုပြုလုပ်စဉ်အခါက မြင်တွေ့ခဲ့ရသော ရှုခင်းများ, ကြားသိခဲ့ရသော အသံများ, နမ်းရှုခဲ့ရသည့် အနံ့များ စသည့် **ကမ္မနိမိတ်** တစ်မျိုးမျိုးသည်လည်း ယခင်ကြုံတွေ့ခဲ့ရသည့်အတိုင်း မနောဒွါရဟူသည့် စိတ်တံခါးဝ၌ ထင်ပေါ်လာ၏။ ဤသို့ထင်ပေါ်လာခြင်းကို ကမ္မနိမိတ်ထင်လာသည်ဟု ဆို၏။

သို့တည်းမဟုတ် အကျိုးပေးတော့မည့်ကံ၏အစွမ်းသတ္တိကြောင့် လားရောက်ရမည့် ဘုံဌာန၏ အာရုံနိမိတ်များလည်း ထင်ပေါ်လာတတ်၏။ ဥပမာ

www.burmeseclassic.com

www.burmeseclassic.com



နတ်ဘုံနတ်နန်း သို့မဟုတ် ငရဲအိုးငရဲမီးလျှံစသည်တို့တည်း။ ဤနိမိတ်ထင်ခြင်းကို **ဂတိနိမိတ်** ထင်သည်ဟုဆို၏။

ဤသို့ ကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ထင်ခြင်းသည် နောက်ဘဝ ပဋိသန္ဓေနေရမည့်သတ္တဝါတိုင်း၌ မလွဲမသွေကြုံတွေ့ရမည့် ဖြစ်ရပ်တစ်ခု ဖြစ်၏။ ရုတ်တရက်သေဆုံးရသည့်သူများ၌လည်း နိမိတ်ထင်ပေါ်သည်သာဖြစ်၏။ စိတ်သည် လက်ဖျောက်တစ်တီးအချိန်၌ပင် ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားနိုင်ရာ မည်မျှဆောလျင်စွာ သေရစေကာမူ မရဏာသန္နနိမိတ်ထင်ဖို့ အချိန်အလုံအလောက်ရှိသည်သာတည်း။

ထိုကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်သည် ပဥ္စဒွါရ သို့မဟုတ် မနောဒွါရ၌ထင်လာသည့်အခါ မရဏာသန္နဝီထိဖြစ်၏။ ထိုဝီထိဖြစ်ပြီး၍ ဤဘဝ၏နောက်ဆုံးစိတ်ဖြစ်သည့် စုတိစိတ် (သေစိတ်) ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် နောက်ဘဝ၏ပဋိသန္ဓေစိတ်ဖြစ်လေ၏။ ပဋိသန္ဓေစိတ်ဖြစ်ချိန်တွင် ကမ္မဇရုပ်တို့လည်း တစ်ပြိုင်တည်းဖြစ်ပေါ်ကြ၏။

ထို့ကြောင့် ယခုဘဝ ရုပ်နာမ်များနှင့် နောက်ဘဝရုပ်နာမ်များတို့သည် ကြားမလပ်ဘဲ တရစပ်ဖြစ်ပျက်သွားကြ၏။ ဖြစ်ရာဌာနသာကွာခြားကြ၏။ ဤဘဝမှ ရုပ်နာမ်များသည် အနာဂတ်ဘဝသို့ကူးပြောင်း၍မသွားကြ။ ကံအစွမ်း၏သတ္တိကြောင့် ရုပ်နာမ်အသစ်တို့ ဖြစ်ပေါ်လာကြသည်။

သို့အတွက် ဘဝနှစ်ခု၏ကြားကာလ၌ လိပ်ပြာရစ်ဝဲနေရသည်။ သို့မဟုတ် လိပ်ပြာကူးသန်းရန် အချိန်ကြန့်ကြာနေရသည် စသောအယူအဆတို့သည် မမှန်ကန်ကြောင်း သိမြင်နိုင်၏။

စိတ်တို့၏အစွမ်းသတ္တိသည် ဌာနချင်း မည်မျှဝေးကွာနေစေကာမူ ကူးသန်းသွားရန် အချိန်ကြန့်ကြာမှုမရှိဘဲ ချက်ချင်းရောက်သွားနိုင်၏။ သို့အတွက် လူ့ဘဝမှ ကွယ်လွန်သွားပြီးနောက် နတ်ဘဝ သို့မဟုတ် ဗြဟ္မာဘဝဖြစ်ရလျှင်လည်း ဤဘဝ၏စုတိစိတ်ချုပ်သည်နှင့်တစ်ပြိုင်နက် နောက်ဘဝဥပပါတ်ပဋိသန္ဓေသည် အခြားမရှိဘဲ ချက်ချင်းဖြစ်ပေါ်လာ၏။

## ဤဘဝမှထိုဘဝသို့ မည်သည့်အရာများ ကူးပြောင်းသွားကြသနည်း

အထက်၌ဖော်ပြခဲ့သောဘဝကူးပြောင်းပုံကို စိစစ်ကြည့်လျှင် ဤဘဝမှ ကိုယ်ခန္ဓာ ကိုယ်အစိတ်အပိုင်းတစ်စုံတစ်ခုသည်လည်းကောင်း၊ စိတ်, စေတသိက်တို့သည်လည်းကောင်း နောက်ဘဝသို့ ကူးပြောင်းသွားခြင်းမရှိသည်ကို ထင်ထင်ရှားရှား မြင်သိနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ္တနိယာမအရ စိတ်တစ်မျိုး 'ဖြစ်...တည်...ပျက်' သွားသည်နှင့် တစ်ပြိုင်နက် နောက်စိတ်တစ်မျိုးဖြစ်ပေါ်လာရ၏။ ထိုအခါ ပထမစိတ်တွင်ပါရှိသော ကံအစွမ်းသတ္တိ, အကျင့်စရိုက်, အထုံအလေ့စသော အစွမ်းသတ္တိတို့သည် နောက်စိတ်သို့ ပဋ္ဌာန်းပစ္စည်း ၂၄ နည်းအရ ကူးပြောင်းသွားကြ၏။

ထို့ကြောင့် ဤဘဝ၏ နောက်ဆုံးစုတိစိတ်သည် နောက်ဘဝ၏ ပဋိသန္ဓေစိတ်မဟုတ်။ ထိုစိတ်နှစ်ခုသည် တစ်သီးတခြားစီဖြစ်ကြ၏။ သို့သော် ဤဘဝ၏ စုတိစိတ်၌ပါရှိသော အစွမ်းသတ္တိများသည် နောက်ဘဝ၏ ပဋိသန္ဓေစိတ်သို့ ပဋ္ဌာန်းနည်းအရ ကူးပြောင်းသွားကြသည်သာ ဖြစ်၏။

ဤဘဝ၏ စုတိစိတ်တွင် ဤဘဝတစ်ခုလုံးနှင့် ရှေးဘဝအဆက်ဆက်တို့၌ တွေ့ကြုံမှတ်သားခဲ့ရသမျှသော စိတ်၏ အစွမ်းသတ္တိများအားလုံးနှင့် ပြုလုပ်ခဲ့သမျှသော ကံအမျိုးမျိုးတို့၏ အစွမ်းသတ္တိများ ကိန်းအောင်းလျက်ရှိရာ ဤအစွမ်းသတ္တိများအားလုံးသည် နောက်ဘဝ၏ ပဋိသန္ဓေစိတ်သို့ ကူးပြောင်းသွားပေလိမ့်မည်။

သို့ဖြစ်၍ နောက်ဘဝ၌ ပဋိသန္ဓေနေသူသည် ရှေးဘဝက သေဆုံးခဲ့သူလည်း မဟုတ်၊ တစ်သီးတခြားလည်းမဟုတ်။ ထိုသူနှစ်ဦးတို့သည် စိတ္တနိယာမနှင့် ကမ္မနိယာမတို့၏ အစွမ်းသတ္တိဖြင့် ဆက်စပ်နေကြသောသူများပင်တည်း။

ထာဝရတည်မြဲသော အတ္တကောင်ရှိသည် ဖန်ဆင်းရှင်ရှိသည် စသည့် သဿတဝါဒနှင့် ဖန်ဆင်းရှင်ဝါဒတို့ကို ကျော်လွှား၍ ရုပ်နာမ်တို့၏ သဘာဝဖြစ်စဉ်အတိုင်း ဘဝကူးပြောင်းခြင်းကို ယထာဘူတကျစွာ ရှင်းလင်းဖော်ပြပေးခဲ့သော ဗုဒ္ဓ၏ဉာဏ်တော်ကား ချီးမွမ်းအံ့သြဖွယ်ကောင်းလေစွတကား။

## ပဋိသန္ဓေအမေးအဖြေ

ဗုဒ္ဓမြတ်စွာ၏ ယထာဘူတကျသော ဘဝကူးပြောင်းမှုဆိုင်ရာ ရှင်းလင်းချက်ကို ကောင်းစွာသိနားလည်သောသူသည် ပဋိသန္ဓေဆိုင်ရာ ပုစ္ဆာအထွေထွေတို့ကို မတွေမဝေဖြေကြားနိုင်ပါသည်။

ပိဋကစာပေ၌ ဂရိဘုရင်မိလိန္ဒမင်းကြီးမေးမြန်းသည်တို့ကို အရှင်နာဂသေနရဟန္တာမထေရ်ဖြေကြားထားသော အမေးအဖြေများသည် **'မိလိန္ဒပဉှာ'** အမည်ဖြင့် ထင်ရှား၏။

ထို 'မိလိန္ဒပဉှာ'သည် ဘာသာစကားအမျိုးမျိုးသို့ပြန်ဆိုရသော ကမ္ဘာကျော်ကျမ်းကြီးဖြစ်၏။ ထိုကျမ်းမှ ပဋိသန္ဓေပဉှာကို ထုတ်နုတ်တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## လူတစ်ဦးတည်းလော သီးခြားလော

"အရှင်ဘုရား...ပဋိသန္ဓေနေဆဲသူသည် စုတေခဲ့သည့်လူဟောင်းပင်လော၊ သို့မဟုတ် တစ်ပါးသောလူသစ် ဖြစ်သလော"

"မင်းကြီး...ပဋိသန္ဓေနေဆဲသူသည် ရှေးလူဟောင်းလည်းမဟုတ်၊ တစ်ပါးသော လူသစ်လဲ မဟုတ်"

"အရှင်ဘုရား...ဥပမာဖြင့် ရှင်းလင်းတော်မူပါ"

"မင်းကြီး...သင်သည် အိပ်ရာထက်၌ ပက်လက်အိပ်သောသူငယ်ဖြစ်ခဲ့ဖူး၏၊ ယခုအခါ သင်သည် ထိုရှေးဟောင်းသူငယ်ပင်လော"

"အရှင်ဘုရား...ထိုသူငယ်မဟုတ်ပါ၊ ကာလပြောင်းခဲ့ပြီ၊ ထိုအိပ်ရာထက်၌ ပက်လက်အိပ်သောအခါကာလသည် တစ်ပါး၊ ယခုကြီးရင့်သောအခါကာလသည် တစ်ပါး"

"မင်းကြီး...ထိုသို့ဖြစ်လျှင် ထိုသူငယ်၏ မိခင်သည် တစ်ဦး၊ ယခုကြီးရင့်သောအခါ သင်၏မိခင်သည်တစ်ဦး သင့်အတွက် မိခင်နှစ်ဦးရှိသလော"

"မရှိပါ၊ မိခင်တစ်ဦးတည်းသာ ရှိပါသည်"

"မင်းကြီး...သင်သည် ငယ်စဉ်အခါက ပညာသင်ကြားခဲ့၏၊ ထိုပညာသင်သူသည် တခြား၊ ယခုပညာတတ်သော သင်မင်းကြီးက တခြားလော"

"မဟုတ်ပါ၊ ပညာသင်သူကသာလျှင် ပညာတတ်ရမည်ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးသာ ရနိုင်ပါသည်"

"မင်းကြီး...အိပ်ရာထက်၌ ပက်လက်အိပ်ခဲ့သောကလေးငယ်သည် သင်မင်းကြီးမဟုတ်လျှင် ပညာသင်သောသူငယ်သည်လဲ သင်မင်းကြီးမဖြစ်တန်ရာ၊ ပညာသင်သောသူငယ်သည် သင်မင်းကြီးဖြစ်လျှင် ပက်လက်အိပ်သောကလေးငယ်သည်လည်း သင်မင်းကြီးဖြစ်တန်ရာ၏။ သင်၏အဖြေသည် နှစ်မျိုးမဖြစ်စကောင်း"

"အရှင်ဘုရား...ဤအရာကို မည်သို့မှတ်ယူရမည်နည်း"

"မင်းကြီး...ပက်လက်အိပ်သောကလေးငယ်သည် ယခုသင်မင်းကြီးမဟုတ်သလို စာသင်သောသူငယ်သည်လဲ ယခုသင်မင်းကြီးမဟုတ်ပါ၊ သို့သော် ထိုကလေးငယ်, သူငယ်တို့နှင့်ကင်း၍လဲ သင်မင်းကြီးမဖြစ်နိုင်ပါ၊ ထို့ကြောင့် သင်မင်းကြီးသည် ရှေးသူငယ်လဲ မဟုတ်၊ တစ်ပါးလူသစ်လဲ မဟုတ်ချေ"

"အရှင်ဘုရား...ထိုစကားကို ဥပမာဖြင့် ရှင်းပါဦးလော့"

"မင်းကြီး...တစ်စုံတစ်ယောက်သော ယောကျ်ားသည် ဆီမီးကို ထွန်းညှိ

www.burmeseclassic.com

www.burmeseclassic.com



ထား၏၊ ညဥ့်ဦးယံ၌တောက်သော ထိုဆီးမီးသည် သန်းခေါင်ယံ၌တောက်သော ဆီမီးပင်လော"

"မဟုတ်ပါဘုရား"

"သို့ဖြစ်လျှင် ထိုဆီမီးနှစ်ခုတို့သည် တစ်သီးတခြားစီဖြစ်ကြသလော"

"တစ်သီးတခြားဖြစ်ကြသည်ဟူ၍လဲ မဆိုသာပါ၊ ပထမဆီမီးကို အမှီပြု၍ ဆီမီးသည် တစ်ညဥ့်ပတ်လုံး တောက်နေပါသည်"

"မှန်ပေ၏၊ ညဥ့်ဦးယံက မီးတောက်သည် တောက်လောင်ကုန်ဆုံးသွားပြီ ဖြစ်၍ သန်းခေါင်ယံမီးတောက်အဖြစ်သို့ မရောက်နိုင်ပါ။ ညဥ့်ဦးယံမီးတောက်နှင့်ကင်း၍လဲ သန်းခေါင်းယံမီးတောက်သည် မဖြစ်လာနိုင်ပါ။

"မင်းကြီး...ထို့အတူပင် ပရမတ်တရား၏ အစဉ်သည် ဖွဲ့ယှက်၍ဖြစ်၏။ တစ်ပါးသောတရားသည် ဖြစ်ဆဲဖြစ်၏၊ တစ်ပါးသောတရားသည် ချုပ်ဆဲဖြစ်၏၊ မရှေးမနှောင်း စပ်ကာစပ်ကာဖြစ်၏။ ထို့ကြောင့် စုတေခဲ့သော ရှေးလူဟောင်းသည်လဲ ပဋိသန္ဓေမနေ၊ တစ်ပါးသောလူသစ်သည်လဲ ပဋိသန္ဓေမနေ၊ ရှေးဖြစ်သော ဝိညာဉ်သည် နောက်ဖြစ်သောဝိညာဉ်ကို ထောက်ပံ့ခြင်းသို့ရောက်၏။"

## ကံပြုသူသည် တခြား ခံစားသူသည် တခြားလော

"အရှင်ဘုရား...အဘယ်တရားသည် ပဋိသန္ဓေနေသနည်း"

"မင်းကြီး...နာမ်ရုပ်တရားသည် ပဋိသန္ဓေနေ၏"

"ပစ္စုပ္ပန်တရားပင်လျှင် ပဋိသန္ဓေနေသလော"

"မင်းကြီး...ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့် ပဋိသန္ဓေမနေ၊ ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့် ကောင်းသောကုသိုလ်ကံ, မကောင်းသောအကုသိုလ်ကံကိုပြု၏၊ ထိုကံဖြင့် တစ်ပါးသော နာမ်ရုပ်သည် ပဋိသန္ဓေနေ၏"

"အရှင်ဘုရား...ဤပစ္စုပ္ပန်နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေမဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် မကောင်းမှုကံ၏ အကျိုးပေးခြင်းမှ လွတ်မြောက်လေရာ၏"

"မင်းကြီး...ပစ္စုပ္ပန်ကံကိုအကြောင်းပြု၍ ပဋိသန္ဓေသစ်ဖြစ်ရသောကြောင့် မကောင်းမှုကံ၏ အကျိုးပေးခြင်းမှ မလွတ်မြောက်နိုင်"

"အရှင်ဘုရား...ထိုစကားကို ထင်ရှားဥပမာပြပါဦးလော့"

"မင်းကြီး...ဥပမာဆိုသော် ယောကျ်ားတစ်ယောက်သည် တခြားယောကျ်ားတစ်ယောက်၏ သရက်ပင်များမှ သရက်သီးများကို ခိုးယူ၏၊ ပိုင်ရှင်ယောကျ်ားက ခိုးသူယောကျ်ားအား ဖမ်းဆီးပြီးလျှင် သင်မင်းကြီးထံသို့ ခေါ်ဆောင်လာအံ့၊ သင်စစ်ဆေးသောအခါ သူခိုးက 'အရှင်မင်းကြီး...ဤသူ၏ သရက်သီးများကို

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျွန်တော်မျိုး မခိုးယူရပါ၊ ဤသူစိုက်ပျိုးသော သရက်သီးသည်တခြား၊ ကျွန်တော်မျိုးဆွတ်ခူးသော သရက်သီးတို့သည် တခြားသာတည်း'ဟု ဆိုအံ့၊ ထိုယောက်ျားသည် မင်းဒဏ်မှလွတ်အံ့လော"

"မလွတ်နိုင်ပါ၊ မူလစိုက်ပျိုးသောသရက်သီးကို အကြောင်းပြု၍ သရက်ပင်နှင့် သရက်သီးသစ်များ ဖြစ်လာကြရသည်၊ ဤသရက်သီးသစ်များကို ခိုးရှင်က ပိုင်ဆိုင်သည်သာတည်း၊ ထို့ကြောင့် ခိုးသူသည် မင်းဒဏ်သင့်ရာ၏။"

"မင်းကြီး...ထို့အတူပင် ပစ္စုပ္ပန်နာမ်ရုပ်ဖြင့် အကုသိုလ်ကံပြုလုပ်သူသည် ထိုကံ၏ အစွမ်းဖြင့် ရုပ်နာမ်သစ်ဖြစ်ရပြီး ထိုအကုသိုလ်ကံ၏ အကျိုးကို ခံစားရ၏"

## ရုပ်နာမ်မကူးဘဲ ဘဝကူးသလော

"အရှင်ဘုရား...ဤပစ္စုပ္ပန်ဘဝမှနာမ်ရုပ်တို့သည် ဘဝသစ်သို့ မကူးပြောင်းဘဲ ပဋိသန္ဓေနေပါသလော"

"မှန်၏၊ ပစ္စုပ္ပန်ဘဝ၏ နာမ်ရုပ်တို့သည် ကူးသန်းခြင်းမရှိဘဲ ပဋိသန္ဓေနေရ၏"

"အဘယ်ကြောင့်မကူးဘဲ ပဋိသန္ဓေနေသနည်း"

"မင်းကြီး...လုံမငယ်တစ်ဦးသည် ဆီမီးခွက်တစ်ခု၏ မီးဖြင့် အခြားဆီမီးခွက်တစ်ခုကို ထွန်းညှိ၏၊ ပထမဆီမီးခွက်သည် ဒုတိယဆီမီးခွက်သို့ ကူးပြောင်းသွားသလော"

"မပြောင်းပါ"

"မင်းကြီး...ထို့အတူပင် ဘဝဟောင်းမှမပြောင်းဘဲလျက် ဘဝသစ်ဖြစ်၏"

"အရှင်ဘုရား...ဥပမာပြပါဦးလော့"

"မင်းကြီး...သင်ငယ်စဉ်အခါက ဆရာသမားများထံမှ သင်အံယူခဲ့သော အတတ်များ ရှိသလော"

"ရှိပါ၏"

"ထိုအတတ်များသည် ဆရာများထံမှ သင်ထံသို့ကူးပြောင်းလာခဲ့သလော"

"ကူးပြောင်းလာခြင်း မဟုတ်ပါ"

"မင်းကြီး...ထို့အတူပင် ဘဝဟောင်းမှဘဝသစ်သို့မကူးပြောင်းဘဲ ပဋိသန္ဓေအသစ်ဖြစ်၏"

"အရှင်ဘုရား...ဥပမာပြပါဦးလော့"

မင်းကြီး...တံဆိပ်ခတ်နိုပ်သဖြင့် တံဆိပ်ရာထင်သည့်အခါ တံဆိပ်တုံး

www.burmeseclassic.com

www.burmeseclassic.com



မှ တစ်စုံတစ်ခုသောပစ္စည်းသည် တံဆိပ်ရိုက်လိုက်သည့်ဝတ္ထုပေါ်သို့ ကူးပြောင်းသွားတတ်သလော"

"မကူးပြောင်းပါ၊ တံဆိပ်တုံး၏မျက်နှာပြင်ကို အကြောင်းပြုပြီး တံဆိပ်ရာ ထင်လာခြင်းသာ ဖြစ်သည်"

"မင်းကြီး... ထို့အတူပင် ဘဝဟောင်းမှပြုလုပ်ခဲ့သောကံကို အကြောင်းပြု၍ ဘဝသစ်ဖြစ်ပေါ်လာသည်၊ ဘဝဟောင်းမှ နာမ်ရုပ်များသည် ဘဝသစ်သို့ ကူးပြောင်းခြင်းမရှိပါ"

စာရှုသူများသည် ကြေးမုံမှန်၌ မျက်နှာပုံရိပ်ထင်ခြင်း၊ ဓာတ်ပုံရိုက်သည့်အခါ လူပုံသဏ္ဍာန်ထင်ခြင်း၊ ပဲ့တင်သံကို ပြန်လည်ကြားခြင်းစသော ဥပမာများဖြင့်လည်း ရှင်းပြနိုင်ကြောင်းကို ဆင်ခြင်ယူကြရာ၏။

## တစ်ခန်းရပ်ဝေဖန်သုံးသပ်ရှင်းလင်းချက်

ဗုဒ္ဓမြတ်စွာ၏ ပဋိစ္စသမုပ္ပာဒ်တရားတော်နှင့် အဘိဓမ္မာဒေသနာတို့သည် ဟိုတစ်ကွက်သည်တစ်ကွက် ကွက်ကျားမှန်ကန်သော တရားများမဟုတ်။ သတ္တလောက အလုံးစုံကို ခြုံငုံ၍ဖြေရှင်းနိုင်သော တရားတော်များ ဖြစ်ကြပါသည်။

လက်ရှိဘဝမှ ရုပ်နာမ်များ ကူးပြောင်းသွားခြင်း မရှိပါဘဲလျက် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတည်းဟူသော အကြောင်းတရားတို့ကြောင့် နောက်ဘဝ၏ ပဋိသန္ဓေဝိညာဏ် (စိတ်) နှင့် နာမ်ရုပ်များဖြစ်လာကြပုံ၊ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ ဝေဖန်ပိုင်းခြားမှုကြောင့် သတ္တဝါတို့သည် အကောင်းအဆိုးအမျိုးမျိုးတို့နှင့် ရင်ဆိုင်တိုးကြရပုံ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတည်းဟူသော အကြောင်းတရားများ ရှိနေသမျှကာလပတ်လုံး ဘဝအဖန်ဖန်ဖြစ်ပေါ်ရပုံ စသည်တို့ကို အကြောင်းအကျိုးဆက်နွှယ်ကာ ခမ်းနားဝေဆာစွာ ရှင်းလင်းဖော်ပြထားသည့် ဗုဒ္ဓ၏တရားတော်ကို အလွန်တရာမြတ်နိုးဆည်းကပ်ထိုက်လှပေတော့၏။

ဗုဒ္ဓ၏တရားတော်သည် ဘဝအဖန်ဖန်ဖြစ်ပေါ်ခြင်းကိုသာ ဟောကြားထားသည် မဟုတ်၊ ဘဝသစ်ကိုဖြစ်ပေါ်စေသည့် အကြောင်းတရားများတွင် တဏှာ, ဥပါဒါန်ဟူသည့် တဏှာအစေးဓာတ်ကို သွေ့ခြောက်အောင်ပြုလုပ်နိုင်လျှင်ပင် ဘဝသစ်တစ်ဖန် မနေရတော့ဘဲ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမည့်အကြောင်းကိုပါ ထည့်သွင်းဟောကြားထားသည်မှာလည်း ဗုဒ္ဓတရားတော်၏မှန်ကန်မှုကို ပို၍လေးနက်စေပါတော့၏။

မျိုးစေ့သည် မြေဓာတ်, ရေဓာတ်တို့ကိုရပါမှ အပင်ပေါက်နိုင်ပြီး မြေဓာတ်, ရေဓာတ်တို့ကို မရရှိလျှင် အပင်မပေါက်နိုင်သည်ကို လူတိုင်းပင်သိမြင်ထားကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ကံမျိုးစေ့သည်လည်း အဝိဇ္ဇာတည်းဟူသော မြေဓာတ်နှင့် တဏှာတည်းဟူသော ရေဓာတ်တို့ကို ရရှိမှသာလျှင် ဘဝသစ်ကိုဖြစ်စေနိုင်၏။ အဝိဇ္ဇာ, တဏှာတို့၏ အထောက်အပံ့ကို မရလျှင် ဘဝသစ်ကို မဖြစ်စေနိုင်တော့ပါ။ အမှန်တွင် ရေဓာတ်နှင့်တူသော တဏှာအစေးဓာတ်တစ်ခုမရှိလျှင်ပင် ဘဝသစ်ကို မဖြစ်စေနိုင်တော့ပါ။

ဤသို့လျှင် ဗုဒ္ဓတရားတော်သည် တစ်ဖက်တည်းသာမှန်ကန်သည်မဟုတ်ဘဲ အပြန်အလှန် နှစ်ဖက်မှန်သောတရားတော်ပေတည်း။ ထို့ကြောင့် သိပ္ပံနိယာမများထက်ပင် ပိုမိုမှန်ကန်သောသဘောတရား ဖြစ်သည်ဟု ယုံကြည်ရမည် ဖြစ်၏။ တစ်နည်းဆိုသော် ဗုဒ္ဓတရားတော်သည် မုချဆတ်ဆတ်မှန်ကန်သော တရားတော်ဖြစ်သည်ဟု သဘောကျသင့်ပေ၏။

## မဟာစည်ဆရာတော်ဘုရား၏တိုက်တွန်းချက်

သို့ရာတွင် ဗုဒ္ဓ၏တရားတော်သည် အလွန်သိမ်မွေ့နက်နဲလှသည့်အတွက် ဉာဏ်မမီသူတို့က အကြောင်းအမျိုးမျိုးပြကာ စောဒကတက်နေကြသေး၏။ ဤသူတို့အား **မဟာစည်ဆရာတော်ဘုရား၏ တိုက်တွန်းချက်** [၁] ကို ဖောက်သည်ချလိုပါ၏။

"ဗုဒ္ဓသာသနာတော်မှာ ဘဝပြဿနာကို ပြေလည်စေနိုင်တဲ့အကျင့် နည်းလမ်းတွေ ထင်ရှားရှိနေပါတယ်၊ ဈာန်အဘိညာဉ်ကိုရအောင်အားထုတ်လို့ အောင်မြင်ရင် ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ကြည့်ရှုပြီး ကိုယ်တိုင်တွေ့နိုင်ပါတယ်၊ ကောင်းမှုကုသိုလ်နဲ့ပြည့်စုံတဲ့သူတွေ သေပြီးတဲ့နောက် နတ်ရွာသုဂတိရောက်နေတာကိုလဲ ထင်ထင်ရှားရှား မြင်နိုင်ပါတယ်၊ မကောင်းမှုအကုသိုလ်နဲ့ ပြည့်စုံတဲ့သူတွေ ငရဲဘုံ, ပြိတ္တာဘုံ, တိရစ္ဆာန်ဘုံ ရောက်နေတာကိုလဲ ထင်ထင်ရှားရှားမြင်နိုင်ပါတယ်။

"အဲဒီဈာန်, အဘိညာဉ်တွေဆိုတာက ယခုအခါ ရနိုင်ပါသလားလို့ မေးစရာရှိပါတယ်၊ ရနိုင်ပါတယ်လို့ပဲ ဖြေရပါမယ်၊ ဘာကြောင့်လဲဆိုရင် မရနိုင်ဘူးလို့ ပယ်မြစ်ချက်လဲ မရှိပါဘူး၊ ယခု တရားအားထုတ်နေကြတဲ့ အချို့ယောဂီတွေမှာလဲ ဒီလိုအကြားအမြင်သဘောတွေကို တွေ့နေကြပါတယ်၊ ဒါကြောင့်ပါပဲ။

"ဒါပေမဲ့ အဘိညာဉ်ဆိုတာကတော့ အင်မတန်သမာဓိအားကောင်းမှ ပြည့်စုံတယ်၊ လွယ်လွယ်ကလေးတော့မဟုတ်ပါဘူး။ ဒါကြောင့် အဲဒါထက်လွယ်တာကို ပြောရမယ်ဆိုရင် ဝိပဿနာကို အားထုတ်ကြည့်ပါ၊ ဝိပဿနာရှုလို့ ပစ္စယ

---

[၁] မဟာစည်ဆရာတော်ဘုရား၊ 'ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး'၊ ပထမတွဲ၊ တတိယအကြိမ်၊ စာမျက်နှာ ၈၄ – ၈၅။

www.burmeseclassic.com

www.burmeseclassic.com



ပရိဂ္ဂဟဉာဏ်ကိုရောက်ရင် စုတိ–ပဋိသန္ဓေအကြောင်း အတော်အတန်သဘော ပေါက်ပြီး ဘဝပြဿနာဟာ ရှင်းတန်သလောက် ရှင်းသွားပါလိမ့်မယ်၊ အဲဒါထက် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်တွေကို ရောက်တော့ စိတ်ကလေး တွေ တစ်ခုပြီးတစ်ခုမပြတ်ဆက်စပ်ပြီးဖြစ်နေတာကို ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းရှင်း လင်းလင်းကြီးတွေ့ရတယ်။

"ဒီလိုတွေ့ရတော့ 'နောက်ဆုံး သေတယ်ဆိုတာဟာ ရှုမှတ်နေရင်း ပျောက် ပျက်သွားတဲ့ စိတ်ကလေးတစ်မျိုးပဲ၊ ဘဝသစ်ဖြစ်တယ်ဆိုတာလဲ မှတ်တိုင်းမှတ် တိုင်း အသစ်အသစ်ဖြစ်ပေါ်လာတဲ့ စိတ်ကလေးတစ်မျိုးပဲ၊ ယခုရှုမှတ်နေစဉ်မှာ ရှေးစိတ်ဆုံးသွားရင် နောက်စိတ်တစ်ခုဆက်ဖြစ်သလိုပဲ၊ သေတဲ့အခါလဲ နောက် ဆုံး စိတ်ကလေး ဆက်ပြီးဖြစ်သွားမှာပဲလို့' မျက်မှောက်တွေ့နဲ့မှန်းဆပြီးသဘော ကျသွားနိုင်ပါတယ်"

မဟာစည်ဆရာတော်ဘုရား၏ တိုက်တွန်းညွှန်ကြားထားသည်မှာ အလွန် လျော်ကန်လှ၏။ ဝိပဿနာတရားအားထုတ်သူသည် သမာဓိရလာသည်နှင့်အမျှ အမြင်ကြည်လင်ပြတ်သားလာ၏၊ အမြင်လျင်မြန်ထက်မြက်လာ၏၊ ထို့ကြောင့် စိတ်ကလေးများ တစ်လုံးပြီးတစ်လုံး မပြတ်ဆက်စပ်ပြီးဖြစ်ပျက်နေခြင်းကိုကိုယ် ပိုင်ဉာဏ်နှင့် ရှင်းရှင်းလင်းလင်းသိနေရ၏။

ထို့ကြောင့် ဘဝကူးပြောင်းသည့်အခါ ဤဘဝ၏စုတိစိတ်ဖြစ်ပြီး နောက် ဘဝ၏ ပဋိသန္ဓေစိတ်ဖြစ်လာခြင်းသည် စိတ်အစဉ်အတန်းကြီး၌ စိတ်တစ်လုံး ဖြစ်ပျက်ပြီး နောက်စိတ်တစ်လုံး ဖြစ်လာသည့်သဘောပင်ဖြစ်ကြောင်းကို ယောဂီ က ပြတ်ပြတ်သားသား သိနားလည်နိုင်ပါသည်။

ဤသို့ ဘဝကူးပြောင်းခြင်းသည် စိတ်အစဉ်မပြတ် ဖြစ်ပျက်သွားသည့် သဘောဖြစ်သောကြောင့်လည်း အချို့လူများသေဆုံး၍ နတ်အဖြစ် တစ္ဆေအဖြစ် သို့ ဥပပါတ်ပဋိသန္ဓေဖြင့် ရောက်သွားကြသည့်အခါ အိမ်ထဲမှ အိမ်ပြင်ထွက်လာ သူများကဲ့သို့ မိမိတို့မသေဆုံးကြသေးဟုပင် ထင်မှတ်မိကြ၏။

အင်္ဂလန်၌ လေဒီအက်စတယ်ရောဘတ်မှတစ်ဆင့် မိဘဆွေမျိုးများထံသို့ ဆက်သွယ်လာကြသည့် နတ်များသည် မိမိတို့ မသေကြောင်း၊ ဆက်လက်ပြီး အသက်ရှင်လျက်ရှိကြောင်းကို ပြောပြခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှလေတပ်မတော်တွင် အမှုထမ်းနေသော လေသူရဲတစ်ဦးသည် မိမိ၏ လေယာဉ်အပစ်ချခံရသဖြင့် သေဆုံးသွား၏။ သူသည် ဝိနိပါတိကနတ်ဖြစ်ကာ မိမိ၏ လေတပ်စခန်း၌ပင် ဆက်လက်တာဝန်ထမ်းနေ ၏။ လေဒီအက်စတယ်ရောဘတ်၏ အထိန်းနတ်ဖြစ်သည့် တိမ်နီက ထိုနတ်သား

www.burmeseclassic.com

www.burmeseclassic.com



အား သွားရောက်ခေါ်ငင်ပြီး ရှင်းပြသောအခါမှသာ ထိုနတ်သားသည် သူဘဝ ကူးပြောင်းခဲ့ရကြောင်းကို သိလာရတော့၏။

ဘဝကူးပြောင်းခြင်းသည် ဆန်းကြယ်လေစွတကား။

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

## တမလွန်ဘဝမယုံကြည်သူများ၏အကြောင်းပြချက်များ

တမလွန်ဘဝရှိကြောင်းကို မယုံကြည်သူတို့အား ဘာကြောင့်မယုံကြည်သနည်းဟု မေးမြန်းကြည့်လျှင်

"တမလွန်ဘဝရှိတာ မြင်မှမမြင်ရဘဲ၊ ဘယ်သူမှလဲ တမလွန်ဘဝရှိတာကို လက်တွေ့မပြနိုင်ဘဲ"

ဤအဖြေသည် လေးနက်မှုမရှိဘဲ ပေါ့ပြက်ပြက်ပြောဆိုလိုက်သော အဖြေသာဖြစ်၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ရသူများသည် တမလွန်ဘဝကိုမြင်နိုင်ကြသည့်အပြင် မြတ်စွာဘုရားကလည်း တမလွန်ဘဝရှိကြောင်းကို လေးလေးနက်နက် ဟောကြားတော်မူခဲ့၏။

ဤစာအုပ်တွင် ဖော်ပြထားခဲ့သော နှစ်ဆယ်ရာစုနှစ်အတွင်း ဖြစ်ပျက်ခဲ့သည့် အထောက်အထားများစွာတို့က တမလွန်ဘဝရှိကြောင်းကို ခိုင်ခိုင်လုံလုံ သိပ္ပံနည်းကျစွာ သက်သေထူပြနေကြပေ၏။

တမလွန်ဘဝကို မယုံကြည်သူတို့၏ အခြားအကြောင်းပြချက်များလည်း ရှိပေသေး၏။

(၁) တမလွန်လောကဟူသည်မှာ ဘဝကိုခင်တွယ်၍ ဘဝသစ်ကိုလိုလားသူတို့၏ တီထွင်ချက်မျှသာဖြစ်သည်။

(၂) လက်ရှိဘဝတွင် ဆင်းရဲဒုက္ခများကို ရင်ဆိုင်နေရ၍ ဤဆင်းရဲဒုက္ခမှ လွတ်မြောက်ရေးအတွက် နောင်ဘဝကို မျှော်မှန်းကာ တမလွန်ဘဝရှိသည်ဟု ယူဆလိုက်ကြ၏။

(၃) တမလွန်ဘဝအယူအဆသည် သိပ္ပံပညာအမြင်နှင့် ဆန့်ကျင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းပြချက်များကို တစ်ခုစီ စိစစ်ကြည့်လျှင် တစ်ခုမျှ မခိုင်လုံကြောင်း သိရှိနိုင်၏။ 'တမလွန်လောက' သည် ဘဝသစ်ကို လိုလားသူတို့၏ တီထွင်ချက်ဖြစ်သည်ဆိုလျှင် 'သေပြီး ဘဝပြတ်သည်' ဟူသောအယူဝါဒသည်လည်း ဘဝသစ်ကို မလိုလားသူတို့၏ တီထွင်ချက်မျှသာဖြစ်သည်ဟု တန်ပြန်ဆိုနိုင်၏။

ဤဘဝတွင် ကုသိုလ်ကောင်းမှုများကို မပြုလုပ်ဘဲ ဆိုးတေမိုက်မဲ၍ အကုသိုလ်ကံများကို ကျူးလွန်နေကြသည့်သူတို့က ကံ ကံ၏ အကျိုးရှိသည်ကိုငြင်းပယ်လိုကြ၏။ သို့အတွက် နောက်ဘဝမရှိဟု မှတ်ယူလိုကြ၏။

ဤဘဝ၌ ဆင်းရဲဒုက္ခရောက်၍ နောက်ဘဝကို လိုလားကြသည့်နည်းတူ ဤဘဝတွင် စည်းစိမ်ချမ်းသာကို ခံစားနေရပြီး ဤဘဝစည်းစိမ်မျိုးကို ဆက်ကာဆက်ကာ ခံစားလိုသဖြင့် နောက်ဘဝရှိခြင်းကို လိုလားသည်ဟုလည်း ဆိုနိုင်ပါ၏။

သို့အတွက် အကြောင်းပြချက် (၁) နှင့် (၂) တို့သည် ရေရာသော စောဒကများ မဟုတ်ပါချေ။

တမလွန်လောကမရှိဟု ယူဆသူတို့ အထူးအားကိုးသော အကြောင်းပြချက်မှာ အချက် (၃) ဖြစ်၏။ သိပ္ပံအမြင်ဟူသည်မှာ မှန်ကန်သည်ဟု လက်တွေ့ပြနိုင်သော အကြောင်းအရာကိုသာ အမှန်ဟုယူသောအမြင် ဖြစ်၏။

သို့သော် ယနေ့သိပ္ပံပညာတွင် မှန်ကန်သည်ဟု လက်တွေ့မပြနိုင်သေးသော အကြောင်းအရာများစွာတို့ကိုလည်း **အဆိုပြုချက်**[၁] (ဟိုက်ပိုးသီးဆစ်) နှင့် **ယူဆချက်**[၂] (သီအိုရီ) အဖြစ် လက်ခံထား၏။

ထို့အပြင် သိပ္ပံပညာ၏ မပြည့်စုံမှု, **ကန့်သတ်မှု**[၃] များကို မြင်သိလာကြသော အခါ သိပ္ပံပညာက လက်တွေ့မပြနိုင်သေးသည့် ပရစိတ်ပညာသဘောတရားများကိုလည်း သိပ္ပံပညာရှင်တို့ အသိအမှတ်ပြုလာကြရ၏။

သိပ္ပံပညာသည် ရုပ်သဘောတရားကိုသာ လေ့လာနိုင်ပြီး နာမ်သဘောတရားကို မလေ့လာနိုင်သေးပါ။ နာမ်သဘောတရားများ အထင်အရှားရှိနေကြောင်းကို မည်သူမျှမငြင်းနိုင်ပါ။

သိပ္ပံပညာသည်တမလွန်လောကရှိသည်ကိုလက်တွေ့မပြနိုင်သလိုတမလွန်လောကမရှိသည်ကိုလည်း လက်တွေ့မပြနိုင်ပါ။

ယနေ့သိပ္ပံပညာသည် ပရစိတ်ပညာတန်ခိုးများကို မငြင်းဆိုနိုင်ပါ။ သိပ္ပံနည်းကျစိတ်ညှို့၍ အတိတ်ဘဝမြင်သိခြင်းများနှင့် လူဝင်စားတို့၏ အတိတ်ဘဝ

---

၁။ hypothesis ၂။ theory ၃။ limitation

www.burmeseclassic.com

www.burmeseclassic.com



မြင်သိသော အထောက်အထားများကို သိပ္ပံပညာက မငြင်းကွယ်နိုင်ပါ။ ဤအ ထောက်အထားများကို သိပ္ပံပညာက မရှင်းပြနိုင်ဘဲ ဗုဒ္ဓ၏ရုပ်နာမ်ဝါဒကသာ ရှင်းပြနိုင်၏။

ထို့အပြင် သိပ္ပံပညာသည် လူမှုရေးကိစ္စများ, အထူးသဖြင့် စိတ်နှင့်ဆိုင်သော ပြဿနာများကို မဖြေရှင်းနိုင်ပါ။ ဗုဒ္ဓ၏ရုပ်နာမ်ဝါဒက ဖြေရှင်းနိုင်၏။

သိပ္ပံပညာသည် ရေမှုတ်တစ်ဖက် မီးစတစ်ဖက် ကိုင်ထားသည့်သူကဲ့သို့ အကောင်းကိုရော အဆိုးကိုပါ ဖန်တီးပေးနေ၏။

*သိပ္ပံကိရိယာများဖြင့် တောမီးလောင်သည်ကို ငြိမ်းသတ်နိုင်သော်လည်း ရာဂမီးလောင်နေခြင်း, ဒေါသမီးလောင်နေခြင်း, မောဟမီးလောင်နေခြင်း စသည်တို့ကို မငြိမ်းသတ်နိုင်ပါ။*

*ဗုဒ္ဓ၏ဝါဒသည် မေတ္တာဝါဒ, သစ္စာဝါဒဖြစ်၍ အဆိုးကိုနှိမ်နင်းပြီး အကောင်းကိုသာ ဖန်တီးပေးနေ၏။ ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး စသည့် လူအပေါင်းတို့အား နှိပ်စက်လောင်မြိုက်နေကြသော မီး ၁၁ ပါးစလုံးကို ငြိမ်းသတ်ပေးနိုင်၏။*

သို့ဖြစ်လျှင် သိပ္ပံပညာသည် ကိုးကွယ်စရာလား၊ ဗုဒ္ဓ၏ဝါဒဖြစ်သော တရားတော်သည် ကိုးကွယ်စရာလား၊ တွေဝေနေသူများ အထူးစဉ်းစားထိုက်သောအချက်ပေတည်း။

## ပါယာသိမင်း၏ ဥစ္ဆေဒဒိဋ္ဌိ

သိပ္ပံပညာထွန်းကားသောယခုခေတ်၌ နောက်ဘဝရှိခြင်းကို ယုံမှားသူများ ရှိသည်ကို ထားဘိဦး။ ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်ခိုက် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာ ထိန်ထိန်သာနေသည့်အခါသမယတွင်ပင် တမလွန်လောကမရှိဟု ယုံမှတ်နေသူတို့ များစွာရှိခဲ့ကြ၏။

ထိုသူတို့အထဲ၌ ကောသလတိုင်း သေတဗျမြို့ကိုအပိုင်စားရသော **ပါယာသိမင်း** သည် အလွန်ထင်ရှားသူတစ်ဦးဖြစ်ပေ၏။

ပါယာသိမင်းသည် သိပ္ပံနည်းမကျသော လက်တွေ့သုတေသနများကို ပြုလုပ်ပြီး တမလွန်ဘဝမရှိဟု စွဲစွဲမြဲမြဲယုံကြည်နေသူတစ်ဦး ဖြစ်၏။

ထိုစဉ်အခါ ရဟန်းငါးရာတို့နှင့်အတူ သေတဗျမြို့သို့ ခရီးဒေသစာရီကြွချီလာသူမှာ **အရှင်ကုမာရကဿပ** ဖြစ်၏။ ဤမထေရ်သည် သာမညပုဂ္ဂိုလ်မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်းကြယ်ကြယ် အံ့ဖွယ်ရာတရားစကားများကို ဟောကြားရာ၌ အတော်ဆုံး, အကောင်းဆုံးဟူသည့် ဧတဒဂ်ဘွဲ့ထူးကို ရရှိထားသူပေတည်း။

ပါယာသိမင်းနှင့်အရှင်ကုမာရကဿပတို့ တွေ့ဆုံကြလေပြီ။ ပါယာသိမင်းသည် သူ၏လက်တွေ့သုတေသနပြုချက်များကို တင်ပြ၍ နောက်ဘဝရှိကြောင်းကို ငြင်းဆို၏။ အရှင်ကုမာရကဿပက ဥပမာ ၁၄ ရပ်တို့ဖြင့် တန်ဆာဆင်၍ ပါယာသိမင်း၏ ဥစ္ဆေဒဒိဋ္ဌိကို ချေဖျက်တော်မူ၏။

ဤအကြောင်းအရာတို့သည် ခေတ်သစ်ဥစ္ဆေဒဒိဋ္ဌိအယူရှိသူများအတွက် အလွန်မှတ်သားဖွယ်ကောင်းသဖြင့် **သဲကုန်းအရှင်ဉာဏိသရ ဆရာတော် ဟောကြားတော်မူသည့် 'ပါယာသိသုတ္တန်တရားတော်'**[၁]ကြီးကို ကိုးကားလျက် လိုရင်းအချက်များကို ထုတ်နုတ်တင်ပြပါအံ့။

## ပရလောက ရှိ မရှိ

"အရှင်ဘုရား...တပည့်တော်သည် ဤသို့သောအယူဝါဒရှိပါ၏၊ တမလွန်လောကသည်မရှိ၊ ခုန်ပျံကာရောက်လာသကဲ့သို့ ဘွားခနဲပေါ်ပေါက်လာကြသော နတ်ဗြဟ္မာများ, ငရဲသားများနှင့် ပြိတ္တာများသည်မရှိ၊ ကုသိုလ်ကံ, အကုသိုလ်ကံနှင့် ထိုကံတို့၏အကျိုးသည်မရှိဟု ယုံကြည်ပါသည်ဘုရား"

"ဒကာတော်ပါယာသိမင်းကြီး၊ ငါသည် အရပ်ရှစ်မျက်နှာသို့လှည့်လည်၍ တရားဓမ္မကိုဟောကြားခဲ့ပေ၏။ သင်ကဲ့သို့အယူဝါဒရှိသူကို တစ်ကြိမ်တစ်ခါမျှ မြင်လဲ မမြင်ဖူး၊ ကြားလဲ မကြားဖူးခဲ့။ သင့်အား ငါမေးပါအံ့၊ လနှင့်နေတို့သည် ဤလောကထဲမှာ ရှိသလား၊ ပရလောကထဲမှာ ရှိသလား၊ လနှင့်နေတို့သည် နတ်လောကလား၊ လူ့လောကလား၊ သင်မင်းကြီး နှစ်သက်သလိုဖြေပါ"

မာနဖြင့် ထောင်လွှားနေသော ပါယာသိမင်း၏ဦးခေါင်းသည် ညွတ်ကျသွား၏။ နေနှင့်လတို့သည် စတုမဟာရာဇ်နတ်လောကတွင် ပါဝင်နေသည့်အကြောင်းကို သူကြားဖူး၏။

"အို...အရှင်ကုမာရကဿပ၊ နေနှင့်လတို့သည် ပရလောက၌ ဖြစ်ကြ၏၊ လူ့လောက၌မဖြစ်။ နေနတ်သားနှင့် လနတ်သားတို့သည် နတ်တို့ဖြစ်ကြပါ၏၊ လူသားတို့မဟုတ်ကြပါ၊"

"သို့ဖြစ်လျှင် ပရလောကသည် အထင်အရှားရှိ၏။ ကိုယ်ထင်ရှား ဘွားခနဲ

---

၁။ သဲကုန်းအရှင်ဉာဏိသရ၊ 'ပါယာသိသုတ္တန်တရားတော်'၊ မိုးပွင့်စာပေ၊ ၁၉၈၅ ခု။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် ဩပပါတိကသတ္တဝါလဲ ရှိ၏၊ ကုသိုလ်ကံ, အကုသိုလ်ကံနှင့် ထိုကံတို့၏ ကောင်းကျိုး, ဆိုးကျိုးသည်လည်း ရှိသည်မဟုတ်လော"

"အရှင်ဘုရား၏စကားသည် သင့်လျော်ပါ၏။ သို့သော် တပည့်တော်၏ အယူဝါဒသည် ပြောင်းလဲခြင်းမရှိပါ။"

## ငရဲပြည်မှ သတင်းပို့သူမရှိ

"အရှင်ဘုရား...တပည့်တော် ထပ်မေးပါရစေ၊ တပည့်တော်သိကျွမ်းသည့် သူများထဲတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူတတ်ခြင်းစသော ဒုစရိုက်အမှုများကို ကျူးလွန်နေသူများရှိပါ၏။ ထိုသူတို့ သေခါနီးသောအခါ 'အမောင်တို့...အမောင်တို့သေလွန်ပြီးနောက် အကယ်၍ ငရဲပြည်သို့ရောက်သွားလျှင် ငရဲအိုးသို့မဆင်းမီ ငါ့ထံလာရောက်ပြီး ငရဲရှိကြောင်းကို ပြောစမ်းပါ'ဟု တပည့်တော် မှာကြားလိုက်ပါ၏။ ထိုသူတို့လဲ ကောင်းပါပြီဟု ကတိပေးကြပါ၏။ သို့သော် တစ်ဦးတစ်ယောက်မျှ ပြန်လာ၍ မပြောကြားကြပါဘုရား။ ထို့ကြောင့် နောက်ဘဝမရှိ၊ ငရဲမရှိ၊ အကုသိုလ်ကံနှင့် ထိုကံ၏အကျိုးမရှိဟု တပည့်တော် ယုံကြည်ပါသည်ဘုရား"

"ပါယာသိမင်းကြီး...သင့်အား ပြန်မေးပါရစေ၊ မင်းချင်းယောကျ်ားများသည် လူဆိုးတစ်ဦးကိုဖမ်းဆီးပြီး သင်မင်းကြီးထံသို့ ယူဆောင်လာကြ၏၊ ပြစ်မှုထင်ရှားသဖြင့် ထိုသူအား သင်မင်းကြီးကသေဒဏ်ချမှတ်လိုက်၏။ အာဏာသားတို့သည် ထိုရာဇဝတ်သားကို လက်ပြန်ကြိုးတုပ်၍ တောင်စမုခ်မှ ခေါ်ထုတ်ကြပြီးလျှင် သုသာန်၌ သတ်ရန်ပြင်ဆင်ကြကုန်၏။ ထိုအခါ ရာဇဝတ်သားက 'ခေတ္တဆိုင်းပါဦး၊ ကျွန်ုပ်၏ဆွေမျိုးများထံသို့သွား၍နှုတ်ဆက်ပါရစေဦး'ဟု ခွင့်တောင်းလျှင် ခွင့်ရနိုင်ပါအံ့လော"

"ခွင့်မရနိုင်ပါ၊ ထိုသူငိုကြွေးမြည်တမ်းနေဆဲမှာပင် သူ၏ဦးခေါင်းကို ပါးကွက်သားတို့က ဖြတ်လိုက်ကြမည်ဖြစ်ပါသည်ဘုရား"

"မင်းကြီး...လူသားအချင်းချင်းကပင် ခွင့်မပြုနိုင်ကြသေးလျှင် ငရဲထိန်းတို့ကား ဒုစရိုက်သားအား သင်မင်းကြီးထံသို့ အဘယ်မှာပြန်ခွင့်ပြုနိုင်ပါအံ့နည်း၊ ထိုသူအား ငရဲအိုးထဲသို့ ချက်ချင်းပစ်ချလိုက်မည်သာတည်း၊ ထို့ကြောင့် သင်မင်းကြီး၏အယူအမှားကို စွန့်လွှတ်လိုက်ပါလော့"

www.burmeseclassic.com

www.burmeseclassic.com



## နတ်ပြည်မှ သတင်းပေးပို့သူ မရှိ

"အရှင်ဘုရား...တပည့်တော်မှာ ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိကြသော မိတ်ဆွေများ ရှိပါ၏။ ထိုသူတို့သေလွန်ခါနီးတွင် 'အမောင်တို့...သေလွန်ပြီး နတ်ပြည်သို့ရောက်လျှင် နတ်ပြည်ရှိကြောင်းကို ကျွန်ုပ်အား လာရောက်ပြီး ပြောကြားကြပါ'ဟု မှာကြားခဲ့ပါသည်ဘုရား၊ ထိုသူတို့က ဝန်ခံကတိပေးကြသော်လည်း တစ်ဦးတစ်ယောက်မျှ ပြန်လာ၍ပြောပြခြင်းမရှိပါ။ ထို့ကြောင့် နောက်ဘဝမရှိ၊ နတ်လောကမရှိ၊ ကုသိုလ်ကံနှင့် ထိုကံ၏ အကျိုးမရှိဟု တပည့်တော်ယုံကြည်ပါသည် ဘုရား"

"ဒကာတော်ပါယာသိမင်း၊ သင့်အား ဥပမာတစ်ခုကို ဆောင်ပြပါအံ့။ ဉာဏ်ရှိသော အမျိုးကောင်းသားမှန်သမျှတို့သည် ဥပမာဆောင်ပြလျှင် ဆိုလိုရင်းအနက်သဘောကိုသိနားလည်ကြကုန်၏။ မင်းကြီး...သင်၏ မင်းချင်းတစ်ယောက်သည် မစင်ပြည့်နေသော တွင်းထဲသို့ ဦးခေါင်းနှင့်တကွ နစ်မြုပ်နေသည်ဆိုပါစို့၊ ဤအကြောင်းကို သင်မင်းကြီးသိလျှင် မည်သို့လုပ်ဆောင်မည်နည်း"

"ထိုသူအား မစင်တွင်းမှဆယ်ထုတ်ရန် မင်းယောကျ်ားတို့ကို စေခိုင်းပါမည်"

"ဆယ်ထုတ်လိုက်သည့်အခါ ထိုသူ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် မစင်များနှင့် ပိုးလောက်များ တွယ်ကပ်နေပေလိမ့်မည်။ ထို့ကြောင့် မင်းချင်းတို့အား ထိုသူ၏ ကိုယ်ပေါ်သို့ ရေသွန်းလောင်းစေ၍ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်စေပြီးလျှင် အမွှေးနံ့သာများဖြင့် လိမ်းကျံစေသည်ဆိုပါစို့၊ ထိုနောက်တစ်ဖန် ထိုသူအား အဖိုးထိုက်တန်သည့်အဝတ်ပုဆိုးတို့ကို ဝတ်ဆင်စေပြီးလျှင် ပြာသာဒ်ထက်သို့ တင်ပေးလိုက်သည်ဆိုပါစို့၊ ထို့နောက်တစ်ဖန် ထိုသူအား မင်းဧကရာဇ်စည်းစိမ်တမျှ ခမ်းနားထည်ဝါသော ကာမဂုဏ်စည်းစိမ်ကို ခံစားခွင့်ပေးလိုက်သည်ဆိုပါစို့၊ ထိုအခါ ထိုသူသည် မစင်တွင်းသို့ တစ်ဖန်ပြန်ဆင်းလိုသောဆန္ဒရှိပါဦးမည်လော"

"မရှိနိုင်ပါဘုရား"

"ဒကာတော်မင်းကြီး...လူ့စည်းစိမ်နှင့် နတ်စည်းစိမ်ဟူသည်မှာ မစင်တွင်းနှင့် မင်းဧကရာဇ်စည်းစိမ်တမျှ ကွာခြားလှပါ၏။ နတ်တို့အဖို့ လူ၏ ခန္ဓာကိုယ်သည် ရွံရှာစက်ဆုပ်ဖွယ်ကြီး ဖြစ်ပေ၏၊ လူတို့၏ အနံ့သည် ယူဇနာတစ်ရာ (မိုင် ၈၀၀) အကွာအဝေးမှပင် နတ်တို့အား နှိပ်စက်နိုင်ပါ၏။ ထို့ကြောင့် နတ်တစ်ပါးက လူ့ရပ်ထံသို့လာရောက်ရခြင်းသည် မင်းဧကရာဇ်က မစင်တွင်းသို့သက်ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရသလောက် ဝန်လေးလှပါ၏။ ထို့ကြောင့် သင်၏မိတ်ဆွေများသည် နတ်ပြည်သို့ရောက်သွားပြီးသည့်နောက် သင့်ထံသို့လာချင်ပါဦးမည်လား"

"မလာချင်ပါဘုရား၊ သို့သော် နတ်ပြည်ရှိကြောင်းအထောက်အထားကို တပည့်တော်မသိရသဖြင့် နတ်ပြည်ရှိခြင်းကို တပည့်တော်မယုံကြည်နိုင်ပါဘုရား"

"ဒကာတော်မင်းကြီး...တာဝတိံသာနတ်တို့၏ တစ်ရက်တာသည် လူတို့၏နှစ်တစ်ရာနှင့် ညီမျှ၏။ တာဝတိံသာသို့ရောက်သွားသော သင်၏မိတ်ဆွေတို့က နတ်စည်းစိမ်ကို တစ်ရက်ခံစားပြီးမှ သင့်ထံသို့လာလျှင် သင်ရှိပါဦးမည်လော"

"မရှိတော့ပါ"

"ထို့ကြောင့် နတ်ပြည်ရှိသည်ဟုယုံကြည်လိုက်ပါ ဒကာတော်မင်းကြီး"

"အရှင်ကုမာရကဿပ...တာဝတိံသာနတ်ပြည်ရှိသည်ကို အရှင့်အား မည်သူပြောထားပါသနည်း။ ထိုနတ်ပြည်ကို တပည့်တော်မမြင်ဖူးမတွေ့ဖူးပါ၊ ထို့ကြောင့် နတ်ပြည်ရှိသည်ကို မယုံကြည်နိုင်ပါဘုရား"

## မမြင်ရ မသိရလျှင် မယုံနိုင်

"ဒကာတော်မင်းကြီး...သင်၏စကားသည် မျက်စိကန်းနေသူ၏စကားနှင့် တူပေ၏"

"သူကန်းတို့သည် မည်သို့ပြောဆိုပါသလဲဘုရား"

"မိခင်ဝမ်းတွင်းက မျက်စိကန်းလာသောသူသည် အမည်း, အဖြူ, အညို, အဝါ, အနီ, ပန်းရောင်ဟူသော အဆင်းခြောက်ပါးတို့ကို မမြင်ဖူးချေ၊ ရေ, မြေ, တော,တောင်, ပင်လယ်, သမုဒ္ဒရာ, နေ, လနှင့် ကြယ်တာရာများကိုလဲ မမြင်ဖူးချေ။ ထို့ကြောင့် ထိုသူကန်းသည် အမည်းရောင်, အဖြူရောင် စသောအဆင်းများသည် မရှိကုန်၊ ရေ, မြေ, တော, တောင်, ပင်လယ်, သမုဒ္ဒရာ, နေ, လ, နက္ခတ်တို့သည် မရှိကုန်ဟု ပြောဆိုလေ၏။ ထိုသို့ ပြောဆိုခြင်းသည် ကောင်းမွန်မှန်ကန်သော, တရားနည်းလမ်းကျသော ပြောဆိုခြင်း ဖြစ်ပါသလား"

"မဖြစ်နိုင်ပါဘုရား"

"ဒကာတော်မင်းကြီး...သင်သည် ပရလောကဖြစ်သည့် နောက်ဘဝ, နတ်လောက, ဗြဟ္မာလောက, ငရဲလောကတို့ကို မံသစက္ခုနှင့်မြင်တွေ့နိုင်မှ ယုံကြည်မည်ဟု ပြောဆိုနေခဲ့၏။ ဤပရလောကတို့ကို မံသစက္ခုနှင့် မမြင်တွေ့နိုင်ပါ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်သာ မြင်တွေ့နိုင်၏။ ထို့ကြောင့် ပရလောကကိုသင်မြင်တွေ့လိုလျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ရအောင် အားထုတ်ပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ပါယာသိမင်းကြီးသည် ငြိမ်သက်စွာ ငုံ့နေပေ၏။

"ဒကာတော်မင်းကြီး...သင်သည် ဒိဗ္ဗစက္ခုကို မရသဖြင့် ဒေဝလောကနှင့် ငရဲလောကတို့ကို မမြင်နိုင်။ ထိုသို့မမြင်ရသည့်အတွက် ဒေဝလောကမရှိ၊ ငရဲလောကမရှိ၊ ပရလောကကို မြင်သိသူမရှိဟု သင်ဆို၏။ ဤစကားသည် နတ်လောက, ဗြဟ္မာလောကတို့ကို ပယ်မြစ်ရာရောက်၏၊ ပရလောကကို မြင်ဖူးကြသည့် အဘိညာဉ်ရသူတော်ကောင်းများနှင့် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်များကိုလည်း ပယ်မြစ်ရာရောက်၏။ သင်၏စကားသည် ဝန်လေးလှပါ၏။ ထို့ကြောင့် နောက်ဘဝမရှိ၊ ပ ရလောကမရှိ၊ ကံနှင့်ကံ၏ အကျိုးမရှိဟူသော သင်၏ အယူမှားကို စွန့်လွှတ်လိုက်ပါလော့"

## နတ်ပြည်ရောက်မယ်ဆို သေဖို့ကြောက်သလား

"အရှင်ဘုရား...တပည့်တော်သည် သီလနှင့်ပြည့်စုံသော သူတော်ကောင်းများကို မြင်တွေ့ဖူးပါ၏။ သီလနှင့်ပြည့်စုံကြသောသူတို့သည် သေလျှင် နတ်ပြည်သို့ရောက်မည်ဟု အရှင်ဘုရားတို့ဟောကြားထားသော်လည်း ထိုသူတော်ကောင်းတို့သည် သေရမည်ကို ကြောက်ရွံ့နေကြပါသည်ဘုရား၊ အနာကင်းရန်, အသက်ရှည်ရန် သူတို့ဆုတောင်းနေကြပါသည်ဘုရား၊ သူတို့သည် မစင်တွင်းနှင့်တူသော လူ့ပြည်မှ ဖယ်ခွာပြီး ကာမဂုဏ်ချမ်းသာကြီးကျယ်သည့် နတ်ပြည်သို့ မြန်မြန်ရောက်အောင် မိမိတို့ကိုယ်တိုင်သတ်သေကြဖို့ကောင်း၏။ သို့သော် ဤသို့ မိမိကိုယ်ကို အဆုံးစီရင်လိုက်သော သူတော်ကောင်းကို တပည့်တော်မမြင်တွေ့ဖူးပါဘုရား"

"ဒကာတော်မင်းကြီး...သင့်အား ဥပမာတစ်ခု ဆောင်ပြပါဦးအံ့။ ရှေးအခါက ပုဏ္ဏားကြီးတစ်ဦး၌ ဇနီးနှစ်ယောက်ရှိ၏၊ ဇနီးတစ်ဦး၌ ၁၂ နှစ်သားအရွယ်သားတစ်ဦးရှိ၏၊ ကျန်ဇနီးတစ်ဦးတွင် ကိုယ်ဝန်အရင့်အမာရှိပေ၏။ ပုဏ္ဏားကြီး ရုတ်တရက်သေဆုံးသွားသဖြင့် ပုဏ္ဏား၏ သားသည် ပစ္စည်းဥစ္စာအလုံးစုံကို မိမိပိုင်သည်၊ မိမိအားပေးလော့ဟု မိထွေးထံတောင်းဆို၏။ မိထွေးက 'ငါ...သားဖွားတဲ့အထိ စောင့်ပါဦး၊ သားကလေး ဖွားမြင်လျှင် ငါ့သားလဲ ပစ္စည်းဥစ္စာများကို အချို့တစ်ဝက် ပိုင်ဆိုင်ပါလိမ့်မည်၊ သမီးကလေးဖွားလျှင် ထိုသမီးကို သင့်အား အလုပ်အကျွေးအဖြစ် ပေးအပ်ပါမည်'ဟု ဆို၏။

"ပုဏ္ဏားက 'မစောင့်နိုင်တော့ဘူး၊ ပစ္စည်းဥစ္စာများကို ယခုပင်ပေးလော့'ဟု သုံးကြိမ်တိုင်တိုင် တောင်းဆို၏။ ထိုအခါ ပုဏ္ဏေးမသည် ဓားကို ကိုင်စွဲ၍ 'ငါ့ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ထဲက ကလေးငယ်သည် သားလော သမီးလော...ယခုချက်ချင်းသိရန် ငါပြမည်' ဟု ကြွေးကြော်ကာ မိမိ၏ ဝမ်းဗိုက်ကို ခွဲချလိုက်လေ၏။

"ထိုအခါ ပုဏ္ဏေးမသည် မိမိကိုလဲဖျက်ဆီး၏၊ အမွေခံသားကိုလဲ ဖျက်ဆီး၏၊ အမွေပစ္စည်းဥစ္စာတို့ကိုလဲ ဖျက်ဆီး၏။ ပညာရှိသူတော်ကောင်းတို့သည် မကုန်ဆုံးသေးသော အာယုသင်္ခါရကို ကုန်အောင်မလုပ်ကြကုန်၊ မိမိနှင့်သူတစ်ပါးတို့၏အကျိုးပျက်စီးခြင်းကို မပြုလုပ်ကြကုန်၊ အာယုသင်္ခါရကုန်မည့်အချိန်ကို စောင့်ဆိုင်းလျက် မိမိနှင့်သူတစ်ပါးတို့အကျိုးရှိအောင် သူတော်ကောင်းတရားကို အားထုတ်ကြကုန်၏။ ဤအကြောင်းကြောင့် သင်၏အယူမှားကို စွန့်လွှတ်လိုက်ပါလော့...ဒကာတော်မင်းကြီး"

## လိပ်ပြာထွက်တာ မမြင်ဖူးပါ

"အရှင်ဘုရား...တပည့်တော်တွင် အယူဝါဒမပြောင်းလဲနိုင်သောအကြောင်း ရှိပါသေး၏၊ သေဒဏ်ကျသည့် ရာဇဝတ်သားတစ်ယောက်ကို စဥ့်အိုးကြီးတစ်လုံးတွင်ထည့်စေပြီးသော် အိုးအဖုံးကို ဖုံးအုပ်၍ သားရေကျက်စေပြီးလျှင် လေလုံအောင် မြေစေးနှင့်မံစေပါသည်ဘုရား၊ ထိုစဥ့်အိုးကို ဖိုခုံလောက်ပေါ်တင်၍ ရာဇဝတ်သားသေလောက်သည်အထိ မီးတိုက်စေပါသည်ဘုရား။

"ထို့နောက် အိုး၏အဖုံးကို နည်းနည်းချင်းတဖြည်းဖြည်းဖွင့်စေ၍ ရာဇဝတ်သားမှထွက်လာသောအသက်ကိုချောင်းမြောင်းကြည့်ရှုကြပါသည်ဘုရား၊အသက်ထွက်လာသည်ကိုမမြင်တွေ့ကြရပါ၊ ထို့ကြောင့် နောက်ဘဝမရှိသည်ကို တပည့်တော်သိရပါသည်ဘုရား"

ပါယာသိမင်းသည် လူသေသောအခါ ခန္ဓာကိုယ်ထဲမှ ဇီဝအတ္တ (ဝါ) ဝိညာဉ်ကောင် (ဝါ) လိပ်ပြာကောင် ထွက်လာလိမ့်မည်၊ ထိုဇီဝအတ္တသည် ငှက်ကလေးတစ်ကောင်က သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်ပျံကူးသွားသလို ခန္ဓာတစ်ခုမှတစ်ခုသို့ ကူးပြောင်းသွားလိမ့်မည်ဟု သဿတဒိဋ္ဌိအယူအတိုင်း တွေးဆခဲ့၏။ ထိုလိပ်ပြာကောင်ကို မမြင်ရသေးသောအခါ မူလဥစ္ဆေဒဒိဋ္ဌိကိုပင် ပြန်စွဲယူထား၏။

အရှင်ကုမာရကဿပသည် အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးအုပ်စေခြင်းငှာ ပါယာသိမင်းအား ဤသို့မေးမြန်းလေ၏။

"ဒကာတော်မင်းကြီး...သင်သည် နေ့ခင်းအခါက ပြာသာဒ်ထက်၌ အပန်းဖြေအိပ်စက်နေစဉ် ပန်းမန်များဖူးပွင့်နေသော ဥယျာဉ်ပန်းခြံအတွင်း၌ လှည့်လည်ခြင်း, စိမ်းလန်းစိုပြည်သည့်ရေကန်ဝန်းကျင်၌ မွေ့လျော်ခြင်းစသည်တို့ကိုအိပ်မက်မြင်မက်ဖူးပါသလော"

www.burmeseclassic.com

www.burmeseclassic.com



"မြင်မက်ဖူးပါ၏"

"ထိုသို့မြင်မက်သည့်အခါ၌ အသင်မင်းကြီး၏အသက်လိပ်ပြာသည် ထို ဥယျာဉ်ပန်းခြံ, ရေကန်ရှိရာသို့ ထွက်သွားသည်ကို အစောင့်မောင်းမများက မြင် တွေ့လိုက်ကြပါသလား"

"မတွေ့လိုက်ကြပါ"

"ပါယာသိမင်းကြီး...အသက်ရှင်နေဆဲဖြစ်သော သင်မင်းကြီး၏ အသက် လိပ်ပြာက အိပ်မက်အတွင်း၌ ထွက်ချည်ဝင်ချည်ပြုနေသည်ကို သင်မင်းကြီးအား စောင့်ကြည့်နေကြသည့်မောင်းမများက မမြင်တွေ့ကြရလျှင် သေသွားသောပုဂ္ဂိုလ် တစ်ဦး၏အသက်ဝိညာဉ်ကို သင်မင်းကြီး ရှာဖွေ၍တွေ့နိုင်ပါအံ့လော"

အသက်ဝိညာဉ်ကောင်(ဝါ)လိပ်ပြာမရှိသည်ကိုအရှင်ကုမာရကဿပ သိပြီး ဖြစ်၏။ စိတ်သည် ပြင်ပအာရုံဆီသို့ထွက်ခွာမသွားဘဲ ခြသေ့်က မိမိဂူအတွင်း၌ အောင်းနေသကဲ့သို့ ဟဒယဝတ္ထု၌ကိန်းအောင်းနေသည်ကိုလည်း အရှင်မြတ် သိ ပါ၏။ သို့သော် ကတ်သီးကတ်သတ်စကားကို အလားတူစကားဖြင့်ပင် ပြန်အုပ် ၍ချေပပါမှ အလွယ်တကူပြေလည်သည်မဟုတ်ပါလား။

ပါယာသိမင်းကြီးသည် လိပ်ပြာကောင်ကို မမြင်တွေ့နိုင်ကြောင်း လက်ခံပါ သော်လည်း မိမိ၏ဥစ္ဆေဒဒိဋ္ဌိအယူကို မပြောင်းသေးဟုဆို၏။

## လူသေသောအခါ ကိုယ်အလေးချိန်တိုးလား

"အရှင်ဘုရား...သေဒဏ်သင့်သော ရာဇဝတ်သားတစ်ဦးကို တပည့်တော် ၏မင်းချင်းများသည် ချိန်ခွင်ကတ္တားမှာ သေသေချာချာချိန်ထားလိုက်ကြပါ၏၊ ထိုသူ၏အသက်လိပ်ပြာသည် ပါးစပ်, နှာခေါင်းတို့နှင့် ငယ်ထိပ်တို့မှ မထွက်နိုင် အောင် လည်ပင်းကို လေးညှို့ကြိုးနှင့်ပတ်၍ တင်းနေအောင် စက်သီးဖြင့်ဆွဲကြ ပါ၏၊ ထိုရာဇဝတ်သားသေဆုံးပြီးသောအခါ ခန္ဓာကိုယ်ကို တစ်ဖန်ချိန်ကြည့်ပါ သည်ဘုရား။

"အသက်ရှင်ဆဲကာလ၌ ထိုရာဇဝတ်သား၏ကိုယ်ခန္ဓာသည် ပေါ့၏၊ နူးညံ့ ပျော့ပျောင်းပြီး အမှုကိစ္စ၌ ခန့်ခန့်ညားညားရှိ၏၊ သေလွန်ပြီးသောအခါ၌မူ ကိုယ် ခန္ဓာသည် လေး၏၊ တောင့်တင်းခက်မာပြီး ကြမ်းတမ်းခက်တရော်မှုရှိလာ၏။ အကယ်၍ အသက်ထွက်သွားလျှင် ကိုယ်ခန္ဓာပေါ့သွားဖို့ သင့်ပါ၏၊ ယခု မပေါ့ သည့်အပြင် ပို၍ပင်လေးလာသောအတွက်ကြောင့် အသက်ထွက်သွားခြင်း နောက် ဘဝကူးသွားခြင်းကို တပည့်တော်မယုံကြည်နိုင်ပါဘုရား၊ ထို့ကြောင့် နောက်ဘဝ မရှိဟု တပည့်တော်ယုံကြည်ပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒကာတော်မင်းကြီး...သင်ပြသောဥပမာကို ငါ မငြင်းပယ်ပါ၊ ငါပြသော ဥပမာကိုလဲ သင်နားထောင်ပါဦးလော့။ မီးထဲတွင် တစ်နေ့လုံးဖုတ်ထားသဖြင့် ရဲရဲတောက်နေသောသံခဲကြီးကို ချိန်လိုက်စမ်းပါ၊ ထိုသံခဲကြီးကို အအေးခံပြီး အပူဓာတ် လုံးဝကုန်သွားသည့်အခါ၌ တစ်ဖန်ချိန်ပါဦး၊ မည်သို့ထူးခြားသည် သင်ထင်ပါသနည်း"

"အရှင်ဘုရား...သံခဲကြီး ရဲရဲတောက်ပူနေသောအခါ၌ ပေါ့လဲပေါ့၏၊ ပျော့ ပျော့ပျောင်းပျောင်းလဲ ရှိ၏၊ အလိုရှိသောပုံစံသို့လဲ ထုလုပ်၍ရ၏၊ အေးသောအခါ လေးလဲလေး၏၊ မာကျောတောင့်တင်းပြီး ကြမ်းတမ်းခက်တရော်ခြင်းလဲ ရှိ၏"

"မှန်ပေသည်...ဒကာတော်မင်းကြီး၊ သံခဲကြီး ရဲရဲတောက်ပူလောင်နေသော အခါ၌ အပေါ့ဓာတ်ဖြစ်ကြသည့် တေဇောနှင့်ဝါယောတို့ လွှမ်းကဲနေကြ၏၊ ထို့ကြောင့် သံခဲကြီးသည် ပေါ့ပါးပျော့ပျောင်း၏။ အေးစက်သွားသည့်အခါ၌ အလေးဓာတ်ဖြစ်ကြသော ပထဝီနှင့်အာပေါတို့ လွှမ်းကဲလာကြ၏၊ သို့အတွက် သံခဲကြီးသည် လေးလံပျင်းတွဲ၍ မာကျောလာ၏။

"လူ၏ခန္ဓာကိုယ်၌လဲ အသက်ရှင်ဆဲအခါတွင် အာယုဟူသည့် ရုပ်ဇီဝိတ (ရုပ်အသက်) လဲ ရှိ၏၊ ဥသ္မာခေါ်သော ကမ္မဇတေဇောလဲ ရှိ၏၊ ဝိညာဉ်ဟူသည့် ဝိညာဏက္ခန္ဓာလဲ ရှိ၏၊ ဝိညာဉ်နှင့်တွဲဖက်သော ဝေဒနာ, သညာ, သင်္ခါရဟူသည့် အခြားနာမ်ခန္ဓာသုံးပါးလဲ ရှိ၏။ ဤအကြောင်းတို့ကြောင့် ခန္ဓာကိုယ်သည် ပေါ့ ပါးသွက်လက်၍ ပျော့ပျောင်းခန့်ညား၏။

"သေသွားသည့်အခါ၌မူ ခန္ဓာကိုယ်၌ အာယု, ဥသ္မာနှင့် ဝိညာဉ်တို့ မရှိကြ တော့၊ ထို့ကြောင့် ခန္ဓာကိုယ်သည် လေးလံမာကျော၍ ကြမ်းတမ်းခက်တရော် ခြင်း ဖြစ်လာရသည်ဒကာတော်မင်းကြီး၊ ထို့ကြောင့် နောက်ဘဝမရှိ တမလွန် လောကမရှိ၊ ကံနှင့် ကံ၏ အကျိုးမရှိဟူသော သင်၏အယူများကို စွန့်ပယ်လိုက် ပါလော့"

## ခရသင်းကြီး၏အသံ ဘယ်မှာလဲ

"အရှင်ဘုရား... တပည့်တော်၏ အယူကို မစွန့်နိုင်သောအကြောင်း ရှိပါ သေးသည်။ တပည့်တော်သည် မင်းပြစ်ဒဏ်သင့်နေသော ရာဇဝတ်သားတစ်ဦး ကို အရေထူ အရေပါးတို့ကိုလဲ မပျက်စေဘဲ အကြောအရိုးတို့ကိုလဲ မပျက်စီးစေ ဘဲ ခန္ဓာကိုယ်အား တစ်စုံတစ်ရာမျှမပျက်စီးစေဘဲ သတ်လိုက်ကြပါဟု မင်းချင်း တို့ကို အမိန့်ပေးလိုက်ပါသည်ဘုရား။ ထိုရာဇဝတ်သားတစ်ဝက်သေသောအခါ (ဝါ) သေလုလုမျှောနေသောအခါ သူ၏ခန္ဓာကိုယ်ကို မှောက်ခုံထား၍လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ တစောင်းထား၍လည်းကောင်း၊ ပက်လက်လှန်ထား၍လည်းကောင်း မည်သည့်အပေါက်က အသက်ထွက်သွားမည်ကို တပည့်တော်တို့ စောင့်ကြည့်ပါသည်ဘုရား။ သို့ပါသော်လဲ အသက်ထွက်သွားသည်ကို တပည့်တော်တို့မမြင်တွေ့ကြရပါ၊ ထို့ကြောင့် လက်ရှိခန္ဓာကိုယ်ထဲမှ အသက်ထွက်ပြီး နောက်ဘဝသို့ကူးသွားသည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ၊ သို့အတွက် နောက်ဘဝမရှိနိုင်ပါဘုရား"

"ဒကာတော်မင်းကြီး...သင်၏ယုံမှားမှုကို ချေဖျောက်ရန် သာဓကတစ်ခုဆောင်ပြပါဦးအံ့၊ ရှေးအခါက ခရုသင်းမှုတ်၍ အသက်မွေးဝမ်းကျောင်းသူတစ်ဦးသည် တိုင်းပြည်၏အစွန်အဖျား ဗဟုသုတအလွန်ခေါင်းပါးသော ပစ္စန္တရစ်အရပ်သို့ ရောက်သွား၏၊ ခရုသင်းကို သုံးကြိမ်မှုတ်ပြီး ထိုင်နေလိုက်၏။ ထိုခရုသင်းသံကို တစ်ရွာလုံးကလူများ ကြားလိုက်ကြရ၏။ ထိုထူးဆန်းသောအသံသည် ဘာသံလဲဟု သိလိုကြသဖြင့် တစ်ရွာလုံးအုတ်အုတ်ကျက်ကျက် ထွက်လာကြ၏။

"ခရုသင်းကြီးကိုချပြီး ထိုင်နေသည့်လူကို ရွာသားများက ဝိုင်းအုံပြီး မေးမြန်းကြ၏၊ 'အို...သူငယ်ချင်း အလွန်ကြည်နူးစရာ တပ်မက်စရာ တွေဝေစရာမိန်းမောစရာကောင်းသည့် အသံတစ်သံကို ငါတို့ကြားလိုက်ကြရ၏၊ ထိုအသံသည် ဘာသံနည်း' ဟု မေးကြ၏။ 'ထိုသာယာကြည်နူးဖွယ်ကောင်းသောအသံသည် ခရုသင်းသံဖြစ်ပေ၏' ဟု ခရုသင်းမှုတ်သူက ဖြေ၏။

"ထိုအခါ ရွာသားများသည် ခရုသင်းကို ဝိုင်းအုံ၍ 'သာယာဖွယ်ကောင်းတဲ့အသံတစ်သံ မြည်လိုက်စမ်းပါ' ဟုဆိုကြကုန်၏၊ ထိုသူတို့သည် အသံမကြားကြရသဖြင့် ခရုသင်းကို ပက်လက်လှန်လိုက်ကြကုန်၏၊ တစောင်းထားလိုက်ကြကုန်၏၊ မှောက်ခုံထားလိုက်ကြကုန်၏၊ ခရုသင်းက အသံမမြည်သေးသဖြင့် ခရုသင်းကို လက်သီးနှင့်ထုကြကုန်၏၊ ကျောက်ခဲနှင့်ထုကြကုန်၏၊ တုတ်နှင့်ရိုက်ကြကုန်၏၊ ဓားနှင့်ခုတ်ကြကုန်၏၊ ခရုသင်း၏အသံကို အမျိုးမျိုးရှာကြသော်လဲ မတွေ့ကြကုန်။

"ထိုအခါ ခရုသင်းမှုတ်သူက စဉ်းစား၏၊ ပစ္စန္တရစ်ဇနပုဒ်၌ နေကြကုန်သောဤလူတို့သည် အလွန်ဉာဏ်နည်းကြကုန်၏၊ အလွန်မိုက်ကန်းကြကုန်၏၊ အဘယ်ကြောင့် မလျောက်ပတ်သောအကြောင်းဖြင့် ခရုသင်း၏အသံကို ရှာကြလေကုန်သနည်း၊ ထိုသို့စဉ်းစားပြီးနောက် ခရုသင်းကို ကောက်ယူလိုက်ပြီးလျှင် ပါးစပ်မှာကပ်ပြီး မှုတ်ထုတ်လိုက်လေ၏။ ထိုအခါ သာယာကြည်နူးဖွယ်ကောင်းသောတပ်မက်နှစ်သက်ဖွယ် ယစ်မူးဖွယ်သောအသံစုံတို့သည် ခရုသင်းမှထွက်လာကြ၏၊ ထိုသူသည် ခရုသင်းကို သုံးကြိမ်မှုတ်ပြီး ရွာမှထွက်ခွာသွားလေ၏။

"ထိုအခါ ရွာသားတို့လဲ ဤသို့သဘောပေါက်လိုက်ကြ၏၊ ခရုသင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မှတ်သူ, မှတ်သူ၏ လုံ့လပယောဂနှင့် ခရုသင်းထဲသို့ဝင်ရောက်သွားသော လေ ဓာတ်တို့ ပေါင်းဆုံမိသည့်အခါမှ အသံမြည်၏၊ ထိုအကြောင်းသုံးပါးတို့ မပြည့်စုံ လျှင် အသံမမြည်ချေ။

"ဒကာတော်ပါယာသိမင်း...ဤကိုယ်ကာယသည် အာယု, ဥသ္မာ, ဝိညာဉ် တို့ရှိပါမှ လှုပ်ရှားသွားလာနိုင်၏၊ မြင်နိုင်, ကြားနိုင်, နံနိုင်, စားနိုင်, ထိနိုင်, သိနိုင် ၏။ ထိုအကြောင်းသုံးပါးတို့မပြည့်စုံလျှင် မလှုပ်ရှားနိုင်၊ မမြင်နိုင်၊ မကြားနိုင်။ အသက်ကို ဒကာတော်မင်း ရှာနေခြင်းသည် ခရုသင်းအသံကို ပစ္စန္တရစ်ဇနပုဒ် သားတို့ရှာဖွေနေခြင်းနှင့် တူနေပါ၏။ ထို့ကြောင့် မိစ္ဆာအယူကြီးကို စွန့်လွှတ်လိုက် ပါလော့"

## အသားအကြောကြားမှာ အသက်ရှိသလော

"အိုအရှင်ကုမာရကဿပ၊ တပည့်တော်မှာ အယူဝါဒမပြောင်းနိုင်သည့် အကြောင်း ရှိနေပါသေးသည်ဘုရား။ တပည့်တော်သည် မင်းချင်းတို့အား သေ ဒဏ်ပေးခံရသောလူတစ်ယောက်၏အရေပါးကို အလွှာလိုက်ခွာစေပြီး အသက် ကို ရှာစေပါသည်ဘုရား၊ မတွေ့ရသည့်အခါ အရေထူကို အလွှာလိုက်ခွာပြီး ရှာ စေပြန်ပါသည်ဘုရား၊ မတွေ့ရသည့်အခါ အသားများကို အတစ်လိုက် အတစ် လိုက် လှီးဖြတ်ပြီး ရှာစေပြန်ပါသည်ဘုရား၊ မတွေ့ရသည့်အခါ အကြောများကို တစ်ချောင်းစီဖြတ်စေ၍ အရိုးများကို တစ်ဆစ်စီဖြတ်စေ၍ အသက်ကို ရှာစေပါ သည် ဘုရား၊ ရိုးတွင်းခြင်ဆီနှင့် ရှိသမျှကောဋ္ဌာသတို့၌လဲ အသက်ကိုရှာပါသည် ဘုရား၊ အသက်ကို ဘယ်လိုမှရှာမရသည့်အတွက် နောက်ဘဝမရှိဟု ယုံကြည်ပါ သည်ဘုရား"

"ဒကာတော်ပါယာသိမင်း... ဉာဏ်ရှိသောပုဂ္ဂိုလ်များသည် ဥပမာတစ်ခု ဆောင်ပြလျှင် သိနားလည်ကြပါသည်၊ ဥပမာတစ်ခုကို ငါဆောင်ပြဦးအံ့။ တော ထဲမှာ ရသေ့ကြီးတစ်ပါးသည် အမြဲမပြတ် မီးပူဇော်လေ့ရှိ၏၊ မီးထဲသို့ ထောပတ် များ လောင်းထည့်ပြီးတော့လဲ ဗြဟ္မာကြီးကို ပူဇော်လေ့ရှိ၏၊ တစ်နေ့သ၌ လှည်း တပ်ကြီးတစ်တပ်သည် ရသေ့၏ကျောင်းသင်္ခမ်းအနီးတွင် စခန်းချကြ၏၊ တစ် ညဉ့်တာ အိပ်စက်ကြပြီးနောက် နံနက်မိုးလင်းသောအခါ လှည်းတပ်ကြီး ထွက် ခွာသွား၏။

ရသေ့ကြီးသည် အသုံးဝင်သောပစ္စည်းတစ်စုံတစ်ခုကို ရလိုရငြား လှည်း တပ်စခန်းချခဲ့သည့်နေရာသို့ သွား၏၊ မွေးဖွားခါစကလေးငယ်တစ်ယောက်ကို မြင်ရသဖြင့် ကောက်ယူပြီးလျှင် ကျွေးမွေးစောင့်ရှောက်ထားလေ၏။ ကလေး ၁၂

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခန့်အရွယ်သို့ရောက်လာသောအခါ ရသေ့ကြီးသည် မြို့ရွာသို့ချဉ်းကပ်ရန် ကိစ္စတစ်ခု ပေါ်လာ၏၊ ထို့ကြောင့် မွေးစားသားကိုခေါ်၍ ပူဇော်ထားသည့် မီး ငြိမ်းမသွားရန် နေ့ညဉ့်မပြတ် အထူးဂရုစိုက်၍စောင့်ကြပ်ပါဟု မှာကြားပြီး ထွက် ခွာသွားလေ၏။

"သူငယ်သည် တောတွင်း၌ ကစားနေရာ အချိန်လွန်မှ ပူဇော်ထားသည့်မီး ကိုသတိရလာပြီး လာကြည့်၏၊ ထိုအခါ မီးငြိမ်းနေသည်ကိုတွေ့ရ၏။ သို့အတွက် မီးမွေးရန် ပဲခွပ် (ရဲတင်း) ကိုကိုင်ကာ မီးရှာလေ၏၊ ရသေ့ကြီးက မီးလိုလျှင် ပွတ် ခုံနှင့် ပွတ်ကျည်ကိုပွတ်တိုက်ပြီး မီးရအောင်လုပ်ပါဟု မှာထားခဲ့ပါသော်လဲ ထို သို့ပွတ်တိုက်ရမည်ကို သူမမှတ်မိ၊ မီးသည် ပွတ်ခုံ သို့မဟုတ် ပွတ်ကျည်ထဲ၌ရှိ မည်ဟု ယူဆပြီးလျှင် ပွတ်ခုံနှင့်ပွတ်ကျည်တို့ကို ပဲခွပ်နှင့်ခွဲစိတ်လေ၏၊ အစိတ် စိတ် အမြွှာမြွှာဖြစ်သွားသော်လဲ မီးကိုမတွေ့ရချေ၊ ထို့ကြောင့် ပွတ်ခုံနှင့်ပွတ်ကျည် တို့၏အစအနများကို ဆုံထဲထည့်၍ထောင်းပြန်၏၊ အမှုန့်ဖြစ်သည့်တိုင် ထောင်း သော်လဲ မီးမထွက်ချေ။

"ရသေ့ကြီးပြန်လာသောအခါ သူငယ် ထိုင်မှိုင်နေသည်ကိုလည်းကောင်း၊ မီးငြိမ်းနေသည်ကိုလည်းကောင်း တွေ့ရ၏။ သူငယ်အား မေးမြန်း၍အကြောင်းစုံ သိရလေလျှင် ဤသူငယ်ကား မိုက်မဲလှဘိတောင်း၊ ပွတ်ခုံနှင့် ပွတ်ကျည်တို့ကို ခွဲ စိတ်ပြီး ထောင်းထုကာ မီးကိုရှာဘိ၏၊ အဘယ်မှာလျှင် မီးကိုရနိုင်ပါအံ့နည်းဟု မှတ်ချက်ချ၏။

"ဒကာတော်မင်းကြီး... သင်သည်လဲ လူတစ်ကိုယ်လုံးကို အစိတ်စိတ် အ မြွှာမြွှာ ခွဲခြမ်းစိတ်ဖြာပြီး အသက်ကို ရှာဖွေခဲ့သည်မှာ ထိုတောသားသူငယ်က မီးကို ရှာဖွေခြင်းနှင့် တူလှစွာ၏။ သင်မင်းကြီး၏ ယုတ်မာလှသည့် အယူမှားခြင်း ကို စွန့်လွှတ်လိုက်ပါလော့"

## မှားမှန်းသိလျက် နောက်ဆုတ်ခက်

"အ ရှင် ကု မာ ရ က သ ပ ... အ ရှင် ဘု ရား ဟော ကြား သည့် ဥ ပ မာ သည် အကြောင်းဆီလျော်လှပါ၏၊ သို့သော် တပည့်တော်၏ အယူဟောင်းကို မစွန့်နိုင် သေးပါ ဘုရား"

"မည်သို့သောအကြောင်းထူးများ ရှိသေးသနည်းမင်းကြီး"

"တပည့်တော်၌ နောက်ဘဝမရှိ, တမလွန်လောကမရှိ, ကံ–ကံ၏ အကျိုး မရှိဟူသောအယူဝါဒရှိသည်ကို ပသေနဒီကောသလမင်းကြီးလဲ သိ၏၊ တခြား သော မင်းများလဲ သိကြ၏။ အကယ်၍ တပည့်တော်၏ အယူဝါဒကို စွန့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ချေလျှင် ထိုမင်းတို့သည် တပည့်တော်အား ကဲ့ရဲ့ကြလိမ့်မည်၊ ရဲစွမ်းသတ္တိမရှိသူ၊ ဂုဏ်သိက္ခာမရှိသူဟူ၍လဲ စွပ်စွဲကြလိမ့်မည်။ ထိုသို့သော ဂုဏ်သိက္ခာညှိုးနွမ်းရမည့်အဖြစ်မျိုးကို တပည့်တော်သည်းမခံနိုင်ပါဘုရား၊ အရှင်ဘုရားနှင့် စကားယှဉ်ပြိုင်ရန်အတွက်လဲ ထိုအယူကိုတပည့်တော်ဆက်လက်ဆောင်ထားလိုပါသည်ဘုရား"

"ဒကာတော်…ငါဥပမာဆောင်ပြဦးမည်၊ ရှေးအခါက လှည်းကုန်သည်မှူးနှစ်ဦးတို့သည် လှည်းတစ်ထောင်တို့ကိုဦးဆောင်၍ ကုန်ရောင်းကုန်ဝယ်ရန်အလို့ငှာ ကန္တာရခရီးကို ဖြတ်သန်းကြကုန်၏၊ ရက်အနည်းငယ်သွားမိကြပြီးနောက် ရိက္ခာများ သိသိသာသာလျော့နည်းလာကြသဖြင့် ညှိနှိုင်းတိုင်ပင်ကြကုန်၏။

"ဤမျှရှည်လျားသော ခရီးခဲကို လူတစ်ထောင်, နွားနှစ်ထောင်တို့က တစ်စုတစ်ရုံးတည်းသွားကြသော် လမ်းခုလတ်တွင် ရိက္ခာပြတ်လိမ့်မည်။ ထို့ကြောင့် အုပ်စုနှစ်စုခွဲ၍ သွားကြပါအံ့"ဟု သဘောတူညီကြကုန်၏။

သို့အတွက် ကုန်သည်မှူးတစ်ဦးသည် လှည်းငါးရာကိုဦးဆောင်၍ ရှေ့မှသွားနှင့်၏၊ ခရီးသုံးချိုးတစ်ချိုးခန့် ပေါက်ရောက်သောအခါ လူတစ်အုပ်နှင့် တွေ့ဆုံကြရ၏။ သူတို့သည် ကြာရိုးကြာစွယ် ကြာပန်းများကို ကိုင်ဆောင်လျက် ရေစိုရွှဲနေသော အင်္ကျီ, ပုဆိုး,ဆံပင်ရှိလျက် မျက်နှာချင်းဆိုင်အရပ်မှ လာကြကုန်၏။

"အဆွေတို့…ရှေ့အနီး၌ မိုးကြီးသည်းထန်စွာ ရွာထားသဖြင့် ရေကန်များရေပြည့်နေကြပါ၏၊ ကြာရိုးကြာစွယ်များလဲ ပြည့်နှက်နေကြပါ၏၊ နွားများသက်သာအောင် ရေတွေကို သွန်လောင်းလိုက်ကြပါ"ဟု ထိုလူအုပ်က တိုက်တွန်း၏။

"ကုန်သည်မှူးနှင့် လှည်းသားတို့သည် ထိုလူအုပ်၏စကားကို ယုံကြည်၍ ရေများကိုသွန်လောင်းလိုက်ကြ၏။ ဝန်ပေါ့ပေါ့ဖြင့် လှည်းများကိုမောင်းလာကြရာ ကန္တာရခရီးတစ်ဝက်သာ ကျိုးသွား၏၊ ရေကန်များကို မတွေ့ကြရချေ။ ခရီးလမ်းသည် ခြောက်သည်ထက် ခြောက်သွေ့လာ၏၊ သဲပြင်အတိဖြစ်လာ၏၊ ရေမသောက်ကြရသဖြင့် နွားရောလူပါ ပင်ပန်းနွမ်းနယ်၍ အားပြတ်လာကြ၏၊ လူမိုက်နောက်မှအကြံရဆိုသလို ဆောလျင်စွာ ရေသွန်လောင်းခဲ့မိသည့်လုပ်ရပ်ကို နောင်တရကြ၏၊ ထိုသူအားလုံးတို့သည် သေကျေပျက်စီး၍ ဘီလူးများ၏ အစာဖြစ်ကြလေ၏။

"ပထမလှည်းအုပ်စုသည် 'ကန္တာရခရီးခဲကို ဖြတ်ကျော်သွားလောက်ပြီဟု ယူဆသောအခါ၌ နောက်လှည်းငါးရာအုပ်စုသည် ရပ်နားနေရာမှ ခရီးဆက်ထွက်ကြ၏။ ခရီးသုံးချိုးတစ်ချိုးအရပ်၌ စောစောက လူအုပ်စုကို ဆုံတွေ့ကြရပြန်၏။ သို့သော် ဤလူအုပ်သည် ဖနောင့်တိုကြ၏၊ မျက်ထောင့်နီကြ၏၊ မျက်တောင်လဲ

www.burmeseclassic.com

www.burmeseclassic.com



မခတ်ကြ၊ ထို့ကြောင့် လူယောင်ဖန်ဆင်းထားသောဘီလူးများ ဖြစ်ကြသည်ကို လှည်းကုန်သည်မှူးက ပညာရှိသဖြင့် သတိပြုမိ၏၊ ထို့ကြောင့် ရေများကို မသွန် မလောင်းစေဘဲ ခရီးဆက်နှင်စေ၏။

"ခရီးတစ်ဝက်ကျိုးသောအရပ်၌ ပထမလှည်းငါးရာအုပ်စုမှလူနှင့် နွားများ၏ အရိုးစုများကို မြင်တွေ့ကြရ၏၊ ထိုလှည်းငါးရာတို့မှ အဖိုးတန်ပစ္စည်းများကို ယူဆောင်၍ ခရီးဆက်ထွက်ကြရာ ခရီးအဆုံးသို့ ချောမောစွာရောက်ရှိကြလေ၏။

"ဒကာမင်းကြီး... ဉာဏ်မရှိသော လှည်းကုန်သည်မှူးသည် ဘီလူးနှင့်လူကို မခွဲခြားနိုင်၍ ဆင်ခြင်ဉာဏ်ကင်းမဲ့၍ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ခဲ့လေပြီ၊ ထိုကုန်သည်မှူးနောက်သို့လိုက်ကြသည့် လှည်းသားငါးရာနှင့် နွားများတို့သည် သေကျေပျက်စီးကြရလေပြီ။

"ဒကာတော်မင်းကြီးသည်လဲ သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိတို့ကို ခွဲခြားနိုင်စွမ်းမရှိဘဲ ဆက်လက်ပြီးမိုက်မဲနေလျှင် မကြာမီ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ရပေလိမ့်မည်။ သင်မင်းကြီး၏စကားကို သက်ဝင်ယုံကြည်ကြသည့်လူများစွာတို့သည်လဲ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ကြပေလိမ့်မည်။ သို့အတွက် သင်၏အယူမှားကြီးကို စွန့်လွှတ်လိုက်ပါလော့"

## မစင်လိမ်းကျံလျက် မစွန့်ရက်

ပါယာသိမင်းနှင့် အရှင်ကုမာရကဿပတို့၏ စကားစစ်ထိုးပွဲကို ထောင်သောင်းများစွာသော သေတဗျမြို့သားများက စိတ်ဝင်စားစွာ နားထောင်နေကြ၏။ ရဟန်းငါးရာတို့ကလည်း ဝိုင်းဝန်းစောင့်ကြပ်ပြီး နားဆင်နေကြ၏။

နောက်ဘဝရှိသည်၊ နောက်ဘဝမရှိဘူးဟူသော စကားနှစ်ရပ်တွင် မည်သည့်စကားက အနိုင်ရလိမ့်မည်နည်း။

"အို...အရှင်ကုမာရကဿပ၊ ဆန်းကြယ်လှသောဥပမာတို့ဖြင့် ဟောကြားအပ်သော အရှင်ဘုရား၏ တရားတော်သည် နားဆင်လို့ကောင်းပါ၏၊ သို့သော် နောက်ဘဝမရှိဟူသော အယူဝါဒကို တပည့်တော်မစွန့်လွှတ်နိုင်ပါ၊ တပည့်တော်၏ ဤအယူဝါဒကိုစွန့်လွှတ်လိုက်လျှင် တပည့်တော်အား လူညံ့, လူဖျင်း, ဖွဲသတ္တိမရှိသူဟု ထိုမင်းတို့ ထင်မှတ်ကြပါလိမ့်မည်၊ ထို့ကြောင့် ဥပမာဆောင်၍ ဟောကြားပါဦးလော့"

"ကောင်းပြီ ဒကာတော်မင်းကြီး...နားဆင်ပါလော့၊ ရှေး၌ဖြစ်ခဲ့ဖူးသော အကြောင်းထူးတစ်ခုမှာ ဝက်မွေးသမားတစ်ယောက်သည် မိမိရွာမှ တခြားရွာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာသို့ ခရီးသွား၏၊ ထိုရွာ၏ အပြင်ဘက်ရှိ တစ်ရွာလုံးက စွန့်ပစ်ထားသော မစင်ခြောက်များကိုမြင်ရသဖြင့် ဝက်မွေးသမားက ဤသို့စဉ်းစား၏၊ ဤမစင်ခြောက်များသည် အချည်းနှီးမဖြစ်စကောင်း၊ ဤရွာသားများသည် မသိနားမလည်၍ ဤမစင်ခြောက်များကို စွန့်ပစ်ထားကြ၏၊ ငါ့အတွက်မူကား ဝက်စာအဖြစ် အသုံးကျလေ၏။

"ထို့ကြောင့် အပေါ်ရုံအဝတ်ဆာရီကြီးကိုဖြန့်ခင်း၍ မြောက်မြားလှစွာသော မစင်ခြောက်များကို ကောက်ထည့်ပြီး အထုပ်ကြီး ထုပ်လေ၏။ ထိုမစင်ထုပ်ကြီးကို ဦးခေါင်းထက်၌ရွက်လျက် မိမိရွာသို့ပြန်လာ၏။ ရွာမရောက်မီ မိုးကြီးသည်းထန်စွာ ရွာလာ၏၊ ထိုအခါ မစင်ရည်တို့သည် ဝက်မွေးသမား၏ ဆံပင်, မျက်နှာ, မျက်စိ, နှာခေါင်း, ပါးစပ်, ပခုံးနှင့် တစ်ကိုယ်လုံးပေါ်သို့ ယိုစီးကျလာတော့၏။

"မစင်ရည်, မစင်ဖတ်များ လိမ်းကျံလျက် မစင်နံ့တထောင်းထောင်းနံစော်နေသော ထိုဝက်မွေးသမားကို ရွာသားများ မြင်ကြရသည့်အခါ 'အို...အချင်းယောကျ်ား၊ သင်ရူးနေသလား၊ စိတ်ဖောက်ပြန်နေသလား၊ မစင်ထုပ်ကြီးကို အဘယ်ကြောင့်သယ်ဆောင်လာရသနည်း' ဟု ဝိုင်းပြီးပြောဆိုကြလေ၏။

"ခင်ဗျားတို့သာရူးတာ၊ ကျုပ်မရူးဘူး၊ ဒီအထုပ်ကြီးက ငါ့ရဲ့ဝက်စာတွေ" ဟု ဝက်မွေးသမားသည် ပြန်လည်ချေပပြောဆို၍ မစင်ထုပ်ကြီးကိုအိမ်အရောက်သယ်ဆောင်သွားလေ၏။ အိမ်ရောက်သည့်အခါ မိဘဆွေမျိုးများကလည်း လက်မခံ၊ သူ့အား အပြစ်ဆိုမောင်းမဲကြ၏၊ သူ၏ဇနီးကပင် အနားသို့အကပ်မခံဘဲ သူ့အား အိမ်တွင်းမှအမြန်နှင်ထုတ်လိုက်လေ၏၊ တစ်ရွာလုံးက သူ့အား အပေါင်းအဖော်မလုပ်ဘဲ ရွာထဲမှနှင်ထုတ်ခံရသဖြင့် ထိုဝက်မွေးသမားသည် အရှက်တကွဲအကျိုးနည်းခြင်းဖြစ်ခဲ့ရလေပြီ။

"ဒကာတော်မင်းကြီး...သင်သည်လည်း မစင်ထုပ်ကြီးနှင့်တူသော မိစ္ဆာဒိဋ္ဌိအယူမှားကြီးကို ဦးခေါင်းထက်၌ နှစ်ပေါင်းများစွာသယ်ဆောင်ခဲ့လေပြီ၊ ယခုအခါ မိုးကြီးသည်းထန်စွာရွာသကဲ့သို့ သင်၏မစင်ထုပ်ကြီးကို အများပြည်သူတို့မြင်သိကြလေပြီ၊ သင်၏မိစ္ဆာအယူကို စွန့်လွှတ်လိုက်ပါလော့"

## အဆိပ်လူးကြွေအန်ပမာ အယူမိစ္ဆာ

"အို...အရှင်ကုမာရကဿပ၊ အရှင်ဘုရားမိန့်ကြားသည့် ဥပမာများသည် အလွန်ယုတ္တိရှိပါ၏၊ အလွန်ထိမိပါ၏၊ သို့သော် တပည့်တော်၏ အယူဝါဒကို မစွန့်လွှတ်နိုင်သေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဘယ့်ကြောင့် မစွန့်လွှတ်နိုင်ရသနည်း"

"တပည့်တော်၌ နောက်ဘဝမရှိဟူသောအယူ၊ ငရဲ့, နတ်, ဗြဟ္မာမရှိဟူသော အယူနှင့် ကုသိုလ်, အကုသိုလ်မရှိဟူသော အယူဝါဒများရှိသည်ကို ပသေနဒီ ကောသလမင်းနှင့်တကွ မင်းအပေါင်းတို့က သိထားကြပါ၏၊ တပည့်တော်အယူ ပြောင်းလိုက်လျှင် ဤပါယာသိမင်းသည် အလွန်ဉာဏ်နည်းသည့်မင်းဖြစ်ပေ၏၊ ခုတစ်မျိုး နောက်တစ်မျိုး စိတ်ပြောင်းတတ်၏ဟု တပည့်တော်အား ရှုတ်ချကြပါ လိမ့်မည်"

"ဒကာတော်မင်းကြီး ... သင့်ကို ငါဥပမာတစ်ခုဆောင်ပြပါဦးအံ့၊ ရှေး၌ ဖြစ်ဖူးသော အကြောင်းထူးကား ကြွေအန်လောင်းကစားသည့် လူနှစ်ယောက် ရှိကြ၏။ ကြွေသီးကလေးများကို ကစားတိုင်း ကစားတိုင်း တစ်ယောက်သောသူ သည် ရှုံးနိမ့်နေ၏၊ ထိုရှုံးနိမ့်သူသည် စိတ်ဆိုး၍ မင်္ဂလာမရှိသော အရှုံးကြွေသီး များကို ပါးစပ်ထဲပစ်ထည့်ပြီး ငုံထားလိုက်၏၊ တစ်ခါတစ်ရံ မျိုချလိုက်၏၊ ဤ အပြုအမူကို အခြားကြွေအန်ကစားသူက မြင်တွေ့သဖြင့် ဤသို့ဆို၏။

"အဆွေ ... သင်အနိုင်ရချင်သလား၊ သင်နိုင်ချင်ရင် သင်၏ကြွေသီးများကို ငါ့အားပေးလော့၊ ထိုကြွေအန်များကို ဗလိနတ်စာတင်ပြီး နိုင်အောင် ငါကြံဆောင် ပေးပါအံ့"

"ဉာဏ်နည်းသော ကြွေအန်ရှုံးသူသည် မိမိကြွေအန်သီးများကို ယှဉ်ဖက် ကစားသမား၏ လက်သို့ ပေးအပ်လိုက်လေ၏၊ ထိုသူသည် ကြွေအန်စာတုံးများ ကို အိမ်သို့ယူဆောင်၍ အဆိပ်ရည်လိမ်းကျံပြီးလျှင် ပိုင်ရှင်အား ပြန်ပေးလေ၏။

"မိုက်မဲလှသော ထိုကြွေအန်ရှင်သည် ထိုဗလိနတ်စာတင်ပေးလိုက်သော သူနှင့်ပင် ယှဉ်ပြိုင်ကစားပြန်၏၊ ကစားတိုင်းရှုံးပြန်သဖြင့် အရှုံးပြသည့်ကြွေအန် ကလေးများကို ပါးစပ်ထဲထည့်၍ငုံပြီးလျှင် မျိုချလေ၏၊ ထိုကြွေအန်တို့ကိုပြင်း ထန်သောအဆိပ်ဖြင့် လိမ်းကျံထားသည်ကို သူမသိရှာပေ။ အဆိပ်ရည်လူးထား သည့် အန်စာသီးများကို မျို၍မျို၍ချခြင်းဖြင့် မကြာမီပြင်းထန်သော ဆင်းရဲဒုက္ခ ကို ခံစားရတော့မည်ကို သူမသိရှာလေ။

"နိုင်သူယှဉ်ဖက်က စေတနာကောင်းရှိလေဟန်နှင့် တိုက်တွန်းစကား ပြော ပေးသေး၏၊ 'အဆွေ ... သင်နိုင်ချင်သလား၊ နိုင်ချင်လျှင် အန်စာသီးတွေကို မမျို ချပါနှင့်၊ အို ... မိုက်လှစွာသောအန်စာသမား၊ ငါဘယ်လိုပင်ပြောပြော သင်သည် မျိုချင်တိုင်းမျိုနေခဲ့၏၊ နောင်အခါ ပြင်းထန်သည့်ဆင်းရဲဒုက္ခကို ခံစားလိုလျှင် ဆက်ပြီးသာ မျိုပါလေလော့"

"မိုက်မဲသောအန်စာသမားသည် ဥစ္စာကိုသာမက အသက်ကိုပါ ဆုံးရှုံးရပေ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်၊ ဒကာတော်မင်းကြီး…သင်သည်လဲ အဆိပ်လူးထားသည့် မိစ္ဆာအယူကြီးကို တစ်ခုပြီးတစ်ခု မျိုချနေပေ၏၊ မကြာမီ ကြီးလေးသည့်ဆင်းရဲဒုက္ခနှင့်ကြုံရပေတော့မည်၊ အဆိပ်လူးထားသည့် မိစ္ဆာအယူကြီးများကို အမြန်စွန့်လွှတ်လိုက်ပါလော့"

## ဂုန်လျှော်ထုပ်ကို ရွှေထုပ်နှင့်မလဲ

"အို…အရှင်ကုမာရကဿပ၊ တပည့်တော်၏အယူဝါဒကို မင်းအပေါင်းတို့သိကြပါ၏၊ ထိုမင်းအပေါင်းတို့၏ကဲ့ရဲ့ရှုတ်ချကြမည့်အရေးကို တပည့်တော်ခွင့်မပေးနိုင်ပါ၊ အရှင်ဘုရားဖြစ်စေ၊ အခြားမည်သူဖြစ်စေ စိတ်ဆိုးချင်လျှင်လဲ ဆိုးကြပါစေ၊ တပည့်တော်၏အယူကို ဆက်လက်ဆောင်ထားပါမည်၊ အရှင်ဘုရားတို့၏ နောက်ဘဝရှိသည်ဟူသောဝါဒကို ချေဖျက်ရန်အတွက်လဲ တပည့်တော်၏အယူကို ဆောင်ထားပါဦးမည်၊ အရှင်ဘုရားတို့နှင့် ဝါဒပြိုင်ရေးအတွက်လဲ တပည့်တော်၏အယူကို ဆောင်ထားပါဦးမည်"

"ဒကာတော်ပါယာသိမင်း…ရှေးအခါက အလွန်စည်ကားသည့် ရွာကြီးတစ်ရွာ ပျက်စီးခဲ့ဖူး၏၊ ထိုရွာနေလူအပေါင်းတို့ အကုန်ပြောင်းရွှေ့သွားကြသည့်သတင်းကို ကြားရသောအခါ အခြားရွာတစ်ရွာမှ ယောကျ်ားနှစ်ဦးတို့သည် ထိုရွာပျက်သို့သွားကြ၏၊ ရွာပျက်ကြီးသို့ရောက်သောအခါ ဂုန်လျှော်များကို တွေ့ကြသဖြင့် တစ်ယောက်တစ်ထုပ်စီ နိုင်သလောက်ထမ်းပိုးကြလေ၏။

"အနည်းငယ်ဆက်သွားကြသည့်အခါ ရက်ပြီးသားဂုန်နီဖျင်များကို တွေ့ကြရ၏၊ တစ်ယောက်သောသူက ဂုန်လျှော်ထုပ်ကိုပစ်ချလိုက်ပြီး ဂုန်နီဖျင်များကို ထုပ်ပိုး၍ ထမ်းယူ၏၊ အခြားတစ်ယောက်ကမူ ငါသည် ဤဂုန်လျှော်ထုပ်ကို အပင်ပန်းခံပြီး ထမ်းခဲ့ရ၏၊ ဤဂုန်လျှော်ထုပ်ကို မစွန့်လွှတ်နိုင်ဟု ကြံတွေးပြီး ထိုဂုန်လျှော်ထုပ်ကိုပင် ဆက်လက်ထမ်းသွား၏။

"ထိုသူတို့ ဆက်လက်သွားကြရာ တစ်နေရာ၌ ဝါဂွမ်းပုံကို တွေ့ကြရပြန်၏၊ ထိုအခါ ဂုန်နီဖျင်ထမ်းယူလာသူက ဂုန်နီဖျင်ထက်အဖိုးတန်သော ဝါဂွမ်းတို့ကို ကျစ်လျစ်အောင်ထုပ်ပိုးပြီး ထမ်းယူလေ၏၊ ဂုန်နီဖျင်အထုပ်ကိုမူ စွန့်ပစ်ထားခဲ့၏၊ အခြားတစ်ယောက်ကမူ မိမိအပင်ပန်းခံပြီး ထမ်းယူလာခဲ့ရသောဂုန်လျှော်ထုပ်ကို မစွန့်နိုင်သဖြင့် ဆက်လက်ထမ်းသွား၏။

"ရှေ့သို့ခရီးဆက်ကြပြန်ရာ ချည်မျှင်ချည်ခင်များကို တွေ့ရပြန်၏၊ ဝါဂွမ်းထမ်းလာသူသည် ဝါဂွမ်းကိုစွန့်ပစ်၍ ချည်မျှင်တို့ကို တစ်နိုင်ထမ်းယူ၏၊ ဂုန်လျှော်ထမ်းလာသူကမူ ဂုန်လျှော်ထုပ်ကို မစွန့်လွှတ်နိုင်သဖြင့် ဆက်လက်ဆောင်ယူသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေရာတွင် ချည်ထည်ချောများကို တွေ့ကြရပြန်၏၊ ချည်မျှင်ထမ်းလာသူသည် မဆုတ်ဆိုင်းဘဲ ပါလာသောအထုပ်ကို စွန့်ပစ်၍ ချည်ထည်ချောများကို တစ်နိုင်ထမ်းယူ၏၊ ဂုန်လျှော်ထမ်းလာသောသူကမူ ဂုန်လျှော်ထုပ်ကိုပင် ဆက်လက် ထမ်းသွား၏။

"ရှေ့နား၌တစ်ဖန် ခဲသတ္တုကိုတွေ့ကြပြန်ရာ ချည်ထည်ချောထမ်းလာသူက ပို၍တန်ဖိုးကြီးသော ခဲသတ္တုကို ပြောင်းလဲယူကာ ထမ်းသွား၏။ ဂုန်လျှော်ထမ်းလာသူကမူ အထုပ်မပြောင်းချေ။ ရှေ့နား၌တစ်ဖန် ကြေးသတ္တုများကိုဆောင်ယူပြန်၏၊ ဂုန်လျှော်ထမ်းလာသူကမူ အထုပ်မပြောင်းချေ။

"ဆက်လက်သွားကြရာ တစ်နေရာ၌ ရွှေပုံကြီးကို တွေ့မြင်ရပြန်၏၊ ကြေးသတ္တုထမ်းလာသူသည် ရွှေသတ္တုများကို ပြောင်းလဲယူ၍ တစ်နိုင်ထမ်းယူလေ၏။ ဂုန်လျှော်ထမ်းလာသူက မိမိကြိုးစားပမ်းစားသယ်ဆောင်လာခဲ့သောဂုန်လျှော်ထုပ်ကို မစွန့်ပစ်နိုင်သဖြင့် ထိုအထုပ်ကိုပင် ဆက်လက်ထမ်းသွား၏။

"ထိုသူနှစ်ဦးတို့ မိမိရွာသို့ ပြန်ရောက်လာကြသောအခါ ရွှေထမ်းလာသူအား ဇနီးမယားနှင့် ဆွေမျိုးသားချင်းတို့က ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုကြ၏။ ဂုန်လျှော်ထမ်းလာသူကိုမူ ဇနီးမယားနှင့် ဆွေမျိုးသားချင်းတို့က ဝိုင်း၍ အပြစ်တင်ကြလေ၏။

"ဒကာတော်မင်းကြီး...သင်သည်လဲ ဂုန်လျှော်ကဲ့သို့ တန်ဖိုးနည်းလှသော မိစ္ဆာအယူကို အပင်ပန်းခံကာ ဆက်လက်ထမ်းဆောင်နေသည့်အတွက် ဇနီးမယား၊ ဆွေမျိုးဉာတကာအပေါင်းတို့ ဝမ်းမသာနိုင်ကြပါ၊ ဝိုင်း၍ပင် အပြစ်တင်နေကြ၏။ ထို့ကြောင့် အကျိုးမရှိသော ဥစ္ဆေဒဒိဋ္ဌိအယူကြီးကို စွန့်လိုက်ပြီး ရွှေကဲ့သို့ အဖိုးထိုက်တန်လှသည့် သမ္မာဒိဋ္ဌိအယူကို ပြောင်းလဲကာ ခံယူပါလော့"

"အို...အရှင်ကုမာရကဿပ...ကောင်းမြတ်လှပါ၏။ အရှင်ဘုရား ဆောင်ပြခဲ့သည့် ပထမဆုံးဥပမာဖြင့်ပင်လျှင် တပည့်တော်သည် အရှင်ဘုရား၏ အဖြေစကားကို နှစ်သက်ရွှင်လန်းစွာလက်ခံခဲ့ပါပြီ၊ တပည့်တော်၏ ယုတ်မာလှစွာသော မိစ္ဆာအယူဝါဒကို စွန့်လွှတ်ခဲ့ပြီးပါပြီဘုရား၊ အရှင်ဘုရား၏ ထူးခြားဆန်းကြယ်လှသော ဥပမာစကားများကို ဆက်လက်နာကြားလိုသဖြင့် တပည့်တော်၏ အယူဝါဒကို မစွန့်လွှတ်သေးဟုဆိုခဲ့ခြင်း ဖြစ်ပါသည်ဘုရား။

"အရှင်ဘုရား၏ အဖြေစကားတို့သည် အလွန်တရာနှစ်သက်ဖွယ်ကောင်းလှပါတော့သည်ဘုရား၊ မှောက်ထားသည့်အိုးကြီးများကို လှန်ပြလိုက်သကဲ့သို့လည်းကောင်း၊ ဖုံးအုပ်ထားသည့်အရာဝတ္ထုများကို ဖွင့်လှစ်၍ပြလိုက်သကဲ့သို့လည်းကောင်း၊ တောကြီးမျက်မည်း၌လမ်းမှားနေသူကို လမ်းမှန်သို့ ညွှန်ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့လည်းကောင်း၊ အမှောင်ထုကြီးထဲ၌ မီးတိုင်ထောင်ပြလိုက်သကဲ့သို့လည်းကောင်း အသိအမြင်ရှင်းလင်းသွားရပါသည်ဘုရား။

"တပည့်တော်သည် ယနေ့မှစ၍ အသက်ရှင်နေသမျှကာလပတ်လုံး ဘုရား တရား သံဃာတည်းဟူသော ရတနာသုံးပါးကို ကြည်ညိုလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်ပါတော့မည်ဘုရား"

## အမှားကိုစွန့်ရဲမှ ပညာရှိသူတော်ကောင်း

နောက်ဘဝမရှိ၊ တမလွန်လောကမရှိ၊ ကံ-ကံ၏ အကျိုးမရှိဟူသော ဥစ္ဆေဒ ဒိဋ္ဌိအယူသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှ၏။ ဤအယူဝါဒကိုစွဲကိုင်ထားသော ပါယာသိမင်းသည် ရာဇဝတ်သားမြောက်မြားစွာတို့ကို အလွန်ရက်စက်ကြမ်းကြုတ်စွာ ညှဥ်းပန်းသတ်ဖြတ်ခဲ့၏။

ပါယာသိမင်း၏ သုတေသနပြုချက်များသည် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီဂျာမန်တို့က ဂျူးအကျဉ်းသားများကို အသုံးချ၍ သုတေသနပြုလုပ်ပုံနှင့် ဆင်တူနေပါတော့၏။ နာဇီဂျာမန်တို့သည် ရေခဲလုမတတ်အေးစက်နေသည့်ပင်လယ်ရေထဲသို့ အကျဉ်းသားများကို ပစ်ချပြီး နာရီပေါင်းမည်မျှကြာသောအခါ သေဆုံးကြသည်ကို သုတေသနပြုခဲ့ကြ၏။ အပြာရောင်မျက်လုံးရှိကြသော အမျိုးသား အမျိုးသမီးများကို ဆေးအမျိုးမျိုး ထိုးသွင်း၍ အညိုရောင်မျက်လုံးပိုင်ရှင်များ ဖြစ်အောင် စမ်းသပ်ခဲ့ကြ၏။ အချုပ်ကိုဆိုသော် သတ္တဝါတစ်ဦး၏ အသက်ကို ပဓာနမထားဘဲ ဆင်းဆင်းရဲရဲသေဆုံးသည်အထိ သုတေသနပြုခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်အတွင်းက ကမ်းကုန်အောင်ရက်စက်ကြမ်းကြုတ်ခဲ့ကြသော နာဇီဂျာမန်နှင့် ဖက်ဆစ်ဂျပန်တို့သည် ဥစ္ဆေဒဒိဋ္ဌိအယူရှိကြသည့်သူများပင်တည်း။ ယနေ့ကမ္ဘာတွင်လည်း ရုပ်ဝါဒီတို့သည် ဥစ္ဆေဒဒိဋ္ဌိအယူကို ကိုင်စွဲလျက် လူသားအပေါင်းတို့ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်နေကြသည့်သတင်းကို ကြားသိနေရပေ၏။

လွဲမှားသောအယူဝါဒကို ထွေးပိုက်ထားကြသောသူတို့သည် အဆိပ်ရည်လူးထားသော ကြွေအန်တုံးကလေးများကို မျိုချနေသူနှင့်လည်းကောင်း၊ မစင်ထုပ်ကြီးကို မိုးရေထဲ၌ရွက်ပိုးလာသည့် ဝက်မွေးသမားနှင့်လည်းကောင်း ဆင်တူလှပေ၏။ ထိုအယူဝါဒသည် မိမိနှင့်တကွ လူများစွာတို့အား ကြီးမားသောဆင်းရဲဒုက္ခကို မကြာမီပေးဆောင်မည်မှာ သေချာနေပါတော့၏။

*မိမိ၏အမှားကို မှားမှန်းသိသည်နှင့်တစ်ပြိုင်နက် စွန့်လွှတ်နိုင်သောသူသည် ပညာရှိသူတော်ကောင်းဖြစ်၏။ မိမိ၏အမှားကို မှား*

www.burmeseclassic.com

www.burmeseclassic.com



*မှန်း မသိသူသည် ပညာနည်းသူ, မိုက်မဲသူ စင်စစ်ဖြစ်ပေ၏။ မိမိ၏ အမှားကို မှားမှန်းသိလျက် မစွန့်လွှတ်နိုင်သူကား အမိုက်တကာ့ ထိပ်သီး အမိုက်ဗိုလ်ကြီးပင် ဖြစ်ပါတော့၏။*

ဂုန်လျှော်ထုပ်များကို ကိုယ်စီထမ်းလာသူ အချင်းချင်းဖြစ်ကြပါလျက် ပညာရှိသူသည် တန်ဖိုးကြီးမားသည့်ရွှေထုပ်ကို ရလာသကဲ့သို့ မသိနားမလည်မီအခါက အယူဝါဒအမှားကိုလက်ခံမိလျှင်လည်း အမှန်ကိုကြားသိရသည့်အခါ မိမိဘဝအတွက် အဖိုးအနဂ္ဃထိုက်တန်သော သမ္မာဒိဋ္ဌိအယူကို အလျင်အမြန် ပြောင်းလဲယူသင့်ပါသတည်း။

## နောက်ဘဝမရှိဟု ဗုဒ္ဓဟောခဲ့သလော

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးနေစဉ် **ဝစ္ဆ** အနွယ် ပရဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ ပုစ္ဆာမေးလျှောက်၏။ ပရဗိုဇ်ဟူသည်မှာ မိစ္ဆာဒိဋ္ဌိအယူ ရှိသောသူပင်တည်း။

"အရှင်ဂေါတမ...လောကသည် မြဲ၏ဟူသောအယူသည်သာမှန်၏၊ တစ်ပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလား"

"ဝစ္ဆ...ငါသည် ဤသို့အယူမရှိပါ"

"အရှင်ဂေါတမ...လောကသည်မမြဲဟူသော အယူသည်သာမှန်၏။ တစ်ပါးသော အယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလား"

"ဝစ္ဆ...ငါသည် ထိုသို့အယူမရှိပါ"

"အရှင်ဂေါတမ...သတ္တဝါသည် သေသည်မှနောက်၌ ဘဝမဖြစ်ဟူသော အယူသည်သာ မှန်၏၊ တစ်ပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလား"

"ဝစ္ဆ...ငါသည် ဤသို့အယူမရှိပါ"

"အရှင်ဂေါတမ...သတ္တဝါသည် သေသည်မှနောက်၌ ဘဝမဖြစ်ဟူသော အယူအဆသည်သာမှန်၏၊ တစ်ပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့သောအယူရှိပါသလား"

"ဝစ္ဆ...ငါသည် ဤသို့အယူမရှိပါ"

"အရှင်ဂေါတမ...အဘယ်သို့သော အပြစ်ကိုမြင်၍ ဤအယူများကို အခါခပ်သိမ်း မကပ်ရောက်ပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"ဝစ္ဆ…လောကသည် မြဲ၏ စသောအယူသည် မိစ္ဆာအယူတည်း၊ ဆင်းရဲနှင့်တကွဖြစ်၏၊ ငြီးငွေ့ခြင်းငှာမဖြစ်၊ ချုပ်ငြိမ်းခြင်းငှာမဖြစ်၊ အထူးသိခြင်းငှာမဖြစ်၊ ထိုးထွင်း၍သိခြင်းငှာ မဖြစ်၊ ဤအပြစ်တို့ကိုမြင်၍ ငါသည် ထိုအယူများသို့ အခါခပ်သိမ်း မကပ်ရောက်ပါ"

"အရှင်ဂေါတမအား တစ်စုံတစ်ခုသောအယူသည် ရှိပါသလော"

"ဝစ္ဆ…အယူဟူသောစကားကို ငါဘုရားပယ်ထားပြီးပြီ၊ ငါသည် ဤကားရုပ်၊ ဤကားရုပ်၏ ဖြစ်ကြောင်း၊ ဤကားရုပ်၏ ချုပ်ရာ၊ ဤကား ဝေဒနာ၊ ဤကားဝေဒနာ၏ ဖြစ်ကြောင်း၊ ဤကား ဝေဒနာ၏ ချုပ်ရာ၊ ဤကားသညာ၊ ဤကားသညာ၏ ဖြစ်ကြောင်း၊ ဤကား သညာ၏ ချုပ်ရာ၊ ဤကားသင်္ခါရ၊ ဤကား သင်္ခါရ၏ ဖြစ်ကြောင်း၊ ဤကားသင်္ခါရ၏ ချုပ်ရာ၊ ဤကားဝိညာဉ်၊ ဤကားဝိညာဉ်၏ ဖြစ်ကြောင်း၊ ဤကား ဝိညာဉ်၏ ချုပ်ရာ ဟူသောသဘောတို့ကို မြင်ထားပြီးပြီ၊ ထို့ကြောင့် ငါဟူသော ထောင်လွှားခြင်းမာနမှ လွတ်ကင်း၏၊ ငါ့ဥစ္စာဟူသည့် တပ်မက်ခြင်း–တဏှာမှလည်း လွတ်မြောက်၏၊ ငါ့အယူဝါဒဟူသည် စွဲလမ်းမှု–ဥပါဒါန်မှလည်း လွတ်မြောက်၏"

ဤကား **မဇ္ဈိမပဏ္ဏာသပါဠိတော် အဂ္ဂိဝစ္ဆသုတ်** မှ ကောက်နုတ်ချက်ဖြစ်၏။ ဤဗုဒ္ဓ၏ ဖြေကြားချက်ကို ကောင်းစွာသဘောမပေါက်ကြသောလူအချို့တို့သည် 'နောက်ဘဝမရှိကြောင်း ဗုဒ္ဓဟောကြားထားသည်' ဟု လွဲမှားစွာမှတ်ယူလိုက်၏။ ဤသို့ အဓိပ္ပာယ်ကောက်ယူပုံ လွဲမှားသွားသဖြင့် နောက်ဘဝရှိသည်ကို ပေါ့ပေါ့တန်တန် မှတ်ယူထားကြသည့်လူအချို့တို့အား ကျွန်တော်ကြုံတွေ့ဖူးပါ၏။

သို့အတွက် ဤဝစ္ဆသုတ်တော်ကောက်နုတ်ချက်ကို အနည်းငယ်ရှင်းပြလို၏။ ဤအမေးအဖြေစကားရပ်၌ ပုစ္ဆာမေးသူသည် မိစ္ဆာဒိဋ္ဌိအယူရှိသည့် ဝစ္ဆပရိဗိုဇ်ဖြစ်၏။ ပရိဗိုဇ်တို့သည် ကတ်သီးကတ်သတ်မေးခွန်းများကို မေးမြန်းသဖြင့် မြတ်စွာဘုရားက ကတ်သီးကတ်သတ်ပင် ပြန်လည်ဖြေကြားသလောဟု ပထမတွေးဖွယ်ရာရှိ၏။ ပါယာသိသုတ္တန်တွင် ပါယာသိမင်း၏ အယူများကို ချေဖျက်ဖို့အတွက် အရှင်ကုမာရကဿပသည် 'အိုးရွံ့ကို စလောင်းရွံ့နှင့် ဖုံးခဲ့သည့်' အဖြေမျိုးကို ကျွန်တော်တို့မြင်တွေ့ခဲ့ကြရသည်။

အမှန်မှာ လောကသည် မြဲသလော, မမြဲသလော၊ သတ္တဝါသည် သေပြီးသည့်နောက် ဖြစ်သလော, မဖြစ်သလောဟူသော မေးခွန်းများသည် ထိုခေတ်အခါက အလွန်ရေပန်းစားနေသောမေးခွန်းများ ဖြစ်ကြ၏။ ဤမေးခွန်းကို မေးသူကျေနပ်အောင် မည်သူကမျှမဖြေနိုင်ကြ။ ဗုဒ္ဓကိုယ်တော်တိုင်ပင်လျှင် ဤမေးခွန်းတို့သည် မရေရာမတိကျသောမေးခွန်း, ပြေလည်အောင်ဖြေကြားနေခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးမရှိသောမေးခွန်းမျိုးဖြစ်သည်ကို မြင်သိသဖြင့် ဤမေးခွန်းတို့ကို အားပေးအားမြှောက်မပြုလိုချေ၊ အချိန်ကုန်ခံ၍ ဖြေကြားခြင်းမပြုလိုချေ။

သို့အတွက် ဝစ္ဆပရိဗိုဇ်၏ အမေးကို ဗုဒ္ဓသည် သင့်သမျှသာဖြေကြားတော်မူ၏။ ထိုဖြေကြားချက်တွင် အနှစ်သာရအပြည့်အဝပါရှိနေသည်ကို ဉာဏ်မီသူတို့ သိပါလိမ့်မည်။

## ဘဝဆိုသည်မှာ ပညတ်မျှသာ

*ပထမအနေဖြင့် စာရှုသူတို့ သိထားရမည်မှာ 'လောက' 'သတ္တဝါ' 'သေခြင်း' 'ဘဝ' စသည့်ဝေါဟာရတို့မှာ ပညတ်တရားများသာဖြစ်ကြ၏၊ တကယ်ရှိသော ပရမတ်တရားများမဟုတ်ကြ။*

*ထို့ကြောင့် 'လောကသည် မြဲသလော, မမြဲသလော' 'သတ္တဝါသည် သေပြီးသည့်နောက် ဖြစ်သလော, မဖြစ်သလော' ဟူသော မေးခွန်းများသည် အဓိပ္ပာယ်မရှိသောမေးခွန်းများသာဖြစ်ကြ၏။*

တစ်ဖန် လောကဟူသည်မှာ သတ္တလောကကို ဆိုလိုသလော၊ သင်္ခါရလောကကို ဆိုလိုသလော၊ ဩကာသလောကကို ဆိုလိုသလော၊ ဤလောကတစ်ခုစီကို ပုစ္ဆာမေးသူက ပိုင်းခြား၍သိပါသလော၊ ပိုင်းခြား၍မသိဘဲနှင့် ထိုလောကမြဲသည် သို့မဟုတ် မမြဲသည်ကို သူ့ကိုပြောပြခြင်းဖြင့် မည်သို့အကျိုးရှိအံ့နည်း။

ထိုလောကတို့ကို ဗုဒ္ဓအပြင် မည်သူတစ်ဦးတစ်ယောက်မျှ တိတိကျကျပိုင်းခြား သိမြင်နိုင်မည်မဟုတ်ချေ။ တစ်ဖန် ဗုဒ္ဓက **'ဤတစ်လံမျှသော ခန္ဓာကိုယ်ကိုပင် လောကဟု ငါဘုရားသိမှတ်၏'** ဟုလည်း မိန့်ကြားထားသဖြင့် ပုဂ္ဂိုလ်တစ်ဦးစီ၏ လောကသည် ထိုပုဂ္ဂိုလ်၏ ခန္ဓာငါးပါးပင်ဖြစ်သည်။ ထိုခန္ဓာငါးပါးတွင် ရုပ်အစုနှင့် တကွ အာရုံများကိုသိမှု, ခံစားမှု, မှတ်သားမှုနှင့် စေ့ဆော်ပြုပြင်မှုတို့ အပြည့်အစုံပါရှိနေပါ၏။

ဗုဒ္ဓမြတ်စွာသည် **"ရုပ်သည်မမြဲ၊ နာမ်သည်မမြဲ၊ ကံ,စိတ်,ဥတု,အာဟာရ ဟူသည့် အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်အစု ဟူသမျှတို့သည် ပျက်စီးခြင်းသာလျှင် အဆုံးရှိကြ၏"** ဟု နေ့စဉ်နေ့တိုင်း ကြိမ်ဖန်များစွာ လေးလေးနက်နက်ဟောကြားတော်မူခဲ့၏။

ဗုဒ္ဓဟောကြားတော်မူသည့် 'ရုပ်နာမ်သဘောတရား' ကို သိနားလည်လျှင် 'လောကသည် မြဲသလော, မမြဲသလော' ဟူသောမေးခွန်းကို မေးဖို့လည်း မလို၊

www.burmeseclassic.com

www.burmeseclassic.com



ဖြေစရာလည်း မလိုချေ။ လောကတစ်ခုစီသည် အစဉ်ပျက်နေ၏၊ တစ်ဖန် အကြောင်းတရားလေးပါးတို့ကြောင့် လောကတို့သည် အစဉ်ဖြစ်ပေါ်နေ၏။ ထို့ကြောင့် လူတို့သမုတ်ခေါ်ဝေါ်နေကြသော 'လောက'သည် အစဉ်ပျက်နေသော်လည်း အစဉ်ရှိနေပေလိမ့်မည်။ သို့သော် လောကတစ်ခုတည်းက တည်မြဲနေသည် မဟုတ်၊ **"ဖြစ်ပျက်အစဉ်"** မျှသာဖြစ်၏။

*တစ်ဖန် 'သတ္တဝါ'ဟူသည်မှာ ရုပ်နာမ်ခန္ဓာတစ်ပါးနှင့် နာမ်ခန္ဓာလေးပါးတို့၏အပေါင်းအစုကို ခေါ်ဝေါ်ထားခြင်းဖြစ်၏။ ထိုခန္ဓာငါးပါးတို့သည် စက္ကန့်မလပ် အစဉ်ဖြစ်ပျက်နေကြရာ သတ္တဝါသည် မသေခင်ကလည်းဖြစ်ပျက်နေသည်သာတည်း။ အသက်ရှင်နေဆဲကာလ၌ ဖြစ်ပျက်နေသည်ကိုပင် မသိမြင်နိုင်၊ နားမလည်နိုင်သောသူသည် သေပြီးသည့်နောက်၌ဖြစ်ပျက်ကို မည်သို့နားလည်နိုင်အံ့နည်း။*

တစ်ဖန် ရုပ်နာမ်ဖြစ်ပျက်မှုအစဉ်သည် သတ္တဝါတစ်ဦးစီအဖို့ မရေမတွက်နိုင်သော အတိတ်ကမ္ဘာများမှ နောက်မရေတွက်နိုင်သည့်အနာဂတ်ကမ္ဘာများအထိ အကျွတ်တမ်းမဝင်သေးသမျှ မဆုံးနိုင်အောင် စီတန်းလျက်ရှိပေရာ မည်သည့်အချိန်၌ ပျက်ပြီးဖြစ်သည်ကို မေးနေစရာ မလိုတော့ချေ။ မေးနေလျှင်လည်း အဓိပ္ပာယ်မရှိချေ။ ထိုရုပ်နာမ်အစဉ်တန်းကြီးကိုပင် ပဋိသန္ဓေစိတ်, စုတိစိတ်ဖြင့် ပိုင်းခြား၍ တစ်ဘဝ, တစ်ဘဝဟု လူတို့သမုတ်ခေါ်ဝေါ်နေကြပေသည်။ စင်စစ်အားဖြင့် 'ဘဝ'ဟူသည်မှာ မရှိပါ၊ ထို့ကြောင့် 'သေခြင်း'ဟူသည်မှာလည်း မရှိပါ။ ထို့ကြောင့် သတ္တဝါသည် သေပြီးသည်နောက် ဖြစ်သလော, မဖြစ်သလောဟူသော မေးခွန်းသည် အဓိပ္ပာယ်မရှိပါ၊ မသိနားမလည်သူတို့၏ ကယောင်ကတမ်း မေးခွန်းမျှသာဖြစ်၏။

တစ်ဖန် 'အယူ' (ဝါ) 'အယူဝါဒ'ဟူသည်မှာ ယူဆချက်, ခံယူချက်, စွဲလမ်းချက်သာဖြစ်၏။ ရုပ်နာမ်တို့၏ သဘောတရားကို ပြက်ပြက်ထင်ထင်သိမြင်ပြီးသော ဗုဒ္ဓသည် ရုပ်နာမ်တို့နှင့်ပတ်သက်၍ ဤအယူဝါဒ ထိုအယူဝါဒစသည်ကို စွဲယူနေစရာမလိုတော့ပေ။

ဥပမာအားဖြင့် စက္ကူမီးလောင်သောအခါ ပြာဖြစ်လာသည်ကို သိမြင်ပြီးသောသူသည် 'စက္ကူမီးလောင်လျှင် ပြာဖြစ်သလော' 'မဖြစ်သလော'ဟူသည့် အယူဝါဒတစ်ခုခုကို စွဲယူနေစရာမလိုတော့သကဲ့သို့တည်း။

တစ်ဖန် 'အယူဝါဒ'ဟူသည်မှာ ငါရှိသည်ဟု အမှတ်ယူမှုဒိဋ္ဌိ, ငါ့ဥစ္စာဟု တပ်မက်သည့် တဏှာ, စွဲလမ်းမှုဥပါဒါန်နှင့် မသိနားမလည်မှု အဝိဇ္ဇာတို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ပေါ်လာရသည်။ ဗုဒ္ဓမြတ်စွာတွင် တဏှာ, ဒိဋ္ဌိ, ဉပါဒါန်, အဝိဇ္ဇာတို့အလျဉ်း မရှိပါ၊ ထို့ကြောင့် ဗုဒ္ဓသည် အယူဝါဒအမျိုးမျိုးမှ လွတ်မြောက်နေသူဖြစ်၏။

ဤအကြောင်းကြောင့်လည်း မြတ်ဗုဒ္ဓသည် ဤအယူရှိသလား ထိုသို့အယူရှိသလားဟု ဝစ္ဆပရိဗိုဇ်က မေးမြန်းသည့်အခါ 'မရှိပါ'ဟူ၍သာ ရှင်းရှင်းလင်းလင်း ဖြေကြားတော်မူခဲ့ခြင်းဖြစ်၏။

သို့ဖြစ်၍ ဝစ္ဆပရိဗိုဇ်၏ မေးခွန်းများကိုဖြေကြားချက်၌ 'နောက်ဘဝမရှိပါ' ဟူသောအချက် လုံးဝမပါရှိပါ။

ရုပ်နာမ်ဖြစ်ပျက်မှုအစဉ်အတန်းကြီးသည် ဖြစ်ကြောင်းကံနှင့်တဏှာ,အဝိဇ္ဇာ တို့၏အာနိသင်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် မပယ်သတ်နိုင်သေးသမျှ မဆုံးတမ်း ဆက်သွားမည်ဖြစ်ရာ ထိုအစဉ်အတန်းကို ပညတ်သဘောဖြင့် တစ်ဘဝပြီး တစ် ဘဝဟု ပိုင်းခြားသတ်မှတ်လျှင် ဘဝသံသရာသည်လည်း မဆုံးနိုင်အောင် လည် ပတ်နေမည်သာတည်း။

ရဟန္တာပုဂ္ဂိုလ်များ၌သာ နောက်ဘဝမရှိသည်ကို မှတ်သားပါလော့။

## ရင်၌စူးဝင်နေသော မြားဓါးသမိုင်းကို စုံစမ်းနေလျှင်

ဇေတဝန်ကျောင်းတော်၌ မြတ်ဗုဒ္ဓသီတင်းသုံးနေစဉ် **အရှင်မာလုကျပုတ္တ** သည် ညနေခင်းအချိန်၌ ဗုဒ္ဓထံချဉ်းကပ်၍ ရိုသေစွာမေးလျှောက်၏။

"အရှင်ဘုရား ... ဆိတ်ငြိမ်ရာ၌ ကိန်းအောင်းနေသော တပည့်တော်အား ဤသို့အကြံဖြစ်ပါ၏။ လောကသည် မြဲသည်ဟူ၍လည်းကောင်း၊ မမြဲသည်ဟူ၍ လည်းကောင်း၊ လောကသည် အဆုံးရှိ၏ဟူ၍လည်းကောင်း၊ အဆုံးမရှိဟူ၍ လည်းကောင်း၊ အသက်သည် ကိုယ်ပင်တည်းဟူ၍လည်းကောင်း၊ အသက်သည် တခြား, ကိုယ်သည်တခြားဟူ၍လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက် ၌ဖြစ်၏ဟူ၍လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေသည် မှနောက်၌ ဖြစ်လဲဖြစ်၏, မဖြစ်လဲမဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေ သည်မှနောက်၌ ဖြစ်သည်လဲမဟုတ်, မဖြစ်သည်လဲမဟုတ်ဟူ၍လည်းကောင်း မြတ်စွာဘုရားမဟောကြားကုန်သော ပစ်ပယ်ထားသောအယူတို့သည် ရှိကုန်၏။

"ထိုအယူတို့ကို မြတ်စွာဘုရားသည် ငါ့အား ဟောကြားတော်မမူ၊ ထိုသို့ မဟောကြားခြင်းကို ငါသည်မနှစ်သက်၊ ငါသည် မြတ်ဗုဒ္ဓထံချဉ်းကပ်၍ ထို အကြောင်းကိုမေးလျှောက်အံ့၊ အကယ်၍ မြတ်စွာဘုရားသည် ငါ့အား ဟောကြား ငြားအံ့၊ ငါသည်မြတ်စွာဘုရားထံ၌ မြတ်သောရဟန်းအကျင့်ကို ကျင့်အံ့၊ အကယ် ၍ မြတ်ဗုဒ္ဓသည်မဟောကြားငြားအံ့၊ ငါသည် ရဟန်းသိက္ခာကိုစွန့်ပယ်၍ လူ ထွက်တော့အံ့၊ တပည့်တော်သည် ဤသို့အကြံဖြစ်ခဲ့ပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရားသည် အကယ်၍သိမြင်တော်မူလျှင် တပည့်တော်အား ဟော ကြားတော်မူပါ၊ မသိမြင်လျှင် မသိမြင်ဟုဝန်ခံခြင်းသည်သာ ဖြောင့်မတ်သော သဘောဖြစ်ပါသည်ဘုရား"

အရှင်မာလုကျပုတ္တ၏ မေးခွန်းများသည် ဝစ္ဆပရိဗိုဇ်၏ မေးခွန်းများနှင့် ထပ်တူသာ ဖြစ်ကြပါသည်။ အရှင်မာလုကျက မြတ်ဗုဒ္ဓ၏ အလုံးစုံသိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကိုပင် သံသယဖြစ်လိုက်သေး၏။ မြတ်စွာဘုရားက မဟောကြားလျှင် လူဝတ်လဲတော့မည်ဟူ၍လည်း အကျပ်ကိုင်လိုက်သေး၏။ သို့အတွက် မြတ်ဗုဒ္ဓက အလိုက်သင့်ပင် ပြန်လည်မေးမြန်းတော်မူ၏။

"မာလုကျပုတ္တ…ငါသည် သင့်အား 'ချစ်သား…လာလော့၊ ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်လော့၊ ငါသည် သင့်အား လောကသည်မြဲ၏, မမြဲ၏ စသည့် အကြောင်းများကို ဟောကြားပေးပါအံ့' ဟု ဖိတ်ကြားပြီး ဝန်ခံကတိပြုခဲ့ဖူးပါသလော"

"အရှင်ဘုရား…မပြုခဲ့ဖူးပါ"

"သင်ကလဲ မြတ်စွာဘုရားသည် ငါ့အား လောကသည်မြဲ၏ စသည်ဖြင့် ဟောကြားပါမှ ငါသည်ဘုရားထံ၌ မြတ်သောရဟန်းအကျင့်ကိုကျင့်မည်ဟု ဆိုခဲ့ဖူးပါသလော"

"အရှင်ဘုရား…မဆိုခဲ့ဖူးပါ"

"မာလုကျပုတ္တ…ဤသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် လောကသည် မြဲ၏စသည်ဖြင့် မဟောကြားလျှင် ရဟန်းသိက္ခာကို ငါစွန့်လွှတ်တော့အံ့ဟု သင် ဆိုသင့်ပါသလော၊ ထိုအကြောင်းကို နာကြားပြီးမှ မြတ်သောရဟန်းအကျင့်ကို ကျင့်အပ်၏ဟု သင်ယူဆလျှင် မြတ်သောအကျင့်ကိုမကျင့်မီ သင်သေလေရာ၏၊ ထိုအကြောင်းကို မြတ်စွာဘုရားတို့ မဟောကြားသည်သာတည်း။

"မာလုကျပုတ္တ…သင့်အား သနားကြင်နာသဖြင့် ငါဥပမာဆောင်ပြပါအံ့၊ ယောကျ်ားတစ်ယောက်သည် အဆိပ်လူးသောမြားဖြင့် အပစ်ခံရသည်ဆိုပါစို့၊ သူ၏ ဆွေမျိုးသားချင်းတို့က မြားနုတ်တတ်သောဆေးဆရာကို ပင့်ဆောင်လာကြ၏၊ ထိုအခါ မြားမှန်ခံရသောယောကျ်ားက ဤသို့ဆို၏။

"ကျွန်ုပ်အား မြားဖြင့်ပစ်လိုက်သောသူသည် မင်းလော၊ ပုဏ္ဏားလော၊ ကုန်သည်လော၊ ဆင်းရဲသားလော၊ သူ၏ အမည်သည် မည်သို့ဖြစ်သနည်း။

"ကျွန်ုပ်အား မြားဖြင့်ပစ်လိုက်သောသူသည် အရပ်မြင့်သလား၊ နိမ့်သလား၊ အသားဖြူသလား၊ ညိုသလား၊ မည်းနက်သလား၊ မည်သည့်ရွာနိဂုံး၌ နေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်အား ပစ်လိုက်သောလေးသည် လင်းလေးလား၊ ဒူးလေးလား၊ ပစ်သောညှို့သည် မုရိုးလျှော်ညှို့လား၊ ဝါးလျှော်ညှို့လား၊ အကြောညှို့လား။

"မြားတံကို မည်သည့်ဝါးဖြင့်ပြုလုပ်ထားသနည်း၊ မြားရွက်သည် မည်သည့်ငှက်၏အတောင်နည်း၊ မြားကို ရစ်ပတ်ထားသောကြိုးသည် နွားကြောလား၊ ကျွဲကြောလား၊ ဝံကြောလား။

"ဤအကြောင်းခြင်းရာတို့ကို အပြည့်အစုံမသိရသေးလျှင် မြားကိုမနုတ်ပါနှင့်ဦး"ဟု ဆိုငြားအံ့၊ ထိုယောကျ်ားသည် မြားကိုမနုတ်ရသေးမီပင် သေဆုံးရမည်ဖြစ်၏၊ ထိုအကြောင်းအရာများကို ထိုယောကျ်ားမသိနိုင်သည်သာတည်း။

"ထို့အတူ အကြင်သူတစ်ဦးသည် မြတ်စွာဘုရားက ငါ့အား လောကသည်မြဲ၏ စသည်ဖြင့် မဟောကြားသေးသမျှကာလပတ်လုံး မြတ်သောရဟန်းအကျင့်ကို ငါမကျင့်ဟုဆိုငြားအံ့၊ ထိုသူသည် မြတ်သောရဟန်းအကျင့်ကို မကျင့်ရသေးမီပင် သေဖွယ်ရာရှိ၏။ ထိုအကြောင်းတို့ကို မြတ်စွာဘုရား မဟောကြားသည်သာတည်း။

"မာလုကျပုတ္တ...လောကသည်မြဲ၏ဟူ၍လည်းကောင်း၊ မမြဲဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးသည့်နောက်၌ ဖြစ်၏ဟူ၍လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း ဤပြဿနာတို့၏အဖြေများကို သိခြင်းကြောင့် မြတ်သောအကျင့်ကိုကျင့်သုံးရာ၌ တစ်စုံတစ်ရာမျှသော အထောက်အပံ့မဖြစ်၊ အကျိုးကျေးဇူး မရှိ။

"မာလုကျပုတ္တ...လောကသည် မြဲသည်ဖြစ်စေ၊ မမြဲသည်ဖြစ်စေ၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် အထင်အရှားရှိနေသည်သာတည်း။ ဤဆင်းရဲအပေါင်းမှလွတ်မြောက်ရေးသည်သာ ပဓာနဖြစ်၏။

"ထို့ကြောင့် ချစ်သား...ဤသာသနာတော်၌ သင်သည် ငါမဟောကြားသည်တို့ကို မဟောကြားသည့်အတိုင်း၊ ငါဟောကြားထားသည်တို့ကိုလဲ ဟောကြားထားသည့်အတိုင်း မှတ်လော့။

"ငါမဟောကြားသည်မှာ အဘယ်နည်း၊ လောကသည် မြဲ၏ စသည်တို့ကို ငါမဟောကြား၊ အဘယ်ကြောင့် ငါမဟောကြားသနည်း၊ ထိုအကြောင်းတို့သည် အကျိုးစီးပွားနှင့် မစပ်၊ ဝဋ်ဆင်းရဲကို ငြီးငွေ့စေခြင်းငှာမဖြစ်၊ ကိလေသာမီးကို ငြိမ်းအေးစေခြင်းငှာ မဖြစ်၊ ထူးသောဉာဏ်ဖြင့်သိခြင်းငှာ မဖြစ်၊ သစ္စာလေးပါးကို သိခြင်းငှာမဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"မာလုကျပုတ္တ...အဘယ်တရားတို့ကို ငါဟောကြားသနည်း၊ ဆင်းရဲခြင်း အမှန်တရား၊ ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရား၊ ဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရား၊ ဆင်းရဲချုပ်ငြိမ်းခြင်းသို့ရောက်ကြောင်းအကျင့်တရားတို့ကို ငါဟောကြား၏။

"ချစ်သား...ထိုသစ္စာတရားတို့ကို အဘယ်ကြောင့် ငါဟောကြားသနည်း၊ ထိုတရားတို့သည် အကျိုးစီးပွားနှင့်စပ်၏၊ ဝဋ်ဆင်းရဲ၌ငြီးငွေ့ခြင်းငှာ, ရာဂချုပ်ငြိမ်းခြင်းငှာ, ကိလေသာမီးအေးငြိမ်းခြင်းငှာ ထူးသောဉာဏ်ဖြင့်သိခြင်းငှာ, သစ္စာလေးအင်ကို သိမြင်ခြင်းငှာ ဖြစ်၏။

"ထို့ကြောင့် ချစ်သားမာလုကျပုတ္တ...သင်တို့သည် ငါမဟောကြားသည်တို့ကို မဟောကြားသည့်အတိုင်း မှတ်ကြကုန်လော့၊ ငါဟောကြားသည်တို့ကိုလဲ ဟောကြားထားသည့်အတိုင်း မှတ်သားကြကုန်လော့"

အရှင်မာလုကျပုတ္တသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်ခြိုက် ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်ကာ ကျေနပ်အားရလေ၏။

(စူဠမာလုကျသုတ္တန်မှ ထုတ်နုတ်တင်ပြသည်)

မြတ်ဗုဒ္ဓသည် မိမိသိရှိထားသမျှသော အကြောင်းအရာအားလုံးကို ဟောကြားနေမည်ဆိုလျှင် ၄၅ ဝါမဆိုထားနှင့်၊ ဝါတစ်ထောင်, ဝါတစ်သောင်းကြာအောင် ဟောကြားပါသော်လည်း ကုန်ဆုံးနိုင်မည်မဟုတ်ချေ။ ထိုအခါ လူနတ်ဗြဟ္မာတို့သည် အရေးကြီးသောတရားများကို သိနားလည်ရန် အလားအလာနည်းသွားမည်ဖြစ်၍ အကျိုးယုတ်လျော့သွားပေလိမ့်မည်။

အရှင်မာလုကျပုတ္တသည် ရခဲလှစွာသော ဒုလ္လဘတရားငါးပါးလုံးနှင့်ပြည့်စုံနေပြီဖြစ်ပါလျက် ဘာမျှအရေးမကြီးသော လောကပြဿနာ, ဘဝပြဿနာတို့ကို ကြံတွေးငေးမောကာ အချိန်ဖြုန်းနေမည်ဆိုလျှင် ဝဋ်ဆင်းရဲမှလွတ်ကင်းထွက်မြောက်ခြင်းဟူသည့် အဖိုးအတန်ဆုံး ဘဝဆုလာဘ်ကြီးကို လက်လွတ်သွားမည်ဖြစ်၏။

*ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းဟူသည်မှာ ဘဝသံသရာမှ ထွက်မြောက်ခြင်းပင် ဖြစ်၏။ သို့အတွက် ဝဋ်ဆင်းရဲရှိသည်ဟု ဗုဒ္ဓဟောကြားခြင်းသည် ဘဝသံသရာရှိသည်ကို ဟောကြားလိုက်ခြင်းပင် ဖြစ်ပေသတည်း။*

www.burmeseclassic.com

www.burmeseclassic.com



## အမေးလေးပါး၌လိမ္မာသော မြတ်ဗုဒ္ဓ

အရှင်မာလုကျပုတ္တ၏အမေးပုစ္ဆာများကို ဗုဒ္ဓမြတ်စွာ မဖြေကြားသည်နှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား လျှောက်ထားခဲ့ဖူး၏။

"အရှင်ဘုရား...ဗုဒ္ဓသည် အရှင်မာလုကျပုတ္တ၏အမေးပုစ္ဆာများကို ဖြေကြားနိုင်စွမ်းမရှိ၍ မဖြေကြားခဲ့လေသလော၊ ဖြေကြားနိုင်ပါလျက် ဆရာစားချန်လို၍ လျှို့ဝှက်ထားခြင်းလော၊ အဘယ်ကြောင့် ဗုဒ္ဓမဖြေကြားခဲ့သနည်း"

"မင်းကြီး...အရှင်မာလုကျပုတ္တ၏အမေးပုစ္ဆာများကို ဗုဒ္ဓမဖြေကြားခြင်းမှာ ဗုဒ္ဓမသိ၍လဲ မဟုတ်၊ လျှို့ဝှက်ထားလို၍လဲ မဟုတ်ပါ၊ မင်းကြီး...အမေးပုစ္ဆာတို့သည် လေးမျိုးရှိပါ၏။

(၁) **ဧကံသဗျာကရဏပဥှာ** – မေးခွန်းထဲ၌ အဖြေတစ်စိတ်တစ်ဒေသ ပါဝင်သော ပုစ္ဆာ၊ ဥပမာ သတ္တဝါဟူသည်မှာ ခန္ဓာငါးပါးပင်လော ဟူသည့် အမေးမျိုးတည်း။

(၂) **ဝိဘဇ္ဇဗျာကရဏပဥှာ** – ဝေဖန်ပိုင်းခြားပြီး ဖြေဆိုရသော အမေးပုစ္ဆာ၊ ဥပမာ– ယောကျ်ားနှင့်မိန်းမတို့သည် မည်သို့ကွာခြားကြသနည်း ဟူသော မေးခွန်းမျိုး။

(၃) **ပဋိပုစ္ဆာဗျာကရဏပဥှာ** – မေးခွန်းတစ်ဖန်ပြန်မေးပြီး ဖြေဆိုရသော အမေးပုစ္ဆာ၊ ပါယာသိမင်းက ပရလောကရှိသလောဟု မေးသည်ကို အရှင်ကုမာရကဿပက နေနှင့်လတို့သည် လူ့လောက၌ပါဝင်သလား, နတ်လောက၌ ပါဝင်သလားဟု ပြန်မေးပြီး အဖြေထုတ်ယူသော ပုစ္ဆာမျိုးတည်း။

(၄) **ဌပနီယဗျာကရဏပဥှာ** – မေးသည့်အတိုင်း ထားအပ်သော အမေးပုစ္ဆာ၊ အရှင်မာလုကျပုတ္တ၏ မေးခွန်းမျိုးတည်း။

"မင်းကြီး...ဗုဒ္ဓသည် ဤအမေးလေးပါး၌ လိမ္မာသူဖြစ်ပေ၏၊ သူတစ်ပါးတို့ မထိပါးမလွှမ်းမိုးနိုင်သောပညာရှိသည် အကျိုးစီးပွားရှိရာ၌လည်းကောင်း အကျိုးစီးပွားမရှိရာ၌လည်းကောင်း နှစ်ပါးစုံ၌ လိမ္မာသူဖြစ်၏။

"ပညာရှိသည် အကျိုးစီးပွားမဲ့ခြင်းကို ရှောင်ကြဉ်၏၊ အကျိုးစီးပွားရှိခြင်းကို ဆောင်ယူ၏၊ ဤသို့အကျိုးနှစ်ပါးကိုသိခြင်းကြောင့် ပညာရှိကို ပဏ္ဍိတဟူ၍ ခေါ်ဆိုအပ်ကြောင်း မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့၏။"

(မိလိန္ဒပဥှာနှင့် ပဥှာဗျာကရဏသုတ်တို့မှ ထုတ်ဖော်တင်ပြသည်)

www.burmeseclassic.com

www.burmeseclassic.com



**နောက်ဘဝရှိကြောင်း ဗုဒ္ဓအကြိမ်ကြိမ်ဟောခဲ့**

ဂေါတမမြတ်စွာသည် သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ရောက်သော အခါ **'အနေကဇာတိသံသာရံ'** အစချီသည့် ဥဒါန်းစကားကို ကျူးရင့်တော်မူခဲ့၏။

*"အဖန်ဖန်ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှလေစွ၊ ခန္ဓာအိမ်ကိုဆောက်လုပ်တတ်သော တဏှာလက်သမားကို ငါရှာဖွေ၍မတွေ့ မြင်ခဲ့သည့်အတွက် သံသရာတွင် ဘဝပေါင်းများစွာ ငါကျင်လည်ခဲ့ရပြီ။*

*"ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် ...တဏှာလက်သမား၊ ငါသည် ပညာမျက်စိဖြင့် သင့်ကို ယခုမြင်ပြီ၊ ခန္ဓာအိမ်ကို နောက်တစ်ဖန် သင်ဆောက်လုပ်ရတော့မည်မဟုတ်၊ သင်၏ကိလေသာတည်းဟူသော အခြင်ရနယ်အားလုံးကို ငါချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကိုလဲ ငါဖျက်ဆီးအပ်ပြီ၊ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ၊ တဏှာကုန်ရာကုန်ကြောင်း ဖြစ်သည့် အရဟတ္တဖိုလ်ကို ငါရပြီ"*

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ရောက်ပြီးသည်နှင့်တစ်ပြိုင်နက် အတိတ်ဘဝများရှိသည်ကို ဟောကြားခဲ့သည်မဟုတ်လော။ ဘဝသစ်၏ ခန္ဓာအိမ်ကိုဆောက်လုပ်တတ်သော လက်သမားကြီး – တဏှာနှင့်တကွ ခန္ဓာအိမ်ကို ဆောက်လုပ်ရန် ပစ္စည်းများဖြစ်ကြသည့် ကိလေသာ အခြင်ရနယ်များနှင့် အိမ်အထွတ်အဝိဇ္ဇာတို့ရှိလျှင် ဘဝသစ်တို့သည် အကြိမ်ကြိမ်ဖြစ်ပေါ်နေမည့် အကြောင်းကိုလည်း ဖော်ညွှန်းခဲ့သည်မဟုတ်လော။

ထို့နောက်တစ်ဖန် ပဋိစ္စသမုပ္ပာဒ်တရားတော်၌ အဝိဇ္ဇာနှင့်တဏှာရှိလျှင် ဘဝသစ် အကြိမ်ကြိမ်ဖြစ်၍ သံသရာလည်ပတ်ရသည့်အကြောင်းကို ဗုဒ္ဓဟောကြားတော်မူခဲ့၏။

အဝိဇ္ဇာသည် မြေဓာတ်နှင့်တူ၍ တဏှာသည် ရေဓာတ်နှင့်တူ၏။ ကံသည် မျိုးစေ့နှင့်တူ၏။ ရေမရှိလျှင် မျိုးစေ့မပေါက်နိုင်သကဲ့သို့ တဏှာမရှိလျှင် ကံသည် ဘဝသစ်ကို မဖြစ်ပေါ်နိုင်တော့ချေ။ ထို့ကြောင့် ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲတရားစုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းသည် တဏှာပင်ဖြစ်၏။

ထို့ကြောင့် သစ္စာလေးပါးကိုဟောကြားရာ၌ ခန္ဓာငါးပါးကို ဒုက္ခသစ္စာ အဖြစ်လည်းကောင်း, တဏှာကို သမုဒယသစ္စာအဖြစ်လည်းကောင်း ဗုဒ္ဓသတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



တော်မူ၏။ ထိုသစ္စာလေးပါးကို ဟောကြားသော ဓမ္မစကြာတရား တော်၌လည်း တဏှာကြောင့် ဘဝအကြိမ်ကြိမ်ဖြစ်ပေါ်ရသည်ကို ညွှန်ပြထား တော်မူ၏။

## ဗွေဆော်ဦးတရားတော်ကြီးမှအစ

ဗုဒ္ဓမြတ်စွာ ရှေးဦးဆုံးဟောကြားအပ်သော ဓမ္မစကြာတရားတော်ကြီးသည် ပိဋကတ်သုံးပုံ၏အနှစ်ချုပ်ကို ဖော်ပြထားပေ၏။ ဤတရားတော်ကြီးတွင်...

(၁) ဒုက္ခသစ္စာ... ဆင်းရဲအစစ်အမှန်တရား၊
(၂) သမုဒယသစ္စာ... ဆင်းရဲဖြစ်ကြောင်းအစစ်အမှန်တရား၊
(၃) နိရောဓသစ္စာ... ဆင်းရဲငြိမ်းရာချမ်းသာအစစ်အမှန်တရား၊
(၄) မဂ္ဂသစ္စာ... ဆင်းရဲငြိမ်းရာသို့ရောက်ကြောင်း အကျင့်လမ်း ကောင်း အစစ်အမှန်တရား၊

ဟူ၍ အရိယသစ္စာလေးပါးကို ဟောကြားတော်မူခဲ့၏။

ဒုက္ခသစ္စာ၏သရုပ်ကို ဖော်ပြရာ၌ ဇာတိပိဒုက္ခာ–ဘဝသစ်ဖြစ်ခြင်းသည် ဆင်းရဲပေတည်းဟူ၍ **'ဘဝသစ်ဖြစ်ခြင်း'** နှင့် စတင်ပေးထားပေ၏။

တစ်ဖန် သမုဒယသစ္စာ၏သရုပ်ကို ထုတ်ဖော်ပြရာ၌ ယာယံတဏှာ – အကြင်ဆာလောင်မှု – တဏှာသည်၊ ပေါနောဘဝိကာ – တစ်ဖန်ဘဝသစ်ကိုဖြစ် စေတတ်၏ဟူ၍ **'ဘဝသစ်တစ်ဖန်ဖြစ်စေခြင်း'** နှင့် ခေါင်းတည်ထားပြန်၏။

ဤအကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီးက မိမိ၏တရားဟော စဉ် 'ဓမ္မစကြာတရားတော်ကြီး' စာအုပ်တွင် ဤသို့မှတ်ချက်ချထားပေ၏။

"ဒါဟာ တရားဦးစပြီးဟောကတည်းက တမလွန်ဘဝရှိကြောင်း မြတ်စွာ ဘုရား ဟောတော်မူခဲ့တဲ့ စကားတော်ပါပဲ၊ ဒီလိုအထင်အရှားရှိနေပါလျက်နဲ့ 'ပစ္စုပ္ပန် တစ်ဘဝတည်းကိုသာ ဘုရားဟောကြောင်း နောက်ဘဝကို မဟော ကြောင်း' ပြောဆိုတဲ့ပုဂ္ဂိုလ်တစ်စုက ရှိနေသေးတယ်၊ အဲဒါကတော့ ဘုရားတရား တော်ကို ဥစ္ဆေဒဝါဒနဲ့ပူးပေါင်းဖို့ရည်ရွယ်ပြီး ပြောတာလေလား မပြောတတ်ပါ ဘူး၊ တော်တော်အရမ်းကျတဲ့ဝါဒပါပဲ၊ အမှန်စင်စစ်ကတော့ မဂ်င်ရှစ်ပါးကို မပွား များလို့ဖြစ်စေ ပွားများသော်လဲ မပြည့်စုံသေးလို့ဖြစ်စေ တဏှာမကင်းသေးရင် ဒီတဏှာကြောင့် ဘဝအသစ်အသစ် ဖြစ်နေရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



## ကျေနပ်ဝမ်းမြောက်ပါလေလော့

ရှေးဘဝ, နောက်ဘဝရှိကြောင်း ယုံမှားသံသယမရှိကြစေရန်အတွက် ပိဋကတ်စာပေမှ ထင်ရှားသောအထောက်အထားများကိုလည်းကောင်း၊ ခေတ်ပေါ်သုတေသနများ, သိပ္ပံနည်းကျတွေ့ရှိချက်များကိုလည်းကောင်း၊ အဘိဓမ္မာရှုထောင့်, စိတ်ပညာရှုထောင့်, သိပ္ပံရှုထောင့်တို့မှ ဆွေးနွေးချက်များကို လည်းကောင်း ကျယ်ဝန်း, ခိုင်ခံ့ စေ့ငစွာတင်ပြခဲ့ပြီးလေပြီ။

ရှေးဘဝ, နောက်ဘဝဖြစ်ပေါ်ပုံနှင့် ဘဝသံသရာလည်ပတ်ပုံကိုလည်း ဉာဏ်ပညာအသင့်အတင့်ရှိသူအပေါင်းတို့ သဘောပေါက်နားလည်နိုင်အောင် ရှင်းလင်းဖော်ပြပေးခဲ့လေပြီ။

အလွန်ရှည်လျားထွေပြားခမ်းနားဆန်းကြယ်စွာဖြစ်ပျက်နေသော ရုပ်နာမ်အစဉ်အတန်း၏သဘောကို သိမြင်ထားပါမှ ဘဝအဓိပ္ပာယ်, ဘဝကိစ္စ, ဘဝပန်းတိုင် တို့ကို ကြည်လင်ပြတ်သားစွာသိမြင်နိုင်ပေမည်။ သို့မြင်သိပါမှလည်း အဓိပ္ပာယ်ရှိသော, အကျိုးရှိသော, သာယာချမ်းမြေ့သော, အောင်မြင်သော ဘဝ အသီးသီးကို လူသားအပေါင်းတို့ ထူထောင်နိုင်ကြပေမည်။

ရှေးဘဝ, နောက်ဘဝရှိသည်ကို ယုံကြည်ခြင်းသည် ကံ–ကံ၏အကျိုးရှိသည်ကို ယုံကြည်ခြင်းပင်ဖြစ်၏။ ကံ–ကံ၏အကျိုးကို ယုံကြည်ပါမှလည်း ဗုဒ္ဓဘာသာဝင်အဖြစ် ပီပြင်၍ ကုသိုလ်ကောင်းမှုများကို ကြိုးစားဖြည့်ဆည်းလိုပေလိမ့်မည်။ ကုသိုလ်ကောင်းမှုဟူသည်မှာ မိမိနှင့်တစ်ပါးသူတို့အား အကျိုးစီးပွားများစေသည့် အတ္တဟိတ, ပရဟိတလုပ်ငန်း ဖြစ်ပေ၏။

ရှေးဘဝ, နောက်ဘဝရှိသည်ကို မယုံကြည်ခြင်းသည် ကံ–ကံ၏အကျိုးရှိသည်ကို ပယ်ခြင်းဖြစ်၍ ဗုဒ္ဓဘာသာဝင်မဖြစ်နိုင်တော့ပါ။ မိစ္ဆာဒိဋ္ဌိအယူလွဲကြီးကို ထွေးပိုက်မိခြင်းဖြစ်၍ ကုသိုလ်ကောင်းမှုများကိုပြုလုပ်အားထုတ်တော့မည်မဟုတ်ပါ၊ အကုသိုလ်အမှုများကို ကျူးလွန်ရန်အတွက်လည်း ဝန်လေးတော့မည်မဟုတ်ပါ။ ထိုသူတို့၏စိတ်သည် ကြမ်းတမ်းခက်တရော်ရှိလှ၏။ ကြမ်းတမ်းခက်တရော်သောစိတ်ဖြင့် ထူထောင်ဖန်တီးလိုက်သည့်လောကသည်လည်း ကြမ်းတမ်းခက်တရော်သော လောကသာ ဖြစ်နိုင်၏။

ပါယာသိသုတ္တန်တွင် ဖော်ပြခဲ့သည့်အတိုင်း မိမိနှင့်သူတစ်ပါးတို့၏အကျိုးစီးပွားကို လွန်စွာဆုတ်ယုတ်စေသော မိစ္ဆာဒိဋ္ဌိအယူမှားကြီးသည် ဝက်မွေးသမားရွက်ပိုးလာသည့်မစင်ထုပ်ကြီးနှင့်တူလှသဖြင့် ထိုအယူမှားကြီးကို အလျင်အမြန်စွန့်ပစ်သင့်ကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ကို ဖတ်ရှုလေ့လာကြသော ဓမ္မမိတ်ဆွေအပေါင်းတို့သည် ကြည်လင်သည့် ဘဝအမြင်ကို ရရှိကြလျက် စိတ်ကိုယဉ်ကျေးသိမ်မွေ့စေပြီး ကြီးကျယ်သော လောကီလောကုတ္တရာ အကျိုးစီးပွားများကို ဖြစ်ထွန်းစေသည့် သမ္မာဒိဋ္ဌိအယူ၌ တည်ကြပြီးလျှင် သာယာချမ်းမြေ့သောဘဝနှင့် သာယာချမ်းမြေ့သည့် လောကကို ထူထောင်နိုင်ကြပါစေသတည်း။

ဒေါက်တာမင်းတင်မွန်

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း


၁။ မဟာစည်ဆရာတော်'ဓမ္မစကြာတရားတော်ကြီး' ဒုတိယအကြိမ်၊ ၁၉၇၇ ခုနှစ်။

၂။ မဟာစည်ဆရာတော်'ပဋိစ္စသမုပ္ပာဒ်တရားတော်ကြီး'ပထမတွဲ၊ တတိယအကြိမ်၊ ၁၉၇၈ ခုနှစ်။

၃။ အရှင်ဇနကာဘိဝံသ 'အခြေပြုပဌာန်းတရားတော်' သာသနာရေးဦးစီးဌာန၊ ၁၉၈၄ ခုနှစ်။

၄။ အရှင်ဇနကာဘိဝံသ 'အခြေပြုသင်္ဂြိုဟ်' သာသနာရေးဦးစီးဌာန၊ ၁၉၈၁ ခုနှစ်။

၅။ သံကုန်းအရှင်ဉာဏိသရ 'နိယာမငါးပါးနှင့်အနတ္တတရားတော်' သီရိစာပေ၊ ၁၉၈၃ ခုနှစ်။

၆။ သံကုန်းအရှင်ဉာဏိသရ 'ပါယာသိသုတ္တန်တရားတော်' မိုးပွင့်စာပေ၊ ၁၉၈၅ ခုနှစ်။

၇။ ညောင်လေးပင်တောရဆရာတော် 'ဓမ္မပဒဝတ္ထုတော်ကြီး' ပထမတွဲ၊ ဒုတိယတွဲ၊ သုဓမ္မဝတီ၊ ၁၉၇၇ ခုနှစ်။

၈။ ချမ်းမြေ့ရိပ်သာဆရာတော် 'အနောက်တိုင်းမှဘဝပြဿနာ' ၁၉၈၅ ခုနှစ်။

၉။ မဟာစည်ဆရာတော်'ဘဝပြဿနာ' ဒုတိယအကြိမ်၊ ၁၉၇၇ ခုနှစ်။

၁၀။ အရှင်ဝိစိတ္တသာရာဘိဝံသ 'မဟာဗုဒ္ဓဝင်' ပ၊ ဒု၊ တ–တွဲ။

၁၁။ အရှင်အရိယဓမ္မ 'ဗုဒ္ဓနှင့်နောက်ဘဝပြဿနာ' ရှင်ထွေးစာပေ၊ ၁၉၇၇ ခုနှစ်။

၁၂။ ဦးသော်ဇင် 'မိလိန္ဒပဉှာ' ပဥ္စမအကြိမ်၊ စာပလွေစာအုပ်တိုက်၊ ၁၉၆၇ ခုနှစ်။

၁၃။ ဦးသန်းထွန်း(ရွှေဘို) 'ဗုဒ္ဓဝါဒနှင့်သိပ္ပံပညာ' တတိယအကြိမ်၊ သန်းအောင်စာပေ၊ ၁၉၇၉ ခုနှစ်။

၁၄။ ဦးအေးမောင်၊ဦးဝင်းမောင် 'သေသည်၏အခြားမဲ့၌' တတိယအကြိမ်၊ ၁၉၈၄ ခုနှစ်။

၁၅။ သောင်းထိုက်မြန်မာပြည် 'ခေတ်သိပ္ပံနှင့်နာမ်လောက' ၁၉၈၂ ခုနှစ်။

၁၆။ ဓမ္မာစရိယဦးမောင်မောင်လေး 'ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ' စပယ်ဦးစာပေ၊ ၁၉၈၃ ခုနှစ်။


www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုးစာရင်း


၁၇။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး 'ဗွယ်စုံကျော်ထင်ကျမ်း'။

၁၈။ ဒေါက်တာတင်ထွန်းဦး 'သုတစွယ်စုံ' ၁၉၈၃ ခု ဇန်နဝါရီ၊ ၁၉၈၃ ခု ဇွန်၊ ၁၉၈၄ ခု ဇန်နဝါရီ။

၁၉။ ဒေါက်တာကျော်စိန်နှင့် ဦးဖေချစ် 'စိတ်ပညာရှုထောင့်အထွေထွေ' မင်းလှစာအုပ်တိုက်၊ ၁၉၆၈ ခုနှစ်။

၂၀။ နှစ်ဖက်လှ 'လူသေလူဖြစ်စိစစ်ဝေဖန်ချက် ခေတ်သစ်သောနတ္ထိရှိ'။

၂၁။ Raymond A. Moody: "Life After Life" A Bantam Book, 1980.

၂၂။ Hellen Wambach: "Life Before Life" A Bantam Book, 1979.

၂၃။ Eotelle Roberts: "Fifty Years A Medium" Gorgi Edition, 1969.

၂၄။ Eleaner Touhey Smith: "Psychic People" Bantam Edition, 1969.

၂၅။ Francis Story: "The Case for Rebirth" Buddhist Publication Society, Sri Lanka, 1973.

၂၆။ K.N Invatilleke: "Survival and Karma" Buddhist Publication Society, Ceylon, 1969.

၂၇။ V.F. Gunaratina; "Rebirth Explained" Buddhist Publication Society, Sri Lanka, 1980.

၂၈။ Nyanatiloka Mahathera: "Karma and Rebirth" Buddhist Publication Society, Ceylon, 1964.

၂၉။ Newsweek: May 1, 1978, Jan 11, 1982.

၃၀။ Reader's Digest. Oct 1975, Jan 1977, March 1977, September 1977.


www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

**ဤဓမ္မရတနာစာအုပ်များကို ဖတ်ရှုလေ့လာလျှင်**
**ကြီးကျယ်သော ဓမ္မသဝနကုသိုလ်နှင့်**
**ကောင်းကျိုးချမ်းသာ မင်္ဂလာအပြာပြာကို ရရှိမည်ဖြစ်သည်။**

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။
၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်လိုစောင့်ရှောက်မလဲ။
၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့် အမြတ်ဆုံး ရတနာ ဖြစ်သလဲ။
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျဘူး။
၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာ ပြန်ရိုက်ရသော စာအုပ်။
၆။ **ဘဝ လမ်းနှစ်သွယ်** – သုဂတိ အလင်းလမ်းနှင့် အပါယ်ဒုဂ္ဂတိလမ်း ဘယ်လိုလှမ်း?
၇။ **ဘဝ ချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံး ချမ်းသာတွေက ဘာလဲ ။
၈။ **ဖားအောက်တောရ မိတ်ဆက်** – ဗုဒ္ဓအလိုတော်ကျ သမထ ဝိပဿနာ ရှုနည်းက?
၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာရေးခြား ကြဖို့။
၁၀။ **မေတ္တာနှင့် သစ္စာသရုပ်ဖော်** – အလှဆုံးတရားနှင့် အမြတ်ဆုံးတရားတို့ကို လက်တွေ့ကျင့်ဖို့။
၁၁။ **မေတ္တာနှင့်သစ္စာအဖွင့်** – တစ်လောကလုံးကို အလှဖုံးစေ, မြင့်မြတ်စေသော တရားနှစ်ပါး။
၁၂။ **တော်ကူးဝိပဿနာဂုဏ်ထူးဆောင်** – ထူးဆန်းစွာ ရောဂါ ပျောက်ခြင်းများ
၁၃။ **ဆေးမကူဘဲ ငြိမ်းအေးနည်း** – ကျန်းမာချမ်းသာစွာ နေနိုင်သည့် တရား ရှုနည်း။
၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အကျိုးကြီးအောင် ဘယ်လိုလှူဒါန်း ရမလဲ။
၁၅။ **မြတ်သီလ** – အလှဆုံး တန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်စာရိတ္တ၊ လိုတိုင်း ရစေ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း ဘာဝနာ ရှုနည်းများ။

၁၇။ **ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာသိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲလက်စွဲ။

၁၈။ **ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်** – The Aim and Way of Life.

၁၉။ **ဗုဒ္ဓဘာသာစာရိတ္တနှင့် ကျင့်ဝတ်များ** – Buddhist Ethics and Duties.

၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.

၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.

၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of The Buddha.

၂၃။ **တော်ကူးဆရာတော် ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား** – တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။

၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ** – အတိတ်ဘဝတွေကို ဘယ်လိုသိနိုင်သလဲ။

၂၅။ **အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော တရားရှုနည်း။

၂၆။ **တက္ကသိုလ် အဘိဓမ္မာ ပေါင်းချုပ်** – ဗုဒ္ဓဒဿန အဘိဓမ္မာကို အရှင်းဆုံး တင်ပြထားသည့် စာအုပ်။
စာသင်သားများအား အဘိဓမ္မာ အထောက်အကူပြု။

၂၇။ **The Essence of Buddha - Abhidhamma** – ဗုဒ္ဓ အဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။

၂၈။ **Good English** – အင်္ဂလိပ်စာကို တတ်အောင် တော်အောင် သင်ပြမယ့် စာအုပ်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသားလက်စွဲ။

၂၉။ **ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ** (အိတ်ဆောင်)– မူ–လယ်–ထက် စာရိတ္တ ပညာ လက်စွဲ။

၃၀။ **တော်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှု ရယူနည်း။

၃၁။ **ဖားအောက်တောရ မိတ်ဆက်** (အိတ်ဆောင်) – သမာဓိ ပြည့်မီအောင် ထူထောင်၍ ပရမတ်တရားများကို မြင်အောင် ဝိပဿနာရှုနည်း။

၃၂။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချ ကြီးပွား တိုးတက်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

၃၃။ **အဘိဓမ္မာမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး** – သာသနာ့ဘဲ့ခွန် စံပြပုဂ္ဂိုလ်ထူး။

၃၄။ **သောက, ဒေါသ, အတ္တ ဘဝအစက်အခဲဟူသမျှ ကျော်လွှားအံ့** – How to Live without Fear and Worry (I).

၃၄။ **ပျော်ရွှင်အောင်မြင်သော နေထိုင်နည်း** – How to Live without Fear and Worry (II).

၃၅။ **ခေတ်အမြင်နှင့် သိမှတ်စရာ ဗုဒ္ဓဘာသာအကျဉ်း** – Buddhism in Nutshell.

၃၆။ **အမြတ်ဆုံးပန်းတိုင် စေကန်ပိုင် (ဒုတိယတွဲ)**– ဗုဒ္ဓနည်းကျ မှန်ကန်တိကျ သော ဝိပဿနာရှုနည်း။

၃၇။ **ဗုဒ္ဓစကားတော်** – The Word of the Buddha.

တရားကို ပေးလှူခြင်းသည် အမြတ်ဆုံးအလှူဖြစ်သည်။
တရားအရသာသည် အမွန်မြတ်ဆုံး အရသာ ဖြစ်သည်။
တရားနှင့် မွေ့လျော်ခြင်းသည် အကောင်းဆုံးမွေ့လျော်ခြင်းဖြစ်သည်။
တရားကို သိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံး ချမ်းသာကို ရယူနိုင်ကြပါစေ။

မြမွန်ရတနာ စာပေ
၁၅/၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀

www.burmeseclassic.com